
Mikhail Sholokhov
VIRGIN SOIL
UPTURNED

www.facebook.com/NyisayEbookCreator
www.nyisay.com

# မစ်ခေးရှိုလိုကော့
# ၏
# တောရိုင်းမြေ
## VIRGIN SOIL UPTURNED

ကျော်အောင် မြန်မာပြန်သည်

ပထမပိုင်း

www.facebook.com/NyisayEbookCreator
www.nyisay.com

## မြန်မာပြန်သူ၏

# အမှာစကား

တောရိုင်းမြေသည် ရုရှားဝတ္ထု ဖြစ်ပါသည်။ ဤဝတ္ထုကို ကမ္ဘာ့ဂန္ထဝင် စာပေအဖြစ်စာရင်းသွင်းကြပါသည်။ ကမ္ဘာ့ဝတ္ထုသမိုင်းတွင် ရုရှား ဝတ္ထုရေးဆရာတို့သည် ထိပ်တန်းတနေရာတွင်ရှိပါသည်။ သူတို့နှင့်အတူ စံတင်ထိုက်သူတို့မှာ ပြင်သစ်ဝတ္ထုရေးဆရာများပင်ဖြစ်ပါသည်။ ရုရှားဝတ္ထုရေး ဆရာတို့အနက် တော်လစတွိုင်း၊ ချက်ကော့၊တာဂနီနှင့် ဂေါ်ကီတို့မှာ ကမ္ဘာကျော် စာရေးဆရာကြီးများ ဖြစ်ကြပါသည်။ သူတို့ဝတ္ထုကြီးများကို လေ့လာသူတို့က ရုရှားဝတ္ထုရေးနည်းသည် အခြားအခြားသောနည်းများနှင့်မတူဘဲ တမူထူးခြားသည်ဟု ဆိုကြပါသည်။ အထူးသဖြင့် ရုရှားထက်စော၍ စက်မှုထွန်းကားခဲ့သည့်အင်္ဂလိပ်တို့ကပင် ရုရှားနည်းကို စံတင်နည်းနာယူကြရသည်ဟုဆိုပါသည်။

ရသစာပေတို့မည်သည် လူတမျိုးတည်း ပိုင်ဆိုင်သည့်အရာမဟုတ်။ ရသစာပေသည် လူ့လောကအကြောင်းကိုရေးသားဖော်ပြကာ လူ့လောက အသိအမြင်တရားကို ပေးသည်ဟု ပညာရှင်တို့ ဆိုကြပါသည်။ သို့ဖြစ်လျှင် လောက အသိအမြင်ဟူသည် အသွေးအရောင်မခွဲခြား လူသားမှန်သမျှတို့နှင့် ဆိုင်သည့်ကိစ္စဖြစ်ပါသည်။

ရုရှားနည်းကို တံခွန်ထူသူတို့အနက် ချက်ကော့၊ တော်လစတွိုင်းနှင့်ဂေါ်ကီတို့သည် ထင်ရှားစံတင်ထိုက်သည့် စာရေးဆရာများ ဖြစ်ကြပါသည်။ ဂေါ်ကီဆိုလျှင်ကား ပထမစာရေးဆရာနှစ်ဦးနှင့် မတူတော့ပါ။ သူ့လက်ထက်တွင် ရုရှားတပြည်လုံး

www.facebook.com/NyisayEbookCreator
www.nyisay.com



ခေတ်ပြောင်းတော်လှန်ရေးကြီးတရပ်နှင့် ကြုံတွေ့ခဲ့ရလေရာ သူလည်း ထိုခေတ်ပြောင်းတော်လှန်ရေးကြီးတွင် အများ ပြည်သူတို့နည်းတူ ပါဝင်ခဲ့သူ ဖြစ်ပါသည်။ သို့ ဖြစ်လေရာ သူရေးသားသည့် အကြောင်းအရာတို့သည် ခေတ်သစ်ရုရှား အကြောင်းအရာများဖြစ်လာပါသည်။

ချက်ကော့၊ တော်လစတွိုင်းတို့ တီထွင်ခဲ့သည့်နည်းမှာကား အခြားမဟုတ်ပါ။ လူ့လောကတွင် ဖြစ်လေ့ဖြစ်ထရှိသည့်၊ ဖြစ်ရပ်တို့ကို ဆင်ခြင် နှလုံးသွင်းနိုင်အောင်၊ လူ့လောကအသိအမြင်တရားရနိုင်အောင် ကြေးမုံ ရိပ်တွင်မြင်သကဲ့သို့ မြင်နိုင်အောင် ရေးသည့်နည်းပင် ဖြစ်ပါသည်။ သူတို့ရေးသားသည့်ဝတ္ထုတွင် ဇာတ်ကောင်တို့သည်ရင်း၊ အဖြစ်အပျက်တို့သည်ရင်း၊ အဆန်းတကျယ် မဟုတ်ကြ။ စိတ်ကူးဖြင့် ရေးခြင်းလည်းမဟုတ်ကြ။ တကယ်ဖြစ်တတ်သည့်သဘော၊ ထိုပြင် လူလောကတွင်တကယ်ရှိသည့် ဇာတ်လိုက်ဇာတ်ကောင်တို့အကြောင်းကိုသာရေးသားထားခြင်းများဖြစ်ပါသည်။ ထိုဝတ္ထုတို့တွင် လောက၏အကောင်းအဆိုး အကျိုးအပြစ်တို့ကို သိအောင် ဖော်ပြလေ့ရှိကြပါသည်။ လောက၏ အကောင်းအဆိုး အကျိုးအပြစ်ကို သိဖို့ဆိုသည်မှာလည်း လွယ်ကူလှသည့်ကိစ္စတရပ်မဟုတ်ပါ။ စာရေးသူအဖို့ အကောင်းအဆိုး အကျိုးအပြစ် အတွေ့အကြုံများရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် စာရေးကောင်းသူတို့၏ ဘဝကို လေ့လာမည်ဆိုပါက လောကအတွေ့အကြုံ နှစ်ပေါင်းမြင့်ကြောင်း တွေ့ရပါလိမ့်မည်။ ဤမျှဆိုလျှင် ဝတ္ထု၏သဘောကို အသင့်အတင့် ခြုံနိုင်လောက်ပြီဟု သဘောရပါသည်။

'တောရိုင်းမြေ'ကို ရေးသူမှာ မစ်ခေးရှိုလိုကော့ဖြစ်ပါသည်။ သူသည် ရုရှားတောင်ပိုင်းက ကျေးတောသားတယောက် ဖြစ်ပါသည်။ ထိုပြင် သူသည် ရုရှားပြည်တွင် စစ်တိုက်ကောင်းသည်ဟု ထင်ရှားသည့် ကော့ဆက်စစ်သည်တော် အနွယ်ဝင်လည်း ဖြစ်ပါသည်။ ၁၉၀၅ မေလ ၂၄ တွင်မွေးဖွားသည်။ သူ၏ဇာတိချက်ကြွေမှာဒွန်မြစ်ကမ်းပေါ်က ခရူဇီလင် ကော့ဆက်ကျေးရွာဖြစ်သည်။သူ၏အဖေသည် အလုပ်အကိုင်အတည်တကျရှိသူမဟုတ်။ လူလတ်တန်းစားတယောက်မျှသာဖြစ်သည်။ သူ၏အမေမှာ မြေကျွန်တယောက်၏သမီးဖြစ်သည်။ မစ်ခေးကိုအထက်တန်းကျောင်းသို့ ပို့သည့်အခါတွင်မှ သူ့သားထံစာရေးနိုင်ရန် စာရေးစာဖတ်ကို ထကြိုးခဲ့ရသည်။

၁၉၁၇ တွင် ရုရှားပြည်၌ ဇာဘုရင်ကို ထောင်ထား ခြားနားသည့် အခါ မစ်ခေးသည် ဆဲ့နှစ်နှစ်သားအရွယ်မျှသာရှိသေးသည်။ ဆိုရှယ်လစ်တော်လှန်ရေးကြီး အောင်မြင်ပြီးနောက် တန်ပြန်တော်လှန်ရေးသမားတို့က ဆိုဗီယက်အာဏာကို ချေမှုန်းသည့်အခါတွင်မူ သူသည် အရွယ်ရောက်လာပြီဖြစ်၍ ဒွန်ဒေသ၌ တပ်နီတော်ကိုဝင်လေသည်။ ၁၉၂၂ တိုင်အောင် သူသည် တပ်နီတော်တွင် အမှုထမ်းခဲ့သည်။ ထိုကာလကား ပြည်တွင်းစစ်ကာလတည်း။

မစ်ခေးရှိုလိုကော့သည် စာရင်းအင်းဘက်တွင် စာရေးအဖြစ် အမှုထမ်းဘူးသည်။ မူလတန်းကျောင်းဆရာလည်းလုပ်ဘူးသည်။ သဘော်ကြီးကုန်တင်ကုန်ချအလုပ်

www.facebook.com/NyisayEbookCreator
www.nyisay.com



သမားအဖြစ်လည်းလုပ်ကိုင်ဘူးသည်။ စာရင်းကိုင်အဖြစ်လည်း ဆောင်ရွက်ဘူးသည်။ သတင်းစာဆရာလည်းဖြစ်ခဲ့ဘူးသည်။ သူ၏ဘဝအတွေ့အကြုံသည် စုံလင်လှပေသည်။

မစ်ခေးရှိုလိုကော့သည် ၁၉၂၃ တွင် ဝတ္ထုစတင် ရေးသားသည်။ ၁၉၂၆ တွင်၊ ထင်ရှားကျော်ကြားသည့် 'ဒါနဲ့ဘဲ တငြိမ့်ငြိမ့်စီးနေသော ဒွန်' ဟူသော ဝတ္ထုရှည်ကြီးတပုဒ်ကိုစတင်ရေးသားသည်။ ၁၉၄၀ တွင်ပြီးဆုံးကာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းမှာ ပြည်တွင်းစစ်ကာလကို ဖော်ပြသည့်ဝတ္ထုဖြစ်သည်။

တောရိုင်းမြေကိုကား ရှိုလိုကော့သည် နှစ်ပိုင်းခွဲ၍ရေးသည်။ ယခု မြန်မာပြန်ဆိုလိုက်သော ပထမတွဲကို ၁၉၃၂ တွင်ထုတ်ဝေခဲ့သည်။ ထို့နောက် လက်စမသတ်ရသေးဘဲရှိနေသော 'တငြိမ့်ငြိမ့် ဒွန်' ကိုဆက်၍ရေးသည်။ သို့နှင့် ဒုတိယကမ္ဘာစစ်ကာလသို့ရောက်လာသည့်အခါ ရှိုလိုကော့သည် စာရေးဆရာဘဝကို ခေတ္တစွန့်လွှတ်ကာ အမိရုရှားပြည်ကြီးအတွက် ဝင်ရောက်တိုက်ခိုက်သည်။ စစ်ကြီးပြီးမှ တောရိုင်းမြေ ဒုတိယတွဲကိုဆက်၍ရေးရသည်။ ဒုတိယတွဲသည် ၁၉၆၀ တွင် ထွက်လာလေသည်။

ဤဝတ္ထုကိုဖတ်ရှုသည့်အခါ နောက်ခံဖြစ်ပေါ်သည့် ရုရှားပြည်၏ ခေတ်နောက်ခံကားကိုသိထားရန်လိုပါလိမ့်မည်။

မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး ပြီးဆုံးသည့်နောက် ဒွန်ဒေသ၌ တန်ပြန်တော်လှန်ရေးသမားတို့က ဆိုဗီယက်အစိုးရအား ပြန်လည်တိုက်ခိုက်ခဲ့သည်။ ထိုကာလသည် ပြည်တွင်းစစ်ကာလဖြစ်သည်။ မြို့ကြီးပြကြီးတို့၌ကား ခေတ်မှီစက်မှုလုပ်ငန်းများ ထူထောင်ကြသည်။ သို့ရာတွင် ကျေးလက်တောရွာတို့၌ လူနေမှု အဆင့်အတန်းသည်နိမ့်ကျဆဲဖြစ်သည်။ ထိုအချိန်တွင် ဆိုဗီယက် ယူနီယံ ကွန်မြူနစ်ပါတီက မြေယာတော်လှန်ရေးလမ်းစဉ်တခုကိုချမှတ်ခဲ့သည်။ ယင်းမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးပင်ဖြစ်သည်။ ထိုသို့ကူးပြောင်းရာ၌ အသွင်ကူးပြောင်းရေးကာလတွင် စုပေါင်းလယ်ယာကိုတည်ထောင်ရန်ပင်ဖြစ်သည်။

ဤတောရိုင်းမြေဝတ္ထုဇာတ်လမ်း စတင်သည့် အချိန်သည် စုပေါင်းလယ်ယာများတက်ကြွစွာထူထောင်သည့် ၁၉၃၀ ခုနှစ်ဖြစ်သည်။ ထိုအချိန်တွင် ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုသည် အညီအညွတ် လျက်ရှိနေပြီ။ သို့ရာတွင် ဒွန်ကဲ့သို့သော ဒေသတွင်ကား ယဉ်ကျေးမှုရော လူနေမှုအဆင့်အတန်းပါ နိမ့်ကျလျက်ရှိသည်။

စုပေါင်းလယ်ယာ ဖွဲ့စည်းရေးသည် အောင်မြင်လျက်ရှိသည်။ ထိုအခါတွင် ကွန်မြူနစ်ပါတီခေါင်းဆောင်တို့သည် ထိုအောင်မြင်မှုတွင် ယစ်မူးကာ အမှားများကို ကျူးလွန်ကြသည်။ စုပေါင်းလယ်ယာအတွက်ထွန်ယက်သည့် ကျွဲနွားသာမက ကြက်ဘဲစသည့် အိမ်မွေးတိရစ္ဆာန်တို့ကိုပါသိမ်းသည်။ ရွာသားများကိုသေနတ်ပြ၍ ခြိမ်းခြောက်သည်။ သေနတ်ပြ၍စည်းရုံးသည်။ ဤတွင်ကွန်မြူနစ်ပါတီက အမှားများကိုအချိန်မှီ ပြုပြင်ရန်ဆော်ဩခဲ့ရလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တောရိုင်းမြေဝတ္ထုတွင် မစ်ခေးရှိုလိုကောသည် ထိုသဘောကို အမိအရ ရေးသားခဲ့သည်ဟု ကျွန်တော်ဆိုချင်ပါသည်။

သူ၏ဝတ္ထုတွင် အဓိကဇာတ်ကောင် သုံးဦးပါရှိသည်။ ဒွန်ဒေသရှိ ဂရယ်မျချီရွာကလေးတွင် ပါတီအုပ်စုကိုရတ်ဇမျောနေဗ ဆိုသည့်ကောဆက်ကြီး ဥက္ကဋ္ဌအဖြစ် ဦးစီးသည်။ ရတ်ဇမျောနေဗသည် တန်ပြန်တော်လှန်ရေးသမားတို့က သူ့မိန်းမကို မုဒိန်းကျင့်ရာမှ ကွန်မြူနစ်ပါတီသို့ ရောက်လာသူဖြစ်သည်။ တက်ကြွသည်။ သို့သော် ကျေးတောသားတို့ဘာဝ သနားကြင်နာစိတ်ရှိသည်။ကွန်မြူနစ်ဝါဒကိုယုံကြည်သည်ဟုဆိုရသော်လည်း စိတ်ခတ်ပျော့သည်။

သူနှင့်ဆန့်ကျင်ဘက်ကား ကျေးရွာပါတီအုပ်စု အတွင်းရေးမှူး မာကာနာဂူနေဗပင်ဖြစ်သည်။ နာဂူနေဗသည် ကွန်မြူနစ်ဝါဒကို ပြင်းထန်စွာ ယုံကြည်သည်။ ကမ္ဘာ့တော်လှန်ရေးကြီး အောင်မြင်အောင် ဆင်နွှဲရဦးမည်ဟူ၍လည်း မမှိတ်မသုံ့ ယုံသည်။ သူကားတဖက်အစွန်းသို့ရောက်လောက်အောင်ပင် အယူအဆပြင်းထန်လှသည်။ ကွန်မြူနစ်ဆိုလျှင် မိန်းမ အချစ်ကိစ္စစသည့် လူမှုရေးရာကိစ္စတို့ကိုပင်စွန့်လွှတ်နိုင်ရမည်ဟုယုံကြည်သည်။

သူတို့ နှစ်ဦးကို လုပ်အားပေးရန် မြို့မှ ဆင်းလာသည့် ဆေးမြွန်ဒါဗီးဒေါ့ဗ်က ထိန်းထားသည်။

စာရေးသူ မစ်ခေးရှိုလိုကောသည် မတက်ကြွလွန်းသော၊ တဖန် မပျော့ပျောင်းလွန်းသော အလယ်အလတ် လမ်းကို ညွှန်ပြလိုဟန်တူသည်။

မြန်မာဘာသာသို့ ပြန်ဆိုရာတွင် ဤအာဘော်တို့ကို ခြုံငုံမိအောင် ကြိုးစား၍ ပြန်ဆိုထားပါသည်။

ဤဝတ္ထုကိုရုရှားဘာသာမှတဆင့် အင်္ဂလိပ်သို့ဘာသာပြန်ဆိုထားပြီးမှ မြန်မာဘာသာသို့ ပြန်ဆိုရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ဘာသာစကား နှစ်ဆင့် ကူးပြောင်း ပြန်ဆိုရသည်လည်း မည်ပါသည်။ ထို့ကြောင့် အချို့နေရာများတွင် ဆိုလိုရင်းကို မငုံမိဘဲ အဓိပ္ပာယ် ငုတ်ချင် ငုတ်နေလိမ့်မည်။ ထိုအတွက် မြန်မာဘာသာသို့ ပြန်ဆိုသူ၌ တာဝန်ရှိပါသည်။

အထူး မှာလိုသည်မှာ ဇာတ်ကောင်များ၏အမည်များပင်ဖြစ်ပါသည်။ နာမည်များကို ဤဝတ္ထု၌အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲသည်ကိုတွေ့ရပါလိမ့်မည်။ဥပမာဆိုလျှင် ဂါတီအုပ်စု အတွင်းရေးမှူးသည် မာကာနာဂူနေဗခေါ်ပါသည်။ တခါတရံ မာကာဟုတွေ့ရ၍၊ တခါတရံ နာဂူနေဗဟု တွေ့ရပါလိမ့်မည်။ ထိုအတူ အန်ဒရေးရတ်ဇမျောနေဗ၌လည်း အန်ဒရေးဟူ၍ရင်း၊ ရတ်ဇမျောနေဗဟူ၍ရင်း တွေ့ရပါလိမ့်မည်။မှတ်မိရလွယ်ကူစေရန် ဇာတ်ဆောင်များ၏အမည် အပြည့်အစုံကို ဖော်ပြထားပါသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤတောရိုင်းမြေကို စာရေးသူ မစ်ဆေးရှိုလိုကော့သည် နှစ်ပိုင်းခွဲ၍ ရေးပါသည်။ ပထမပိုင်းကို ၁၉၃၂ ၌ ထုတ်ဝေပါသည်။ ဒုတိယပိုင်းကို ၁၉၆၀ ၌ ထုတ်ဝေပါသည်။ ယခုပထမပိုင်းကိုသာ မြန်မာပရိသတ်သို့ ဦးစွာ တင်ပြလိုက်ပါသည်။ ဤဝတ္ထုနှင့် ပတ်သက်၍ စာဖတ်သူတို့ထံမှ ဝေဖန်ချက် ဆွေးနွေးချက်တို့ကို လက်ခံ ရန် အသင့်ရှိပါသည်။ ဝတ္ထု၏ဒုတိယပိုင်းကို ပရိသတ်က လိုလားခဲ့လျှင်မကြာလင့်မီအတွင်း ဆက်လက်ပြန်ဆိုမည်ဖြစ်ပါကြောင်း။

ကျော်အောင်

www.facebook.com/NyisayEbookCreator
www.nyisay.com

## အဓိက ဇာတ်ဆောင်များ

ကော်ရှင်စကီ။ ။ခရိုင်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး။

ကွန်ဒရတ်၊ မိတ်ဒန်နီကော့။ ။စုပေါင်းလယ်ယာ အဖွဲ့ဝင် လူလတ်တန်းစား ကော့ဆက်။

ဂါယက်။ ။ချမ်းသာသော မြေရှင်ကြီး။

ဆေးမြွန်၊ ဒါဗီးဒေါ့။ ။ပုတီလော့စက်ရုံ အလုပ်သမား၊စုပေါင်းသယ်ယာတွင် လုပ်လုပ်အားပေးရန် ကျေး ရွာ သို့ ဆင်း လာ သူ ကွန်မြူနစ်။ ဂရယ်မျချီ စုပေါင်းလယ်ယာဥက္ကဋ္ဌ။

ဆေးမြွန်၊ လက်ပရှာ့နေ့ာ့။ ။ကော့ဆက် လူချမ်းသာ။

တီမိုဖေး၊ ဒမတ်စကော့။ ။လူချမ်းသာဖရော်၏သား။

တစ်၊ ဗိုရိုဒင်။ ။တပ်နီတော် တပ်သားဟောင်း၊ ချမ်းသာသောမြေရှင်။

ဒယွမ်ကာ၊ ဥရှကော့။ ။စုပေါင်းလယ်ယာ ဒုတိယ အဖွဲ့ခေါင်းဆောင် ကော့ဆက်။

ဒမ်မစ်။ ။ဆင်းရဲသောကော့ဆက် လယ်သမား [illegible] 'ဓမ္မမိ' ဟူ၍လည်း ခေါ်ကြသည်။

ဖရော်၊ ဒမတ်စကော့။ ။ချမ်းသာသော ကော့ဆက် မြေရှင်။

ဗင်နစ်။ ။ကော့ဆက် လယ်သမား။ စုပေါင်းလယ်ယာကို ဆန့်ကျင်သူ။

မာကာ၊ နာဂူနော့။ ။ဂရယ်မျချီ ကွန်မြူနစ်ပါတီအုပ်စု အတွင်းရေးမှူး။

မာရီနာ၊ ပိုယာကိုဗား။ ။အန်ဒရေးရတ်ဇမျော့နော့နှင့် ရနေသည့် မုဆိုးမ။

ယာကွတ်၊ လူးကစ်၊ အော့စထရော့နော့။ ။လျှော့နှံနှစ်ဖက်နင်း အတန်အသင့် ချမ်းသာသည့် လယ်သမား၊စုပေါင်းလယ်ယာ မန်နေဂျာ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှယ်ရှကာ။ ။အကြားလွန်သည့် အဖိုးအို၊ စုပေါင်းလယ်ယာအသင်းဝင်။

လုရှကာ၊ နာဂူလနိုဗာ။ ။မာကာနာဂူနေ့၏မိန်းမ။

လက်ယက်စကီ။ ။ဆိုဗီယက်ဆန့်ကျင်ရေး တန်ပြန်တော်လှန်ရေးသမား၊ ယခင် ဇာဘုရင်တပ်တွင် အမှုထမ်းခဲ့သူ။

အကင်း (အကြီး)။ ။စုပေါင်းလယ်ယာအသင်းဝင် ကော့ဆက်။

အကင်း (အငယ်)။ ။ယင်း၏သား။

အဂါဖွန်၊ဒပ်ဗဆော့။ ။စုပေါင်းလယ်ယာ တတိယအဖွဲ့ခေါင်းဆောင်။

အတာမန်ရှူကော့။ ။စုပေါင်းလယ်ယာ အဖွဲ့ဝင်။ သို့သော် စိတ်ထဲက ဆိုဗီယက်အစိုးရကို ကြောင်လက်သည်းဝှက်ဆန့်ကျင်နေသူ။

အလက်ဇင်းဒါး၊ ပေါ်လော့ဆက်။ ။ဇာဘုရင် တပ်မှူးဟောင်း။ ယခု ဆိုဗီယက်ဆန့်ကျင်ရေး တန်ပြန် တော်လှန်ရေးသမား။

အောဆစ်၊ ကွန်ဒရတ်ကို။ ။ဂရယ်မျချီသို့ ဝါဒဖြန့်ချိရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ရောက်လာသည့် ယူကရိန်းအလုပ်သမား ရဲဘော်။

အိုင်ဗင်၊ နိုင်ဗီယော့နေ့။ ။ကွန်ဒရတ်ကို၏အဖွဲ့တွင် ပါလာသည့် လူငယ် ကွန် မြူနစ်။

အိုင်ဗင်၊ ဗတာနီကော့။ ။စုပေါင်းလယ်ယာအသင်းဝင် ကော့ဆက်။ သို့သော် မလိုလားသူ။

အိစ်ပလော့၊ ရှာလီ။ ။ဂရယ်မျချီရွာ ပန်းဘဲ ဆရာ။

www.facebook.com/NyisayEbookCreator
www.nyisay.com

— ၁ —

ဇန်နဝါလကုန်ခါနီးပြီဖြစ်၍ နှင်းစိုင်နှင်းခဲတို့သည် ပထမဆုံးအကြိမ် အရည်ပျော်စပြုလေပြီ။ နေခြည်ဝင်း၍ နှင်းပျောက်သည့်အခါ ချယ်ရီပန်းတို့သည် သင်းပျံ့ပျံ့ရနံ့ကို ဆောင်ကုန်သည်။ နေမွန်းတည့်သည့်အခါတွင်မူ ချယ်ရီခေါက်မှ ထွက်လာသည့် သင်းပျံ့ပျံ့ ရနံ့သည် ပျော်ဦးစ နှင်းနံ့နှင့် ရောရှက်သဖြင့် မွှေးကြိုင်ကြိုင် ရနံ့တမျိုးကို ဆောင်သည်။ တဖန်နွေဦးက ကြွေလင့်လေပြီးသော သစ်ရွက်တို့သည် နှင်းစိုင် နှင်းခဲအောက်တွင် ခိုအောင်းနေခဲ့ရာမှ အောက်သိုးသိုး အနံ့တမျိုးကို ပျံ့လွင့်စေပြန်သည်။ ယင်းတို့အနက် ရာသီ၏ ပြယုဂ်ဖြစ်သော မြေသင်းနံ့သည်သာလျှင် သရဖူဆောင်းနေလေသည်။

ဤသို့ဖြင့် တနေကုန်ကာ ညရီဆည်းဆာသို့တိုင်ခဲ့ပြီ။ သို့ငြားလည်း ချယ်ရီပင်ပျိုတို့ဝန်းကျင်တွင် မွှေးပျံ့ပျံ့ရနံ့သည် ကြိုင်လှိုင်နေဆဲဖြစ်သည်။ အရှေ့လောကမှထွက်ပြူလာသော လမင်းသည် ချယ်ရီအကိုင်းအခက်တို့တွင် ဟွဲလွဲခိုနေလေပြီ။ ယုန်ငယ်လေးများသည် ဟိုပြေးသည်လွှား ကခုန်မြူးတူးနေကြလေသည်။ နှင်းပွင့်အစအန်တို့ကို အမြီးဖြင့် လှုပ်ရမ်း ဆော့ကစားနေကြလေသည်။

ထိုအချိန်တွင် အဝေးရှိ တောင်ကုန်းတခုမှ တိုက်လှာသော လေပြေအေးတွင် သစ်ဆေးနံ့သည် ဝှေ့ကာဝိုက်ကာ ပါလာသည်။ ထိုနောက် ရုတ်တရက်ချက်ချင်းပင် မြက်ခင်းပြင်ကြီးတခုလုံးကိုရင်း၊ လယ်ကွင်းကြီးတခုလုံးကိုရင်း၊ ညဥ့်အမှောင် ကမ္ဘလာကြီးသည် လွှမ်းခြုံလိုက်သည်။ ညဥ့်လွှာရုံသည် အရိပ်မဲမဲကြီးကို ဖြန့်ရှက်အုပ်မိုးလိုက်သော ဝံပုလွေမကြီးနှင့်လည်း တူလေသည်။

အချိန်ကား ၁၉၃၀ ခုနှစ် ဇန်နဝါရီလ၏ တညနေခင်းဖြစ်သည်။ မြက်ခင်းပြင်ကြီးမှ ဂရယ်မျချီရွာကလေးသို့ သွားရာ တူရူလမ်းဖုံဖုံကလေးတွင် မြင်းစီးသမားတဦးသည် ခရီးနှင်လျက်ရှိသည်။ စမ်းချောင်းကလေးတခုသို့ရောက်လျှင် မြင်းစီးသမားသည် ပန်းလျနွမ်းနယ်နေသော မြင်းကို ဇက်သတ်ကာ မြင်းပေါ်မှဆင်းလေသည်။ လမင်းသည် ချယ်ရီပင်အုပ်ပေါ်တွင် ငုံ့မှီးတင်နေဆဲဖြစ်သည်။ လှမ်းသည် မှောင်လျက်ရှိ၏။ အပ်ကျ

www.facebook.com/NyisayEbookCreator
www.nyisay.com



သံမှုပင် မကြားရအောင် ပတ်ဝန်းကျင်သည်လည်း ဆိတ်ငြိမ်ချက် ကောင်းလှလေသည်။ ထိုခဏတွင် စမ်းချောင်း၏ ဟိုမှာဘက်ကမ်းမှ ခွေးအူသံထချက်ကို စူးစူးရှရှ ကြားရသည်။ မီးရောင်တခုလည်း ဖြတ်ကနဲ လင်းလာသည်ကိုတွေ့လိုက်ရသည်။ မြင်းစီးသမားသည် လေအေးကို တချက်မျှ ရှူရှိုက်ကာ လက်အိတ်ကို ချွတ်ပြီးနောက် မြင်းကုန်းနှီးအောက်သို့ လက်ထိုး၍ စမ်းကြည့်သည်။ မြင်း၏ကျောရိုးထွင် ချွေးစိုရွဲလျက် ပူနွေးသောအတွေ့ကိုခံစားရသည်။ ပြီးလျှင် မြင်းကုန်းနှီးပေါ်သို့ လွှားကနဲ ခုန်တက်ကာ စမ်းချောင်းကလေးကို ဖြတ်ကျော် စီးနင်းသွားလေသည်။ စမ်းချောင်းကလေးမှာ ရေတိမ်တိမ်သာ ရှိသည်။ ဆောင်းရာသီဖြစ်ငြားလည်း ရေခဲခြင်းအလျှင်းမရှိ။ မြင်းသည် စမ်းချောင်း အောက်ခြေတွင်ရှိသည့် ကျောက်စရစ် ခဲကလေးများကို ခွာဖြင့်တချက်ပေါက်ကာ ရေငုံ့သောက်ရန် ဟန်ပြင်သည်။ သို့ရာတွင် မြင်းစီးသမားက ဇက်ကြိုးကို တင်းတင်းဆွဲကာ ဆင်ခြေလျှော စမ်းချောင်းကမ်းပါးကိုတက်ရန် အားယူလိုက်လေသည်။

ထိုခဏတွင် အသံဗလံများကို ကြားရပြန်သည်။ မြင်းစီးသမားသည် ဇက်ကြိုးကို တန့်ကနဲ ဆွဲလိုက်သည်။ မြင်းသည် နားရွက်ကိုစွင့်ကာ နားထောင်သည်။ လရောင်အောက်တွင် မြင်းကုန်းနှီးသည် တခါတရံ လျှပ်ပြက်သကဲ့သို့ ဝင်းလက်သွားသည်။ ထိုနောက် မြင်းစီးသမားသည် သူ၏ ကော့ဆက်ဦးထုပ်ကို နားရွက်ဖုံးအောင် ဆွဲချလိုက်ပြီးလျှင် မြင်းကို ဖြေးဖြေးချင်း ဒရိုးနှင်ပြန်စေသည်။ လမ်းဖုံဖုံကလေးပေါ်သို့ ရောက်သည်တိုင် ဦးထုပ်ကိုကား မချွတ်တော့ပေ။

ဤသို့ဖြင့် ရွာလမ်းသို့ ချောချောမောမောရောက်လာကာ ရွာထဲသို့ဝင်ခဲ့သည်။ လမ်းတွင် မိန်းမတယောက်ကို တွေ့သည်နှင့် 'ဒီမှာခင်ဗျာ၊ ယာကွတ်အော့စ်ထရော့ခ်နော့ တယောက်များ ဘယ်နားမှာ နေပါသလဲ''ဟု မေးသည်။

''ရှင်ပြောတာ ယာကွတ်လူးကစ်နဲ့ တူတယ်''

''ဟုတ်ပါလိမ့်မယ်''

''ဟောဟိုနားက အုတ်ကြွပ်မိုးနဲ့ အိမ်ဘဲ။ ပေါ့ပလာပင်ရဲ့ ဟိုဖက်ကပေါ့။ တွေ့တယ်မဟုတ်လား''

''ဟုတ်ကဲ့။ ကျေးဇူးပါဘဲ ခင်ဗျာ''

အုတ်ကြွပ်မိုးထားသည့် အိမ်တဆောင်ရှေ့တွင် မြင်းစီးသမားလည်း မြင်းပေါ်မှ ဆင်းကာ ''ယာကွတ်လူးကစ်တယောက်ရှိလားဗျို့။ ခဏလေး ထွက်ခဲ့ခမ်းပါအုံး''ဟု အော်၍ခေါ်လေသည်။

အိမ်ထဲမှ အိမ်ရှင် ထွက်လာကာ စူးစမ်းသော မျက်လုံးများဖြင့် ငေ့သည်ကို ကြည့်သည်။

''ဘယ်သူလဲဗျ ကျုပ်ကိုခေါ်တာ'' အိမ်ရှင်၏ မျက်နှာတွင် အပြုံးရိပ်သန်းနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား ယာကွတ်။ ကျွန်တော် ခင်ဗျားဆီမှာ တည်းခိုချင်လို့ပါ။ ကျွန်တော့် မြင်းအတွက်လဲ နွေးထွေးမယ့်နေရာရှိကောင်းပါရဲ့"

"မဖြစ်ဘူးဗျို့။ကျုပ်ဆီမှာ လက်မခံနိုင်ဘူး။ခင်ဗျားဘယ်ကလဲ။ခရိုင်ကော်မတီ ရုံးကလား။ လယ်ယာမြေဌာနကလား။ နေစမ်းပါအုံး၊ ခင်ဗျားအသံကို ကျုပ်ကြားဘူးသလိုလိုဘဲ။ ဘယ်တုန်းကပါလိမ့်"

ညွှေ့သည်သည် တချက်မျှပြုံးကာ ဦးထုပ်ကိုချွတ်လိုက်သည်။ ပြီးလျှင်

"ခင်ဗျား ပေါလော့ဆက်ကို မမှတ်မိတော့ဘူးလား"ဟု မေးလိုက်သည်။

ယာကွတ်လူးကစ်သည် အလန့်တကြား ဖြစ်သွားပြီးနောက် မျက်နှာညှိုးသွားသည်။ ပြီးမှ "အို၊ ဗိုလ်ကြီးပါလား။ ဘယ့်နှယ် ဒီကိုရောက်လာတာလဲခင်ဗျ။ ကဲ ကဲ ဗိုလ်ကြီး မြင်းကို ကျွန်တော့် ပေးစမ်းပါ၊ မြင်းဇောင်းရှိပါတယ်လေ။ အမယ်လေး ကွဲသွားတာ ဘယ်နှစ်နှစ်ရှိပြီတောင် မသိပါဘူး"ဟု လေသံဖြင့် ပြောလေသည်။

"စကား ကျယ်ကျယ် မပြောနဲ့ဗျို့။ ဟုတ်သပေါ့ဗျာ။ ကွဲသွားတာ အတော်တောင် ကြာရော့ဟာ။ မြင်းကို လွှမ်းစရာ စောင်ရှိရဲ့နော်။ ဒါထက် အိမ်ထဲမှာ လူစိမ်းများ ရှိလေသလား"

ညွှေ့သည်သည် အိမ်ရှင်၏ လက်သို့ မြင်းဇက်ကို အပ်လိုက်သည်။ မြင်းသည် လူတစိမ်းလက်ကို ချက်ချင်းသိသည့်အလား ယာကွတ် ခေါ်ရာသို့ ယက်ကန်ယက်ကန် ပါသွားသည်။ မြင်းဇောင်းတွင် အခြားမြင်းတကောင်၏အနံ့ကိုရသည့်အခါ ခွာ တဆတ်ဆတ်ပေါက်ကာ နှာခေါင်းရှုံ့လျက် တရှူးရှူးမှုတ်ထုတ်နေပြန်သည်။နောက်ဆုံးတွင် ကောက်ရိုးနံ့ရတော့မှ ငြိမ်သွားလေသည်။

"ခဏနေပေစေအုံး ဗိုလ်ကြီး။ ပြီးမှ ကုန်းနှီးကိုချလိုက်တော့မယ်"ဟုပြောကာ ယာကွတ်သည် မြင်းကြီး၏ကျောကုန်းကို စမ်းကြည့်သည် ။ချွေးစိုစိုကို စမ်းမိသည်တွင် သူ့ညွှေ့သည်သည် တနေ့လုံး ခရီးပြင်းနှင်လာကြောင်း ရိပ်မိလေသည်။

"သူ့အဖို့ ပဲရှိရဲ့လား ယာကွတ်"

"နည်းနည်းရှိပါတယ်။ ကျွန်တော် ကြည့်ပြီး ကျွေးပါ့မယ် ဗိုလ်ကြီး။ ရေလဲ တိုက်ပါအုံးမယ်။ကဲ လာလေ အိမ်ထဲသွားကြရအောင်။ဒီနေ့ခါများဆိုတော့ ဘယ်လို ခေါ်ရမှန်းတောင် မသိတော့ပါဘူး ခင်ဗျာ"ယာကွတ်၏လေသံသည် ပျော့ညံ့ညံ့ဖြစ်သည်။တောင်းပန်သံလည်း ပါသည်။

"နာမယ်ဘဲခေါ်ပါလေဗျာ။မမေ့သေးဘူး မဟုတ်လား"ပြောပြောဆိုဆိုပင် သူတို့သည် မြင်းဇောင်းမှထွက်ခဲ့ကြသည်။

"ဟုတ်ပါရဲ့ခင်ဗျာ။ဂျာမန်တွေတိုက်ရတုန်းက တလျှောက်လုံးအတူတူပါဘဲ။ ပြီးတော့ နောက်တပွဲရှိသေးရဲ့။ ခင်ဗျားကို မမေ့ပါဘူး အလက်ဇင်းဒါးရယ်။ ကျွန်တော်တို့ နောက်ဆုံးခွဲခဲ့ကျတာ နိုဗိုရော့ဆစ် ထင်ပါရဲ့။ အဲဒီကထဲက ခင်ဗျား အကြောင်း မကြားရတော့ပါဘူး။ ကျွန်တော့် စိတ်ထင်တော့ ကော့ဆက်တွေနဲ့အတူ တူရကီဖက်ပါသွားပြီထင်တာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



သူတို့သည် နွေးထွေးသောမီးဖိုခန်းထဲသို့ ဝင်ကြသည်။ ညွှသည်သည် ဦးထုပ်ကို ချွတ်လိုက်သည်။ သူ့ခေါင်းထက်တွင် ဆံဖြူကြိုးကြဲပေါက်နေပြီး သူ့မျက်လုံးအစုံပေါ်က မျက်ခုံးနက်ကြောကြော တစုံသည် ပုပုလွှ မျက်ခုံးများနှင့် တူလေသည်။ ထိုမျက်ခုံးအစုံအောက်က သူငယ်အိမ်ပြာလဲ့လဲ့ မျက်လုံးအစုံဖြင့် အခန်းတွင်းတထောင့်ကို စွေကနဲကြည့်လိုက်သည်တွင် ခုံတန်းလျား တခုပေါ်၌ ထိုင်နေသော မိန်းမသားနှစ်ယောက်ကိုတွေ့ရသဖြင့် ခေါင်းဆတ်၍ နှုတ်ဆက်လိုက်သည်။ တယောက်မှာ အိမ်ရှင်မိန်းမဖြစ်၍ ကျန်တယောက်မှာ သူ့ချွေးမ ဖြစ်ဟန် တူပေသည်။

"နေကောင်းကြရဲ့နော်"

"ဟုတ်ကဲ့"ဟု အကြီးမိန်းမက ဖြေပြီးလျှင် သူ့ယောကျ်ားရှိရာသို့ စူးစမ်းသောမျက်လုံးများဖြင့် ကြည့်နေလေသည်။ သူ့ပါးစပ်က မဖွင့်သော်လည်း မျက်လုံးကမူ 'ရှင်ခေါ်လာတာ ဘယ်ကလဲ။ ကျွန်မတို့ ဘာများ ကျွေးရမွေးရမှာလဲ' ဟု မေးနေဟန်တူလေသည်။

"စားရအောင် တခုခုလုပ်ဟေ့"ဟု ယာကွတ်လူးကာစ်က အမိန့်ပေးလိုက်ပြီးလျှင် အခန်းတခုသို့ ထွက်လာကြသည်။

သူတို့သည် ဂေါ်ဖီထုပ်နှင့် ဝက်သား ရောချက်ထားသည့် ဟင်းချိုကို သောက်ကြသည်။ စားယင်း ညွှသည်က ရာသီဥတု ဆိုးရွားကြောင်း၊ သူနှင့် လုပ်ဖော် ကိုင်ဖက်တို့အကြောင်းကို ပြောသည်။ သူ၏ မေးရိုးသည် ကြီးမားလွန်းရကား မလှုပ်ချင်လှုပ်ချင် ရွေ့နေသည်။ တဖြေးဖြေးဝါးကာ စားနေသည်မှာ နွားအိုကြီး ကောက်ရိုးခြောက် မြုံ့နေသည်နှင့်တူလှသည်။ စားပြီးလျှင် နေရာမှထကာ ဘုရားစင်ရှေ့၌ ခဏမျှ ဆုတောင်းပြီးနောက် "ကျေးဇူးဘဲ ယာကွတ်။ကဲ စကားစမြည် ပြောကြရအောင်ကွာ"ဟု ဆိုလေသည်။

ယာကွတ်က မျက်ရိပ်ပြလိုက်လျှင် အိမ်ရှင်မနှင့် သူ့ချွေးမသည် စားပွဲကိုကပြာကသီ သိမ်းဆည်းရှင်းလင်းလေသည်။

— ၂ —

ရုံးခန်းတွင်းရှိ စားပွဲ၌ ပါတီခရိုင်ကော်မတီ၏ အတွင်းရေးမှူးသည် စာရွက်များကို ကိုင်ကာ ဖတ်နေသည်။ သူ့မျက်လုံးသည် မှိုဲ့ဟန်တူသည်။ သူ့အမူအရာသည် လေးဆေးအိတ်သည်။ စာရွက်စာတန်းများကို မဖတ်မီ ဒါဗီးဒေါ့ကို တချက်စွေ၍ ကြည့်လိုက်သေးသည်။

အပြင်ဖက်တွင်လည်း လေရူးသည် ကြေးနန်းတိုင်က ကြေးနန်းကြိုးများအကြား လျှောက်ပြေးနေသဖြင့် လေချွန်သံ တစီစီ မြည်နေသည်။ ဝင်းထရံတွင် ချည်ထားသည့် မြင်းတကောင်၏ ကျောကုန်းပေါ်တွင် ငှက်ငယ် တကောင်သည် ခုန်ဆွ ခုန်ဆွ လုပ်နေသည်။ လေသည်တချက်မျှ အငြိမ်မနေဘဲ မွှေ့ရမ်းနေသည်။ ရွာကလေးကို

www.facebook.com/NyisayEbookCreator
www.nyisay.com



မိုးတိမ်များက အုပ်ဆိုင်းထားသည်။ တခါတရံ တိမ်တိုက်အကြားမှ ဝင်းလက်နေသော နေခြည်တန်းများကို တွေ့ရသည်။ ထိုအခါ မိုးကောင်းကင်ကြီး တခုလုံးသည် နွေဦး၏ အဆင်တန်ဆာဖြစ်သည့် ပြာနှမ်းနှမ်း အရောင်ကို ဆောင်ပြန်သည်။ အဝေးတွင် ကောက်ကွေ့စီးဆင်းနေသည့် ဒွန်မြစ်ကိုငှင်း၊ ဒွန်၏ ဟိုဖက်တွင် သစ်တောအုပ်ညို့မှိုင်းမှိုင်းနှင့် တောင်ရိုး ညို့ညို့ကိုငှင်း၊ ထိုနောက်တွင်ကား မိုးကုတ်စက်ဝိုင်းဆီဘွင် ရေးရေးမျှ ထင်သော လေရဟတ်သဏ္ဌာန်တခုကိုငှင်း မြင်ရလေသည်။

"ဒါဖြင့်၊ ခင်ဗျား နေမကောင်းလို့ ရော့စတော့မှာ သောင်တင်နေတယ်ပေါ့။ လွန်ခဲ့တဲ့ သုံးရက်လောက်က ခင်ဗျားတို့အထဲက ရှစ်ယောက်ရောက်လာပြီး နှစ်သောင်းငါးထောင်အစု * ပါဘဲ။ ကျွန်တော်တို့ အစည်းအဝေး လုပ်ကြသေးတယ်။ စုပေါင်းလယ်ယာ ကိုယ်စားလှယ်များက လှိုက်လှိုက်လှဲလှဲကြိုဆိုကြတယ်"

အတွင်းရေးမှူးသည် နှုတ်ခမ်းကိုတချက်ကိုက်ကာ စဉ်းစားပြီးနောက် ဆက်၍ ပြောသည်။

"အခြေအနေကတော့ အကြပ်အတည်းကာလဘဲဗျ။ တခရိုင်လုံးမှ ၁၄.၈ ရာနှုန်းလောက်ဘဲ စုပေါင်းလယ်ယာ လုပ်ငန်းပြီးသေးတယ်။ တချို့ ကုလတ်တွေဆီက လယ်ထွက်မကောင်းဘူး။ လိုတဲ့သီးနှံမအပ်ဘူး။ လူအားလိုတယ်။ လုပ်အားလိုတယ်။ အများကြီးလိုတယ်။ စုပေါင်းလယ်ယာတွေကလိုတာက လေးဆယ့်သုံးယောက်။ အခုရတာက ကိုးယောက်ဘဲရှိသေးတယ်"

ထိုနောက် အတွင်းရေးမှူးသည် ဒါဗီးဒေါ့ကို စူးစမ်းလိုဟန်တူသဖြင့် အမေးအမြန်းရှိလာပြန်သည်။

"ဒါနဲ့ ရဲဘော်က မက္ကင်းနစ် ဟုတ်လား။ ကောင်းတယ်။ပုတီလော့အလုပ်ရုံမှာ တော်တော်ကြာကြာ လုပ်ဘူးတယ်ပေါ့။ ဆေးလိပ်သောက်ပါအုံး။ ရော့လေ"

"ဟုတ်ကဲ့။ ကိုးနှစ်ကြာခဲ့တယ်" ဒါဗီးဒေါ့က အရင်းရေးမှူးပေးသည့် စီးကရက်ကိုယူရန် လက်ကိုဆန့်တန်းလိုက်သည်တွင် လက်ကောက်ဝတ် ဆေးမင်ကြောင်ကို မြင်ရသဖြင့် အတွင်းရေးမှူးက ပြုံးလိုက်သည်။

"ခင်ဗျားတို့အရပ်က ဂုဏ်ယူစရာတခုပေဘဲ။ ရေတပ်ထဲဝင်ဘူးတယ်ထင်ပါရဲ့"

"ဟုတ်ကဲ့"

"ကျောက်ဆူးမြင်လို့ မေးရတာဗျို့"

"ဒီတုန်းကငယ်ငယ်ပါ။ ငယ်လဲငယ်တယ်။ နုလဲနုသေးတယ်။ခုကျမှဖျက်လို့လဲ မရတော့ပါဘူးဗျာ" ဒါဗီးဒေါ့သည် ပြောပြောဆိုဆို အင်္ကျီလက်ကို ဆွဲကိုင်ဖုံးလိုက်သည်။ 'ဒီ အတွင်းရေးမှူး ဆိုတဲ့ လူက အရေးမဟုတ်တာ တယ်မြင်တတ်တာကိုး။

* မော်စကို၊ လီနင်ဂရက်၊ ကိန့်အခြားမြို့ကြီးများရှိ ပါတီများစုပေါင်းလယ်ယာ စည်းရုံးရေးအတွက် စေလွှတ်လိုက်သော အလုပ်သမားနှစ်သောင်းငါးထောင်ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မျက်စိရှင်ပါဗျား။ ဒါပေမယ့် မောင်မင်းကြီးသား လယ်ထွက်သီးနှံနဲ့ ပတ်သက်လို့တော့ တယ်ပြီးလျှင်ဟန်မတူဘူး’ဟု စိတ်ထဲတွင် ပြောနေလေသည်။

အတွင်းရေးမှူးသည် စကားစ ခဏမျှရပ်ပြီးနောက် မပြုံးချင်ပြုံးချင်ပြုံးကာ ဆက်ပြန်သည်။ သို့ရာတွင် မှန်ထိုင်းထိုင်း မျက်နှာပေးကိုကား ဖြောက်၍ရဟန်မတူ။

“ကဲ ဒီနေ့ဘဲ ခရီးထွက်ပေတော့။ ရဲဘော်ဟာ ခရိုင်ကော်မတီရဲ့ ကိုယ်စားလှယ်ဘဲ။ စုပေါင်းလယ်ယာ ဖြစ်မြောက်ရေးအတွက် စည်းရုံးရေးဆင်းရမယ်။ တိုင်းကော်မတီရဲ့ နောက်ဆုံးညွှန်ကြားချက် ဖတ်ပြီးပြီလား။ အားလုံးသိတယ်နော်။ ကဲ ဒါဖြင့် ဂရယ်မျှချီရွာ ဆိုဗီယက်ရုံးကိုသွားရမယ်။ နောက်မှ နားပေါ့ဗျာ။ ခုတော့ နားချိန်မရှိဘူး။ ရည်မှန်းချက်က ကုန်နှံပြည့် စုပေါင်းလယ်ယာဖြစ်ရေးဘဲ။ ဟိုမှာ အစုံအဝေး ငယ်ငယ်လေးရှိလေရဲ့။ ကျွန်တော်တို့လုပ်ရမှာက ရောမစုပေါင်းလယ်ယာကြီး။ ကျွန်တော်တို့ဆီက ဝါဒဖြန့်ချိရေးအဖွဲ့ ဖွဲ့ပြီးဘာနဲ့ လွှတ်လိုက်မယ်။ ခုနေတော့ ခင်ဗျားဘဲသွားနှင့်အုံး။ အရေးကြီးတာက စုပေါင်းလယ်ယာမှာ ကုလတ်*တွေ မပါစေရဘူး။ ဆင်းရဲတဲ့လယ်သမားနဲ့ အလယ်အလတ် လယ်သမားတွေ ပါရမယ်။ နောက်တော့ မျိုးအတွက် ဘုံအဆင်းတခုဖွဲ့။ မျိုးကြဲတော့လဲ စုပေါင်းမျိုးကြဲ။ သတိ ဝီရိယလဲရှိစေပေါ့။ အလယ်အလတ်တန်းစား လယ်သမားတွေကိုတော့ လက်ဖျားနဲ့မှ မတို့နဲ့နော်။ ဂရယ်မျှချီပါတီအုပ်စုမှာ ကွန်မြူနစ် သုံးယောက် ရှိတယ်။ ကျေးရွာ ဆိုဗီယက်ရဲ့ ဥက္ကဋ္ဌနဲ့ ပါတီအုပ်စုအတွင်းရေးမှူးတို့က လူကောင်းတွေဘဲ”

အတွင်းရေးမှူးသည် နှုတ်ခမ်းကို ကိုက်နေပြန်သည်။ထိုနောက်“ဘာဘဲဖြစ်ဖြစ် အရောက်သွားရမယ်နော်။ နားလည်ရဲ့မဟုတ်လား။နိုင်ငံရေးမှာ နုသေးတော့ အမှားတွေလဲ လုပ်မိမှာပေါ့ဗျာ။ အဲ အခက်အခဲတွေ့ရင်တော့ ကျွန်တော်တို့ဆီ ပြေးလာခဲ့။ အေးဗျာ၊ ဟိုမှာ တယ်လီဖုံး မရှိတာက ဆိုးလှတယ်။ နောက်တခုက အဲဒီက ပါတီအတွင်းရေးမှူးကအောင်လံနီတံဆိပ်ရတဲ့လူဗျ။ဒါလဲ သတိထားရမယ်။နည်းနည်းတော့ ကြမ်းတယ်။ ဟုတ်လား”

အတွင်းရေးမှူးသည် သူ့လက်ဆွဲအိတ်ကို ဖုံးကနဲ ပုတ်လိုက်သည်။ ထိုနောက် ဒါဗီးဒေါ့ နေရာမှ ထဟန်ပြင်သည်ကိုတွေ့ရလျှင်“ခဏနေအုံးဗျို့။ ပြောစရာကျန်သေးတယ်။ ကျွန်တော်တို့ဆီကို နေ့တိုင်း မြင်းနဲ့ဆက်သားလွှတ်ရမည်။ ဟိုက လူငယ်လေးတွေ ဒါမှ ဖျတ်လတ်မယ်။ ကဲ ကျွန်တော်တို့ မန်နေဂျာဝင်တွေ့လိုက်အုံး။ ခင်ဗျားကို ခရိုင်ကော်မတီက မြင်းပေးအောင် ပြောလိုက်မယ်။ ရည်မှန်းချက်က ရာနှုန်းပြည့် စုပေါင်းလယ်ယာဖြစ်ရေးနော်။ ခင်ဗျားအလုပ်ကို ရာခိုင်နှုန်းအပေါ်ကြည့်ပြီး အကဲဖြတ်ရမှာဗျ။ ဆဲ့ရှစ်ရွာက ဆိုဗီယက်စုပေါင်းလယ်ယာကြီးဖြစ်လာရမယ်။ ပုတီလော့စက်ရုံနီက လယ်ယာလုပ်ငန်းပေါ့လေ”

---

* ချမ်းသာသော လယ်သမား၊ လယ်ပိုင်ရှင်ကြီး။

မုံရွာအောင်ရှိန်

www.facebook.com/NyisayEbookCreator
www.nyisay.com



အတွင်းရေးမှူးသည် နောက်ဆုံးပြောသည့် သူ့စကားကို သူ့ဖာသာသူ နှစ်သက်ကာ ပြုံးလေသည်။

"ခင်ဗျားပြောတဲ့အထဲမှာ ကုလတ်တွေနဲ့ ပတ်သက်ပြီး သတိရှိဖို့လိုတယ်လို့ ဆိုတယ်။ အဲဒါ ကျွန်တော် ဘယ်လိုနားလည်ရမှာလဲ" ဒါးဒေါ်က မေးသည်။

"ကဲ ကဲ ကျွန်တော် ရှင်းပြအုံးမယ်" အတွင်းရေးမှူး၏ လေသံသည် မာရည်ကျောရည်ရှိသည်။ အထက်စီးသံဖြစ်သည်။

"လိုတဲ့ သီးထွက်ကို အပ်တဲ့ ကုလတ်လဲရှိတယ်။ ခေါင်းမာတဲ့ကုလတ်အတွက် ကတော့ လွယ်ပါတယ်။ ရာဇဝတ်မှု ကိုဒဥပဒေ ၁၀၇ ပေါ့ဗျာ၊ အဲဒါကိစ္စအေးရော။ ဒါပေမယ့် ပထမအမျိုးအစားမှာတော့ နည်းနည်းစဉ်းစားရလိမ့်မယ်။ ကဲ ခင်ဗျား ဆိုယင် ဘယ်လိုလုပ်မလဲ"

ဒါးဒေါ်သည် တအောင့်မျှ စဉ်းစားနေသည်။

"နောက်ထပ် အမိန့်ထုတ်မှာပေါ့ဗျ"

"အိုး၊ မဟုတ်သေးဘူးလေဗျာ။ အဲဒီလိုလုပ်လို့ မဖြစ်ဘူး ရဲဘော်၊ မဖြစ်ဘူး။ ဒီအတိုင်း ဆိုယင် ကျွန်တော်တို့လုပ်ငန်းပျက်မှာပေါ့။ ဒီတော့ အလယ် အလတ် လယ်သမားက ဘယ်လိုပြောမလဲ။ 'ဆိုဗီယက်အစိုးရဆိုတာ ဒါမျိုးဘဲ။ လယ်သမားကို နည်း အမျိုးမျိုးနဲ့ ညှာနေတာဘဲ'လို့ ပြောမှာဘဲ။ လယ်သမားတွေရဲ့ သဘာဝကို နားလည်အောင် ကြိုးစားရမယ်လို့ လီနင်က သင်ကြားခဲ့တယ်မဟုတ်လား။ ရဲဘော်ရဲ့ နောက်ထပ် အမိန့်နဲ့ ဆိုယင် ခက်တာဘဲ။ ခင်ဗျားက တယ်ကလေးဆန်တာကိုး"

"ကလေးဆန်တယ်" ဒါးဒေါ်၏ မျက်နှာသည် မည်းပုတ်စ ပြုလာသည်။ "ဒါဖြင့် စတာလင်က အမှားလုပ်ခဲ့တယ်လို့ ခင်ဗျားဆိုချင်သလား"

"အို စတာလင်နဲ့ ဒါနဲ့ ဘာဆိုင်သလဲဗျ"

"မတ်ဝါဒသမားတွေရဲ့ ညီလာခံမှာ သူပြောတဲ့ မိန့်ခွန်းတခု ကျွန်တော် ဖတ်ရတူးတယ်"

"ဘာတဲ့ဗျာ။ လယ်ယာ၊ လယ် ယာ၊ လယ်"

"လယ် ယာ ပြဿနာပါဗျာ"

"အဲ အဲ ဟုတ်ပြီ။ ဟုတ်ပြီ"

"ဆိုစမ်းပါအုံး"

"နေအုံးဗျာ။ အဲဒီမိန့်ခွန်းပါတဲ့ ပရာဗဒါသတင်းစာတစောင် တောင်းလိုက် စမ်းပါအုံး"

ဖိုင်တွဲများဖြင့် အလုပ်ရှုပ်နေသော စာရေးတယောက်က ပရာဗဒါ သတင်းစာ တစောင်ယူလာသည်။ ဒါးဒေါ်သည် တရွက်ချင်းလှန်ကာရှာသည်။

အတွင်းရေးမှူးသည် ပြုံးရယ်ကာ သူ့မျက်နှာကို စေ့စေ့ ကြည့်နေသည်။

"အဲ ရဲဘော်ကြီး စတာလင်က ဘာပြောသလဲ။ ဒီမှာဗျ၊ ဒီမှာ၊ ဘာတဲ့၊ အင်း။ သူက၊ 'ပစ္စည်းပိုင်ဆိုင်ခွင့် ကန့်သတ်ချက်များကို စဉ်းစားနေဆဲအခါတွင် ကုလတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



များ၏ လယ်မြေများကို သိမ်းယူရန်ခွင့်မပြုနိုင်သေး။' ပြီးတော့ သူကဆက်ပြောသေးတယ်။ 'သို့သော် ယခုအခါတွင်ကား ကုလတ်များကို ထိုးစစ်ဆင်နိုင်ပြီ။သူတို့ကိုလူတန်းစားတရပ်အနေဖြင့် ရပ်တည်ခွင့်မရအောင် ချေမှုန်းရမည်။' လူတန်းစား တရပ်အနေနဲ့တဲ့ဗျ။ နားလည်ရဲ့လား။ ကဲဒါဖြင့် ကျွန်တော်တို့ဘာ့ကြောင့် နောက်ထပ်အမိန့်မပေးနိုင်ရမှာလဲ။ ဘာ့ကြောင့် သူတို့ကို ကြမ်းပိုးလေး သန်းလေးများ ချေပစ်သလို ချေမပစ်နိုင်ရမှာလဲ"

အတွင်းရေးမှူး၏ မျက်နှာတွင် အပြုံးရိပ်တို့ လွှင့်စဉ်ကုန်ပြီးချင် တင်းမာလာသည်။

"ကုလတ်တွေရဲ့ ပိုင်ဆိုင်မှု အဝဝကိုသိမ်းရမှာကစုပေါင်းလယ်ယာမှာ ပါဝင်လုပ်ဆောင်ကြတဲ့ ဆင်းရဲတဲ့ လယ်သမားနဲ့ အလယ်အလတ် လယ်သမားရဲ့ ကိစ္စဗျ။ အဲဒီလိုဆိုတယ် မဟုတ်လား။ ဆက်ဖတ်စမ်းပါအုံး"

"ဟင်း"

"ခင်ဗျား 'ဟင်း' အသာထားစမ်းပါ" သည့်အခြကြိမ်တွင် အတွင်းရေးမှူး၏ အသံသည် တုန်ဟီးလာသည်။ "ခင်ဗျားက ဘာလုပ်ချင်တာလဲ။ ကုလတ်တွေကို ဥပဒေအရ အရေးယူချင်တာလား။ ခု ခင်ဗျားသွားမယ့်အရပ်မှာ စုပေါင်းလယ်ယာဖြစ်တာ ဆဲ့လေးရာခိုင်နှုန်း ရှိသေးတယ်။ ခုမှ လူလတ်တန်းစား လယ်သမားတွေက စုပေါင်းလယ်ယာကို ဝင်မယ်စိတ်ကူးနေတုန်း ရှိသေးတယ်။ ဒီနှုန်းနဲ့သာ သွားမယ်ဆိုယင် ခင်ဗျားခေါင်း ကွဲမှာဘဲ။ ဒေသ အခြေအနေမသိဘဲ စည်းရုံးရေး လုပ်ကြမယ့် လူစားမျိုးသာ ကျုပ်တို့ရတာချည်းဘဲ။ ခင်ဗျား သဘောထား မျိုးနဲ့သာ ဆိုယင် အချိန်မရွေး ဒုက္ခရောက်နိုင်တယ်"

"ကျွန်တော် ဒါတွေ မသိဘူး"

"ကိစ္စမရှိပါဘူးလေ။ မစိုးရိမ်ပါနဲ့။ တိုင်းကော်မတီကညွှန်ကြားပါလိမ့်မယ်။ ကုလတ်တွေကို ဆော်ပေတော့ တီးပေတော့ဆိုယင်သာ လက်နှေးမနေနဲ့။ လုပ်စရာရှိတာသာ ဆက်လုပ်။ ခင်ဗျားမှာ စစ်တပ်ရှိမယ်။ ပြီးတော့လဲ နိုင်ငံတော် စက်ယန္တရားတခုလုံး ခင်ဗျားဖက်ကရှိနေမှာဘဲ။ ခုနေတော့ သီးနှံမပေးတဲ့ ကုလတ်တွေကို ပုဒ်မ ၁၀၇-အရ ပြည်သူ့ခုံရုံးမှာ တရားစွဲရုံဘဲ ရှိသေးတယ်"

"နေစမ်းပါအုံး၊ ခင်ဗျားပြောတဲ့စကားက ဘာအဓိပ္ပာယ်လဲ။ အခု ကုလတ်တွေဆီက လယ်မြေသိမ်းတာကို လယ်မဲ့ယာမဲ့ လယ်ယာ အလုပ်သမားတွေက ကန့်ကွက်နေသလား။ ဆင်းရဲတဲ့ လယ်သမားနဲ့ အလတ်တန်းစား လယ်ပိုင်ရှင်ကလေးတွေက ကန့်ကွက်နေသလား။ သူတို့က လယ်ပိုင်ရှင်ကြီးတွေကိုထောက်ခံနေတယ်ပေါ့"

အတွင်းရေး မှူးသည် လက်ဆွဲအိတ်ကို ပိတ်လိုက်ပြီးနောက် ပြန်၍ပြောလေသည်။

"ဒီမှာ ခင်ဗျားကြိုက်သလို ယူနိုင်တယ်။ ခေါင်းဆောင်တယောက် ပြောတဲ့ စကားကို ခင်ဗျားကြိုက်သလို အဓိပ္ပာယ် ကောက်နိုင်တယ်။ ဒါပေမယ့် ခရိုင်တခုကို

www.facebook.com/NyisayEbookCreator
www.nyisay.com



ခေါင်းဆောင်စည်းရုံးတဲ့ ခရိုင်ကော်မတီမှာ တာဝန်အများကြီး ရှိတယ်။ ကျွန်တော့် အနေနဲ့ ဆိုယင် ပိုပြီး တာဝန် ကြီးသေးတယ်။ ပြီးတော့ အခု ခင်ဗျားကို လွှတ်လိုက်တဲ့နေရာမယ် ကျွန်တော်တို့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း လုပ်ဖို့ဘဲရှိတယ်။ ခင်ဗျားဖာသာထွင်ပြီး ဘာတခုမှမလုပ်နိုင်ဘူး။ ဒါကိုသိထားဖို့လိုတယ်။ကဲကျွန်တော့်မှာ လုပ်စရာတွေ ရှိသေးတယ်။ ဒါဘဲ"

ပြောပြောဆိုဆို အတွင်းရေးမှူးက၊ စာပွဲမှထကာ သွားရန်ဟန်ပြင်သည်။

ဒါဗိဒေါ်၏မျက်နှာမှာ နီရဲလာသည်။ သို့ရာတွင် ကိုယ်ရှိန်သတ်ကာ "ဒီမှာရဲဘော်။ ကျွန်တော်ပါတီက ချမှတ်တဲ့ လမ်းစဉ်အတိုင်းလုပ်ပါမယ်။ ဒါပေမယ့်ခင်ဗျား တယောက်ကိုတော့ ပြောချင်တယ် ရဲဘော်။ ကျွန်တော်ဟာ အလုပ်သမားဘဲ။ဒဲ့ဒိုးဘဲ ပြောတတ်တယ်။ ခင်ဗျားလမ်းစဉ်ကတော့မှားတယ်။ နိုင်ငံရေးအရလမ်းစဉ်မှားကြီးဘဲ။ ဒါဟာဖုံးလို့မရတဲ့အချက်၊ ငြင်းလို့မရတဲ့အချက်ဘဲ"ဟု ပြောချလိုက်သည်။

"ကျွန်တော့် တာဝန်နဲ့ ကျွန်တော် ရှိပေစေပေါ့ဗျာ။ ခင်ဗျား ပြောတဲ့ အလုပ်သမား ထုံးစံအတိုင်း ဒဲ့ဒိုးပြောတယ် ဆိုတာ ကတော့ ခေတ်နောက်ကျနေပါပြီ"

ထိုအချိန်တွင် တယ်လီဖုံးခေါင်းလောင်း မြည်သံကြားရသည်။အတွင်းရေးမှူးသည် တယ်လီဖုံးကို ကောက်ကိုင်လိုက်သည်။ ဒါဗိဒေါ်သည် မန်နေဂျာ့ထံသို့ ထွက်သွားလေသည်။

'ဒီအတွင်းရေးမှူးဆိုတဲ့ အကောင်ဟာ ညာဖက်ခြေထောက်ကိုက ဆာတာတာနဲ့၊ထော့နဲ့ထော့နဲ့ဖြစ်နေတယ်။ လယ်သမားတွေနဲ့တွေ့ရင် စတာလင်ရဲ့မိန့်ခွန်း တခုလုံး ဖတ်ပြလိုက်မယ်။ အို ငါ့လမ်းစဉ်က အမှန်ချည်းဘဲ။ ငါမမှားဘူး။ ဒီလိုလုပ်လို့ ဘယ်ရမလဲ။ လယ်ပိုင်ရှင်ကြီးတွေကို သက်ညှာလို့ မဖြစ်ဘူး။ အသက်ရှူပေါက်ပေးသလို ဖြစ်မှာပေါ့။ တိုင်းကော်မတီက ငါ့ကို ဘာယ်လိုပြောလိုက်သလဲ။ ခင်ဗျား ထက်ထက်မြက်မြက်ရှိတယ်တဲ့။ လယ်ပိုင်ရှင်ကြီးတွေက လိုတဲ့သီးနှံမပေးဘူး။ ဒီတော့ သူတို့ကို ထိန်းကျောင်းဖို့က တကိစ္စ။ သူတို့ကို ကျူပင်ခုတ် ကျူငုတ်မှ မကျန်စေရအောင်လုပ်ဖို့က တကိစ္စ။ ဒါဖြင့် လူထုကို ဘာ့ကြောင့် ခေါင်းဆောင်မှု ပေးနေရသေးသလဲ' ဒါဗိဒေါ်သည် အတွင်းရေးမှူးရုံးခန်းမှ ထွက်လာခဲ့ပြီးနောက်၊ ဤသို့ တကိုယ်တည်းတွေးလာခဲ့သည်။ အတွင်းရေးမှူးကို စိတ်ထဲက ချေပစ်နေသည်။ သို့ရာတွင် ခါတိုင်းကဲ့သို့ပင် နောက်မှသာ ခေါင်းအေးအေးထား၍ စဉ်းစားဉာဏ်၊ စိတ်ကူးဉာဏ်တို့ သူ့တွင် ပေါ်လာတတ်သည်။ ခရိုင်ကော်မတီ ရုံးခန်းတွင်ကား ခေါင်းထဲ ပထမဆုံး ဝင်လာသည်ကို စွတ်၍ပြောချလိုက်ခြင်းပင်ဖြစ်သည်။ ဟုတ်ပါ့ကွာ။ ကြာကြာပြောရယင် ချောင်ပိတ်မိနေမှာဘဲ ဟုလည်း တယောက်တည်း တွေးမိသေးသည်။ ဤသို့အတွေးလွန်လာသဖြင့် ဈေးကွက်သို့ရောက်လျှင် နွားချေးပုံကို တက်၍ နင်းမိသည်။ သူ့ဘေးက ဖြတ်လျှောက်သော မိန်းမကြီး တယောက်က သူ့ကို ကြည့်၍ ပြုံးသွားလေသည်။

စုံစားချိန်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနောက် ဒါဗီးဒေါ့သည် ခရီးဆောင်သေတ္တာလေးယူရန် 'ကော့ဆက်ဂေဟာ' သို့လာခဲ့သည်။ သူ့အဝတ် သေတ္တာတွင် အောက်ခံနှစ်ထည်၊ ခြေအိတ်များ၊ ဝက်စုံက ထည့်သာပါသည်။ ကျန်သည့်ပစ္စည်းတို့မှာ ဝက်အူလှည့်၊ လွ၊ ညှပ် စသော လက်နက် ကိရိယာတို့သာဖြစ်သည်။

'အိုး ဒါတွေ အသုံးဝင်လာအုံးမှာဘဲ။ ထရက်တာပြင်ဖို့ လိုတဲ့အခါလိုမယ် မဟုတ်လား။ ဒါပေမယ့် အဲဒီအရပ်မှာ ထရက်တာ တစင်းမှမရှိဘူး။ အမယ်လေး ငါနှယ်နော် နယ်လှည့်ကိုယ်စားလှယ်ကြီးကျနေတာဘဲ။ ကိစ္စမရှိဘူးလေ၊ ဟိုကျတော့ ပန်းဘဲဆရာ တယောက်ယောက်တွေ့ယင် လက်ဆောင်ပေးလိုက်တာပေါ့'ဟု စိတ်ကူး လာသည်။

သူ့သေတ္တာကို မြင်းဆွဲသည့်စုပ်ဖွားပေါ်၌ တင်လိုက်သည်။ ခရိုင်ကော်မတီရုံး က မြင်းများသည် အစာရေစာ ကောင်းကောင်းစားရသဖြင့် ဝဖီးနေကြသည်။ ရွာပြင် ရောက်လျှင်ကား ရိုးတွင်းချဉ်ဆီထိ ခိုက်ခိုက်တုန်အောင် ချမ်းလာသည်။ ခေါင်းတွင် ဆောင်းထားသည့် ဦးထုပ်အနားပတ်ကို အောက်သို့ ဆွဲချလိုက်သည်။ သို့ရာတွင် လေ အေးသည် ကော်လာကြားက ဝင်သည်။ သူ့ခြေထောက်များမှာ မလုံမလဲ ဖိနပ် ကြောင့် ပို၍အေးလာလေသည်။

ဂရယ်မျချီရွာသို့သွားသည့်ခရီးမှာ တောင်ကုန်း တောင်စောင်း လမ်းအတိုင်း နှစ်ဆဲ့နှစ် ကီလိုမီတာ ဝေးသည်။ ပတ်ဝန်းကျင်တခုလုံး ဆီးနှင်းအတိသာ ဖုံးလွှမ်း နေသည်။ မြက်ပင် ပေါင်းပင်တို့သည် အညွန့်အခက်တို့တွင် နှင်းသီးလျက် ငိုက်ကျနေ ကြသည်။ လေကြောကျသည့် တောင်စောင်းတို့၌သာ နှင်းလွတ်သည်ကို တွေ့ရသည်။

ဒါဗီးဒေါ့သည် လမ်းလျှောက်ရာမှ နွေးထွေးသွားရန် ဒုန်းပြေးသည်။တခဏမျှ ပြေးပြီးနောက် စုပ်ဖွားပေါ်သို့ တက်၍လိုက်ပါသွားသည်။

သူတို့သည် ဂရယ်မျချီရွာသို့ ညနေခင်းတွင် ရောက်ကြသည်။ ကျေးရွာ ဆိုဗီယက်ရုံးရှေ့၌ မြင်းဆွဲသည့် စုပ်ဖွားနှစ်စီး ရပ်နေသည်။ ကော့ဆက် ခုနစ်ယောက် ခန့်သည် ငဆေးလိပ်သောက်ယင်း စကားစမြည်ပြောနေကြသည်။

"နေကောင်းကြရဲ့လား ရဲဘော်တို့။ မြင်းဇောင်းဘယ်မှာလဲဗျ"

"ကောင်းပါရဲ့ခင်ဗျာ။ ဟောဟိုဖက်မှာ မြင်းဇောင်းရှိလေရဲ့။ သက်ငယ်မိုး နဲ့ တဲလေးဘဲဗျ" အသက်ကြီးကြီး တယောက်က ဒါဗီးဒေါ့ကို ပြန်၍ နှုတ်ဆက် သည်။

"မောင်းဟေ့" ဒါဗီးဒေါ့က အမောင်းခိုင်းလျှင် စုပ်ဖွားသည် မြင်းဇောင်း ရှိရာသို့ ဦးတည်သွားလေသည်။

-ဒါဗီးဒေါ့သည် ကော့ဆက်များနှင့် ရယ်စရာ မောစရာပြောကာ ဆိုဗီယက်ရုံး သို့လာခဲ့သည်။

"ကဲ အထဲသာဝင်သွားပေတော့။ ဥက္ကဋ္ဌလဲရှိတယ်။ အတွင်းရေးမှူးလဲတွေ့ရ လိမ့်မယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



ကော့ဆက် မြင်းစီးသူရဲတို့လည်းသူ့နောက်ကဝင်၍ လိုက်လာသည်။ ဒါဗီးဒေါ့သည် သူတို့အားအဝင်ဝတွင် စီးကရက်များဝေငှခဲ့သည်။ တဖန် မြင်းလှည်း မောင်းသမားကိုလည်းကူညီ၍ မြင်းကိုဖြုတ်ပေးခဲ့သည်။ ကော့ဆက်တို့ စိတ်ထဲ၌ ယခုရောက်လာသော ခရိုင်ကော်မတီရုံးမှရဲဘော်သည် အခြားရဲဘော်များနှင့်မတူ၊ ဖော်ရွေသည်ဟုထင်မိသည်။ အခြားရဲဘော်များသည် စွပ်ဖားပေါ်ကဆင်းကာ ဘယ်သူ့ကိုမျှအရေးမလုပ်ဘဲ ရုံးထဲသို့တန်း၍ဝင်သွားတတ်သည်။ ထို့ကြောင့် ဒါဗီးဒေါ့၏ အမူအရာသည် သူတို့အဖို့ ထူးဆန်းနေလေသည်။ မအောင့်နိုင်သော အဖိုးကြီးတယောက်က

"မြင်းတွေကို မြင်းလှည်းမောင်းသမားက အရေးစိုက်လိမ့်မပေါ့ဗျာ။ ဒါရုံးထိုင်အလုပ်သမားကိစ္စမဟုတ်ပါဘူး" ဟုဆိုသည်။

အခြားတယောက်က

"ခင်ဗျားကတော့ လူထူးလူဆန်းဘဲဗျို့" ဟု ဆိုသည်။

ဒါဗီးဒေါ့သည် သူတို့ကိုပြန်၍ မဖြေနိုင်အားပေ။

"ဟေး ဒီရဲဘော်က ပန်းဘဲသမားနဲ့ တူသဟေ့" ဟု ဒါဗီးဒေါ့ လက်များကိုကြည့်ကာ နှုတ်ခမ်းမွေးရေးရေးနှင့် ကော့ဆက်တယောက်က ထင်ကြေး ပေးပြန်သည်။

"မကွင်းနစ်ပါဗျာ" သည်အကြိမ်တွင် ဒါဗီးဒေါ့ကအမှန်ကိုပြောပြလိုက်သည်။ "နေစမ်းပါအုံး၊ ခင်ဗျားတို့ ဘာလို့ ဆိုဗီယက်ရုံးကိုလာကြတာလဲ"

"ကျွန်တော်တို့လဲ သိချင်လို့ပေါ့ဗျ။ ခင်ဗျားလာတာ ဘာများထူးသလဲလို့ပေါ့။ ဒီတခါလဲ သီးနှံသိမ်းဆည်းရေးဘဲလားဗျာ"

"စုပေါင်းလယ်ယာ ကိစ္စပါဘဲ"

အဖိုးကြီးသည် လေးလေးငင်ငင် သေချွန်းကာ ထွက်သွားသည်။ သူတို့သဘောကျကြဟန် မတူ။

× × ×

အခန်း ကလေးသည် ကျဉ်းမြောင်းသည်။ မျက်နှာကြက် ကလည်း နိမ့်သည်။ သားရေနံ့ မီးခိုးနံ့တို့ကြောင့် အောက်စော်နံနေသည်။ ဒါဗီးဒေါ့သည် စားပွဲတခုရှေ့၌ ရပ်လိုက်သည်။ ထိုစားပွဲ၌ ထိုင်နေသူသည် မီးအိမ်က မီးဇာကိုအနည်းငယ်မြှင့်နေသည်။ ပခုံးကားကား အရပ်အမောင်းကောင်းကောင်း ဖြစ်သည်။ သူ၏ ကာကီအင်္ကျီတွင် အောင်လံနီ မော်ကွန်းတံဆိပ်တခု တွေ့ရသည်။ ယင်းပုဂ္ဂိုလ်ကား ဂရယ်မျချီ ဆိုဗီယက်၏အတွင်းရေးမှူး ဖြစ်ဟန်တူသည်ဟု ဒါဗီးဒေါ့ထင်သည်။

"ကျွန်တော်ကတော့ ခရိုင်ကော်မတီက ကိုယ်စားလှယ်ဘဲခင်ဗျ။ ရဲဘော်က ပါတီအတွင်းရေးမှူးနဲ့တူတယ်"

"ဟုတ်ကဲ့။ အုပ်စုအတွင်းရေးမှူး နာဂူနော့ပါဘဲ။ ထိုင်လေဗျာ။ ကျွန်တော်တို့ ကျေးရွာဥက္ကဋ္ဌကြီးလဲ ခုဘဲရောက်ပါလိမ့်မယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



အတွင်းရေးမှူးသည် ကိုယ်ကာယထွားကြိုင်းသူဖြစ်သည်။ ရင်အုပ်ကျယ်သည်။ မြင်းတပ်သားလည်းဖြစ်ခဲ့ဘူးဟန်တူသည်။ အကြောင်းမှာ သူ့ခြေတန် ရှည်ကြီးသည် ခွင်နေသောကြောင့်ဖြစ်၏။ သူ၏မျက်လုံးအစုံသည် အဝါရောင်သန်းနေသည်။ သူငယ်အိမ်တစုံသည်ကား ကတ္တရာစေးရောင်ဖြစ်၏။ ထိုမျက်လုံး နှစ်ခုအပေါ်က မျက်ခုံးကားကား တစုံသည် အလယ်တွင်ဆက်နေသည်။ ခန့်ညားသည့် ယောကျ်ား တယောက်ဖြစ်ဖို့ရှိသော်လည်း နှာယောင်က မို့မောက်နေသဖြင့် အရုပ်ဆိုးလှသည်ဟု ဒါဗီးဒေါ့က ထင်မိလေသည်။

ထိုခဏတွင် အလုံးအထည်ကောင်းကောင်း ကော့ဆက်မြင်းသည် တော်ဝတ်စုံဝတ်ထားသည့် လူတယောက် အခန်းထဲသို့ဝင်လာသည်။

"လာပါပြီဗျား။ ကျွန်တော်တို့ ဥက္ကဋ္ဌအန်ဒရေးရတ်ဇမျောနေ့ပါဘဲ"

ဥက္ကဋ္ဌကြီးသည် ကော့ကွေးနေသော နှုတ်ခမ်းမွေးကြီးကို ပို၍ကားသွားအောင် ပြုံးလိုက်ပြီးလျှင် ဒါဗီးဒေါ့ကို နှုတ်ဆက်ရန် လက်ကမ်းပေးသည်။

"ရဲဘော်က ဘယ်သူလဲဗျ။ အော်၊ ခရိုင်ကော်မတီရဲ့ ကိုယ်စားလှယ်ကိုး။ သူ့မှာ စာပါရဲ့လား။ ဗတ်ကြည့်ပြီးပြီလား မာကာ။ စုပေါင်းလယ်ယာကိစ္စနဲ့ လာတယ်မှတ်တယ်" ဒါဗီးဒေါ့ကို မလှုပ်တလှုပ်ကြည့်သည်။ သူ၏မျက်လုံးပြာပြာတစုံသည်လည်း တဖြတ်ဖြတ်ခတ်နေသည်။

ဒါဗီးဒေါ့သည် စာပွဲတွင်ထိုင်ကာ လယ်ယာ ပြဿနာအစုံကို ပြောပြသည်။ နောက်တနေ့တွင် အစည်းအဝေးတခုခေါ်ရန်လည်း တင်ပြသည်။ ဆင်းရဲသည့် လယ်သမားများနှင့် တက်ကြွသော ပါတီလုပ်သားများ တက်ရောက်ရမည်ဖြစ်သည်။

အတွင်းရေးမှူး နာဂူနေ့က ဂရယ်မျချီ အခြေအနေကို ရှင်းပြသည်။ ဤသို့ ရှင်းပြရာတွင် လယ်ယာလုပ်သားအသင်းအကြောင်းကိုလည်း ပြောပြသည်။

ရတ်ဇမျောနေ့သည် အတွင်းရေးမှူးပြောနေစဉ် တလုံးစ နှစ်လုံးစ ဝင်၍ ထောက်သည်။ သူ့လက်ကမူ မျက်ခုံးထိပ်၌ တင်ထားရာက မချတော့ပေ။

"ကျွန်တော်တို့မှာ လယ်ယာလုပ်သား အသင်းဆိုတာ ရှိနေပြီ။ ဒါပေမယ့် ရဲဘော်ကြီးသိထားဖို့က ဒီအသင်းဟာ အလကားဘဲဗျ။ ရယ်စရာကြီးဘဲ။ စုပေါင်းလယ်ယာလုပ်မယ်ဆိုတော့ ပိုပြီးလူရယ်စရာ ကောင်းသေးတယ်။ ကျွန်တော်တို့ရွာမှာ စာရင်းကောက်လိုက်တော့ ဆင်းရဲတဲ့ လယ်သမားအိမ်ထောင် ဆဲ့ရှစ်ခုရှိတယ်။ အဲဒီဆဲ့ရှစ်အိမ်ထောင် စုပေါင်းလိုက်မှ မြင်းက လေးစီး၊ နွားက တကောင်။ ဒါပေမယ့် ကျုပ်တို့ အသင်းက ကျွေးမွေးရမယ့် ပါးစပ်ပေါက်ပေါင်းက တရာ့ ခုနစ်ပေါက်ဗျ။ ကဲ ဘယ်မှာ မျှမလဲဗျ။ သူတို့မှာ နှစ်ရှည်စီမံကိန်းနဲ့ ထွန်ယက်ဖို့ ထရက်တာတို့၊ ထွန်စက်တို့ အကြွေးဝယ်နိုင်တယ် ထားပါအုံး။ အဲဒီအကြွေးကို နှစ်ပေါင်းများစွာကြာမှ ပေးနိုင်မယ်။ သူတို့မှာ ထရက်တာ အပိုင်ရှိရင်တော့ ဟုတ်တာပေါ့ဗျာ။ ဒါပေမယ့် ဘယ်သူက သူတို့ကိုပေးမှာလဲ။ နွားလေးတရှဉ်းလောက်နဲ့ တော့လဲ ဘယ်လိုလုပ်ပြီးနေ့ ချင်းညချင်းချမ်းသာလာမှာလဲဗျ။ ပြီးတော့ သူတို့သဘောထားကလဲ မမှန်ဘူး။ သူများ

www.facebook.com/NyisayEbookCreator
www.nyisay.com



နို့သက်ခံချင်တာများနေတာဘဲဗျာ။စိုက်ဖို့ ပျိုးဖို့တော့ စိတ်မကူးဘူး။ လက်ဝါးဖြန့်ပြီးသာ တောင်းဖို့ဘဲသိတယ်။ ပိုက်ဆံတော့ ပေးသမျှယူတာဘဲ။ ပြန်ပေးဖို့ ပြန်ဆပ်ဖို့ကျတော့ လက်နှေးတယ်။ အဲ ကျုပ်စကား ရဲဘော် မြဲမြဲမှတ်ထား။ ဒီအသင်းဟာ မုဆိုးမ ခေါင်းဆောင်တဲ့ အသင်းမျိုးလို ယနေ့ နက်ဖြန် ပျက်မှာဘဲ။ ဘယ်သူမဆို စုပေါင်းလယ်ယာမှာ ပါဝင်နိုင်တယ်လို့ ဆိုထားတယ်။ အဲဒါကတော့ အင်မတန် ခန့်ညားတဲ့စကားပါဘဲ။ သို့ပေမယ့် ကော့ဆက်တွေက ခေါင်းမာတဲ့ အမျိုးလားဗျ။ အဲ သူတို့အကျင့်တွေ ဖျောက်အောင် ရဲဘော်လုပ်ရလိမ့်မယ်”

“ခင်ဗျားတို့ နှစ်ယောက်စလုံး အဲဒီအသင်းဝင် ဟုတ်ရဲ့လား” ဒါဗီးဒေါ့က အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌတို့ကို တလှည့်စီကြည့်ကာမေးသည်။

“မဝင်ဘူး” နာဂူနော့က ဖြေသည်။

“၁၉၂၀ ခုနှစ်က ကွန်မြူနတခုကို ဝင်ခဲ့ဘူးတယ်။ အဲဒီ ကွန်မြူနဟာလဲ အစိတ်စိတ်အမွှာမွှာကွဲပြီး ပျက်သွားတယ်။ ကျွန်တော်ကတော့ ကိုယ်ပိုင်ပစ္စည်းမှန်သမျှ အားလုံးကို စွန့်လွှတ်ပြီးဝင်တာဘဲ။ ဒါပေမယ့် ဟန်ပုံမပေါ်တာနဲ့ ကျွန်တော်ပိုင် နွားတရှဉ်းကို ရွာနီးချုပ်စပ်က ကွန်မြူနတခုကို လှူလိုက်တယ်။ အဲဒီကွန်မြူနဟာ ခုအထိ တည်တံ့နေသေးတယ်။ ဒါပေမယ့် ကျွန်တော့်မှာတော့ ဘာပစ္စည်းမှ မရှိတော့ဘူး။ ရတ်ဇမျော့နော့က ကျွန်တော့်လို စံပြမလုပ်နိုင်ခဲ့ဘူး။ သူက မုဆိုးဖိုဗျ။ သူ့မှာ မအေအိုကြီးတယောက်ရှိတယ်။ မအေတခု သားတခုပေါ့။ ဒီကိစ္စတွေဟာ တကယ်တော့မလွယ်လှဘူး။ကျွန်တော့်အထက်မှာ တတိယတယောက်ရှိသေးတယ်။ ခုတော့ဒီမှာမရှိဘူး။ အဝေးရောက်နေတယ်။ သူ့ခမျာ လက်ဘဖက်စက်ကြိတ်ခံရလို့ ဖြတ်ပစ်လိုက်ရတယ်။ သူ့လိုလူကလဲ ဒီလိုအသင်းမျိုးဝင်ဖို့ ခဲယဉ်းလှတယ်ဗျာ”

“ဟုတ်တယ်။ ကျွန်တော်တို့အသင်းဟာ လှမ်းလှဲ့ လိုက်နေတယ်။ အသင်းရဲ့ ဥက္ကဋ္ဌ အာကတ်ရုကာလိုဆက် ဆိုယင် အင်မတန်အပုပ်နံ့လှိုင်တဲ့ မန်နေဂျာမျိုးပေါ့။ သူ့လို ပုဂ္ဂိုလ်ကို ရွေးပြီး ဥက္ကဋ္ဌတင်တာ အံ့သြစရာဘဲ။ အဲဒီအသင်းထဲ သူပါဖို့ကို မကောင်းဘူး” ရတ်ဇမျော့နော့က အတွင်းရေးမှူး တင်ပြချက်ကို ထောက်ခံလေသည်။

“ဘာ့ကြောင့်လဲဗျ” ဒါဗီးဒေါ့က ဆက်၍မေးသည်။

ရတ်ဇမျော့နော့သည် ပြုံး၍ကြည့်နေသည်။ပြီးမှ အောက်ပါအတိုင်း ဆက်၍ ပြောလေသည်။

“ဘာ့ကြောင့်လဲဆိုတော့ သူလုပ်တာတွေနည်းလမ်းမကျလို့ဘဲ ဆိုပါတော့။လူနေပုံထိုင်ပုံကလဲမဟန်ဘူး။သူ့လိုလူဟာကုန်သည်ဘဝနဲ့ဘဲဘော်တယ်။ဘာတခုလုပ်လုပ် မြတ်မှ စွန်းမှ အသာရမှလုပ်ချင်တယ်။အကျင့်မဖျောက်နိုင်ဘူးပေါ့ဗျာ။သူက အဲဒီအသင်းကို ပျက်စီးအောင် စလုပ်တာဘဲ။တခါက နွားသိုးတကောင်ကိုသူဝယ်လာတယ်။ ပြီးတော့ မော်တော်ဆိုင်ကယ်နဲ့လဲပြီးစီးတယ်။ ကျွန်တော်တို့နဲ့ ဘာမှမတိုင်ပင်ဘူး။ သူလုပ်ချင်တာ လုပ်တာဘဲ။ တနေ့တော့သာ ကော့ဆက် ရွာကြီးတရွာက မော်တော်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆိုင်ကယ်တစီး စီးပြန်လာတာတွေ့ရတာဘဲ။ အဲဒီအကြောင်းကြားရတော့ကျွန်တော်တို့တော်တော် စိတ်ပျက်မိတယ်။ သူဝယ်လာတဲ့ မော်တော် ဆိုင်ကယ်ဆိုတာ ဘယ်သူမှ စီးတော်တာမဟုတ်ဘူး။ ဒါကြီးကို ဘာလုပ်ရမှန်းလဲမသိဘူး။ ဒါနဲ့ ရွာတရွာကို ယူသွားကြရတယ်။ နောက်ဆုံးတော့ သံရည်ကျိုရုံ ပို့ဖို့ကောင်းတာဘဲ။ တကယ်တော့ သူတို့တင်ရမယ့်ဥက္ကဋ္ဌနေရာမှာ လူးကစ်အော့စလေရော့နေ့ဘ့ကိုတင်ဖို့ကောင်းတယ်။ သူမှ အကြံဉာဏ်ရှိတဲ့လူဗျ။ ဂျုံမျိုးစေ့အသစ်ရအောင် ရှာတတ်တယ်။ ပြီးတော့ ဘယ်လို အခက်အခဲဖြစ်စေ ကျော်လွှန်အောင် ကြံနိုင် ဖန်နိုင်တယ်။ သူ့လယ်က အမြဲသီးထွက်ကောင်းတယ်။ ကျွဲနွားဆိုယင်လဲ မျိုးကောင်းမွေးတတ်တယ်။ လယ်သမားပီသတာ သမ္မာအစစ်ဗျ"

"ဒါပေမယ့် သူကနွားသိုးလိုဘဲဗျ။ ထင်ရာစိုင်းတတ်တယ်။အများနဲ့ စုပေါင်းမလုပ်ချင်ဘူး" အတွင်းရေးမှူး နာဂူနော့က ခေါင်းရမ်းကာပြောသည်။

"မဟုတ်ပါဘူးဗျာ၊ သူဟာ ခင်ဗျားတို့ကျုပ်တို့လိုပါဘဲ"ရတ်ဇမျောနော့သည် လူးကစ်ကို ယုံကြည်ဟန်တူလေသည်။

—၃—

ထိုညတွင် ယာကွတ်လူးကစ်သည် သူ၏တပ်မှူးဟောင်း ဗိုလ်ကြီး ပိုလော့စတက်နှင့် စကားကောင်းနေလေသည်။ ယာကွတ်သည် ရွာထဲတွင် ကြံရည်ဖန်ရည်ရှိသူတယောက် အဖြစ် အထင်ကြီးခံရသည်။ သူသည် သတိကြီးစွာ ထားတတ်သူဖြစ်သည်။ သို့ရာတွင် အရေးတော်ပုံ တခုခုကြုံလာပြီဆိုလျှင် လွတ်အောင်မရှောင်ဘဲ ဝင်ရှုပ်ပါဖြစ်အောင်ပါသည်။ နောက်ဆုံးတွင် ထိုအရေးတော်ပုံ ဝဲဂယက်အတွင်း နစ်မြုပ် သွားတတ်သည်။ ထိုညတွင်ယာကွတ်လူးကစ်သည် အန္တရာယ်ထူပြောသည့် လမ်းမှားကို ရွေးမိလျက်သား ဖြစ်နေလေသည်။

ညစာစားပြီးလျှင် ယာကွတ်သည် ဆေးတံကြီးကို ခဲကာ စကား စမြည်ပြောလေသည်။ လွန်လေပြီးသောအခါက အဖြစ်အပျက်များ၊သူခံစား ခဲ့ရပုံများကို နား ထောင်သူရှိသည့်အခါ အန်ရှုံထုတ်လေသည်။

"အထူးအထွေဆိုလို့ ဘာပြောစရာရှိသလဲ အလက်ဇင်ဒါးရယ်။ ကျုပ်တို့ဘဝမှာ ပျော်စရာ ရွှင်စရာဆိုလို့ တကွက်မှမရှိပါဘူး။ ကော့ဆက်တွေဟာ လယ်ယာအနည်းအကျဉ်းလုပ်လာကြတယ်။ နည်းနည်းချောင်လည်လာကြတယ် ဆိုရမှာပေါ့။ ၁၉၂၆ နဲ့ ၁၉၂၇တို့မှာတော့ အခွန်အတုတ် နည်းလှာတယ်ဆိုရမှာပေါ့။ဒါပေမယ့် အခု ကျုပ်တို့ဖက်လှည့်လာပြန်ပြီလေ။ ခင်ဗျားလဲကြားမှာပေါ့။ စုပေါင်း လယ်ယာဆိုတာ"

"ကြားသားဘဲဗျ" ဧည့်သည်က စီးကရက်မီးညှိရင်းဖြေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အဲဒီ မျောက်မင်းအူသံကို နေရာတိုင်း၊ ဒေသတိုင်း၊ ကျေးရွာတိုင်း ကြားနေရပါပြီဗျား။ ကဲ ကျွန်တော့်နောက်ကြောင်းပြန်ရအုံးမယ်။ ၁၉၂၀ မှာ တပ်ထဲကပြန်ရောက်တယ်။ မြင်းနှစ်ကောင်နဲ့ တခြားပိုင်သမျှ ကျွန်တော့်ပစ္စည်းတွေကိုပင်လယ်နက်ဖက်မှာ ထားခဲ့ရတယ်။ ရွာပြန်ရောက်တော့ ကျွန်တော်တို့ဟာ ဟောင်းလောင်းဘဲ။ အဲဒီကထဲက နွေရောညရောအလုပ်လုပ်ရတယ်။ ပထမဆုံး ကောက်ရိတ်ပြီးတော့ ရသမျှဂျုံတွေ သူတို့ယူသွားကြတယ်။ အဲဒီကတဲက ဆုံးရှုံးမှု စတာဘဲ။ အရှုံးချည်းပါဘဲဗျာ။ မှတ်တောင် မမှတ်မိတော့ပါဘူး။သီးထွက်ကိုသိမ်းတယ်။ ဒါပေမယ့် လက်မှတ်တော့ပေးသွားတယ်ဗျ။လက်မှတ်ဆိုတာပြေစာပေါ့။ မခမ့ နိုင်အောင်ပေါ့ဗျာ" ယာကွတ်သည် တိုင်ရာမှထ၍ မှန်နောက်ကစာရွက်များကို ထုတ်ပြသည်။

"အဲဒါတွေဘဲ။ ၁၉၂၁ ကဗျ။ ဂျုံ၊ အမဲသား၊ ထောပတ်၊ သားရေ၊ ဝါဂွမ်း၊ အားလုံးသိမ်းသွားတဲ့အတွက်ရေးပေးခဲ့တာဘဲ၊ ဒါတွေဟာ လယ်ခွန်ယာခွန်တွေပေါ့။ ကျွန်တော့်ခေါင်းတိုင်က မီးခိုးထွက်တဲ့အတွက်လဲ အခွန်ပေးရတယ်။ မြင်းဇောင်းတို့နွားတင်းကုတ်တို့မှာ အသက်ရှင်နေသမျှ တိရစ္ဆာန်တွေအတွက်လဲ အခွန်အတုတ်ပေးရတယ်။ ကြာတော့ ဂုံအိတ်နဲ့ထည့်လို့ ဘောင်ရနိုင်ပြီဗျ။ ဒါပေမယ့် ကျွန်တော် ဆက်လက်အသက်ရှင်နိုင်ကြောင်း ကြိုးစားခဲ့တယ်။သူတို့ကကျွန်တော့်ဂုတ်ကိုခွစီးပြီးအရေခွံခွာကြတယ်။ ကျွန်တော့်မှာ အရေအသစ်ပြန်ပြီးလဲအောင် ကြိုးစားခဲ့ရတယ်။ ပထမ နွားတရှင်းမွေးတယ်။ ကြီးလာတော့ သင်းတို့နှစ်ကောင်ကို နိုင်ငံတော်အတွက်အမဲသားပေါ်ရအောင်ပေးလိုက်တယ်။ ဒါနဲ့ မိန်းမရဲ့အပ်ချုပ်စက်ရောင်းပြီး နောက်ထပ်အစားဝယ်ရပြန်တယ်။နောက် ၁၉၂၅ လောက်ရောက်တော့ နွားလေးကောင်ဖြစ်လာတယ်။ ကျွန်တော့်မှာမဲဆန္ဒပေးခွင့်လဲမဆုံးပါးပါဘူး။ သူတို့က ကျွန်တော့်ကိုအကြံဉာဏ်ရှိတဲ့ အလတ်တန်းစား လယ်သမားအဖြစ်သဘောထားတယ်"

"ခင်ဗျားမှာမြင်းတွေရောမရှိဘူးလား" ညွှန်သည်က ဝင်၍ထောက်သည်။

"နေအုံးလေဗျာ။ မြင်းတွေအကြောင်း ပြောရအုံးမယ်။ အိမ်နီးနားချင်းတယောက်ဆီက မြင်းပေါက်ကလေးတကောင်ဝယ်လိုက်တယ်။ သူ့အမေက တရွာလုံးမှာတကောင်ထဲရှိတဲ့ဒွန်မျိုးဗျ။ကြီးလာတော့လှလိုက်တာဗျာ။စစ်တပ်နဲ့တော့ သုံးလို့မဖြစ်ဘူး။ ဒေါက်သိပ်မကောင်းလှဘူး။ ပြပွဲမှာဆုရတယ်ဗျ။ ဒါနဲ့ ကျွန်တော်လဲ စိုက်ပျိုးရေးပါရဂူတွေ စကားနားထောင်ပြီး လယ်ယာကိုဘဲ အရိပ်တကြည့်ကြည့်နဲ့ ပြုစုပျိုးထောင်လာလိုက်တာရွာထဲမှာဆိုယင် ကျွန်တော့်ယာက ပြောင်းအအောင်ဆုံးဘဲ။ အကောင်းဆုံးလဲ ဖြစ်တယ်။ နောက်ဆုံးတော့လဲ ကျွန်တော်ဟာ ကျွမ်းကျင်တဲ့လယ်သမားကောင်းတယောက်ဖြစ်လာတယ်ဆိုပါစို့။ နာမည်ကောင်းလက်မှတ်လဲရသဗျ။ ဟောဒီမယ်ကြည့်ပါလား"

ဘုရားယခင်ပုံတော်နှင့် ဗိုရိုရှိလေ့ပုံအကြီး သစ်သားဘောင်တခုဖြင့် ချိတ်ဆွဲထားသည့်နာမည်ကောင်းလက်မှတ်ရှိရာသို့ သူ့လက်ညှိုးကညွှန်ပြနေသည်။

---

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော့်လက်မှတ်တွေဘဲ။ ပြီးတော့ ကျွန်တော့်ပြောင်းကို ရော့စတော့ အထိပို့ပြီး အာဏာပိုင်တွေကိုပြရတယ်ပေါ့ဗျာ" ယာကွတ်သည် စကားပြော၍ကောင်းနေသည်။ "စောစောပိုင်းကတော့ နှစ်ဆယ့်ငါးကေလောက် စိုက်တယ်ခင်ဗျ။ နောက်တော့သုံးဆယ် ငါးဆယ်ကနေပြီး ကေ ခုနစ်ဆယ်အထိစိုက်ဘယ်။ကိုယ့်လယ်ကိုယ်ထွန်တာဘဲ။ အကူအညီဆိုလို့ မိန်းမနဲ့သားဘဲရှိတယ်။ နှစ်ခါလောက်ဘဲ လယ်ကူလီငှားဘူးတယ်။ ဒီတုန်းက ဆိုဗီယက်အစိုးရက ကြိုက်သလောက် ထွန်နိုင်စိုက်နိုင်တယ်လို့ အမိန့်ထုတ်ကျေညာတယ်။ ကျွန်တော်လဲစိုက်တာဘဲ။ ခုတော့ကေခုနစ်ဆယ်ပိုင်ရှင်ဆိုပြီး လယ်ပိုင်ရှင်ကြီးစာရင်းအသွင်းခံရပြီဗျ။ ကျွန်တော်ဟာ ကုလတ်တဲ့ဗျာ။ ကျွန်တော်တို့ဆိုဗီယက်ဥက္ကဋ္ဌကြီး ရဲနီ ရတ်ဇမျှော့နော့ပေါ့ခင်ဗျာ။ စိုက်ချင်သလောက် စိုက်ပါလို့ သူဘဲ အားပေးအားမြှောက် လုပ်ခဲ့တာဘဲ။ လယ်ယာစိုက်ခြင်းဖြင့် ဆိုဗီယက်အစိုးရကို အကူအညီပေးပါ။ အစိုးရမှာဂျုံအများကြီးလိုနေပါတယ်လို့ဆိုခဲ့တယ်။ အဲဒီတုန်းကလဲ သံသယတော့ရှိချင်သားခင်ဗျ။ ခုတော့ လှလှကြီး ဒုက္ခရောက်တာပါဘဲ။ ဗိုလ်ကြီးဘာများအကူအညီပေးနိုင်မလဲ။ ဆိုစမ်းပါအုံးခင်ဗျာ"

"ဒီမှာရှိတဲ့လယ်သမားတွေအားလုံး စုပေါင်း လယ် ယာ ကို ဝင်ကြသလား" ညွှန့်သည်ကမေးပြန်သည်။

"စုပေါင်းလယ်ယာလား။ အဘင်းအကြပ်တော့မလုပ်သေးပါဘူး။ ဒါပေမယ့် နက်ဖြန်မှာတော့ ဆင်းရဲတဲ့လယ်သမားတွေရဲ့အစည်းအဝေးရှိမယ်။ခုညနေဘဲအစည်းအဝေးအကြောင်း ပြောသွားကြတယ်။ ခရစ်စမတ်ပြီးကတဲက ဝင်ကြပါ ဝင်ကြပါ ဝင်ကြပါလို့ ပြောတာဘဲ။ ဒါပေမယ့် လူတွေက ထက်ထက်သန်သန် မရှိလှသေးဘူး။ ဘယ်သူမှစာရင်းမသွင်းကြသေးဘူး။ကိုယ့်သေတွင်း ကိုယ်တူးတာနဲ့ အတူတူနေမှာပေါ့ဗျာ။အခုတော့ ကြည့်လေ၊ နက်ဖြန်ကျယင် တခါစအုံးတော့မယ်။ ခရိုင်ရုံးကရဲဘော်အလုပ်သမားတယောက် စည်းရုံးဖို့ ရောက်လာဘယ် ပြောကြတာဘဲ။အဲဒါ ကျွန်တော်တို့ လမ်းဆုံးဘဲဗိုလ်ကြီး။ လူတွေဖြင့်လုပ်လိုက်ရတာ တကုန်းကုန်း။ ကျောရိုးလဲ မွဲခြောက်ကုန်ဘီ။ လက်တွေလဲ ကြမ်းထော်ကုန်ပြီ။ ခုတော့ အားလုံးပိုင်သမျှ ဆိုင်သမျှ ကျွဲ ရော နွားရော အိမ်ရော ထင်ပါရဲ့ဗျာ၊ ဘုံပစ္စည်းတဲ့၊ အများ ပိုင် တဲ့။ ကိုယ့်မယားသူများ ပေးရတာနဲ့ ဘာထူးသေးလဲဗျ။ ခင်ဗျားဘဲ စဉ်းစားကြည့်ပါအုံး။ တော်၏ မတော်၏ ဆင်ခြင်ကြည့်ပါအုံး။ ကျွန်တော်က နွားတကောင် ထည့် မယ် ဗျာ။ လယ်ယာပစ္စည်းအားလုံးထည့်ရမယ်ဗျာ။ နောက်တယောက်က ဘောင်းဘီစုတ်လေးတထည် ထဲထည့်မယ်ဗျာ။ ပြီးတော့မှ အမြတ်အစွန်းကို ခွဲဝေယူရမတဲ့။ ကဲ၊ အဲဒါ တရားပါ့မလား။ သာတူညီမျှ ဖြစ်နိုင်ပါ့မလား" ယာကွတ် သည် လက်ဝါးစောင်းကို လည်ပင်းတင်၍ တိကနဲဖြတ်ဟန် လုပ်ပြသည်။ ထို နောက် "အဲဒါပါဘဲ။ ဗိုလ်ကြီးရောဘာများ လုပ်ကိုင်စားသောက်နေသလဲ။ ရုံးမှာလုပ်သလား။ တခြားလုပ်ငန်းတခုခုဘဲ လုပ်နေသလား" ဟု ညွှန့်သည်အား မေးလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ညွှေ့သည်သည် ယာကွတ်အနားသို့ တိုး၍ထိုင်သည်။ ယာ ကွတ် ကမူ ပိုလော့စ တက်၏ ဟောင်းနွမ်းနေသော ကျူးနစ်အင်္ကျီကြီးကို စိုက်ကြည့်နေသည်။

"ခင်ဗျား ကျုပ်တပ်မှာ အမှုထမ်းခဲ့ဘူးတယ်မဟုတ်လား လူးကစ်။ ခင် ဗျား တခုမှတ်မိသေးသလား။ ကျုပ် တို့ ယီကာတယ်ရိန်ဒါမှာ တပ်ဆုတ်လာကြတုန်းကလေ။ အဲဒီတုန်းက ကော့ဆက်တွေကို ဆို ဗီ ယက် အစိုးရအကြောင်း ပြောခဲ့တာဗျာ။ အဲဒီ အချိန်ကထဲက လမ်းမှားတော့ ရောက်နေပြီ ရဲဘော်တို့လို့ သတိပေးခဲ့တယ်မဟုတ်လား။ ကွန်မြူနစ်တွေက မင်းတို့ကို အရုပ်ကလေးမျ ားလှည့်ပြီး ကစားသလို ကစားသွားမှာဘဲ လို့ သတိပေးခဲ့တယ်။ ကွန်မြူနစ်တွေရဲ့ သရုပ်ပေါ်လာမယ့်အချိန်ကျတော့ ပြင်လို့ မရတော့တဲ့အချိန် ဖြစ်နေလိမ့်မယ်လို့ သတိပေးခဲ့ဘူးတယ်။ အ မှတ် ရ တယ် မဟုတ် လား" သူသည် အတန်ကြာ စကားမဆက်သေးဘဲ ဆိုင်းနေသည်။ သူ့မျက်လုံး အစုံ သည် အရည်လဲ့နေတည်။ စိတ်အားထက်သန်နေသည်။ ထို့နောက် လျော့ရဲရဲ ပြုံး လိုက်သည်။ "ကဲ၊ အခုကျုပ်ပြောခဲ့တာတွေ မမှန်ဘူးလား။ ကျုပ်မှာ နို ဗို ရော့ ဆစ် က လွတ်အောင် ထွက်မပြေးနိုင်ခဲ့ဘူး။ ကျုပ် တို့ ကို ဒင်နီကင်နဲ့ သူ့ မ ဟာ မိတ် တွေ က သစ္စာဖောက်သွားကြတယ်။ ကျုပ် တပ်နီတော်ကို ဝင်ခဲ့တယ်။ တပ်တခုကို ကွပ်ကဲ ရတယ်။ နောက် ပိုလန်စစ်မျက်နှာကို ရောက်သွားဟယ်။ ပြီးတော့ရဲဘော်ဟောင်း တွေကို ရေစစ်နဲ့ စစ်ချတဲ့ ကော်မရှင်နဲ့ တွေ့တော့တာဘဲ။ အဲဒီကော်မရှင်က ကျုပ် ကိုဘပ်နဲ့ ကင်းကွာစေခဲ့တယ်။ ကျုပ်ကိုဖမ်းတယ်။ ပြီးတော့ တော်လှန်ရေး ခုံရုံးမှာ တင်ပြီး စစ်တယ်။ ကျုပ်ကို အကျဉ်းစခန်းယင်လဲ ပို့မယ်။ ကျည်ဆန်ဆုယင်လဲ ပေး ဖို့ရှိတယ်။ ကျုပ်ဟာ သစ္စာဖောက်တဲ့ဗျာ။ ကျုပ်တို့ တရွာထဲသားတွေကဘဲ ကျုပ် ဟာ ပေါ်တီယော့ကော့ကို သတ်တဲ့ အထဲက တယောက်ဆိုပြီး တိုင်တောကြတယ်။ ဒါနဲ့ တိုတိုပြောကြစို့ ဆိုယင် ခုံရုံးမှာ စစ်ဖို့အပို့ လမ်းမှာ ထွက်ပြေးခဲ့တယ်။ နာ မယ်အမျိုးမျိုးနဲ့ ရုပ်ဖျောက်ပြီး ပုန်းခိုရတာ အကြာကြီးပါဘဲ။ ၁၉၂၃- ကျ တော့ ရွာကို ပြန်သွားတယ်။ တပ်နီတော်က အရာရှိဟောင်းတယောက်ပါလို့ဘဲအသိ ပေးထားရတယ်။ ဒါပေမယ့် လူကောင်း သူကောင်းတွေနဲ့ တွေ့ရလို့ အခုအထိ အသက်ရှင်နေတာဘဲ။ နောက်တော့ ကျောင်းဆရာဖြစ်လာတယ်။ ခုကိစ္စကတော့ တ ခြားဗျ။ အတ်ခိုပါစကားယားကို အလုပ်ကိစ္စတခုနဲ့ သွားမလို့ လမ်းကြုံရင်း ခင်ဗျား ကို အမှတ်ရတာနဲ့ ဝင်လာတာဘဲ"

"ဒါဖြင့် ခင်ဗျား ကျောင်းဆရာပေါ့။ စာအုပ်အတော်များများ ဖတ်ရမှာ ပေါ့။ ကဲ၊ ဒါဖြင့် ကျွန်တော့်ကို ပြောပြစမ်းပါဗျာ။ ခု ဘာဖြစ်အုံးမှာလဲ။ အခြေအနေ ကဘယ်လိုလဲ။ အဲဒီ စုပေါင်းလယ်ယာ လုပ်ငန်းဆိုတာကြီးမှာ ကျွန်တော်တို့ ဘယ် လိုပါရမှာလဲ။ ပြီးတော့ ဘယ်လမ်း ဘယ်စခန်း သွားကြမှာလဲ"

"ကွန်မြူနစ် ခေတ်ကြီးကိုပေါ့ဗျ။ တကယ့်ကွန်မြူနစ်ခေတ်ကြီး ရောက်မှာဘဲ။ ဒီမှာလူးကစ်။ ကျုပ် ကားလမတ်ရဲ့စာတွေ ဖတ်ဘူးပါတယ်ဗျာ။ အင်မဘန်ကျော်ကြား လှတဲ့ ကွန်မြူနစ်ကျေညာစာတန်းကြီးကိုလဲ ဖတ်ဘူးပါတယ်။ အဲဒီစုပေါင်းလယ်ယာဆို

www.facebook.com/NyisayEbookCreator
www.nyisay.com



တာ ဘယ်လမ်း ဘယ်စခန်း ဆိုက်မယ်ထင်သလဲ။ ခင်ဗျား သိသလား။ ပထမဆုံး စုဒပေါင်း လယ်ယာဆိုတာ လာမယ်ဗျ။ ပြီးတော့ ဘုံရိပ်သာဆိုတဲ့ ကွန်မြူနီး စီမံကိန်းကြီးရောက်မယ်ဗျ။ အဲဒီမှာ ပုဂ္ဂလိကပိုင် ပစ္စည်းဆိုတာ လုံးလုံး မရှိတော့ဘူးပေါ့ဗျာ။ ခင်ဗျား ဆီက ပစ္စည်းတွေ သိမ်းလိမ့်မယ်။ သိမ်းတာမှ ခင်ဗျားရဲ့ လှည်းနွားသာ မဟုတ်ဘူး။ ခင်ဗျား ကလေးတွေလဲ သိမ်းသွားမှာဘဲ။ ဟား ဟား ဟား။ နိုင်ငံတော်က ခင်ဗျား ကလေးတွေရဲ့ စာပေသင်ကြားရေးကို အလုံးစုံတာဝန် ယူမယ်လေ။ ပြီးတော့သာ အရာရာဟာ ဘုံပစ္စည်းဖြစ်မှာဘဲ။ အိမ်က မယားတွေရော ကလေးတွေရော အိုးခွက်ပန်းကန် အားလုံး ဘုံပစ္စည်းပေါ့။ လမ်းမကာ ဘုံသောက်တဲ့ ရေအိုး စင်ပေါ့ဗျာ။ ဟား ဟားဟား။ ခင်ဗျားက သားလေး ငါးလေး စားချင်ပေမယ့် သူတို့က တောအရက်ဘဲ တိုက်မှာဗျ။ အဲ ပြီးတော့သာ မြေယာမှာ ကြုံးရုန်းပြီး လုပ်ရတဲ့ မြေကျွန် ဖြစ်လေရောဗျား"

"အို ဒါမျိုး ကျွန်တော် အဖြစ်မခံနိုင်ဘူး။ ဒီအဖြစ်မျိုး မရောက်ချင်ဘူး ဆိုယင်ကော"

"ခင်ဗျားကို မေးနေမှာ မဟုတ်ဘူးဗျ"

"ဘာကို ဆိုလိုတာလဲ ခင်ဗျ။ ရှင်းပါဦး"

"အေးလေ၊ ကျုပ်ပြောခဲ့တဲ့ ကိစ္စတွေကိုပေါ့"

"တော်တော်လဲ တတ်နိုင်တဲ့ လူတွေဘဲ"

"အင်မတန် တတ်နိုင်တဲ့လူတွေဘဲ။ ဟုတ်တယ်၊ ဒါဖြင့် ကျုပ်မေးမယ်။ ကျုပ်တို့ ဒီလိုဘဲ နေကြမလား"

"ဘယ်နေနိုင်မှာလဲခင်ဗျ"

"မနေနိုင်ယင် တခုခုလုပ်မှာဘဲ။ တိုက်မယ်ဗျာ"

"ခင်ဗျား ဘာတွေပြောနေတာလဲ အလက်ဇင်းဒါး။ ကျွန်တော်တို့ တခါက တိုက်ခဲ့ကြပြီ မဟုတ်လား။ မဖြစ်နိုင်ပါဘူးဗျာ။ စဉ်းစားလို့ကိုမရပါဘူး"

"မဟုတ်ဘူးလေ။ နည်းလမ်းရှာကြည့်သေးဘာပေါ့"

ညှို့သည်တော်ကြီးသည် အိမ်ရှင်၏အပေါ်သို့ တိုးသည်ထက် တိုးသွားသည်။ ထိုနောက် ဘေးပတ်ဝန်းကျင်ကို ပြူးကလိပြူးကလယ် မျက်လုံးများဖြင့် ကြည့်သည်။ သူ့အမူအရာကား ကြမ်းကြုတ်ပေ သူ့စကားသံ အပြင်ထွက်မည်ကို စိုးရိမ်နေဟန်တူသည်။ ထိုနောက် ခပ်တိုးတိုး ပြောလေသည်။

"ကဲ လိုရင်းဘဲပြောမယ်။ ကျုပ်ခင်ဗျားကို ယုံကြည်တယ်။ ကျုပ်တို့ရွာမှာ ကောဆက်တွေ မခံမရပ်နိုင် ဖြစ်နေပြီ။ သူပုန်ထကြတော့မယ်။ ဒါပေမယ့် ဒါမျိုးဟာ လွယ်တာမဟုတ်ဘူးနော်။ ငှက်ပျောသီး အခွံနွာစားသလို လွယ်လိမ့်မယ်မထင်နဲ့။ ကျုပ်တို့အခု မော်စကိုနဲ့ အဆက်အသွယ်ရပြီ။ မော်စကိုမှာရှိနေတဲ့ တပ်နီတော်ထဲက ဗိုလ်ချုပ်တွေ၊ စက်ရုံတွေက အင်ဂျင်နီယာတွေ၊ အိုဗျာ ဟိုအဝေးက ဆိုကြပါစို့၊ နိုင်ငံခြား အဆက်အသွယ်တွေတောင်မှ ရထားပြီ။ ဒီတော့ ခုနေ စည်းရုံးသိမ်းသွင်းပြီး ပြင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆင်နိုင်မယ်ဆိုယင် မိုးဦးအကျမှာ နိုင်ငံခြား အကူအညီနဲ့ ဒွန်ဒေသကို ကယ်တင်နိုင်မှာ ဘဲ။အဲဒီတော့ ခင်ဗျားလယ်ကို ခင်ဗျား မျိုးစေ့နဲ့ စိုက်ပျိုးပြီး သီးထွက်ကို ခင်ဗျားဘဲ ခံစားရမယ်။ အေးလေ အဲဒီအတွက် အချိန်စောင့်ရလိမ့်မယ်။ ကျုပ်တို့ခရိုင်မှာ ကျုပ်တို့ကို လိုလားသူတွေ အများကြီးရှိတယ်။ သူတို့အားလုံး စုရုံးမိကြဘို့ အရေးကြီးတယ်။ ဒီကိစ္စအတွက် ကျုပ်ထွက်လာခဲ့တာဘဲ။ ဘယ့်နှယ်လဲ ခင်ဗျားပါမယ်မဟုတ်လား။ကျုပ်တို့ အဖွဲ့မှာ ကောဆက် မြင်းတပ်သားဟောင်း သုံးရာကျော် ရှိဘယ်ဗျာ။ ဒူဗရော့စကီကျေးရွာ၊ ဗျူဝင်စကိုဗျူဝင်ကျေးရွာ၊ တူဗျန့်စကျူဝင်ကျေးရွာ၊ ပြီးတော့ မလီအော်လိုဗတ်စကီကျေးရွာတို့မှာလဲ တိုက်ခိုက်ရေးတပ်ဖွဲ့တွေ အများကြီးဘဲ။ အခုလဲ ဟောဒီ ခင်ဗျားတို့ ဂရယ်မျချီမှာ အဲဒီအဖွဲ့မျိုးလိုဘယ်။ ကဲ ဘယ့်နှယ်သဲ။ ခင်ဗျားသဘော ပြောပါအုံး"

"ကျွန်တော်တို့ဆီက လယ်သမားတွေကတော့ သီးထွက်အားလုံး စုပေါင်းလယ်ယာကို အပ်ရတာ ညည်းညူနေကြလေရဲ့"

"တခြားသယ်သမားတွေ ကိစ္စက ထားစမ်းပါအုံး။ ခင်ဗျားတယောက်ထဲ သဘောကို ကျုပ်မေးနေတာ"

"ဒါတော့ခင်ဗျာ၊ ဆယ့်နှယ်လုပ် ခုချက်ချင်း စဉ်းစားဆုံးဖြတ်နိုင်မှာလဲခင်ဗျ။ ကိစ္စက အလွန် အရေးကြီးတာကလား"

"ဒါဖြင့် နောက်တော့ စဉ်းစားပေါ့။ ကျုပ်တို့ကတော့ အမိန့်လာတာနဲ့ စပြီး ချတော့မှာဘဲ။ ရွာတိုင်းက ပုန်ကန်ကြလိမ့်မယ်။ ခင်ဗျားတို့ခရိုင်မှာရှိတဲ့ စစ်တပ်နဲ့ ကွန်မျူနစ်တွေကိုတော့ တအိမ်တက်ဆင်း ဆော်ဘို့ဘဲ။ နောက်တော့ ဆန့်ကျင်ရေး မီးလျှံဟာ တောမီးလို ပြန့်သွားမှာပါဘဲဗျာ"

"ဒီလိုဆိုယင် ခုကျွန်တော်တို့ ဘာလုပ်ရမှာလဲ။ လက်နက်ဘယ်မလဲ။ ဒါက အရေးကြီးတယ်"

"ရမှာပေါ့ဗျ။ခင်ဗျားမှာ အယင်တုန်းက သေနတ်ပုံးကလေးများ မကျန်တော့ဘူးလား"

"ရှိချင်လဲ ရှိအုံးမှာဘဲ။ ဩစတြီးယန်းသေနတ်တလက်တော့ သိမ်းထားမိတယ် ထင်တာဘဲ။ ဘယ်နေ့ရာထားမိမှန်း မှသိဘူး။ စဉ်းစားရအုံးမယ်ဗျ"

"ကျုပ်တို့အလုပ်က အစကောင်းဖို့ဘဲ။ စပြီးပုန်ကန်တာနဲ့ တပြိုင်နက် တပတ်အတွင်း နိုင်ငံခြားသင်္ဘောတွေ ရောက်လာမယ်။ လက်နက် ခဲယမ်းမီးကျောက်တွေ ပါလာမယ်။ လေယာဉ်ပျံတောင် မှာယူလို့ ရမယ်ဗျာ"

"ကျွန်တော် စဉ်းစားဖို့ အချိန်ပေးပါအုံး ဗိုလ်ကြီး။ချက်ချင်းဆိုတော့ ချင့်ချိန်ဘို့ ခက်ပါတယ်"

ဧည့်သည်တော်သည် ကျောဆန့်လိုက်သည်။ ထိုနောက် စိတ်အားထက်သန်စွာ ဆက်၍ပြောလေသည်။"ခင်ဗျားကို ဇွတ်အတင်း မတိုက်တွန်းချင်ပါဘူး။ ဘယ်သူ့ကိုမှလဲ ကျုပ်တို့က မတိုက်တွန်းဘူး။ ကိုယ့်သဘောနဲ့ ကိုယ်ကြိုက်တာရွေးကြဖို့ဘဲ။ ဒါပေ

www.facebook.com/NyisayEbookCreator
www.nyisay.com



မယ့် နှုတ်လုံဖို့တော့ အရေးကြီးတယ်နော် လူးကစ်။အဲဒါသတိထား။ ပေါက်ကြားမယ် ဆိုယင်တော့ ကျုပ်အိတ်ထဲက ခြောက်တောင့်ဟာ ခင်ဗျားဖို့ဘဲ” သူ့အိတ်ထဲက မြည် သံတချုကြားရသည်။ ခြောက်လုံးပြူးပါလာကြောင်း သိစေခြင်းပင်ဖြစ်သည်။

“ဒါတော့ ဗိုလ်ကြီးရယ် ကျွန်တော့်ကို စိတ်မချမရှိပါနဲ့။နို့ပေမယ့် ဗိုလ်ကြီး ကိစ္စက စွန့်ရမယ့်ကိစ္စခင်ဗျ။ ကျွန်တော်မလိမ်ချင်ပါဘူး။ ဒါမျိုးလုပ်ရမယ်ဆိုတာ အသဲထိတ်စရာဘဲ။ ဒါပေမယ့် ဒီလိုနဲ့ရော ဆက်လက်နေနိုင်မလားဆိုတာ ကျွန်တော် စဉ်းစားမိတယ်” လူးကစ်သည် ခေတ္တစကားဖြတ်လိုက်သည်။ ပြီးမှဆက်၍ ပြောပြန် သည်။ “ဟာဗျာ ရွာထဲမှာချမ်းသာသူမျိုးပြုတ်ရေးသာ မလုပ်ဘူးဆိုယင် ခုနေ ကျွန်တော့် အစွမ်းအစမျိုးနဲ့ လူမော်ပေါ့။ ပြီးတော့ ကျွန်တော်တို့ ဘဝဟာ ဒီ့ ထက် လွှတ်လပ်မယ်ဆိုယင် ရွာထဲမှာ မော်တော်ကားတောင် စီးနေနိုင်ပြီဗျာ” ထို နောက်ဆက်၍ ပြောပြန်သည်။ “ဒါပေမယ့် သူတို့ကိုတယောက်ထဲ ဆန့်ကျင်ရမယ့် အလုပ်မျိုးကတော့ ဗိုလ်ကြီးရယ် ကိုယ့်သင်းချိုင်းကိုယ်တူးတာနဲ့ အတူတူဘဲ”

“ဘယ့်နှယ်တယောက်ထဲ ရမှာလဲဗျ”

“ဒါပေမယ့် ဗိုလ်ကြီးရယ် တခြားလူတွေကရော ဘယ်လိုနေမလဲ။ ကျွန်တော် တို့ လုပ်တာကို ထောက်ခံမလား”

“လူတွေဆိုတာ သိုးအုပ်နွားအုပ်တွေပါဗျာ။ သူတို့ကို ခေါင်းဆောင်မယ့်သူ ရှိဖို့လိုတာဘဲ။ ကဲ ဘယ်လိုလဲ။ ခင်ဗျား ဆုံးဖြတ်ပြီးပြီလား”

“ကျွန်တော် ပြောခဲ့သလိုပါဘဲ အလက်ဇင်ဒါးရယ်”

“မဟုတ်ဘူးလေ။ ကျုပ်တိတိကျကျသိချင်တယ်။ အဲဒါသာဆုံးဖြတ်ပေတော့”

“တခြားနည်းလမ်းကလဲ မရှိဘူးမဟုတ်လား ဗိုလ်ကြီး။ ဒီတော့ တခုခုတော့ လုပ်ဖို့ဆုံးဖြတ်ရမှာဘဲ။ အချိန်နည်းနည်းလေးတော့ ပေးပါလား။ နက်ဖြန်မနက်ပေါ့ ခင်ဗျာ။ မနက်ခင်းဆိုယင် ကျွန်တော့်သဘောထား သိရပါစေ့မယ်”

“ပြီးတော့လဲ တခြား ခင်ဗျားယုံကြည်ရတဲ့လူတွေ ဆွဲဘိုလိုသေးတယ်ဗျ။ အခု သူတို့လုပ်နေကြတဲ့ ဆိုဗီယက်အဖွဲ့ကို အာဃာတရှိကဲ့ လူမျိုးပေါ့ဗျာ” ပေါလေ့ဆက် သည် ဆွေးနွေးသည့်သဘောမှ အမိန့်ပေးသည့်သဘောသို့ ရောက်လာအောင် ပြောဆို နေသည်။

“မကျေနပ်တာတော့ ထယ်သူမှ မကျေနပ်ဘူး ဗိုလ်ကြီး။ အားလုံး အာဃာတ အပြည့်နဲ့ချည်းဘဲ”

“ခင်ဗျားသားကကော”

“အဖေ့သားဘဲ ဗိုလ်ကြီးရယ်။ ကျွန်တော်ဖြူယင် သူဖြူမှာဘဲ။ ကျွန်တော် မဲယင် သူမဲမှာဘဲ”

“ခင်ဗျားသားက ဘယ်လိုလူငယ်လဲဗျ။ ယုံရပါ့မလား”

“ကော့ဆက်မြင်းစီးသူရဲကောင်း တယောက်ပါခင်ဗျာ” လူးကစ်သည် သား အတွက် ဂုဏ်တက်သည့်လေဖြင့် ပြောသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ညွှဲသည်အတွက် အကောင်းဆုံးအခန်းတွင် အိပ်ရာပြင်၍ပေးသည်။ ညွှဲသည် တော်ကြီးသည် ဖိနပ်ကိုသာချွတ်၍ အိပ်ရာသို့ဝင်သည်။ အဝတ်ကိုကားမလဲတော့။ နူးညံ့သည့်ခေါင်းအုံးထက် ခေါင်းချလိုက်လျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

အရုဏ်မတက်မီ ယာကွတ်သည် အခန်းငယ်ကလေးတခုတွင်အိပ်နေသည့်ရှစ်ဆယ်အရွယ် သူ့အမေအိုကြီးကို အိပ်ရာမှနှိုးလေသည်။ ထိုနောက် သူ၏ တပ်မှူးဟောင်းရောက်လာသည့်အကြောင်းစုံပြောသည်။ အဖွားအိုသည် တုန်တုန်ချိချိ နားထောင်သည်။

"ကျွန်တော့်အတွက် အမေ့သဘောပြောပါ။ ဆုမွန်ကောင်းလဲတောင်းပါ အမေ" ယာကွတ်သည် အမေအို၏ခြေရင်း၌ ဦးခိုက်ထားသည်။

"ငါ့သား။ မင်းဆိုးမင်းညစ်လက်က လွတ်အောင်သာ ပုန်ကန်ပေတော့။ ဘုရားသခင်က မင်းတို့ကိုကြည့်မနေပေဘူး။ မင်းဆိုးမင်းညစ်က ဘုရားရှိခိုးကျောင်းတွေ ပိတ်ပြစ်ပြီမဟုတ်လား။ ဘုန်းတော်ကြီးတွေလဲ ဘုရားကျောင်းမှာ မနေရတော့ဘူး။ ပုန်ကန်တာဟာ အကောင်းဆုံးပ ငါ့သား"

မနက်ခင်းတွင် ယာကွတ်လူးကစ်သည် သူ၏ညွှဲသည်ကြီးကို အိပ်ရာမှနှိုး၍ သူ၏ ဆုံးဖြတ်ချက်ကိုပြောလိုက်သည်။

"ဆုံးဖြတ်ပြီးပြီ ဗိုလ်ကြီး။ ပေးစရာရှိတဲ့ အမိန့်ကိုသာ ပေးပေတော့"

ပေါ်လေဘ့ ဆက်သည် အိတ်ကပ်ထဲမှ စာရွက်တခုကို ထုတ်၍ ပေးပြီးနောက် "အဲဒါ ဖတ်ကြည့်။ ပြီးတော့ လက်မှတ်ထိုး" ဟု ပြောသည်။

'ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူ ရှိပါစေ။

'ဒွန်တပ်မဟာ၏ မြင်းစီး သူရဲကောင်းဖြစ်သူ ကျွန်တော်သည် ဒွန်နယ်မြေ လွတ်မြောက်ရေး အတွက် အဖွဲ့ဝင်အဖြစ် အမည်သွင်းပါသည်။ ရုရှားတမျိုးသားလုံး၏ ရန်သူဖြစ်သော၊ ထို့ပြင် ခရစ်ယန် သာသနာတော်၏ ရန်သူဖြစ်သော ကွန်မြူနစ် ဗော်လရှီဗစ်တို့ကို တိုက်ရန်အတွက် စွမ်းအားရှိသမျှ သွေးမြေကျသည်အထိ တိုက်ခိုက်ပါမည်ဟု အဓိဋ္ဌာန် ပြုပါသည်။ အထက်လူကြီး၏ အမိန့်ကို တသဝေမတိမ်း လိုက်နာပါမည်။ ကျွန်တော် ပိုင်ဆိုင်သမျှ ပစ္စည်းအဝဝကို ခရစ်တော်၏ အဖတိုင်းပြည် အတွက် စွန့်လွှတ် လှူဒါန်းပါသည်။'

—၄—

အားလုံးပေါင်း မိန်းမ ယောကျ်ား သုံးဆယ့် နှစ်ယောက်။ ဂရယ်မျချီ ရွာသူရွာသား လယ်သမားများ။ ထိုအထဲတွင် ဆင်းရဲသော လယ်သမားများ၊ တက်ကြွသော လယ်သမားများ ပါဝင်ကြသည်။ အားလုံးသည် ဂရယ်မျချီရွာတွင် တမြေထဲနေ တရေတည်း သောက် သူများ ဖြစ်ကြသည်။ အားလုံးသည် တသွေးတည်း

www.facebook.com/NyisayEbookCreator
www.nyisay.com



တသားတည်းဖြစ်ကြသည်။ ဒါဗီးဒေါ့သည် တရားဟောကောင်းသူ မဟုတ်။ သို့ပြား လည်း သူစကားပြောသည့်အခါ အားလုံးက အာရုံစူးစိုက် နား ထောင်ကြသည်။ သူသည် ပုံပြောကောင်းသူ တယောက် ဖြစ်နေလေသည်။

"ရဲဘော်တို့၊ကျွန်တော်ဟာ လီနင်ဂရက်မြို့တော် ပုတီလော့ စက်ရုံက အလုပ်သမားတယောက် ဖြစ်ပါတယ်။ ကျွန်တော့်ကို ကွန်မြူနစ်ပါတီက ခင်ဗျားတို့ ဒေသကို လွှတ်လိုက်ပါတယ်။ ကျွန်တော်ဟာ အလုပ်သမား လူတန်းစားရဲ့ ကိုယ်စားလှယ် လဲဖြစ်ပါတယ်။ လွှတ်လိုက်တဲ့ အကြောင်းကတော့ ခင်ဗျားတို့ဆီမှာ စုပေါင်းလယ်ယာ ဖြစ်မြောက်အောင် စည်းရုံးဖို့ပါဘဲ။ ခင်ဗျားတို့ ဂုတ်သွေးကိုစုပ်တဲ့ မြေပိုင်ရှင်ကြီးများဖြစ်တဲ့ ကုလတ်တွေကို ချေမှုန်းဖို့ပါဘဲ။ ခင်ဗျားတို့အားလုံးဟာ စုပေါင်းလယ်ယာ အသင်းဝင်ပြီး စည်းရုံးကြရမယ်။ ခင်ဗျားတို့ လယ်မြေ အားလုံး ထွန်ယက်စိုက်ပျိုးတဲ့ လှည်း၊ နွား၊ ထွန်ထယ်အားလုံးကို ပြည်သူပိုင် လုပ်ရမယ်။ ရဲဘော်တို့၊ ဘာ့ကြောင့် စုပေါင်းလယ်ယာမှာ စည်းရုံးကြရမယ်ဆိုတဲ့ အကြောင်း ကျွန်တော် ရှင်းပြမယ်။ အကြောင်းကတော့ ရဲဘော်တို့ ဒီအတိုင်း ဆက်လက် ရပ်တည်နိုင်ဖို့ မဖြစ်နိုင်တော့လို့ဘဲ။ ရဲဘော်တို့ ဆင်းရဲကြပ်တည်းရတာ ဘာ့ကြောင့်လဲ။ ဒုက္ခတွေ့ရတာ ဘာ့ကြောင့်လဲ။ ကုလတ်တွေက ရွှေသီးတဲ့ ကျွန်တော်တို့ မြေကြီးကို အနိုင်ကျင့်နေလို့ဘဲ။ မြေကြီးက သီးတဲ့ ကောက်သီး၊ ကောက်နှံကို ကျွန်တော်တို့ ခင်ဗျားတို့ ခံစားကြရဖို့အတွက် သူတို့ကိုတိုက်ရမယ်။ ရဲဘော်တို့ ကတော့ ထွန်ယက် စိုက်ပျိုး ပေးပါရဲ့။ ဒါပေမယ့် ရဲဘော်တို့မှာ ဝဝလင်လင် မစားရ မသောက်ကြရဘူး။ ကျွန်တော်တို့ ဆိုဗီယက် ပြည်တောင်စုကြီး တခုလုံးဟာ ခင်ဗျားတို့အခု စိုက်ပျိုးတဲ့ သီးနှံနဲ့ မစားလောက်ဘူး။ ဒါကြောင့် သီးထွက်ပိုအောင် စိုက်ပျိုးကြရမယ်။ ဒါပေမယ့် ထွန်ကလေးနဲ့ စိုက်လို့ ဘယ်လို သီးထွက်ပိုနိုင်ပါ့မလဲ။ ထွန်စက်နဲ့ ထွန်မှ သီးထွက်ကောင်းနိုင်မှာပေါ့။ ခင်ဗျားတို့ ဒွန်ဒေသမှာ တတုံးထွန် ဘယ်လောက်ပြီးတယ်ဆိုတာ ကျွန်တော် မသိသေးဘူး"

"မနက်မိုးလင်းက ညနေ နေစုပ်စုပ် ဝင်သည်အထိ ဆိုယင် ဆောင်းရာသီမှာ ကေသုံးဆယ် ထွန်နိုင်ထယ်ခင်ဗျ"

"ကေသုံးဆယ်ဟုတ်လား။ မြေကြီးကလဲ မာတယ်ဆိုပါတော့ဗျာ"

"ဟေး၊ မောင် ဘာတွေပြောနေတာလဲ" မိန်းမတယောက်၏ စူးစူးရှရှအသံ ထွက်လာသည်။"အဲဒီလောက် ထွန်နိုင်ဖို့ နွားကောင်းကောင်း သုံးလေးကောင်ရှိရမယ်။ အဲဒါ ဘယ်မှာရပါ့မလဲ။ကျွန်မတို့ တချို့တလေမှာ နွားတရှဉ်းတလေရှိပါရဲ့။ နံရိုးခေါ်ခေါ်နဲ့ နွားတွေဘဲ။ ချမ်းသာတဲ့သူတွေမှာတော့ လေမိုးမှန်ပါရဲ့။ နတ်သကြားများကလဲ မပါရဲ့"

"ဒါတွေ မပြောပါနဲ့ဗျို့။ ပါးစပ် အာဗတ်နဲ့ ဆို့ထားဖို့ ကောင်းသဗျာ"

"ဟဲ့ နင်ဒါတွေ ဘာနားလည်လို့လဲ။ ငါ့ကိုလာပြီး ဩဇာပေးမနေနဲ့။ နင့်မယားသွားပြီး ဩဇာပေးပါလား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ထွန်စက်နဲ့ထွန်လို့ ဘာလုပ်မှာလဲဗျ"

ဒါဓိုးဒေါ်သည် ဆူဆူညံညံအသံဗလံတို့ငြိမ်သွားရန် ခဏစောင့်နေသည်။ ပြီးမှ ဆက်၍ ပြောပြန်သည်။

"ကျွန်တော်တို့ ပုတီလော့မှာတော့ ထွန်စက်နဲ့ထွန်ကြတာဘဲ။ အလုပ်သမား နှစ်ဆိုင်းလုပ်တယ်။ တနေ့လုံးလုံးထွန်တာ ကေသုံးဆယ်ပျော့ပျော့လေး ပြီးတယ်"

အစည်းအဝေးလူထုသည် ငြိမ်သက်သွားသည်။

"အပါး တယ်ဟုတ်ပါလား" ဟူသော အံ့သြသံမျိုးကိုလည်း ကြားလိုက်ရသည်။

"ဒီလိုမြင်းကောင်းကောင်းမျိုးတော့ထွန်ချင်ပါဗျား"ဟု တယောက်က ပြောကာ လေချွန်လိုက်သည်။

ဒါဓိုးဒေါ်သည် ခြောက်သွေ့နေသော နှုတ်ခမ်းပါးနားကိုလျက်ကာ ဆက်၍ ပြောပြန်သည်။

"ကျွန်တော်တို့စက်ရုံမှာ ရဲဘော်တို့အတွက်ထွန်စက်တွေလုပ်နေတယ်။အင်းရဲတဲ့ လယ်သမားတယောက်အဖို့ ထွန်စက်တလုံးဝယ်ဖို့ မဖြစ်နိုင်ဘူး။ ဒီတော့ ထွန်စက်တလုံး ကိုဆင်းရဲတဲ့လယ်သမားနဲ့ အလယ်အလတ်တန်းစားလယ်သမားတို့ စုပေါင်းပြီးဝယ်နိုင် တာပေါ့။ ပြီးတော့ ထွန်စက်ဆိုတာမျိုးဟာ မြေကွက်ကျဉ်းကျဉ်းလေးမှာ အလကား ဘဲ။ မြေကွက်အကျယ်ကြီးမှ ထွန်လို့ကောင်းတယ်။ဒီတော့ စုပေါင်းလယ်ယာအသင်း ငယ်လေးတွေ ဖွဲ့မယ်ဆိုယင်လဲ အလကားဘဲ။ နွားဂျိုက နို့ညှစ်သလို ဖြစ်မှာဘဲ"

"ဒီထက်ဆိုး ဆိုးမပေါ့ဗျာ"နောက်နားက အသံတသံ ထွက်လာသည်။

"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ကြမလဲ" ဒါဓိုးဒေါ်သည် ဆူညံသံတို့ကို ဂရု မစိုက်နိုင်တော့ဘဲ ဆက်၍ပြောသည်။"ပါတီက စုပေါင်းလယ်ယာ အပြီးအပိုင်ဖွဲ့ဖို့စီမံ ကိန်းရှိတယ်။ ဒါမှဘဲ ခင်ဗျားတို့ဆင်းရဲတွင်းက တက်နိုင်မယ်။ ရဲဘော်ကြီးလီနင်မသေ ခင်ကဘာပြောသွားသလဲ သိကြရဲ့လား။မြေယာနဲ့အသက်မွေးသူများရဲ့လွတ်မြောက် ရေး လမ်းစဟာ စုပေါင်းလယ်ယာဘဲတဲ့။ ဒီလိုမှ မဟုတ်ယင် သူ့လုပ်စာကို ကုလတ်က သွေးစုပ်မှာဘဲတဲ့။ ဒီတော့ ခင်ဗျားတို့ဒီလမ်းကို လိုက်ကြမှဖြစ်မယ်။ ကုလတ်တွေနဲ့ တခြားတိုင်းပြည်ရန်သူတွေကို အပြီးတိုင် စာရင်းရှင်းဖို့ ခင်ဗျားတို့ စုပေါင်းလယ်ယာ အသင်းဝင်တွေကို အလုပ်သမားတွေက ကူညီမယ်။ ကဲ အခုခင်ဗျားတို့ အသင်း အ ကြောင်းပြောကြမယ်။ ခင်ဗျားတို့အသင်းဟာ အသံမမြည်တဲ့ သင်းကြန်အမြောက်ကြီး ဘဲ။ ဒါကြောင့် အားမရှိတာပေါ့။ အဲဒီအသင်းကို စုပေါင်းလယ်ယာ အသင်းဖြစ် အောင်လုပ်ရမယ်။ ခင်ဗျားတို့အသင်းဟာ ကျောချိုးပေါ့။ အဲဒီအသင်းမှာ အခြေ တည်မယ်။ အဲဒီကျောချိုးကို အမှီပြုပြီး အလယ်အလတ်တန်းစားလယ်သမားတွေ ဖွဲ့ဖို့"

"ခဏနေအုံးဗျို့။ ကျွန်တော်ပြောစရာရှိလို့ပါ" တခါက အသင်းဝင်ဖြစ်ခဲ့ ဘူးသူ ဒယွမ်ကာဥရှာကော့က မတ်တတ်ရပ်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟေ့ မပြောခင် အခွင့်တောင်းပါကွ" နာဂူနေ့က အသံမာမာပြောသည်။ သူသည် ဒါဗီးဒေါ်နှင့် ရတ်ဇမျောနေ့တို့၏ ဘေးတွင်ထိုင်နေသည်။

"ကျုပ်ပြောစရာရှိတာ ပြောမှာပေါ့ဗျ။ ခွင့်တောင်းနေရအုံးမှာတဲ့လား"ဟု ဆိုကာ ဒယ္မိကာသည် အစည်းအဝေးလူထုဖက်သို့ နေသားကျအောင်လှည့်၍ရပ်သည်။ "ကျွန်တော်တို့ ဆုံးရှုံးရတာ၊ မအောင်မြင်ရတာ ဘာ့ကြောင့်လဲ။ ဆိုဗီယက်အစိုးရအဖို့ ကျွန်တော်တို့အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေရတာ ဘာ့ကြောင့်တဲ့လဲ။ ခင်ဗျားတို့ မေးယင် အဖြေရှိတယ်။ ဒါဟာ ကျွန်တော်တို့အသင်းရဲ့ ဥက္ကဋ္ဌကြီးဖြစ်တဲ့ အမြတ်ကြီးစား အာကာတ်ရှကာကြောင့်ဘဲ ဖြစ်တယ်"

"ဒါလိမ်တာဟေ့"ဟု ပရိသတ်ထဲက အော်သည်နှင့်အတူ အာကာတ်ရှကာသည် ပရိသတ်အကြား တွန်းကာရှားကာ ရှေ့သို့တက်လာသည်။

"ကျွန်တော်ပြောပါအုံးမယ်။ သက်သေပြပါမယ်"ဒယ္မိကာ၏ မျက်လုံးအစုံသည် ကလယ်ကလယ်ဖြစ်နေသည်။ ထိုနောက် သူသည် စာပွဲကိုလက်သီးဆုပ်ဖြင့် ဖွဖွ ကလေးထုနေသော ရတ်ဇမျောနေ့ကို ဂရုမစိုက်တော့ဘဲ အာကာတ်ရှကာရှိရာဖက် တည့်တည့်ကြည့်၍ ပြောလေသည်။ "ကျွန်တော်တို့ အသင်းပျက်စီးရတာ တခြား မဟုတ်ဘူး။ ခင်ဗျားပစ္စည်းတွေ ဖလှယ်လွှန်းလို့ဘဲ။ ဒါနဲ့မျှား ခင်ဗျားက ကျုပ်ကို လိမ်တယ်တဲ့။ ခင်ဗျား ကျုပ်အကြောင်းသိစေမယ်။ ခင်ဗျား နွားတကောင်နဲ့လဲတဲ့ မော်တော်ဆိုင်ကယ် ဘယ်မလဲ။ ကျုပ်တို့မတိုင်ပင်ဘဲ လဲတာလေ။ ကျုပ်တို့ကြက်ခြံက အင်မတန်ဥတဲ့ကြက်ကိုရော ခင်ဗျား လဲပြစ်တာဘဲမဟုတ်လား"

"ဟေ့ ဟေ့ မင်းလိမ်တာ"အာကာတ်ရှကာက အော်သည်။

"သိုးတွေကိုလဲ စက်သေနတ် တင်တဲ့လှည်းနဲ့ လဲဖို့သွေးဆောင်တာ ခင်ဗျားဘဲ မဟုတ်လား။ ခင်ဗျားက ကုန်သည်ဘဲဗျ။ ကုန်သည်လုပ် လုပ်မှာပေါ့" ဒယ္မိကာ၏ အသံသည် အောင်မြင်သူတို့၏ အသံကဲ့သို့ ဩဇာပါလာသည်။

"အစည်းအဝေးမှာ သတိထားမှပေါ့ဗျ။ ဘယ့်နှယ်ဗျာ တယောက်နဲ့တ ယောက် ကြက်ခေါင်းဆိတ်မခံ ပြောနေလိုက်ကြတာ" အတွင်းရေးမှူး နာဂူနေ့က သတိပေးသည်။ သူ့မျက်နှာသည် နီရဲနေသည်။ မျက်မှောင်ကုတ်ရလွန်းအားကြီးသဖြင့် ထိုမျက်နှာတွင် အရေများသည် ရှုံ့တွနေလေသည်။

အာကာတ်ရှကာသည် စာပွဲဆီသို့ရောက်လာသည်။ "ကျွန်တော်ပြောပါရစေ" စကားပြောရန် ဟန်တပြင်ပြင်လုပ်နေသည်။ မုတ်ဆိတ်မွေးကိုလည်း မနားတမ်း လက်ဖြင့်သပ်နေသည်။ သို့ရာတွင် ဒါဗီးဒေါ်က ခွင့်မပေးသေးဘဲ "ကျွန်တော် ဆုံး အောင်ပြောအုံးမယ်။ ဒီတော့ ရဲဘော်တို့ကို ကျွန်တော်ပြောခဲ့တဲ့အတိုင်းဘဲ စုပေါင်း လယ်ယာသာလျှင် ကျွန်တော်တို့ကို ကယ်တင်"

သူ့စကားမဆုံးမီ တံခါးနားတွင်ထိုင်နေသော ပေဗယ်လုဗစ်ရှကင်က "ကဲ ခင်ဗျား ဝါဒဖြန့်မနေပါနဲ့တော့။ ကျွန်တော်တို့အားလုံး ကိုယ်ရောစိတ်ပါ စုပေါင်း လယ်ယာ အသင်းထဲဝင်ကြမယ်ဗျာ"ဟု ဆိုလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"စုပေါင်းလယ်ယာ လုပ်ငန်းကိုသဘောတူတယ်ဗျို့"

"ကျုပ်တို့စည်းရုံးမိယင် ဘာမဆိုလုပ်နိုင်ရမယ်ဗျာ"

"ဒါပေမယ့် စည်းနဲ့ကမ်းနဲ့လဲ လုပ်ကြမှဗျ"

လုဗစ်ရှကင်သည် တံခါးဝတွင် မားမားကြီးရပ်လိုက်သည်။ သူ့ကိုကြည့်ကာ ပရိသတ်သည် တယောက်တပေါက်ပြောနေရာမှ ငြိမ်သွားသည်။

"ဘာလို့ ဆိုဗီယက်အာဏာအကြောင်းဝါဒ ဖြန့်နေရတာလဲဗျ။စစ်အတွင်းက ဆိုဗီယက်အာဏာရအောင် ကျုပ်တို့ ဒီမှာလုပ်ခဲ့တာဘဲ။ အဲဒီအာဏာတည်တံ့အောင် ကျုပ်တို့ပခုံးနဲ့ ထမ်းထားခဲ့တာဘဲ။ စုပေါင်းလယ်ယာဆိုတာ ဘာလဲလို့ ကျုပ်တို့သိတယ်။ ကျုပ်တို့ဝင်မယ်။ဒါဘဲ။ ကျုပ်တို့ကို ထွန်စက်ပေးပါ"

လုဗစ်ရှကင်သည် လက်ဝါးကို ဖြန့်လိုက်သည်။ "ထွန်စက်ဆိုတာ အလွန်ကောင်းတယ်ဆိုတာဟုတ်ပါတယ်။ဒါပေမယ့် ခင်ဗျားတို့အလုပ်သမားတွေကလုံလောက်အောင် လုပ်မပေးနိုင်ဘူး ဟုတ်တယ်မဟုတ်လား။ ဒီတော့၊ကျုပ်တို့နဲ့ ဆန့်ကျင်ဖက်ဖြစ်ရော။ ကျုပ်တို့မှာ ဘာမှမရှိဘူး။တဖက်ကနွားနဲ့ထွန်၊တဖက်က ကျွတ်မျက်ရည်စကို သိမ်းတာဘဲ ရှိတယ်။ စုပေါင်းလယ်ယာလုပ်ငန်း မစမီကတောင် ကျုပ်တို့ စိုက်ပျိုးသူများကို ဒီအတိုင်းပစ်မထားပါနဲ့ ကူညီပါအုံးလို့ ကလင်နင့်ဆီကို ကျုပ်စာရေးမယ် စိတ်ကူးသေးတယ်။စောစောပိုင်းတုန်းက ကျုပ်တို့ဘဝဟာ အယင်ဘဝဟောင်းနဲ့ ဘာမှမထူးဘူး။ အခွန်အတုတ်ကိုရှောင်လို့မရဘူး။ ပေးရတယ်။ ကိုယ့်ဝမ်းစာကိုတော့ ဖြစ်သလို ရှာကြံစားရတယ်။ ကွန်မြူနစ်ပါတီဆိုတာ ဘာလုပ်ဖို့လဲ။ကျုပ်တို့မှာ အာဏာရှိနေပြီလို့ နားလည်ထားတယ်။ ဒါပေမယ့် ဘာလုပ်နိုင်သလဲ။ ထွန်စရာနွားမရှိယင် ထွန်တုံးကို လက်နဲ့ ဆွဲဖို့ဘဲရှိတယ်။ အယင်ဇာလက်ထက်ကနဲ့ ဘာထူးသလဲ။ မရှိတဲ့လူတွေ ဘာလုပ်ရမလဲ။ ဘုရားရှိခိုးကျောင်းရှေ့သွားပြီး တောင်းစားရမလား။လူချမ်းသာတွေကိုတော့ လယ်မြေသီးစားချခွင့်ပေးတယ်။ လယ်ယာကူလီ ငှားရမ်းထွန်ယက်ခွင့် ပေးတယ်။တော်လှန်ရေးလုပ်တာ သူတို့ကို ဒီအခွင့်အရေးတွေပေးဖို့လား။ ခင်ဗျားတို့က ကျုပ်တို့ တော်လှန်ရေးကို မှေးမှိန်အောင်လုပ်ဘာ။ ကျုပ်တို့က 'ကောင်းပြီ ဒါဖြင့် ဘာ့အတွက် တိုက်ပွဲဝင်ရသလဲ'လို့ မေးတော့ သေနတ်ယမ်းနံ့တောင် မရှူဘူးတဲ့အရာရှိတွေက နှာခေါင်းရှုံ့ကြတယ်။ ပျက်ရယ်ပြုကြတယ်။ သူတို့လေသံက ရုပ်ဖြူတပ်သားတွေရဲ့ ခု လေသံနဲ့ အတူတူဘဲ။ သူတို့နောက်က ရုပ်ဖြူတွေရှိတယ်နဲ့ တူပါရဲ့။ ဒီလိုနည်းနဲ့ ကျုပ်တို့ကို လှည့်လို့မရဘူးမှတ်ပါ။ စကားလုံးလှလှတွေ ကျုပ်တို့ ကြားရပါရဲ့။ ကျုပ်တို့ကို ထွန်စက်ပေးပါ။ ခု ခင်ဗျားပြောနေတဲ့ ထွန်စက်မျိုးပေးပါ။ အကြွေးစနစ်ဘဲဖြစ်ဖြစ် ဂျုံနဲ့ဆပ်သို့ဘဲဖြစ်ဖြစ် ပေးသာပေးပါ။ဒီမှာကြည့်စမ်းပါ။ကျုပ် ဒါကိုဘယ်နှယ်ရခဲ့တယ်ထင်သလဲ" သူသည်စားပွဲပေါ်သို့တက်၍ရပ်ကာအင်္ကျီစကို ဆွဲ၍ လှန်ပြသည်။ သူ့ဝမ်းဗိုက်တွင် အမာရွတ်နှစ်ခုကို ကန့်လန့်တွေ့နိုင်သည်။ "ဒီဒဏ်ရာတွေ ဘယ်လို ရခဲ့တယ် ထင်ကြသလဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အမယ်လေး အရှက်မရှိဘူးလားရှင်။ အင်္ကျီလှန်ပြလိုလှန်ပြနဲ့။ ဘောင်းဘီပါ ချွတ်ပြပါတော့လား"ဒယွမ်ကာ၏ဘေးတွင်ထိုင်နေသည့် မုဆိုးမ အနီရှာက စူးစူးဝါး ဝါး အော်သည်။

"တော်စမ်းအနီရှာ။ အလုပ်သမားရဲဘော်တယောက်ကို ကျုပ်ဗိုက်ကဒဏ်ရာပြ ရတာ ကျုပ်မရှက်ဘူး။ သူမြင်စေချင်တယ်။ ဒီဘဝနဲ့သာ ဆက်နေရမယ်ဆိုယင် အဲဒီ ဒဏ်ရာကို ဖုံးစရာအဝတ်တောင် ရှိမှာမဟုတ်ဘူး"

နောက်ပိုင်းတွင် ဆူညံ စပြုလာသည်။ လုဗစ်ရှကင်သည် တခန်းလုံးကို လွှမ်းခြုံ ကာ ကြည့်လိုက်သည်။

"ကဒက်တွေကို ကျုပ်တိုက်ခဲ့ရတာဟာ သင်းတို့ လူချမ်းသာတွေ ပိုပြီး ချမ်း တောင့်ချမ်းသာနေနိုင်ဖို့ တိုက်ပေးရသလိုဘဲဗျာ။ သူတို့ဘဲ ဆီဦးထောပတ်စားရတယ်။ ကျုပ်တို့မှာ ပေါင်မုန့်နဲ့ ကြက်သွန်ဘဲ ကိုက်နေကြရတယ်။ ကျုပ်ပြောတာ မဟုတ်ဘူး လား ရဲဘော်အလုပ်သမားကြီးခင်ဗျား။ ကျုပ်ကို မျက်စောင်းမထိုးပါနဲ့ မဒကာ ရယ်။ ကျုပ်လိုလူက ပြောချင်တဲ့စကားကို တနှစ်မှ တခါဘဲ စကားပြောရတဲ့လူပါ"

"ပြောပါပြောပါ" ဒါ့ဗီးဒေါ့က ခေါင်းညိတ်၍ အခွင့်ပေးသည်။

"ဒါနဲ့ ဆက်ပြောရအုံးမယ်။ ဒီနှစ် ကျုပ်ဂျုံစိုက်တယ်။ ခုနစ်ဧကဘဲ စိုက်တယ်။ ကျုပ်မှာ ကလေးက သုံးယောက်၊ ပြီးတော့ လူမမာမိန်းမရှိတယ်။ မစွမ်းမသန်ဖြစ်နေတဲ့ နွားမတယောက်ကလဲ ရှိသေးတယ်။ အဲဒါ သီးထွက်ပြည့်စုံပါ့မလား ရတ်ဇမျော့နော့။ ခင်ဗျား ဘယ်လို ထင်သလဲ"

"ပြည့်စုံပါတယ်။ ခင်ဗျား ဒီလိုမပြောပါနဲ့"

"ပြောရမယ်ဗျ။ ဟောဟိုက ကုလတ်ဖရော်တို့ကျတော့"

"ဘာဖြစ်သလဲ" နာဂူနော့က မေးလိုက်သည်။

"ဖရော်ဟာ သူ့ပေးရမယ့် သီးထွက်ကို အပ်ရဲ့လား။ သူမအပ်ဘူး။ ဟုတ်တယ်၊ မအပ်ဘူး"

"ဒါပေမယ့် သူ့ကို ခုံရုံးမှာအပြစ်ပေးတယ်။ ဒဏ်ရိုက်တယ်။ သူ့သီးနှံတွေကိုလဲ သိမ်းလိုက်တယ်" ရတ်ဇမျော့နော့သည် လုဗစ်ရှကင်၏ စကားကို ကြားရသည်တွင် ဖရဏာပီတိ ဂွမ်းဆီထိဖြစ်သွားကာ ဝင်၍ထောက်လိုက်သည်။

'မောင်မင်းကြီးသားဒရွတ်ဆွဲကြီး ဒီနေရာမှာ ရှိနေဖို့ကောင်းတယ်' ဒါ့ဗီးဒေါ့ သည် ပြောဆိုနေကြသည့် စကားတို့ကို ကြားရသည်တွင် ခရိုင်ကော်မတီအတွင်းရေးမှူး ကို သတိရလာသည်။

"ဒီနှစ်တော့ ကျုပ်တို့ လယ်ထဲဆင်းလာပြီး လယ်ငှားချရအောင်လာယင် သူ့ ကို ကန်တော့လွှတ်ရဖို့ဘဲရှိတယ်" လုဗစ်ရှကင်သည် ဦးထုပ်နက်ကြီးကိုချွတ်ကာ ဒါ့ဗီး ဒေါ့၏ ခြေထောက်အစုံသို့ ဦးခိုက်ဟန်ပြုသည်။ "ဒီတော့ ကျုပ်တို့ကို စုပေါင်းလယ် ယာ အကြောင်းတော့ ပြောမနေပါနဲ့။ ကုလတ်တွေကိုသာ ခြေထောက်ရိုက်ချိုး လိုက်ပါ။ ကျုပ်တို့စုပေါင်းလယ်ယာကို ဝင်ပါ့မယ်။ ပြီးတော့ သူ့ထွန်စက်ကို ကျုပ်

www.facebook.com/NyisayEbookCreator
www.nyisay.com



တို့ပေး။ သူ့နွားတွေကို ကျုပ်တို့ပေး။ သူ့အာဏာကို ကျုပ်တို့ပေး။ဒါမှသာ တန်းတူ နိုင်တော့မပေါ့။ ညီတူမျှတူ ဖြစ်နိုင်တော့မပေါ့။ခုတော့ ကုလတ်တွေကို ချေမှုန်းရမယ် ဆိုတဲ့အသံကိုတော့ နှစ်တိုင်းကြားနေရပါရဲ့။ ကုလတ်တွေကတော့ တနေ့တခြား ဗေဒါပင်တွေလို ပွားသထက် ပွားပွားလာတော့တယ်"

"ဟုတ်တယ်။ ကျုပ်တို့ကို ဖရော်ပိုင်တဲ့ပစ္စည်းတွေပေးပါ။ အာကတ်ရှုကာက လေယာဉ်ပျံနဲ့ လဲပေးပါလိမ့်မယ်" ဒယ္ဒမ်ကာက ဖောက်လိုက်သည်။

အားလုံး ရယ်ကြလေသည်။

"သူကတော့ လဲမှာဘဲဗျ"

"အဲဒါပုဂ္ဂလိကဥ္စာန် ပြောတာဘဲဗျ"

"တိတ်ကြပါဗျို့။ မကြားရဘူး"

"ငြိမ်ကြဟေ့"

ဒါမီးဇဒါ့သည် ပရိသတ်ကို အနိုင်နိုင်ထိန်းယူရသည်။ထိုနောက်စကားပြောလေသည်။

"ဒါဟာ ကျွန်တော့်ပါတီရဲ့လမ်းစဉ်ဘဲ။ခင်ဗျားတို့က ဟနေပါပြီဆိုတဲ့တံခါးကို လာခေါက်ပြီး အဖွင့်ခိုင်းနေတာကိုးဗျ။ ကုလတ်တွေကို လူဘန်းစားတရပ် အနေနဲ့ ချေမှုန်းဖျက်ဆီးရမယ်။ သူပိုင်ဆိုင်တဲ့ပစ္စည်းမှန်သမျှကို သိမ်းဆိုက်ပြီး ၊စုပေါင်းလယ်ယာ လက်ကို အပ်ရမယ်။ဒါဟာ အမှန်ဘဲ။ ဒီတော့ ရဲဘော်ပါတီဝင်ကြီး၊ ခင်ဗျားရဲ့ ဦးထုပ်ကို စာပွဲအောက်ပစ်ပြီး ကန်တော့နေစရာလဲ မလိုတော့ပါဘူး။ ခင်ဗျားမှာ ဆောင်းစရာ မရှိဖြစ်နေပါ့မယ်။ ဒီကရှေ့ရှောက်ပြီး သီးစားချတာတို့ လယ်ကူလီငှားတာတို့လဲ ရှိတော့မယ် မဟုတ်ပါဘူး။ကုလတ်တွေရဲ့ သီးနှံကိုသိမ်းဖို့ပါဘဲ။စုပေါင်းလယ်ယာက ပေးနိုင်တဲ့သီးထွက်ထက် သူတို့က ပိုပြီးပေးနိုင်ပါတယ်။ ဒါပေမယ့်တခြားနည်းလမ်းတခုကလဲ ရှိသေးတယ်။ ရဲဘော်ကြီး စတာလင်က ပြောခဲ့ဘယ်။ ကုလတ်တွေကို ချေမှုန်းပစ်ရမယ်။ သူ့ပစ္စည်းတွေကိုစုပေါင်းလယ်ယာလက်အပ်ရမယ်။ ခင်ဗျားတို့က ထွန်စက်တွေအကြောင်းဘဲ ပြောနေတယ်၊ ကောင်းပြီ အခု စုပေါင်းလယ်ယာအဖို့ ရူဗယ် ငါးသန်း ရထားထားတယ်။ကဲ ဘယ်သူ့အားကိုးစရာလိုသေးသလဲ။ခင်ဗျားတို့ ဒီသတင်းကို ကြားကြရဲ့လား။ဘာများ ပူစရာ ရှိသေးသလဲ။ အရေးအကြီးဆုံးက စုပေါင်းလယ်ယာကို ပထမဆုံး ဖြစ်မြောက်အောင် တည်ဆောက်ဖို့ဘဲခင်ဗျ။ ပြီးမှ ထွန်စက်အတွက် ပူဘာပေါ့ခင်ဗျာ။ ခုတော့ ဆင်မဝယ်ခင်က ချွန်းဖိုးအတွက် ပူနေလိုက်ကြဘာ။ ဘာရီတာလဲဗျ။ဒါအမှန်ဘဲဟာ"

"ဘယ့်နှယ်လဲဗျို့ လုဗစ်ရှကင်"

"ဟုတ်သဟေ့ ဟုတ်သဟေ့"

"ဒါပေမယ့် ကျုပ်တို့ကတော့ စုပေါင်းလယ်ယာအတွက် စိတ်ရောကိုယ်ရော ထောက်ခံပါသဗျ"

"သူ့မှာ ချွန်းဖိုးမှရှိရဲ့လားကွ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဲ ခင်ဗျားတို့သဘောတူမယ်ဆိုယင် ခုညဘဲ စကြမယ်'

"စလေ။ ကျုပ်တို့ နာမယ်တွေ ခုဘဲစာရင်းသွင်းလိုက်တော့ဗျာ"

"ကုလတ်တွေ ချေမှုန်းဖို့ ဆိုသဟာက အရေးကြီးသဗျ။ ရှေကသာ ခေါင်းဆောင်ပေတော့ဗျို"

"ကဲ ကဲ စုပေါင်းလယ်ယာကို ဘယ်သူဝင်ကြမလဲ။ ဝင်ချင်တဲ့သူ လက်ထောင်ဗျို" နာဂူနေ့က စတင် အဆိုပြုလေသည်။

ဆန္ဒမဲပေးသည့် လက်တို့ကို ရေတွက်သည့်အခါ သုံးဆဲ့ခြောက် ရလေသည်။ တစုံတယောက်သည် အယောင်ယောင် အမှားမှားဖြစ်ကာ လက်နှစ်ချောင်းထောင်ဟန်တူသည်။

အထဲတွင် လူနံ့ကြောင့် မွန်းကြပ်လာသည်နှင့်ဒါဗီးဒေါ်သည် သူ၏ကုတ်အင်္ကျီကြီးကို ချွတ်လိုက်ရသည်။ ထို့နောက် အင်္ကျီကော်လာက ကြယ်စေ့ကိုလည်း ဖြုတ်လိုက်ပြီးလျှင် ပြုံးပြုံးရွှင်ရွှင်ပင် စိတ်အားထက်သန်လျက်ရှိကြသော လယ်သမားကြီးတို့ကို စောင့်ကြည့်နေလေသည်။

"ခင်ဗျားတို့မှာ နိုင်ငံရေးအရ နိုးကြားမှုရှိတယ်။ နိုင်ငံရေးအသိရှိတဲ့ လူတန်းစားလို့ ဆိုရမယ်။ ဒါပေမယ့် စုပေါင်းလယ်ယာကို ဝင်ရုံနဲ့ ကိစ္စပြီးရောလားလို့ မေးစရာရှိတယ်။ ဒါနဲ့ မလုံလောက်သေးဘူး။ ခင်ဗျားတို့ဟာ ဆင်းရဲတဲ့လူတန်းစား၊ ဆိုဗီယက်အာဏာဟာ ခင်ဗျားတို့အပေါ် လုံးလုံးလျားလျားတည်နေတယ်။ ဒီတော့ စုပေါင်းလယ်ယာဝင်ရုံနဲ့ မပြီးဘူး။ တွေဝေနေတဲ့ အလယ်အလတ်တန်းစား လယ်သမားတွေကိုလဲ ခင်ဗျားတို့က သိမ်းသွင်းဘို့လိုသေးတယ်"

"သူတို့မဝင်ချင်ဘဲနဲ့ ဘယ်နှယ့်လုပ်ပြီး သိမ်းသွင်းလို့ရမှာလဲဗျ။ ထိန်းလို့ ကျောင်းလို့ ရတဲ့ နွားတွေမှမဟုတ်ဘဲ" အာကတ်ရှကာက မေးသည်။

"သူတို့ကို သဘောပေါက်အောင် ပြောကြစမ်းပါဗျာ။ သူမျာကို ပါအောင်မသိမ်းသွင်းနိုင်ယင် ဘယ်နှယ့်လုပ်ပြီး ခင်ဗျားဟာ ကျုပ်တို့အကျိုးအတွက် တိုက်ခိုက်မယ့် တပ်သားကောင်းတယောက် ဖြစ်နိုင်ပါမလဲ။ နက်ဖြန် အစည်းအဝေးရှိမယ်။ ခင်ဗျားကိုယ်တိုင် မဲဆန္ဒပေးပေါ့။ ပြီးတော့ ခင်ဗျားအိမ်နားက လယ်ရှင်ကလေးကိုလဲ ပါဝင်အောင် ပြောပေါ့။ ကဲ အခု ကုလတ်တွေအကြောင်း ဆက်မယ်။ ကုလတ်တွေကိုတော့ ကေးဆပ်မြောက်ပိုင်းက ထွက်သွားရမယ်ဆိုတဲ့ နယ်နှင်ဒဏ်ခတ်မလား။ ဒါမှမဟုတ် ဘယ်လို အဆိုတင်မလဲ"

"သဘောတူပါတယ်ဗျို"

"ကျူပင်ခုတ် ကျူငုတ်ပါမကျန်စေနဲ့ဗျာ"

"ကျွန်တော်ဆိုယင် အငုတ်ကပါမကျန်အောင် ခုတ်မှာဘဲ"ဟု ဒါဗီးဒေါ်က ထောက်ခံသည်။ ထို့နောက် ရတ်ဇမျော့နော့ဖက်သို့လှည့်ကာ "ကုလတ်တွေ စာရင်းဖတ်စမ်းဗျ။ သူတို့ကိုစွတာခါထဲ ဆွေးနွေးလိုက်မယ်"ဟု ဆိုလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အန်ဒရေးသည် ဖိုင်တွဲတခုမှ စာရွက်တခုကိုဆွဲထုတ်ကာ ဒါမီးဒေါ် လက်သို့ ကမ်းလိုက်သည်။

"ဖရော်ဒမတ်စကော့။ သူ့ကိုပစ္စည်းမဲ့ရုံးတော်က အပြစ်ပေးထိုက်သလား"

လက်များ အလျှိလျှိထောင်ကြသည်။ သို့ရာတွင် လက်ချောင်းတို့ကို ရေလိုက်သောအခါ ဆန္ဒမဲတခုလိုနေသည်ကို ဒါမီးဒေါ်တွေ့ရသည်။

"ခင်ဗျား သဘောမတူဘူးလား။ ဘယ့်နှယ်လဲ" ချွေးစို့နေသော ဒါမီးဒေါ်၏ မျက်ခုံးမွေးအစုံသည် နဖူးရေဆွဲရာ အထက်သို့ပါသွားသည်။

"ကျွန်တော် မဲမပေးဘူး" ကုတ်ချောင်းချောင်း ကော့ဆက် တယောက်က ခပ်ဆတ်ဆတ်ဖြေသည်။

"ဘာကြောင့်လဲ"

"ဖရော်ဟာ ကျွန်တော့်အိမ်နီးချင်းဗျ။ ကျုပ်အပေါ် သိပ်ကောင်းတာဘဲ။ ဒါကြောင့် သူ့ကို အတိုက်အခံမလုပ်ချင်ဘူး"

"အစည်းအဝေးက ချက်ချင်းထွက်သွားပေ့" နာဂူနော့၏ အသံသည် တုန်နေသည်။ အက်သံကွဲသံလည်းပါနေသည်။

"မဟုတ်သေးဘူးလေဗျာ။ ဒီလိုဘယ်ဖြစ်မလဲဗျ၊ ရဲဘော်နာဂူနော့ရဲ့" ဒါမီးဒေါ်က ကြားဝင်သည်။ "မသွားနဲ့ဦး။ ထွက်မသွားနဲ့။ဆိုစမ်းပါအုံး ခင်ဗျားရဲ့ သဘောကို။ ခင်ဗျားစိတ်ထဲမှာ ဒမတ်စကော့ကို ကုလတ်လို့ထင်ရဲ့လား"

"ကျွန်တော် ဒါတွေနားမလည်ဘူး။ ကျွန်တော်ဘာမှ သိတာ မဟုတ်ဘူးဗျ။ အစည်းအဝေးကထွက်သွားဆိုလဲ ထွက်သွားဖို့ဘဲ"

"မဟုတ်သေးဘူးလေ။ ကဲ ကဲ ခင်ဗျားအကျိုး ဘာတွေလုပ်ပေးသလဲဆိုတာ ပြောစမ်းပါအုံး"

"သူက ကျွန်တော့်ကို အမြဲကူညီတာချည်းဘဲ။ နွားငှားတယ်။ မျိုးပေးတယ်။ အားလုံးပါဘဲဗျာ။ ဒါပေမယ့် ကျွန်တော်ဟာ အစိုးရကိုမဆန့်ကျင်ပါဘူး။ အစိုးရကို ထောက်ခံပါတယ်"

"ခင်ဗျားကို သူ့အတွက် ဆန္ဒမဲပေးဘို့ခိုင်းသလား။ ခင်ဗျားကို လတ်ထိုးသလား။ ပြောလေဗျာ။ ကြောက်စရာမရှိပါဘူး" ရတ်ဇမျော့နော့က ဝင်ရှဲပြောသည်။

"သူကဘာပေးမယ်လို့ပြောသလဲ" ထိုသို့မေးရင်းက ရတ်ဇမျော့နော့သည် မလုံမလဲ ဖြစ်လာသည်။ သူ့အမေးနည်းမကျမှန်းသိကာ ပြုံးဖြည်းဖြည်းရယ်လေသည်။

"ဘာမှပေးမယ်မပြောပါဘူးဗျာ။ ဒါတွေ ခင်ဗျားဘယ်လိုသိသလဲ"

"ခင်ဗျားလိမ်တယ်။ ခင်ဗျားကိုသူက စေစားနေပြီ။ခင်ဗျားကို ခင်ဗျားရောင်းစားတာဘဲ တိမိုဖေး။ ကုလတ်ရဲ့သွေးစုပ်တာကို ခင်ဗျားခံနေရပြီ" နောက်တန်းက တယောက်က အော်၍ပြောသည်။

"ကျုပ်ကို ခေါ်ချင်သလိုခေါ်ဗျာ။ ပြောချင်သလိုပြောဗျာ။ ဒါခင်ဗျားတို့ အလုပ်ဘဲဟာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဗီးဒေါ့သည် လူတယောက်ကို ဓားနှင့်ထိုးတော့မည့်ဟန်မျိုးဖြင့် မျက်နှာကို စေ့စေ့ကြည့်ကာ "ခင်ဗျား ဆိုဗီယက်အာဏာကို ထောက်ခံသလား။ ကုလတ်ကို ထောက်ခံသလား။ ဆင်းရဲသားလူတန်းစားရဲ့ မျက်နှာကို အိုးမဲမသုတ်ပါနဲ့ဗျာ။ ခင်ဗျား လမ်းစဉ်ကိုသာ ရဲရဲဝံ့ဝံ့တင်ပြလိုက်ပါ" ဟု ပြောလေသည်။

"သူ့ကို အချိန်ကုန်ခံပြီး မေးမနေပါနဲ့ဗျာ"လုဗစ်ရှကင်က ဖြတ်၍ပြောပြန်သည်။ "ဟေး တီမိုဖေး။ ခင်ဗျားလိုလူမျိုးဟာလေ ဗော့ဒကာ တပုလင်းနဲ့ ဝယ်ယင် တောင်ရနိုင်တယ်။ ခင်ဗျားကိုကြည့်ရတာ အော့နှလုံးနာလှသဗျ"

နောက်ဆုံးတွင် တီမိုဖေးသည် အော်ကြို့၍ ပြောလေသည်။ "ကျွန်တော် အစိုးရကိုထောက်ခံပါတယ်။ ဒါကိုမေးစရာမလိုပါဘူး။ ကျွန်တော်မသိနားမလည်လို့ ဖြစ်ရတာပါ"သို့သော် ဒုတိယအကြိမ် မဲခွဲသောအခါ တီမိုဖေးသည် လက်မထောင်ချင် ထောင်ချင်ဖြင့် ဆန္ဒမဲပေးလေသည်။

'တီမိုဖေး ဗော့ရှချော့သည် ရန်သူလူတန်းစား၏ မှိုင်းမိခံနေရသည်။ သူ့ကို စည်းရုံးရဦးမည်' ဒါဗီးဒေါ့သည် သူ့စာအုပ်တွင် ဤသို့အတိုကောက်မှတ်ချက်ရေးချ လိုက်သည်။

ထိုနောက် အစည်းအဝေးက ကန့်ကွက်သူမရှိ နောက်ထပ် ကုလတ် လေးအိမ် ထောင်ကို စာရင်းသွင်းလိုက်သည်။

သို့ရာတွင်"တစ် ဗိုရှိဒင်"ဟု ဒါဗီးဒေါ့ဖတ်လိုက်ပြီးနောက် "ကဲ ဆန္ဒမဲ ပေးကြ ပါ"ဟု ဆိုသည့်အခါတွင် အစည်းအဝေးတခုလုံး နှုတ်ဆိတ် နေကြလေသည်။ နာဂူ နော့နှင့် ရတ်ဇမျော့နော့တို့သည် အချင်းချင်းကြောင်၍ ကြည့်နေကြသည်။ လုဗစ်ရှ ကင်သည်လည်း နဖူးကို ဦးထုပ်ဖြင့် အုပ်ထားလိုက်သည်။

"ဘာဖြစ်လို့ ငြိမ်နေကြသလဲ။ ဒါကဘာဖြစ်တာလဲ" ဒါဗီးဒေါ့သည်လူထုကို ကြည့်သည်။ အားလုံး ခေါင်းငုံ့နေကြသဖြင့် အဖြေမရရှိသည့်အခါ နာဂူနော့ဖက် သို့ လှည့်လိုက်သည်။

"ဒီကိစ္စမှာ ဒီလိုရှိတယ်ဗျာ" နာဂူနော့က မပွင့်တပွင့်အစီရင်ခံသည်။ "သူ့ ကို ကျွန်တော်တို့ရွာက တစ်ကော့လို့လဲ ခေါ်ကြတယ်။ ၁၉၁၈. မှာ တပ်နီတော် ကို ဝင်တယ်။ သူ့မိဘများဟာ ဆင်းရဲသားပါဘဲ။ တပ်ထဲမှ ရှိန်ရှိန်ချွန်ချွန် တိုက် တယ်။တိုက်ပွဲတခုမှာ ဒဏ်ရာရတယ်။ သူ့တိုက်ရည်ခိုက်ရည်ကြောင့် တော်လှန်ရေး မော်ကွန်းဝင် သူရဲကောင်းအဖြစ် ငွေနာရီတလုံး ဆုရခဲ့တယ်။ သူ့ကို အားလုံးက ချစ်ကြတယ်။ ဒါပေမယ့် သူ့အပြုအမူကြောင့် ကျွန်တော်တို့ စိတ်မချမ်းမသာဖြစ်ကြရ တယ်။တပ်ထဲကထွက်ပြီးအိမ်ပြန်ရောက်တော့ လယ်ထဲယာထဲဆင်းပြီး အလုပ်လုပ်တော့ တာဘဲ။လုပ်သမှ ကျွဲရုန်းနွားရုန်းကုန်းရုန်းပြီးလုပ်တယ်။ ကျွန်တော်တို့သတိပေးကြပါ ရဲ့။ ဒါပေမယ့် မရဘူး။ သူဟာ သိပ်ချမ်းသာချင်နေတယ်။ နေ့ရောညရော အလုပ်လုပ် တယ်။နွေမိုးဆောင်းမရွေးဘူးလုပ်တယ်။ လူကတော့ နုံးကျသွားတယ်။ဒါနဲ့ လယ်ကူလီ ငှားပြီးလုပ်ပြန်တယ်။ တဖြည်းဖြည်းစုမိဆောင်းမိဖြစ်လာပြီးလေရဟတ်စက်တခုပိုင်တဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com



အထိအခြေကြီးလာတယ်။ နောက်တော့ မြင်းငါးကောင်အားရှိတဲ့ စက်ကလေးတလုံး ဝယ်ပြီးဆိုကြိတ်တယ်။ နောက်ပြီးတော့ ကျွန်သွားအရောင်းအဝယ်လုပ်တယ်။ သူ့ဗိုက်လဲ သူမသဒ္ဒါဘူး။ အလုပ်သမားတွေလဲ ပိုက်ဆံကောင်းကောင်းမပေးတော့ဘူး။ အလုပ်သမားတွေမှာတော့ အလုပ်ကြမ်းလုပ်ကြရတယ်။ သူ့ကိုပါတီတခုဆီခေါ်တွေ့တယ်။ ဆိုဗီယက်ရုံးကိုခေါ်တွေ့တယ်။ သူ့ရှက်အောင် နာအောင်ပြောတယ်။ ဒီဆိုဗီယက်အာဏာနဲ့ဆန့်ကျင်အောင်မလုပ်ပါနဲ့။ မင်းကရွေ့မှာကုဆီးကာဆီးဖြစ်နေတယ်။ အဲဒီလိုပြောတာဘဲ" နာဂူနော့သည် လက်ကိုရှေ့သို့ ဆန့်တန်းကာပြောယင်းပြောယင်း စိတ်ပါလှုပ်ပါဖြစ်လာသည်။ "မတတ်နိုင်တော့ဘူးခင်ဗျာ။ သူ့မှာချမ်းသာချင်စိတ်အားကြီးလာတော့ ဒုက္ခဖြစ်လာတာဘဲ။ လောဘရမ္မက်ကို မထိန်းနိုင်တော့ဘူး။ ရမ္မက်ကျွန်ဖြစ်လာတယ်။ ကျွန်တော်တို့လဲ အယင်တုန်းက အတူတိုက်ပွဲဝင်ခဲ့တာတွေ ပြန်ပြောင်းပြောပြတယ်။ ဆင်းရဲအတူ ချမ်းသာအမျှ ဝေခွဲခံခဲ့ကြပုံတွေ ပြောပြတယ်။ ပြီးတော့ သူ့ကိုအချိန်မရတော့ အကြမ်းကိုင်ပြီး ခြိမ်းခြောက်သေးတယ်။ မနေရှင်ပေါက်စဖြစ်လာယင်တော့ ချေမှုန်းရမှာဘဲလို့လဲပြောသေးတယ်"

"တိုတိုပြောပါဗျာ" ဒါဇီးဒေါ့သည် နားထောင်၍ ငြီးငွေ့ကာ စိတ်မရှည်ဖြစ်လာသည်။"

ထိုအခါ နာဂူနော့အသံသည် ပို၍တုန်လာသည်။ သို့သော် ငြင်ငြင်သာသာ ဆက်၍ပြောသည်။

"တိုတိုပြောလို့ မဖြစ်နိုင်ပါဘူးခင်ဗျာ။ ပြောရတာလဲ အလွန်နာကြည်းပါတယ်။ တစ်ကော့က ကျွန်တော်တို့ကို ဘယ်လိုပြန်ပြောတယ်ထင်သလဲ။ ကျုပ် ဆိုဗီယက်အစိုးရရဲ့အလိုဆန္ဒကိုဖြည့်နေတာတဲ့။ စိုက်ပျိုးတဲ့ကေပိုပြီး များလာအောင် လုပ်နေတာတဲ့။ ပြီးတော့ ကျုပ်လယ်မှာ အလုပ်သမားငှားတာဟာလဲ တရားဥပဒေနဲ့ ညီညွတ်တယ်တဲ့။ ကျုပ်မှာ လူမမာ မယားရှိနေတယ်။ ဒီတော့လူငှားပြီးစိုက်ရမှာဘဲ။ အစတုန်းက ကျုပ်ဟာ ဘာကောင်မှမဟုတ်ဘူးတဲ့။ ခုတော့ ကျုပ်ဟာလိုတာရတဲ့အခြေရောက်နေပြီ။ ဒါကြောင့် ကျုပ်တိုက်ပွဲဝင်ခဲ့တာဘဲ။ ပြီးတော့ ဆိုဗီယက်အာဏာဆိုတာဟာလဲခင်ဗျားတို့ဆီမှာတကယ်ရှိတာမဟုတ်ဘူး။ ကျုပ်လက်နဲ့ကျုပ်ထွန်ယက်စိုက်ပျိုးတယ်။ ခင်ဗျားတို့ကတော့ စာရွက်ကလေးနဲ့ အလုပ်ရှုပ်နေကြတဲ့လူတွေဘဲ။ ခင်ဗျားတို့ကို ကျုပ်ဂရုမစိုက်ဘူးတဲ့။ ကျွန်တော်တို့က ပြီးခဲ့တဲ့စစ်ကြီးအကြောင်း ပြောတယ်။ အတူတိုက်ပွဲဝင်ခဲ့ကြတာတွေကိုပြန်ပြောင်းပြီးဇာတ်ကြောင်းလှန်တယ်။ အဲဒီအခါမျိုးမှာသူထိခိုက်ဟန်တူပါတယ်။ မျက်ရည်တဝဲဝဲနဲ့နားထောင်ရှာတယ်။ ဒါပေမယ့်ခေါင်းမာတဲ့နေရာမှာတော့နစ်ယောက်မရှိဘူး။ 'အတိတ်ကိုမေ့လိုက်ပါတော့ဗျာ' လို့ သူပြန်ပြောလေ့ရှိတယ်။ ဒါနဲ့သူ့ကို မဲဆန္ဒပေးခွင့်ရုပ်သိမ်းလိုက်တယ်။ ဒါပေမယ့် သူကလဲ သူ့နည်းနဲ့သူ ကျွန်တော်တို့ကိုစမ်းတယ်။ လှည့်တယ်။ တိုင်းကိုစာရေးတယ်။ မော်စကိုမြို့ကို စာရေးတယ်။ အဲဒီကဇဟိုကော်မတီတွေမှာလဲ တော်လှန်ရေးသမားဟောင်းကြီးတွေ ပါလိမ့်မယ်ထင်ပါတယ်။ ရဲဘော်တယောက်ဟာ သစ္စာဖောက်ပြီ ဆိုယင်တော့ ရန်သူအဖြစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



သတ်မှတ်ရမှာဘဲ။ သူ့ကို ညှာလို့ မဖြစ်ဘူးဆိုတာ သူတို့ နားလည်ကြလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

"ကဲဗျာ တိုတိုဘဲပြောစမ်းပါ"

"ပြီးခါနီးပါပြီဗျာ။ဒါပေမယ့် သူ့အခြေအနေဟာ မပြောင်းလဲပါဘူး။အလုပ်သမားတွေကိုတော့ လုပ်ခပေးပြီးထုတ်လိုက်တယ်။ ဒါပေမယ့်"

"အဲ အဲ အဲဒါ ကျုပ်တို့ပြဿနာပေါ့ဗျ" ဒါဗီးဒေါ့သည် နာဂူနေ့ မျက်နှာကို တည့်တည့်ကြည့်၍ ပြောသည်။ သို့ရာတွင် နာဂူနေ့က မျက်လွှာကို ချထားလိုက်သည်။ ပြီးမှဆက်၍ပြောသည်။ "ဒါကြောင့် အစည်းအဝေးတခုလုံး ငြိမ်နေတာပေါ့ ခင်ဗျ။ ကျွန်တော် ခုရှင်းပြနေတာလဲ အခု ကုလတ်ဖြစ်နေတဲ့ တစ်ဗိုရှိဒင်ဆိုတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ အတိတ်ကအကြောင်းကို ပြောနေတာဘဲဟာ"

ဒါဗီးဒေါ့သည် နှုတ်ခမ်းကိုစေ့ကာ အံကိုကြိတ်နေဟန်တူသည်။ သူ့မျက်နှာသည်လည်း ပုပ်သိုးသိုးဖြစ်လာသည်။ "ဒါဖြင့် ဘာလို့ ဒီအကြောင်းတွေကို သနားစရာပုံပြင်လိုပြောနေရတာလဲ။ အခုသူ လယ်ပိုင်ရှင်ကြီးဖြစ်နေပြီ။ ရန်သူပေါ့ဗျ။ သူ့ကို ချေမှုန်းရမှာဘဲ မဟုတ်လား။ ဘာများ ဆွေးနွေးနေစရာလိုသေးသလဲ"

"ကျွန်တော် သူ့အတွက်ဝမ်းနည်းလို့ပြောတာ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော့်ကို အကြောင်းမဲ့ အပြစ်တင်မနေပါနဲ့ ရဲဘော်ကြီး ခင်ဗျား"

"ကဲ ကဲ ကြာတယ်။ ဗိုရှိဒင်ရဲ့ ပစ္စည်းတွေကိုသိမ်းမယ်။သဘောတူကြသလား။ ဆန္ဒမဲပေးကြပါ"ဒါဗီးဒေါ့သည် ခုံတန်းများဆီသို့ စွေစောင်းကြည့်လေသည်။

တချောင်းပြီးတချောင်း လက်များ အစီအရီထောင်ကြသည်။ တချို့က နှေးကွေးသည်။ မတ်မတ်မထောင်။ ကွေးချည် ဆန့်ချည်ဖြစ်နေသည်။ နောက် ဆုံးတွင် မူ အားလုံး လက်ထောင်ကြလေသည်။

အစည်းအဝေးပြီးလျှင် ထိုညအဖို့ သူနှင့်အတူ လိုက်ခဲ့ရန် နာဂူနေ့ က ဒါဗီးဒေါ့ကို ဖိတ်ခေါ်သည်။

"နက်ဖြန်ကျတော့ ရဲဘော်အတွက် နေရာရှာပေးပါ့မယ်" သူတို့သည် မှောင်ထဲတွင် စမ်းတဝါးဝါး ထွက်လာကြလေသည်။

ထိုနောက် နှင်းဖုံဖုံပေါ်တွင် နှစ်ယောက် သား လျှောက် လာ ကြသည်။ နာဂူနေ့သည် ကုတ်အင်္ကျီကို ကြယ်သီးကိုဖြုတ်လိုက်ပြီးနောက် ဖြည်းညှင်းသာယာစွာဆက်၍ စကားစပြန်သည်။

"ခုတော့ အသက်ရှူချောင်လာပါပြီ ရဲဘော်ရယ်။ ဘာ လို့ လဲ ဆို တော့ စုပေါင်းလယ်ယာအသင်းပိုင်အဖြစ် လယ်ယာပစ္စည်းအားလုံးကို သိမ်းယူမယ် ဆိုလို့ဘဲ ခင်ဗျာ့။ ပစ္စည်း ပိုင်ဆိုင်မှုဆိုတာကို ကျွန်တော်ငယ်ငယ်ကလေးကထဲကဘဲ မုန်းတယ်။ စက်ဆုပ်တယ်။ ပိုင်ဆိုင်လိုမှုဆိုတာ လောဘရမ္မက်ကို အားပေးတာလားခင်ဗျ။ ကျွန်တော်တို့ရဲ့ ရဲဘော် ပညာရှင်ကြီးများ ဖြစ်ကြတဲ့ ကားလမတ်တို့ အိန်ဂျယ်တို့ရဲ့ အယူအဆများဟာ မှန်ကန်ပါပေတယ်။ အခုလို ဆိုဗီယက် အာဏာတည်တံ့ပြီးတဲ့အချိန်

www.facebook.com/NyisayEbookCreator
www.nyisay.com



မှာတောင် လူတွေဟာ စားကျင်းက ဝက်တွေလိုဘဲခင်ဗျာ။ တယောက်နဲ့ တယောက် တိုးခွေ့နေကြတာဘဲ။ အဲဒါပိုင်ဆိုင်လိုမှုကြောင့်ဘဲပေါ့။ ဒါဖြင့် ဟိုး အ ယင် စနစ် ဟောင်း ခေတ်ဟောင်းတုန်းကတော့ ဘယ်လိုတဲ့လဲ။စဉ်းစား ကြည့်လိုက်ယင် ကြက်သီး ထစရာကြီးပါခင်ဗျာ။ ကျွန်တော့်အဖေဟာ အတော်အတန်ပစ္စည်းရှိတဲ့ ကော့ဆက် ဘဲ။ သူ့မှာ နွားက လေးယှဉ်းရှိတယ်။ မြင်းက ငါးကောင် ရှိတယ်။

"ကျွန်တော် ထွန်ယက်တာ ကော အမျှားကြီးဘဲ။ တ ရာ့ ငါး ဆယ်၊ နှစ်ရာ။ နောက်ဆုံးတော့ ကေနှစ်ရာ့ငါးဆယ်အထိ စိုက်တယ်။ ကျွန် တော့် အိမ်ထောင်ကလဲ အကြီးကြီးခင်ဗျ။ ကျွန်တော်တို့အားလုံး အလုပ်လုပ်ကြရတယ်။ ကိုယ့်အား ကိုယ်ကိုး ပါဘဲ။ စဉ်းစားကြည့်လေ။ ကျွန်တော့်မှာ ညီအကို သုံး ယောက် ရှိ တယ်။ သူတို့ အားလုံး အိမ်ထောင်သယ်တွေချည်းဘဲ။ ကျွန်တော် ခုထက်ထိ မှတ်မိတာ တခုရှိသေး တယ်။ အဲဒီပစ္စည်းပိုင်ဆိုင်လိုမှုနဲ့ ပတ်သက်တာဘဲ။

"တနေ့တော့ အိမ်နီးချင်းတယောက်ရဲ့ ဝက် က ကျွန် တော် တို့ ခြံထဲဝင်လာ တယ်။ အာလူးခင်းကို ထိုးဆွတာ နည်းနည်းပါးပါး ပျက်စီးသွားတယ်။ ဘာ ပြော ကောင်းမလဲခင်ဗျာ။ အမေကတခါထဲ ရေနွေးပွက်ပွက်ဆူနဲ့ လောင်း ထည့် တာ ဘဲ။ ကျွန်တော့်ကို လိုက်ဖမ်းစမ်းဟေ့ တဲ့။ကျွန်တော်က ဖမ်းပေးတယ်လေ။ဝက်ကြီးခမြာ ရေနွေးပူလောင်းလိုက်တာ အငွေ့ တထောင်းထောင်းထလာတယ်။နောက် တော့ဝက် သေတာဘဲ။ အဲဒီတုန်းက ကျွန်တော် ဆဲ့နှစ်နှစ်သားဘဲရှိသေးတယ်။

"အိမ်နီးချင်းက ကျွန်တော်တို့ကို ဘယ်အခဲကျေမလဲ။ နောက် တပတ်လောက် ကြာတော့ ကျွန်တော်တို့ လယ်ထဲက ကောက်လှိုင်း နှစ်ဆဲ့ သုံးစီး မီး လောင် တယ်။ ဘယ်သူ့လက်ချက်လဲဆိုတာ အဖေသိတယ်။ ဒါနဲ့ရုံးကို တိုင်တယ်။ အဲဒီ အချင်းဖြစ် ပွားတာကြောင့် တဦးနဲ့တဦး မျက်နှာချင်းဆိုင်လို့မရပါဘူးခင်ဗျာ။ အရက်ကလေး မူးလာပြီဆိုယင် ရန်ဖြစ်ကြတော့တာဘဲ။

"ဒီလိုနဲ့ နေလာလိုက်ကြတာ ငါးနှစ်လောက်ရှိတော့ နာရေးကိစ္စတခု ပေါ် လာတယ်ခင်ဗျ။ကျွန်တော်တို့ အိမ်နီးချင်းရဲ့သားဟာ ရှရိုဝိတိုက်တလင်းမှာ လူသတ်ခံ ရတယ်။ တယောက်ယောက်က ဆူးရင်းခွနဲ့ ထိုးသတ်တာဘဲ။ ကျွန် တော် လဲ အစွန်း အစ ကြည့်ပြီး ကျွန်တော့်နောင်တော်များရဲ့ လက်ချက်လို့ ဆင်မိသယ်။ အမှုဖွင့် ပြီး စုံစမ်းပါရဲ့။ဒါပေမယ့် တရားခံမပေါ်ဘူး။ အရက်မူးသမားတယောက် သတ်သွား တာလို့ဘဲရုံးက မှတ်ချက်ချတယ်။

"ဒီ့နောက်တော့ ကျွန်တော်လဲ အဖေတို့ဆီကထွက်လာပြီး အလုပ်ဝင်တော့ တာဘဲ။ ပြီးတော့ စစ်ထဲရောက်လာတယ်။ စစ်ထဲမှာ တိုက်ရခိုက်ရတဲ့အခါ အတွေး တမျိုးဝင်လာတယ်။ ဂျာမန်တွေနဲ့ ပစ်လား ခတ်လားလုပ်ရတယ်။ ကျင်းထဲမှာ ဝပ် နေယင်း၊ အင်း ဒီစစ်တိုက်ရတာဟာ ဘယ်သူ့အတွက်လဲ။ ဘယ်သူ့ပစ္စည်းကို ရယူဖို့ ပိုင်ဆိုင်ဖို့များ ငါတိုက်နေရတာလဲလို့ ကိုယ့်ကိုကိုယ် မေးမိတယ်။ တခါတလေတော့ ကျင်းထဲမှာနေယင်း ကိုယ့်ကိုကိုယ်မြေဖို့ သတ်လိုက်မယ်အထိ စိတ်ရှုးပေါက်မိတယ်။

www.facebook.com/NyisayEbookCreator
www.nyisay.com



စက်ဆုပ်စရာပါခင်ဗျာ။ တကယ်ဘဲစက်ဆုပ်စရာကောင်းပါတယ်။ ဒါနဲ့ အဆိပ်အငွေ့မိပြီး ဒုက္ခရောက်တာပါဘဲ။တောင်ကုန်းလေးတခုပေါ် ပြေးအတက်မှာအသက်ရှူမှားလာတယ်။ ခေါင်းထဲလဲ သွေးရောက်လာတယ်။ မူးဝေလာတယ်။အဲဒီအထိ ဒုက္ခရောက်ခဲ့ရတယ်။ ဒါနဲ့ စစ်မြေပြင်မှာတွေ့တဲ့ အသိအကျွမ်းနှစ်ယောက်လောက်က ပြောဟောတာနဲ့ ကျွန်တော်လဲ ပေ်လရှီဗစ်ဖြစ်ပြီး ပြန်လာတာဘဲ။

"နောက်တခါ ပြည်တွင်းစစ်မှာ အံသနားကြင်နာမရှိဘဲ သတ်ရဖြတ်ရပြန်တယ်ခင်ဗျ။ တနေ့တော့ ကတ်စတိုနားယားမှာ အမြောက်ကျည်ဆံအနားကပ်ပေါက်ရောက သွေးရူးသွေးတမ်းဖြစ်လာတယ်။ အခုတော့ ဟောဒီတံဆိပ်ရခဲ့တယ်ပေါ့ခင်ဗျာ။ နာဂူနေ့သည် သူ့ရဲကောင်းတံဆိပ်ကို လက်ဝါးဖြင့်စမ်း၍ အုပ်ထားသည်။ထိုအချိန်တွင် သူ့ရင်ထဲ၌ တဒိတ်ဒိတ်သွေးတိုးမြန်လာသည်ကိုခံစားရသည်။ "တမျိုးဘဲခင်ဗျာ။ပြည်တွင်းစစ် ဖြင်တုန်းက စစ်မြေပြင်များ ရောက်နေသလားလို့ အခုထင်မိတယ်။ ခုတော့ ကျွန်တော်တို့ စုပေါင်းလယ်ယာမှာ အားစိုက်ခွန်စိုက် လုပ်ကြဖို့ဘဲ။ ကမ္ဘာ့တော်လှန်ရေးကြီးလဲ မဝေးတော့ပါဘူး"

"ခင်ဗျား တစ်ဗိုရှိဒင်ကို ကောင်းကောင်း သိသလား" ဒါဗီးဒေါ့သည် လမ်းလျှောက်လာယင်း စဉ်းစားတွေးတောလာသည်။ နာဂူနေ့၏စကားဆုံးလျှင် အထက်ပါ မေးခွန်းကို မေးလိုက်သည်။

"ဘယ့်နှယ်ပြောပါလိမ့်ခင်ဗျာ။ သိတာပေါ့။ကျွန်တော်တို့ဟာ မိတ်ဆွေ သူငယ်ချင်းတွေဘဲ။သူ့မှာ လောဘရမ္မက် ကြီးလွန်းလို့ သာ သဘောထားချင်း ကွဲခဲ့ကြရတာဘဲ။ ၁၉၂၀ တုန်းက ဒွန်းနက်ဒေသမှာ ကုလတ်တွေ ပုန်ကန်ကြတယ်မဟုတ်လား။ အဲဒီမှာ သူနဲ့ ကျွန်တော်အတူ တိုက်ခိုက်ကြတာပေါ့။ကျွန်တော်တို့မှာ မြင်းတပ်နှစ်တပ်ပြီးတော့ အထူးတပ်ရင်း တခုနဲ့ တိုက်ကြတာဘဲ။ သူပုန်တွေ ရွာပြင်မှာ အကျနာတယ်။

"အဲဒီညက တစ်ကော့ရယ် အထုပ်ကြီးတထုပ်ပိုက်ပြီး တဲထဲဝင်လာတယ်။ အထုပ်ကိုဖြည်ချလိုက်တော့ လား လား ခြေထောက်ရှစ်ချောင်း ထွက်လာတယ်ခင်ဗျ။ ဒါနဲ့ တယောက်က၊ ဟေ့ ခင်ဗျားရူးနေသလား။ အပြင့်ယူသွားပါဗျလို့ အော်တယ်။ တစ်ကော့က သူ့ကိုဘာပြန်ပြောတယ်မှတ်သလဲ။ သူတို့ဆက်ပြီး ပုန်ကန်ကြတော့မှာမဟုတ်ပါဘူးဗျာတဲ့။ ဒါပေမယ့် ကျုပ်တော့ ဖိနပ်လေးရံ ရတာဘဲဗျို့။ ကျုပ်တို့ တအိမ်ထောင်အတွက်တော့ ဖိနပ်စီးဖို့ ဖူလုံသွားပြီတဲ့ဗျ။ နောက်ပြီးတော့သာ နှင်းကြောင့် ခဲနေတဲ့ ခြေထောက်တွေကို မီးကင်ပြီး ဖိနပ်တွေ ဆွဲချွတ်တော့တာပါဘဲ။ ပြီးမှ ခြေထောက်တွေကိုအပြင်ဖက်မှာမြေမြှုပ်လိုက်တယ်။ဒီတုန်းကသာ သူ့ကိုတွေ့ယင်နေရာတွင် ပစ်သတ်မိမှာဘဲ။ နောက်တော့ ကျွန်တော်မေးကြည့်မိတယ်။ သူက ဟုတ်သားဘဲကွ။နှင်းတွေနဲ့ ခဲနေတော့ ဖိနပ်တွေမချွတ်နိုင်ဘူး။ ဒါနဲ့ ငါလဲ ဓားတချောင်းနဲ့ ခုတ်ယူလာခဲ့တယ်။ ဘယ့်နှယ်ကွာ ငါကဖိနပ်ချုပ်သမား မဟုတ်လားကွ။ ဖိနပ်ကောင်းတွေ အလကားဖြစ်မှာ နှမြောတာပေါ့။ ဒါပေမယ့် အခု အဲဒီမကောင်းမှုတွေ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြန်ပြီးတွေးမိတော့ တမျိုးဘဲကွ။ တခါတလေ ညမှာ အိပ်ပျော်နေရာက လန့်နိုးပြီး ကြောက်စိတ်ဝင်လာတယ်။ ငါ့မိန်းမက နေရာရွှေ့ပြီး အိပ်ခိုင်းရတယ်။ ငါနဲ့ရဲဖက် မအိပ်ရဲဘူးကွလို့ ပြောဘယ်။

"ကဲ ရောက်ပြီဗျို့"ဟု စကားသတ်ကာ နာဂူနေ့သည် တံခါးပေါက်တခုကို ဖွင့်၍ ခြံတခုထဲသို့ဝင်သွားလေသည်။

—၅—

အန်ဒရေးရတ်ဇမျော့နေ့သည် ၁၉၁၃ တွင်စစ်မှုထမ်းရန်ထွက်ခဲ့သည်။ ထိုအခါ ချိန်က ထုံးစံအရဆိုလျှင် တပ်သို့ သူ့ပိုင်မြင်းတစီးဖြင့် အမှုထမ်းရန် ရောက်လာကြောင်း သတင်းပို့ရန်ဖြစ်သည်။ သို့ရာတွင် သူ့၌ မြင်းမဆိုထားနှင့် ကော့ဆက်ဝတ်စုံပင် ပြည့်စုံအောင် မဝယ်နိုင်ရှာ။ သူ့အဖေက သူ့အား အဖိုး၏ဓားတချောင်းကိုသာ အမွေပေးခဲ့သည်။ အန်ဒရေးသည် ထိုအချိန်က အောက်ကျ နောက်ကျဖြစ်ခဲ့ရသည်ကို တသက်လုံးမေ့နိုင်မည်မဟုတ်ပေ။ ရွာတွင်ပြုလုပ်သော အစည်းအဝေးတခုတွင် ရွာလူကြီးတို့က သူတို့ရွာမှ အန်ဒရေးကို ရွာ့စရိတ်ဖြင့် တပ်သို့ပို့ရန် ဆုံးဖြတ်ခဲ့သေသည်။ သူ့အတွက် ဈေးပေါ အဖိုးချိုသည့် ရထားဆွဲမြင်းတကောင်၊ ကုန်းနှီးတခု၊ ကုတ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီနှစ်ထည်၊ ဖိနပ်တရံဝယ်၍ပေးသည်။ "မင်းကိုရွာ့စရိတ်နဲ့ လွှတ်ရတာမောင်ရေ့။ ဒီတော့ ဒို့မျက်နှာကိုလဲ ထောက်ပါကွာ။ ဒို့ရွာကို နာမယ်မဖျက်ပါနဲ့။ ဇာဘုရင့်အမှုတော်ကို သက်စွန့်ကြိုးပမ်းသာ ထမ်းပေတော့"ဟု ဆိုဆုံးမလိုက်ကြသည်။

သို့ရာတွင် ချမ်းသာသည့် ကော့ဆက်တို့၏ သားသမီးများမှာမူ မြင်းကောင်းကိုယ်စီ စီးကာ တပ်ထဲသို့ဝင်ကြသည်။ သူတို့၏ကုန်းနှီးများသည် နေခြည်တွင် ငွေရောင်လက်နေသည်။သူတို့၏ဝတ်စုံများသည် သစ်လွင် တောက်ပကြသည်။

ထိုနောက် ကျေးရွာကောင်စီက အန်ဒရေး၏လယ်ယာကို ကိုယ်စားထွန်ယက်စိုက်ပျိုးသည်။ အန်ဒရေးသည် စစ်မျက်နှာတွင် အခြားသူများ အေးချမ်းသာယာစွာ နေနိုင်ရေးအတွက် တိုက်ရခိုက်ရသည်။ အခြားသူများ၏ အသက်စည်းစိမ်နှင့် အိုးအိမ်တို့ကိုကာကွယ်ရန် စစ်တိုက်ရသည်။ ထိုအချိန်တွင် ကျေးရွာကောင်စီက သူ၏ လယ်ကို အငှားချလေသည်။ ဂျာမန်တို့ကိုတိုက်သည့် စစ်ပွဲတွင် အန်ဒရေးသည် စိန့်ဂျော့ သူရဲကောင်း တံဆိပ်သုံးခုရလေသည်။ သူရဲကောင်းတံဆိပ်နှင့် အတူရသည့်ငွေကိုမူ သူ့မိန်းမနှင့် သူ၏အမေအိုကြီးထံသို့ ပို့သည်။ ထိုငွေကြောင့်ပင် အမေအိုနှင့် မယားတို့ အသက်ရှင်နေကြရသည်။ အမေအို အဖို့ကား ကြီးတော့ကြီးမားရှိမှ အနည်းငယ် ချမ်းချမ်းသာသာ နေရခြင်းဖြစ်သည်။

ဆောင်းဦးပေါက်တွင် စစ်ပွဲလည်း ပြီးဆုံးခါနီးနေပြီဖြစ်ရာ အန်ဒရေး၏ မိန်းမသည် လယ်တွင် အငှားလိုက်၍ ရသော ပိုက်ဆံဖြင့် အန်ဒရေးရှိရာ စစ်မြေပြင်သို့ လိုက်လာသည်။ စစ်မြေပြင်တွင် ရက်အတန်ကြာနေသည်။ ထိုအချိန်တွင် အန်ဒရေး အမှု

www.facebook.com/NyisayEbookCreator
www.nyisay.com



ထမ်းသည့် နံပတ် ၁၁ ဒွန်ကော့ဆက်တပ်ရင်းသည် စစ်နားနေချိန်ဖြစ်သည်။ ထိုအချိန်မှာပင်သူ့မယားသည် သူ့ခင်ပွန်း ရင်ခွင်သို့ ပြေးဝင်ခဲ့ရသည်။ သို့သော် ထိုရက်များကား တိုတောင်းလှသည်။ရွာသို့ ပြန်လာသည့်အခါ သူ့မိန်းမသည် ငိုရှုန်းပင် မသိတော့။ မျက်ရည်တို့သည် ခန်းခြောက်ကုန်ပြီ။ သို့နှင့် တခုသော အချိန်တွင် အန်ဒရေးကိုယ်စား ယုယစရာသားကလေး တယောက်ကိုလယ်ကွင်းပြင်က လယ်တဲတခု၌ မွေးဖွားခဲ့သည်။

၁၉၁၁ တွင် အန်ဒရေးသည် ဂရယ်မျချိသို့ ခေတ္တခဏ ပြန်လာသည်။ ကြာကြာမနေရပါ။ ရောက်သခိုက် လယ်ထွန်ပေးသွားသည်။ ထိုနောက် သားငယ်ကို ပခုံးထက်၌ ထမ်းကာ ရွာထဲလျှောက်၍ လည်သည်။ သို့သော် မျှားမကြာမီပင် တပ်သို့ပြန်ရလေသည်။

"နက်ဖြန် ပြန်မယ်ဟေ့။ လမ်းမှာစားဖို့ နည်းနည်း ပါးပါး ထည့်ပေးလိုက်ပါ"

နောက်တနေ့ နံနက်တွင် အန်ဒရေး၏ တဲရှေ့၌ လုဗစ်ရှကင်၊ တစ်ဗိုရိုဒင်၊ မာကာနာဂူနော့တို့ စုဝေးရောက်ရှိလာကြသည်။ သူတို့နှင့် အတူ အခြားကော့ဆက်ရှစ်ယောက်လည်းပါသည်။ သူတို့သည် ဖိုလုံးကြီးများကို ချန်ခဲ့ကာ ဂရယ်မျချိ ရွာကလေးမှ ထွက်ခွာသွားကြလေသည်။ထိုနေ့မှာပင် ဂရယ်မျချိ ရွာပေါ်သို့ ငန်းအုပ်တအုပ်ပျံသန်းသွားသည်။ တောင်မှ မြောက်သို့ ဖြတ်၍ သွားသည်။

အန်ဒရေးသည် ကာမင်စကားယားတွင် သူ့ရဲဘော်များနှင့် လမ်းခွဲခဲ့ရသည်။ သူသည် ဗိုရိုရီလော့၏ ယူနစ်တခုနှင့် အတူ ဇာရစ်ဆင်သို့ ချီတက်ခဲ့သည်။ မာကာနာဂူနော့၊ လုဗစ်ရှကင်နှင့် အခြားရဲဘော်တို့သည် ဗိုရိုနက်သို့ ရောက်သွားကြသည်။ ထိုနောက် သုံးလခန့် ကြာသည့်အခါ အန်ဒရေးသည် ရှေ့တန်း စစ်မျက်နှာ ဆေးရုံတွင် လူနာအဖြစ် တက်ရောက်ကုသခံရသည်။တိုက်ပွဲတွင် လက်ပစ်ဗုံးအကွဲအစမှန်ခံရသည်။ ထိုဆေးရုံတွင် အကြောင်းတိုက်ဆိုင်သဖြင့် သူတို့ရွာ အဖြစ်အပျက်များကို တဆင့်စကား ကြားရလေသည်။ဂရယ်မျချိတွင် ရှပ်ဖြူကော့ဆက်ထပ်ကို ပေါ့တီယောကော့၏ တပ်ခွဲက ချေမှုန်းလိုက်သည်။ ထိုအခါ ကုလားမနိုင် ရခိုင်မဲသည့် အနေဖြင့် တပ်နီတော်သားကြီး အန်ဒရေး၏ ရှပ်ဖြူတပ်သားတို့က အမျက်သိုကြသည်။ အန်ဒရေး၏ မိန်းမကို မဟားတယားလုပ်ကာ အနိုင်ကျင့်လိုက်ကြသည်။ ထိုအကြောင်းကို တရွာလုံးသိကြလေသည်။ထို့ကြောင့် အန်ဒရေး၏မိန်းမသည် အရှက်ကို အသက်နှင့်လဲလိုက်လေသည်။

သို့နှင့် နှင်းထန်သောတနေ့တွင် အန်ဒရေးသည် ဂရယ်မျချိသို့ ရောက်လာလေသည်။ အချိန်ကား ဒီဇင်ဘာ ကုန်ခါနီးဖြစ်သည်။ တရွာလုံးကို နှင်းပွင့်နှင်းဆိုင်တို့က ဖုံးလွှမ်းထားသည်။ အဝေးရှိ တောင်ကုန်းတခုဆီမှ အမြောက်သံများကို အဆက်မပြတ်ကြားနေရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုတနေ့၏ ညနေခင်းတွင် အန်ဒရေးသည် ရွာတွင်းသို့ မြင်းတစီးဖြင့် ဒုန်းစိုင်း ဝင်လာသည်။ ထိုအဖြစ်ကို အန်ဒရေးသည် ယနေ့ထက်တိုင် သတိရလျက် ရှိနေသေးသည်။ မျက်လုံးအစုံကို စုံပိတ်ကာ ပြန်ပြောင်း စဉ်းစားလိုက်လျှင် ရုပ်ရှင်ပြသကဲ့သို့ အစီအရီ မှတ်ဉာဏ်ဘွင် ထင်မြင်ဆန်းသစ်လာသည်။ အန်ဒရေးသည် အိမ်ဝင်းထဲသို့ မြင်းကိုဆွဲကာ ဝင်သွားသည်။ သူ့အမေကြီးသည် ဆံပင်ဖားလျားဖြင့် ပြေးထွက်လာသည်။ သူ့အမေ၏ အသံသည် ကျေကွဲတုန်လှုပ်နေသည်။

"ငါ့သားရေ မရှိတော့ဘူးကွယ့်။ မင်းမိန်းမတော့ မရှိတော့ဘူးကွယ့်"ဟု တုန်တုန်ရီရီ ပြောသည်။

အန်ဒရေးအဖို့ တစိမ်းအိမ်သို့ရောက်လာသည့်အဖြစ်နှင့်တူနေသည်။ မြင်းကိုချည်ကာအိမ်ထဲသို့ ဝင်သည်။ အခန်းရောက်လျှင် တစုံတယောက်ကို တွေ့ရမြင်ရနိုးနှင့် ရှာသည်။ ကလေးငယ်အိပ်သည့် ပုခက်သည်လည်း ဗလာကျင်းနေသည်။

"သားရော ဘယ်မှာလဲအမေ"

သူ့အမေသည် တရှုံ့ရှုံ့ငိုယင်း ခေါင်းကိုသာ တွင်တွင်ရမ်းသည်။ အဖြေကား တော်တော်နှင့်မရ။ နောက်မှ သူ့အမေက ဤသို့ ပြောဆိုလေသည်။

"သားငယ်ကလေးကိုပါ အမေ မကယ်နိုင်တော့ဘူးကွယ့်။ မင်းမိန်းမ ယက်ဒိုကီယာ ဆုံးပြီး နှစ်ပတ်လောက် ရှိတော့၊ မင့်သားငယ် ကြမ္မာငင်တော့တာဘဲ"

"တော်တော့အမေ၊ ငိုမနေနဲ့တော့။ ယက်ဒိုကီယာကို ဘယ်သူစော်ကားသလဲ ဆိုတာသာ အမေပြောပြစမ်းပါ"

"အနိုကေး ဒက်ယတ်ကင်ပေါ့ကွယ်။ မင်းမိန်းမကို တလင်းထဲ ခေါ်သွားတယ်။ ငါ့ကိုတော့ ကြာပွတ်နဲ့ရိုက်ပြီး နှင်လွှတ်တယ်။ ပြီးတော့ အဖော်တွေခေါ်ပြီး နှိပ်စက်တော့တာပါဘဲ။ တကိုယ်လုံး ညိုမဲပြီး သွေးအလိမ်းလိမ်းပါဘဲ"

"ဒီကောင်အိမ်မှာ ခုရှိသလား"

"သူတို့တပ်တွေဆုတ်ရတော့ သူလဲ ထွက်ပြေးပြီပေါ့"

"သူ့အိမ်မှာ သူ့အိမ်သားတွေ ရှိမှာပေါ့"

"သူ့မိန်းမနဲ့ အဖိုးကြီးရှိတယ်။ ငါ့သားရယ် သူတို့ကိုမနှိပ်စက်ချင်ပါနဲ့တော့။ သူ့အပြစ်ကို သင်းတို့ ဒဏ်ဝင်မခံကောင်းပါဘူးကွယ်"

"အိုဗျာ။ အမေကလဲ"

အန်ဒရေး၏ မျက်နှာသည် ညိုမည်းပုပ်သိုးနေသည်။ သူ့ရင်ထဲတွင် ဗလောင်ဆူနေသည်။

"မသေခင် ဘာမှာသွားသေးသလဲအမေ"

အမေအိုသည် တနေရာမှ စာတစောင်ထုတ်လာပြီးလျှင် သားကို ပေးသည်။ အန်ဒရေးသည် စာကိုဖတ်သည်။ သူ့ကိုပေးရန်ရေးထားသည့် စာဖြစ်သည်။ စာလုံးတို့ကို မမြင်။ သူ့မိန်းမ၏ စကားသံကိုသာ ကြားယောင်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အန်ဒရူရှာ၊ ကျွန်မတော့ အစွန်းအထင်း ခံခဲ့ရပေါ့။ ရှင့်ကို ကျွန်မ မတွေ့ချင်တော့ဘူး။ အို ဘယ်သူ့ မျက်နှာကိုမှလဲ မကြည့်ချင်တော့ဘူး။ ကျွန်မကိုယ်ဟာ မသန့်ရှင်းတော့ဘူး။ ကိုယ်မသန့်တော့ စိတ်သဲမသန့်တော့ဘူးပေါ့။ အဲဒီညက အိပ်လို့လဲ မပျော်ဘူး။ မျက်ရည်နဲ့ မျက်ခွက်ပါဘဲ။ ရှင်နဲ့ကျွန်မ ဘယ်လောက် အချစ်ကြီးခဲ့ကြတယ်ဆိုတာလဲ မြင်ယောင်လာတယ်။ ဘယ်ဘာရောက်ရောက် အဲဒီအချစ်ကို စွဲလမ်းနေမှာဘဲ။ ကျွန်မတို့ ဒီမျှဘဲ ကံဆိုးရတာကိုတော့ ဝမ်းနည်းတယ်။ ကျွန်မ မရှိတဲ့နောက် ရှင် မိန်းမတယောက် ယူမှာဘဲ။ အဲဒီအခါမှာသာ ကျွန်မသားလေး မျက်နှာမငယ်ရအောင် ဂရုစိုက်ပါတော့။ မိတဆိုးလေးကို သနားပါ ချစ်ပါရှင်။ ကျွန်မအဝတ်တွေကို ကျွန်မ မရှိတဲ့နောက် ညီမလေးကို ပေးဖို့အမေ့ကိုပြောလိုက်ပါ"

အန်ဒရေးသည် စာကိုဖတ်ပြီးနောက်၊ဒက်ယတ်ကင်တို့နေထိုင်ရာ တဲသို့ မြန်းဖြင့်ဒုန်းစိုင်းလေသည်။ ရောက်လျှင် ခေါးလွတ်ကိုဆွဲကာ အိမ်ပေါ်သို့ တက်သွားသည်။ အန်ဒရေးကို မြင်လျှင် အနီကေး၏ ဖခင်အိုကြီးသည် အန်ဒရေး၏ ခြေထောက်အစုံကို ပြေး၍ ဖက်လေသည်။

"အန်ဒရေး"ဟု တခွန်းမျှသာခေါ်ကာ ခေါင်းကို မဖော်တော့ဘဲ ခြေထောက်ကို တင်းတင်းဖက်ထားသည်။

"ကဲ ခင်ဗျားသားအစား ခင်ဗျားခံပေတော့"ဟုဆိုကာ အန်ဒရေးသည် အဖိုးအိုကို ဒရွတ်တိုက်ဆွဲ၍ အပြင်သို့ ခေါ်ခဲ့သည်။

အဖိုးအိုကား တုန်လှုပ်ကာ ငေးတိကြောင်တောင် ဖြစ်နေပြီ။ အနီကေး၏ မိန်းမသည် သားသမီးများကို ပွေ့ဖက်ကာငိုယင်း ပြေးထွက်လာသည်။ အန်ဒရေးသည် ထိုအချိန်တွင် ခေါးကိုလေတွင်ဝဲကာ အဖိုးအိုအား ခုတ်ချလိုက်တော့မည်ဟူ၍ ရွယ်နေဆဲဖြစ်သည်။ အနီကေး၏ မိန်းမနှင့် သူ့သားသမီးများအားလုံးသည် သူ့ခြေရင်းတွင် ဝပ်စင်းနေကြလေသည်။

"သူတို့အားလုံးကိုပါ သတ်လိုက်ပါရှင်။ အားလုံး အနီကေးရဲ့ သွေးချည်းပါဘဲ။ ကျွန်မကိုပါ ရှေ့သတ်ပစ်လိုက်" အနီကေး၏မိန်းမအသံကိုကြားရလျှင် အန်ဒရေးသည် ငိုင်၍ရပ်နေသည်။ ကလေးများအမေသည် အန်ဒရေးထံသို့ လျှောက်လာသည်။ ကလေးများ အားလုံးပေါင်း ခြောက်ယောက်ကား သူ့ခြေထောက်ကို ဖက်ထားကြသည်။ အန်ဒရေးသည် နောက်သို့ ခြေတလှမ်းဆုတ်ပြီးနောက် အားလုံးတချက်မျှကြည့်ကာ ခေါးလွတ်ကို ခေါးအိမ်ထဲထည့်သွင်းပြီးလျှင် မြင်းဆီသို့လှည့်ထွက်ခဲ့သည်။ အဖိုးအိုသည် ဝမ်းသာအားရဖြင့် အန်ဒရေး၏နောက်သို့ ပြေးလိုက်ပြီးလျှင် သူ့ကို ဖက်ရမ်းရန်ကြိုးစားသည်။ သို့ရာတွင် အန်ဒရေးသည် မြင်းပေါ်ရောက်နေပြီ။ မြင်းပေါ်မှနေ၍ အဖိုးအိုဖက်သို့ လှည့်ကာရွံရှာသော မျက်နှာဖြင့် "အင်း ခင်ဗျားတို့အားလုံး ကံကောင်းတယ်မှတ်"ဟု အော်၍ပြောကာ ထွက်သွားလေသည်။

အိမ်သို့ပြန်ရောက်လျှင် အန်ဒရေးသည် သုံးရက်တိုင်တိုင် ချက်အရက်ကို အမူးသောက်သည်။ ထို့နောက် မျက်ရည်လည်ရွဲငိုသည်။ နောက်တညဘွင် သူ့မိန်းမ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆွဲကြိုးချသေသည့် လယ်ဘဲကို မီးတင်၍ရှို့သည်။ စတုတ္ထနေ့တွင် မျက်နှာသေကြီးဖြင့် သူ့အမေ၏ နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်သည်။ အမေအိုသည် သားကြီးကို ရင်တွင်ပွေ့ဖက်ကာ မျက်ရည်စက်လက်ဖြင့် နမ်းရှို့သည်။ ထိုအခါတွင်မှ သူ့သား၏ဦးစွန်းထက်တွင် ဆံပင်တိုအနည်းအကျဉ်း ကြောင်နေပြီကို မြင်ရလေသည်။

နှစ်နှစ်ကြာလျှင် အန်ဒရေးသည် ပိုလန်စစ်မျက်နှာမှ ဂရယ်မျချီသို့ပြန်ရောက်လာသည်။ ထိုနောက် ဒွန်မြစ်ညာဒေသသို့ တနှစ်ခန့် ကောက်ပဲသီးနှံ သိမ်းဆည်းရေးအဖွဲ့နှင့်အတူ ခရီးထွက်ခဲ့သည်။ ထိုနောက်ကား လယ်လုပ်ရန် ရွာသို့ ပြန်လာခဲ့လေသည်။ သူ့အမေအိုက သားကိုမိန်းမယူရန် တိုက်တွန်းသည်။ သူ့ထံမှအဖြေမရ။ သို့သော်လည်း တနေ့တွင်မူ သူ့အမေက ဇွတ်အတင်း နောက်အိမ်ထောင်ပြုရန် ပြောသည်။

"မိန်းမ ယူဖို့တော်ပြီပဲ့။ ငါလဲကြီးလာတော့ မီးဖိုထဲမဝင်ချင်တော့ဘူး။ နင့်ကိုပြုစုဖို့လဲမတတ်နိုင်တော့ဘူး။ ဘယ့်နှယ်လဲ။ ဘယ်သူ့မျှား ဘောင်းရမ်းပေးရမလဲ"

"နေပါစေ အမေရယ်။ ကျွန်တော့်ကို ဇွတ်မတိုက်တွန်းပါနဲ့"

"ဟဲ့ နင့်ကိုယ်နင် မှန်ထဲလဲကြည့်ချေအုံး။ နင့်ဆံပင်တွေဖြူလာပြီ။ ဒါနဲ့တောင်မိန်းမယူဖို့ စိတ်မကူးသေးတာအံ့ပါရဲ့။ အမေဖြစ်တဲ့ငါ့ကိုမျှား မငဲ့တော့ဘူးလား။ ငါလဲ မြေးတွေ ချီချင် ပွေ့ချင်လာပြီဟယ်။ ငါ့မှဖြင့် မြေးကလေးတွေ ရခဲ့ယင် ခြေအိတ်ထိုးပေးရအောင် သိုးနှစ်ကောင် မွေးထားရတယ်။ ကလေးသားမြေးကိုဘဲ ယုယနေချင်ပြီ အန်ဒရူရှာရဲ့။ ဟဲ့ကောင် ဘယ်လိုသဲ။ ငါ့ကို စကားပြန်မပေးတော့ဘူးလား။ ဘယ်သူ့ယူမလဲ ပြောစမ်း"

ထိုအခါမျိုးတွင် အန်ဒရေးသည် ဦးထုပ်ကို ကောက်ဆောင်းကာ အိမ်ထဲမှ ထွက်လာခဲ့သည်။ သို့သော် အမေအိုသည် ပါးစပ်ကို ပိတ်မထား။ အခွင့်ရတိုင်းသားကို အိမ်ထောင်ပြုရန်နားချသည်။ အိမ်နီးနားချင်းမျှားကိုလည်း ထိုအကြောင်းကိုပြောပြသည်။ သူ့သားကို ဘယ်လိုနားချရမည်နည်းဟူ၍လည်း အကြံတောင်းသည်။ သားကမူ ခေါင်းခါ၍သာ အဖြေပေးသည်။ နောက်ဆုံး ပြောမရသည့်အဆုံး၌ အမေအိုသည် သွားလေသူ ချွေးမကိုကျိန်ဆဲလေတော့သည်။

အမေအိုသည် ညနေခင်းတရက်တွင် အိမ်နားက အဖော်တို့အား တိုင်တည်သည်။

"ဟိုကောင်မပေါ့အေရဲ့။ သူ့မယားကြီးဟာ သေရာကနေပြီးတော့ ငါ့သားကိုပူစားထားတယ်။ သူသေရှုံတွင် မဟုတ်သေးဘူး၊ ငါ့သားကိုတောင် သေရွာကနေပြီး လိုက်ခဲ့ဖို့ခေါ်နေတယ် အေ့။ ဒါကြောင့် မိန်းမယူပါဆိုတာ မယူသေးဘူးအေရဲ့။ ငါ့မှာသာ ဒုက္ခရောက်နေရတာ။ တခြားသူမျှားမှာတော့ သားနဲ့သမီးနဲ့ မြေးတွေနဲ့ ပျော်စရာချည်းပါဘဲ။ ငါ့မှာသာ တကောင်ကြွက်ဖြစ်နေလေရဲ့"

ထိုနှစ်တွင် အန်ဒရေးသည် မာရီနာနှင့်တွေ့လေသည်။ မာရီနာသည် မုဆိုးမဖြစ်သည်။ သူ့ယောကျ်ားသည် ဇာဘုရင်၏မြင်းတပ်မှ တပ်ကြပ်ကြီး မစ်ခေးပေါ်ယာကော့ဖြစ်သည်။ နီဗိုချာကာတ်တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ယခုနှစ်ဆောင်းဦးပေါက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆိုလျှင် မာရီနာသည် လေးဆယ်တွင်းသို့ ချဉ်းနေပြီ။ သို့ပြေးလည်း မာရီနာ၏ ကိုယ်လုံးကိုယ်ထည်သည် တုတ်ခိုင်သည်။ သူ့အသားအရေသည် ညိုပြာပြာရှိသည် ဖြစ်သဖြင့် စတက်မြက်ခင်းဒေသ၏ ကျက်သရေဆောင်အလှကို ကိုယ်စားပြုသည်ဟု ဆိုရမည်။

အောက်တိုဘာတွင် အန်ဒရေးသည် မာရီနာ၏ အိမ်ကိုပြင်၍ မိုးပေးသည်။ ညနေဆည်းဆာနေဝင်ရီတွင် မာရီနာသည် အန်ဒရေးကိုဖွယ်ဖွယ်ရာရာ ပြင်ဆင်၍ ညစာကျွေးသည်။ ထိုနောက်ကား အန်ဒရေး၏ ပခုံးထက်တွင် မာရီနာသည် မှီကာနွဲ့ကာ တွတ်တီးတွတ်တာပြောလေသည်။ အန်ဒရေးက မာရီနာကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ မာရီနာ၏ဆံကေသာသည် ပိတုန်းရောင်တောက်နေသည်။ မြင်း၏လည်ဆံမွေးကဲ့သို့လည်းထူကြမ်းသည်။ သို့ရာတွင် ထိုဆံကေသာသည် လည်တိုင်တဖက်တချက်တွင် နားရွက်ဆီသို့ သွယ်ဖားကျလာသည်မှာ ကလေးငယ်၏ ဆံပင်များကဲ့သို့ တွန့်ကောက်နေသည်။ မာရီနာသည် အန်ဒရေးကို မျက်လုံးထောင့်ကပ်၍ကြည့်သည်။ ခရာတာတာကြည့်သည်။

"နောက်တခါလာပြီး အိမ်မိုးပေးအုံးမှာတဲ့လား"ဟူ၍လည်း ညုတုတုမေးသည်။

"နောက်တခါလာယင် လက်ခံမှာပေါ့နော်"ဟု အန်ဒရေးက ဆိုသည်။

အန်ဒရေးစားနေသည်ကို မာရီနာက ကြုံ့ကြုံ့ထိုင်ကာ ကြည့်နေသည်။ အန်ဒရေးသည်အစားကို ဖြောင့်အောင်မစားနိုင်။ မကြာခဏ မာရီနာကို ကြည့်နေသဖြင့် စားသည့်အစာမြို၍ မကျဖြစ်ရသည်။ သို့ကြည့်ယင်း မာရီနာ၏ လည်ချောင်းတွင် အကြောစိမ်းကလေးတစု တွေ့သဖြင့် ကြည့်ကောင်းကောင်းနှင့်ငေးကာ ကြည့်နေသည်။

"ဘာဖြစ်ဘာလဲ မစားတော့ဘူးလား"

"ဟင့်အင်း တော်ပြီ။ နက်ဖြန်မနက်မှ အိမ်မိုးကိုပြီးအောင် မိုးပေးမယ်"

မာရီနာသည် စာပွဲနားသို့ ရစ်ဝဲရစ်ဝဲ လုပ်နေသည်။ မျက်နှာတွင်လည်း ပျားရည်ဆမ်းထားသလို ချိုအီနေသည်။ ထိုနောက် သူ့ရင်သား အိအိကြီးများဖြင့် အန်ဒရေး၏ ပခုံးကိုမှီကာ "ည ဒီမှာ မအိပ်တော့ဘူးလား" ဟု ခရာတာတာ မေးလေသည်။

"အိပ်ရမယ်ဆိုယင် အိပ်နိုင်ပါတယ်ဗျာ"

"ကျွန်မလို မုဆိုးမကို အမေးတယူ ခေါ်ပြောနေတာဘဲ ကျေးဇူးတင်လှပါပြီရှင်"

မာရီနာသည် မီးခွက်ကို ငြိမ်းကာ မှောင်ထဲတွင် အိပ်ရာပြင်လေသည်။ သူတို့သည် အိပ်ရာထက်တွင် ချစ်တင်း ဆိုကြလေသည်။

မာရီနာ၏ ယောကျ်ားသည် ထမင်းဆိုင်လေး တဆိုင်ထဲတွင် သေဆုံးခဲ့သည်။ မာရီနာသည် သူ့ယောကျ်ား သေဆုံးခဲ့ရပုံကိုလည်း ပြောပြသည်။ သူ့ယောကျ်ား သတ္တိကောင်းပုံကိုလည်း ပြောပြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အန်ဒရေးသည် ထိုအကြောင်းကို ယခင်က ကြားဘူးခဲ့လေပြီ။ မာရီနာ၏ ယောကျ်ားနှင့် တတပ်တည်း အမှုထမ်းခဲ့ကြသည့် သူတို့ရွာမှ ကော့ဆက်များက ပြော ပြသဖြင့်ကြားခဲ့ဘူးခြင်းဖြစ်သည်။ကင်းလှည့်ထွက်ရာတွင် သူတို့တပ်သည် တပ်နီတော်နှင့် တွေ့သည်။ တပ်နီက နှစ်ဆ အင်အားများသည်။ စက်သေနတ်နှင့်ပစ်ရာတွင် ကော့ ဆက် တပ်သား လေးယောက် ကျဆုံးသည်။ မစ်ခေးကိုကား လက်ရဖမ်းရန် ကြိုးစား သည်။ မစ်ခေးသည် မြင်းဖြင့် ထွက်ပြေးသည်တွင် သေနတ်မှန်သည်။ သို့သော် ပခုံးကို ရှပ်၍သာမှန်သည်။ တပ်နီတော်က အကောင်းဆုံး မြင်းစီးသမား တယောက်ကို လိုက် စေသည်။ ကံဆိုးမိုးမှောင် ကျသည်ဟုဆိုရမည်။ မစ်ခေး၏ မြင်းသည် ကျင်းတခု တွင် ခွေ၍ လဲသည်။ ထိုအခါ မစ်ခေးလည်း မြင်းပေါ်က ကျကာ ခြေကျိုးသည်။

အန်ဒရေးသည် ထိုအကြောင်းကို ပြန်၍ စဉ်းစားမိယင်း မြုံးမိသည်။

မာရီနာသည် အိပ်ရာတွင် စကားစ မကုန်သေးဘဲ တတွတ်တွတ်ဆက်၍ ပြော နေသည်။ ထိုနောက် အန်ဒရေးအနားသို့ တိုးလာသည်။ သူ့မျက်လုံး အစုံသည် မြင်း ပေါက်မလေး၏ မျက်လုံးကဲ့သို့ အရောင်လက်နေကြသည်။ သူသည် အန်ဒရေး၏ ရင်ပြင်ကျယ်ကြီးကို ဝင်၍ ခွေ့နေသည်။ ထိုနောက် တတွတ်တွတ် ပြောပြန်သည်။ လင်းကြက်တွန်သည်တိုင် ပြော၍ မဆုံးနိုင်သေး။

"မနက်ကျတော့ အပြီးသတ် မိုးရအောင် လာခဲ့မယ်ပေါ့"

"လာမှာပေါ့"

"လာမနေပါနဲ့တော့လား"

"ဘာလို့လဲ"

"အို ရှင့်ကိုယ်ရှင် ကောင်းကောင်း အိမ်မိုးတတ်ပြီ ထင်နေလိုက်တာ။ရှယ်ရှူကာ ဆိုတဲ့ အဖိုးကြီးက ရှင့်ထက် တတ်သေးတယ်။ ရှင်မိုးသွားတာ အသစ်တခါ ထပ်မိုးရ အုံးမှာဘဲ"

နောက်နှစ်ရက် အကြာတွင် အဖိုးအို ရှယ်ရှူကာသည် မာရီနာ၏အိမ်ကိုအသစ် ပြင်၍ မိုးသည်။

ထိုနောက် အန်ဒရေးသည် မာရီနာ့ထံသို့ နေ့တိုင်းရောက်သည်။ ညတိုင်း ရောက်သည်။ သူ့ထက် အသက် ဆယ်နှစ်ခန့် ကြီးသည့် မုဆိုးမ၏ အယုအယတွင် အန်ဒရေး ကြည်နူးမိသည်။ မာရီနာ၏ အချစ်သည် နှင်းဆမ်းသဖြင့် ရဲတွတ်နေသော ဆောင်းတွင်း ပန်းသီးကြီးနှင့်တူသည်ဟုထင်မိသည်။

သူတို့သတင်းသည်ရွာတွင် ချက်ချင်းပြန့်သွားသည်။ ရွာက မေးငေါ့ကြသည်။ အန်ဒရေး၏ အမေက မျက်ရည် တရွှဲရွှဲဖြင့် အိမ်နားချင်းတို့ကို တိုင်တည်သည်။

"အမယ်လေးကွယ်၊ ရှက်စရာ ကောင်းလိုက်တာ။ဒီလို သူ့ထက်ကြီးတဲ့ မုဆိုးမ ကိုမှ ကြိုက်ရတယ်လို့။ မိန်းမ ရှားသမို့လားအေ" ကြာသော် သူ့အမေသည် ပါးစပ်ပိတ်၍ နေလိုက်သည်။ တဖက်အိမ်က နယာကာဆိုသည့် မြီးကောင်ပေါက်မ လေးသည် အန်ဒရေးကို မျက်နှာချင်းမဆိုင်ဘဲ ရှောင်ဖယ် ရှောင်ဖယ် လုပ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အန်ဒရေးက သူ့ကို ပြုံတီတီ စဘူးသည်။ သို့ရာတွင် တနေ့၌ကား မျက်နှာချင်းဆိုင် တွေ့ကြသည်။ ထိုအခါ နယာကာ၏ မျက်နှာသည် ညိုးလျော်နေသည်။

"ရှင့်ကို အမကြီးက မုန့်ပေး ကြိုက်သွားတယ်ပေါ့" သူ့မျက်နှာမှာ ပြုံးနေသော်လည်း သူ့နှုတ်ခမ်း နှစ်ခုသည် တဆတ်ဆတ် တုန်လာသည်။ မျက်ရည်ပေါက်တို့သည်လည်း ထိန်းခြင်း၊ သိမ်းခြင်း၊ ချုပ်တီးခြင်းငှာ မစွမ်းတော့ဘဲ အဖြိုင်ဖြိုင် စီးကျသည်။

အန်ဒရေးက ရယ်စရာ နောက်စရာ လုပ်ကာ ပြန်၍ ဖြေသေးသည်။

"ရှင့်မှာ ဗိုက်ထက် ငယ်တာ ရှာမတွေ့နိုင်တော့ဘူးတဲ့လား" ဟု နယာကာက ငေါ့သည်။

"အေးကွယ် ငါ့လဲ ကြည့်ပါအုံး" ဟု အန်ဒရေးက ဆိုကာ သူ့ခေါင်းက ဦးထုပ်ကို ချွတ်၍ ပြသည်။ သူ့ဆံပင်တို့သည် ကြောင်ကြားနေပြီ။ အချို့သည် အဖြူဖက်သို့ လှ၍ နေကြပြီ။

ကလေးမသည် ဒေါသ ထွက်ကာ "ကျမဟာ အမိုက်မဘဲ။ ဆံဖြူ ဆံကြောင်ကိုမှ ကြိုက်မိတဲ့ အမိုက်မဘဲ။ ဒါဟာနောက်ဆုံး နှုတ်ဆက်တာဘဲ။ သွားမယ်" ဟု ဆိုယင်း ချာကနဲ လှည့်ထွက် သွားလေသည်။

ထိုနောက် မာကာ နာဂူလော့နှင့် တွေ့သည်။ "ကျုပ်တော့ သိပ်သဘော မတူလှဘူး အန်ဒရေး။ ခင်ဗျားကို တပ်ကြပ်လုပ်ခိုင်းမှာဘဲ။ ပြီးတော့ ခင်ဗျား ပစ္စည်းရှင် ဖြစ်လာမှာပေါ့ဗျာ" ဟု ဆိုသည်။ ပြီးမှ "ကျွန်တော် အလကား ရယ်စရာ ပြောတာပါဗျာ" ဟု လျှောချသည်။

"ကဲ ကဲ အန်ဒရေး။ မိသား ဖသား ပြုံပြုံ တောင်းရမ်းသာ ယူပေတော့။ ငါ့သား ယူလာယင် ငါ့ချွေးမပေါ့ကွယ်" ဟု အန်ဒရေး၏ အမေအိုကနောက်ဆုံးတွင် ခွင့်ပြုသည်။

"အိုဗျာ အလကားနောက်ကြတာပါ" ဟု အန်ဒရေးက ရှောင်ဖယ်ရှောင်ဖယ် လုပ်နေပြန်သည်။

သို့တိုင်အောင် **အန်ဒရေးသည် မာရီနာနှင့်** အဆက်အသွယ် မပြတ်။ မာရီနာသည် သူ့ကို အစစအရာရာ ဂရုစိုက်သည်။ သူ့ကိုအရိပ်တကြည့်ကြည့် လုပ်နေသည်။ ကြာသော် မနာလို တိုရှည်စိတ် ဝင်လာကာ အန်ဒရေး သွားလေရာသို့ လိုက်သည်။ အန်ဒရေးအား လက်လွှတ်ရမည်ကို စိုးရိမ်လာသည်။ အန်ဒရေး အစည်းအဝေး သွားလျှင် မာရီနာနောက်ကပါလာသည်။ မိန်းကလေးကြီးငယ်များနှင့် ဒွေးရော ရှက်တင်နေသည်ကို မကြည်ဖြူနိုင်။ ပထမတွင်အန်ဒရေးက ထိုအပြုအမူမျိုး မကြိုက်ကြောင်း ဆူပူသည်။ ကြာသော် လက်လျှော့လိုက်ရသည်။ မာရီနာက သူ့အား ဤမျှ ထိုမျှ စွဲလမ်းနှစ်သက်နေသည်ကိုပင် ဂုဏ်ယူချင်သလိုလိုရှိလာသည်။ မာရီနာက သွားလေသူ မစ်ခေး၏ အဝတ်များကို အန်ဒရေးအားထုတ်၍ဆင်ပြင်သည်။ ထိုအခါမှစ၍ အန်ဒရေးသည် ဂရယ်မျချီရွာတွင်း၌တပ်ကြပ်ကြီးဝတ်စုံအဟောင်းဖြင့်လမ်းသလားနေလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အန်ဒရေးသည် လယ်တောကပြန်လာလျှင် မာရီနာဖို ယုန်တကောင်ဖမ်း၍လာတတ်သည်။ အမေအိုကြီးအားလည်း တချို့တဝက် ပေးသည်။ ထိုအခါ မာရီနာက ကြည်ဖြူဟန်ပြုသည်။ သို့သော် ဝမ်းထဲ၊မှု ယောက္ခမကြီးကို မနှစ်သက်လှ။

မာရီနာသည် လယ်ယာလုပ်ငန်းတွင်လည်း ကျွမ်းကျင်သည်။ ဂျုံနှယ်တတ်သည်။ ကောက်လှိုင်းသယ်သည်။ မြင်းကိုပင် ယောကျ်ား တယောက်နီးပါး နိုင်နင်းအောင် ကိုင်နိုင် ထိန်းနိုင်သည်။

သို့နှင့် ကာလ ပြောင်းလာသည်နှင့် အမျှ အန်ဒရေးသည် မာရီနာ့ အပေါ် သံယောဇဉ်ကြီးလာသည်။ သွားလေသူ မယားကြီးကိုပင် မေ့လျော့စ ပြုလာသည်။ သူ့ရန်သူ အနိကေး၏ သားကြီးကို တွေ့လျှင်ကား အနာဟောင်း ပြန်ပေါ် လာ တတ်သည်။

ဤသို့ဖြင့် အန်ဒရေးသည် မာရီနာ့အပေါ် သံယောဇဉ်ကြီး တင်းယင်း ဝမ်းရေးအတွက်သည်း လုံးပန်းရသည်။ နေ့စဉ်လယ်ဆင်းရသည်။ သို့သော်အခမွဲအခတောင် မပြောင်လှသေး။

× × ×

အစည်းအဝေးပြီးလျှင် အန်ဒရေးသည် မာရီနာ၏ အိမ်သို့ သွားသည်။ မာရီနာသည် ဗိုင်းငင်ယင်း သူ့ကိုစောင့်နေသည်။ တအိမ်လုံး တိတ်ဆိတ်နေသည်။ ဗိုင်းငင်သံ တကျီကျီကိုသာ ကြားရသည်။ တဲအလယ်၌ မီးလင်းဖိုတခုရှိသည်။ ဆိတ်ငယ် ကလေး တကောင်သည် အိပ်ရာထက်သို့ ခုန်တက်ဆော့ကစားနေသည်။

အန်ဒရေးသည် မျက်မှောင်ကြုတ်ကာ "ခဏ ရပ်လိုက် စမ်းပါအုံး ကွယ်"ဟု ပြောသည်။

"အစည်းအဝေးမှာ ဘာပြောကြသလဲ"

"နက်ဖြန်ကစပြီး ကုလတ်တွေကို ဆော်မယ်"

"တကယ်လား"

"အစည်းအဝေးတက်ကြတဲ့ ဆင်းရဲတဲ့လယ်သမားအားလုံး စုပေါင်းလယ်ယာကိုဝင်ကြတယ်"

ထိုနောက် အန်ဒရေးသည် အိပ်ရာထက်တွင်လဲကာ အိတ်ထဲမှ စာရွက်များကို ထုတ်၍ မာရီနာ့လက်သို့ ပေးလိုက်သည်။ "မင်းလဲ နက်ဖြန်ကျတော့ လျှောက်လွှာ တင်ပေါ့"

"ဘာလျှောက်လွှာလဲ"

"စုပေါင်းလယ်ယာအသင်းဝင်ဖို့လေ"

မာရီနာ၏မျက်နှာသည် နီရဲသွားသည်။ ရစ်ကို ဆောင့်ဘွန်း ပစ်လိုက်သည်။

"ရှင်ရူးများနေသလား။ ကျွန်မဘာလို့ ဝင်ရမှာလဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အိုကွယ် ဒါတွေပြောမနေနဲ့။ ဝင်သင့်မဝင်သင့် ငြင်းမနေနဲ့။ မင်းစုံပေါင်းလယ်ယာအသင်းဝင်ဖြစ်ရမယ် ဒါဘဲ။ကြည့်စမ်းပါအုံး။ သူများတော့အသင်းဝင်ခိုင်းပြီး မာရိနာကိုတော့ မဝင်စေဘူးလို့ အများက ပြောကြလိမ့်မယ်။ အဲဒါ ငါမခံနိုင်ဘူး။ ငါစိတ်မလုံဘူး"

"အို ကျွန်မ မဝင်ဘူး။ ရှင်ဘာပြောပြောမဝင်ဘူး" မာရိနာသည် သူ့အနားက ဖြတ်၍လျှောက်သွားယင်း ပြောသည်။ သူ့ကိုယ်နံ့သည် အန်ဒရေး၏ နှာခေါင်းထဲတွင် မွှေးပျံ့ကျန်ရစ်ခဲ့သည်။

"အေးလေ၊ဒါဖြင့်ကြည့်သေးတာပေါ့။ အေး ဒါဟာနောက်ဆုံးနှုတ်ဆက်ခြင်းဖြစ်မှာဘဲ"-

"ဒါက ဘာလဲ ခြိမ်းခြောက်တာလား"

"အို ခြိမ်းခြောက်တာမဟုတ်ပါဘူး။ ဒါပေမယ့်လဲ တခြားနည်းလမ်းရှာလို့ မတွေ့ဘူး။ ဒါဘဲ"

"ဒါဖြင့်လဲသွားပေါ့။ သူတို့ကကျွန်မနွားတွေယူသွားမယ်။ကျွန်မမှာဘာကျန်ရစ်မလဲ။ ရှင်ဒီလာတော့ စားစရာတောင်းယင် ကျွန်မ ဘာပေးရမလဲ"

"ရတဲ့နွားနို့ကိုဘဲ ဝေခွဲမျှတပြီးစားကြမှာပေါ့"

"အမယ်လေးဟဲ့။ ဒါဖြင့်အိမ်ကမိန်းမတွေကိုလဲ ဝေခွဲမျှတပြီး စားကြအုံးမှာတဲ့လား။ ဒါ့ကြောင့် ရှင်က ကျမကို ခြိမ်းခြောက်နေတာကိုး"

"တော်ဟေ့။ တယ် ငါရိုက်မိတော့မယ်"

အန်ဒရေးသည် စိတ်ပျက်လာသည်။ စိတ်အားလျှော့လာသည်။

'မာရိနာကတောင် ငြင်းဆန်နေယင် ကျန်တဲ့လူတွေကိုလဲ အတော် တရားချရအုံးမယ်။ နက်ဖြန်အစည်းအဝေးမှာ ဘာတွေဖြစ်ကြမယ်မသိဘူး' ဤသို့ စဉ်းစားယင်း အိမ်သို့ပြန်လာခဲ့သည်။အိပ်ရာထက်တွင် အိပ်သော်လည်း မပျော်။ နက်ဖြန် အတွက် တွေး၍ပူမိသည်။ ဒါဗီးဒေါ့ဆိုသည့် ရဲဘော်သည် ခေါင်းမာမာဖြစ်သည်။ အပြောရ အဆိုရ ခက်သည်ဟုထင်သည်။ အစည်းအဝေးတွင် အလယ်အလတ် လယ်သမားတို့နှင့် ဒါဗီးဒေါ့တွေ့လိမ့်မည်။သူအပြောအဆိုမတတ်သဖြင့်ထိုလယ်ရှင်ကလေးတို့က စုပေါင်းလယ်ယာကို ဝင်ကြမည် မဟုတ်။ သို့ရာတွင် ဒါဗီးဒေါ့၏ မျက်နှာကို ပြန်၍မြင်ယောင်လာပြန်သည်။ သတ္တိရှိသည့်မျက်နှာ၊ တည်ကြည်သည့်မျက်နှာ။ ထို့ပြင် လိမ္မာပါးနပ်သည့် မျက်လုံး၊ အမြော်အမြင်ရှိသည့် မျက်လုံး အကြည့် စသည်တို့ကို မြင်ယောင်လာသည်။ ထိုမှတဖန် အစည်းအဝေးတွင် လုဗစ်ရှကင် စကားပြောနေစဉ် နာဂူလော့ကို ကျော်၍ သူ့အား "ဒီပါတီဝင်ဟာ မဆိုးဘူးဗျ။ ခင်ဗျားတို့က သူ့ကိုပစ်ထားဟန်တူတယ်။ ပညာပေးရမယ်ဗျ။ ဒီလိုဆိုယင် တော်လာမယ်"ဟု ပြောသည်ကိုပါ ကြားယောင်မိပြန်သည်။ ထိုအခါ "အို ဒါဗီးဒေါ့ကြောင့်တော့ အခြေအနေ မဆိုးတန်ရာပါဘူး။သူ့ကို ထိန်းရမှာဘဲ။ ဒါမှ ဒ္ဒိုလှည်းကြီး မမှောက်မှာ" သို့နှင့် စိတ်ချမ်းသာလာကာ အိပ်ပျော်သွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နောက်တနေ့နံနက် ခုနစ်နာရီခန့်တွင် ဒါဗီးဒေါ့သည် ဆိုဗီယက်အဖွဲ့ရုံးသို့ ရောက်လာသည်။ထိုအချိန်တွင် ဂရယ်မျချီ ရွာသား ဆင်းရဲသော လယ်သမား ဆဲ့လေးယောက် ရောက်နေကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ မနက်ကြီးကတဲက စောင့်နေတာဗျ" လုဗစ်ရှကင်က ဒါဗီးဒေါ့၏ လက်ကိုဆုပ်ကိုင်ရင်းပြောသည်။

"ကျုပ်တို့ ဒီနေ့စကြမယ်လေ"ဟု အဖိုးကြီး ရှယ်ရှုကာက ဆိုသည်။

ဒါဗီးဒေါ့ ရောက်လာသည့်နေ့က အဖွဲ့ရုံးရှေ့တွင် စကားလက်ဆုံကြသူမှာ သူပင်ဖြစ်သည်။ ထိုအချိန်ကစ၍ ဒါဗီးဒေါ့ဆိုသည့် ခရိုင်ကလာသော ကိုယ်စားလှယ်ကြီးသည် သူနှင့် ပထမဆုံးရင်းနှီးသူဟု ယူဆနေသည်။ အခြားသူများထက်ပို၍ ရင်းနှီးသည်။ ထို့ကြောင့် ဖက်လှဲတကင်း ပြောသည်။ ဆိုသည်။ ဒါဗီးဒေါ့ မရောက်လာမီက "အခြေအနေအားလုံးကို ကျုပ်နဲ့ ဒါဗီးဒေါ့ ဆွေးနွေးပြီးခဲ့ကြပြီ။ ကျုပ်တို့ အကြာကြီး စကားပြောခဲ့ကြတာလားဗျ။ စုပေါင်း လယ် ယာ အသင်းဖွဲ့ဖို့ ဆိုပါတော့ဗျာ။ သူက ရယ်စရာ ပြောတတ်တယ်ဗျ။ ကျုပ်လိုဘဲ"ဟု လေသံမြင့်မြင့် ပြောသည်။

ဒါဗီးဒေါ့သည် ရှယ်ရှုကာကို ကုက်အင်္ကျီ အဖြူကြီးကြောင့် မှတ်မိနေသည်။ အဖိုးကြီးကို တချက်တော့ ပိတ်၍တွယ်လိုက်သည်။

"အားဟိုနေ့ညနေကတွေ့တာခင်ဗျားကိုး။ ကျွန်တော်နဲ့တွေ့တုန်းက စုပေါင်းလယ်ယာအသင်းဖွဲ့မယ်ဆိုတော့ ခင်ဗျားမျက်နှာမကောင်းပါလား။ခုတော့ ခင်ဗျားဘဲ အယင်ဆုံး စုပေါင်း လယ်ယာအဖွဲ့ဝင်ဖြစ်နေပြီ။ ကောင်းပါ့ဗျာ"

"ကျုပ်က အလုပ်များသားလားဗျ။ ဒါ့ကြောင့် အစည်းအဝေး မတက်နိုင်ဘဲ ပြန်သွားရတာ" ရှယ်ရှုကာသည် ညောင်နာနာ ပြောကာ ဘေးသို့ ဖဲ့ထွက်သွားသည်။

ကုလတ်တို့၏ပစ္စည်းများကို သိမ်းဆည်းရန် နှစ်စုခွဲသည်။ ပထမအစုသည် ရွာအထက်ပိုင်းတွင် တာဝန်ယူရမည်။ဒုတိယအစုသည် ကျန်တဝက်ကို တာဝန်ယူရမည်။ပထမအစုံတွင် နာဂူနော့ခေါင်းဆောင်ရမည်ဟုဒါဗီးဒေါ့က အဆိုတင်သည့်အခါငြင်းသည်။

"ဒါက ဘာဖြစ်တာလဲဗျ"ဒါဗီးဒေါ့က မကျေနပ်။

"ကျွန်တော် ဒုတိယအစုနဲ့ သွားမယ်ဗျာ"

"ဘာများထူးခြားလို့လဲဗျ"

နာဂူနော့သည် နှုတ်ခမ်းကို ကိုက်နေသည်။ ပြီးမှ"ကဲလေဗျာ သွားတာပေါ့။ ခင်ဗျားသိပါလိမ့်မယ်။ ကျွန်တော့် မိန်းမ လုရှကာ လေဗျာ။ သူက ကုလတ်ကြီး ဖရော်ဒမတ်စကော့ရဲ့သား တီမိုဖေးနဲ့နေတယ်ဗျ။ ကျွန်တော် အဲဒီအပိုင်းကို မသွားချင်ဘူး။လူတွေက ပြောကြလိမ့်မယ်။ ကျွန်တော် ဒုတိယအစုံနဲ့ဘဲသွားပါရစေ။ပထမအစုကို ရတ်ဇမျော့နော့ ခေါင်းဆောင်လိမ့်မပေါ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အို ဘာဖြစ်လဲဗျ။ လူတွေပြောတာ ဂရုစိုက်စရာလား။ ဒါပေမယ့် အတင်း မတိုက်တွန်းပါဘူး။ ကျွန်တော်နဲ့အတူ ဒုတိယ အစုမှာ လိုက်ခဲ့တာပေါ့"

ထိုနေ့မနက်က ထမင်းကျွေးရာတွင်နာဂူနေ့၏မိန်းမကိုသတိထား ကြည့်မိသည်။ သူ့ပါးတွင် အနာတခုတွေ့ရသည်။ ယင်းကို သတိရလာကာ "ခင်ဗျား တီးထားလို့ မျက်နှာညိုမဲနေတာနဲ့တူတယ်။ ဟုတ်လား"ဟု နာဂူနေ့ကို မေးကြည့်သည်။

"ကျွန်တော် မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့လက်ချက်လဲဗျ"

"သူ့လက်ချက်နေမှာပေါ့"

"ဘာရယ်ဗျ။ ဘယ်က သူ့လက်ချက်လဲ"

"ဖရော်ရဲ့သား တီမိုဖေး"

ဒါဗီးဒေါ့သည် စိတ်ရှုပ်သွားကာ ခဏဆိုင်းနေသည်။ ပြီးမှ "ကဲ ကဲ လာကြ။ သွားမယ်။လုပ်စရာရှိတာ မြန်မြန်လုပ်မှဗျို့"ဟု အော်လေသည်။

နာဂူနေ့၊ ဒါဗီးဒေါ့၊ လုဗစ်ရှကင်၊ ရှယ်ရှုကာနှင့် အခြားကော့ဆက် သုံးဦး တို့သည် ဆိုဗီယက်အဖွဲ့ရုံးမှ ထွက်ခဲ့ကြလေသည်။

"ဘယ်သူ့အိမ် အယင်စမလဲ" ဒါဗီးဒေါ့သည် နာဂူနေ့ကို မကြည့်ဘဲ မေး သည်။ စောစောက ပြောဆိုခဲ့ကြသည်ကြောင့် သူတို့နှစ်ယောက်သည် အချင်းချင်း ကြောင်နေကြသည်။

"တစ်ကော့ဆီ သွားတာပေါ့"

သူတို့အဖွဲ့သည် ရွာလမ်းအတိုင်း သွားကြသည်။ စကားတခွန်းမျှ မပြောကြ။ အိမ်ပြတင်းပေါက်မှနေ၍ မိန်းမသားများက ပြူးတူးပြဲတဲ ကြည့်ကြသည်။ ကလေး တအုပ်သည် သူတို့နောက်က လိုက်လာသည်။ လုဗစ်ရှကင်က ထင်းထရံတချောင်းကိုဆွဲ နှုတ်သည်တွင် ကလေးများမှာရှဲသွားသည်။ တစ်ကော့အိမ်ရှေ့သို့ရောက်လျှင်နာဂူနေ့ က အားလုံးကိုပြောသလိုလိုပြောသည်။ "ဒီအိမ်က စုပေါင်းလယ်ယာအသင်းဌာနချုပ် လုပ်ဖို့ ကောင်းတယ်ဗျ။ ကြီးတယ်။ နောက်က တဲတွေကိုတော့ မြင်းဇောင်း လုပ် တာပေါ့"

တစ်ကော့အိမ်သည်ကြီးသည်။ ယင်းကို ရွာနီးချုပ်ပေကဝယ်လာခဲ့သည်။လယ် သမားများ တော်ပြန်ကြသည့် ၁၉၂၂-ကဖြစ်သည်။ နွားတကောင် ဂျုံတဟန္ဒြီတ်ပေး ရသည်။ မတန်တဆ အပိုင်စီးလာခြင်းဖြစ်သည်။ ထိုနောက် အိမ်ရှင် တအိမ်ထောင်လုံး သေဆုံးသွားသဖြင့် တစ်ကော့ကို ခုံရုံးတင်ကာတရားစွဲသူမရှိ ဖြစ်သွားရသည်။ ထိုအိမ် ဟောင်းကို ဂရယ်မျခီသို့ သယ်ခဲ့ကာနောက်ဘေးဖက်က တဲများထိုးသည်။မြင်းဇောင်း တခုဆောက်သည်။ စလပ် အက္ခရာများဖြင့် ရေးထားသည့် ဆိုင်းဘုတ်တခုကို အိမ်ရှေ့ ဘက်တွင် တွေ့ရသည်။

တီ၊ကော၊ဗိုရိုဒင်။ ၁၉၂၃ အေဒီ။

---

ပုစံဘော့ဗျော်ဇိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဗီးဒေါ့သည် အိမ်ကြီးကို အထူးအဆန်းသဖွယ် ကြည့်ရှုသည်။ ပထမဆုံးဝင်းတံခါးမှ ဝင်သူမှာ နာဂူနေ့ဖြစ်သည်။ တံခါးဖွင့်သံမြည်သွားသည်တွင် နောက်ဘေးက ဂရေးဟောင်း သမင်ခွေးကြီး တကောင် ထွက်လာ ပြီးလျှင် ဟိန်းဟောက်သည်။

"ဒီကောင် ဟပ်မိယင်တော့ လွတ်မှာမဟုတ်ဘူးဗျို့"ဟု ရှယ်ရှူကာက နောက်လိုက်သည်။

သူတို့သည် အိမ်ထဲသို့ အစုလိုက် ဝင်သွားကြသည်။ တစ်ကော့ မိန်းမက မဖိတ်မကြားဘဲဝင်လာကြသည့်ဧည့်သည်များကို မလိုတမာမျက်လုံးဖြင့်ကြည့်သည်။

"တစ် ရှိလား" နာဂူနေ့က မေးသည်။

"မရှိဘူး"

"ဒါဖြင့် ဘယ်သွားလဲ"

"မသိဘူး"

"ကျုပ်တို့လာတဲ့အကြောင်းသိရဲ့လား။ ပါဗီလက်မှာ ကျုပ်တို့" ရှယ်ရှူကာက စကားစသည်တွင် နာဂူနေ့က မျက်စောင်းထိုးလိုက်သဖြင့် ရပ်သွားပြီးလျှင် ခုံတခု၌ထိုင်ကာ ချောင်းဆိုးနေလိုက်သည်။ ရှယ်ရှူကာ၏ ဟန်အမူအရာသည် ခပ်တင်းတင်းပင်ဖြစ်သည်။

"မြင်းတွေအိမ်မှာရှိရဲ့လား" အိမ်ရှင်မ၏ မျက်နှာထားကြောင့် နာဂူနေ့က မေးမြန်းသည်။

"ရှိသားဘဲ"

"နွားတွေရော"

"မရှိဘူး။ ရှင်တို့ဘာလို့လာကြတာလဲ"

"ခင်ဗျားက " ရှယ်ရှူကာက စပြန်သည်။ ထိုအခါ လုဗစ်ရှကင်ကအဖိုးကြီး၏ အင်္ကျီစကိုဆွဲကာ တံခါးဝဆီသို့ ခေါ်သွားသည်။

"နွားတွေဘယ်မှာလဲ"

"တစ် မောင်းထုတ်သွားတယ်"

"ဘယ်ကိုမောင်းသွားသလဲ"

"ပြောပြီးကောဟာ။ ကျွန်မ မသိဘူး"

နာဂူနေ့သည် ဒါဗီးဒေါ့ကို မျက်စိမှိတ်ပြပြီးလျှင်အပြင်ဖက်သို့ထွက်လာသည်။ အပြင်ဖက်တွင် အဖိုးကြီး ရှယ်ရှူကာကိုတွေ့လျှင် "ခင်ဗျားကြီးပြောစရာလိုတဲ့အခါမှ ပြောပါဗျ"ဟု မုတ်ဆိတ်ကိုဆွဲကာ ပြောသည်။ ထိုနောက် ဒါဗီးဒေါ့အား "သိပ်တော့မဟာန်ဘူးဗျို့။ နွားတွေဘယ်ရောက်ကုန်ပြီလဲဆိုတာ ရှာကြရလိမ့်မယ်။ ဒီလူထုတ်သွားပြီနဲ့တူတယ်"ဟု ဆိုလေသည်။

"နွားတွေထုတ်သွားပြီ ဟုတ်လား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟုတ်မှာပေါ့။ ရွာထဲမှာ ရှိသမျှနွားတွေအနက် သူ့နွားတွေဟာ အကောင်းဆုံးဘဲ။ သူ့နွားတွေက ခင်ဗျား အရပ်ထက်တောင် မြင့်သေးတယ်။ အလွတ်မခံနိုင်ဘူးဗျ။ တစ်ကောင့်ကိုရော သူ့နွားတွေကိုပါ ရှာကြရမယ်"

လုဗစ်ရှကင်သည် အိမ်နောက်ဘေးက စပါးကျီသို့သွားကာ ဟိုရှာသည်ရှာရှာသည်။ ထိုနောက် တစည်းတခုကိုတွေ့ရသည်နှင့် ယူလာပြီးလျှင် ခွေးသမင်ကြီးကို ချီထားသည့် သံကြိုးကိုဖြုတ်လိုက်သည်။ နာဂူနေ့လက်တွင် ခွေးကိုဆွဲလာသည်။ ထိုနောက် မြင်းတကောင်ကိုထုတ်လာပြီးလျှင် မြင်းပေါ်သို့လွှားကနဲတက်ကာ ထွက်ဟန်ပြင်လေသည်။

"ဘယ်လိုလုပ်တာလဲ မာကာ။ သူများမြင်းကိုအခွင့်မတောင်းဘဲ ရှင်ဘယ့်နှယ် လုပ်ပြီးစီးရတာလဲ။ ကျုမ ယောကျ်ားပြန်လာယင် ရှင့်ကိုတိုင်မယ်။ ရှင်နဲ့တွေ့မှာဘဲ" တစ်ကော့ မိန်းမက အိမ်ဝသို့သွားကာ ဆူပူကြိမ်းမောင်းသည်။

"ဆူမနေပါနဲ့ဗျာ။ ခင်ဗျားယောကျ်ားအိမ်မှာရှိနေယင် ကျုပ်နဲ့ အယင်တွေ့မှာဘဲ။ ရဲဘော်ကြီး ဒါဗီးဒေါ့ရေ လာဗျို့ သွားကြရအောင်"

နာဂူနေ့ ဘာလုပ်နေမှန်း မသိသဖြင့် ဒါဗီးဒေါ့သည် စိတ်ရှုပ်နေသည်။

"ဟောဒီမှာ နွားခြေရာတွေ လက်လတ်ဆတ်ဆတ် ရှိသေးတယ်ဗျ။ နွားတွေကို ထုတ်သွားတယ်လေ။ ဒီလူ သတင်းရဟန်တူတယ်။ အဲဒါ ကျွန်တော် လိုက်အုံးမယ်။ ဘယ်မှ မပြေးနိုင်ပါဘူးဗျာ။ ခင်ဗျား ကော်ရှက်တော့ အိမ်ကိုသွားပေတော့။ ဟုတ်လား"

နာဂူနေ့သည် လမ်းမကြီးဆီသို့ ထွက်လာသည်။ ထိုနောက် မြင်းကို ဒုန်းစိုင်းသည်။ သူ့နောက်တွင် နှင်းပွင့်များ ဖွာရာကြဲ၍ ကျန်ခဲ့သည်။ နွားခြေရာများသည် တဖြေးဖြေးမှိန်လာသည်။ တဖန်လမ်းမကြီးမှ တူဗျန်စကွင်ဖက်သို့ ဂိုက်နှစ်ရာခန့် ခွဲထွက်လိုက်သည်တွင် နွားခြေရာ မှိန်မှိန်ကိုတွေ့ရပြန်သည်။ သူတွေးသည့် အတိုင်းပင် ထိုနေရာ၌ ရှိနေမည်ဟု ခိုင်မာလာသည်။

သို့ရာတွင် အတန်ငယ်သွားလျှင် ခြေရာပျောက်သွားပြန်သည်။ ထို့ကြောင့် လူသွားလမ်းရှိရာသို့ ပြန်လှည့်ခဲ့ပြန်သည်။ တစ်ကော့သည် တောင်ကုန်းဆီသို့ နွားများကို မသွားကာ သူ့မိတ်ဆွေများရှိရာ ဗိုင်းစကိုဗိုင်ရွာဆီသို့ သွားခြင်းဖြစ်ရမည်။ ထို့ကြောင့် တောင်ကုန်းလေးကိုတက်ကာ တဖက်သို့ ဆင်းခဲ့သည်။

တောင်ကုန်းတဖက် ချောင်းကောတခုအနီးတွင် နွားချေးပုံလတ်လတ်ဆတ်ဆတ်ကိုတွေ့ရပြန်သည်။ထို့ကြောင့် နာဂူနေ့သည် ခြောက်လုံးပူးကို ဆုပ်ကိုင်လိုက်သည်။ ထိုနောက် ချောင်းကောအတိုင်းဆက်၍ စီးသွားသည်။ တခေါ်လောက် သွားမိလျှင် ဝက်သစ်ချပင်ခြေတခု၌ မြင်းတကောင် နွားတရှဉ်းနှင့် လူဘယောက်ကို လှမ်း၍မြင်ရသည်။ မြင်းပေါ်ကလူသည် လက်ထရမ်းရမ်း နွားများကို မောင်းနေသည်။ စီးကရက်မီးခိုးသည် ဝေ့ဝိုက်ကာ နာဂူနေ့ရှိရာသို့ လွင့်လာသည်။

"ဟေ့ ပြန်လှည့်ခဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



တစ်ကောင့်သည် အသံကြားသဖြင့် ဘေးဘီကြည့်ကာ စီးကရက်တိုကို လွှင့်ပစ်လိုက်သည်။ထိုနောက် မြင်းကို ဖြေးညှင်းစွာစီး၍ ထွက်လာသည်။

"ဘာလဲဗျ။ ဘာဖြစ်တာလဲ"

နာဂူနော့သည် တစ်ကောင့်တူရှသို့သွားသည်။

"အော် ခင်ဗျားကိုး။ ဘယ်သွားမလို့လဲ"ဟု နာဂူနော့ ကမေးလေသည်။

"နွားတွေရောင်းမလို့ မာကာ"

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်နေကြသည်။ မြင်းပေါ်ကမှ နှစ်ယောက်စလုံး မဆင်းကြ။ မြင်းနှစ်ကောင်ကား တကောင်နှင့် တကောင် တရှူးရှူးလေမှုတ်ထုတ်ကာ နှုတ်ဆက်နေကြသည်။ နာဂူနော့၏ မျက်နှာတွင်ဒေါသ ရိပ်သန်းနေသည်။ သို့သော် တစ်ကောင့်ကား အေးဆေးတည်ငြိမ်လှသည်။

"ကဲ၊ ခင်ဗျားနွားတွေ အိမ်ပြန်မောင်းခဲ့ပေတော့"

နာဂူနော့၏ အသံသည် အမိန့်ပေးသံဖြစ်သည်။

တစ်ကောင့်သည် ငေးတိငိုင်တိုင် ဖြစ်နေသည်။မလှုပ်မရှားသေးဘဲ ခေါင်းကြီးကို ငိုက်စိုက်ချကာ တစုံတခုစဉ်းစားနေဟန်တူသည်။ နာဂူနော့ကား သူ့ကို မျက်ခြေပြတ်မခံဘဲ ကြည့်နေသည်။ ထိုနောက် ခဏအကြာတွင် တစ်ကောင့်သည် အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ နွားများလာလမ်းဘက်သို့ မောင်းထုတ်လေသည်။

"ကျုပ်နွားတွေကို သိမ်းသွားမလို့ပေါ့ ဟုတ်လား။ ပြီးတော့ ခင်ဗျားတို့က ကျုပ်ပစ္စည်းတွေကို သိမ်းအုံးမယ်ပေါ့" တစ်ကောင့်သည် နာဂူနော့ကို စိုက်ကြည့်ရင်း မေးသည်။

"ဒါကို သိလို့ ခင်ဗျားထွက်ပြေးတာ မဟုတ်လား။ရုပ်ဖြူတပ်သားအကျင့်မျိုး ဘဲဗျာ"ဟု နာဂူနော့က ချုပ်တီးမရတော့ဘဲ အော်သည်။

တစ်ကောင့်ကား တောင်ကုန်းအတက်တလျှောက်လုံးလုံး စကားမပြောဘဲ လိုက်လာသည်။ မြင်းကုန်းနှီးတွင် ဖင်နေရာကိုသာ ပြင်သည့်အခါ ပြင်သည်။ ထိုနောက် ရုတ်တရက်ပင် "ကျုပ်ကိုရော ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲ"ဟု မေးသည်။

"ပြည်နှင်ဒဏ် ခတ်ရမှာပေါ့ဗျ။ ဟော ခင်ဗျားကုတ်အင်္ကျီအောက်က ဘာလဲ"

"သေနတ်လေ"ဟု ပြောကာ တစ်ကောင့်က ကုတ်အင်္ကျီကြယ်သီးကို ဖြုတ်၍ပြသည်။ အတွင်းအိတ်တွင် ဆင်စွယ်ရိုးတခုထွက်နေသည်ကို တွေ့ရသည်။

"ပေး ပေး ကျုပ်ကိုပေး" နာဂူနော့က လက်ကမ်း လိုက်သည်။ သို့သော် တစ်ကောင့်က လက်ကို ဖြည်းညှင်းစွာ ဖယ်ရမ်းလိုက်သည်။

"အို ဒါခင်ဗျားဖို့မဟုတ်ဘူး" သူ့ အသံသည် အေးဆေးလှသည်။ ထိုသို့ ပြောယင်း နာဂူနော့ကို ပြုံးထေ့ထေ့ မျက်နှာပေးဖြင့် စိုက်၍ကြည့်ပြန်သည်။ "ခင်ဗျားကို မပေးနိုင်ဘူး။ ခင်ဗျားတို့က ကျုပ်ပစ္စည်းတွေကို သိမ်းမှာမဟုတ်လား။ ဒါပေမယ့်သေ

www.facebook.com/NyisayEbookCreator
www.nyisay.com



နတ် တလက်တော့ ချန်ခဲ့အုံးမှာပေါ့ဗျာ။ ကုလတ်ဆိုတာ သေနတ်တလက်တော့ ရှိတာဘဲလို့ သတင်းစာတွေမှာ သူတို့ရေးကြတယ်မဟုတ်လားဗျ။ ဝမ်းရေးက ရှိသေးမို့လား။ ဒါနဲ့အသက်မွေးရမှာပေါ့ဗျာ။ကိစ္စမရှိပါဘူး။ ခင်ဗျားတို့ရွာက သတင်းထောက်တွေ သတင်းစာမှာ ရေးချင်သလို ရေးကြပါစေ၊ ကျုပ်ဂရုမစိုက်ပါဘူး”

တစ်ဒေကာ့သည် ခေါင်းကို တွင်တွင်ရမ်းကာ ရယ်လေသည်။သို့သော် နာဂူနေ့ က သေနတ်ကိုပေးရန် ဇွတ်အတင်း မတောင်းတော့ပေ။ ရွာသို့ ရောက်မှသာ မီးစင်ကြည့်၍ ကမည်ဟု စိတ်ကူးမိလေသည်။

“ကျုပ်ဘာလို့ သေနတ်ဆောင်သလဲလို့ ခင်ဗျား တွေးကောင်း တွေးမယ်။ သေနတ်ဆိုတာမျိုးဟာ လူကိုဒုက္ခပေးတတ်တယ်မဟုတ်လားဗျ။ ဒါပေမယ့် ကျုပ်အဖို့ သေနတ်ကိုင်ခဲ့တာ ကြာပြီဘဲ။ ပြည်တွင်းစစ်ဖြစ်ကထဲက ကိုင်ခဲ့တာဘဲ။ ခုမသုံးရတာ ကြာပြီမို့ သံချေးတောင် တက်နေသဗျာ။ ဒီလက်နက်ဟာ တနေ့ အသုံးဝင်ကောင်း ဝင်မယ်ဆိုတာ ခင်ဗျားမတွေးမိဘူး။ မနေ့က ခင်ဗျားတို့တိုင်ပင်နေတာ ကျုပ်ကြားတယ်။ ကုလတ်တွေကို စာရင်းရှင်းမလို့ဆိုဗျ။ ဒါပေမယ့် ဒီလောက် မြန်မယ်မထင်မိဘူး။ ဒီလိုမြန်မယ်မှန်းသိယင် မနေ့ညကထဲက နွားတွေဆွဲပြီး ထွက်သွားမှာပေါ့”

“ခင်ဗျားကို ဘယ်သူပြောသလဲ”

“အိုဗျာ ကောလဟာလတွေကတော့ အများကြီးဘဲ။ဒါနဲ့ ကျုပ်မိန်းမနဲ့တိုင်ပင်ပြီး နွားတွေကို ဘေးကင်းမယ့်ဆီပို့ဖို့ စီစဉ်ကြတာဘဲ။သေနတ်လဲ ဖွက်မလို့ ယူလာတာဗျ။ ခုတော့ ခင်ဗျားနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကို တိုးတော့တာဘဲ”

“ဒါရယ်စရာမဟုတ်ဘူး တစ်ကော့။ ခင်ဗျား သတိသာ ထားပေတော့”

“အို ခုမှ ရယ်စရာစကား ရှိသေးသဗျ။ ဘဝသစ်ရောက်အောင် တိုက်ခဲ့ခိုက်ခဲ့ရတယ်။ တရားတဲ့အစိုးရအတွက် ထောက်ခံခဲ့ရတယ်။ခုတော့ ကျုပ်တို့လည်ပင်း ကျုပ်တို့ကြိုးကွင်း စွပ်မိရက်သား ဖြစ်နေပြီဗျို့” တစ်ကော့၏ အသံသည် ပို၍ကျယ်လောင်လာသည်။

ထိုနောက် စကားမပြောတော့ဘဲ မြင်းကို ဖြည်းဖြည်းစီး၍ လိုက်ပါလာသည်။ သူ့မြင်းသည် နာဂူနေ့၏ မြင်းနောက်ကလိုက်သည်။ သို့သော် နာဂူနေ့က စောင့်၍ ခေါ်သည်။မျက်ခြည်လည်းမပြတ်မခံတော့။နွားများကား သူတို့ရှေ့က ပြေးနေသည်။

“သွားလေဗျာ။ ရှေ့ကသွားပါ” နာဂူနေ့၏အသံသည် မာလာသည်။ မျက်နှာသည်လည်း တင်းမာခက်ထရော်ရှိလာသည်။ လက်ကလည်း သေနတ်ရှိရာအိတ်ထဲသို့ ရောက်နေသည်။ သူသည် တစ်ကော့အကြောင်းကို ကောင်းကောင်းသိသူဖြစ်သည်။ “ခင်ဗျားနောက်ချန်နေမယ် စိတ်မကူးနဲ့။ ကျုပ်ကို စမ်းမယ် မကြံနဲ့။ ခင်ဗျားအသေဘဲ”

“ဘယ့်နှယ်လဲဗျာ။ ခင်ဗျားခုတလော တယ်ထန်နေပါလား” တစ်ကော့သည် ရှေ့က အမြန်စီးသွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

—၇—

အန်ဒရေးနှင့် သူ၏အဖွဲ့သည် ဖရော်ဒမတ်စကော့၏ အိမ်သို့ နေ့လယ်စာ စားချိန်တွင် ရောက်သွားကြသည်။ ထမင်းစားပွဲတွင် မိသားစု အစုံအညီတွေ့ရသည်။ ဖရော်သည် အိုမင်း ရင့်ရော်နေသော အဖိုးအိုဖြစ်သည်။ သူ့ မုတ်ဆိတ်မွေးသည် ပစောက်ပုံဖြစ်သည်။ ဘယ်ဖက်နှာရောင် အနည်းငယ်ချိုင့်နေသည်။ ငယ်ငယ်က သစ်သော့သီးပင်ပေါ်မှ လိမ့်ကျသည့်ဒဏ်ရာဖြစ်သည်။သို့ကြောင့်ပင် သူ့ကို အများက နှာခေါင်းပဲ့ ဖရော်ဟုပြောင်လှောင်၍ ခေါ်ကြသည်။ သူ့ မိန်းမသည် ခန့်ညားသည့် မိန်းမကြီးဖြစ်သည်။ မင်းကတော်ရုပ်ပေါက်နေသည်။ သူ့ သား တီမိုဖေးကား အသက် နှစ်ဆဲ့နှစ်နှစ်အရွယ်ရှိ လူငယ်ဖြစ်သည်။ ထိုနောက် စားပွဲတွင် သမီးငယ်ကိုလည်း တွေ့ရသည်။ သမီးငယ်သည် လင်ယူသားမွေးနိုင်သည့် အရွယ်ရောက်နေပြီ။

တီမိုဖေးသည် သူ့ အမေကဲ့သို့ပင် ထည်ဝါခန့်ညားသည်။ အန်ဒရေးတို့ကို မြင်လျှင် ဦးစွာ စားပွဲမှထသည်။ တီမိုဖေးသည် နှုတ်ခမ်းပါးနားကိုသုတ်ကာ ပြာပြာသလဲ ခရီးဦးကြိုပြုသည်။ "ထိုင်ကြပါခင်ဗျာ"

"ကျုပ်တို့ထိုင်ဖို့အချိန်မရဘူး"အန်ဒရေးက ဖိုင်တွဲမှစာရွက်တရွက်ကိုထုတ်လိုက်ကာပြောသည်။"ဂရယ်မျချီကျေးရွာက ဆင်းရဲတဲ့ လယ်သမားများက ဆုံးဖြတ်လိုက်တယ်။ ဒီရွာသား ဖရော်စမတ်စကော့ဟာ ဒီအချိန်ကစပြီး အခုနေတဲ့အိမ်ကဆင်းပေးရမယ်။ ဖရော်ရဲ့ အိုးအိမ်နဲ့ ပိုင်ဆိုင်တဲ့ပစ္စည်း အားလုံး ကျွန်ုပ်တို့ပါမကျန် ပြည်သူပိုင် သိမ်းလိုက်ပြီ။ ကဲ ဒီတော့ ပြီးအောင်စားကြပြီးအိမ်ပေါ်က ဆင်းသွားကြဖို့ဘဲ။ ခင်ဗျားတို့ပစ္စည်းတွေ စာရင်းလုပ်ရမယ်"

"ဒါက ဘာသဘောလဲဗျ"ဖရော်သည် စားယင်းတန်းလန်းကဇွန်းကိုပစ်ချကာ စားပွဲမှ ထလိုက်သည်။

"ခုကိစ္စက ခင်ဗျားတို့ကို ကုလတ်လူတန်းစားတရပ်အနေနဲ့ ချေမှုန်းတာဘဲ" ဒယွမ်ကာဥရှကော့က ရှင်းပြသည်။

ဖရော်သည် ဧည့်ခန်းသို့ထွက်သွားပြီးလျှင် စာရွက်တရွက်ယူ၍ ပြန်လာသည်။

"ဟောဒီမှာ ပြေစာ။ ခင်ဗျားကိုယ်တိုင် လက်မှတ်ထိုးပေါ့ ရတ်ဇမျော့နေ့"

"ဘာပြေစာလဲဗျ"

"ကျွန်တော့်ဆီက သီးထွက်အားလုံး အပြေရကြောင်း ပြေစာလေဗျာ"

"မဟုတ်ဘူး။ ခု ကျုပ်တို့လာတာက သီးထွက်အပ်ရေးနဲ့ ဘာမှမဆိုင်ဘူးဗျ"

"ဒါဖြင့် ဘာလို့ ကျုပ်က အိမ်ပေါ်ကဆင်းပေးရမှာလဲ"

"ဆင်းရဲတဲ့ လယ်သမားတွေ ရဲ့ အစည်းအဝေးက ဆုံးဖြတ်လိုက်တာလို့ ကျွန်တော် ပြောပြီကော"

"ဒီလိုဥပဒေမျိုးမရှိဘူး။ ဒါ ဓားပြတိုက်တာဘဲ၊ကျွန်တော် ခရိုင်ကော်မတီဆီ သွားမယ် အဖေ။ မြင်းကုန်းဘယ်မှာလဲ" တီမိုဖေးသည် မခံမရပ်နိုင်ဖြစ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟေ့ ခရိုင်ကော်မတီဆီကို သွားချင်ယင် ခြေလျင်ဘဲ သွားဖို့ရှိတယ်။ မင်း သွားဖို့ မြင်းမပေးနိုင်ဘူး" အန်ဒရေးသည် စာပွဲတွင်ထိုင်ကာ စာရွက်နှင့်ခဲတံကိုထုတ်၍ ရေးမှတ်ရန် ဟန်ပြင်နေရာမှ ပြောလိုက်သည်။

ဖရော်၏ပဲ့နေသော နှာခေါင်းသည် ရှုံ့တွရှုံ့တွ ဖြစ်လာသည်။ ခေါင်းကြီး သည်လည်း လှုပ်ရမ်းလာသည်။ ထို့နောက် ရုတ်တရက် ချက်ချင်းပင် ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲလဲကျသွားသည်။ပါးစပ်ကမူ တဖြစ်တောက်တောက် ရေရွတ်ကျိန်ဆဲနေသည်။

"ခွေးမျိုးတွေ ခွေးသားတွေ။ ငါ့ကို အနုကြမ်းလာစီးတာဘဲ။ငါ့ကို လာသတ် တာဘဲ"

"ထပါ အဖေရယ် ထပါ"ဟု သမီးငယ်က မျက်ရည်စက်လက်ဖြင့် ဖေးမသည်။

ဖရော်သည် ကြမ်းပြင်မှထကာ ခုံတန်းလျားတခုပေါ်၌ မလှုပ်မရှက် ထိုင်နေ လေသည်။ ဒယ့်မ်ကာနှင့် မစ်ခေးတို့ကား စာရင်းရေးမှတ်နေသော အန်ဒရေး ကြား လောက်အောင် ပစ္စည်းများကို တခုချင်း အော်၍ပြောသည်။ အဖိုးကြီးသည် ထိုင်နေ ရာမှ မျက်လုံးကိုမှေးယင်း ထိုအော်သံတို့ကို နားစွင့်နေလေသည်။

"သံခုတင်တလုံး။ ငှက်မွေး မွေ့ရာတခု။ ဧဂါင်းအုံးသုံးလုံး။ သစ်သားခုတင် နှစ်လုံး"

"ကြောင်အိမ်။ ပန်းကန်ခွက်ယောက်။ ပန်းကန်ခွက်ယောက် စာရင်း အပြည့် အစုံပေးရအုံးမလား အန်ဒရေး။ သောက်ကျိုးနဲ့ များပါလားဗျာ"

"ကုလားထိုင် ဆဲ့နှစ်လုံး။ ပက်လက် ကုလားထိုင် တလုံး။ အကော်ဒီယံကြီး တခု"

"ဟေး လူတွေ ဒါတော့ မပေးနိုင်ဘူး" တီမိုဖေးသည် အကော်ဒီယံကို ဆွဲလု သည်။ထိုပစ္စည်းသည် တီမိုဖေး၏အမြတ်နိုးဆုံး ပစ္စည်းဖြစ်သည်။ ဤပစ္စည်းကို တီးမှုတ် ကာ ရွာထဲက အပျိုများကို လူပျိုလှည့်ရသည်။တီမိုဖေးကား အကော်ဒီယံ အတီးတော် သဖြင့် ရွာ၏အပျိုများ ဝန်းကျင်တွင် ရေပန်းစားသူ ဖြစ်သည်။ ထို့ကြောင့် ဒယ့်မ် ကာ၏လက်မှ အကော်ဒီယံကို လုယူခြင်း ဖြစ်သည်။

"ဟေ့ ကောင် သေနာကျလေး ဖယ်စမ်း။နင့်ခေါင်းကို ရိုက်ခွဲလိုက်ရမလား"

"စမ်းကြည့်ပါလား။ မင်းခေါင်းကိုလဲ ငါက ရိုက်ခွဲလိုက်မှာပေါ့"

"အမေကြီး ကျွန်တော်တို့ကို သေတ္တာသော့ ပေးပါ"

"မပေးနဲ့ အမေ။ သူတို့မှာအခွင့်အရေးရှိယင် သူတို့ဖာသာ ရိုက်ချိုးပေစေ"

"ကျွန်တော်တို့ ပစ္စည်းတွေသိမ်းဖို့ သော့ရိုက်ချိုးခွင့် ရှိပါသလားခင်ဗျာ" တေမိမင်းသားဟု နာမည်ကြီးသော ဒမ်မစ်သည် သူ့အကွက်ဝင်လာပြီဖြစ်၍ ရှေ့သို့ တိုးလာယင်းမေးသည်။ သူသည်အရေးကြုံချင် ကူညီရန် ရောက်လာစမြဲဖြစ်သည်။ အခါတိုင်းတွင်မူ တေမိလိုစကားမပြောဘဲ ကော့ဆက်များအလယ်၌ ဆေးလိပ်မှိန်း ယင်း တုံဏှိဘာဝေနေတတ်သည်။ အစည်းအဝေးများတွင်လည်း စကားတခွန်းမျှ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြောသူမဟုတ်။အခြားလူများက မေးမြန်းသည်တိုင် ပြန်၍အဖြေပေးလေ့ရှိသူမဟုတ်။ ပြုံး၍သာ ကြည့်နေတတ်သည်။

ဒမ်မစ်အဖို့ ဤကမ္ဘာကြီးတခုလုံးသည် ဆူညံလှသည်ဟုထင်ပါသည်။ စိတ်ညစ်ညူးစရာကောင်းလောက်အောင်ပင် ကမ္ဘာကြီးသည်ဆူပူလှသည်။ အကာလ ညအခါမှာပင် အသံဗလံတို့မပျောက်။ ညဏ်တိတ်ဆိတ်ခြင်းအလှကို ဆူညံသံတို့က ဖျက်ဆီးသည်ဟု သူထင်သည်။ ထို့ပြင် စတက်မြက်ခင်းဒေသ၏ အေးချမ်းသာယာခြင်းကိုလည်း ဆူညံသံတို့ကပင် ဖျက်ဆီးသည်ဟု သူထင်သည်။ လူချင်း စကားပြောကြသံကိုလည်း သူမနာခံနိုင်။ မကြားချင်။ သူသည် ရွာစွန်ရွာဖျား၌ တကိုယ်တည်းနေသည်။ သူသည် ရွာတွင်အသန်မာဆုံး ဗလမောင်ဖြစ်သည်။ အလုပ်ကိုဖိ၍လုပ်သည်။ သို့သော် ကြမ္မာကောင်းကလည်း သူ့ကိုမညှာတာ။ ဂြိုဟ်ဆိုးဝင်ချင်သောတနေ့တွင် သူ့အိမ်ကို မီးလောင်သည်။ ထိုအခါက သူသည် မိန်းမရပြီးစဖြစ်သည်။ အိမ်ထောင်ရှင်ဘဝ ထူထောင်နေဆဲ အသားပင်မကျလှသေး။အစဦးက ဖရော်စမတ်ကောထံတွင် စာရင်းငှားငါးနှစ်မျှလုပ်ဘူးသည်။ မီးလောင်ခံရပြီး တနှစ်အကြာမှာပင် တခါထပ်၍မီးလောင်ခံရသည်။ ထိုနောက် သူ့မိန်းမကသူ့ကို စွန့်ခွာသွားသည်။“နှစ်နှစ်ပေါင်းပါတယ်ရှင်။ စကားတခွန်းမှမပြောဘူး။ တောထဲမှာ ဝံပုလွေနဲ့နေရတာမှ စကားပြောသံ ကြားရလိမ့်အုံးမယ်။ ဘယ်လိုတေမိလဲမသိပါဘူး”ဟု ဆိုသည်။

သူ့မိန်းမသည် သူ့အကြောင်းကို ကောင်းကောင်းသိသည်။ ရစတွင် စကားပြောရန် နားပူနားဆာလုပ်ဘူးသည်။သို့ရာတွင် ဒမ်မစ်က ပြုံး၍သာပြသည်။ သူ့ကို အချို့က သာယာစီးဟု ပြောကြသည်။ အကြောင်းမှာ ဒမ်မစ်သည် သူ့ဘဝတလျှောက်လုံးတွင် ဆူညံမှုကင်းသည့် အေးချမ်းရာကိုသာ ရွေးချယ်လေ့ရှိသောကြောင့်တည်း။

အန်ဒရေးသည် ဒမ်မစ်၏အသံကိုကြားလျှင် မှအံ့သြတော့။

“အခွင့်အရေး၊ဟုတ်လားဟေ့။ ဒီမှာရှိတာပေါ့”ဟု ဖြေလိုက်သည်။

ဒမ်မစ်သည် ဧည့်ခန်းမှဖြတ်၍ အတွင်းခန်းဆီသို့ ဝင်သွားသည်။ သူဖြတ်သွားလေရာတွင် သူ့ဖိနပ်က ရွှံ့များပေကျံ၍ ကျန်ရစ်သည်။အခန်းတံခါးဝတွင် တီမိုဖေးက ကာဆီးကာဆီး လုပ်နေသည့်အခါ ငှက်မွေးလေးတပင် ဖယ်ရှားပစ်လိုက်သကဲ့သို့ တီမိုဖေးကိုဖယ်ရမ်းပြစ်လိုက်သည်။သူ့ခြေသံကြောင့် ပန်းကန်ခွက်ယောက်များ ထည့်သည့်ကြောင်အိမ်တုန်ခါကာ ဇွန်းသံပန်းကန်သံတို့ကြားရသည်။မီးခံသေတ္တာတွင် သော့ကြီးတလုံး ခတ်ထားသည်ကို တွေ့ရသည်။ မိနစ်ပိုင်းအကြာတွင်ကား သော့သည် ကျိုးပျက်လျက်ရှိချေပြီ။ အာကာတ်ရှာသည် တအံ့တသြဖြစ်ကာ တေမိကိုကြည့်၍ ချီးကျူးနေသည်။

အန်ဒရေးကား စာရင်းများကို ရေးမှတ်၍မနိုင်ဖြစ်နေသည်။ လက်အံများပင်သေလာပြီ။ ဧည့်ခန်းနှင့်အိပ်ခန်းမှ ရဲဘော်တို့၏အသံများသည် မှုန်မှုန်ထွက်လာသည်။

“မိန်းမဝတ် အနွေးထည်တခု”

www.facebook.com/NyisayEbookCreator
www.nyisay.com



"သိုးရေအင်္ကျီတထည်"

"ဖိနပ်သစ်သုံးရံ"

"အဝတ်စ လေးကိုက်"

"အန်ဒရေး။ ဗျို့ ရတ်ဇမျှော့နေ့။ လှည်းတစီးတောင် တိုက်လို့ ကုန်မယ် မဟုတ်ဘူး ခင်ဗျာ။ဟောဗျား၊ တွေ့ပြန်ပြီ၊ပွင့်ရိုက်တထည်။အများကြီးဘဲဗျို့။အစုံဘဲ"

အန်ဒရေးသည် ဧည့်ခန်းသို့ ပြန်လာစဉ် အခန်းကြားက မိန်းမကြီးနှင့် သမီးငယ်တို့၏ ဆူပူသံနှင့် မစ်ခေး၏ အသံတို့ကို ကြားရသဖြင့် ယင်းတို့ရှိရာသို့ လာခဲ့သည်။

"ဟေး ဘာဖြစ်နေကြတာလဲ"

သမီးငယ်သည် တံခါးဘောင်တွင် မှီ၍ရပ်နေယင်း တရှုံ့ရှုံ့ငိုနေသည်ကို တွေ့ရသည်။ အမေကြီးကား သမီးကို ပတ်ချာလှည့်ကာ ခုန်ပေါက်ပြေးလွှားနေသည်။ သူ့အမူအရာမှာ မင်းသမီးကနေသည်နှင့်ပင် တူနေသည်။ မစ်ခေးသည် မျက်နှာကြီးနီမြန်းလျက် သမီးငယ်၏ ဂါဝန်စကို ဆွဲနေသည်။ သူ့မျက်နှာတွင် အပြုံးရိပ်ကိုလည်း တွေ့ရသည်။

"ဒါက ဘာလုပ်နေတာလဲ" အန်ဒရေးသည် ရှုခင်းကိုမြင်ရလျှင် ဒေါသမီးဟုန်းဟုန်းတောက်ကာ မစ်ခေးကို တွန်းဖယ်လိုက်သည်။ မစ်ခေးသည် ကြမ်းပြင်ပေါ်သို့ ခြေနှစ်ချောင်းအပေါ် ထောင်လျက်သား ဖင်နှင့်ကျသွားသည်။ "ဒါနိုင်ငံရေးဗျ၊ နိုင်ငံရေးအလုပ်။ ကျွန်တော်တို့က ရန်သူကို ဦးတည် တိုက်နေတာ။ ဘာလဲ ခင်ဗျားက မိန်းမသားကို ဆွဲလား ရမ်းလားနဲ့။ ခင်ဗျား ခုံရုံးအတင်ခံချင်ပြီနဲ့ တူတယ်။ ဟုတ်လား"

"နေစမ်းပါအုံးဗျ။ ကျုပ်ရှင်းပြပါအုံးမယ် ဟု ပြောပြောဆိုဆို မစ်ခေးသည် လဲနေရာမှ ထလာသည်။"သူ့ကို ဆွဲလား ရမ်းလား၊ အားအားစားစားဗျာ။ ဒီကောင်မလေး ဘာလုပ်စားသလဲကြည့်စမ်းပါအုံး။ခု သူဝတ်နေတာ ကိုးထည်မြောက်ဂါဝန်ဗျ။ တထည်ပြီးတထည်ဝတ်နေတာ။ကျုပ်က အဲဒါကိုတားနေတုန်း ခင်ဗျားရောက်လာပြီး ဘာမပြော ညာမပြော"

ထိုအခါတွင်မှ သမီးငယ်၏ အကြံအစည်ကို အန်ဒရေး ရိပ်မိသည်။ သမီးငယ်သည် ယခုတိုင် ရှုံ့မဲ့ရှုံ့မဲ့ငိုနေရသဖြင့် မျက်လုံးများ နီနေသည်။အန်ဒရေးသည် သူ့ကို စက်ဆုပ်စွာကြည့်လိုက်သည်။"ကဲ သူ့အဝတ်တွေချွတ်ယူမနေနဲ့တော့ဗျို့။ လက်ထဲက အထုပ်ကိုတော့ ယူထားလိုက်"

ပစ္စည်းစာရင်းကား ပြည့်စုံလုရှိနေပြီ။

"စပါးကျီက သော့တွေရော"

"မရှိဘူး"

"ဒါဖြင့် ရိုက်ဖွင့်ဟေ့"

ငါးပေါင်ခန့်လေးသည် သော့ကြီးကို ပုဆိန်ဖြင့် ရိုက်ချိုးလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"တံခါးဘောင် မကျိုးစေနဲ့ဟေ့။ ဒါဒို့ပစ္စည်းဖြစ်ပြီ။ ရိုရိုသေသေလုပ်ကြ" ဥရှာကော့က သတိပေးသည်။

သူတို့သည် ဂျုံပြောင်းစသည်တို့ကို ချိန်ကြသည်။ စာရင်း ရေးမှတ်ကြသည်။

မစ်ခေးကား ပျော်ရွှင်အားတက်နေသည်။ "အဲဟို ပျိုးကြဲစက်ကြီးနဲ့ စိုက်လိုက်ရယင်တော့ကွာ အံ့ရော အံ့ရော"

"သူတို့အလုပ်လုပ်နိုင်တာလဲ မပြောနဲ့ဗျာ။ ဒီအသီးအနှံတွေ ဝအောင် အီအောင် စားနေကြရတာကိုးဗျ"ဟု အာကတ်ရှကာက ဆိုသည်။

အန်ဒရေးသည် အိမ်ကြီးဆီသို့ ပြန်လာခဲ့သည်။ အမေကြီးနှင့် သမီးငယ်သည် အိပ်တခုတွင် အိုးခွက်တို့ကို ထည့်နေသည်။ ဖရော်ကား ခုံဘန်းလျားကြီးပေါ်တွင် ပက်လက်အိပ်ကာ လက်နှစ်ဖက်ကို ရင်ဖတ်ပေါ် တင်ထားသည်။ ထိုအချိန်တွင် ဖရော်သည် အလောင်းကောင်ကြီးနှင့် တူနေသည်။ တီမိုဖေးကား ဒေါသချောင်းချောင်းထွက်နေသည်။ မီးတောက် မီးလျှံကဲ့သို့ ဝင်းလက်နေသည့် မျက်လုံးများဖြင့် အန်ဒရေးကို တချက်ကြည့်ကာ ပြတင်းဆီသို့မျက်နှာလွှဲလိုက်သည်။

ညှော့ခန်းတွင်ကား ဒမ်မစ်သည် ဖရော်၏ ဖိနပ်ကြီးကို စီးကြည့်နေသည်။ အန်ဒရေးကို ဂရုမစိုက်မိသေး။ တဖန် ကြောင်အိမ်သို့သွားကာ ပျားရည်တဇွန်းကော်၍ သောက်ပြန်သည်။ ပျားရည်စက်တို့သည် သူ၏မုတ်ဆိတ်တွင် စီးကျလာကုန်သည်။ သို့သော် ဒမ်မစ်ကား မျက်လုံးစုံမှိတ်ကာ ပျားရည်၏ အရသာကို ခံစားနေလေသည်။

— ၈ —

နာဂူနော့နှင့်တစ်ကော့တို့သည် ရွာသို့ နေ့လယ်ဘက်ပြန်ရောက်လာကြသည်။ သူတို့မရှိခိုက် ဒါဗီးဒေါ့သည် ကုလတ်နှစ်အိမ်ထောင်၏ ပစ္စည်းစာရင်းကိုယူပြီးပြီ။ ကုလတ် နှစ်ယောက်ကိုလည်း အိမ်မှ နှင်ချခဲ့ပြီးပြီ။ ထိုနောက် တစ်ကော့၏အိမ်သို့ ပြန်လာကာ လုဗစ်ရှကင်၏ အကူအညီဖြင့် နောက်ဖေးတဲတွင်း၌ တွေ့ရသည့် ဂျုံတို့ကို ချိန်တွယ်ကာ စာရင်းပြုလုပ်သည်။ အကျန်အကြွင်းတို့ကို သိုးစာအဖြစ် သိမ်းဆည်းနေသော အဖိုးအိုရှယ်ရှကာသည် တစ်ကော့ ရောက်လာသည်ကိုမြင်လျှင် ကပြာကယာ ထွက်လာခဲ့သည်။

တစ်ကော့သည် ခြေလှမ်းကြဲကြီးဖြင့် အိမ်ဝင်းထဲသို့ ဝင်လာသည်။ သူ့တွင် ခေါင်းဆောင်းမပါ။ ကုတ်အင်္ကျီတွင်လည်း ကြယ်သီးမတပ်။ သူသည် တလင်းဆီသို့ သွားသည်။ သို့သော် နာဂူနော့က အော်၍ခေါ်သည်။

"လာခဲ့နော်။ နို့မို့ယင် ခင်ဗျားကို ကျီထဲထည့် သော့ခတ်ထားမယ်"

တစ်ကော့သည် အမျက်ချောင်းချောင်းထွက်နေသည်။ အံကိုလည်း တကြိတ်ကြိတ်နေသည်။ သူ၏ပါးရိုးကြီးများသည် တင်းမာခက်ထရော် ရှိနေသည်။ တစ်ကော့ထံတွင် သေနတ်မရှိတော့။ ဘယ်အချိန်ဘယ်လိုထွက်လိုက်သည်မသိ။ ယင်းကြောင့် နာဂူနော့က "သေနတ်ဘယ်မှာလဲ။ ခင်ဗျားမပေးယင် ရှာယူရလိမ့်မယ်"ဟု ဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရွှေယင် ယူပေါ့"

တစ်ကော့အကျိုတွင် သေနတ်မရှိတော့။ ပြန်၍ရှာလျှင်လည်း တွေ့မည်မဟုတ်။ မြက်တောနှင်းတောတွင် ပျောက်ဆုံးသွားမည်သာဖြစ်သည်။ နာဂူနေ့က သေနတ်ကို တစ်ကော့ ဖျောက်ပြစ်ကြောင်း ဒါဝီးဒေါ့အား တိုင်တည်သည်။ ထိုအခါ ဒါဝီးဒေါ့သည် တစ်ကော့နှင့် မျက်နှာချင်း ဆိုင်လေသည်။

"သေနတ်ပေးလေဗျာ။ ခင်ဗျားအတွက်ပြောတာပါ"

"ကျုပ်မှာ ဘယ်တုန်းကမှ လက်နက်မရှိဘူး။နာဂူနေ့က ကျုပ်ကို ငြိုးနေလို့ လည်ဆယ်တာ" တစ်ကော့သည် မျက်လုံးမှေးကာပြုံးသည်။

"ဒါဖြင့် ခင်ဗျားကိုဖမ်းပြီး ခရိုင်ရုံး ပို့ရလိမ့်မယ်"

"ကျုပ်ကို ဖမ်းမယ်"

"ဟုတ်တယ်။ ကျုပ်တို့ကို ဘာမှတ်လို့လဲ။ ခင်ဗျားကို စောင့်ကြည့်နေတာ ကြာပြီ။ လယ်ထွက်လဲ ပြေလည်အောင် မအပ်ခဲ့ဘူး"

"ကျုပ်က မအပ်ဘူး။ ဟုတ်လား"

ဒါဝီးဒေါ့၏စကားကြောင့် ထိန်းသိမ်းခဲ့သည့် ဒေါသမီး ပေါက်ကွဲထွက်လာကာ တစ်ကော့သည် ဒါဝီးဒေါ့ကို ခုန်၍အုပ်လိုက်သည်။ ဒါဝီးဒေါ့သည် နွားကြီး ပေါ်သို့ လဲကျသွားသည်။ ထိုအခါ နွားထမ်းပိုးကျစ် သံချောင်းကြီးတခုကို တစ် ကော့က ဆွဲယူပြီးလျှင် ရိုက်ရန်ဟန်ပြင်သည်။အဖိုးအို ရှယ်ရှုကာသည်"လူသတ်နေတယ် ဗျို။ လာကြပါအုံး"ဟု အလန့်တကြားအော်လေသည်။

တစ်ကော့၏ ဝဲဖက်လက်ကောက်ဝတ်ကို ဒါဝီးဒေါ့က ဆွဲ၍ကိုင်လိုက်ပြီးစဉ် တစ်ကော့က ညာလက်သီးဖြင့် ဒါဝီးဒေါ့၏ မျက်ခွက်ကို ထိုးလိုက်သည်။ ဒါဝီးဒေါ့ သည် ယိမ်းယိုင်သွားပြီးနောက် မျက်လုံးဆိမှ သွေးများယိုစီး ထွက်လာသည်။မျက်လုံး သည် ပြာကနဲ ဖြစ်သွားသည်။ ထိုအခါမှ ဒါဝီးဒေါ့သည် လက်ကို လွှတ်လိုက်သည်။ထို အခွင့်ကောင်းရယူ၍ နောက်တချက် ထိုးလိုက်ပြန်သည်။ ဒါဝီးဒေါ့ကား နှင်းထဲသို့ လဲကျသွားလေသည်။ ထိုအခါ လုဗစ်ရှကင်က တစ်ကော့ကိုဖမ်း၍ ချုပ်သည်။ သို့သော် အားချင်းမမျှ၍ မိအောင် မဖမ်းနိုင်၊မချုပ်နိုင်။ တစ်ကော့သည် တရှိန်ထိုးပြေးသည်။ တံခါးအရောက်တွင် နာဂူနေ့ကသေနတ်ဒင်ဖြင့်ခေါင်းကိုတချက်ရိုက်ခဲ့လိုက်လေသည်။

ထိုအချိန်တွင် တစ်ကော့၏မိန်းမ ထွက်လာကာ စပါးကျီဆီသို့ ပြေးပြီးလျှင် ခွေးကြီးကို ကြိုးဖြည်လွှတ်လိုက်သည်။ အဖိုးအိုရှယ်ရှုကာသည် ငယ်သံပါအောင် ကုန်း ၍ အော်သည်။ သူ့အော်သံကြောင့် ခွေးကသူ့ ကိုလိုက်ကာ ဂုတ်ကို ခဲထားသည်။

"ဟေး မာကာ မင်းသေနတ်ပေးစမ်း။ဟိုကောင်မကိုရော ခွေးကိုပါ ငါပစ်သတ် လိုက်မယ်"

ထိုနောက် သူတို့သည် ဒါဝီးဒေါ့ကို လဲနေရာမှ ထူကာ အိမ်ထဲသို့ ခေါ်သွား သည်။ ဝင်းထဲတွင် လုဗစ်ရှကင်သည် တစ်ကော့၏ မြင်းများကို စွပ်ဖားတွင် တပ်ဆင် နေသည်။ နာဂူနေ့ကား စာပွဲတွင်ထိုင်၍ စာတစောင်ကို အမြန်ရေးနေလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကိုယ်စားလှယ် ရဲဘော်ကြီး ဇခါရှင်ကို ထံသို့

ယခုစာနှင့်အတူ ကုလတ် တစ်ကွန်စတန်တီနိုဗစ်ဗိုရီဒင်ကို ဖမ်းဆီးပို့လိုက်ပါသည်။ သူသည် တန်ပြန်တော်လှန်ရေးသမားတယောက်ဖြစ်ပါသည်။ သူပိုင်ပစ္စည်းများကို စာရင်းပြုလုပ်စဉ် ရဲဘော် ဒါဗီးဒေါ့ကို သံချောင်းဖြင့် ရိုက်နှက်ခဲ့ပါသည်။

ထို့ပြင် ဗိုရီဒင်ကို ကျွန်တော်ကိုယ်တိုင် ရုရှားရိုင်ဖယ်တလက်နှင့် အတူဖမ်းမိပါသည်။ သို့ရာတွင် သွေးထွက်သံယိုဖြစ်မည်စိုးသဖြင့် သေနတ်ကို မသိမ်းနိုင်ခဲ့ပါ။ ထိုသေနတ်ကို လမ်းတွင် ပုက်ထားခဲ့ပါသည်။ ပြန်တွေ့လျှင် ရဲဘော်တို့ထံ သက်သေခံအဖြစ်တင်ပြပါမည်။

အောင်လံနီ မေဘ်ကွန်းတံဆိပ်ရ
အမ်၊ နာဂူနော့၊
ဂရယ်မျချိပါတီအုပ်စု အတွင်းရေးမှူး။

တစ်ကော့ကို စွပ်ဖားတွင်တင်သည့်အခါ သူက အရက်တခွက် တောင်းသည်။ နာဂူနော့ကိုလည်း အိမ်ထဲမှထွက်လာရန် ခေါ်သည်။

"ဘာလုပ်မလို့လဲဗျ" ဟု နာဂူနော့က အိမ်ဝမှ အော်၍မေးသည်။

"မာကာ။ မင်းကောင်းကောင်းမှတ်စမ်း။ ဒို့ ဒီမှာ လမ်းခွဲတာဘဲကွ။ ခုနေမင်းအလုပ်ဆိုတော့ လုပ်ပေါ့ကွာ။ အေး ဒါပေမယ့် နောက်တခါ ငါ့အလှည့်ကြုံလိမ့်အုံးမယ်။ မင်းသေပေတော့။ မင်းကို ငါသတ်မယ် သိလား။ ဒို့ဟာ မိတ်ဆွေမဟုတ်တော့ဘူးကွ"

"သွားမှာ သွားစမ်းဗျာ။ ခင်ဗျား တန်ပြန်တော်လှန်ရေးသမားဘဲ"

မြင်းဆွဲစွပ်ဖားသည် ခြံဝသို့ ထွက်သွားလေသည်။

—၉—

မိုးမချုပ်မီ အန်ဒရေးသည် သိမ်းဆည်းထားသည့် ပစ္စည်းများကို တစ်ကော့၏အိမ်သို့ ပို့သည်။ သူ့အဖွဲ့သားများကိုကား လူစုခွဲ၍ ပြန်လွှတ်လိုက်သည်။ နောက်ဆုံး သိမ်းသည့်အိမ်မှာ ကုလတ်ဂါယက်၏အိမ်ဖြစ်သည်။ တစ်ကော့၏အိမ်ကို ပစ္စည်းထိန်းဌာနချုပ်အဖြစ် သတ်မှတ်လိုက်သည်။ ထိုနောက် အန်ဒရေးသည် ဆိုဗီယက်အဖွဲ့ရုံးသို့ သွားလေသည်။ အစည်းအဝေးကို ညတွင် ပြုလုပ်မည်ဖြစ်သည်။ အစည်းအဝေးမတိုင်မီ ရုံးတွင် တွေ့ကြရန် ဒါဗီးဒေါ့နှင့် မနက်ပိုင်းက ချိန်းခဲ့သည်။

ရုံးဆီမှ မီးရောင်မြင်ရသည်။ ရုံးတွင်းသို့ ရောက်သည့်အခါ အခန်းထဲတွင် စာရေးနေသော ဒါဗီးဒေါ့ကို တွေ့ရသည်။ ဒါဗီးဒေါ့သည် တံခါးဖွင့်သံကြားလျှင် ပတ်တီး စီးထားသောခေါင်းကိုမော့လျက် ပြုံး၍နှုတ်ဆက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟောဒီမှာ ရတ်ဇမျော့နေ့ရောက်လာပြီဗျို။ကျွန်တော်တို့ ဒီမှာ သီးနှံစာရင်း လုပ်နေကြတယ်။ ခင်ဗျားတို့ရော ဘယ်လိုလဲ ပြောစမ်းပါအုံး"

"နေစမ်းပါအုံး၊ခင်ဗျားခေါင်းက ပတ်တီးကြီးက ဘာဖြစ်တာလဲဗျ" ထိုအခါ မီးအိမ်အုပ်ဆောင်းလုပ်နေသော နာဂူနေ့က "တစ်ကောင့်လက်ချက်ပေါ့ဗျာ။ သံတုတ်နဲ့ ရိုက်တယ်လေ။ဒါနဲ့ သူ့ကို ရဲဘော်ကြီး ဇာခါရှင့်ဆီ ပို့လိုက်တယ်"

"ဒါ ထားစမ်းပါဗျာ။ နောက်တော့ ပြောတာပေါ့" ဒါဒီးဒေါ်က ပေသီး တွက်စက်ကို စာပွဲအလယ်သို့ ထိုးပေးယင်း "နောက်ထပ် တရာနဲ့ ဆဲ့ငါးပေါင်းတော့ တရာရှစ်ဆဲ့...."

"ဖြည်းဖြည်း၊ဖြည်းဖြည်းဗျ" နာဂူနေ့က ပေသီးကို လက်ဖြင့်တွန်းယင်း ပြောသည်။

အန်ဒရေးသည် သူတို့အလုပ် လုပ်နေသည်ကို ကြည့်ကာ တုန်ရီသောအသံဖြင့် "တော်ပြီ။ ကျွန်တော်မလုပ်ချင်တော့ဘူး"ဟု ဆိုလေသည်။

"ဘာရယ်။ မလုပ်ချင်တော့ဘူး။ တယ်မှာမလုပ်ချင်တာလဲ" နာဂူနေ့က ပေ သီးစက်ကို ဘေးသို့ဖယ်ကာ မေးသည်။

"တယ်သူ့ပစ္စည်းကိုမှ နောက်ထပ်မသိမ်းချင်တော့ဘူးဗျာ။ ဘာလဲ ခင်ဗျားက ဘာစိုက်ကြည့်နေတာလဲ။ ကျုပ်ကိုထိုးချင်လို့လား"

"ခင်ဗျား မူးလာသလား။ ဘယ်လိုဖြစ်လာတာလဲ။ တာပြောတာလဲဗျ"ဒါဒီး ဒေါ်သည် အန်ဒရေး၏မျက်နှာတွင် တစုံတခုခိုင်မာစွာ ဆုံးဖြတ်ထားသည့် အမူအရာကို တွေ့ရသဖြင့် အလောတကြီးမေးလေသည်။

အန်ဒရေးသည် ဒေါသဖြစ်လာကာ တုန်ရီလာသည်။ ထိုနောက်စာပွဲကိုထုကာ အော်၍ပြောသည်။ "ကျုပ် ဒါမျိုးလုပ်ဖို့ သင်ကြားလာတာမဟုတ်ဘူးဗျ။ကျုပ်၊ကျုပ် ကလေးတွေကို မစိုက်ချင်ဘူးဗျ။ စစ်ပွဲမှာ တိုက်ရတာကတမျိုးဗျ။ ကျုပ်ဘယ်သူ့ကို မှ မရက်စက်ချင်ဘူး။ မသတ်ချင်ဘူး။တော်ပြီ။ ကျုပ်မလုပ်တော့ဘူး"

အန်ဒရေး၏အသံသည် တုန်ရီလာသည်။ နောက်ဆုံးတွင် အမြင့်ဆုံးရောက်ကာ ပေါက်ကွဲမတတ် ပြင်းထန်လာသည်။ ထိုနောက်သက်ပြင်းကြီးချလိုက်ကာ တိုးတိုးပြော လေသည်။

"ကျွန်တော်တို့မှာ ဒီနည်းလမ်းဘဲရှိသလား။ ခု ကျွန်တော် ဘာအဖြစ်ရောက် နေပြီထင်သလဲ။ ကြိုးစင်က ဒေါက်ဖြုတ်သမားဖြစ်နေပြီ။ ကျွန်တော့် နှလုံးသား ဟာ သံတွေ သံခဲနဲ့ လုပ်ထားတယ်လို့များ ခင်ဗျားတို့ထင်နေသလား။ ကျွန်တော် စစ်ပွဲမှာ တိုက်ခဲ့ပေါင်းများလှပါပြီဗျာ" ထိုနောက် သူ့အသံသည် ပို၍ ကျယ်လောင်လာပြန် သည်။"ဂါယက်မှာ ကလေး ဆဲ့တယောက်ရှိတယ်။ ကျုပ်တို့ရောက်သွားတော့ ကလေး တွေက ပွက်လောကြမ်းပြီး ငိုတော့ အော်တော့တာဘဲ။အဲဒီကလေးတွေကိုအိမ်ပေါ်က နှင်ချရတယ်။အိုဗျာ၊ကျုပ်မှာမျက်လုံးစုံမှိတ်ပြီး နားကို လက်နှစ်ဖက်နဲ့ ပိတ်ပြီးထွက်လာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ခဲ့ရတယ်။ မိန်းမသားတွေက ငိုကြ ဆူကြတယ်။ တက်ကြတယ်။ မေ့မြောသွားကြတယ်။ ရေဖြန်းပြီး နှာနှပ်ယူရတယ်"

"ခင်ဗျား ငိုပြစ်လိုက်ပါလား။ ဒါမှသက်သာသွားမယ်လေ" နာဂူနေသည် အန်ဒရေးကို နီရဲနေသည့် မျက်လုံးကြီးများဖြင့် ကြည့်နေသည်။ သူ့လက်နှစ်ဖက်သည် ပါးရေများကို တင်းကြပ်နေအောင် ဆုပ်ကိုင်ထားသည်။

"အေးပါဗျ။ ကျုပ် ငိုရမှာပါဘဲ" အန်ဒရေးသည် သွားကိုကြိတ်ကာ စားပွဲပေါ်တွင် ခေါင်းကို လှန်၍ချလိုက်သည်။

ထိုခဏတွင် တခန်းလုံးငြိမ်သက်နေသည်။

ဒါဗီးဒေါ်သည် ထိုင်နေရာမှ ဖြည်းညင်းစွာ ထသည်။ သူသည် အန်ဒရေးဆီသို့ သွားကာ နှစ်သိမ့်စကား ပြောသည်။ သူသည်စကားပြောစဉ် အသက်ကိုလုံးဝရှူဟန်မတူ။ မရပ်မနားပြောသည်။ သူ့မျက်လုံးအစုံသည် အန်ဒရေး၏ မျက်နှာကို စူးစိုက်ကြည့်သည်။ ကြည့်ယင်းပင် ပြောသည်။

"ခင်ဗျား သူတို့ကိုသနားတယ်။ သူတို့အတွက်စိတ်မကောင်းဘူး။ဟုတ်တယ်။ ဒါပေမယ့် သူတို့က ကျွန်တော်တို့ကို သနားသလား။ ကျွန်တော်တို့ သားသမီးတွေ မျက်ရည်ပေါက်ကြီးငယ်ကျတော့ ကျွန်တော်တို့ရန်သူက ငိုကြွေးရဲ့လား။ သူတို့သတ်ပစ်လို့ သေသွားတဲ့လူရဲ့ မိတဆိုးဖဘဆိုး ကလေးတွေကို သနားကြင်နာရဲ့လား။ ဘယ်နှယ်လဲ။ သူတို့မှာ အသနားကြင်နာ တရားတကယ်ရှိသလား။ ကျွန်တော့်အဖေဟာ စက်ရုံမှာ သပိတ်မှောက်ပြီးတော့ ဆိုက်ဗေးရီးယား အပို့ခံရတယ်။ အမေမှာ ကျွန်တော်တို့ သားသမီးလေးယောက်နဲ့ ကျန်ရစ်ခဲ့တယ်။ ကျွန်တော်ဟာ အကြီးဆုံးသားဘဲ။ အဲဒီတုန်းက ကျွန်တော် ကိုးနှစ်သားဘဲရှိသေးတယ်။ ဒီတော့ ကျွန်တော်တို့မှာ စားစရာမရှိဘူး။ အမေကလမ်းမှာလျှောက်ပြီး တောင်းရမ်းရတယ်။ ကျွန်တော်တို့ မငတ်အောင်လို့ပေါ့။ပြီးတော့လမ်းပေါ်ကမိန်းမအဖြစ်ရောက်တာဘဲ။အိမ်ကိုညသည် ခေါ်လာတယ်။ အိပ်စရာမရှိဘူး။ ကျွန်တော်တို့ ကန့်လန့်ကာနောက်ကကြမ်းပေါ်မှာ အိပ်ရတယ်။ အဲဒီတုန်းက ကျွန်တော် ကိုးနှစ်သားဘဲရှိသေးတယ်။ တခါတလေတော့ ညသည်တွေဟာ အရက်မူးလာကြတယ်။ ကျွန်တော့် နှစ်မလေးဟာ ကြောက်လွန်းလို့ ငိုတယ်။ ညသည်မကြားရအောင် ကျွန်တော်က သူ့ပါးစပ် ပိတ်ထားရတယ်။ ကဲ၊ ကျွန်တော်တို့ မျက်ရည်ပေါက်ကြီးငယ်ကျရတုန်းက ဘယ်သူလာလို့ နှစ်သိမ့်သလဲ။ ကျွန်တော်ပြောတာကြားရဲ့လား။ မနက်ကျတော့ အမေရှာတဲ့ငွေကို ကျွန်တော်တို့ ရတယ်။ အဲဒီငွေဟာ ကျွန်တော့်အမေ ကိုယ်နဲ့ရင်းပြီးရှာရတဲ့ငွေဘဲ။ အဲဒါနဲ့ ပေါင်မုန့်ဝယ်ရတယ်" ဒါဗီးဒေါ်၏အသံသည် တုန်ရီလာသည်။ အံကိုလည်း တကျိကျိ ကြိတ်လာသည်။ ထိုနောက် သူသည် စားပွဲကို ဝုန်းကနဲလက်သီးနှင့် ထုလိုက်သည်။ ပြီးလျှင် အသံကုန်စ်ဟစ်၍ အော်လေသည်။"ဒါနဲ့များဗျာ၊ခင်ဗျား၊ ခင်ဗျား၊ ခင်ဗျား သူတို့ကိုသနားနိုင်တာ အံ့ပါရဲ့ဗျာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနောက် တခန်းလုံးငြိမ်သက်နေသည်။ နာဂူနေ့သည် စာပွဲတွင် လက်တင်နေရာက စာပွဲကို သူ့လက်သည်းကြီးများဖြင့် ကုတ်ဖဲ့နေသည်။ အန်ဒရေးကား စကားတခွန်းမျှမပြော။ ဒါဗီးဒေါ့သည် အသက် ပြင်းပြင်းရှူကာ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်ပြီးနောက် အန်ဒရေးထံပါး ရပ်လာသည်။ အန်ဒရေး၏ ပခုံးကိုကိုင်ကာ ခုံတန်းလျားပေါ်တွင် ထိုင်လိုက်သည်။ ထိုနောက် အသံကျယ်ကြီးဖြင့် ဆက်၍ပြောပြန်သည်။

"ခင်ဗျားရူးနေပြီ။ ဝင်လာတုန်းကမလုပ်ချင်တော့ဘူး။ ကလေးတွေကို သနားတယ်နဲ့ပြောတယ်။ ခင်ဗျားစဉ်းစားကြည့်စမ်း။ ကုလတ်အိမ်ထောင်စုကို နှင်ချလိုက်လို့ ခင်ဗျားဝမ်းနည်းတယ်ပြောတယ်။ သူတို့ကိုနှင်ချရတာက ကျွန်တော်တို့ဘဝသစ်တည်ဆောက်နေတာကို မဟန့်တားနိုင်အောင်လို့ဗျ။ ဒီတော့မှ အဲဒီလို အနိဋ္ဌာရုံတွေနောင်အနာဂတ်မှာ ပေါ်လာမယ်မဟုတ်တော့ဘူး။ ခင်ဗျာဟာ ဂရယ်မျချိမှာ ဆိုဗီယက် အာဏာကို ကိုယ်စားပြုတဲ့လူဘဲ။ ခင်ဗျားကို နိုင်ငံရေးသင်တန်းထပ်ပြီး ပေးနေရအုံးမှာလား" ဒါဗီးဒေါ့သည် ဟန်လုပ်၍ပြုံးရန် ကြိုးစားသည်။

"ကျွန်တော်တို့က ဆိုးတဲ့ကုလတ်တွေကို နယ်နှင်ဒဏ်ပေးမယ်။ သူတို့ကို ဆော်လော့စကီပို့မယ်။ သူတို့ကိုမသတ်ပါဘူး။ ဟုတ်တယ်မှုတ်လား။ သူတို့အလုပ်လုပ်ယင်သူတို့ကိုထမင်းကျွေးမယ်။ သူတို့ဘဝသစ် ထူထောင်မယ်ဆိုယင် အဲဒီကလေးတွေဟာကုလတ်ရဲ့ ကလေးတွေမဟုတ်တော့ဘူးပေါ့။ လုပ်သားလူတန်းစားက သူတို့ကို ပညာထပ်ပြီး ပေးရအုံးမှာဘဲ"

ဒါဗီးဒေါ့သည် အိတ်ထဲက စီးကရက်ဗူးကို ထုတ်လိုက်သည်။ သို့သော်လည်း စဉ်းစားမိန်းမောနေသဖြင့် တော်တော်နှင့် စီးကရက်ကိုထုတ်၍ မသောက်ဖြစ်ဘဲ အတွေးလွန်နေသည်။ သူ့လက်များသည် တဆတ်ဆတ်တုန်နေကြသည်။

အန်ဒရေးသည် ညိုပုပ်နေသော နာဂူနေ့၏ မျက်နှာကိုစိုက်၍ကြည့်ပြန်သည်။ သူသည် ရုတ်တရက်ထိုင်နေရာမှ ထလိုက်သည်။ ဒါဗီးဒေါ့ပင် အံ့အားသင့်သွားသည်။ ထိုအချိန်တွင် နာဂူနေ့လည်း ထိုင်ရာမှ ဝုန်းကနဲထသည်။

"ခင်ဗျား နွားဘဲ"နာဂူနေ့သည် တိုးတိုးပြောယင်း လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ တိုးသော်လည်း သူ့အသံသည် တုန်နေသည်။ "ဒါခင်ဗျားက တော်လှန်ရေးအတွက် အမှုတော်ထမ်းတာပေါ့လေ။ သူတို့ကို သနားသတဲ့။ ကျုပ်ရွှေ့မှာ အဖိုးအို အမယ်အိုနဲ့ ကလေးတွေ မိန်းမတွေ ထောင်ချီပြီးထားပါ။ တော်လှန်ရေးအတွက် သူတို့ကိုသတ်ရမယ်လို့ ကျုပ်ကိုပြောစမ်း။စက်သေနတ်နဲ့ မွှေ့ရမ်းပစ်လိုက်မယ်"သူ့အသံသည် ဒေါသသံပါလာသည်။

"မအော်ကြပါနဲ့ဗျာ။ထိုင်ကြပါ"ဒါဗီးဒေါ့က စိုးရိမ်နေဟန်တူသည်။

အန်ဒရေးသည် နာဂူနေ့ကိုခုန်၍အုပ်သည်။ သို့သော် နာဂူနေ့သည် နံရံဆီသို့ မှီကာ ရှောင်လိုက်သည်။ သူ့မျက်လုံးများတွင် ဝင်းဝင်းတောက်နေသော ဒေါသမီးကို တွေ့ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ခင်ဗျားကို ကျုပ်သတ်မယ်"

အန်ဒရေးက သူ့လက်များကို ဆုပ်ကိုင်ထားသည်။ နာဂူနေ့၏လက်များသည် တောင့်တင်းနေသည်။

"လုပ်ပါအုံးဗျို။ သူ့ခြေထောက်တွေ ဆွဲဆန့်ပါအုံး။ တက်နေပြီဗျ" အန်ဒရေးသည် ဒါဗီးဒေါ့ကို အော်၍အကူအညီတောင်းလေသည်။

× × +

စာသင်ကျောင်းသို့ သူတို့ရောက်သည့်အခါ တကျောင်းလုံး အစည်းအဝေးလာကြသူများဖြင့် ပြည့်လျှံနေသည်။ အခန်းလုံလုံလောက်လောက်မရှိ။ အားလုံးအတွက် နေရာမရှိ။ အချို့သော ယောကျ်ားမိန်းမများ မိန်းမပျိုကလေးများသည် ဆင်ဝင်အောက်တွင် ရပ်နေကြသည်။ လူသွားလမ်းတွင် ရပ်နေကြရသည်။ တံခါးပေါက်များမှ ဆေးလိပ်မီးခိုးများ တငွေ့ငွေ့ထွက်နေသည်။

နာဂူနေ့သည် လူသွားလမ်းကလေးအတိုင်း ရှေ့ဖက်သို့ လျှောက်လာသည်။ သူ့မျက်နှာသည် ညှိုးနေသည်။ နှုတ်ခမ်းတွင် သွေးစသွေးနများ ပေကျံနေသည်။ ကော့ဆက်များသည်သူ့ကိုစူးစိုက်ကြည့်နေကြသည်။ ဒါဗီးဒေါ့ဝင်လာသည်ကိုမြင်လျှင် တီးတိုးသံများဖြင့် အချင်းချင်းပြောကြသည်။

"ဒါဗီးဒေါ့ဆိုတာသူလား" ခြုံစောင်ပွင့်ရိုက်နှင့် မိန်းမပျိုကလေးက အသံကျယ်လောင်စွာဖြင့် မေးနေသည်။

"ကုတ်အင်္ကျီနဲ့ လူပေါ့။ သိပ်မကြီးသေးပါဘူး"

"မကြီးသေးဘူးဟုတ်လား။ ဒါပေမယ့်ဂုတ်ပိုးကထူလှသတော်။နွားသိုးဘိုကြီးနဲ့ တူလိုက်တာ။ သားစပ်ရအောင်များ ကျွန်မတို့ဆီ လွှတ်လိုက်သလားမှ မသိတာ" မိန်းမပျိုကလေးသည် ရယ်သွမ်းသွေးယင်း နောက်လိုက်သည်။သူ့မျက်လုံးအစုံသည် ဒါဗီးဒေါ့ကို အလွတ်မခံတော့ပေ။

"ပခုံးကျယ်ကြီးနဲ့အေရဲ့။ ကောင်မလေးတွေတော့ တွေ့လိုက်ယင် ထွေးနွေးသွားမှာဘဲ" မုဆိုးမနာတာလျာက မျက်ခုံးမွေးသေးသေးကို ပင့်ကာဆိုသည်။

"ကြည့်စမ်းပါအုံးဟယ်။ ခေါင်းမှာပတ်တီးကြီးနဲ့။ တယောက်ယောက်က ဆော်လွှတ်လိုက်တယ်နဲ့တူတယ်"

"သွားကိုက်လို့ ပတ်တီးစီးထားတာ နေမှာပေါ့အေ့"

"မဟုတ်ဘူးတော်ရဲ့။ အဲဒါ တစ်ကော့က ဆော်လွှတ်လိုက်တာတဲ့"

"ဟဲ့ ကောင်မလေးတွေ။ ဘာလဲ။ နင်တို့ဟာက လူတစ်မ်းကို ပြောချင်တိုင်း ပြောနေလိုက်ကြတာ။ ငါထက်တော့ ချောပါသေးတယ်ဟာ" အသက်ကြီးကြီး လူတယောက်ဝင်၍ နောက်လိုက်သည်။ မိန်းကလေးများ၏ အသံများဆူညံသွားသည်၊ ထိုနောက် ယောကျ်ားကြီးကို တအုံးအုံးထုကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဗီးဒေါ့သည် ကျောင်းခန်းဝသို့အရောက်တွင် ချွေးပြန်နေသည်။ အထဲက အနံ့အသက်တို့ကြောင့် အသက်ရှူကြပ်လာသည်။ စကားပြောသံသည်လည်း ဆူညံလျက်ရှိသည်။ လူအုပ်ကြီးသည် ပျားအုံကို တုတ်ဖြင့် ထိုးထားသည့်နှယ် လှုပ်ရှလှုပ်ရှ ဖြစ်နေသည်။

ရှေ့ဆုံးက ဇင်မြင့်တွင် စားပွဲခုံနှစ်ခုံရှိသည်။ ဒါဗီးဒေါ့နှင့် နာဂူနေ့ခ္တို နေရာယူကြသည်။ ထို့နောက် ရတ်ဇမျော့နေ့က အစည်းအဝေးဖွင့်လေသည်။ အစည်းအဝေး၏ သဘာပတိကို ချက်ချင်းရွေးကောက် တင်မြှောက်လိုက်သည်။

"ခရိုင်ကော်မတီ ကိုယ်စားလှယ်ကြီး ရဲဘော် ဒါဗီးဒေါ့က စကားအနည်းငယ်ပြောပါလိမ့်မယ်" ရတ်ဇမျော့နေ့ အသံကြောင့် စကားပြောသံများ တိတ်သွားသည်။

ဒါဗီးဒေါ့သည် ထိုင်ရာမှထလိုက်သည်တွင် ခေါင်းကပတ်တီးကို အနည်းငယ်ပြင်သည်။ သူသည် နာရီဝက်နီးပါးပြောသည်။ ပြီးဆုံးခါနီးလျှင် သူ့အသံသည် တုန်ဟီးလာသည်။ အစည်းအဝေး တခုလုံးကား ငြိမ်သက်နေသည်။ မီးခွက်နှစ်ခု၏ အလင်းရောင်သည် အားမကောင်းလှ။ ခပ်မှိန်မှိန်သာလင်းသဖြင့် ရှေ့ဆုံးက မျက်နှာများကိုသာ သဲသဲကွဲကွဲမြင်ရသည်။ ထိုမျက်နှာများသည် မီးရောင်တွင် ချွေးအလိမ်းလိမ်းကြောင့် တောက်ပြောင်နေကြသည်။ ထိုမျက်နှာများ၏ နောက်ပိုင်းကိုကား သဲကွဲစွာမမြင်ရတော့။ သူစကားပြောနေစဉ် ဘာသံမျှမကြားရ။ သို့ရာတွင် သူပြီး၍ ရေတခွက်သောက်လိုက်သည်နှင့် မေးခွန်းများဆက်တိုက် ကြားရလေသည်။

"ဘာဖြစ်ဖြစ် ပြည်သူပိုင် သိမ်းသွားမှာလားဗျ"

"အိမ်တွေကိုရော သိမ်းမှာလား"

"စုပေါင်းလယ်ယာဆိုတာ ခုတခဏလေးအတွက်ဘဲလား။ဒါမှမဟုတ် တသက်လုံးသွားမှာလား"

"ကိုယ်ပိုင်လယ်ကိုလုပ်တဲ့ လယ်သမားတွေကိုရော ဘယ်လိုသဘောထားမှာလဲ"

"သူတို့လယ်ကိုတော့ မသိမ်းဘူးပေါ့။ ဟုတ်လား"

"ကျွန်တော်တို့ ထမင်းစားတော့လဲ စုပေါင်းပြီး အတူတူစားကြရမှာလား"

ဒါဗီးဒေါ့က မေးသမျှကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။ လယ်ယာနှင့် ပတ်သက်လာလျှင် အန်ဒရေးနှင့် ရတ်ဇမျော့နေ့တို့က ရှင်းပြသည်။ စုပေါင်းလယ်ယာ အသင်းဖွဲ့စည်းကြောင်း ကျေညာစာတန်းတစောင်ကိုဖတ်သည်။ သို့သော် မေးခွန်းတို့ကား မရပ်နားသေး။ ထို့နောက် အလယ်တန်းက ကော့ဆက်တယောက်က ထလိုက်ကာ စကားပြောခွင့်တောင်းလေသည်။

"ကျွန်တော်ဟာ အလယ်အလတ်တန်းစား လယ်သမားတယောက်ပါ။စုပေါင်းလယ်ယာ အသင်းဟာ ကောင်းတဲ့လုပ်ငန်းပါဘဲ။ ဒါပေမယ့် စဉ်းစားစရာ အများကြီးရှိပါတယ် ခင်ဗျာ။ ဒါဟာမလွယ်ပါဘူး။ ငှက်ပျောသီး အခွံနွှာတာလောက် မလွယ်ပါဘူး။ ပါတီက ရဲဘော်ကြီး အခုပြောပုံအလိုထောက်ယင် အားလုံးစုပေါင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



လုပ်ကိုင်တဲ့သဘောပါဘဲ။ ပြီးတော့ အစစအရာရာ အဆင်ပြေသွားလိမ့်မယ်လို့ ဆိုပါတယ်။ ရဲဘော်ကြီး လီနင်ကလဲ ဒီလိုဘဲပြောခဲ့တယ်လို့ထင်ပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်ရဲဘော်ကြီးဟာ လယ်ယာအကြောင်း ကောင်းကောင်းမသိပါဘူး။ သူလယ်အကြောင်း ထွန်တုံးအကြောင်း နွားအကြောင်းမသိပါဘူး။ကျွန်တော့် သဘောအရဆိုယင် စုပေါင်းလယ်ယာမှာ ပါဝင်တဲ့လူများဟာ တခုစီဖြစ်သင့်ပါတယ်။ အလုပ်ကြိုးစားပြီး ကျွဲနွားရှိတဲ့လူကတသင်း။ဆင်းရဲတဲ့လယ်သမားများကတသင်း။ချမ်းသာတဲ့လယ်သမားများကတသင်း။ပြီးတော့ အလုပ်မလုပ်ချင်တဲ့ လူပြင်းများကိုတော့အလုပ်လုပ်ချင်လာအောင် တနေရာပို့ပြီး ခိုင်းသင့်ပါတယ်။ ခုလိုအားလုံး အရောရော အထွေးထွေး မစုသင့်ပါဘူး။ သူ့တာဝန်နဲ့ သူပေါ့ခင်ဗျာ။ ကိုယ်နိုင်တဲ့ဝန် ကိုယ်ထမ်းကြတာပေါ့”

ထိုပုဂ္ဂိုလ်ပြောသည့်စကားကို တီးတိုးဝေဖန်ကြသည်။ နောက်တန်းက မိန်းမတယောက်က ကျယ်လောင် ကျယ်လောင်ပြောနေစဉ် တယောက်ကအော်သည်။

“ဟေးလူ၊ ခင်ဗျား အမြင်ဖက်ထွက်သွား”

ပထမပြောသည့် လူသည် ဆက်၍ပြောပြန်သည်။

“ဒီမှာခင်ဗျား။လူကောင်းရွေးဖို့လိုပါတယ်။ သင့်တော်ရာသင့်တော်ရာရွေးဖို့လိုပါတယ်။ နွားတရှဉ်းဆိုယင် အတိုင်အဖောက်ညီရပါတယ်။ အတိုင်အဖောက်မညီယင် ရှေ့ရောက်တဲ့နွားကရောက်ပြီး နောက်မှာကျန်ရစ်ခဲ့တဲ့ နွားက ကျန်ရစ်ခဲ့ပါလိမ့်မယ်။ ရဲဘော်ကြီးအလိုအရဆိုယင် ကုလတ်ကလဲလို့ ဒီရွာမှာအားလုံးစုပေါင်း လယ်ယာထဲဝင်ကြရမယ်လို့ဆိုပါတယ်။ဒီတော့ အတိုင်အဖောက်မညီမှာစိုးရပါတယ်”

ထိုအခါ လုဗစ်ရှကင်သည် စကားပြောရန် နေရာမှထလေသည်။

“ခင်ဗျား ဘယ့်နှယ်စကားတွေပြောပြောနေတာလဲ ကုဇမာ။ ခင်ဗျားပြောတာ တယ်ဟုတ်တာဘဲ။ တယ်နားထောင်လို့ ကောင်းတာဘဲ။အညာလွယ်တဲ့ မိန်းမသာဆိုယင် ခင်ဗျားစကားကို တသက်လုံး နားထောင်မှာဘဲ” ထိုအခါ အစည်းအဝေးရှိလူအုပ်ကြီးသည် ဝါးကနဲ ရယ်ကြသည်။ “ခင်ဗျား အစည်းအဝေးမှာ လူသဘောကျအောင်ပြောတတ်တယ်။ ခင်ဗျားမိန်းမကို ကျအောင် ပြောသလိုဘဲ”

ရယ်သံများ ဆူညံနေသည်။ဒါဗီးဒေါ့ကား လုဗစ်ရှကင်ဆိုလိုချက်ကို နားမလည်နိုင်သေးဘဲ ရှိနေသည်။

“ပြောနေတဲ့အသံက ခင်ဗျားအသံ။ ဒါပေမယ့် တယောက်ယောက်ပြောနေသလိုဘဲဗျာ။ ခင်ဗျားအဖို့တော့ ဒီလိုဘဲ လူခွဲပြီး အစုခွဲပြီး ဖွဲ့ချင်မှာပေါ့။ခင်ဗျားဟာ နှာခေါင်းပဲ့ ဖရော်နဲ့ ပေါင်းသင်းခဲ့ရလို့ ဒီအတတ်တွေ တတ်လာတာ နေမှာဘဲ။ ခင်ဗျားမိတ်ဆွေကြီး ဖရော်ကို ကျွန်တော်တို့ စာရင်းရှင်းခဲ့ပြီးပြီဗျ။ ဖရော်ရဲ့ ဂျုံကြိတ်စက်ကြီးနဲ့ ခင်ဗျားတို့ စားခဲ့သောက်ခဲ့ကြတာ မေ့ပြီလား။ ခင်ဗျားသဘောအတိုင်းသာ ဖွဲ့ရယင် ကုလတ်တယောက်ထဲပါတဲ့ အသင်းမျိုး ဖွဲ့ချင်မှာပေါ့”

www.facebook.com/NyisayEbookCreator
www.nyisay.com



အစည်းအဝေးသည် ဆူညံလာသည်။ ရတ်ဇမျှော့နေ့ကား အစည်းအဝေးကို ထိန်းသိမ်းမရဖြစ်နေသည်။ တီးတိုးသံများ ကျယ်ကျယ်တမျိုးဆူညံနေသည်။

"ဒီလိုအသင်းမျိုးက သင်းတို့စားသာတာကိုးကွ"

"ကုလတ်တွေက ဒီကောင်ကို သွေးထိုးပေးတယ်နဲ့ တူတယ်"

"ဒီကောင် အုပ်ထည့်ကွာ"

သူ့နောက်စကားပြောသူမှာ လယ်ပိုင်ရှင်ကလေး နီကိုလေလုရှညာ ဖြစ်သည်။

"ကဲ ကဲ အချေအတင်ပြောနေဖို့မဟုတ်ဘူး။ ဒါအင်မတန် ရှင်းနေတဲ့ကိစ္စဘဲ" နာဂူနေ့က သတိပေးသည်။

"ဘယ်နှယ်ပြောတာလဲဗျ။ကျွန်တော် အချေအတင်ဆွေးနွေးရမှာပေါ့။ဘာလဲ ခင်ဗျားတို့ သဘောထားကို ဆန့်ကျင်ပြီး မပြောရဘူးလား။ ကျွန်တော်ပြောချင်တာက စုပေါင်းလယ်ယာအသင်းဟာ မဝင် မနေရ အသင်းမျိုး မဖြစ်စေချင်ဘူး။ ဝင်ချင်တဲ့လူဝင်။ မဝင်ချင်တဲ့လူနေ။ ကျွန်တော်တို့တော့ စောင့်ကြည့်ချင်သေးတယ်"

"အဲဒီ 'ကျွန်တော်တို့'ဆိုတာ ဘယ်သူတွေလဲ" ဒါဗီးဒေါ့က ထိုစကားကို အရအမိ မေးသည်။

"လယ်သမားတွေပေါ့ဗျ"

"ခင်ဗျားသဘောဘဲ ခင်ဗျားပြောဖို့ကောင်းတယ်။ လူတိုင်းမှာ ပါးစပ်နဲ့ဘဲဗျ။ သူတို့သဘောထားသူတို့သာ ပြောကြလိမ့်မယ်"

"ဒါဖြင့် ကျွန်တော့်သဘောပြောမယ်။ ကျွန်တော်တော့ ခဏ စောင့်ကြည့်ချင်သေးတယ်။ ကောင်းယင် ကျွန်တော်ဝင်မယ်။ မကောင်းယင် မဝင်ဘူး"

"ဟုတ်တယ်။ အဲဒါကောင်းတယ်"

"စောင့်ကြည့်သေးတာပေါ့ဗျာ"

"စောင့်ကြည့်နေလို့ အပိုပေါ့ဗျ။ဝင်လိုက်တာ ကောင်းတာပေါ့"

"ကဲ၊ အခါဗတ်ကင် ပြောစမ်းပါဗျာ။ ခင်ဗျားသဘော ပြောစမ်းပါ"

"ကျွန်တော့်သဘော ပြောမယ်။ ကျွန်တော့်မှာ ညီအရင်းတယောက် ရှိတယ်။ အဲဒီညီ ပီယိုတာနဲ့ အတူနေတာဘဲ။ ဒါပေမယ့် မတည့်ဘူး။ ကျွန်တော်တို့ရဲ့ မိန်းမတွေအချင်းချင်းလဲမတည့်ချင်ဘူး။အခုခင်ဗျားတို့က တရွာလုံး တသင်းထဲပေါင်းပြီး နေမယ်ဆိုတယ်။ အဲဒီလိုသာဆိုယင် မကြာခင် ဒုက္ခရောက်ကုန်မှာဘဲ။လယ်ထဲဆင်းတာနဲ့ တပြိုင်နက် သတ်ကုန်ကြမှာဘဲ။ အိုဗင်က ကျွန်တော့်နွားတွေကို နှင်းကန်ခိုင်းမယ်။ ကျွန်တော်က သူ့မြင်းတွေကို မထိန်းအားဘူး။ မေ့နေမယ်။ ဒီတော့ ကျွန်တော်တို့ကို စောင့်ဖို့ စစ်တပ်တတပ် လိုနေမှာဘဲ။ တချိန်လုံး အဲဒီစစ်တပ်က စောင့်ကြည့်နေရမှာဘဲ။ တချို့က အလုပ်များများ လုပ်မယ်။ တချို့က အလုပ်နည်းနည်း လုပ်မယ်။ အလုပ်မှာ ကွဲပြားခြားနားတာတွေ မတူတာတွေရှိတယ်ဗျ။ စက်မဟုတ်ဘူးဗျ။ စက်ရုံ အလုပ် လုပ်ရတာနဲ့ တူတာမဟုတ်ဘူး။စက်ရုံဆိုတာက ရှစ်နာရီအလုပ် လုပ်ပြီးယင် စတိုင်နဲ့ ထွက်လာခဲ့ရတာမျိုး"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘဲ။ မနှစ်က ဂျုံတင်းကိုးဆယ်ထွက်တယ်။ ဘာလဲက နှစ်ဆဲ့သုံးတင်း။ ကျွန်တော့် အိမ်ထောင်အတွက် ဂျုံတင်းခြောက်ဆယ် ဆိုယင် လောက်တယ်။ ဆယ်တင်းက ကြက်စာ။ ကျန်တာက မြင်းစာပေါ့။ ဒီတော့ အစိုးရကို ဘာသွားရောင်းမလဲ။ ကြက်ကလေး၊ ဘဲကလေး အနည်းအပါးမွေးတယ်။ ရောင်းရတယ်။ အဲဒီကရတဲ့ပိုက်ဆံနဲ့ ဖိနပ်တို့ အဝတ်တို့ ရေနံဆီ၊ မီးချစ်၊ ဆပ်ပြာစတဲ့ ကျွန်တော်လိုတဲ့ အသုံးအဆောင်တွေ ဝယ်နိုင်ပါမလား။ မြင်းစရိတ်ကလဲရှိသေးတယ် မဟုတ်ဘူးလား။ ကျွန်တော်ဒီအတိုင်း ဆက်ပြီးနေနိုင်ပါမလား။ ဒါဟာ လယ်ထွက်ကောင်းတဲ့နှစ်ပြောတာ။ သီးထွက်ညံ့တဲ့အခါ ကျွန်တော် ဘယ့်နှယ်လုပ်မလဲ။ ဘာမှမကြံတတ် မစဉ်းတတ်တော့ဘူး။ ကျွန်တော်တို့ အလယ်အလတ် လယ်သမားတွေရဲ့ ဘဝဟာ ဒီအတိုင်းပါဘဲ။ ခု ခင်ဗျားတို့စိတ်ထဲ ဘာရှိသလဲ။ ကျွန်တော်ပြောမယ်"

"ပြောသာပြော ကွန်ဒရတ်" လုဗစ်ရှကင်က ဆွပေးသည်။

"ပြောပါမယ်ဗျာ။ ခင်ဗျားလယ်သမားတွေက စုပေါင်းလယ်ယာလုပ်တာကို ဆန့်ကျင်ကြတယ်။ ခင်ဗျားတို့အဖို့ ကိုယ့်ရှိတဲ့ ကျွဲလေး နွားလေး လယ်လေးကလွဲယင် ဘာမှမသိလို့ဘဲ။ ကွန်မျူနစ်ပါတီက ခင်ဗျားတို့ကို ဘဝသစ်ရောက်အောင်တွန်းပို့နေတာဗျ။ ခင်ဗျားတို့ကရှောင်ဖယ်ရှောင်ဖယ်လုပ်နေကြတယ်။ ဒါဘဲ။ ကျွန်တော်တော့ ခုဘဲထိုင်ပြီးအသင်းဝင်ဖို့လျှောက်လွှာရေးမယ်။ ခင်ဗျားတို့အားလုံးလဲဝင်ကြပါ။ မဝင်ချင်တဲ့လူကလဲ သူများကို မနှောင့်ရှက်ပါနဲ့"

ရတ်ဇမျှော့နေ့သည်ထိုင်ရာမှထသည်။ "ကဲအခုတော့ရှင်းသွားပြီမဟုတ်လား။ မီးခွက်လဲဆီမရှိတော့ဘူး။ ညဉ့်နက်လာပြီ။ စုပေါင်းလယ်ယာဖွဲ့တာကိုထောက်ခံတဲ့လူ လက်ထောင်ကြပါဗျို့။ အိမ်ထောင်ဦးစီးဘဲလက်ထောင်ကြပါ"

အိမ်ထောင်ပေါင်း နှစ်ရာ့ဆဲ့ခုနစ်ရှိရာ ခြောက်ဆဲ့ခုနစ်ယောက်သာ လက်ထောင်ကြလေသည်။

"ကန့်ကွက်တဲ့လူရှိသေးလားဗျို့"

ကန့်ကွက်သည့်လက်ချောင်းတခုမျှမရှိ။ "ခင်ဗျားတို့ စုပေါင်းလယ်ယာအသင်းကိုမဝင်ချင်ကြဘူးလား" ဒါဗီးဒေါ့ကမေးသည်။ "ဒါဖြင့် ရဲဘော်ကွန်ဒရတ်ပြောတာ အမှန်ဘဲပေါ့"

"ဒီလိုမဟုတ်ပါဘူး" မိန်းမအသံတသံဖြစ်သည်။

"ရှင်တို့ကွန်ဒရတ်ကဘာလုပ်ရမယ်လို့ ပြောပြရတာမှမဟုတ်ဘဲ"

"ကျွန်တော်တို့သိခဲ့ကြတဲ့အတိုင်း"

"ဇွတ်အတင်းအဝင်မခိုင်းပါနဲ့ဗျာ"

စကားပြောသံများ ရပ်သွားလျှင် နောက်ဆုံးက မလိုတမာ အသံတခုထွက်လာသည်။

"ကျုပ်တို့ဟာ ကျွဲတွေနွားတွေမဟုတ်ဘူး။ ကျွဲတွေနွားတွေကျောင်းသလိုမရဘူး။ တစ်ကောင်က ခင်ဗျားကိုဆော်လိုက်တယ်မဟုတ်လား။ အဲဒါအစဘဲရှိသေးတယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါမီးဒေါ့အဖို့ အနာကိုတုတ်ဖြင့်အဆွခံရသလို အခံရခက်နေသည်။ ချက်ချင်းပင် ဒါမီးဒေါ့သည် မျက်စေ့မျက်နှာပျက်လျက် ထိုင်ရာမှထ၍ အသံအောကြီးဖြင့်ပြောပြန်သည်။

"ဟေ့ ဘာလဲ။ ဒါရန်သူအားပေး စကားဘဲ။ ခင်ဗျားတို့ တနေ့သိမယ်။ ခင်ဗျားတို့တနေ့ ကျဆုံးမယ်။ကျုပ်မသေသေးဘူး။ ခင်ဗျားတို့ကျဆုံးတာစောင့်ကြည့်ရအုံးမယ်။ ပါတီအတွက်၊ ကျုပ်တို့ပါတီအတွက်၊ အလုပ်သမားတွေရဲ့အကျိုးအတွက်ဆိုယင် ကျုပ်ရဲ့သွေးနဲ့တိုက်မယ်ဗျာ။ ကျုပ်အသက်နဲ့ လဲမယ်ဗျာ။ ကျုပ်ပြောတာမြဲမြဲမှတ်ထားဗျို ကုလတ်ကြီး၊ ကျုပ်အသေခံတိုက်မယ်"

"ခုကနပြောတာဘယ်သူလဲ" နာဂူနေ့ဘကမေးသည်။

ရတ်ဇမျော့နေ့သည် စင်မြင့်မှခုန်ဆင်းသည်။ နောက်ဆုံးတန်းကလူနှစ်ဆယ်ကပြင်ဖက်သို့ထွက်သွားကြသည်။ တံခါးမှန်များကွဲသံကြားရသည်။တံခါးပွင့်သွားသဖြင့် လေအေးတချက်အခန်းထဲသို့သိမ့်ကနဲဝင်လာသည်။

"တီမိုဖေးလား"

"ဒီကောင်ရွာကနှင်ထုတ်ဗျို့"

"မဟုတ်ဘူးဗျ။ အကင်မာရယ်။ ဒီမှာ ကူဗျန်စကွိုင်ရွာက ကောဆက်တချို့ရောက်နေတယ်ဗျို"

"ဒုက္ခပေးမယ့် အကောင်တွေဟေ့။ နှင်ထုတ်ကြ"

အစည်းအဝေးသည် သန်းခေါင်တိုင်မှ ပြီးလေသည်။ စုပေါင်းလယ်ယာဖွဲ့ရေးအတွက် အခြေအတင် ဆွေးနွေးကြသည်။ အားကြိုးမာန်တက် ဆွေးနွေးကြသည်။ ကွန်ဒရတ်၏အိမ်နီးချင်းတယောက်သည် ကွန်ဒရတ်နှင့် ခွန်းကြီးခွန်းငယ် စကားများသည်။ တယောက်နှင့်တယောက် ထိုးသတ်ကြမတတ် စကားများသည်။ သို့သော် ဒါမီးဒေါ့ကကြားဝင်၍ ဖြန်ဖြေသည်။ ဤသို့ဖြင့် သူတို့အားလုံးသည် သဘောထားအမျိုးမျိုးကိုထုတ်ဖော်ကြလေသည်။

—၁၀—

ကွန်ဒရတ်မိတ်ဒင်နီကောသည် အစည်း အဝေးပြီးလျှင် အိမ်သို့ လမ်းလျှောက်၍ ပြန်လာသည်။ သူ့ခေါင်းထက်တွင် ကြယ်ရောင်မှိတ်တုတ်သာ လက်နေသည်။ အားလုံး တိတ်ဆိတ်နေသည်။ တိတ်ဆိတ်လွန်းသဖြင့် နှင်းအောက်တွင် မြေစိုင်ခဲတို့ အက်ကွဲသံကိုပင် ကြားရသည်။ နှင်းဒဏ်ကြောင့် သစ်ကိုင်းလှုပ်သံကိုပင် ကြားရသည်။ သူသည် အိမ်သို့ရောက်လျှင် နွားတင်းကုတ်သို့ဝင်ကာ မြက်ခြောက်တို့ကို ယူ၍ကျွေးသည်။ သို့သော် အစည်းအဝေးက ပြောခဲ့သည်တို့ကို အမှတ်ရလာသည်။ ထို့ကြောင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဲ၊ ခွဲကြရတော့မယ် ဖေ့သားကြီးတို့ရေ။ဒို့အတူလုပ်ခဲ့ကြတာ လေးနှစ်ရှိပါပြီကွာ။ ဒါပေမယ့် အရည်မရ အဖတ်မရပါဘဲ။ မင်းတို့သဲ ဆင်းရဲမြဲ ဆင်းရဲပါဘဲ။ ခုတော့ ဘဝသစ် ဖန်တီးကြမဟေ့။ ဟေ့ကောင်ကြီး ဘာနားစွင့်နေတာလဲ။ ငါပြောတာ မင်း နားလည်လို့လား" ဟု နွားကြီးကို စကားပြောနေလေ့သည်။

သူ့နွားမသည် နွားသိုးတကောင်နှင့် အရွေလိုက်ခဲ့သည်။ ဒါကို သူမသိ။ သို့သော် နိုဝင်ဘာလကုန်ခါနီးလျှင် နို့မထွက်တော့။ ထို့ကြောင့် ညညတွင် ချမ်းချမ်းဆီးဆီးနှင့် ထကာ အမောတကောကြည့်ရသည်။ အကယ်၍သာ လူမသိဘဲ နွားကလေးမွေးလျှင် နှင်းဒဏ်ကြောင့် အအေးမိကာ သေသွားမည်ကို စိုးရိမ်ခဲ့ရသည်။ ညအခါများတွင် အိပ်၍ပင် မပျော်ခဲ့။ တမနက်တွင်ကား သူ့မိန်းမ အင်နာက "ဒီညတော့ အသေအချာ မွေးမှာဘဲတော့" ဟု အခိုင်အမာ ဆိုသည်။

ထိုနေ့ညတွင် မအိပ်ဘဲ စောင့်ခဲ့သည်။ ခဏခဏသွား၍ ကြည့်ရသည်။ နောက်ဆုံး ရှစ်ကြိမ်မြောက်အကြည့်တွင်မှ နွားမကြီးအော်သံ ကြားရသည်။

"နွားထီးလေးဟေ့"

အင်နာက ဘုရားသခင်ကျေးဇူးပေဘဲဟု အားရဝမ်းသာဖြစ်သည်။ ကွန်ဒရတ်အဖို့ လယ်ထဲတွင် ခိုင်းရန်တကောင်တိုးလာပြီ။

ကွန်ဒရတ်သည် ရှေးဖြစ်ဟောင်းတို့ကို စဉ်းစားမိရာက မျက်ရည် ဝေ့လာသဖြင့် အိမ်ဆီသို့ လှည့်လာခဲ့သည်။ ထိုညတွင် သူ အိပ်၍ မပျော်။ တညလုံး ဆေးလိပ်တဖွာဖွာသောက်နေရသည်။ အတွေးကားအဆုံးမရှိ။

စုပေါင်းလယ်ယာတွင် ဘယ်လိုနေရမလဲ။ သူနားလည်သလိုလူတိုင်းကနားလည်မည်လား။ ဒီတလမ်းဘဲရှိသည်။ အခြားလမ်းရွေးစရာမရှိ။ ကိုယ့်ကျွဲနွားကို ဘယ်မျှသံယောဇဉ်ကြီးသည် ဖြစ်စေ၊ အများအတွက် စွန့်ရလိမ့်မည်။ ငါ့ပစ္စည်း ငါ့ ဟာ ဆိုသည့် တကိုယ်ကောင်းအယူအဆကို စွန့်လွှတ်ရမည်။ တိုက်ဖျက်ရမည်။ သိုးငယ်ကလေးတွေ ဘယ်လို နေကြမလဲ။ သင်းတို့အတွက် နွေးထွေးရန် လုံလုံခြုံခြုံ နေရာထိုင်ခင်း လိုလိမ့်မည်။ ငါ့အထွက်ကတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် တခြားလူတွေက မဝင်ဘူး ဆိုယင် ဘယ့်နှယ်လုပ်မလဲ။ အိုဒီတော့ ဂရယ်မျှချီက တခါထဲ ထွက်ပြီး သတ္တုတွင်း ဆီ သွားရုံရှိတာပေါ့။ ဒီမှာ တွယ်တာနေစရာ မရှိတော့ဘူးပေါ့။

အရုဏ်မတက်မီ ကွန်ဒရတ်သည် အိပ်ပျော်သွားသည်။ သူ့ အဖို့ များစွာ စွန့်စားရသည်။ သူ့နွား၊ သူ့လှည်း၊ သူ့မြေတို့၏ သံယောဇဉ်မှာ ကြီးလှသည်။

နောက်တနေ့ မနက်ခင်းတွင် နံနက်စာ စားပြီးလျှင် လျှောက်လွှာ ရေးသည်။ အကြာကြီးပင် အချိန်ယူကာ ရေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဂရယ်မျချီ ကျေးရွာ ကွန်မျူနစ်ပါတီ
အုပ်စုအတွင်းရေးမှူး ရဲဘော် မာကာနာဂူနေ့ထံသို့
လျှောက်လွှာ

အလယ်အလတ် လယ်သမားဖြစ်သူ ကျွန် တော် ကွန်ဒရတ်ခရစ်စတို ဖော် ရော့ မိတ်ဒန်နီကော့အား စုပေါင်းလယ်ယာ အသင်းဝင်အဖြစ် ကျွန်တော့်မိန်းမ၊ ကျွန်တော့်ကလေးများ၊ကျွန်တော်ပိုင်ပစ္စည်းအားလုံး၊ကျွဲနွားအားလုံးနှင့်အတူ ဝင်ခွင့်ပြုရန် လျှောက်ထားပါသည်။ ကျွန်တော်ဘဝသစ် လမ်းစဉ်ကို လက်ခံပါသည်။ ကျွန်တော့်အား ဝင်ခွင့်ပြုပါရန် ပန်ကြားပါကြောင်း။

ကော၊ မိတ်ဒန်နီကော့

"ရှင် ဝင်ပြီးပြီပေါ့" သူ့မိန်းမကမေးသည်။

"အေးလေကွာ"

"ကျွဲနွားတွေပါလား"

"ဒါပေါ့ကွ။ ဘာလဲ မင်းက ခုမှ ဘာလာပြောအုံးမလို့လဲ။ မင်းကို ငါ အာပေါက်လောက်အောင် ရှင်းပြခဲ့ပြီမဟုတ်လား။ မင်းသဘောမတူဘူးလား"

"နွားမကြီးအတွက် ကျွန်မ သနားတယ် ကွန်ဒရတ်ရယ်။ ကျွန်မသဘောတူပါတယ်။ ဒါပေမယ့် သူ့သံယောဇဉ်က အကြီးသားလားတော့" သူသည် ပြောယင်းပင် မျက်ရည်စ ဝေ့လာသဖြင့် သုတ်နေသည်။

သူတို့၏သမီးကလေး ခရစ်စတီရှာကလည်း ရှိသည်။

ကွန်ဒရတ်သည် နွားများကို တင်းကုတ်မှ မလာခဲ့သည်။ ထို့နောက် မြင်းဇက်ခွန်ကာ စမ်းချောင်းသို့ ရေတိုက်ဆင်းခဲ့သည်။ နွားများသည် အိမ်ဖက် သို့ သာ ဦးလှည့်ကြသည်။ သူတို့က ဆိုဗီယက်အဖွဲ့ရုံးဆီသို့ မနည်းပင် ကြံဆောင် မောင်းနှင်ခဲ့ရသည်။ စိတ်ထဲတွင်ကား မချိလှ။

လမ်းတွင် ပြတင်းပေါက်များမှ ခေါင်းပြူကြည့်နေသော မိန်းမများကို တွေ့ရသည်။ ယောကျ်ားတို့မှာ အိမ်ပြင်သို့ မထွက်ဘဲ ဝင်းထရံကိုမှီ၍ကြည့်နေကြသည်။ သို့ရာတွင် ဆိုဗီယက်အဖွဲ့ရုံးသို့ ရောက်ခါနီး လမ်းချိုး၌ နွားအုပ်ကြီးတအုပ်ကို တွေ့ရသည်။ လုဗစ်ရှကင်သည် နွားအုပ်တခုကို မလာသည်။

"ဒီကောင်တွေ အမြီးချင်း ချည်ပေးလိုက်ရမကောင်းလားဗျ" ဟု ရယ်စရာပြောသည်။ သူ့မျက်နှာတွင် အညိုအမဲကွက်ဘာခု တွေ့ရသည်။ သူလည်း အတော်ကြီးပင် ဒုက္ခဆင်းရဲရောက်ကာ နွားအုပ်ကို မခဲ့ရဟန် တူသည်။

"ဟော့ မင်းမျက်နှာ ဘယ်သူ တေးလွှတ်လိုက်သသဲကွ။ ညိုမည်းလို့ပါလား"

"အိမ်က မိန်းမပေါ့ဗျာ။ နွားမကြီး ခေါ်လာတာနဲ့ ဆော်ရ တော့တာပါဘဲ။ အိမ်ဝင်းထဲမှာ လုံးလိုက်ကြရတာ။ ကျုပ်ဖြင့် အိမ်နီးချင်းတွေ မျက်နှာကိုခဲတောင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှက်တာနဲ့ မကြည့်ရဲတော့ပါဘူး။ မိန်းမက ယောင်းမနဲ့ တွယ်မလို့ဗျ။ ဒီတော့ ကျုပ်က 'မင်းလားကွ ငါ့လို ရဲနီတယောက်ကို အံတုဝံ့တာ' လို့ ကြိမ်းလိုက်ရတယ်"

ဆိုဗီယက်အဖွဲ့ရုံးမှ သည် တစ်ကော့၏ အိမ် သို့ လာခဲ့ကြရသည်။ ထိုနေ့မနက်တွင် အလယ်အလတ် လယ်သမား ဆဲ့နှစ်အိမ်ထောင်၏ အသင်းဝင် လျှောက်လွှာကို လက်ခံရရှိသည်။ သူတို့သည် ဟညလုံး စဉ်းစားဆုံးဖြတ်ကြရသည်။

တစ်ကော့၏ ခြံထဲတွင် နာဂူနော့သည် လက်သမားကြီးနှစ်ယောက်၏ အကူအညီဖြင့် နွားတင်းကုပ်တခုဆောက်သည်။ ဤနွားတင်းကုတ်မှာ ဂရယ်မျချီကျေးရွာကလေး၏ ပထမဆုံး ဘုံနွားတင်းကုတ်ဖြစ်ပေသတည်း။

—၁၁—

ကွန်ဒရတ်၊ နာဂူနော့၊ လုဗစ်ရှကင်တို့သည် တစ်ကော့၏ အိမ်ဝင်းထဲတွင် နွားခြံဆောက်ရာ၌ တနေကုန် လုံးပန်းနေကြသည်။

ထိုအချိန်တွင် ရတ်ဇမျော့နော့နှင့် ဒယွမ်ကာတို့ ရောက်လာကြသည်။ ရတ်ဇမျော့နော့သည် နာဂူနော့၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီးနောက် ယမန်နေ့က အဖြစ်အပျက်ကို ပြန်လှန်ထုတ်ဖော်ယင်း တောင်းပန်သည်။

"သူငယ်ချင်း မာကာ။မနေ့က ဖြစ်ပျက်ခဲ့တာကို စိတ်မဆိုးနဲ့ကွာ။ငါ ကလေးတွေကို မြင်ရတော့ စိတ်မချမ်းသာဘူး။ ငါ့သားလေးကို အမှတ်ရလာတယ်"

"ငါလဲ အမှတ်မထားပါဘူးကွာ"

"အေးလေ မင်း စိတ်ကျေပြီဆိုတာ ငါသိပါတယ်"

"ကဲဟော့၊ ကောက်ရိုးတွေ သိမ်းဖို့ ရှိသေးတယ်။ ဘယ်မှာလဲ။ လာကြဟော့။ ဒါဗီးဒေါ့ရော"

"သူရုံးမှာရှိတယ်။ လျှောက်လွှာတွေရွေးနေတယ်။ ကျွန်တော်လဲ သွားမယ်။ ကုလတ်တယောက်အိမ်ကျန်သေးတယ်။ ဆေမီယွန်လက်ပရှိနော့လေ"

"ပြန်လာတော့ မနေ့ညကလိုဘဲစိတ်မကောင်းဖြစ်နေအုံးမှာလားဗျာ" နာဂူနော့ကမေးသည်။

"ကဲပါလေ၊ ထားပါတော့။ကျွန်တော်နဲ့ ဘယ်သူ့ထည့်လိုက်နိုင်မလဲ။ဒီမှာလဲ ရှုပ်နေတာဘဲ။ ကောက်ရိုးတွေက ဟိုတပုံဒီတပုံ။ နွားတွေလဲ နေရာမချရသေးဘူး။ စစ်မြေပြင်နဲ့တူနေတယ်။ ကျွန်တော့်ကိစ္စပြီးယင်ပြန်လွှတ်လိုက်ပါမယ်။ ဘယ်သူလိုက်မလဲ"

"ကွန်ဒရတ်ရှိသားဘဲ။ ဗျို့ကွန်ဒရတ်၊ ဥက္ကဋ္ဌကြီးနဲ့ လိုရမယ်ရ အကူအညီလိုက်သွားပါဗျာ။ ကုလတ်တယောက်အိမ်သိမ်းဖို့ရှိတယ်။ ခင်ဗျားလိုက်မယ် မဟုတ်လား။ မသိဘူးလေဗျာ။ အချို့ကတော့ ဒီအလုပ်ကိုတယ်ပြီးမလုပ်ချင်ကြဘူး။ ကုလတ်ဖင်ကိုတော့ရက်ချင်ကြတယ်။ ဒါပေမယ့် ကုလအိမ်သိမ်းဖို့ကြတော့မလိုက်ချင်ကြဘူး"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော်လိုက်မယ်"

ဒယ္ယမ်ကာလည်း ပါလာသည်။ သူတို့သုံးယောက်လည်း လက်ပရှိနေ့ာအိမ်သို့ ထွက်သွားကြသည်။ ရတ်ဇမျော့နေ့သည် ကွန်ဒရတ်၏အမူအရာကို အကဲခတ်နေသည်။

"ဘယ်လိုဖြစ်တာလဲဗျ။ မျက်စိမျက်နှာလဲ မကောင်းပါလား။ ခင်ဗျားဝမ်း မသာဘူးလား။ ကျုပ်တို့ရွာဟာ ခုမှ အသက်ဝင်လာတယ်။ လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။ ပရွက်ဆိတ်တွင်းနဲ့ မတူဘူးလား"

"အရင်မလိုနဲ့အုံးလေဗျ။ တင်သလောက် မလွယ်လှသေးဘူး" ကွန်ဒရတ်က ခပ်အေးအေးပြောသည်။

"ဘာလို့လဲဗျ"

"လုပ်ငန်းတွေကတပုံကြီးကျန်သေးတယ်။ စိုက်ပျိုးရေးစရအုံးမယ်။ကျွဲနွားကိစ္စတွေကျန်သေးတယ်။ ဟဲ၊ဟိုမှာကြည့်စမ်းပါအုံး။ သုံးယောက်ဘဲ အလုပ်လုပ်နေတယ်။ ကျန်တဲ့လူတွေက ဟေးလားဝါးလားနဲ့ ဆေးလိပ်သောက်နေကြတယ်"

"လူတိုင်းအလုပ်လုပ်ရမှာပေါ့ဗျ။ ခုမှအစရှိသေးတာ။ သူတို့မှာ စားစရာမရှိ မှန်းသိယင် အလကားဆေးလိပ်သောက်နေနိုင်ပါ့မလား"

လမ်းချိုးတထောင့်တွင် ဆေမီယွန်၏သားဖြစ်သူ စုပေါင်းလယ်ယာအသင်းဝင် လူငယ်တယောက်သည် ခက်ရင်းခွတခုနှင့် ကောက်လှိုင်းကို လေးတွဲ့စွာ ပုံနေသည်။ စွပ်ဖားတခုသည် လမ်းလယ်တွင်မှောက်နေသည်။ ဒယ္ယမ်ကာကစိတ်မရှည်တော့ဘဲဝင်၍ လုပ်ပေးသည်။

"ဖယ်စမ်းပါကွာ၊ ဒို့များမင်းတို့အရွယ်တုန်းကဆိုယင် သိပ်ပေါ့ပါးတာဘဲ"

"ဘယ်လိုဖြစ်တာလဲ"

အဘောင်းတွင်ချော်၍ မှောက်ဟန်တူသည်။ နွားများသည် စွပ်ဖားပေါ်ကကျ သည့်ကောက်ရိုးများကိုဆွဲ၍စားနေကြသည်။ "ဘယ့်နှယ်ဖြစ်နေသလဲကွာ။နွားတွေလဲ ထိန်းအုံးမှပေါ့"

"အိုဗျာ ကျုပ်တို့ပစ္စည်းမှ မဟုတ်တော့ဘဲ။ စုပေါင်းလယ်ယာရဲ့ ပစ္စည်းဖြစ် သွားပေါ့ဟာ"

"ဟော့ ဟော့ မင်းဘယ်လိုပြောလိုက်တာလဲ။ ကြွားရဲ့လားဗျို့။ ကောင်လေး ပြောနေတာ" ဒယ္ယမ်ကာက ကွန်ဒရတ်နှင့် ရတ်ဇမျော့နေ့ကိုလှမ်း၍ပြောသည်။

သူတို့သည် လက်ပရှိနေ့၏ပစ္စည်းများကို စာရင်းလုပ်ကြသည်။ ထိုနေရာတွင် လူသုံးဆယ်ခန့် ဝိုင်းအုံနေသည်။ များသောအားဖြင့် အိမ်နီးချင်း မိန်းမများသာဖြစ် သည်။လက်ပရှိနေ့ကိုအိမ်မှဆင်းပေးရန်ပြောသည့်အခါ လူအုပ်ထဲကထင်ကြေးအမျိုး မျိုးပေးကြသည်။

"အဲဒါကောင်းတယ်။ တသက်လုံး စုဆောင်းလာခဲ့တာ ခုတော့ အိမ်ကဆင်း ပေးရပြီ"

"ရယ်စရာမဟုတ်ပါဘူးကွာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒီလူတွေသိပ်ဝမ်းနည်းရှာမှာဘဲ။ သူ့ဖြစ်တော့ အခံရခက်မှာဘဲ။ ဒါပေမယ့် သူမတရားသိမ်းထားတဲ့ပစ္စည်းက နည်းတာမဟုတ်ဘူး။ ထရီဗိုနေ့ပစ္စည်းဆိုယင် အပိုင်စီးထားဘာဘဲ"

"သူ့စေတနာအတိုင်းအကျိုးပေးတာပါဘဲ။ တက်လွန်းတော့ အကျနာတာဘဲဗျာ"

"ဟော့ မင်းတို့ သူများခံရတုန်း ဘေးက ဝမ်းသာမနေကြနဲ့။ ကိုယ့်အလှည့်ကြုံလာလိမ့်မယ်"

"အမယ်၊ ကျွန်မတို့ဘယ်တော့မှဒီလိုချမ်းသာမှာမဟုတ်ဘူး"

လက်ပရီနေ့သည် ပစ္စည်းအတွက်ဆိုလျှင် အရှက်မရှိသူဖြစ်သည်။ စစ်ကြီးမဖြစ်မီကပင်သူသည် လူချမ်းသာတယောက် ဖြစ်နေပြီး မှောင်ခိုပစ္စည်းလက်ခံကာ ကြီးပွားချမ်းသာလာသည်ဟုလည်း ရွာကသိထားကြသည်။ စတက်မြက်ခင်းဒေသတွင်လှည့်လည်ကျက်စားသော မြင်းသူခိုးဂျစ်ပဆီတို့နှင့် အဆက်အသွယ် ရှိသူလည်း ဖြစ်သည်။ ဂရယ်မျချီနှင့်မနီးမဝေးတွင်ရှိသောရွာနီးချုပ်စပ်တို့တွင် မြင်းအရောင်းအဝယ်ဖြစ်လျှင် လက်ပရီနေ့လက်ကတဆင့်ထွက်သည့်မြင်းသာများသည်။ ထို့ပြင် သူသည် ရွှေတိုငွေစကိုလည်းစုဆောင်းသူဟုနာမည်ကြီးသည်။ ၁၉၁၂ ခုနှစ်တွင် တကြိမ် ခါးပြတိုက်ခံရဘူးသည်။ သို့သော် ဘာပစ္စည်းမှ အပါမခံရဟုဆိုကြသည်။ နှမြောသည်။ တွန့်တိုသည်။ သူများပစ္စည်းဆိုလျှင် လိုချင်တပ်မက်ရှိသည်။ သူများလယ်ထဲသို့ ဝင်၍ ကောက်လှိုင်းခိုးသည်ဟူ၍လည်း သတင်းမွှေးသည်။ ကပ်ဖေးနည်းသည့်နေရာတွင် နှစ်ယောက်မရှိ။ ဘုရားကျောင်းသို့သွားသောအခါလည်း ဖယောင်းတိုင်တပြားတန်လေးကိုသာ ပူဇော်သည်။ ထိုဖယောင်းတိုင်ကို ထွန်း၍ တတ်နိုင်လျှင် တနှစ်လုံး ပူဇော်လိုဟန် တူသည်။ သူ့ကို တွန့်တိုရမည်လားဟု ပြောကြသည့်အခါ သူက "ဟော့ ဘုရား သခင်က မင်းတို့ထက် အသိဉာဏ်ကြီးတယ်ကွ။ ဖယောင်းတိုင်ကို သူကအရေးမလုပ်ပါဘူး။ သူ့ကိုရိုသေတာဘဲလိုချင်တာ"ဟု ပြန်၍ချေသည်။

လက်ပရီနေ့သည် ပစ္စည်းအသိမ်းခံရတော့မည်ကို ကြို၍သိထားသည်။ သို့သော် မတုန်လှုပ်။ ကြောက်စရာမရှိ။ အကြောင်းမှာ သူ့တွင် ရှိသမျှ ထိုက် ထိုက် တန် တန် ပစ္စည်းတို့ကို သိုဝှက်ထားပြီး ဖြစ်သောကြောင့်တည်း။ ဆိုဗီယက်အဖွဲ့ရုံးက ရောက် လာသည့်အခါ သူကိုယ်တိုင်ပင် ပစ္စည်းစာရင်းလုပ်၍ ပေးလိုက်သေးသည်။ သူ့ မိန်း မ က ကြမ်းကို ခြေဖြင့်ပေါက်ကာ စူဆောင့်နေလျှင် သူကပင် နှစ်သိမ့်လိုက်သေးသည်။ "ဟေး ဆူမနေပါနဲ့ကွယ်။ မစိုးရိမ်ပါနဲ့။ ဘုရားသခင်က ကြည့်မနေပါဘူး။ သူဟာ သနားညှာတာတတ်ပါတယ်"

"ဗျို့အဖိုးကြီး၊ ခင်ဗျားရဲ့ သိုးရေ ကုတ်အင်္ကျီကောပါပါလားဗျ" ဒယ့်မ်ကာက မေးသည်။

"ဘုရားရေ။ ဘယ်က သိုးရေကုတ်အင်္ကျီလဲ ခင်ဗျာ"

"အယင်တနင်္ဂနွေနေ့က ဘုရားကျောင်း ဝတ်လာတဲ့ အင်္ကျီလေဗျာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော့်မှာ အဲဒီ အင်္ကျီမျိုး မရှိရိုး အမှန်ပါခင်ဗျာ"

လက်ပရှိနေသူသည် မသိဟန်ဆောင်ကာ ဇွတ်ပင် ညာသည်။

ကွန်ဒရတ်က အဖိုးကြီးကို မျက်မုန်း ကျိုးနေသည်။

"ခင်ဗျားကြီး ကျုပ်ဆီက မတရားသဖြင့် ယူသွားတဲ့ ပြောင်းဆံသုံးတင်းရော"

"ကွန်ဒရတ်ရယ်။ မင်းမိဘတွေဟာ လူကောင်း သူကောင်းတွေပါ။ ဒီ့သမ္မာကျမ်းစာမှာလဲ ဆိုထားပါတယ်။ အနိမ့်ကျနေတဲ့ လူကို မနှိပ်စက်ပါနဲ့တဲ့။ ငါဘယ်တုန်းက မတရား လုပ်ခဲ့လို့လဲကွယ်"

"အို မတရားသဖြင့် လိုချင်လို့ ဘယ်ဖြစ်ပါ့မလဲ" သူ့မိန်းမကြီး ဝင်၍ ရန်ထောင်သည်။

"တော်တော့ဟေ့၊ အော်မနေပါနဲ့။ ဘုရားသခင်က ကြည့် မ နေ ပါဘူး"

လက်ပရှိနေသူသည် ဘုရားစကား တရားစကားကိုသာ တွင်တွင်ပြောနေသည်။

"ကဲကဲ အဖိုးကြီး။ ခင်ဗျားအိမ်က ဆင်းပေတော့။ ခင်ဗျားမျက်ရည်ကျတာကိုလဲ ဘယ်သူမှ သနားမနေအားဘူး။ခင်ဗျား ကြီးကျယ်တုန်းက ကျုပ်တို့ ဆင်းရဲသားတွေကို အများကြီး ဖိနှိပ်ခဲ့တယ်။ ခုတော့ သွားပေတော့"

လက်ပရှိနေသူသည် အိမ်ထဲကခေါင်းငုံ၍ဆင်းသွားသည်။သူတို့နောက်ကလူအုပ်တအုပ်လိုက်သွားသည်။

"သွားတော့လေဗျာ" အန်ဒရေးကအော်သည်။ လူအုပ်ကြီးသည် အဖိုးကြီးကိုကြည့်၍တီးတိုးပြောကြသည်။

"သူ့အိမ်လေးကိုတော့ နောက်ဆုံးကြည့်ခြင်းနဲ့ ကြည့်ချင်အုံးမှာပေါ့ဗျာ" တယောက်ကဆိုသည်။

"သိပ်မအော်ပါနဲ့အန်ဒရေး။ အဖိုးကြီးဟာ သင်းချိုင်း ခြေတဖက် လှမ်းနေပါပြီ"

"ကဲ သွားတော့မယ်ဗျို့။ ဘုရားသခင်က ခင်ဗျားတို့ကိုလဲ ကြည့်မနေပါဘူး။ ခုတော့ ကျုပ်ရိုးရိုးသားသားရှာဖွေထားတဲ့ပစ္စည်းတွေသုံးကြပေါ့ဗျာ"

"ဘာလဲဗျ၊ မှောင်ခိုဈေးကရတဲ့ အမြတ်တွေလား" ဒီပလွမ်ကာက ပြန်၍အော်သည်။

"လူတွေကိုနှိပ်စက်။ အတိုးကြီးယူ။ မှောင်ခိုဈေးပို့။ ဒါများ ဝမ်းနည်းစရာလား။ ကဲကဲ အဖိုးကြီးရှာရှေမနေနဲ့ ကျုပ်လည်ပင်းညှစ်သတ်မိလိမ့်မယ်"

မိန်းမတသိုက်ကမျက်ရည်တစမ်းစမ်းဖြင့် လက်ပြနှုတ်ဆက်ကြသည်။ရတ်ဇမျှော်နေသည့် အဖိုးကြီးကိုခြံဝရောက်အောင် ဇွတ်မောင်းထုတ်သည်။ "တော်လောက်ပြီဗျို့။ သိပ်လဲ တရားဟောမနေနဲ့"

လက်ပရှိနေသူ၏မိန်းမသည် မီးဖိုချောင်မှ ပြာယီးပြာယာဆင်းလာသည်။လက်တဖက်တွင် ကြက်ဥများပါသည်။ တဖက်တွင်ငန်းကြီးတကောင်ကိုဆွဲလာသည်။ဒယ်မ်ကာသည် သူ့လက်က ပစ္စည်းများကို ဆွဲလုသည်။

---

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟဲ့ သေနာကောင် ငါ့လက်ကိုမကိုင်နဲ့"

"ဒီ ငန်းဟာ စုပေါင်းလယ်ယာပိုင် ငန်းဖြစ်ပြီဗျ။ ခင်ဗျားတို့ပစ္စည်း မဟုတ်တော့ဘူး" ဒယ္ယမ်ကာက ငန်းကြီးကို လည်ပင်းကကိုင်၍ လုသည်။ အဖွားကြီးက ခြေထောက်ကကိုင်၍ဆွဲသည်။ နှစ်ယောက်အပြိုင်ဆွဲကြသော် ငန်းကြီးမှာ လည်ပင်းပြုတ်၍ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ သေသွားသည်။ ဒယ္ယမ်ကာ၏လက်ထဲတွင် ခေါင်းပြတ်ကြီးကျန်ခဲ့သည်။ အဖွားကြီး၏လက်ထဲတွင် ကိုယ်ကြီးပါသွားသည်။ သွေးစက်များသည် တလမ်းလုံး ပြန့်ကြဲနေသည်။ ဘေးကကြည့်နေကြသူများသည် ဟားတိုက်၍ ရယ်ကြလေသည်။

—၁၂—

ဂရယ်မျချီ တရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ နေ့လယ် နေ့ခင်း ကိုတွင်းပင် လမ်းဆုံလမ်းထောင့်တို့၌ ကောဆက်များ စုဝေးကာ စုပေါင်းလယ်ယာအကြောင်းကို ပြောကြသည်။ ထင်မြင်ချက်ပေးသူကပေးသည်။ ဝေဖန်သူက ဝေဖန်သည်။ ဆွေးနွေးသူက ဆွေးနွေးသည်။ ညနေပိုင်းတွင်မူ အစည်းအဝေးများကျင်းပသည်။ လေးနာရီက ကျင်းပသည့် အစည်းအဝေးသည် ညသန်းကောင်မှပြီးလေ့ရှိသည်။

နာဂူနော့သည် တဖြည်းဖြည်း ကြုံလှီလာသည်။ သူ့ရုပ်သည် လူမမာရုပ်ပေါက်နေသည်။ ဒါဗီးဒေါ့သည် သူတို့အထဲတွင် သွင်ပြင်ဟန်ပန်အားဖြင့် အတည်ငြိမ်ဆုံး ဖြစ်သည်။ သူ့ပါးရေတို့ကား တွန့်ရှုံ့လာကြကုန်သည်။ ရတ်ဇမျော့နော့သည် စိတ်အလှုပ်ရှားဆုံးဖြစ်သည်။သူ့ကြောင့် အုံးအုံးကျွက်ကျွက်ဖြစ်ရသည်တို့ရှိသည်။ ထိုအခါမျိုးတွင် ဒါဗီးဒေါ့က သူ့ကို စိတ်ဓာတ်အားဖြင့် အားပေးသည်။ရတ်ဇမျောနော့သည် အခါအားလျော်စွာ ဘုံရိပ်သာ မြင်းဇောင်းကိုလှည့်လည်ကြည့်ရှုသည်။ နွားခြံများကို စစ်ဆေးသည်။သူ့မျက်နှာသည် သုံမှုန်နေသည်။သူ့မျက်လုံးအစုံသည် ဒေါသကြောင့် မီးတောက်သော မျက်လုံးတို့နှင့်တူနေသည်။"ဘေးပေါ့ကွာ၊ မကြာခင် ဒို့အကြောင်း သိစေမပေါ့"ဟု အာကတ်စခါကို ပြောလေ့ရှိသည်။ "သင်းတို့အားလုံး တယောက်မကျန် ဒို့အသင်းထဲဝင်လာရမယ်ကွ"ဟူ၍လည်း ကြုံးဝါးလေသည်။

ယခုအချိန်အထိဆိုလျှင် တရွာလုံးရှိ အိမ်ထောင်ဦးရေ သုံးဆဲ့နှစ်ရာနှုန်းသာ စုပေါင်းလယ်ယာအသင်းသို့ဝင်ရသေးသည်။သို့သော် ဝင်ဆဲဝင်လတ္တံ့တို့ကား ရှိသေးသည်။ ဝင်ရန် တာစူနေကြသည်။ ဤသို့ ဒါဗီးဒေါ့ တွက်ချက်မိသည်။ ထိုကြောင့် လက်ရှိအခြေအနေကို ခရိုင်ကော်မတီသို့ မြင်းသည်တော်တယောက်အား စေလွှတ်၍ သတင်းပို့ခိုင်းလိုက်သည်။

အိမ်များက နှင်ချခံရသည့် ကုလတ်တို့သည် နီးစပ်ရာ ဆွေမျိုးများ မိတ်ဆွေများ၏ အိမ်များသို့ သွားရောက် ခိုလှုံကြသည်။ မွရေဗ်သည် သူ့မိတ်ဆွေ ဗော်ရှော့ အိမ်တွင်နေသည်။ထိုနေ့ကပင် သူ့သား တီမိုဖေးကို ဖြစ်ပျက်သည့်အကြောင်းကိုစုတို့ကို

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြောပြရန် ခရိုင်အစိုးရရှေ့နေထံသို့ စေလွှတ်လိုက်သည်။ဗော်ရှော့ကား ဖရော်၏ မိတ်ဆွေကောင်းဖြစ်သည်။ သူသည် အစည်းအဝေးနှင့် မဲမပေးဘဲ တင်းခံနေသူဖြစ်သည်။ ဗော်ရှော့၏ တဲကလေးတွင် ကုသတ် အစုအဝေးတို့ နေ့စဉ်တွေ့ဆုံကြသည်။

နေ့အခါတွင် ဗော်ရှော့အိမ်သို့ နောက်ဘေးဖက်ကဝင်သည်။ တယောက်ချင်းဖြစ်စေ နှစ်ယောက်ဘတွဲဖြစ်စေ အလျှိုအလျှိုရောက်လာကြသည်။ သူတို့ကို လူမြင်မှာလည်း စိုးရိမ်ရသေးသည်။ အထူးသဖြင့် ဆိုဗီယက်ရုံးသို့ သတင်းပို့မည့် သူလျှိုများ မမြင်အောင် ဂရုစိုက်ကြရသည်။ သူ၊အထဲတွင် ဒေးဗစ်ဂါယက်ဆိုသူလည်းပါသည်။ ထို့ပြင် လက်ပရှိနေဗ့လည်းပါသည်။ တခါဘရံ ယာကွတ်လူးကစ် ရောက်လာတတ်သည်။ သူသည် သတင်းအစအန စနည်းနာရန် ရောက်လာခြင်းဖြစ်သည်။ စုံပေါင်းလယ်ယာကို တင်းတင်းမာမာ ဆန့်ကျင်သည့် အလတ်တန်းစား မြေရှင်ကလေးများလည်းလာကြသည်။သူတို့ကား နီကိုလေလုံရှညာလို ပုဂ္ဂိုလ်မျိုးဖြစ်သည်။ထို့ပြင် ဆင်းရဲသော လယ်သမားနှစ်ယောက်လည်း သူတို့၏ အပေါင်းပါဖြစ်လာသည်။ တယောက်မှာမျက်ခုံးပြောင် ကော့ဆက်ကြီး ဗက်ဆီလီအက်တာမန်ရှူကော့ဖြစ်ပြီးလျှင် ကျန်တယောက်မှာ အမြောက်တပ်သားဟောင်း နီကီတာ ခေါပရော့ဖြစ်သည်။ သူသည် ၁၉၁၉ အထိ ရှပ်ဖြူတပ်ထဲသို့မဝင်ဘဲရှောင်ခဲ့သည်။ သို့သော်ငြား ဗိုလ်မှူးကြီး အတ်ရှတီမော့၏ တပ်ရောက်လာသည့်အခါ ရှောင်မရတော့ဘဲ ဝင်ခဲ့ရသည်။ထိုအကြောင်းသည်ပင် ဆိုဗီယက်တို့ အာဏာရလာသည့်အခါ သူ့ဘဝကိုဖန်တီးသည့် အကြောင်းတရပ် ဖြစ်လာခဲ့ဟန်တူသည်။ ရှပ်ဖြူတပ်သားတို့ ဆုတ်ခွာစဉ်က သူသည်တပ်ကြပ်ကလေး ရာထူးနှင့်ဖြစ်သည်။ ထိုအခါက သူ့ကိုလက်ပရှိနေဗ့နှင့် ယာကွတ်တို့သားအဖ မြင်သွားသည်။ သူသည် မီးရထားအလုပ်သမားတို့ကို ဖမ်းဆီးလာကာ အစစ်အဆေးခံရန် ဗိုလ်မှူးကြီးထံသို့ပို့ခဲ့ရဘူးသည်။ ထိုနောက် ခေါပရော့ ရွာသို့ ပြန်လာခဲ့သည့်အခါ ယာကွတ်တို့သားအဖအပြင် လက်ပရှိနေဗ့လည်း ရွာတွင်ပြန်ရောက်နေကြောင်းသိရသည်။ တန်ပြန်တော်လှန်ရေးသမားတို့ကို လိုက်လံနှိပ်ကွပ်သည့်အခါ ခေါပရော့မှာ နေစရာနေရာ မရှိလောက်အောင်ပင် တုန်လှုပ်ခဲ့သည်။ သည်ကြားထဲတွင် လက်ပရှိနေဗ့ကို အကြောက်ဆုံးဖြစ်သည်။ သူ့အပြုံးတို့ကို ပို၍ပင် ကြောက်သည်။

"ကျွန်တော့်ကိုတော့ မနှိပ်စက်လိုက်ပါနဲ့ခင်ဗျာ။ ဆင်းရဲသား ကော့ဆက်တယောက်ပါ"ဟု အဘိုးကြီး လက်ပရှိနေဗ့အား တောင်းပန်ခဲ့ရဘူးသည်။

"ငါက ဘာလို့မင်းကိုချောက်တွန်းမှာလဲကွယ်။ငါ့မှာ ဘုရားနဲ့တရားနဲ့ပါ။ အိမ်နီးချင်းကိုချစ်ဖို့ ဒို့ဘုရားက ဆုံးမထားတယ်မဟုတ်လား။ ဒီအကြောင်း မတွေးနဲ့ဟေ့။ ငါဘယ်သူ့မှ မပြောဘူး။ သူတို့သတ်ချင် သတ်ပေစေ။ မပြောဘူး။ အေးကွယ် ငါ့ကိုလဲ အကြောင်းရှိယင် ကူပေါ့။ အစည်းအဝေးမှာ ငါ့အကြောင်း တယောက်ယောက်က မကောင်းပြောတဲ့အခါ ပြောမယ်။ ဒါမှမဟုတ် အာဏာပိုင်တွေနဲ့တွေ့လို့ ဒုက္ခရောက်တဲ့အခါ ရောက်မယ်။ အဲဒီတော့သာ ငါ့ကို ကူဖို့မမေ့ပါနဲ့ကွယ်" လက်ပရှိနေဗ့က သူ့ကိုလည်း အကာအကွယ်ပေးရန် အရေးဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါမှစ၍ လက်ပရှိနေ့သည် နီကီတာခေါပရော့၏အကူအညီကိုရခဲ့သည်။ အဖိုးအခ တစုံတရာမရဘဲ နီကီတာသည် လက်ပရှိနေ့ လယ်တွင် ထွန်ယက် ရိတ်သိမ်း ပေးရသည်။ ကြာသော် မခံမရပ်နိုင် ရှိလာသဖြင့် ဒေါသူပုန်ထလာသည်။

'ဘယ်အချိန်အထိ ဒီအဖိုးကြီးကို ကျွန်ခံနေရမလဲ မသိပါဘူး။ သင်းကို သတ်ပစ်မှ အေးတော့မှာပါဘဲ' ဟု စိတ်ရိုင်းဝင်မိသည်။

ယာကွတ်ကား သူ့ကို အမှုမထား။ ခြိမ်းခြောက်ခြင်းလည်း မပြု။ အချိန်တန်လျှာ ယာကွတ်သည် နီကီဘာ့ထံသို့လာ၍ အရက်သောက်လေ့ ရှိသည်။ နီကီတာက ချည်း တိုက်ရသည်ပင်။ ပြန်လျှင်"မင်းအရက်အတွက် ကျေးဇူးတင်သကွယ်"ဟု ကား ပြောတတ်သည်။

'အရက် အံဖတ်ဆို့ သေပါစေဗျာ' ဟု နီကီတာက သူ့ကို ကျိန်ဆဲသည်။ လက်သီးကို ယာကွတ် မမြင်အောင် စာပွဲအောက်ဘင် ဝှက်ကာ ကျစ်ကျစ်ပါအောင် ဆုပ်သည်။ အံကြိတ်သည်။ ဒါဘဲ သူတတ်နိုင်သည်။

ပေါလော့ဆက်သည် ယာကွတ်၏အိမ်တွင်ပင် စတည်းချနေသေးသည်။ ယာကွတ်၏ အိမ်တွင် နေစဉ် လူသူလေးပါး မမြင်အောင် သိုသိုသိပ်သိပ် နေထိုင်သည်။ တနေ့လုံး ခန်းလုံးပြည့်လျှောက်ကာ စီးကရက်ကိုသာ တွင်တွင်သောက်သည်။ဆေးလိပ်သောက်ရင်း မျက်မှောင်ကြီးများကုတ်ကာ စဉ်းစားသည်။ ညအခါတွင် တခါတရံ မြင်းစီး၍ ဂရယ်မျချီမှ အပြင်သို့သွားသည်။ တခါတရံ မနက်အရုဏ်တက်မှ ပြန်လာသည်။ မြင်းကြီးကား ရေချိုးထားသကဲ့သို့ တကိုယ်လုံးချွေးရွှဲနေသည်။ ပြန်လာသည့်အခါ သူတို့အကြောင်းကို ယာကွတ်အား သတင်းအဖြစ် ပြောပြလေသည်။

"ညက ကျူပ်ရွာကိုရောက်တယ်ဗျာ။ ဟိုမှာလဲ သူတို့ကျုပ်ကို ရှာနေကြတယ်။ အဲဒီက ကော့ဆက်တွေကတော့ သူပုန်ထဖို့ အသင့်ဘဲ။အမိန့်ကိုသာ စောင့်နေကြတယ်"

ပေါလော့ဆက်သည် ယာကွတ်ကို စုပေါင်းလယ်ယာ အသင်းသို့ဝင်ခိုင်းသည်။ ဒုယတိအကြိမ်ရွာလုံးကျွတ်အစည်းအဝေးကျင်းပသည့်အခါ စုပေါင်းလယ်ယာအသင်းကိုစွရောက်လျှင် ယာကွတ်က လူဘိုင်း လူတိုင်း စုပေါင်းလယ်ယာသို့ ဝင်ကြရန် နှိုးဆော်သည်။ ယာကွတ်သည် ရွာတွင် ဩဇာရှိသူ တယောက်ဖြစ်သည်။ သူက ဆော်သြလျှင် ထိုနေ့အစည်းအဝေးတွင် နောက်ထပ် သုံးဆဲ့တယောက်တို့က အသင်းဝင်လျှောက်လွှာ တင်သွင်းကြသည်။ဒါဗီးဒေါ့ကား ဝမ်းသာနေသည်။

ယာကွတ်သည် စုပေါင်းလယ်ယာအကြောင်းကို ပြောသည့်နေရာတွင် အပြောချိုသည်။ သို့ရာတွင် နောက်တနေ့၌ကား ပေါလော့ဆက်ထံမှရသည့် ငွေကြေးဖြင့် ယုံကြည်စိတ်ချရမည့် မြေပိုင်ရှင်ကလေးများကို ကျွေးမွေးပြုစုသည်။စုပေါင်းလယ်ယာ အသင်းကို ဆန့်ကျင်သူတို့အား ကျွေးမွေးသည်။ "မင်းတို့ အထင်မလွဲကြနဲ့နော်။ ငါ့မှာ အဲဒီအသင်းကို မဝင်ဘဲနေလို့ မရဘူးကွ။သင်းတို့ အသင်းအကြောင်းလဲ မကောင်းမပြောရဲဘူး။ ငါ့ကိုကုလတ်လို့ သူတို့က ယူဆမှာကွ" ထိုနောက်သူသည် တန်ပြန်တော်လှန်ရေး ကိစ္စကို ကြိတ်၍ ဆွေးနွေးသည်။ ပေါလော့ဆက်ထံမှ ကြားရသည်တို့ကို

www.facebook.com/NyisayEbookCreator
www.nyisay.com



အလွတ်ပြန်၍ ရွတ်ပြသည်။ သူပြောသည့် အကြောင်းတို့ကား အိမ်က မိန်းမချားကိုပါ ဘုံပစ္စည်း လုပ်မည့်အကြောင်း၊ အခြေအနေကောင်းလျှင် နိုင်ငံခြား ဒိုဘက်တော်သားတွေထံမှ အကူအညီရနိုင်မည့်အကြောင်း၊သူတို့သာ အောင်မြင်နိုင်မည့်အကြောင်း၊ ထို့ကြောင့် သူတို့၏ 'အဖွဲ့'သို့ ဝင်ရန် တိုက်တွန်းကြောင်းတို့ပင်ဖြစ်သည်။

ယာကွတ်အဖို့ လုပ်ရကိုင်ရ အဆင်ပြေနေသည်။ ယခုအထိ ကော့ဆက်သုံးဆယ်စုဆောင်းမိပြီ။ ပေါလော့ဆက်နှင့် ယာကွတ်သည် အကွက်ကောင်း မိနေပြီဟု ယူဆနေကြသည်။ ပြည်သူပိုင်အသိမ်းခံရသည့် ကုလတ်တို့ကို စည်းရုံးရသည်မှာ အလွန်လွယ်ကူသည့် ကိစ္စဖြစ်သည်ဟု ယူဆသည်။ သို့ရာတွင် တနေ့သောအခါ သူတို့စုဝေးရာ ဖော်ရှော့၏ ဌာနချုပ်သို့ ရောက်အလာတွင် ပထမဆုံးအကြိမ် အန်မဝင် ဂွင်မကျသည့်အဖြစ်တွေ့ရသည်။

ညနေပိုင်းတွင် ယာကွတ်သည် ကုတ်အင်္ကျီကြီးဝတ်ကာ ဖော်ရှော့ အိမ်သို့ရောက်လာသည်။ ထိုနေ့ကား လူစုံတက်စုံရှိနေသည်။ အိမ်ရှင်ဖော်ရှော့က စားကောင်းသောက်ဖွယ်တို့ဖြင့် ဧည့်ခံသည်။ ဖရော်၊ လက်ပရှိနော့၊ ဂါယက်၊ နီကိုလေ လုရှညာ၊ ဗက်ဆီလီအက်မန်ရှုကော၊ ခေါ်ပရော့တို့ ရှိနေကြသည်။ ဖရော်၏သား တီမိုဖေးသည် ပြတင်းပေါက်ကို မှီကာရပ်နေသည်။ သူသည် မြို့က အစိုးရ ရှေ့နေကြီးထံရောက်သွားသည့် အကြောင်းကိုပြန်၍ ပြောနေသည်။ အစိုးရ ရှေ့နေကြီးသည် အမှုသည်ကို လက်မခံ၊ ဖမ်းရန်ပင် လိုလားဟန် တူသည်ဟု သူက ဆိုသည်။ ထိုအချိန်တွင် ယာကွတ် အိမ်ထဲသို့ ဝင်လာသည်။တီမိုဖေးသည် ပြောလက်စ စကားကိုရပ်လိုက်သည်။ သို့သော် သူ့အဖေ ဖရော်က ဆက်ပြောရန် တိုက်တွန်းသည်။ "ဒို့ အပေါင်းပါ တယောက်ပါကွယ့်။ ပြောမှာသာ ပြောပါ။ ကြောက်စရာမရှိပါဘူး"

"ဒီလိုဘဝမျိုးသာ နေရယင် ဒုက္ခဘဲ ခင်ဗျာ"

"ဟုတ်တယ်။ အခုနေရ အထိုင်ရ အတော်ခက်တယ်" ယာကွတ်က ထောက်ခံသည်။

"ဒို့ထက်တော့ ဆိုးမထင်ပါဘူးကွာ။ ဇာဘုရင်ခေတ်ဖြစ်နေပြီ။ သီးထွက်ကိုလဲအကုန်အပ်ရတယ်" ဖရော်က ဒေါသ ထွက်လာသည်။

"ဒို့ထက်ဆိုးဖို့ဆိုတာက စင်မျှားဖြစ်လေမလားလို့ပါဗျာ"

"ဘာရယ်ကွ"

"ခုနေ စစ်ဖြစ်မယ်ဆိုယင်ရောဗျာ"

"စစ်ဖြစ်ယင့်ကောင်းတာပေါ့ကွ။ ဘုရားမ လို့ဖြစ်ပါစေဗျာ"

"ဒို့လဲဝင်တိုက်မှာပေါ့ကွ။ ဆဲ့ကိုးစုနှစ်တုန်းက ဗီရှင်စကီတို့ တိုက်သလိုပေါ့"

"သင်းတို့တော့ ရင်ခွဲသတ်မယ်"

"လူတွေက သူတို့ကိုမုန်းနေပြီ။ သေသေကြေကြေတိုက်မှာဘဲ"

ယာကွတ်သည် စည်းရုံးရေးလုပ်ငန်းကို စလေတော့သည်။ ဘေးနားရွာနီးချုပ်စပ်တို့တွင်လည်း ဒုက္ခတွေ့နေကြရပြီ။ ကွန်မြူနစ်တို့က ကော့ဆက်များကို အစုလိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



သတ်ဖြတ်နေပြီ။ မြင်းပေါ်တင်ကြိုးချည်ကာ ရေထဲသို့ တွန်းချနေကြသည်။ ဤသို့ ယာကွတ်က သတင်းဖြန့်ချိသည်။ စကားလုံးတိုင်း အလေးအနက်ဖြစ်စေခုန် လေးလေး ပင်ပင်ပြောသည်။ တင်းတင်းမာမာပြောသည်။ ကော့ကေးဆပ် မြောက်ပိုင်းဒေသ တို့တွင်မူ ရှာရှိမိန်းမမှန်သမျှကို ပြည်သူပိုင်လုပ်နေသည်။ ထိုမိန်းမသားများကို ကွန်မြူ နစ်များက ပထမဆုံးသိမ်းပိုက်ခြေတော်တင်သည်။ သို့ဖြစ်ရာ မိုးဦးကျတွင် ဆူပူနိုင်ဖွယ် ရှိသည်။ နိုင်ငံခြားတပ်တို့က ဝင်ရောက်သိမ်းပိုက်ဖွယ်ရှိသည်။ ထို့ကြောင့် စည်းရုံးရေး ကိစ္စ ဆောင်ရွက်ရန် ဂရယ်မျချိသို့လည်း သူ့တပ်မှူးဟောင်းတယောက် ရောက်လာ သည်။ သူ့အိမ်မှာပင် တည်းခိုနေသည်ဟု ယာကွတ်က ဖွင့်ပြောလိုက်သည်။

တလျှောက်လုံး စကားမပြောဘဲ ငြိမ်နေသော နီကီဘာသခါပဒရေ့က ပထမ စတင်၍ မေးခွန်းတခုမေးသည်။

"တခုမေးပါရစေ ယာကွတ်။ အကယ်လို့ ကျုပ်တို့ ကွန်မြူနစ်ဘုတ်ကို ပုန်ကန် ပြီး အောင်မြင်ဆိုပါတော့။ အဲဒီတော့ ဘာဖြစ်မလဲ။ ကျုပ်တို့ရင်ဆိုင်ရမှာက စစ်တပ်နဲ့ ဗျ။ သူတို့မှာစစ်တပ်ရှိတယ်။ ကျုပ်တို့ဖက်မှာ စစ်ဗိုလ်လဲမရှိ၊ ပြီးတော့ ကျုပ်တို့ဟာ ဘာမှ နားလည်တာမဟုတ်ဘူး။ ခင်ဗျား စောစောကပြောတာလို ကံကောင်းဖို့ဘဲ ဆုတောင်းနေကြရမှာ။ စစ်တပ်ဆိုတာ မြေပုံနဲ့ဘာနဲ့ဗျ။ ဘယ်က ဘယ်သွားရမယ် ဘယ်ရောက်မယ်သိတယ်။ ကျုပ်တို့က ဘာမှသိတာမဟုတ်ဘူး။ ခေါင်းဆောင်မယ့်လူ လဲ မရှိဘူး"

"ခေါင်းဆောင်မယ့်လူရှိမှာပေါ့ဗျ" ယာကွတ်က တာဝန်ခံသည့် အနေဖြင့် အဖြေပေးသည်။ "ဒီအခါကျတော့ စစ်ဗိုလ်တွေရောက်လာမှာပေါ့။ ကျုပ်တို့စစ်ဗိုလ်တွေ က အနီဗိုလ်တွေထက် ပညာတတ်တယ်ဗျ။ သူတို့က သိပ္ပံပညာဆိုတာတွေ သင်လာတာ။ ကဲဗျာ၊ မာကာနာဂူနေ့ဘဲကြည့်စမ်းပါအုံး။ ဒီကောင် ဘာတတ်လို့လဲဗျ။ ခေါင်းဖြတ် တာဘဲ သိမှာပေါ့။ တပ်တဘပ်ကို ဒီကောင် ဘယ်ခေါင်းဆောင်နိုင်ပါ့မလဲ။ သူ့ တသက်မှာ တပ်ကို ဘယ်တုန်းက ခေါင်းဆောင်ဘူးသလဲ။ မြေပုံကြည့်တတ်ဖို့ဆိုတာ ဝေးရော မဟုတ်ဘူးလား"

"ခင်ဗျား စစ်ဗိုလ်တွေက ဘယ်ကလာမှာလဲ"

"ဘယ့်နှာဟာတွေ ကျုပ်ကို မေးနေတာလဲ နီကီဘာ။ ဘယ်က လာမှာလဲ့ ဟုတ်လား။ ကျုပ် ဘယ်သိမှာလဲဗျ"

"သူတို့ နိုင်ငံခြားက လာမှာပေါ့ကွ။ အသေအချာ လာမှာဘဲ" ဖရော်ကား အားတက်နေသည်။ သူ့စိတ်ကူးတွင် လက်စားချေရေးသည်သာလျှင် ကြီးစိုးနေသည်။ အာဏာသိမ်းပြီးနောက် လက်စားချေမည်။ ထို့အတွက် သူသည်ပီတိဖြစ်နေသည်။

ခေါပရော့သည် ဖရဲသီးကြီးကို ခြေဖြင့် ဆောင့်ကန်လိုက်ပြီးနောက် ဒေါနှင့် မာန်နှင့် ပြောပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒါပေမယ့် အခု ခေတ်မှာ ကောဆက်တွေလဲ ခေတ်မှီလာကြပါပြီဗျ။ လိမ်မာလဲ လာကြပါပြီ။ အယင်တုန်းကတော့ သူပုန်ကတာနဲ့ အညှဉ်းပန်းခံခဲ့ရတာချည်းဘဲ။ ခုတော့ သူပုန်ထဖို့တို့ ဘူပူဖို့တို့ဆိုတာ လုပ်မယ်မထင်ပေါင်ဗျာ"

"ဘယ့်နှယ်ဗျ။ သူတို့က ကျုပ်တို့ကို ထောက်ခံမှာ သေချာတယ်ဗျ။ စစ်တိုက်တယ်ဆိုတာ မနာန်းပါဘူးဗျ။ နိုင်တလှည့် ရှုံးတလှည့်ပေါ့" ယာကွတ်က ပြောသည်။

"မဟုတ်သေးဘူးဗျ။ ခင်ဗျားပြောချင်တာပြော။ ကျွန်တော်တော့ သဘောမတူဘူး။ ကျွန်တော် အစိုးရကို မပုန်ကန်နိုင်ဘူး။ သူများကိုလဲ ပုန်ကန်အောင် သွေးမဆောင်ချင်ဘူး။ ခင်ဗျားလဲ ဒါမျိုးမလုပ်သင့်ဘူး။ ခင်ဗျားဆီ လာတည်းခိုတဲ့ စစ်ဗိုလ်ဆိုတာလဲ ပုန်းရှိုးကွယ်ရှိုးနေရတဲ့စစ်ဗိုလ်မျိုးဖြင်မှာဘဲ။ သူဘို ကျွန်တော်တို့ကို ဒုက္ခမီးမွေးပေးရုံသာ တတ်နိုင်ပြီး တကယ့်အရေးကျတော့ ကျုပ်တို့ကို မစ်မြေးမှာ။ ပြီးခဲ့တဲ့ စစ်တုန်းကလဲ သူတို့က ကျုပ်တို့ကိုမြှောက်ပေးပြီး တိုက်ခိုင်းတာဘဲ။ သူတို့ကတော့ စစ်မြေပြင်မှာ မရှိဘူး။ မိန်းမတွေနဲ့ ပျော်လို့။ ဒုက္ခရောက်စရာရှိတော့ ကျွန်တော်တို့သာ ဒုက္ခရောက်ရတာ။ နိုဗိုရော့ဆစ်တိုက်ပွဲတုန်းက သူတို့တတွေ ထွက်ပြေးလိုက်ကြတာ။ နောက်ဆုံး နိုင်ငံခြားသွားပြီး ဇိမ်ယူနေကြတယ်။ ဒွန်တပ်ကြီးတခုလုံး ဒုက္ခရောက်တယ်။ အဲဒီဗိုလ်ချုပ်တွေ ဘာလုပ်ပေးသလဲ။ ဒါနဲ့ လူးကင်၊ ခင်ဗျား ကို တခုမေးပါရစေ။ ခင်ဗျားပြောတဲ့ ခင်ဗျားရဲ့ ဘပ်မှုးဟောင်းဆိုတာ အခု ရှိသေးသလား။ ညည်မှာ မြင်းဟီသံကြားပါဘယ်ဗျာ"

ခေါ်ပရော့သည် ယာကွတ်လူးကင်မျက်နှာကို သေသေချာချာ အကဲခတ်သည်။ ယာကွတ်သည် မျက်စိမျက်နှာပျက်နေသည်။ အားလုံးတုန်တုန်လှုပ်လှုပ်ဖြစ်နေကြသည်။

"အို ကျုပ်ဆီမှာ ဘယ်သူမှမရှိဘူး။ ဘယ်ကတပ်မှူးဟောင်းမှမရှိဘူး။ ညမှာ ဟီတာက ကျုပ်မြင်းဗျ"

"ခင်ဗျား မြင်းကြီး ကျုပ်သိပါတယ်ဗျာ။ မညာပါနဲ့။ အေးလေ ကျုပ်လဲ ခင်ဗျားကိစ္စထဲ ဝင်မစွက်ချင်ပါဘူး။ ကျုပ်သိရော ဘာဖြစ်တာမှတ်လို့"

ခေါ်ပရော့သည် ဦးထုပ်ကိုဆောင်းကာ အောင်နိုင်သူတို့၏ အပြုံးဖြင့်ထွက်ရန် ဟန်ပြင်သည်။ လက်ပရှိနေ့ဘ သူ့ကိုတားသည်။ သူ့အဒိုးသည် ဘဆောင်ဆတ်တုန်နေသည်။ "ဒီကိစ္စများကိုမသိ့သေးကြ၊ မင်းကသူလျှိုလား။ မင်းရှုပ်ဖြူဘပ်နဲ့ပါလာတဲ့ အကြောင်း ဒို့ကပြောလိုက်မှာဘဲ"

"အိုလေ မစိုးရိမ်နဲ့။ သူတို့ကို ကျွန်တော့်အကြောင်း အယင်ပြောမှာပေါ့။ ဟုတ်ဘယ်။ ဟိုတုန်းက ရှုပ်ဖြူတပ်သားဟောင်းဘဲ။ ဒါပေမယ့် အခု ကျွန်တော့်ကို အကဲခတ်ကြည့်ပေါ့လို့ ပြောမှာပေါ့ဗျ။ ဒါပေမယ့် ခင်ဗျားတို့တော့ သတိသာထားနေပေတော့။ ခင်ဗျားတို့ဟာ ကျုပ်တို့ရဲ့ ဂုတ်သွေးစုပ်တဲ့ လူတွေဘဲ"

ခေါ့ပရော့သည် လက်ပရှိနေ့ မျက်နှာကိုလက်ဆီးဖြင့်စုပ်ထိုးကာ လှည့်မကြည့်တော့ဘဲ ထွက်သွားလေသည်။ အဖိုးကြီးသည် လဲကျသွားလေသည်။ သူ့နှာခေါင်းက သွေးများ ယိုစီးလာသည်။

---

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဲ ခုတော့ အားလုံးဒုက္ခရောက်တော့မှာဘဲ"ဟု ဂါယက်က ညည်းသည်။ ထိုအခိုက်တွင် နီကိုလေသည် ဘာညာမပြောတော့ဘဲ အိမ်ထဲက ထွက်ပြေးသည်။ သူ့နောက်သို့အက်တမန်ရှုကော့လည်း လိုက်လာသည်။ ပါးစပ်ကလည်းတဖြစ်ဖြစ်တောက်တောက်ပြောလာသည်။ "လူစုခွဲကြဗျာ။ ဒုက္ခရောက်ကုန်လိမ့်မယ်"

ယာကွတ်သည် အတော်ကြာသည်အထိ မတုန်မလှုပ် ထိုင်နေသည်။ သူ့နှလုံးလည်း ခုန်နေသည်။ သွေးတိုးလည်းမြန်လာသည်။ အသက်ရှုပြင် မှားနေသည်။ သူ ထလျှင် အားလုံးလိုလိုပင် ပြန်နှင့်ကြပြီ။ လက်ပရှိနေ့သာလျှင် ကျန်ရစ်သည်။ ထိုနောက် သူသည် တီမိုဖေးကို ခေါ်ကာ ပြန်သွားသည်။ တရွာလုံး တိတ်ဆိတ်နေပြီ။

လမ်းတွင် တီမိုဖေးက မေးသည်။

"အခု ဘယ်သွားမှာလဲ"

"ငါနေတဲ့ နေရာပေါ့ကွ"

"ဘာလုပ်မသို့လဲ"

"နောက်တော့ သိလိမ့်မပေါ့ကွာ"

ယာကွတ်သည် ဆိုဗီယက်ရုံးရှေ့က ဖြတ်၍ လျှောက်သည်။ မှောင်နေပြီ။ မီးရောင်ကိုမျှ မမြင်ရ။ သူတို့သည် ယာကွတ်အိမ်သို့ ရောက်လာကြသည်။

"ခဏစောင့်အုံးဟေ့။ ပြီးတော့ ခေါ်လိုက်မယ်"

"သိပ်မစောင့် နိုင်ဘူးဗျာ"

ယာကွတ်က တံခါးခေါက်လျှင် သူ့သမီးက ဖွင့်ပေးသည်။

"အဖေလား"

"အေးဟုတ်တယ်" အိမ်ထဲဝင်ပြီးနောက် ဧည့်ခန်းတံခါးကို ခေါက်ပြန်သည်။

"ဘယ်သူလဲ"အထဲက အသံမာမာနှင့် မေးသည်။

"ကျွန်တော်ပါ အလက်ဇင်းဒါး။ ဝင်ခဲ့မယ်နော်"

"လာလေ"

ပေါ်လော့ဆက်သည် စားပွဲတွင်ထိုင်ကာ စာရေးနေသည်။ သူဝင်လာလျှင် ရေးလက်စစာကို လက်ဝါးဖြင့် ဖုံးဖိလိုက်သည်။

"ဘယ်လိုလဲ အခြေအနေက"

"မကောင်းလှဘူး။ ဆိုးတယ်"

ပေါ်လော့ဆက်သည် ထိုင်နေရာမှ ဝုန်းကနဲထကာ ရေးလက်စစာကို အင်္ကျီအိတ်ထဲသို့ သွင်းသည်။ သူ့အမူအရာသည် သားကောင်ကိုရှောင်ရန် စောင့်နေဟန်မျိုးဖြစ်သည်။ သူ့မျက်နှာသည်လည်း တုန်လှုပ်ခြောက်ခြားနေသည်။

ယာကွတ်က ဖြစ်ပျက်ခဲ့သည်တို့ကို တောရောက် တောင်ရောက်ပြောသည်။ပေါ်လော့ဆက်သည် တခွန်းမှဝင်၍မပြောဘဲ နားထောင်သည်။ တခါတရံ လက်သီးကိုဆုပ်သည်။ အံကိုကြိတ်သည်။ သူ့နှုတ်ခမ်းများသည် မဲ့ရွဲ့သွားပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သေနာကောင်ကြီး။ခင်ဗျားကြီး အတော်ထန်တာဘဲ။ ခင်ဗျားကျုပ်ကို ဒုက္ခပေးမလို့ပေါ့လေ။ ကျုပ်တို့ လုပ်ငန်းကိုလဲ ဖျက်ဆီးမလို့ပေါ့။ ခင်ဗျားပေါ့ဆတာနဲ့၊ နှုတ်လွယ်တာနဲ့၊ပါးစပ် သရမ်းတာနဲ့ ခုတောင် ပျက်လုပျက်ခင်ပါဘဲ။ ပထမဆုံးလူတွေကို အကဲခတ်ရတယ်ဗျ။ သွေးတိုးစမ်းရသေးတယ်။ ကဲ ခုခင်ဗျား ဘာလုပ်မလဲ။ အဲဒီ ခေါ်ပရော့ ဆိုတဲ့လူက အကြောင်းကြားပြီလား။ပြောစမ်းပါဗျာ။ သူဘယ်သွားသလဲ။ သူ့နောက်လိုက်ကြည့်ရဲ့လား"

"ဟင့်အင်း။ကျွန်တော်မသိုက်ဘူး။ကျွန်တော့်အပြစ်ပါဘဲ အလက်ဇင်းဒါးရယ်"

ယာကွတ်သည် ခေါင်းကိုသာ တွင်တွင် ရမ်းနေသည်။ သူ၏နှုတ်ခမ်းမွှေးပေါ်သို့ မျက်ရည်ပေါက်များ စီးကျလာသည်။ ပေါ်လော့ဆက်ကား အံကိုသာ ကြိတ်နေလေသည်။

"ကဲ၊ ကျုပ်တို့ တခုခုလုပ်မှဘဲ။ ခင်ဗျားသား အိမ်မှာရှိရဲ့လား"

"မသိဘူးခင်ဗျ။ ကျွန်တော်နဲ့အတူ လူတယောက်တော့ ပါသွားတယ်"

"ဘယ်သူလဲ"

"ဖရော်ရဲ့သား တီမိုဖေး"

"ဘာလို့ ခေါ်မလာသလဲ"

သူတို့နှစ်ယောက်၏ မျက်လုံးများ ဆုံသွားကြသည်။ ပါးစပ်က စကားမပြောဘဲ မျက်လုံးချင်း စကားပြောနေကြသည်။ အလက်ဇင်းဒါးပေါ်လော့ဆက်က "ဒီသူငယ် ယုံရပါ့မလား"ဟု မေးသည်။ ယာကွတ်က ခေါင်းညိတ်ပြလိုက်သည်။ ပေါ်လော့ဆက်သည် ခေါင်းအုံးအောက်မှ ခြောက်လုံးပြူးတလက်ကို ထုတ်လိုက်သည်။ ထို့နောက် ကုတ်အင်္ကျီကို ချိတ်မှဖြုတ်သည်။ သေနတ်ကို လှည့်ကစားသည့်အခါ ကျည်ဆန်တို့၏ အရောင်သည် ဝင်းကနဲ လက်ကနဲ ထွက်လာသည်ကို မြင်ရသည်။ ထို့နောက် တိုက်ပွဲတွင် အမိန့်ပေးသည့်အတိုင်း ယာကွတ်ကို အမိန့်ပေးလေသည်။

"ပုဆိန်တချောင်းယူခဲ့။ သူ့နေရာက ဝေးသလား။ အနီးဆုံးလမ်းကသာ ညွှန်ပေတော့"

"သိပ်မဝေးလှပါဘူး။ ဒီက နှစ်အိမ်လောက်ခြားမယ်"

"သူ့မှာ အိမ်ဆောင်ရှိသလား"

"မိန်းမတယောက်ထဲ ရှိပါတယ်"

"အိမ်နီးချင်းရော"

"တဖက်က စပါးနယ်တဲ့ တလင်း။ တဖက်ကခြံ"

"ဆိုဗီယက် အဖွဲ့ရုံးနဲ့ရော"

"အဝေးကြီးပါ ခင်ဗျာ"

"ကဲ လိုက်ခဲ့ပေတော့"

ယာကွတ်သည် ပုဆိန်တလက်ယူရန် သွားသည်။ ထိုအခိုက် ပေါ်လော့ဆက်သည်။ တီမိုဖေး၏ အပါးသို့ ကပ်ကာ လက်ကို ကိုင်၍ ပြောပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ငါပြောတာနားထောင်စမ်း။ မင်းက အသံဖျက်ပြီး ဆိုဗီယက်အပွဲရုံးက ခေါ်နေတယ်။ သူ့ဖို့စာတစောင်ရောက်နေတယ်လို့ပြော။ သူကိုယ်တိုင် တံခါး လာဖွင့်ပေစေ။ ဟုတ်လား"

"ရဲဘော်ကြီး။သတိတော့ ထားရလိမ့်မယ် ခင်ဗျ။ အဲဒီခေါပရော့ဆိုတဲ့ ကောင်ကြီးက သိပ်တောင့်တယ်။ မလျှင်ယင် ခင်ဗျား ခံရလိမ့်မယ်" တီမိုဖေးက ရိုးရိုးပင်ပြောသည်။

"အသာနေစမ်းပါကွာ။ ကဲ သွားမယ်"

သူသည် ယာကွတ်လက်က ပုဆိန်ကို ဆွဲယူလိုက်သည်။ ပြီးလျှင် ထွက်လာကြသည်။ သူတို့သည်လမ်းတလျှောက်လုံး စကားမပြောဘဲ လာကြသည်။ တီမိုဖေးသည် ရှပ်ဖြူတပ်က ဗိုလ်ကြီးဆိုသူကို အကဲခတ် ကြည့်လာသည်။ သို့သော် မှောင်နေသဖြင့် ကော်လာတွင် ရာထူး အမှတ်အသားကို မတွေ့နိုင်။

"ခြေရာမကောက် နိုင်အောင် လျှောက်ကြဟေ့" နှင်းသဲအတွင်း သူတို့သည် ကယောက် ခြေရာပေါ် တယောက်လိုက်၍ နင်းကြသည်။

ခေါပရော့အိမ်သို့ရောက်လျှင် ပေါ်လော့ဆက်က တံခါးရှိရာသို့ ညွှန်ပြသည်။

"ခေါက်ရမယ်လား" တီမိုဖေးက နှုတ်ခမ်းလှုပ်ရုံမေးသည်။

တီမိုဖေးသည် တံခါးကို ခေါက်သည်။ ထိုခဏတွင် ခွေးကဲလေးတကောင်သည် တနေရာက ထွက်လာသည်။ယာကွတ်ကား ထိုခွေးငယ်ကို စိုက်၍ ကြည့်နေလေသည်။

× × ×

ခေါပရော့သည် အိမ်သို့ ပြန်လာလျှင် စကား မပြောဘဲ တစုံတခု စဉ်းစားနေသည်။ သူ့မိန်းမက ထမင်းကျွေးသည်။ စား၍ မဝင်။ အရသာမရှိ။ "သခွားသီး ချဉ်ပတ်နဲ့တော့ စားမဝင်ဘူး မာရီယာ" ဟု ဆိုသည်။

"ဘာဖြစ်တာလဲအရက်လိုနေတယ်ထင်တယ်" သူ့မိန်းမ မာရီယာကပြုံးသည်။

"မဟုတ်ဘူး။ ငါမသောက်ပါဘူး။ နက်ဖြန်ကျယင်တော့ ငါ့အဖြစ်မှန်ကိုပြောပြလိုက်မယ်စိတ်ကူးတယ်။ ရှပ်ဖြူတပ်နဲ့ ပါလာတဲ့အကြောင်းပေါ့။ ဒီအတိုင်း နေလို့တော့မဖြစ်ဘူး"

"ဒါက ဘာဖြစ်တာလဲ။ ရှင်ဒီနေ့ ဘာစိတ်ဒုံးပေါက်လာသလဲ"

နီကီတာခေါပရော့သည် ပြုံး၍နှုတ်ခမ်းမွေးကိုသပ်သည်။ ထို့နောက် အိပ်ရာသို့သည်။ အိပ်ရာထဲ၌ အိပ်မပျော်နိုင်။ မျက်လုံးကျယ်နေသည်။ အိပ်မပျော်သဖြင့် ရောက်တတ်ရာရာ တွေးနေသည်။

'ငါသူတို့ကို ဖွင့်ပြောလိုက်မယ်။ လူးကစ်အကြောင်းလဲပြောမယ်။ ဒီကောင်ဒါမှ ထောင့်အရသာသိမယ်။ ငါ့ကိုတော့ ပစ်မသတ်တန်ကောင်းပါဘူး။ ယူခရိန်းနယ်တနေရာရာမှာ သစ်ခုတ်ရမှာပေါ့။ အကြာဆုံးသုံးနှစ်ပေါ့။ ပြီးတော့ ပြန်လာရမှာဘဲ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါမှသံသယရှင်းမယ်။ ဒီတော့မှ ငါ့နောက်ကြောင်းကို ဘယ်သူမှ လက်ညှိုးထိုးနိုင်မယ် မဟုတ်ဘူး။ ငါတပ်ကပြေးမယ်လုပ်ပါတယ်။ ဒါပေမဲ့ဘယ်သူ့အသေခံပြေးပါ့မလဲ။ အေးလေကြာပြီဆိုတော့ သူတို့ပေါ့ပေါ့အပြစ်ပေးမှာပါ။ ငါဘယ်သူ့မှမသတ်ခဲ့ဘူး။ ကြိမ်ဒဏ်ပေးရုံလောက်ဘဲ ပေးခဲ့ဘူးတယ်။ဗော်လရှိုဗစ် တပ်ပြေး နှစ်ယောက်ကိုတော့ ကြိမ်ဒဏ်နဲ့သုံးမဘူးရှဲ့။ ငီတုန်းက ငါကလဲ ဘာမှသိတာမဟုတ်ဘူး။ ဒီတော့ ဘယ် လမ်းလိုက်ရမှန်းသိတာ မဟုတ်ဘူး'

ထိုနောက် သူအိပ်ပျော်သွားသည်။ သို့ရာတွင် တံခါးခေါက်သံကြောင့်လန့်၍ နိုးသည်။ ညကြီးသန်းကောင် ဘယ်သူဖြစ်နိုင်မည်နည်း။ အဆက်မပြတ် တံခါးခေါက်သံ ကြားရသည်။ မာရီယာလည်း အိပ်ရာမှနိုးလာသည်။ "အစည်းအဝေးတခုသာပြန်ပြီးနဲ့ တူတယ်ဟေ့။ မီးမထွန်းနဲ့။ နေ့ရောညရော ကောင်းကောင်းမနေရပါဘူး။ ဒီကောင် တွေ ရှုးမျှားနေသလားမသိဘူး"

"ဘယ်သူလဲဟေ့"

"ကျွန်တော်ပါ ဦးလေးနီကီတာ။ ဆိုဗီယက် အဖွဲ့ရုံးကပါ"

အသံကိုမကျက်မိ။ နီကီဘာသည် တစုံတခုကို အိုးရိပ်လာသည်။ အမည်ကား မဖော်တတ်။

"ဘယ်သူလဲကွ။ ဘာလိုချင်လို့လဲ"

"ကျွန်တော်ပါ။ နီကိုလေ ဘူဇင်းကောပါ။ ဥက္ကဋ္ဌကြီးဆီက စာပေးလိုက် တယ်။ ခုချက်ချင်း ဆိုဗီယက်အဖွဲ့ရုံးကို လာပါတဲ့"

"တံခါးအောက်က သွင်းလိုက်လေ"

ခဏငြိမ်နေသည်။

"လက်မှတ်ထိုးယူရလိမ့်မယ်ခင်ဗျ။ တံခါးဖွင့်မှဖြစ်မယ်"

တံခါးပွင့်လာသည်။ နောက်ခံအမှောင်ထုတွင် ခေါပရော့၏ ကိုယ်လုံးမဲမဲကြီး ပေါ်လာသည်။ ထိုခဏတွင် ပေါ်လော့ဆက်သည် ခေါပရော့ နှာရောင်ဆီသို့ ချိန်၍ ပုဆိန်သွားအတုံးဖက်ဖြင့် ရိုက်လိုက်သည်။

သားသတ်ရုံက နွားကြီးကဲ့သို့ နီကီဘာသည် နောက်သို့ ရိုင်လဲသွားလေသည်။ "အထဲဝင်ကွာ။ တံခါးပိတ်" ပေါ်လော့ဆက်ကအမိန့်ပေးသည်။ ထိုနောက်ပုဆိန်ရိုးကို ကိုင်ကာ အိမ်ထဲသို့ ဝင်သွားလေသည်။ အထဲက မိန်းမသံကြားရသည်။

"ဘာဖြစ်သလဲ နီကီတာ။ ဘာနဲ့တိုက်မိသလဲ။အပြင်က ဘယ်သူလဲ နီကီတာ"

ပေါ်လော့ဆက်သည် ပုဆိန်ကိုချကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ အသံကြား ရာအိပ်ရာဆီသို့ ပြေးဝင်သွားလေသည်။

"အိုး၊ ဘယ်သူလဲ။ လာကြပါအုံး"

**တီမိုဖေး**သည် ပြေးဝင်သွားသည်။သူ့ခေါင်းနှင့်တံခါးထိပ်ဘောင်နှင့် ဆောင့် မိသည်။ အခန်းထောင့်တွင် ရုန်းကန်လှုပ်ရှားနေသော အသံတို့ကို ကြားရသည်။ ပေါ် လော့ဆက်သည် မာရီယာ၏အပေါ်က စီးကာ မျက်နှာကို ခေါင်းအုံးဖြင့်ဖိထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မာရီယာသည် အပြင်းအထန် ရုန်းသည်။ သူ့ရင်သည် တဒိန်းဒိန်းခုန်နေသည်။ ပေါ်လော့ဆက်သည်မာရီယာ၏ပါးစပ်ကို အဝတ်ဖြင့်ဆို့သည်။ အော်သံရပ်သွားသည်။ ထို့နောက် ကြိုးဖြင့်တုတ်သည်။ ပြီးလျှင် ပေါ်လော့ဆက်သည် တီမိုဖေးကို စောင့်နေရန်ထားခဲ့၍ အပြင်ဖက်အခန်းသို့ ထွက်လာသည်။ သူသည် ဝှေ့လာသည့်နွားသိုးကြီးကဲ့သို့ ထွက်သက်ကို တရှူးရှူး မှုတ်ထုတ်နေသည်။

"မီး ခြစ်စမ်းပါ"

ယာကွတ်က မီးခြစ်လိုက်သည်။မီးရောင်မှိန်မှိန်တွင် ခေါ်ပရော့ကို ငုံ့၍ကြည့်သည်။ အမြောက်တပ်သားကြီးသည် ငြိမ်သက်နေသည်။ အသက်ရှူသောအသံမကြားရ။မီးငြိမ်းသွားသဖြင့် ပေါ်လော့ဆက်သည် ခေါ်ပရော့၏နဖူးကို စမ်းကြည့်ပြန်သည်။

"ကျွန်တော် သွားမယ်ဗျာ။သွေးထွက်သံယိုဖြစ်တာ မကြည့်ချင်ဘူး" ယာကွတ်က တိုးတိုးပြောသည်။သူသည် တကိုယ်လုံး နတ်ကျသကဲ့သို့ တုန်နေသည်။ဒူးနှစ်ချောင်းလည်း တဆတ်ဆတ် တုန်နေသည်။ သို့သော် ပေါ်လော့ဆက်က ခွင့်မပြု။

"အိပ်ရာနားမှာ ကျန်ခဲ့တဲ့ ပုဆိန်သွားယူချည်။ ရေဘူးခွက်လဲ ယူခဲ့"

ရေဖြင့် ပက်ပေးသောကြောင့် ခေါ်ပရော့သည် သတိလည်လာသည်။ ပေါ်လော့ဆက်က သူ့ရင်အုပ်ပေါ်သို့ ဒူးထောက်ကာ သူသိချင်သည်ကို မေးနေသည်။

"ဟေ့ သစ္စာဖောက်။ ခင်ဗျားကြီး သွားပြီး တိုင်ခဲ့သလား။ ပြောလေကွာ။ ဟေ့ မီး ခြစ်စမ်းပါအုံး"

မီးခြစ်လိုက်သဖြင့် မီးရောင်အောက် ခေါ်ပရော့၏ မပွင့်တပွင့် မျက်လုံးများကို မြင်ရသည်။ ယာကွတ်၏လက်သည် တုန်နေသည်။ ထို့ကြောင့် မီးတောက်သည်လည်း မှိတ်တုတ်လက်နေသည်။မီးငြိမ်းသွားသည်။ ယာကွတ်လက်ကို မီးပူဟပ်သည်။သို့ရာတွင် နာကြင်ရမှန်း မသိ။ ပေါ်လော့ဆက်သည် မေးလက်စ မေးခွန်းကို နှစ်ကြိမ်ဘိုင်တိုင်မေးသည်။ သို့သော် အဖြေမရ။ ခေါ်ပရော့သည် ရုတ်တရက် ချက်ချင်းအားယူသလိုက်သည်။ ထို့နောက် လက်တဖက်က ယာကွတ်၏ ခါးပတ်ကို ဆုပ်ကိုင်သည်။ ကျန်ဘဖက်က ပေါ်လော့ဆက်၏ ဂုတ်ကို ဆုပ်ကိုင်ကာ လည်ပင်းကို ညှစ်ရန် ကြိုးစားသည်။ ပေါ်လော့ဆက်သည် ခေါင်းကိုပုနေအောင် ငုံ့ကာ လည်ပင်းအညှစ်မခံရအောင် ရုန်းသည်။သို့ ရှုန်းယင်း ပါးစပ်ကလည်း" မီး ခြစ်စမ်းဟေ့၊ မီး ခြစ်စမ်း" ဟု အော်သည်။ အမှောင်ထဲတွင် ပုဆိန်ကို ရှာမတွေ့ဖြစ်နေသည်။

ခဏကြာလျှင် ပုဆိန်ကိုစမ်း၍တွေ့သည်။ထိုအခါမှ သူသည် အားယူကာ ခေါ်ပရော့ကို တွန်းထုတ်လိုက်သည်။ ထို့နောက် နှစ်ချက်ခုတ်လိုက်သည်။ ဤအကြိမ်တွင်မူ ပုဆိန်သွားဖြင့် ခုတ်လိုက်မိသည်။ ခေါ်ပရော့သည် အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားသည်။ သူ့ခန္ဓာကိုယ်ကြီး လဲကျသံသည် သေနတ်သံလို မြည်ဟီးသွားသည်။ပေါ်လော့ဆက်သည် သွားကိုကြိတ်ကာ အဆုံးသတ် စီရင်လိုက်သည်။ ထို့နောက် ယာကွတ်ကို တွန်းဖယ်၍ အတွင်းခန်းဖက်သို့ ဆွဲပို့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဲဟော့။ ဟိုက မိန်းမခေါင်းကို ကိုင်ထားစမ်း။ဟော့ မင်းက ခြေထောက်က ကိုင်ထား။ သူတို့အကြောင်းကြားပြီးပြီလားဆိုတာ မေးရမယ်။ ဒါအရေးကြီးတယ်"

"ဒီမှာ ခင်ဗျားယောကျ်ားညနေကပြန်လာပြီး ဘယ်ကိုသွားသေးသလဲ။ဆိုဗီယက်ရုံးကို သွားသေးသလား"

အိမ်ထဲတွင် အလင်းရောင် မရှိ။ ခပ်မှိန်မှိန် အလင်းရောင်တွင် မာရီယာ၏ တောက်ပပြူးကျယ်သော မျက်လုံးနှစ်ခုသည် အရောင်တောက်နေကြသည်။ စောစောက လည်ပင်းကို အညှစ်ခံရသည့်ဒဏ်ကြောင့် သူ့မျက်နှာတခုလုံး ညိုမည်းနေသည်။ အသက်ရှူရလည်း ကြပ်နေသည်။ ထိုမြင်ကွင်းကိုကြည့်ကာ ပေါ်လော့ဆက်သည် စိတ်ပျက်လာသည်။ သို့သော် ခေါင်းကိုထူကာ နားထင်ကြောကို နှိပ်လိုက်သည်တွင် မာရီယာသည် အနည်းငယ် သတိရလာသည်။ ချက်ချင်းပင် မာရီယာသည် ပါးစပ်၌ ဆို့ထားသော အဝတ်စကို ဆွဲထုတ်လိုက်သည်။ ထို့နောက် တိုးတိုးသက်သာပင် တောင်းပန်သည်။"ကျွန်မကို သနားပါရှင်။ ကျွန်မကို မသတ်ပါနဲ့။ အကုန်ပြောပါ့မယ်" သူသည် ယာကွတ်လူးကစ်ကို ကောင်းစွာ မှတ်မိသည်။ ယာကွတ်သည် သူနှင့် ဆွေရိပ်မျိုးရိပ်မကင်းထဲကဖြစ်သည်။

"ရှင်တို့ ဘာလိုချင်သလဲ။ ဘာမေးချင်သလဲ။ ဘာလို့လာကြတာလဲ"

ပေါ်လော့ဆက်သည် မာရီယာ၏ပါးစပ်ကို လှမ်း၍ပိတ်သည်။ မာရီယာသည် ကြောက်လန့်ကာ မှင်သက်မိနေရာမှ သူ့လက်ကို တောင်းပန်သည့် သဘောဖြင့် ငြင်သာစွာ နမ်းရှုံ့လိုက်သည်။ သူ့ပါးစပ်တွင် သွေးများစီးကျနေသည်။ သူသည် သေရမည်ကိုကြောက်ရွံ့နေသည်။

"ခင်ဗျားယောကျ်ား အပြင်ထွက်သေးသလား"

မာရီယာက ခေါင်းရမ်းပြသည်။ ထိုအခိုက်တွင် ယာကွတ်သည် ပေါ်လော့ဆက်၏ လက်နှစ်ဖက်ကိုဖမ်း၍ ဆုပ်လိုက်ပြီးလျှင် "ဗိုလ်ကြီးခင်ဗျား...မလုပ်ပါနဲ့ ခင်ဗျာ။ သူ့ကိုချမ်းသာပေးလိုက်ပါ။ ကျွန်တော်တို့ ခြောက်လှန့်ပြီး မေးတာပေါ့။ သူဘာမှပြောမှာ မဟုတ်ပါဘူး။ ဘယ်သူ့မှလဲ ပြောမှာမဟုတ်ပါဘူး"ဟု တောင်းပန်သည်။

ပေါ်လော့ဆက်သည် ယာကွတ်ကိုဘေးသို့ တွန်းဖယ်လိုက်သည်။ ထိုအခိုက်အတန့်တွင် သူသည်တစုံတရာကို ဆုံးဖြတ်နေသည်။ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နေသည်။ 'ဒီကောင်မဟာ ဒို့ကို နက်ဖြန်ကျယင် ဒုက္ခပေးမှာဘဲ။ ဒါပေမယ့် မိန်းမသား ဖြစ်နေတယ်။ ကော့ဆက် မိန်းမသားဖြစ်နေတယ်။ မတတ်နိုင်ဘူး သတ်ရမှာဘဲ။ မျက်နှာကို အဝတ်ဖုံးလိုက်ယင် ပြီးတာဘဲ' ဟု စဉ်းစားမိသည်။

ထိုသို့ဆုံးဖြတ်လိုက်ပြီးနောက် မာရီယာ၏အင်္ကျီစကို ဗိုက်မှဆွဲလှန်ကာ မျက်နှာပေါ်သို့ဖုံးလိုက်သည်။မာရီယာ၏ရင်သားနှစ်ခုအကြားတွင်ချွေးများစို့ထွက်နေသည်။

မတတ်သာတော့ပြီ။ ပေါ်လော့ဆက်သည် ပုဆိန်သွားဖြင့် မျက်နှာကိုတချက်ခုတ်ကာ ကိစ္စတုန်းစီရင်လိုက်လေသည်။

---

## ပုဒ်စာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ယာကွတ်သည် မာရီယာ၏ လေးတွဲ့သော ညည်းသံကို ကြားလိုက်ရသည်။ သူ့သွေး သူ့သားမို့ ကြက်သီးမွေးညင်းထကာတုန်လှုပ်သွားသည်။ သွေးနှံ့ညှိစို့စို့ သည် သူ့နှာခေါင်းသို့ တိုးဝင်လာသည်။ ထို့ကြောင့် မီးဖိုဖက်သို့ ထွက်လာသည်။ သူ့ရင်ထဲ ဝမ်းထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်လာကာ အန်ချင်သလို ပျို့ချင်သလိုဖြစ်လာသည်။

သူတို့သည် ခေါပရော့အိမ်မှ ထွက်လာခဲ့ကြသည်။ ပေါ်လော့ဆက်သည် အရက်မူးသမားလို ယိမ်းယိုင်နေသည်။ တီမိုဖေးကား နောက်တွင် ချန်ရစ်ခဲ့သည်။ နောက်ဖေးလမ်းဖက်က ခွဲထွက်ကာ အကော်ဒီယံသံကြားရာ ကျောင်းဖက်ဆီသို့ ထွက်လာခဲ့သည်။ ကျောင်းဝင်းထဲတွင် ကခုန်မြူးတူးနေကြသည့် ကာပေါ်ကင်းနိုက်ကို တွေ့ရသည်။ တီမိုဖေးသည် ထိုအထဲသို့ ဇွတ်ဝင်ကာ အကော်ဒီယံကိုဆွဲလုသည်။ သူ တီးတော့မည်ဟု ဟန်ပြင်သည်။

"တီမိုရှာရေ၊ ခပ်မြူးမြူးလေး တီးပါကွယ်။ ဂျော်ပဆီတွေ က တဲ့ သီချင်းလေး တီးစမ်းပါ"

တီမိုဖေးသည် အကော်ဒီယံကြီးကိုကိုင်ကာ တီးသည်။ သို့သော် ချက်ချင်းပင် ရပ်လိုက်ပြန်သည်။ ထို့နောက်အသံကွဲကြီးဖြင့် ရယ်ပြန်သည်။ တဖန် တီးပြန်သည်။ သူ့လက်ချောင်းတို့သည် စိတ်သွားတိုင်းကိုယ်မပါသကဲ့သို့ တေးကွက်ကို စမ်း၍မရဘဲ ဖြစ်နေသည်။ ထို့ကြောင့် တဟားဟားရယ်ကာ ဇွတ်တီးသည်။ တီး၍ကားမရ။ သို့နှင့် အကော်ဒီယံကို ပြန်ပေးလိုက်ရသည်။

"ဟေး ဒီကောင် မူးနေပြီကွ"

"အေ့ဟေ့ ရယ်စရာကြီး"

မိန်းမပျိုလေးများသည် တီမိုဖေးကို ရှောင်သွားကြသည်။ အကော်ဒီယံ တီးသည်။ သူ့တေးကွက်တခုကို စမ်းတဝါးဝါး စ၍တီးသည်။ အရပ်အရှည်ဆုံး သူငယ်မဖြစ်သည့် ဥလျှနာသည် ခြေထောက်ကလေးများကို ခုန်ဆွခုန်ဆွ လုပ်ရင်းလက်ကိုဆန့်တန်းကာ ပျော်မြူးစွာ ကလေသည်။

'ဒီနေရာမှာ မနက်လင်းသည်အထိ နေယင် ကောင်းမှာဘဲ။ ဒီလိုဆိုယင် ငါ့ကို ဘယ်သူမှ ရှုပ်စုံနိုင်ကြမယ် မဟုတ်ဘူး' ဤသို့ စဉ်းစားမိသဖြင့် တီမိုဖေးသည် အရက်မူးဟန်ဆောင်ကာ ကျောင်းလှေကား ခုံတွင်ထိုင်နေသော မိန်းကလေးတယောက်၏ရင်ခွင်သို့ တိုးဝင်လေသည်။

ယာကွတ်သည် အိမ်သို့ရောက်လျှင် အိပ်ရာထဲသို့ တန်း၍ဝင်လေသည်။ ခေါင်းအုံးပေါ် ခေါင်းချမိသည်မှစ၍ ထရန်မကြိုးစားတော့ပေ။ ပေါ်လော့ဆက်သည် သူ၏လက်များကို ရေဆေးသည်။ ပြီးလျှင် သူ့အခန်းသို့ဝင်သွားသည်။ ထိုအသံ များကို ယာကွတ်ကြားနေရသည်။

သန်ကောင်တွင်မူ ပေါ်လော့ဆက်သည် အိပ်ရာမှထ၍ အိမ်ရှင်မထံတွင်အရက်တောင်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မုန့်စရာတခုခုပေးစမ်းပါဗျာ"

အရက်ရလျှင် တချိုက်တည်းမော့ချလိုက်သည်။ ထိုနောက်စီးကရက်ခဲသောက်ကာ ခန်းလုံးပြည့်လျှောက်နေသည်။ တဖန်အခန်းထဲတွင် ခြေထောက်ကိုမီးကင်သည်။ သူ့တွင် အဆစ်အမြစ်ကိုက်ခဲသည့် ရောဂါရှိသည်။ ၁၉၁၆-ဆောင်းရာသီမှစ၍ ဤရောဂါရခဲ့သည်။ ထိုအချိန်မှစ၍ ဗိုလ်ကြီး ပေါ်လောဲခက်သည် ခြေထောက်မီးကင်သည့်အလေ့ကို ရခဲ့လေသည်။

## ၁၃

ထိုရက်သတ္တပတ်အတွင်း ဂရယ်မျချီ ရွာကလေး၌ ပြဿနာ အမျိုးစုံ ပေါ်ခဲ့သည်။ ထိုပြဿနာမျိုးစုံသည် ဒါဗီးဒေါ့ခ်ရှ့သို့ရောက်ခဲ့သည်ချည်းဖြစ်၏။ ညချမ်း အခါများတွင်လည်း သူ့အဖို့ နားရသည်မရှိ။ တခါတရံ ဆိုဗီယက်အဖွဲ့ရုံးမှ အိမ်သို့ပြန်ရသည်။ တခါတရံ စုပေါင်းလယ်ယာအသင်း ဘုံရိပ်သာမှ အိမ်သို့ပြန်ရသည်။ အိမ်ရောက်လျှင် အခန်းတွင် လမ်းလျှောက်ယင်း စီးကရက်ကိုဖွာသည်။ ထိုနောက် နောက်ဆုံးထုတ် ပရာဗဒါသတင်းစာကိုဖတ်သည်။ ထိုနောက် ဂရယ်မျချီရွာက လူများအကြောင်းကို စဉ်းစားသည့်အခါ စဉ်းစားသည်။ တခါတရံ စုပေါင်းလယ်ယာ အသင်းကိစ္စသည် သူ့အတွေးသို့ဝင်လာတတ်သည်။ ထိုနောက် အတိတ်ကအကြောင်းတို့ကို ပြန်၍စဉ်းစားမိပြန်သည်။ စုပေါင်းလယ်ယာတွင် တာဝန်မယူမီ သူသည် စက်ရုံ အလုပ်သမား တယောက်ဖြစ်သည်။ သူထွက်လာပြီးနောက် သူ၏စက်ရုံတွင် အပြောင်းအလဲများစွာကြုံရပေလိမ့်မည်။ ထိုအပြောင်းအလဲတို့တွင် သူပါဝင်ဆင်နွဲခြင်း မပြုနိုင်သဖြင့် အနည်းငယ်ဝမ်းနည်းသလိုဖြစ်လာသည်။ သူရှိလျှင်မူ ထရက်တာ အသစ်အတွက် ပုံစံသစ်များဆွဲရာတွင်၎င်း၊ ဂိုပာအိမ်အသစ်တီထွင်ရာ၌၎င်း ပါဝင်ရပေလိမ့်မည်။

ထိုနောက် သူ့အတွေးသည် ဂရယ်မျချီရွာ၏ ဘဝသစ်တည်ဆောက်ရေးဆီသို့ ပြန်လည်ဦးလှည့်လာသည်။ သူသည် အခြားနယ်များ၌ စည်းရုံးရေး လုပ်ခဲ့ဘူးသည်။ တွေ့ရသည့် အခက်အခဲမှာ မြို့နေလူတန်းစားနှင့် တောသူတောင်သားတို့ရင်ကြားမစေ့နိုင်ခြင်းပင်ဖြစ်သည်။ ယင်းသဘောမှာ လူတန်းစားတိုက်ပွဲသဘောပင်ဖြစ်သည်။ လူတန်းစားတိုက်ပွဲပြင်းထန်လာလျှင် မပြေလည်သည့် ပြဿနာများသည် အထုံးအနှောင်များကဲ့သို့ ရှုပ်ထွေးလာတတ်သည်။ သို့ရာတွင် ယခုဂရယ်မျချီတွင် ကိုယ်တွေ့ကြုံရသည့် အခြေအနေလောက် ဘယ်နေရာတွင်မှ မရှုပ်ထွေးလှ။

စုပေါင်းလယ်ယာ အသင်းဝင်ဖြစ်လျှင် များစွာသော အခွင့်အရေးတို့ကို ရနိုင်သည်။ သို့ငြားလည်း ဤရွာရှိ လယ်ပိုင်ရှင်လေးများသည် ဘာ့ကြောင့် အသင်းသို့ဝင်ရန်ငြင်းဆန်နေသည်ကို မတွေးနိုင်အောင်ရှိသည်။ နားမလည်နိုင်အောင် ရှိလှသည်။ ဤရွာရှိ လူထုကို နားလည်ရန် ခက်လှသည်။ ဘယ်နည်း ဘယ်ပုံ ချဉ်းကပ်ရမည်မသိအောင်ရှိလှသည်။ သူတို့အချင်းချင်းလည်း ပြေပြေလည်လည် မရှိ။ ယခင်က ပါတီဝင်

www.facebook.com/NyisayEbookCreator
www.nyisay.com



တဦးဖြစ်ခဲ့သည့် တစ်ကော့သည် ယခုကုလတ်တယောက်ဖြစ်နေသည်။ စုပေါင်းလယ်ယာ၏ ရန်သူသည်းဖြစ်နေသည်။ အလွန်ဆင်းရဲလှသည့် လယ်သမား တီမိုဖေး ဗော်ရှော့သည် မြေရှင်တယောက်ကို ကာကွယ်သည်မှာလည်း သူနားမလည် နိုင်သည့် အကြောင်းတခုဖြစ်သည်။လယ်သမားကြီးတဦးဖြစ်သည့် အော့စထရော့နော့သည်တက်ကြွစွာ စုပေါင်းလယ်ယာအသင်းသို့ဝင်သည်။ နာဂူနော့ကား ဒါဗီးဒေါ့ နားလည်ရအခက်ဆုံးပုဂ္ဂိုလ်ဖြစ်နေသည်။ သူ့ကိုဆက်ဆံရာတွင် နာဂူနော့သည် ခပ်တန်းတန်းပင်ဆက်ဆံသည်။ ဤသို့ဖြင့် ဒါဗီးဒေါ့သည် ဂရယ်မျချီတရွာလုံးကို စိတ်ကူးတွင်ထည့်ကာ အကွက်ချတွေးတောနေမိသည်။သို့ရာတွင် သူနားမလည်သည့် ကိစ္စတို့ အများအပြားရှိသည်။ ဤကျေးရွာကလေးသည် ရှုပ်ထွေးလှသည့် စက်ယန္တရားတခုနှင့်တူနေသည်။ဤစက်ယန္တရားကို သူနားလည်ရန် သူကြိုးစားရပေမည်။

ခေါပရော့နှင့် သူ့မိန်းမ အသက်ခံခဲ့ရသည်။ ထိုကိစ္စသည် နောက်ကွယ်တွင် လျှို့ဝှက်သော အရေးအခင်းရှိသည်ဟု သူယူဆသည်။ တနည်းအားဖြင့် ဆိုလျှင် စုပေါင်းလယ်ယာ အသင်းဖွဲ့ခြင်းနှင့်ပတ်သက်၍ လူသတ်မှုပေါ်လာရသည်ဟု သူမှန်းဆကြည့်မိသည်။

ခေါပရော့နှင့် သူ့မိန်းမတို့၏ အလောင်းများကိုတွေ့ရသည့်နံနက်ကဒါဗီးဒေါ့သည် ရတ်ဇမျော့နော့၊ နာဂူနော့တို့နှင့် ဆွေးနွေးခဲ့ရသည်။ သူတို့နှစ်ယောက် စလုံး ဘာကြောင့်လူသတ်မှုဖြစ်ရသည်ကိုမမှန်းဆနိုင်။ သဲလွန်စကိုမဖော်နိုင်။ခေါပရော့သည် ဆင်းရဲသော လယ်သမားဖြစ်သည်။ အတိဘ်ကရှုပ်မှုတပ်သားတဦးဖြစ်ခဲ့သည်။ သူသည် မြေပိုင်ရှင် လက်ပရှိနော့နှင့် အဆက်အဆံရှိသူဖြစ်သည်။ အချို့ကမူ ခေါပရော့ကို သတ်သည်မှာ ပစ္စည်းလုယူချင်၍ မဟုတ်။ အကြောင်းမှာ သူ့ကို သတ်ပြီးနောက် ပစ္စည်းတစုံတရာ ယူမသွားသောကြောင့်ဖြစ်သည်။

ရတ်ဇမျော့နော့သည် ဦးနှောက်ရှုပ်နေဟန်တူသည်။ သူက ဤသို့ မှတ်ချက်ချသည်။ "မိန်းမကိစ္စနေမှာပေါ့ဗျာ။တခြားသူတယောက်မိန်းမကိုကြာခိုပါလိမ့်မယ်။ ဒါ့ကြောင့် အသတ်ခံရတာ ဖြစ်မှာပေါ့"

နာဂူနော့ကမူ ထင်မြင်ချက်မပေးသေးပေ။ သူသည် မစဉ်းစား မဆင်ခြင်ဘဲ အရမ်းထင်မြင်ချက်ပေးတတ်သူ မဟုတ်။ သို့ရာတွင် ဒါဗီးဒေါ့က ကုလတ်တို့သည် ဤလူသတ်မှုတွင် ဝင်၍ရှုပ်ကောင်း ရှုပ်မည်ထင်သည်ဟု ပြောသည့် အခါတွင်မူ သူက ထောက်ခံလေသည်။ "ဟုတ်တယ်။ဒီကောင်တွေကို ကော့ကေးစပ်ကာ နှင်ပစ်မှဘဲ"ဟု ဆိုသည်။

ရတ်ဇမျော့နော့က ထိုအကြံပေးချက်ကို ရယ်မောလိုက်သည်။ "သူတို့ကိုတော့ နှယ်နှင်တာပေါ့။ ဒါပေမယ့် ခေါပရော့ သေရတာသူတို့ကြောင့် မဟုတ်ပါဘူးဗျာ။ သူ့မှာ လက်ပရှိနော့ကို မှီခိုနေရတာ။ ဘာဘဲဖြစ်ဖြစ် ကုလတ်တွေကိုချည်းအပြစ်ဖို့လို့ ဘယ်ဖြစ်မလဲဗျာ့။ ခင်ဗျားတို့ဟာက မကောင်း ကျောင်းပို့ ဆိုတာလိုဖြစ်နေပြီ။မိန်းမ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကိစ္စဗျာ။ မိန်းမကိစ္စ။ ကျုပ်တော့ ဘာဘဲပြောပြော အဲဒီမိန်းမကိစ္စကိုဘဲ တပ်အပ်စွဲချင်တယ်''

ထိုနေ့မှာပင် ဆရာဝန်တယောက်၊ အမှုစစ်အင်စပိတ်တော် တယောက်ရောက်လာသည်။ခေါပရော့၏ အိမ်နီးချင်းများကို စစ်သည်။ လက်ပရီနော့ကို စစ်သည်။သို့ရာတွင် သဲလွန်စရှာ၍ မတွေ့။ နောက်တနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၄-ရက်နေ့တွင် ဂရယ်မျချိဩ စုပေါင်းလယ်ယာ သင်းလုံးကျွတ် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးက ရွာရှိ ကုလတ်များကို နယ်နှင်ဒဏ်ခတ်လိုက်လေသည်။

ထိုနောက် အစည်းအဝေးတွင် စုပေါင်းလယ်ယာ အသင်းအုပ်ချုပ်မှု အဖွဲ့တခုဖွဲ့စည်းသည်။ ယင်းအဖွဲ့တွင် ပေဗယ်လုဗစ်ရှကင်၊ ဒယ့်မ်ကာဥရှကော့၊ အာကတ်ရှခါ၊ ဒါဗီးဒေါ့တို့ပါဝင်ကြသည်။ ထို့ပြင်ယာကွတ်လူးကစ်အော့စထရော့နော့လည်းပါလေသည်။သူ့ကိုအမှုဆောင်အဖွဲ့တွင်ရွေးကောက်သည့်အခါ ဒါဗီးဒေါ့နှင့်ရတ်ဇမျော့နော့တို့ကအားတက်သရော ထောက်ခံသည်၊ နာဂူနော့ကမူကန့်ကွက်သည်။ဒါဗီးဒေါ့ကိုကားတညီတညွတ်တည်းရွေးချယ်လိုက်ကြသည်။ ယမန်နေ့ကမူ ခရိုင်ကော်မတီနှင့် ခရိုင်လယ်ယာ သမဂ္ဂက ဒါဗီးဒေါ့အား ကျေးရွာစုပေါင်းလယ်ယာအသင်း၏ ဥက္ကဋ္ဌအဖြစ်ရွေးကောက်ရန် ညွှန်ကြားခဲ့သည်။

ထိုအစည်းအဝေးတွင် စုပေါင်းလယ်ယာ အသင်းကို နာမည်ပေးရန် ဆွေးနွေးကြသည်။ ထိုကိစ္စကို အချိန်အတန်ကြာသည်အထိ ဆွေးနွေးသည်။ နောက်ဆုံးတွင် ရတ်ဇမျော့နော့က အဆိုတခုတင်လေသည်။

'' 'ကော့ဆက်နီ' ဆိုတဲ့နာမယ်ကိုတော့ ကျွန်တော်ကန့်ကွက်တယ်။ ဒီနာမယ်ဟာ ရှေးဆံတယ်။ ရှေးတုန်းကဆိုရင် အလုပ်သမားတွေဟာ သူတို့ သားသမီးတွေငိုယင် 'ကော့ဆက်ကြီး' လာပြီလို့ ပြောပြီးခြောက်လေ့ရှိတယ်။ ကဲ အခု ကျွန်တော်အဆိုတခုတင်ပါရစေ။ ရဲဘော်များခင်ဗျား။ကျွန်တော်တို့ဟာ စုပေါင်း လယ်ယာအသင်းအားဖြင့် ဆိုရှယ်လစ်လမ်းကြောင်းကြီးပေါ်မှာ လျှောက်နေကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အသင်းကို 'ရဲဘော် စတာလင် စုပေါင်းလယ်ယာအသင်း' လို့ နာမည်ပေးဖို့ ကျွန်တော်အဆိုတင်ပါတယ်''

အန်ဒရေးရတ်ဇမျော့နော့သည်စိတ်အားထက်သန်နေသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်စများပင်ရစ်သန်းနေသည်။ မျက်ရည်များအကြားတွင် သူ့မျက်လုံးများသည် ပိုရှဲဝင်းလက်လာကြသည်။ ထိုနောက် သူသည် စတာလင် အသက်ရာကျော်ရှည်စေကြောင်း ကြွေးကြော်လိုက်သည်။ ''ရဲဘော်များ ခင်ဗျား။ကျွန်တော်တို့ရဲဘော်ကြီး ယိုးဆစ်ဗင်ဆာရီယိုနိုးဗစ် စတာလင် အသက်ရာကျော် ရှည်ပါစေလို့ ကျွန်တော်ဆုတောင်းလိုက်ပါတယ်''

ထိုနောက် ဆက်၍ပြောပြန်သည်။

''ဒီတော့ စုပေါင်း လယ်ယာအသင်းကို သူ့နာမယ် မှည့်မယ်။ ခင်ဗျားတို့သိအောင် ကျွန်တော်တခုပြောပြမယ်။ ကျွန်တော်တို့တတွေ ဇာစနစ်ကိုခုခံကာကွယ်တဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com



စစ်ပွဲမှာ ကျွန်တော်ဟာ ရှေ့တန်းစစ်မျက်နှာတခုမှာ တိုက်နေရတယ်ဗျ။ အဲဒီတုန်းက ရဲဘော်ကြီးစတာလင်ကို ကျွန်တော်ကိုယ်တိုင် မြင်လိုက်တယ်။ သူစကားပြောတာလဲ ကြားလိုက်ရတယ်။ အဲဒီတုန်းက စတာလင်ဟာ တော်လှန်ရေးစစ်ကောင်စီမှာ ဗိုရိုရှီလော့နဲ့အတူတူ ပေါ့ဗျ။ သူက အရပ်ဝတ်အရပ်စားနဲ့ဗျ။ စစ်မျက်နှာမှာ ကျွန်တော်တို့ကို သူကစကားပြောတာဘဲ"

"ခင်ဗျားပြောတာ လမ်းချော်နေပြီဗျ"ဒါဗီးဒေါ်က ဝင်၍ပြောသည်။

"လမ်းချော်နေတယ်။ ဒီလိုဆိုယင် ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တော့ ဒီနာမယ်ကိုဘဲ လက်ခံတယ်"

"ကျွန်တော်တို့လဲ ခင်ဗျားရွေးတဲ့ နာမယ်ကို ကြိုက်ပါတယ်။ ဒါပေမယ့်အဲဒီနာမယ်ကြီး မှည့်ယင် တာဝန်ကြီးတယ်ဗျ။ ကျွန်တော်တို့ သဘောမတူနိုင်ဘူး။ အဲဒီနာမယ်နဲ့ဆိုယင် အတော်ကို လုပ်ယူရလိမ့်မယ်" ဒါဗီးဒေါ်က ကန့်ကွက်သည်။

"ဟုတ်တယ်ဗျို။ ဟုတ်တယ်"

ရုပ်ဇမျှော့နေသည့် ရယ်၍သာနေသည်။

"ကျွန်တော်ပြောမယ်။ ရဲဘော်တို့ ကျွန်တော်ဟာ ကျေးရွာဆိုဗီယက်ရဲ့ အာဏာပိုင် ဥက္ကဋ္ဌဘဲ။ဒီတော့ ဥက္ကဋ္ဌအနေနဲ့ ရဲဘော်စတာလင် စုပေါင်းလယ်ယာအသင်းလို့ အမယ်မှည့်ဖို့ သတ်မှတ်လိုက်တယ်ဗျာ။ ဒါဘဲ။ ဒီမှာဗျ ၁၉၁၉-တုန်းက ကျွန်တော်လဲ တိုပိုလကီရွာနားရောက်သွားတယ်။ အဲဒီမှာ ဘပ်နီတော်ကြီးက ဘူလာမြစ်ကိုဖြတ်တဲ့ တံတားနဲ့ဆည်ကြီးကို သိမ်းပိုက်တာကို ကျွန်တော်ကိုယ်တိုင် တွေ့ရတယ်ဗျ"

"ဗျို့ အန်ဒရေး။ ခင်ဗျားတောရောက် တောင်ရောက်နဲ့ဗျာ။အစည်း အဝေးနဲ့ တူအောင် လုပ်မှပေါ့ဗျာ။ ကဲလေဗျာ မဲခွဲပါ"

"ဝမ်းနည်းပါတယ်ခင်ဗျာ။ ကဲ မဲခွဲကြမယ် ဟုတ်လား။ ဒီလိုရှိတယ်ခင်ဗျ။သူ့အကြောင်း ပြောယင် စစ်ဖြစ်တုန်းက ကိစ္စတွေ သတိ ရလာတော့ ပြောချင်လာတာဗျ"

မဲခွဲ မနေရတော့။နောက်ဆုံးတွင် ရဲဘော်စတာလင်၏ အမည်သည် အတည်ဖြစ်သွားလေသည်။

× × ×

ဒါဗီးဒေါ်သည် နာဂူနော့၏ အိမ်မှာပင် တည်းခိုလျက်ရှိနေသေးသည်။ သူ၏အိပ်ရာသည် နာဂူနော့လင်မယားအိပ်သည့် အိပ်ရာနှင့် ကန့်လန့်ကာ ပါးပါး တခုသာခြားသည်။ အိမ်ရှေ့ခန်းတွင်မူ မုဆိုးမ အဖွားအိုနေသည်။ သူ့ကြောင့် မာကာအနေဆင်းရဲသည်ကို သိသည်။ သို့သော် အလုပ်က များသည်မို့ အိမ်မရှာအား။နာဂူနော့၏မိန်းမ လူရှကာသည် သူ့ကိုဖော်ရွှေစွာဆက်ဆံသည်။ သို့ရာတွင် မာကာကသူ့မိန်းမသည် တီမိုဖေးနှင့် ဖောက်ပြန်ဘူးကြောင်းပြောပြီးသည့်နောက် ဒါဗီးဒေါ်သည် မှန်မှန်တည်တည်ပင်ဆက်ဆံသည်။ လူရှကာသည် နှစ်ဆဲ့ငါးနှစ်ခန့် ရှိသေးသည်။ သည့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ထက်မကြီးဟုထင်သည်။ သူ့ကိုယ်လုံးသည် သေးသွယ်သည်။ ပုံပန်း ကျသည်၊ မျဉ်းကောက် မျဉ်းကွေးတို့ဖြင့် ဖွဲ့စည်းထားသည်။ မျက်လုံး အစုံကား အညို‌ရောင် ရှိသည်။ တကိုယ်လုံးတွင် မျက်လုံးသည်အလှဆုံး အစူးရှဆုံးဖြစ်သည်။ သူ့မျက်ခုံးသည် အမြဲ အထက်သို့ ချိုနေသည်။ ပါးစပ်ကမူ အစဉ်ပြုံးနေသည်။ ပြုံးချိုသည့် မျက်နှာပေးလည်း အစဉ်ရှိသည်။ လမ်းလျှောက်လျှင် ပခုံးကိုချိုး၍လျှောက်သည်။ တစုံတယောက်ကို ပွေ့ဖက်ပိုက်ထွေးရန် အသင့်ဖြစ်နေဟန်တူသည်။ အဝတ်ကိုမူ ဂရုမစိုက်လှ။ ကော ဆက်မိန်းမတို့ကဲ့သို့ပင် ဝတ်သည်။

တနေ့နံနက်တွင် ဒါဗီးဒေါ့သည် မိန့်မိုးနေသည်။ ထိုအကြောင်း မာကာ၏အသံကိုကြားရသည်။

"ငါ့ကုတ်အင်္ကျီထဲမှာ ခြေအိတ်တစုံရှိတယ်ဟေ့။ မင်း ဆေးမြန်ကို မှာလိုက်သလား။ မနေ့က ရွာကြီးကပြန်လာတယ်။ မင်းဖို့ဝယ်လာတာတဲ့"

"ဟုတ်လားမာကာ။ ဝမ်းသာလိုက်တာ" သူ့အသံသည် တုန်ရီနေသည်။ ထိုနောက် ညဝတ်အင်္ကျီကြီးမချွတ်သေးဘဲ အိပ်ရာမှထကာ အင်္ကျီချိတ်ဆီသို့ သွားသည်။ ပြီးလျှင် ခြေအိတ်ကိုယူကာ ဝတ်သည်။ ဒါဗီးဒေါ့သည် သူ့အမူအရာကို မှန်ထဲတွင် အားလုံးမြင်နေရသည်။ မျက်လုံးအစုံသည် ရီဝေမျက်နှသည်။ ခြေအိတ်ကို နှစ်ခြိုက်စွာကြည့်နေယင်းက ဒါဗီးဒေါ့ရှိရာဘက်သို့ ဖြတ်ကနဲလှည့်လိုက်သည်တွင် ညဝတ်အင်္ကျီကြီးပွင့်သွားကာ ရင်သားအစုံသည် တုန်တုန်လှုပ်လှုပ်ကြီးပေါ်သွားသည်။ ထိုနောက် ကော်လာကို ဖြတ်ကနဲကိုင်ကာ ရင်ကိုစေ့လိုက်ပြီးလျှင် ပြုံးထေ့ထေ့မျက်နှာပေးဖြင့် "ကျွန်မ မလှဘူးလား"ဟု ညုတုတုမေးသည်။

ဒါဗီးဒေါ့သည် ခေါင်းငုံ့၍သာနေလိုက်သည်။ "ခက်တာပါဘဲ။ ငါကသူ့ကို ချောင်းကြည့်နေတယ် ထင်တော့မှာဘဲ။ သူ့ကိုခိုးဝင် စားနေတယ် ထင်တော့မှာဘဲ" ဟု တိုးတိုးညည်းမိလေသည်။

"ဟေ့ တစိမ်း တယောက်ရှေ့မှာ ကိုယ်လုံးတီး ရှောက်ဖို့ မကောင်းဘူးကွ" နာဂူနေ့က သူ့မိန်းမကို အော်၍ပြောသည်။

"အို သူမမြင်ရပါဘူး"

"မြင်ရတယ်ကွ"

ဒါဗီးဒေါ့သည် ကန့်လန့်ကာဘက်တွင် ချောင်းခြောက်ဆိုး၍ နေမိသည်။

"သူမြင်ယင်လဲ ဘာဖြစ်မလဲ၊ သာတောင်ကောင်းသေး။ သူလာယင်လက်ခံလိုက်ရုံပေါ့။ တစိမ်းရယ်မရှိပါဘူး မာကာရယ်။ ဒီနေ့တစိမ်း၊ မနက်ဖြန် ကျွပ်လင်ဖြစ်နိုင်တာဘဲ" လူရှုကာသည် သူ့အပြောကို သူ့ဖာသာ သဘောတွေကာ တခစ်ခစ် ရယ်မောနေလေသည်။

× × ×

www.facebook.com/NyisayEbookCreator
www.nyisay.com

နံနက်စာ စားပြီးချင် ဒါဗီးဒေါ်နှင့် နာဂူနေ့သည် အိမ်က ထွက်လာကြသည်။ ဝင်းတံခါးရောက်လျှင် ဒါဗီးဒေါ်က စကားစလေသည်။

"ခင်ဗျားမိန်းမ မကောင်းဘူး"

"အို ဒါဘာဖြစ်လဲ။ ခင်ဗျားနဲ့မဆိုင်ပါဘူး" နာဂူနေ့က မကြည့်ဘဲ ပြန်၍ ဖြေသည်။

"ဒါပေမယ့် ကျွန်တော်တော့ ဒီနေ့အိမ်ပြောင်းမယ် စိတ်ကူးတယ်။ မြင်နေရတော့ စိတ်မချမ်းသာဘူးဗျ။ ခင်ဗျားကို အနိုင်ကျင့်နေတာဗျ။ ခင်ဗျားဘဲပြောတယ် မဟုတ်လား။ တီမိုဖေးဒမတ်စကော့နဲ့ ဖြစ်ဘူးတယ်ဆို"

"သူ့ကို ဆုံးမ ရ မလား"

"အို ဒီလိုဘယ်ဖြစ်မလဲဗျ။ သူ့ကို နိုင်အောင်ထိန်းပေါ့။ ခင်ဗျားသြဇာကိုက် အောင်လုပ်ပေါ့။ ကျွန်တော်အမှန်ဘဲ ပြောမယ်နော်။ ကျွန်တော်ဟာ ကွန်မြူနစ် တယောက်ဘဲ။ ဒါပေမယ့် ဒါမျိုးတော့စိတ်မရှည်ဘူး။ ကျွန်တော်ကိုယ်အသေသတ် မိမှာဘဲ။ ခင်ဗျားကို အရူးလုပ်နေတာဗျ။ အိမ်ကပ်တယ်ဘဲ မရှိဘူး။ ကျွန်တော်တို့ အစည်းအဝေးက ပြန်လာတဲ့အခါ အိမ်မှာရှိရဲ့လား။ ခင်ဗျားတို့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ ဝင်ပြီးပါတာ မဟုတ်ဘူးနော်"

"ခင်ဗျားမှာ မိန်းမရှိသလား" နာဂူနေ့က ပြန်၍မေးသည်။

"ဟင့်အင်း။ ဒါပေမယ့် ခင်ဗျားတို့ အိမ်ထောင်ရေးမြင်ရတာနဲ့ ကျွန်တော် မိန်းမယူချင်စိတ် ကုန်သွားပြီ"

"ခင်ဗျား မိန်းမတယောက်ကိုဘယ်လိုသဘောထားသလဲ။ သူလဲလူသုံးပစ္စည်းတခုဘဲမဟုတ်လား"

"အို ဘယ့်နှယ်ဟာတွေရှောက်ပြောနေတာလဲဗျာ။ ခင်ဗျားအတွေးက အနာကစ်တွေရဲ့အတွေးအခေါ်ဘဲ။လူသုံးပစ္စည်း။ ဘာလူသုံးပစ္စည်းလဲ။ဒုက္ခပါဘဲ။ ခင်ဗျား မဟုတ်တာ တွေးနေတာကိုးဗျ။ မကောင်းတဲ့အတွေးအခေါ်ဘဲ။ ခင်ဗျား အိမ်ထောင်ဆိုတာကို ယုံကြည်ရမယ်ဗျ။ အိမ်ထောင်ဆိုတာ တကယ်ရှိတယ်။ ခင်ဗျားဟာက ဖာတန်းသွားပြောနေတာကိုး။ အေး ခင်ဗျားကိစ္စ ပါတီအုပ်စုအစည်းအဝေးမှာ တင်ရမယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ နမူနာဘဲ။ခင်ဗျားဟာ လယ်သမားတွေအကြားမှာ စံနမူနာဘဲ"

"ဒါဖြင့် ကောင်မကို ကျွန်တော် သတ်ပစ်လိုက်မယ်"

"ဒီ့ပြင်နည်းလမ်းများကို မတွေးမိတော့ဘူးလားဗျာ"

"ဒီမှာ ဒါဗီးဒေါ်။ ခင်ဗျားဒီကိစ္စမှာ ဝင်မစွက်နဲ့။ ကျွန်တော့်ဖာသာ ဖြေရှင်းမယ်။ အေးဗျာ မနေ့တနေ့ကဆိုယင် အဟုတ်သား။ ကဲ ခင်ဗျား ဘယ်သွားမလဲ။ ဆိုဗီယက်ရုံးကိုလား" နာဂူနေ့သည် စကားဖြတ်လိုက်သည်။

"မဟုတ်ဘူး။ ကျွန်တော် အောဇထရော့နေ့အိမ် သွားမလို့။ သူ့အိမ်မှာသူနဲ့စကားပြောချင်တယ်။ဒီလူဟာ ပါးရေနပ်ရေ ရှိတယ်ဗျ။သူ့ကိုကျွန်တော်တို့စုပေါင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



လယ်ယာအသင်းမှာ မန်နေဂျာခန့်ယင် မကောင်းဘူးလား။ ခင်ဗျား ဘယ့်နှယ်ဆင်သလဲ။ ကျွန်တော်တို့မှာ ပိုက်ဆံအရှာပြစ်တဲ့ မန်နေဂျာကောင်းကောင်းတယောက်လိုတယ်ဗျ။ အော့စထရော့နော့နဲ့ အတော်ဘဲ”

နာဂူနော့သည် လက်ကိုတွင်တွင်ရမ်းလေသည်။

“ခတ်ပြား ဟောင်းကြီး ဘဲဗျို။ ခင်ဗျားနဲ့ အန်ဒရေးဟာ ဘာကြောင့် အော့စထရော့နော့ကို စိတ်ကူးမိကြတယ်မသိပါဘူး။ ဘုန်းကြီးကလဲ သူ့ကိုကြိုက်လိုက်တာ တန်းတန်းစွဲ။ စုပေါင်းလယ်ယာအသင်းကလဲသူ့ကိုကြိုက်လိုက်ဘာတန်းတန်းစွဲ။ ကျွန်တော်တော့ သဘောမကျဘူး။ သူ့အခွန်ကိုကြည့်ဗျ။ နှစ်နှစ်ရှိပြီ ရာခိုင်နှုန်း တိုးလာတယ်။ ချမ်းသာလာပြီဗျ။ စစ်မဖြစ်ခင်တုန်းကတဲက ကုလတ်လိုနေလာခဲ့တာ။ အံ့ပါ့ဗျာ။သူ့ကိုများ ကျွန်တော်တို့ သုံးမယ်ဆိုတာ”

“သူဟာ လယ်သမားကောင်းတယောက်ဗျ။ဘာလဲ ခင်ဗျားကကျွန်တော့်ကို ဘာလဲ ကျွန်တော်က ကုလတ်လူတန်းစားကို ကာကွယ်နေကယ် ဆိုချင်တာလား”

သူတို့နှစ်ယောက်သည် တယောက်ကိုတယောက် မကျေနပ်ဘဲ လမ်းခွဲသွားကြလေသည်။ ထိုကိစ္စကား မပြေလည်သေးပေ။

—၁၄—

ဖေဖဝါရီလ။

မြေစိုင်ခဲတို့သည် အအေးဒဏ်အောက်တွင် ပိပြားနေသည်။ နေမင်းသည်ပင် နှင်းမှုန်ကြားတွင် မှိန်မှိန်သာ လက်နေသည်။

ယာကွတ်လူးကစ်သည် သူ့သားကို အစောကြီး အိပ်ရာမှ နှိုးသည်။ သူတို့သည် မီးဖိုကြသည်။ သူ့သား ဆေးမြွှန်က ခေါးသွေးသည်။ ဗိုလ်ကြီးပေါ်လော့ဆက်သည် ဖိနပ်စီးကာ ပတ်တီးပတ်သည်။ထိုနောက် သုံးယောက်သား သိုးခြံသို့ထွက်လာခဲ့သည်။

ယာကွတ်တွင် သိုးဆဲ့ ခုနစ်ကောင်ရှိသည်။ ဆိတ်ရှစ်ကောင်ရှိသည်။ပေါ်လော့ဆက်သည် သိုးများကို တကောင်ပြီးတကောင် လည်ပင်းလှီး၍သတ်သည်။သွေးတို့သည် ချောင်းစီးကုန်သည်။

ယာကွတ်လူးကစ်သည် လတ်မြင်သူ ဖြစ်သည်။ သူပိုင်သိုးများကို စက်ရုံအလုပ်သမားတို့၏ အမဲအဖြစ်မခံနိုင်။ တပ်နီတော်၏ ရိက္ခာအဖြစ်မခံနိုင်။ သူတို့မှာ ဆိုဗီယက်အဖွဲ့ဝင်များ ဖြစ်ကြသည်။ဆိုဗီယက်သည် ယာကွတ်၏ဘဝကို ဖျက်ဆီးချေမှုန်းခဲ့သည် မဟုတ်လား။ ယာကွတ်သည် လယ်ယာ အများအပြား ပိုင်လိုသည်။ သည့်ထက် ချမ်းသာလိုသည်။ သို့သော် ဆိုဗီယက်အစိုးရက ခွင့်မပြု။ ဆိုဗီယက်အစိုးရနှင့် ယာကွတ်တို့သည် ကမ္ဘာ့ရန် ဖြစ်နေကြသည်။ ယာကွတ်သည် ဘဝတလျှောက်လုံးတွင် ချမ်းသာကြီးပွားရေး၏ နောက်ကိုသာတကောက်ကောက် လိုက်ခဲ့သည်။ ကလေးသည် မီးနှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကစားချင်သည်။ ထို့အတူ ယာကွတ်သည် ကြီးပွားချမ်းသာခြင်းနှင့် ဆော့ကစားလိုသည်။

တော်လှန်ရေးမတိုင်မီက ဆိုလျှင် ယာကွတ်သည် လေထဲတွင် တိုက်အိမ်ဆောက်၍ ကောင်းခဲ့သည်။ သူ့စိတ်ကူးတွင် သားကို ဗိုရှာကက် စစ်တက္ကသိုလ်သို့ပို့၍ ပညာသင်စေလိုသည်။ ထိုနောက် သူ့အဖို့ စက်တခုတည်မည်ဟု စိတ်ကူးသည်။ စိတ်ကူးတွင် သူသည် ရက်ထည်ကိုမဝတ်။ တာဆိုစဖြင့် ချုပ်သည့် တောင်းဘီကိုသာဝတ်သည်။ ရွှေနာရီကြိုးသည် သူ့ရင်တွင် တွဲလွဲခိုနေသည်။သူ့လက်မျှားမှာ ကြမ်းတမ်းခက်ထရော်ရှိရာမှ နုညံ့လာသည်။ ဖြူဆွလာသည်။ သူ့သားသည် စစ်တက္ကသိုလ်မှ ဆင်းလာလျှင် ဗိုလ်မှူးကြီးဖြစ်လာလိမ့်မည်။ ထိုအခါ ညာတတ် အမျိုးကောင်း သမီးတယောက်နှင့် ထိမ်းမြားပေးလိုက်မည်။ ထိုနောက် တနေ့သောအခါတွင် ယာကွတ်သည် ဘူ့သားနှင့် ချွေးမကို ကြိုရန် ဘူတာရုံသို့ ကိုယ်ပိုင်မော်တော်ကားကြီးဖြင့် သွားနိုင်လိမ့်မည်။

သို့ရာတွင် စိတ်ကူ ယဉ်ဖွဲ့လေသမျှ အလကားဖြစ်ရလေပြီ။ တော်လှန်ရေးနှင့် ခေတ်ပြောင်း အရေးတော်ပုံတို့က သူ၏မျှော်လင့်ချက် တောင်ကြီးကို ဒိုင်းနမိုင်းဖြင့် ခွဲလိုက်သည်။ သို့ရာတွင် စိတ်မလျှော့သေး။ သူသည် ကျလာသမျှ ဘေးအန္တရာယ်ကို ကြုံ၍တွေ့သည်။ လာမည့်ဘေးပြေး၍တွေ့သည်။ အခုအခါ သူ့တွင် သူပိုင်ပစ္စည်းဟူ၍ အားလုံးသိမ်းဆည်းပြီးဖြစ်နေပြီ။ အိမ်နီးချင်းများပင် မသိလိုက်ပေ။ ရွှေဒင်္ဂါးသုံးရာပါသော ငွေအိုးကိုလည်း မြေတွင်မြှုပ်ပြီးပြီ။ အပိုအလျှံ ကျွဲနွားဟူသမျှကို ရောင်းပြီးပြီ။ စိုက်ပျိုးကေကိုလည်း လျှော့ပြီးပြီ။ အားလုံးအသင့်ဖြစ်နေပြီ။ ထိုအခါတွင်မှ တော်လှန်ရေးဆိုသည့် အရာကြီးသည်ရင်း၊ စစ်သည်ရင်း၊ စစ်ဦးဘီလူးတို့သည်ရင်း၊ သူတို့ကျော်နင်း ဖြတ်သန်းသွားကြသည်။ စတက်မြက်ခင်းတွင် မြက်ပင်တို့ကို လေရူးဝှေ့သလို သူ့ကိုလည်း ဝှေ့သွားသည်။ သူ့ကိုဦးတိုက်သွားသည်ဟုပင်ဆိုနိုင်ပြီ။

မုန်တိုင်းကျလျှင် သစ်ပင်ကြီးတို့သည် ပြိုလဲကြသည်။ အမြစ်ကပါ ကျွတ်၍ ထွက်ကာပြိုလဲကြသည်။မြက်ပင်သည်ကား မုန်တိုင်းကျလျှင် ဦးညွှတ်ကာ မြေသို့ဝပ်စင်း၍ကျသည်။ ထိုနောက်မှန်၍ ခေါင်းထောင်မြဲထည်း။ ထို့အတူ ယာကွတ်သည်လည်း ခေါင်းပြန်ထောင်ရန် အချိန်ယူနေလေသည်။

သို့သော် ယခုကား ထိုအချိန်သည် ပျက်ခဲ့ပြီ။ထို့ကြောင့်ပင် သူသည် ဆိုဗီယက်အစိုးရကို စိတ်နာနေခြင်းဖြစ်လေသည်။ ထို့ကြောင့်ပင် သူသည် သူပိုင် သိုးများကို သတ်ဖြတ်နေခြင်း ဖြစ်လေသည်။ သူသည် ဂရယ်မျချီ စုပေါင်းလယ်ယာအသင်း၏ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးတဦးလည်းဖြစ်သည်။ သူ့အတွေးကား တမူခြားနေသည်။

'စုပေါင်းလယ်ယာအသင်းဆိုပို့မယ့်အတူတူ သတ်ထားက ကောင်းသေးတယ်။ ဆိုဗီယက်အစိုးရကို ဝမ်းသာအောင် မလုပ်နိုင်ဘူး။ သင်းတို့ကို မကျွေးမွေးနိုင်ဘူး' ထို့နောက် ဗိုလ်ကြီး ပေါ်လော့ဆက် အကြောင်း စဉ်းစားပြန်သည်။

'ဗိုလ်ကြီးပြောတာ မှန်တယ်။ ဒို့တတွေ အားလုံးပိုင်တဲ့ ကျွဲနွားတွေ သတ်ပစ်ရမယ်။ဗော်လရှီဗစ်တွေ အခြေမခိုင်အောင် နှံ့ပေးရမယ်။ နွားတွေသေရော ဘာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖြစ်သလဲ။ဒို့အာဏာရယင် အမေရိကတို့ ဆွီဒင်တို့က နွားတွေရမှာပေါ့။ ဆိုဗီယက် အစိုးရဆိုတဲ့ အကောင်တွေတော့ သိကြရောပေါ့ကွာ။ လူတွေငတ်ဖို့ဘဲ။ဝော်ယင်သူပုန် ထမှာဘဲ။ မြင်းတွေကိုတော့ ဘုံရိပ်သာ မြင်းဇောင်း ပို့ထားတာ ကောင်းတယ်။ ဒို့သူပုန်ထတဲ့အခါ ပြည်သူပိုင်မြင်းဇောင်းက မြင်းကိုစီးပြီး သူပုန်ထရုံရှိဘာပေါ့။ မိုလဲ ကြီး အကြံဉာဏ်ဟာ ကောင်းတယ်'

ဤသို့စဉ်းစားယင်းယာကွတ်သည်သိုးမျှား၏သွေးမျှား စီးဆင်းနေသည်ကို စိုက် ကြည့်နေသည်။ သို့ရာတွင် ထိုဓာဉ်သူ့နှာခေါင်းထဲသို့ ညှီစို့စို့ သွေးနံ့ ဝင်လာသည်။ ခေါပရော့၏ မိန်းမ အော်သည့် အသံကိုလည်း ပြန်၍ ကြားလာသည်ဟု ထင်ရသည်။ ထို့ကြောင့် ခြံမှထွက်ခဲ့သည်။

"ကျွန်တော် အနံ့မခံနိုင်ဘူးဗျ"

ပေါလော့ဆက်သည် စီးကရက်ကိုဖွာယင်း "ဘယ်လိုသတ္တဝါလဲ မသိပါဘူး။ ခင်ဗျားမရှိလဲ ကျုပ်တို့ချည်းဖြစ်ပါတယ်ဗျာ"ဟု ဆိုသည်။

သူတို့သည် နံနက်စာစားချိန်တိုင် သိုးခြံထဲတွင် ရှိနေသည်။ ထိုအချိန်တွင် တံခါးဝက လှသံကြားရသည်။

"အဖေရေ၊ ဒါဗီးဒေါ့လာတယ်။အဖေ့ကိုတွေ့ရအောင် ထင်ပါရဲ့"ဆေးမြွန်က အော်ပြောသည်။

ယာကွတ်သည် မျက်စိမျက်နှာပျက်ကာ နောက်ဘေးပေါက်မှ အိမ်ထဲသို့ဝင် လာသည်။ ဒါဗီးဒေါ့သည် အိမ်ရှေ့တံခါးဝတွင် ဖိနပ်မှ နှင်းခဲတို့ကို သုတ်နေသည်။

'ဒီခွေးမျိုး ငါ့ကို ဖမ်းရအောင် လာသလား မသိဘူး။ ခေါပရော့အမှုနဲ့ ဖမ်းမလို့လား' ဟု တွေးနေစဉ် တံခါးခေါက်သံနှင့်အတူ

"ကျွန်တော်ဝင်ခဲ့ရမလား"ဟူသော အသံကိုကြားရပြန်သည်။

"ဝင်ခဲ့လေ"အော်၍ပြောသော်လည်း သူ့အသံသည် လည်ချောင်းဝတွင် ငုတ်၍ ဝင်သွားသည်။

ဒါဗီးဒေါ့သည် ခဏမျှစောင့်ကာ တံခါးဖွင့်၍ဝင်လာသည်။ ယာကွတ်သည် စားပွဲမှ မထဘဲကြည့်နေသည်။ ယာကွတ်ကို ဒါဗီးဒေါ့က နှုတ်ဆက်လျှင် ယာကွတ်ရော သူ့မိန်းမကပါ ပြန်၍ နှုတ်ဆက်သည်။

"အပြင်မှာနှင်းထန်တယ်ဗျာ"

"ဟုတ်တယ်။ နှင်းသိပ်ကျတယ်"

"ဂျုံသီးတွေ အရည်ပျော်ကျမှာလား။ ဘယ်လိုထင်သလဲ"

"လာလေဗျာ ရဲဘော်ကြီး ထိုင်ပါအုံး"ယာကွတ်က ဖိတ်ကြားသည်။ 'သူ့ ကြည့်ရတာ မျက်နှာမကောင်းဘူး။ ဘာများဖြစ်လာသလဲ'ဟုလည်း တွေးမိသည်။

"ဘယ့်နှယ်လဲ။ ဂျုံသီးတွေ ဘယ်လိုနေမလဲဗျ"

"အရည်မပျော်ပါဘူးဗျာ။ နှင်းကိုက်တဲ့ဒဏ် ခံနိုင်ပါတယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



'ဒီကောင်ဒီလိုဘဲ ဟန်ဆောင်တတ်တယ်နဲ့တူတယ်။ ပြီးမှသာ ကဲ အထုပ်ပြင်လိုက်ခဲ့ပေတော့လို့ ခေါ်မှာထင်ရဲ့။ တယောက်ယောက်က သူကို ပေါ်လော့ဆက်အကြောင်း သကင်းပေးလိုက်တယ်နဲ့တူတယ်။ အိမ်ကိုမျှားခွာအုံးမလားမသိဘူး' ယာကွတ်သည် တကိုယ်တည်း တွေးကာစိုးရိမ်နေသည်။

"ကျွန်တော် စကားစမြည်ပြောရအောင် ဝင်လာတာပါ။ ခင်ဗျားနာမယ်ဘယ်သူလဲ။ အား ဖ မျိုးရိုးနာမယ်ပြောတာပါ"

"ယာကွတ်။ လူကာရဲ့သား ယာကွတ်"

"အော် ယာကွတ်လူးကစ်ပေါ့။ ကဲ ယာကွတ်လူးကစ်။ ခင်ဗျား အစည်းအဝေးမှာ စကားပြောတာ တယ်ကောင်းကိုးဗျ။ ဟုတ်တယ်။ ခင်ဗျားပြောတာမှန်တယ်။ စုပေါင်းလယ်ယာအသင်းဟာ စက်ယန္တရားတခုလိုတယ်။ အမှန်ဘဲ။ ဒါပေမယ့် ခင်ဗျားပြောတဲ့အလုပ်သမားစည်းရုံးရေးမှုကတော့ အယူအဆ လွဲနေတယ်ဗျ။ ခင်ဗျားကိုကျွန်တော်တို့က မန်နေဂျာခန့်မလို့ စဉ်းစားနေတာ။ ခင်ဗျား အမကြွင်းကြွင်းဘူးနေတာ ကြာပြီဗျ။ ခင်ဗျားထွန်ယက်တဲ့နည်းဟာ တယ်သိပ္ပံနည်းကျဆိုဘဲ"

"ထိုပါအုံးလေ ရဲဘော်ကြီးဒါဗီးဒေါ့ရဲ့။ ဂါရှာငရ၊ ရေနွေးအိုးကြီး ကျိုပါကွယ်။ စုပ်ပြွတ်လေးမျှား သုံးဆောင်ပါအုံးခင်ဗျာ" ယာကွတ်သည် ဝမ်းသာအယ်လဲ ဖိတ်ကြားလေသည်။

"ကျွန်တော်က သိပ္ပံနည်းအတိုင်းထွန်တာဘဲဗျ။ ဟောဒီက မသိနားမလည်တဲ့ လယ်သမားတွေကို အယူအဆဟောင်းတွေ စွန့်စေချင်လို့ဘဲ။ သူတို့ထွန်တာ ကြည့်ပါလား။ သူတို့က မြေကြီးကို ပွန်းအောင်၊ ညီဇာညံ့သွားအောင် လုပ်နေကြတာဘဲ။ ကျွန်တော့်ကိုတော့ ဒီက လယ်ယာ ဘုတ်အဖွဲ့က နာမည်ကောင်း လက်မှတ် ပေးထားတယ်ခင်ဗျ။ ဆေးမြွန်ရေ၊ နာမည်ကောင်း လက်မှတ် ယူခဲ့ပါကွာ။ ဟိုမှာ ချိတ်ထားတဲ့ဟာလေ။ ကဲဗျာ သွားကြည့်တာပေါ့"

ယာကွတ်သည် ဧည့်သည်ကို ဧည့်ခန်းတွင် ဧည့်ခံသည်။ ဆေးမြွန်သည် ထိုခဏတွင် ပေါ်လော့ဆက်နေသော အခန်းကို သော့ခတ်မည် ပြုယင်း အထဲသို့ကြည့်သည်။ သို့သော် ဗိုလ်ကြီးကို မတွေ့ရသဖြင့် မျက်လုံးပြူးသွားသည်။ ပေါ်လော့ဆက်သည် ဧည့်ခန်းသို့ ဝင်ရန် ဟန်ပြင်နေသည်။ ထိုနောက် မဝင်တော့ဘဲ နားဖြင့် ထရံကို ကပ်ကာ နားထောင်နေသည်။ ထို့ကြောင့် ဆေးမြွန်က။ 'ဘယ့်နှယ် လူပါလိမ့်။ သိပ်ရဲတာင်းတာဘဲ'ဟု စိတ်ထဲတွင် ရေရွတ်လေသည်။

သူတို့ပြောဆိုနေသည်ကို ပေါ်လော့ဆက်သည် နားထောင်နေသည်။ ထိုအချိန်တွင် သူ့စိတ်ထဲ၌ ဒါဗီးဒေါ့ကို ကျိန်ဆဲနေလေသည်။

'ဒီကောင် တယ်အာကျယ်တာဘဲ။ အစည်းအဝေးမှာလဲ ဒီလိုဘဲ အာကျယ်ကျယ်နဲ့ပြောမှာဘဲ။ ငါတီးထည့်ချင်လိုက်တာကွာ' ဟု ကြုံးဝါးနေသည်။

တဖက်ခန်းတွင် စကားကောင်းနေကြဆဲ ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော်ပြောမယ် ဥက္ကဋ္ဌကြီးရဲ့။ ရှေးကလို သမားရိုးကျ နည်းအတိုင်း ထွန်ယက်ဖို့ဆိုတာ ခေတ်မမှီတော့ဘူး ခင်ဗျ။ ဂျုံနှံကိုကြည့်ပါ။ ဘာလို့ နှင်းကိုက်ပြီး တကေမှာ ရှစ်တင်းဘဲ ထွက်ရသလဲ။ တချို့မျှား မျိုးတောင်မရဘူး၊ ကျွန်တော့်လယ်မှာတော့ သီးထွက်ကောင်းပါ့ ခင်ဗျာ။ အဲဒါဘာလို့လဲ သိရဲ့လား။ ကျွန်တော့်လယ်မှာ နှင်းကျခံတယ်ခင်ဗျ။ ဒါမှ မြေကြီးဟာ သောက်သုံးစရာ ရေကျန်မယ် မဟုတ်လား။ ကျွန်တော်က ရိတ်တဲ့အခါ အားလုံးမရိတ်ဘူး။ နေကြာပင်တွေဆိုယင် အပွင့်ဘဲ ခူးတယ်။ အပင်ကို ချန်ခဲ့တယ်။ အရိုးကိုချန်ခဲ့တယ်။ တချို့က အရိုးကို မီးထင်းလုပ်ကြတယ်ပေါ့ဗျာ။ သေနာကောင်တွေမှာ မီးထင်းအတွက် နွားချေး မရှိဘူးနဲ့တူတယ်။ အရိုးကိုမရိတ်ရဘူးဗျ။ အရိုးမကျန်ယင် လေတိုက်တဲ့အခါ နှင်းပွင့်တွေ မြောင်းထဲလွင့်ကုန်မှာပေါ့။ အရိုးက ခံထားတော့ နှင်းပွင့်တွေ မြောပါမသွားဘူး။ အဲဒီတော့ မိုးဦးမှာ ထွန်လို့ကောင်းလာတယ်။ မဟုတ်ဘူးလား ကျွန်တော် ပြောတာ"

"ခင်ဗျားပြောတာ မှန်တယ်"

"ဒါကြောင့်လဲ ဆိုဗီယက်အစိုးရက ကျွန်တော့်ကို နာမယ်ကောင်း လက်မှတ်ပေးတာပေါ့ခင်ဗျာ။ ကျွန်တော် ကောင်းကောင်း နားလည်တယ် ခင်ဗျ။ တခါတလေတော့ လယ်ယာစိုက်ပျိုးရေးမဂ္ဂဇင်းတွေဟာ မှားတယ်။ ဒါပေမယ့် သူတို့ ညွှန်ကြားတဲ့ အချက်တွေထဲမှာ မှန်တာတွေ ပါတယ်။ ကောင်းတာတွေ ပါတယ်။ သူတို့ရေးတဲ့ မဂ္ဂဇင်းတစောင် ကျွန်တော်အမြဲမှာပြီး ကြည့်တယ် ခင်ဗျ။ ဥပမာဆိုပါတော့ အဲဒီထဲမှာ ကောက်ပင်တွေသေရတာ နှင်းပေါက်ခဲဒဏ်ကြောင့် မဟုတ်ဘူး။ ပင်ခြေမှာ နှင်းမရှိတော့ မြေကြီးဟာ ဖွာနေတယ်။ နှင်းကလေး ဖုံးနေမှ ကောင်းမယ်။ ဒါမှမဟုတ်ယင် အမြစ်ကို နှင်းပေါက်ခဲကိုက်လို့ အပင်သေတတ်တယ်တဲ့"

"အေးဗျာ။ တယ် စိတ်ဝင်စားစရာ ကောင်းပါလား။ ကျွန်တော် အယင်က ဒါမျိုး မကြားဘူးခဲ့ဘူး"

"ဒါမှန်တယ်ခင်ဗျ။ ကျွန်တော်နဲ့ တသဘောထဲဘဲ။ ကျွန်တော့် လယ်မှာ စမ်းကြည့်တယ်။ ကောက်ပင်ကို တူးကြည့်တော့ အမြစ်မှာနှင်းကိုက်တဲ့ဒဏ် တွေ့ရတယ်။ လူမှာ သွေးကြော ပြတ်သွားဘာလို့ပေါ့ ခင်ဗျာ"

"ဟုတ်တယ်ဗျို့။ လူးကာစ်ပြောတာမှန်တယ်။ ကျွန်တော်တို့လယ်တွေမှာ နှင်းအဘန်အသင့်ရှိရမယ်ဗျ။ ခင်ဗျားရဲ့ စိုက်ပျိုးရေး မဂ္ဂဇင်းတွေ ကျွန်တော့်ကို ငှားလိုက်ပါလား"

'ဒီကောင် ဖတ်နိုင်မှာမဟုတ်ပါဘူး။ သေနေ့စေ့တော့မှာဘဲ'ဟု အခန်းထဲတွင် ပေါ်လော့ဆက်က ကြုံးဝါးနေသည်။

"ကျွန်တော့်လယ်တွေမှာ နှင်းကိုဘယ်လိုသိမ်းဆည်းရမယ်ဆိုတာ နားလည်ဖို့လိုတယ်ခင်ဗျ။ ပြီးတော့ တနှစ်တနှစ် ရေစားလို့ ကေနှစ်သောင်းလောက်ကောသွားတာရော ကာကွယ်ဖို့လိုတယ်ခင်ဗျ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟုတ်လိုက်လေဗျာ။ ဒါထက် ကျွန်တော်တို့နွားခြံတွေမှာ နွေးထွေးအောင် ဘယ်လိုစီမံရမယ်ဆိုတာရော ခင်ဗျား ပြောမပြနိုင်ဘူးလား"

"နွားခြံလား။ အလွယ်လေးပါခင်ဗျာ။ မိန်းမတွေအလုပ်ဘဲ ရဲဘော်ကြီးရဲ့။ နွားချေးနဲ့ မံရမယ်ခင်ဗျ"

"ဟုတ်ပြီဗျို့။ မျိုးစေ့တွေ ပိုးမကိုက်အောင်ရောဗျာ"

အတွင်းခန်းတွင် ပေါလော့ဆက်သည် ညောင်းလာသဖြင့် နေရာပြင်၍ ထိုင်ပြန်သည်။ ဤသို့နေရာပြင်ခိုက် တစုံတခုကိုတိုက်မိသဖြင့် အသံမြည်သွားသည်။

"ဘာသံလဲဗျ"ဟု ဒါဗီးဒေါ့ကမေးသည်။

"တခုခုတိုက်မိတယ်နဲ့တူတယ်။ လာဗျို့ ရဲဘော်ကြီး၊ ကျွန်တော်ပြစရာတခု ရှိတယ်"

ယာကွတ်က လီမွာပါးနပ်စွာ ဒါဗီးဒေါ့ကို လှည့်တုက်သွားလေသည်။

ဒါဗီးဒေါ့သည် ယာကွတ်အိမ်မှမဂ္ဂဇင်းတယုတ်ကို ပွေ့ပိုက်ကာ ပြန်လာသည်။ ယာကွတ်နှင့် တွေ့ရကျိုးနပ်သည်ဟုလည်း အောက်မေ့ကာ ပီတိဖြစ်နေသည်။ လူ့ အဖိုးတန် ကယောက်ဘဲ ဟူ၍လည်း အထင်ကြီးမိသည်။ 'အင်း ဒီလိုလူမျိုးနဲ့ လုပ် လိုက်ရယ်င် တနှစ်အတွင်း တိုးတက်သွားမှာဘဲ။ စာလဲဖတ်တယ်။ လယ်ယာအကြောင်း လဲသိတယ်။ မြေအကြောင်းလဲသိတယ်။ ဒါမှကျွမ်းကြင်သူခေါ်ရမယ်။ ဒါနဲ့များ မာကာက သူ့ကိုဘာလို့ ဆန့်ကျင်နေရတယ်မသိပါဘူး'ဟု တကိုယ်တည်း တွေးကာ ဆိုဗီယက်ရုံးသို့လာခဲ့လေသည်။

— ၁၅ —

ယာကွတ်လူးကစ်က နမူနာပြလိုက်သဖြင့် ဂရယ်မျချီတွင် ညအခါများ၌ တရွာလုံး လိုလိုပင် ကျွဲနွားများကို အမဲပေါ်ကြသည်။ မှောင်ရိသန်းသည်နှင့်တပြိုင်နက်ဝက်အော် သံ နွားအော်သံတို့ကြားရသည်။ သားသတ်ရုံအလား စူးစူးရှရှ အသံများသည် ဆူညံ နေလေသည်။ စုံပေါင်းလယ်ယာ အသင်းဝင်များရော၊ အသင်းမဝင်သည့် လယ်သမား များပါ သူတို့ပိုင် ကျွဲနွားများကိုသတ်ကြသည်။ သူတို့သည် နွားကြီး နွားမလေးရှောင် သတ်သည်။ နှစ်ညလွန်မြောက်သည့်အခါ တရွာလုံးရှိ ကျွဲနွားဦးရေသည် ထက်ဝက်သို့ လျော့ဆင်းသွားသည်။ ရွာခွေးများကား အမဲရိုးများ လှိုင်လှိုင်စားကြရသည်။ ကုန် ခြောက်ဆိုင်တွင် မရောင်းရဘဲ လှောင်ထားသည့် ဆားများ သွက်သွက်ရောင်းလိုက် ရသည်။

"ဘာတ်သာသတ်ပေ့။ ဒို့ပိုင်နွားမဟုတ်တော့ဘူး။ ဒို့မသတ်ယင်လဲ ဒီအစား အစိုးရနွားသိုးတွေက သတ်ကြတော့မှာဘဲ" တီးတိုးစကားများ၊ ကောလဟာလများ သည် တရွာလုံးပြန့်နှံ့နေသည်။ သတ်ပြီးလျှင် အမဲသားလှိုင်လှိုင်စားကြသည်။ အလူ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပွဲကြီးများ ပေးနေသလားဟူ၍ပင် အောက်မေ့ရလောက်အောင် တရွာလုံး အမဲသား လှိုင်နေသည်။

ရှယ်ရှကာအဖိုးကြီးသည် သူ့ပိုင်တနှစ်သား နွားပေါက်ကလေးကို ပထမဆုံးသတ်သည်။ ထိုနွားကလေးကိုပင် သူနှင့်သူမိန်းမတို့သည် မနည်းအပင်ပမ်းခံကာ သတ်ကြရသည်။ နွားပေါက်ကလေးကို အိမ်ထဲကထုတ်တွင်ချည်နှောင်သည့်အခါ အဖွားအိုအကန်ခံရသဖြင့် ခါးအောင့်သွားသည်။ နောက်တနေ့မနက်တွင် အဖွားကြီးကိုယ်စား အဖိုးကြီးထမင်းချက်ရသည်။ ထိုရက်မှစ၍ အဖိုးကြီးသည် အိမ်ထဲက အိမ်ပြင်သို့ မထွက်တော့ပေ။ တခါတရံအဖိုးကြီးသည် ခေါင်းငိုက်စိုက်ဖြင့် ခြံဝသို့ ထွက်လာတတ်သည်။ ပြီးမှတစုံတရာကို သတိရလာသဖြင့် အိမ်ထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်သွားလေသည်။

ဒုတိယနေ့တွင် တရွာလုံးအစုလိုက်အပြုံလိုက် အမဲပေါနေကြသည့် သတင်းကိုသိလျှင် ရတ်ဇမျှော့နေ့သည် ဒါဗီးဒေါ့ထံသို့ အရေးဘကြီးရောက်လာသည်။

"ထိုင်လေဗျာ"

"စာဖတ်နေသလား" ဒါဗီးဒေါ့သည် စာအုပ်ဝါကလေးကိုချကာ ပြုံး၍ကြည့်သည်။ "ခင်ဗျားအတွက် စာအုပ်တအုပ်ရှိတယ်"

"ဝတ္ထုလားဗျ။ ဘာစာအုပ်လဲ။ ဒါကထားပါအုံး။ ခု ရွာမှာ ဘာဖြစ်နေသလဲ ဆိုတာ ခင်ဗျား သိသလား"

"ဘယ်က ဝတ္ထုရမှာလဲဗျ။ ရေ့စတော့ ပါတီကို တင်တဲ့ ရဲဘော် အန်ဒရီယက်ရဲ့ အစီရင်ခံစာပါ။ ညနေကထဲက ဖတ်လိုက်တာ ထမင်းစားဖို့တောင် မေ့နေတယ်ဗျာ"

ဒါဗီးဒေါ့သည် မီးဖိုဖက်သို့ ထွက်သွားဟန် ပြင်သည်။

"ကျွန်တော်ပြောမယ့် စကားကို နားမထောင် တော့ဘူးလားဗျ"

"နားထောင်ပါမယ်လေ။ ခဏနေပါအုံး"

ဒါဗီးဒေါ့သည် မီးဖိုထဲမှ အေးစက်နေသော ဆူပ်ပြုတ်တပန်းကန်ယူလာသည်။ ထို့နောက် စကားမပြောဘဲ ဆူပ်ပြုတ်ကို သောက်နေသည်။

"အမဲဆူပ်ပြုတ်လား" အန်ဒရေးက ပန်းကန်ကို လက်ညှိုးညွှန်ကာ မေးသည်။

ဒါဗီးဒေါ့က ခေါင်းညိတ်သည်။

"အမဲသား ဘယ်ကရသလဲဗျ"

"ကျုပ်ဘယ်သိမလဲ။ ဘာလို့လဲ"

"ဘာလို့လဲ၊ တရွာလုံး အမဲပေါ်လိုက်ကြတာ ရွာမှာရှိတဲ့ နွားတဝက် ကုန်ပြီဗျ"

"ဘယ်သူတွေလဲ"

"သေနာကောင်တွေပေါ့ဗျာ။ ခင်ဗျား အခု ရောမ စုပေါင်း လယ်ယာကြီး တည်ဆောက်နေတယ် မဟုတ်လား ဥက္ကဋ္ဌကြီး။ အဲ့အခု ခင်ဗျာ့ စုပေါင်းလယ်ယာ

www.facebook.com/NyisayEbookCreator
www.nyisay.com



က လယ်သမားတွေဘဲ နွားတွေကို သတ်နေလေရဲ့ဗျား။ အသင်းမဝင်တဲ့ လယ်သမားတွေလဲ သတ်နေတာဘဲ။ ဒီကောင်တွေ ရူးနေကြပြီနဲ့ တူတယ်။ ခိုင်းနွားတွေကိုပါ သတ်နေပြီ” သူ့အသံသည် စူးရှရှကျယ်လောင်သည်။

“ခင်ဗျား အမြဲအော်ပြော နေတာကိုးဗျ။ အစည်းအဝေးမှာ စကားပြောတဲ့ အတိုင်းဘဲ။ အေးအေးဆေးဆေး ပြောစမ်းပါဗျာ။ ဘယ်သူတွေသတ်သလဲ။ ဘာ့ကြောင့် သတ်သလဲ”

“ဘာ့ကြောင့် သတ်တယ်လို့ ကျွန်တော် ဘယ်သိမလဲဗျ”

“ခင်ဗျား တယ်အော်တာကိုးဗျ။ ၁၉၁၇· ပြန်ရောက်နေပြီလား အောက်မေ့ရတယ်”

“အဲဒီအကြောင်းသိရင် ခင်ဗျားလဲ အော်မှာဘဲ”

ရတ်ဇမျော့နေ့သည် သူကြားရသမျှ သတင်းကို ပြောပြသည်။ ဒါဗီးဒေါ့သည် ရယ်စရာဟု သဘောမထားတော့ဘဲ စူးစိုက်နားထောင်သည်။ နဖူးရေများ ပါးရေများ ရှုံ့တွသွားသည့်အခါ ရှုံ့တွသွားသည်။ ထိုအချိန်တွင် သူသည် ဆယ်နှစ်လောက် အိုစာသွားသည်ဟု ထင်ရလေသည်။

“သွား၊ သွား၊ ချက်ချင်း အစည်းအဝေးခေါ်ဗျာ။ နာဂူနော့ကိုလဲ အကြောင်းကြားပေတော့။ နေပါစေလေ သူ့ဆီ ကျုပ်ကိုယ်တိုင် သွားလိုက်ပါ့မယ်”

“အစည်းအဝေးက ဘာလုပ်ရအောင်ခေါ်မှာလဲဗျ”

“ဘာလုပ်ရအောင် ဟုတ်လား။ ကျွဲနွားတွေ မသတ်ဖို့ တားမြစ်ရအောင်ပေါ့ဗျ။ သတ်တဲ့လူ အသင်းက ထုတ်ပစ်မယ်။ ရုံးတင်မယ်။ ဒါအရေးကြီးတယ်။ ကုလတ်တွေက ကျုပ်တို့ လုပ်ငန်းကို ဖျက်ဆီးရအောင် ကြံတာဘဲဗျ။ ကဲ ရော့ ဆေးလိပ်သောက်အုံး။ အော် ဒါထက် ခင်ဗျားကို ကျွန်တော်ရတဲ့ လက်ဆောင်တွေ ပြဖို့ မေ့နေတယ်”

ဒါဗီးဒေါ့၏ မျက်နှာသည် ရွှင်လန်းလာသည်။

“ဒီနေ့ လီနင်ဂရက်က ပါဆယ်တခု ရောက်လာတယ်ဗျ။ ကျွန်တော့် ရဲဘော်လေးတွေဆီက ပါဆယ်ဘဲ”ဒါဗီးဒေါ့သည်အိပ်ရာအောက်ကအထုပ်တခုကိုယူ၍ပြသည်၊ ထိုအထုပ်ထဲတွင် စီးကရက်ဘူးများ၊ ဘီစကွတ်မုန့်ဘူးများ၊ စာအုပ်များ ပါသည်။

“ကျွန်တော့် ရဲဘော်လေးများက ကျွန်တော့်ကို မမေ့ဘူးဗျ။ ဒါလီနင်ဂရက်က လုပ်တဲ့ စီးကရက်ဘဲ။ ချော့ကလက်လဲ ပါသေးသဗျ။ ကလေးရှိတဲ့လူ ပေးရမှာဘဲ။ သူတို့ ကျွန်တော့်ကို အမှတ်ရနေသေးတယ်ဗျ။ ဝမ်းသာတယ်ဗျာ။ ဟောဒီမှာ စာကလဲတစောင်ပါလာသေးတယ်”

ဒါဗီးဒေါ့၏အသံသည် ငြင်သာလှသည်။ ဤကဲ့သို့ ရယ်မောပျော်ရွှင်နေပုံမျိုးကို သည်တခါသာ မြင်ရဘူးသဖြင့် အန်ဒရေးအဖို့ အံ့သြနေမိသည်။ သို့သော် ကြည်နူးနှစ်သက်ခြင်း ပီတိမခံတသည် အန်ဒရေးသို့ပါ ကူးစက်သွားလေသည်။ “အေး

www.facebook.com/NyisayEbookCreator
www.nyisay.com



ဗျာ ခင်ဗျားဆီကို တမင်သက်သက်ပို့ပေးတာဘဲ။ တကိုယ်ရေ တကာယ သမားမို့ ထင်ပါရဲ့"

"ဟုတ်ပါရဲ့ဗျာ။ကျွန်တော့်မှာလဲ လူပျိုကြီး မိန်းမကမရှိ၊ဒါကအရေးမကြီး ပါဘူး။ သူ့တို့သတိရတာသာ ကျွန်တော်ဝမ်းသာတာဘဲ။ ကြည့်ပါအုံးဗျာ ပါဆယ် မှာ လက်မှတ်ပေါင်းစုံ ထိုးထားလိုက်ကြတာ" ဒါဗီးဒေါ့၏လက်များသည် တုန်နေ လေသည်။

ရတ်ဇမျော့နေ့သည် လီနင်ဂရက်ကလာသည်ဆိုသော စီးကရက်တလိပ်ကို မီး ညှိလိုက်သည်။ "ဘယ့်နှယ်လဲ အခုနေရတဲ့အိမ်က အဆင်ပြေရဲ့လား။ အိမ်ရှင် အ ဖွားကြီးကရော သဘောကောင်းရဲ့လား။ ခင်ဗျားအဝတ်တွေ ဖွပ်ပေးမယ့်သူ မရှိယင် ကျွန်တော့်ပေးလိုက်လေ။ ကျွန်တော့်အမေ ဖွပ်ပေးလိမ့်မယ်။ ခင်ဗျား ဝတ်ထားတဲ့ အင်္ကျီကလဲဗျာ ဖြစ်နေလိုက်တာ။ ချီးလက်လေးသစ်နဲ့ဗျာ။ စုတ်လဲစုတ်လို့"

ဒါဗီးဒေါ့သည် ရှက်သွေးဖြန်းသွားသည်။

"ဟုတ်တယ်။ တခုခုတော့ စီမံရမှာဘဲ။ နာဂူနေ့အိမ် နေတုန်းကတော့ တ မျိုးမဟုတ်လားဗျ။ အင်္ကျီချုပ်တာကလဲ ကျွန်တော်မတတ်ဘူး။ ရောက်ကထဲကခုထက် ထိ ရေမချိုးဘူးသေးဘူးဗျ။ စွပ်ကျယ်လဲ မလျှော်အားဘူး။ ဒီကဆိုင်မှာ ဆပ်ပြာမရှိ ဘူး။ ရဲဘော်လေးတွေဆီ ဆပ်ပြာမှာအုံးမှဖြစ်မှာဘဲ"

"ကျွန်တော့်အမေဆီယူခဲ့ပါလားဗျ။ သူဖွပ်ပေးလိမ့်မပေါ့"

"ကိစ္စမရှိပါဘူး။ ကျေးဇူးတင်ပါတယ်ဗျာ။ ပြီးတော့ ကျွန်တော်တို့ လူထုရေ ချိုးရုံတခု ဆောက်ဖို့လိုတယ်ထင်သဗျ။ ကဲ ကဲ ခင်ဗျားအစည်းအဝေး လုပ်ရအောင် လူသွားစုပေတော့"

ရတ်ဇမျော့နေ့သည် စီးကရက်တိုကို ချေကာ ထသွားသည်။ ထိုအခါမှ ဒါဗီး ဒေါ့လည်း လက်ဆောင်ပစ္စည်းများကို နေသားတကျထားကာ ထွက်ခဲ့သည်။လမ်းတွင် သူသည် နာဂူနေ့အိမ်သို့ ဝင်လေသည်။ နာဂူနေ့က သူ့ကို မကြည်သာသော မျက် နှာဖြင့် ညှော်ခံသည်။

"ဒီကောင်တွေ နွားတွေသတ်နေကြတယ်ဗျ" နာဂူနေ့သည် ထိုသို့ပြောပြီး နောက် သူ့မိန်းမဖြစ်သူ လုရှကာဖက်သို့ လှည့်ကာ "တခြားသွားနေစမ်း လုရှကာ။ မင်းရှိယင် ဒီစကားပြောလို့ဖြစ်မှာမဟုတ်ဘူး"ဟုဆိုကာ နှင်ထုတ်လိုက်သည်။

လုရှကာသည် မျက်နှာသေလေးဖြင့် မီးဖိုချောင်ဖက်သို့ဝင်သွားသည်။

ရွာမှကုလတ်များထွက်ခွာသွားကြလျှင် သူတို့နှင့်အတူ တီမိုဖေး ဒမတ်စကော့ လည်း ပါသွားသည်။ ထိုအခါမှစ၍ လုရှကာသည် စိတ်ဓာတ်ကျဆင်းကာ အားငယ် နေခဲ့သည်။ သူ၏မျက်ခွံကြီးများသည် မို့တက်လာကြသည်။ သူ့မျက်လုံးများသည် လည်း အသက်မရှိသလို ငြိမ်သက်နေသည်။ ကုလတ်များ ခရီးထွက်ရန် ပြင်ဆင်နေသည့် အခါ လုရှကာသည် တီမိုဖေးကိုတွေ့ရလိုတွေ့ရငြား ဗော်ရှော့၏ အိမ်ဝက စောင့်နေ သည်။ ထိုအချိန်၌ လုရှကာ၌ အရှက်တရားကုန်ခန်းနေပြီဖြစ်သည်။ ညနေစောင်းလျှင်

www.facebook.com/NyisayEbookCreator
www.nyisay.com



လှည်းတန်းကြီးများထွက်လာသည့်အခါ တိမ်မိုဖေးပါလာသည်ကိုမြင်ရသည်။ လုရှကာကိုမြင်၍ တိမိုဖေးသည် လှည်းပေါ်ကဆင်းဟန်ပြင်သည်။ သို့သော် သူ့အဖေကအော်ငေါက်ကာ ဟန့်တားသည်။ ထို့ကြောင့် မျက်နှာသေလေးများဖြင့် တယောက်ကိုတယောက်ကြည့်ကာသာ နေလိုက်ကြရသည်။

ထိုအခါမှစ၍ လုရှကာသည် သူ့လင်ဖြစ်သူကို စိမ်းကားသလိုလိုဖြစ်နေသည်။ ထိုအခါမျိုးတွင် နာဂူနော့က တည်တည်ငြိမ်ငြိမ် ပြောဆိုဆုံးမသည်။ မမောတမ်းပင်ကြာရှည်ကြာမြော စကားပြောသည်။

"ဒီမှာနေချင်သေးသေးဆိုယင်နေအုံး။ ပြီးတော့ မင်းအထုပ်ပြင်ပြီး လိုက်တာပေါ့။ မင်းဟာ ငါ့အရှက်ကိုခွဲတယ်။ ငါသည်းခံခဲ့တယ်။ ခုတော့ နောက်ဆုံးသည်းခံခြင်းဘဲ။ ပင်းဟာ ကုလတ်သားတယောက်နဲ့ ဆက်ဆံနေတယ်။ ဒါကို ငါဘာမှမပြောလိုဘူး။ ဒါပေမယ့် ဟိုနေ့ညနေက လူတန်းစားအသိရှိတဲ့ ဒွိစုပေါင်းလယ်ယာ အသင်းဝင်တွေရှေ့မှာ အော်ကြီးဟစ်ကျယ် ငါ့အရှက်ခွဲတာတော့ သည်းမခံနိုင်ဘူး။ မင်းလိုမိန်းမနဲ့ အတူနေရသမျှတော့ ကမ္ဘာ့တော်လှန်ရေးကြီးကို ငါဆင်နွဲနိုင်မယ်မဟုတ်ဘူး။ မင်းဟာ ငါ့အဖို့ ဝန်ထုပ် ဝန်ပိုးကြီးတခုကြီး ဖြစ်နေပြီ လုရှကာ။ အေး အဲဒီဝန်ထုပ်ကြီးကို ငါဖြုတ်ချဖို့ဝန်မလေးဘူးသိရဲ့လား။မင်း ငါပြောတာကိုနားလည်ရဲ့လား"

"နားလည်ပါတယ်"ဟူ၍သာ လုရှကာက တခွန်းတည်းပြောသည်။

ထိုနေ့ညနေတွင် ဒါဗီးဒေါ့သည် နာဂူနော့နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသည်။

"အဲဒီမိန်းမက ခင်ဗျားမျက်နှာကို အိုးမဲသုတ်မှာဘဲ။ စုပေါင်းလယ်ယာအသင်းမှာ ခင်ဗျားမျက်နှာ ပျက်စရာချည်းဘဲ"

"ခင်ဗျားကလဲ ဒီအကြောင်းဘဲ ပြောစရာရှိသလား"

"အိုး ခင်ဗျားဟာက မလှုပ်တဲ့ သစ်တုံးကြီးကိုဗျ။ အဲဒီတော့ ဒီမိန်းမက တိုက်ချင်တိုင်း တိုက်နေတာပေါ့"

"ကျွန်တော် ဘာပြောရမလဲ ဒါဗီးဒေါ့"နာဂူနော့သည် အခန်းထဲတွင် လမ်းလျှောက်ယင်း လက်ချောင်းများကို တဖြစ်ဖြစ်ချိုးနေသည်။ ထိုနောက် မျက်တောင်များကို တဖြတ်ဖြတ်ခတ်ကာ ပြုံးပြုံးသည်။ "ကျွန်တော်က နည်းနည်းကြမ်းမယ်ဆိုယင် ခင်ဗျားက ကျွန်တော့်ကိုအနားကစ်လို့ ဝေဖန်တယ်။ သေဒ္ဓိရေးသမားလို့ ဝေဖန်တယ်။ ကျွန်တော်ဘယ်လောက် သည်းခံသလဲ ခင်ဗျားအသိဘဲ။ ကျွန်တော့်မှာ တခြားလုပ်စရာတွေ ရှိသေးတယ်ဗျ။ ခင်ဗျား သိုးအမြီးကိုသိတယ် မဟုတ်လား"

"ဘာဆိုင်လဲဗျ"

"ဆိုင်တယ်လေဗျာ။ သိုးမှာအမြီးဟာ ဘာအသုံးကျလဲ။ မြင်းတို့ခွေးတို့မှာဆိုယင် ခြင်တို့ယင်တို့ခြောက်ရတယ်။ ဒါပေမယ့်သိုးမှာတော့ အဆီတွေအစ်နေလို့ အလှုပ်အရှားနည်းတယ်။ သူ့အမြီးနဲ့ ယင်တောင် မခြောက်နိုင်ဘူး"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒါနဲ့ ဘာဆိုင်လဲဗျ" ဒါဝီးဒေါ်သည် ခေါင်းရှုပ်လာကာ စိတ်မရှည်နိုင် ဖြစ်လာသည်။

"ဒါပေမယ့် ကျွန်တော့်သဘောအရဆိုယင် သိုးရဲ့အမြီးဟာ သူတို့ရဲ့အရှက်ကိုဖုံးပေးတဲ့ ပစ္စည်းဘဲလို့မြင်တယ်။ သိုးဟာ အမြီးကိုအလိုရှိမှာမဟုတ်ဘူး။ဒါပေမယ့် အရှက်ကိုကာကွယ်ဖို့တော့ ကောင်းတယ်။ ကျွန်တော့်မှာလဲ ဒီလိုဘဲဗျ။ ဒီမိန်းမဟာ ကျွန်တော့်ကိုကာကွယ်ဖို့ဘဲ။ ကျွန်တော်ဟာ ကမ္ဘာ့တော်လှန်ရေးကြီး အတွက် လုပ်နေတယ်။ ကမ္ဘာ့တော်လှန်ရေးကြီး အောင်မြင်ဖို့ စောင့်နေတယ်။ ဒါပေမယ့် မိန်းမဆိုတာတော့၊ ဟား ဟား။ မရှိမကောင်း ရှိမကောင်းပေါ့ဗျာ။ ဒါ့ကြောင့် ဒီကောင်မကိုပြောထားရတယ်။ နင့်ဖာသာနင် ကမြင်းကြော ထချင် ထချည်။ ငါ့အရှက်ကိုတော့ ကွဲအောင်မလုပ်ခဲ့နဲ့လို့။ ဒါဘဲမဟုတ်လား"

"ခင်ဗျား ဒီဂိစ္စတွေ နားမလည်ဘူး ရဲဘော်ကြီး ဒါဝီးဒေါ်။ ခင်ဗျားဟာ တော်လှန်ရေးအတွက် တကယ်တမ်း စိတ်မရှိဘူး ထင်ပါရဲ့ဗျာ။ ဒီမှာရဲဘော်ကြီး။ ဒီမိန်းမကိစ္စကြောင့် ကျုပ်ကို ဘာလို့ပြောချင် ဆိုချင်ရတာလဲ။ ဒီမိန်းမက ကုလတ်နဲ့ အပေါင်းအသင်းလုပ်နေတာဗျ။ ကျုပ်တို့ရဲ့လူတန်းစားရန်သူ ကုလတ်နဲ့ပေါင်းသင်းနေတာ။ မွေ့ပွေ့မဘဲ။ ကျုပ် ခါးပိုက်မှာ ကြာကြာပိုက်မထားနိုင်ဘူး။ သူ့ကို အိမ်ကနှင်ချလိုက်ရုံဘဲ။ ရိုက်မောင်း ပုတ်မောင်းလဲ မလုပ်ချင်ဘူး။ ကျုပ် လက်သွေးအစွန်းမခံနိုင်သေးဘူး။ ခင်ဗျားဆိုယင် ရိုက်မိချင် ရိုက်မိမှာဘဲ။ ဒီတော့ ကျုပ်တို့မှာ ကွန်မျူနစ် ဖြစ်နေပြီ။ မိန်းမကိုရိုက်နှက်တယ်ဆိုတာက ခေတ်ဟောင်းက အရာရှိတွေရဲ့ အကျင့်ဗျ။ ဒီလိုဆိုယင် သူတို့နဲ့ဘာထူးသေးသလဲ။ ကဲ ဒီတော့ လုရှကာအကြောင်းတော့ မပြောယင်ကောင်းမယ်။ ကျွန်တော့်ကိစ္စ ကျွန်တော့်ဖာသာ ဖြေရှင်းမယ်။ ခင်ဗျားဝင်စရာမလိုဘူး။ပြီးတော့ ကျုပ်တို့ကမ္ဘာ့တော်လှန်ရေးကြီးအောင်ပြီးလို့ရှိတဲ့အခါ နိုင်ငံတွေ အကြားမှာရှိတဲ့ နယ်နိမိတ်ဆိုဘာတွေလဲ ပျက်သွားရော။ ကျုပ်က ဒီမိန်းမကို ကဲ မရွှေချော မင်းသွားလိုရာသွား။ နိုင်ငံခြားသွားနဲ့ရောချင်လဲရော။နှော ချင်လဲ နှောပေတော့လို့ ခွင့်ပြုလိုက်မှာဘဲ။ ဒီအခါကျတော့ မျက်နှာဖြူ ဆိုတာရယ်၊ မျက်နှာမည်းဆိုတာရယ်၊ မျက်နှာဝါဆိုတာရယ် ရှိတော့မှာမဟုတ်ဘူး။ အားလုံး တသွေး တသားတည်း ဖြစ်လာတော့မယ် မဟုတ်လားဗျ။ တခါတခါ ကျွန်တော် အဲဒီလို တွေးမိပါတယ်ဗျာ"

"အင်း ခင်ဗျား စိတ်ကူးအလွန်ယဉ်တဲ့လူဘဲ" ဒါဝီးဒေါ်က ခပ်ပြတ်ပြတ်ပြောချလိုက်သည်။ "ခင်ဗျားကို ကျွန်တော်နားမလည်နိုင်တာတွေ အများကြီးဘဲ။ လူမျိုးကွဲတယ်ဆိုတာက တခြားဗျ။ အေးလေ ခင်ဗျားနဲ့ သဘောမတူတာတွေ အများကြီးဘဲ။ ကဲ ဒါတွေမပြောကြနဲ့။ ဒါပေမယ့် ခင်ဗျားအိမ်မှာတော့ ကျုပ် ဆက်ပြီး မနေတော့ဘူး။ဒါဘဲ"

ထိုနေ့မှစ၍ ဒါဝီးဒေါ်သည် နာဂူနော့အိမ်မှ ပြောင်းရွှေ့လာခဲ့သည်။ နာဂူနော့က သူ့အား အခြားအိမ်ခန်းငှားသည့် အိမ်တခုသို့ လိုက်၍ပို့သည်။ တလမ်းလုံး

www.facebook.com/NyisayEbookCreator
www.nyisay.com



စိုက်ရေး ပျိုးရေးအကြောင်းကိုသာ ပြောကြသည်။ အိမ်ထောင်ရေးအကြောင်းကိစ္စကိုကား နှစ်ယောက်စလုံးရှောင်ကြလေသည်။ ထိုအချိန်မှစ၍ သူတို့နှစ်ယောက်သည် ခပ်တန်းတန်း ဆက်ဆံကြလေသည်။

ယခုလည်း နာဂူနေ့သည် ဒါမီးဒေါ့ကို စကားဟဟ မပြောသေး။ နှုတ်ဆက်ရုံသာ နှုတ်ဆက်သည်။ သို့ရာတွင် လူရှကာ ထွက်သွားသည့်အခါတွင်ကား ရင်းရင်းနှီးနှီး ပြောကြလေသည်။

"ဒီသေနာကောင်တွေက နွားတွေကိုသတ်နေတယ်ဗျ။ ကျုပ်သိသားဘဲ။ စုပေါင်းလယ်ယာ အသင်းကိုပေးမယ့်အစား သူတို့ဖာသာ အမဲပေါ်စားကြတာပေါ့။ ဒီတော့ ကျွန်တော်တခုအကြံပေးချင်တယ် ရဲဘော်ကြီး။ ဒီကိစ္စအတွက် အမြန်ဆုံး အစည်းအဝေးခေါ်ပြီး နွားသတ်သမားတွေကို ပစ်သတ်ဖို့ ဆုံးဖြတ်ရမှာဘဲ"

"ဘာဗျ"

"ဒီကောင်တွေကို ပစ်သတ်ရမယ်လေဗျာ။ ဒီလို ပစ်သတ်ဖို့ အမိန့်ကို ပြည်သူ့တရားရုံးက ထုတ်ပေးနိုင်မလား။ မပေးနိုင်ဘူး။ ဒီတော့ ဘယ်သူ့ဆီက အမိန့်တောင်းနေစရာလိုသေးသလဲ။အဲဒီလိုဆုံးဖြတ်ပြီး တယောက်နှစ်ယောက်လောက်ကို သတ်ပြလိုက်ယင် ကျန်တဲ့လူတွေ ငြိမ်သွားမှာ။ ကျွန်တော်တို့ ဒီကိစ္စမှာ ပြင်းပြင်းထန်ထန် နှိပ်ကွပ်ရလိမ့်မယ်"

ဒါမီးဒေါ့သည် ခေါင်းက ဦးထုပ်ကို ချွတ်ကာ ခန်းလုံးပြည့် လျှောက်နေသည်။ ထို့နောက် သူ့သဘောထားကို ပြောပြလေသည်။ သူ့အသံသည် မကျေနပ်သံပါသည်။ လေးလေးတွဲ့တွဲ့ ပြောနေသည်။

"အဲ အဲ ခင်ဗျားဟာက သိပ်အစွန်းထွက်လွန်းနေပြန်ပြီ။ ခင်ဗျားဟာ သူ့ရဲ့ကောင်းဝါဒဘဲ မာကာ။ နားလည်ရဲ့လား။ နွားသတ်တာနဲ့ လူတယောက်ကို ကျုပ်တို့က ဘယ့်နှယ်ပစ်သတ်နိုင်မလဲဗျ။ဒီလိုဥပဒေမျိုး မရှိဘူး၊မှတ်ထား။ ဗဟိုကော်မတီက ဆုံးဖြတ်ချက်တခု ရှိဘယ်။ အဲဒီဆုံးဖြတ်ချက်အရဆိုယင် သောင်ဒဏ် နှစ်နှစ် ပေးနိုင်တယ်။ သူ့လယ်ယာကို သိမ်းနိုင်တယ်။ အလွန်ဆုံး နယ်နှင်ဒဏ်ပေးနိုင်တယ်။ ခုတော့ ခင်ဗျားဟာက ပစ်သတ်ဖို့ပြောနေတာကိုးဗျ။ ခင်ဗျားဟာ ဘာနဲ့တူသလဲ ဆိုယင်"

"ဘာနဲ့တူသလဲ။ ကျွန်တော်ဘာနဲ့မှ မတူဘူး။ ခင်ဗျားသာ အလွန် စဉ်းစားပြီးတော့ စိမ့်ကိန်းတွေချ။ ကဲ အခု လက်တွေ့မှာ လယ်သမားတွေ ဘာနဲ့ ထွန်မလဲ။ ဘာနဲ့စိုက်မလဲ။ နွားကိုတော့ သတ်လိုက်တယ်။ ပြီးမှ စုပေါင်းလယ်ယာထဲကို ဝင်တယ်။ ဒါ ဘာသဘောလဲ"

နာဂူနေ့သည် ဒါမီးဒေါ့နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ သူသည် ဒါမီးဒေါ့ထက် ခေါင်းတလုံးပို၍ မြင့်သည်။ ထို့နောက် ဒါမီးဒေါ့၏ ပခုံးနှစ်ဖက်ကို ကိုင်ကာ အထင်ကစီး၍ ကြည့်ယင်း ပြောပြန်သည်။ "ဆေးမြွန်။ ခင်ဗျား အတွက် အများကြီး ဝမ်းနည်းပါတယ်။ ခင်ဗျား ဦးနှောက်သိပ်ပြီး မသွက်ဘူးဗျ" ထို့နောက်

www.facebook.com/NyisayEbookCreator
www.nyisay.com



အသံကုန်ဟစ်ပြန်သည်။ "ဒီမှာရဲဘော်ကြီး၊ ကျုပ်တို့အချိန်မှီ စိုက်မပြီးယင် ဒုက္ခတွေ့မှာဘဲ။ နည်းလည်ရဲ့လား။ ဒါကြောင့်နွားသတ်တဲ့ကောင် နှစ်ယောက် သုံးယောက်လောက် သတ်ပြရမယ်ဗျ။ ကုလတ်တွေကို ပစ်သတ်ပြရမယ်ဗျ။ နွားသတ်တာဟာ သူတို့လက်ချက်ဘဲ။ ဒီတော့ သူတို့ကို သတ်ပြဖို့ အထက်က အမိန့်ရအောင် တောင်းရမယ်"

"လူမိုက်။ ခင်ဗျား လူမိုက်ဘဲ"

"လာပြန်ပြီ။ ခင်ဗျား ကျုပ်ကို လူမိုက်လို့ခေါ်ပြန်ပြီ။ ဒီကောင်တွေ ကျုပ်တို့ကိုပါ သတ်သွားမှာဗျ။ အခု အရေးကြီးနေပြီဗျ။ ဒီအချိန်ဟာ အရေးကြီးဆုံးဘဲ။ ပြည်တွင်းစစ်ကာလနဲ့ အတူတူဘဲ။ ရန်သူက ခြံဝရောက်နေပြီ။ ဒါတောင် ခင်ဗျားက ကျုပ်တို့ ကမ္ဘာ့တော်လှန်ရေးကြီးကို သေးသိမ်အောင် လုပ်နေသေးတယ်။ ခင်ဗျားနဲ့ ခင်ဗျားလို လူမျိုးတွေဘဲ ကျုပ်တို့တော်လှန်ရေးကြီးကို သတ်မှာ။ ခင်ဗျားတို့လို လူမျိုးတွေရဲ့ ဦးနှောက်နဲ့ဆိုယင် ဘယ်တော့မှ တော်လှန်ရေးကြီး အောင်မှာမဟုတ်ဘူး။ ခုဆိုယင် ကျုပ်တို့ ပတ်ပတ်လည်မှာ အရင်းရှင်ကြီးတွေက လုပ်သားပြည်သူတွေကို နှိပ်ကွပ်နေတယ်။ တရုတ်ပြည်မှာ ဆိုယင် တရုတ် တမျိုးသားလုံးကို ကျွန်ဇာတ်သွင်းနေတယ်။ ဒါနဲ့တောင် ဒီမှာ ခင်ဗျားလို လူက ရန်သူအားပေးနေသေးတယ်။ ရှက်စရာဗျာ။ ခင်ဗျား ရှက်စရာသိပ်ကောင်းတယ်။ နိုင်ငံခြားမှာ ကျုပ်တို့ လုပ်သားရဲဘော်တွေရဲ့ သွေးဟာ မြေကျနေပြီ။ သတင်းစာတွေ ဖတ်ယင် ဒီသတင်းတွေဘဲ တွေ့ရတယ်။ ဒါ့ကြောင့် ကျုပ်ဖြင့် သတင်းစာကိုတောင် မဖတ်ဘူး။ ကျုပ်တို့ညီအကိုရဲဘော်တွေ နေ့စဉ်နေ့တိုင်း ထောင်သွင်းခံနေရတာ ခင်ဗျား ဘယ်လိုသဘောရသလဲ။ ခင်ဗျား မသနားဘူးလား"

ဒါဗီးဒေါ့သည် ခေါင်းကို ကုတ်နေရာမှ ပြန်၍ ပြောသည်။

"ဘာပြောတယ်ဗျ။ ကျုပ်တော့ ဘယ်သူ့မှ မသနားဘူး။ ကျုပ်ကိုအော်ပြောစရာမလိုဘူး။ ခင်ဗျားသာ ရူးနေတာ။ ပြည်တွင်းစစ်မှာ ဝင်တိုက်တာ လူရှုကာကို ချစ်လို့ မဟုတ်ဘူးဗျ။ ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ။ ပစ်သတ်ဖို့ဆိုတာ ထည့်စဉ်းစားဖို့တောင် မလိုဘူး။ လူလုကြားမှာ ခင်ဗျား အလုပ်လုပ်ပြရမယ်။ ကျုပ်တို့ လမ်းစဉ်ကို ရှင်းပြရမယ်။ ပစ်သတ်တာကလွယ်တယ်ဗျ။ မောင်းတချက်ဆွဲလိုက်ရုံဘဲ။ ခင်ဗျားကတော့ ဒီအတိုင်းချည်းဘဲ။ ဘယ်တော့မှမပြောင်းလဲဘူး။ တခုခုဖြစ်လာယင်အစွန်းရောက်သွားတာချည်းဘဲ။ ခင်ဗျားခုဘာလုပ်နေသလဲ"

"ခင်ဗျားလိုပေါ့ဗျ"

"အင်း ဒါမှန်တယ်။ ကျုပ်တို့အခု တလွဲတွေးနေကြတယ်။ ဖြစ်နေတဲ့ဖြစ်ရပ်အမှန်ကိုမမြင်ဘူး။ ခုအမှန်ကိုရင်ဆိုင်ရမယ်။ ပစ်သတ်ဖို့မဟုတ်ဘူး။ ကျုပ်လဲ ခင်ဗျားလိုဘဲ အစွန်းရောက်ခဲ့ဘူးတာဘဲ။ အလုပ်သာဖိလုပ်။ ခင်ဗျားကတော့ လက်သည်းနီဆိုးထားတဲ့ မိန်းမထက်ဆိုးနေပြီ"

"ကျုပ်လက်သည်းမှာလဲ သွေးအလိမ်းလိမ်းနဲ့ပါဗျာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"လက်အိတ်မစွပ်ဘဲတိုက်တဲ့ လူတိုင်းရဲ့လက်တွေဟာ သွေးစွန်းတာချည်းပါဘဲ ဗျာ"

"ဆေးမြွှန်။ ခင်ဗျားကျုပ်ကို မိန်းမလို့ခေါ်တယ်နော်"

"စကားအဖြစ် ပြောတာပါဗျာ"

"အဲဒီစကားကို ပြန်ပြီးရုပ်သိမ်းပါ"

ဒါမီးဒေါ်သည် သူ့ကိုစကားမပြောဘဲ အတန်ကြာကြည့်နေသည်။ ထိုနောက် ရယ်မောလိုက်လေသည်။

"ကဲပါဗျာ။ ရုပ်သိမ်းပါတယ်။ လာဗျာ အစည်းအဝေးသွားကြမယ်။ ခေါင်း အေးအေးထားမှာပေါ့ဗျ။ နွားသတ်တာနဲ့ ပတ်သက်လို့ တခုခုလုပ်ကြရမယ်ဗျ"

"ကျွန်တော် မနေ့က တချိန်လုံးရွာထဲလျှောက်ပြီး နွားမသတ်အောင် ပြော တယ် ဟောတယ်"

"ဒါအလွန်ကောင်းတဲ့နည်းဘဲ။ ခင်ဗျား နောက်တကြော့ထပ်ပြီးသွားနိုင်ယင် ကောင်းမယ်"

"အဲ ဟုတ်ပြီ။ ဒီမှာပြောစရာရှိလာတယ်။ မနေ့က ကျုပ်စဉ်းစားတယ်။ ကျွန် တော်ကတော့ သူတို့ကို သွေးဆောင်ဖြောင်းဖြပါရဲ့။ တနာရီလုံးလုံး ကမ္ဘာ့တော် လှန်ရေးကြီးနဲ့ ကွန်မျူနစ်ဝါဒ အကြောင်းကိုပြောတယ်။ အာပေါက်လောက်အောင် ပြောတယ်။ ဒါပေမယ့်အလကားဘဲ။ သူတို့ကို 'ကုလတ်တွေစကား နားမထောင်နဲ့။ နွားတွေမသတ်နဲ့ ဒါဘဲ' လို့ ပြောမှဗျ။ သူတို့ကတော့ နွားကိုသတ်တာဘဲဗျ။ ဒါပေ ဒယ့် တကယ့်အဖြစ်က သူတို့ဟာ ကမ္ဘာ့တော်လှန်ရေးကြီးကို နောက်ပြန်ဆုတ်အောင် လုပ်နေတာဗျ။ ဒီလူတွေက ခေါင်းပုတ်ပြောမှရတာဗျ"

"တချို့လဲ ခေါင်းပုတ် ပြောဖို့လိုတာပေါ့ဗျာ။ တချို့ကျတော့လဲ သင်ဖို့ ကြားဖို့လိုသေးသဗျ"

သူတို့သည် ခြံထဲမှထွက်လာခဲ့ကြသည်။ မြင်ဖက်တွင်ကား နှင်းထန်နေသည်။ နှင်းဟောင်းတွင် နှင်းသစ်တို့ ထပ်၍ဖုံးကြသည်။ ထိုနောက် အမိုးများပေါ်မှ အရည် ပျော်ကာ မြေသို့သက်လေသည်။ ကျောက်သင်ပုန်းအသားလို မည်းမှောင်နေသော အကာလ ညအခါတွင် သူတို့ နှစ်ယောက်သည် စာသင်ကျောင်းသို့ လှမ်းခဲ့ကြလေ သည်။

စာသင်ကျောင်းတွင် အစည်းအဝေးကျင်းပရန် လူစုလူဝေးရှိနေသည်။ သို့ရာ တွင် ဂရယ်မျချီရွာ၏ ထက်ဝက်မျှသာ အစည်းအဝေးသို့ တက်ကြသည်။ ရတ်ဇမျော့ နေ့သည် ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်ကို ဖတ်သည်။ ယင်းမှာ 'ကျွဲ နွားသတ်ဖြတ် ခြင်းကို တားဆီးသည့် အရေးကိစ္စ' ပင် ဖြစ်သည်။ ထိုနောက် ဒါမီးဒေါ်က မိန့်ခွန်း ပြောသည်။ အဆုံးတွင် ပြဿနာကို ခပ်ပြတ်ပြတ်ပင် ကိုင်တွယ်လေသည်။

"ရဲဘော်များ ခင်ဗျား။ အခု ကျွန်တော်တို့ဆီမှာ စုပေါင်းလယ်ယာအသင်း ဝင်ဖို့ လျှောက်လွှာပေါင်း နှစ်ဆဲ့ခြောက်ခု ရောက်လာပါတယ်။ နက်ဖြန် အစည်း

www.facebook.com/NyisayEbookCreator
www.nyisay.com



အဝေးမှာ ဒီလျှောက်လွှာတွေကို စဉ်းစားပါမယ်။ အဲဒီအခါမှာ ကုလတ်သွေး ဆောင်ရာ ပါတဲ့သူ၊ ပြီးတော့ အသင်းမဝင်ခင် နွားသတ်ဘဲလူတွေကို ကျွန်တော်တို့ လက်မခံပါဘူး”

“ဒီကိစ္စမျိုးရော ခင်ဗျာ။ အသင်းဝင်ပြီးမှ နွားသဘ်ယင်ကော” လုဗစ်ရှကင် က မေးသည်။

“အဲဒီလူကိုလဲ အသင်းကထုတ်ပစ်ရမှာပေါ့”

အစည်းအဝေးတွင် တီးတိုးသံများဆူညံနေသည်။

“ဒါဖြင့် ခင်ဗျားတို့ဟာက စုပေါင်းလယ်ယာအသင်း ဖျက်လိုက်သလို ရှိမှာပေါ့။ ကျုပ်တို့ရွာမှာ နွားမသတ်တဲ့အိမ် မရှိတော့ဘူး” ဗော်ရှော့က အသွန့်တက်သည်။

နာဂူခနော့သည် လက်သီးလက်မောင်းတန်းကာ ပြန်၍အော်သည်။ “ဟော့ ပါး စပ်ပိတ်ထားစမ်း။ ကုလသ်ကို ဖားနေတဲ့ ကောင်ဘဲ။ စုပေါင်းလယ်ယာကို ခင်ဗျား တို့မပါဘဲ လုပ်ပြနိုင်တယ်ကွ။ ဒါဖြင့် ခင်ဗျားရဲ့ သုံးနှစ်သား နွားပေါက်သတ်လိုက်ပြီ ပေါ့”

“ကျုပ်နွားကျုပ်သတ်တာ ဘာဆိုင်လဲဗျ”

“အေး နက်ဖြန်ကျတော့ ခင်ဗျားတို့ ကျုပ်သောင်းချမယ်။ အဲဒီနောက်တော့ မှ ခင်ဗျားကိစ္စ ခင်ဗျားဖာသာ ကြည့်ရှင်းပေတော့”

“ဥပဒေ တင်းလွန်းတယ်ဗျို့။ သိပ်တင်းတယ်” အသံတသံက စူးရှစွာအော် သည်။

အစည်းအဝေးတွင် လူစုလူဝေးနည်းသည်။ သို့သော်ဆူညံနေသည်။သို့ရာတွင် ရွာသားတို့သည်တော့တော့ ဆိုင်ဆိုင်ထ၍ မပြောရဲကြ။အစည်းအဝေးက ပြန်သွားမှသာ လမ်းတွင်တယောက်တပေါက် ထင်မြင်ချက် ပေးကြလေသည်။

“ငါမှာ သိုးလေးနှစ်ကောင်သတ်မိပြီ”ဟု ဆေးမြွန်ဘူဒင်တော့ကညည်းသည်။

“ငါလဲ ဆိတ်တကောင်သတ်မိတယ်” လုဗစ်ရှကင်က ပြန်၍ ပြောသည်။ “အ စည်းအဝေးမှာ ဘယ်လိုပြောရမယ် မသိပါဘူးကွာ။ အိမ်က မိန်းမပေါ့။ သဘ်ပါ၊ သတ်ပါနဲ့ နားပူနေတာဘဲ။ အိမ်ရောက်ယင် ပြုတ်မှလုတဲ့ ကောင်မတော့ သေဖို့ သာပြင်ပေတော့”

“အေးဟဲ့ မင်းမိန်းမ နဲနဲတော့ ဆုံးမပေးအုံးကွ။ မင်းက စုပေါင်းလယ်ယာ အသင်းဝင် ဖြစ်နေတယ် မဟုတ်လား”

“ဒါပေါ့ဗျာ”လုဗစ်ရှကင်သည် ညည်းညူနေသည်။

“ခင်ဗျားကြီးရော နွားသိုးပျောက်ကြီး သတ်မိတယ် မဟုတ်လား အဖိုးကြီး” ဟု တယောက်က အကင်းအား မေးသည်။

“အေးကွာ သတ်မိတာပေါ့။ ခြေတပေါင်ကျိုးကွာ။ မသတ်လို့ ဘယ်ဖြစ် မလဲ”

“အလကားညာနေတာပါဗျာ။ ခြေတပေါင်ကျိုးမဟုတ်ပါဘူး”

www.facebook.com/NyisayEbookCreator
www.nyisay.com



ရွာပေါ်သို့ လေအေးတချက် မွှေ့ရမ်းလိုက်သည်။ ချောင်းနံဘေးက မိုးမခပင်များသည် အကိုင်းကိုငိုက်ကာ ဆော့ကစားကြလေသည်။နှင်းသည်ပြင်းထန်လာသည်။ ရွာလယ်တွင်ကား ဆူသံညံသံမပျောက်သေး။ ဤသို့ဖြင့် ဆောင်းနှောင်းနှင်းသည် အစွမ်းကုန်ထန်နေလေသည်။

—၁၆—

ဒါဗီးဒေါ့သည် ရတ်ဇမျော့နေ့နှင့်အတူ အစည်းအဝေးက ပြန်လာသည်။ နှင်းကားထန်ဆဲ။ အမှောင်ထုတွင် မီးရောင်မှိန်မှိန်ကို ဟိုတကွက် သည်တကွက် တွေ့ရသည်။ ခွေးဟောင်သံသည် ရွာကိုတခါဘရံ ခြောက်ခြားစေသည်။ ဒါဗီးဒေါ့သည် လူးကစ်ပြောသည့် လယ်တွင်နှင်းချန်သင့်ကြောင်းကို စဉ်းစားလာသည်။ 'ဒီနှစ်တော့ နောက်ကျနေပြီ' ဟု စဉ်းစားမိသည်။

"မြင်းဇောင်းဝင်ရအောင်ဗျို။ အသင်းကမြင်းတွေ ကြုံတုန်းကြုံခိုက်ဝင်ကြည့်ကြတာပေါ့"ဟု ရတ်ဇမျော့နေ့က အကြံပေးသည်။

"ကောင်းသားဘဲ"

သူတို့သည် လမ်းတခုထဲသို့ချိုးဝင်လာကြသည်။ ထိုအခိုက် မီးရောင်တခုကိုတွေ့ရသည်။ လက်ပရှိနေ့၏ ဇောင်းမှ မီးရောင်ဖြစ်သည်။ မြင်းဇောင်းသို့ဝင်လျှင် အပေါက်ဝ၌ ရပ်နေသော ကော့ဆက်ရှစ်ယောက်ကိုတွေ့ရသည်။

"ဒီည ဘယ်သူ တာဝန်ကျသလဲဟေ့" ရတ်ဇမျော့နေ့ကမေးသည်။

ကော့ဆက်တယောက်က စီးကရက်တိုကိုချေယင်း "ကွန်ဒရတ် မိတ်ဒန်နီကော့" ဟု ဖြေသည်။

"လူများလှချည်လား။ ဘာလုပ်နေကြတာလဲ" ဒါဗီးဒေါ့ကမေးသည်။

"ဒီလိုဘဲပေါ့ခင်ဗျာ ရဲဘော်ကြီး ဒါဗီးဒေါ့ရဲ့ ။ဆေးလိပ်သောက်ယင်း စကားစမြည် ပြောကြတာပါဘဲ"ဟု တယောက်ကဖြေသည်။

တယောက်ကမူ "ကောက်ရိုးလာပို့တာပါဗျ" ဟု ဆိုသည်။

အခြားတယောက်ကမူ "ဆေးလိပ်သောက်ယင်း စကားပြောနေကြတာပါ။ နှင်းကုန်အောင် စောင့်နေတာဗျို့"ဟုဆိုသည်။

"မိတ်ဒန်နီကော့"အန်ဒရေး၏ အသံဖြစ်သည်။

"ခင်ဗျာ"မြင်းဇောင်းနောက်က အသံထွက်လာသည်။

မိတ်ဒန်နီကော့သည် ကောက်ရိုးခြောက် တပွေ့ကိုင်ကာ ထွက်လာသည်။ ဇောင်းထဲမှမြင်းလားကြီးက ကောက်ရိုးနံ့ရသဖြင့် ခေါင်းထိုးလာသည်။

ကွန်ဒရတ်သည် ဒါဗီးဒေါ့ထံသို့ ပြေးလာသည်။

"ဒီမှာ အခြေအနေ ဘယ်လိုလဲ ရဲဘော် မိတ်ဒန်နီကော့"

"ပဆိုးလှပါဘူး။ ရဲဘော် ဥက္ကဋ္ဌကြီးခင်ဗျား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရဲဘော် ဥက္ကဋ္ဌကြီးတဲ့။ ခင်ဗျားဟာက ရိုးသံပါလှချေလားဗျ" ဒါဗီးဒေါ့က ပြုံးသည်။

"ကျွန်တော် တာဝန်ကျနေပါတယ် ခင်ဗျာ"

"ဒီမှာလူတွေ များလှချေလား"

"သူတို့သာ မေးကြည့်ပေတော့၊ ဘယ်လိုမှန်းမသိပါဘူးခင်ဗျာ။ ညနေတိုင်း အစာကျွေးချိန်ဆိုမှဖြင့် သူတို့ရောက်လာကြတာဘဲ။ သူတို့မှာ ပိုင်တဲ့ပစ္စည်း မစွန့်ရက်ကြဘူး ခင်ဗျ။ သူတို့အားလုံး ဒီဇောင်းမှာရှိတဲ့ မြင်းတွေရဲ့ ပိုင်ရှင်တွေဘဲ။ သူတို့အားလုံး စိုးရိမ်စိတ်ကလေးနဲ့ လာကြတာဘဲ။ တယောက်ကဖြင့် 'ငါ့မြင်းကို ကျွေးပြီးပြီလားဟေ့'လို့ မေးတယ်။ 'ငါ့မြင်းကြီးနေကောင်းရဲ့လား။ အစာစားရဲ့လား'လို့ မေးတဲ့ သူကမေးတယ်။ ကျွန်တော့် အလုပ်ကိုလာပြီးကူယင်း သူတို့မြင်းကိုအစာပိုကျွေးကြတာဘဲ။ ခက်တယ်ရဲဘော်ကြီး။ မြင်းဇောင်းမှာ လူပိုမရှိရဘူးဆိုတဲ့ စည်းကမ်းချက်မျိုး ထားမှဖြစ်မယ်"

"ကြားရဲ့လားဗျ။ ဒါသာကြည့်ပေတော့" အန်ဒရေးက ဒါဗီးဒေါ့ကို မေးငေါ့ကာ ခေါင်းတရမ်းရမ်း ပြောသည်။

"အကုန်နှင်လွှတ်ကွာ။ ဟုတ်တယ်။ ဒီမှာတာဝန်ကျတဲ့သူနဲ့ သူ့ကိုကူညီတဲ့သူတာ ရှိရမယ်။ ဒါထက် ခင်ဗျား ကောက်ရိုး ဘယ်လောက်ကြွေးသလဲ။ ချိန်သေးသလား"

"ဟင့်အင်း မချိန်ဘူး။ မှန်းပြီး ကျွေးတာပေါ့"

"သူတို့ကိုအိပ်ဖို့ ကောက်ရိုးအသစ် ခင်းပေးသေးသလား"

"အလကားပါဗျာ။ ကျွန်တော်တို့မန်နေဂျာကြီးယာကွတ် ညနေကလာတယ်။ ကျန်တဲ့ ကောက်ရိုးကို အိပ်ဖို့ ခင်းပေးရမယ်တဲ့။ မဟုတ်ပါဘူးဗျာ။ ဒါဘဲသူက ဒီရွာမှာ အဘော်ဆုံး လယ်သမား တဲ့"

"ဘာလို့လဲဗျ"

"မဟုတ်ဘူးဗျ။မြင်းတွေကျွေးတဲ့ကောက်ရိုးက အားလုံးစားကောင်းတာချည်းဘဲ။ အဲဒါတွေကို သူက ခင်းပေးရမတဲ့။ ဖြုန်းတီးရာကျမှာပေါ့ဗျာ။ သူ့ကိုပြန်ပြောတော့ မင်းငါ့ကို ဆရာလုပ်ဖို့ မဟုတ်ဘူးတဲ့"

"ဟုတ်တယ်၊ ခင်ဗျားပြောတာမှန်တယ်။ အေးလေ နက်ဖြန်ကျတော့ သူ့ကို ပြောမယ်"

"နောက်တခုရှိသေးတယ်။ ရေတွင်းနားက စတိုကို ဘာလို့ စကိုင်တာလဲဗျ"

"အဲဒီက ကောက်ရိုးက မကောင်းဘူးလို့ ယာကွတ် ပြောတာဘဲ။ ဒါ့ကြောင့် အယင်ကျွေးမယ်။ ကျန်တဲ့ အကောင်းကို ထွန်ချိန်ရောက်မှ ကျွေးမယ်တဲ့"

"အင်း ဒါတော့ သူမှန်တယ်ဗျို"

ရတ်ဇမျော့နော့သည် ဒါဗီးဒေါ့ကို အိမ်သို့လိုက်၍ ပို့သည်။ သူ တို့သည်စကားတပြောပြောဖြင့် လျှောက်လာကြသည်။ သို့ရာတွင် ဒါဗီးဒေါ့အိမ်သို့ ချိုးသည့် လမ်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ချိုးသို့ ရောက်လျှင် ရတ်ဇမျော့နေ့ သည် တန့်ကနဲရပ်လိုက်သည်။ ထိုနေရာကား လူကာနီဗားကော့ဆိုသူ၏အိမ်ရှေ့ဖြစ်သည်။ဒါဗီးဒေါ့၏ပခုံးကို လက်တို့ကာ "ကြည့်စမ်းဗျို" ဟု တနေရာသို့ လက်ညှိုးညွှန်လိုက်သည်။

ခြံဝတွင် မဲမဲအရိပ်တခုမြင်ရသည်။ ရတ်ဇမျော့နေ့သည် ဝုန်းကနဲပြေးသွားကာ ထိုမဲမဲသဏ္ဌာန်ကို ဘယ်လက်ဖြင့်ချုပ်ကိုင်၍ ညာလက်က သေနတ်ကိုင်ကာ တေ့ထားသည်။

"ခင်ဗျား လူကာမဟုတ်လား"

"ဟုတ်တယ်။ ခင်ဗျားရော အန်ဒရေးမဟုတ်လား"

"ဘာလဲ၊ ခင်ဗျား ညာဘက်လက်က ကိုင်ထားတာ"

"ပေးစမ်း၊ ပေးစမ်း၊ ကျွန်တော့်ကိုပေးစမ်း"

"ဘာဖြစ်တာလဲဗျ။ ရဲဘော်ကြီး ရတ်ဇမျော့နေ့ရဲ့"

"ပေးစမ်းပါလေ။ ခင်ဗျားကို တီးလိုက်ရမလား"

ဒါဗီးဒေါ့သည် အသံရှိရာသို့ စမ်းတဝါဝါး လှမ်းကာ ရောက်လာသည်။

"ဘာတောင်းတာလဲဗျ"

"ပေးစမ်းပါ လူကာရယ်။ ပစ်ထည့်လိုက်ရမသား"

"ရော့လေ။ ယူပေါ့"

"ကြည့်စမ်း။ ဘာကိုင်ထားတယ်ထင်သလဲ။ ညကြီး အချိန်မတော် ဓားတလက်နဲ့ ဘာလုပ်နေတာလဲ။ ဘယ်သူ့စောင့်နေတာလဲ။ ဒါဗီးဒေါ့ကိုတော့ မဟုတ်ပါဘူးနော်။နေစမ်းပါအုံး။ ခင်ဗျား ဓားက ဘာလုပ်ဖို့လဲဗျ။ ကျွန်တော်တို့ကို ခုခံဖို့လား။ လူသတ်သမားဖြစ်ချင်တယ်ပေါ့လေ"

အန်ဒရေးသည် မျက်စိလျင်သူဖြစ်သည်။ သူသည် အမဲလိုက် မုဆိုး၏ မျက်စိရှိသူဖြစ်သည်။ မှောင်မိုက်သည့် ယခုလိုညမျိုးတွင် ခြံဝက ဓားတလက်နှင့်လူကိုမြင်နိုင်ရန် အတော်ကြည့်ရမည်။

"မေးတော့လဲ ပြောရမှာပေါ့ဗျာ။ ကျွန်တော့်ကို အထင်မှားမခံနိုင်ပါဘူး။ အထဲဝင်ခဲ့ပါလားဗျ"

"ဘယ်ကိုလာရမှာလဲ"

"တဲထဲပေါ့"

"ဘာလုပ်မလို့လဲ"

"ကျွန်တော် ဓားတလက်နဲ့ လမ်းမှာစောင့်နေတာ ဘာဖြစ်လို့လဲလို့ သိရအောင်ပေါ့ဗျ"

"လာ၊လာ။ ဝင်ကြည့်ရအောင်" ဒါဗီးဒေါ့ကခေါ်သည်။ "ဘယ်လမ်းလဲဗျ" ဟု ဆိုကာ ရှေ့ဆုံးကဝင်သွားသည်။

"ဒီလမ်းခင်ဗျ။ လိုက်သာလိုက်ခဲ့ပါ"

www.facebook.com/NyisayEbookCreator
www.nyisay.com



တဲထဲတွင် မီးအိမ်တခု လင်းနေသည်။ လူကာ၏ မိန်းမသည် မီးအိမ်နား၌ ထိုင်နေသည်။ သူသည် မျက်နှာဝိုင်းဝိုင်း မျက်ခုံးကောင်းကောင်းဖြစ်၏။ကြည့်ပျော်ရှုပျော်ဖြစ်၏။ တစိမ်းနှစ်ယောက်ကို မြင်လျှင် ရေပုန်းနှစ်ခုနှင့် ဇလုံတလုံးကိုဝှက်ရန်ဟန်ပြင်သည်။ သူ့အနားတွင် ဝဝဖီးဖီးဝက်တကောင် ကောက်ရိုးခြောက်ပေါ်တွင် လဲနေသည်။

"ကြည့်ပါလားဗျ၊ ဘာဖြစ်ထားဆိုတာ။ ဒါကြောင့်သူ့ကို သတ်မလို့။ ဒါပေမယ့်၊ လမ်းက လူသံကြားလို့ ထွက်ကြည့်တာဘဲ။ ခင်ဗျားတို့ကို တွေ့ရတာဘဲ။ ခါးမှာဆီးထားတဲ့ အဝတ်ကြီးကြည့်လေဗျာ။လူသတ်မယ့် ပုဂ္ဂိုလ်က ခါးမှာအဝတ်ကြီး ဆီးထားပါ့မလားဗျ" လူကာသည် ခါးတွင်ပတ်ထားသည့် အဝတ်စကို ဖြေလိုက်သည်။

"ဟေ့ ဘာငေးနေတာလဲ။ ဝက်ကိုပြင်ဖက်ထုတ်သွားကွာ"ဟု သူ့မိန်းမအား လူကာကငေါက်နေသည်။

"ဝက်ကြီးတော့မသတ်ပါနဲ့ဗျာ"ရတ်ဇမျှော့နေ့ဘ တောင်းပန်သည်။"ခုဘဲ အစည်းအဝေးကကွဲ့ ၂ နွားတွေမသတ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်"

"ခုတော့ ဘယ်သတ်တော့မလဲဗျ။ ခင်ဗျားတို့လာနှောင့်ရှက်တာနဲ့ မသတ်ဖြစ်ပါဘူး"

ဒါမီးဒေါ်တို့သည် ထိုတဲမှထွက်လာခဲ့ကြသည်။ရတ်ဇမျှော့နေ့ဘကိုမူတလျှောက်လုံးစ၍လာသည်။

"စုပေါင်းလယ်ယာအသင်းဥက္ကဌရဲ့။အသက်ကိုကယ်လိုက်တာပေါ့လေ။ တန်ပြန် တော်လှန်ရေးသမားတယောက်ကို လက်နက်သိမ်းလိုက်တာပေါ့။ သူရဲကောင်းကြီးဘဲဗျ။ ဟား ဟား ဟား"

"ခင်ဗျားဘာပြောပြော။ကျွန်တော်ကယ်လိုက်လို့ဝက်တကောင်ရဲ့အသက်တော့ ချမ်းသာရာရသွားတယ်မဟုတ်လားဗျ" ရတ်ဇမျှော့နေ့ဘက ပြန်၍ချေပလိုက်လေသည်။

## —၁၇—

နောက်တနေ့တွင် ဂရယ်မျချိပါတီ အုပ်စု **အစည်းအဝေး၌** ရွာရှိအသင်းဝင်များ၏ ကျွဲနွားအားလုံး၊ ထိုပြင် ကြက်ဘဲ အားလုံးကိုပါ စုပေါင်းလယ်ယာ အသင်းကသိမ်းရန် ဆုံးဖြတ်လိုက်သည်။

ဒါမီးဒေါ်သည် ပထမတွင် ကြက်ဘဲသိမ်းရန် အဆိုကို ကန့်ကွက်သေးသည်။ သို့သော် နာဂူနေ့ဘက အပြင်းအထန် ချေပသည်။ ယခုနှစ် မိုးဦးကျ မတိုင်မီ ဤကိစ္စကို အရေးမယူလျှင် စိုက်ပျိုးရေး ထိခိုက်လိမ့်မည်။ အကြောင်းမှာ မိုးမကျမီ ရွာ၌ ကျွဲနွားအားလုံးအမဲဖြစ်ကုန်မည် ဟူသော အကြောင်းကြောင့်တည်း။ သူ့အဆိုကို ရတ်ဇမျှော့နေ့ဘက ထောက်ခံသည်။ ဒါမီးဒေါ်သည် အတန်ငယ်စဉ်းစားကာ သဘောတူလိုက်ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနောက် ပါတီအုပ်စုဝင်များသည် တအိမ်ဝင် တအိမ်ထွက် ပြုလုပ်ကာ ကျွဲနွား မသတ်ရေး တရားဟောရမည်။ ဝါဒဖြန့်ရမည်။ ဆွေးနွေးရမည် ဟူ၍လည်း ဆုံးဖြတ်ကြသည်။ကျွဲ နွားသတ်သူကိုဥပဒေအရ အရေးယူရန်ကိုကား ဝါဒဖြန့် တရားဟောစခန်း မပြီးမီ စောင့်ကြည့်ရန် သဘောတူကြသည်။

"ကဲ ခုလိုဆိုယင် အားလုံး အသက်ရှင် ကောင်းပါရဲ့။ ဒီလိုသာ မလုပ်ယင်တော့ မိုးမကျမီ ကျွန်တော်တို့ရွာမှာ နွားအော်သံလဲ ကြားရမယ် မဟုတ်တော့ဘူး။ ကြက်တွန်သံလဲ ကြားရမယ် မဟုတ်တော့ဘူး" နဂါနေသည် ဆုံးဖြတ်ချက်များကို ဖိုင်တွဲယင်း ကျေနပ် နှစ်သိမ့်နေသည်။

စုပေါင်းလယ်ယာအသင်းအစည်းအဝေးက ကျွဲနွားအားလုံး အသင်းပိုင်သိမ်းရန် သဘောတူသည်။ သို့ရာတွင် ကြက်ဘဲတို့ကိုသိမ်းရန်ကိုမူ အပြင်းအထန် ကန့်ကွက်ကြသည်။ မိန်းမများကား ကန့်ကွက်သူတို့အနက် အသံအကျယ်ဆုံးဖြစ်သည်။ နောက်ဆုံးတွင် သူတို့လည်း လက်လျှော့လိုက်ရသည်။ ယင်းမှာလည်း နဂါနေ၏ စွမ်းဆောင်ချက်တခုပင်ဖြစ်သည်။ နဂါနေသည် သူ့ရင်ဘတ်က ဖဲပြားကြိုးကြီးကို စမ်းကာစမ်းကာဖြင့် စိတ်ပါလက်ပါ ဟောပြောသွေးဆောင်လေသည်။

"အမျိုးသမီးများခင်ဗျား။ ကြက်တွေဘဲတွေကို တယ်ပြီးသံယောဇဉ်ကြီးမနေကြပါနဲ့လို့ ကျွန်တော်တောင်းပန်ချင်ပါတယ်။ ခင်ဗျားတို့ ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်တာလိုဖြစ်နေတယ်။ မြင်းကုန်းနီးပေါ်ကမှ မစီးတတ်သေးဘဲမြင်းမြီးပေါ်တက်စီးချင်လို့ ဘယ်ဖြစ်မလဲဗျ။ ခင်ဗျားတို့ကြက်တွေကို စုပေါင်းလယ်ယာက ကောင်းကောင်းကြည့်ရှုမယ်။ မိုးကျတော့ ဖောက်စက်တခု မှာပြီး ခင်ဗျားတို့ ကြက်မျိုးတွေထက် ဆယ်ဆသာတဲ့ ကြက်မျိုးတွေ ဖောက်ပေးမယ်ဗျာ။ အခု ဖောက်စက်ဆိုတာပေါ်နေပြီဗျ။ ဒီတော့ ကျွန်တော်တို့အစီအစဉ်ကို မကန့်ကွက်ချင်ပါနဲ့။ ဒီကြက်တွေဟာ ခင်ဗျားတို့ကြက်တွေပါဘဲ။ ဒါပေမယ့် စုပေါင်းလယ်ယာက သိမ်းထားမယ်ပေါ့ဗျာ။ ခုလဲ မဥကြတော့ပါဘူး။ မိုးကျလာယင် ခင်ဗျားတို့ကိုဒုက္ခပေးမယ့်ဟာတွေဘဲ။ ဟင်းသီးဟင်းရွက်ခင်း ဝင်ဆိတ်မယ်။ မျိုးတွေဝင်စားမယ်။ ကြက်ဥတွေက ဇောင်းထဲဝင်ဥလို့ ပျောက်ကုန်မယ်။ ဒုက္ခပေးမှာတွေ အနန္တဘဲ။ နေ့တိုင်းသူတို့ကို ကြည့်ရတာ တဒုက္ခ။ ဘယ်ကြက်ကဥခဲ့လား။ ဘယ်ကြက် နာနေသလဲပေါ့ဗျာ။ ကျွန်တော်တို့ စုပေါင်းလယ်ယာမှာတော့ သူတို့ကောင်းကောင်းနေကြရမယ်။ ကျွန်တော်တို့က မုဆိုးဖိုကြီးဖြစ်တဲ့ အကင်းကို ကြည့်ဖို့ ရှုဖို့တာဝန်ပေးထားမယ်။ ဒါဟာ အဖိုးကြီးအလုပ်ဗျ။ ကဲ ဘယ့်နှယ်လဲ။ သဘောတူကြရဲ့လား"

အမျိုးသမီးများက ရယ်ကာမောကာ သဘောတူကြရသည်။

အစည်းအဝေးပြီးလျှင်ပြီးချင်း နဂါနေနှင့် ဒါဗီးဒေါ့တို့သည် ရွာကိုလှည့်၍ ကြည့်ကြသည်။ ပထမလမ်းဝင်လျှင်ပင် အိမ်တိုင်း နွားသတ်ကြောင်း သိလာရသည်။ ညစာစားချိန်တွင်မူ သူ့တို့သည် အဖိုးအို ရှယ်ရှူကာ၏ အိမ်သို့ ရောက်သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အဖိုးကြီးက တက်ကြွတဲ့ ပါတီအုပ်စုကဗျ။ သူကပြောတာဘဲ။ ကျွဲနွားတွေ သတ်လို့မဖြစ်ဘူးတဲ့။ သူကတော့ သတ်မှာမဟုတ်ပါဘူး" နာဂူနေ့က အိမ်ဝင်ဝတွင် ပြောသည်။

တက်ကြွသော ပါတီအုပ်စုဝင်ကြီးသည် ခုတင်ပေါ်တွင် ဒူးနှစ်ချောင်း မိုးသို့ ထောင်လျက် အိပ်နေသည်။ သူ့မျက်လုံးအစုံသည် ပြူးထွက်နေသည်။ သူ့မိန်းမကြီးသည် အနားတွင် ငိုလောင်ခတ်နေသည်။ ညွှံသည် ဝင်လာသည်ကို မသိ။ မကြည့်အား။ သူ့ဗိုက်ပေါ်တွင် မြေအိုးတလုံးရှိသည်။ဗိုက်ကြီးကို ဟင်းလင်းလှန်ထားသည်။ အဝတ်မကပ်။ သူ၏လက်နှစ်ချောင်းသည် အလေးအောင်ကဲ့သို့ ရင်ဘတ်ပေါ်တွင် ရောက်နေသည်။ အိပ်ရာဘေးတွင် ရေနွေးအိုးကြီးတခုတည်ထားသည်။ သူတို့အနီးတွင် နာမည်ကျော် ရွာသုံး လက်သည်ကြီး မာမီရှုကာ ရောက်နေသည်။ အဖွားကြီးသည် သားဖျက်ချရာတွင် နာမည်ကျော်သည်။

ဒါမီးဒေါ့က အနားရပ်၍ကြည့်သည်။

"ဘယ့်နှယ် အဖိုး။ ဘာဖြစ်တာလဲဗျ"

"ကျုပ် ဗိုက် ဗိုက် နာလို့ဗျ။ ကျွတ်၊ ကျွတ်၊ ကျွတ်" ဟုသံသာကြားရသည်။ ထိုနောက် အဖိုးကြီးသည် ဗိုက်ပေါ်က အိုးကို ပုတ်ချလိုက်သည်။ "ခင်ဗျား အိုးကြီး မဟုတ်ပါဘူး။ငါ့ဗိုက်ပေါက်ထွက်လိမ့်မယ်။ အမယ်လေး လုပ်ကြပါအုံး။ နာလှချည်ရဲ့ဗျာ။ ကယ်ကြပါအုံး"

"ခဏလေး သည်းခံမှပေါ့။ ဒါမှပျောက်မှာပေါ့" လက်သည်ကြီးက ပြောသည်။ သို့ရာတွင် အဖိုးကြီးသည် စူးစူးရှရှအော်ကာ အိုးကို ပုတ်ချလိုက်သည်။

"ကျုပ်အိုးကွဲပါပြီတော်"

"သွားစမ်း အမယ်ကြီး။ ကျုပ်သေလိမ့်မယ်။ အိုးနဲ့ခင်ဗျားကို ရိုက်ခွဲဖို့ကောင်းတယ်။ ခင်ဗျားကို သတ်မိလိမ့်မယ်။ ကျုပ်ဒေါသထွက်မိယင် မရဘူးနော်"

"ဘယ်လိုဖြစ်တာလဲဗျ" နာဂူနေ့က မေးစမ်းသည်။

"အမယ်လေး ကံကြီးလို့ပါ လူလေးပဲ့ရှယ်။ သေများသေမလား မသိဘာ။ နှစ်ရက်ရှိပြီကွ။ အိမ်ထဲက မထွက်နိုင်ဘူး။ ဝမ်းသွားတာ ဒလဟောဘဲ။မရပ်တော့ဘူး"

"အမဲသားတွေ နင်းကန်စားတယ်နဲ့တူတယ်"

"အမဲသား ဟုတ်လား"

"ခင်ဗျား နွားပေါက်လေး သတ်လိုက်ပြီထင်တယ်။ ဟုတ်လား"

"မရှိပါဘူးကွယ်။ သတ်ပြီးပါပြီ။ ကောင်းကျိုးကိုမပေးပါဘူး"

နာဂူနေ့သည် အဖိုးကြီးကို ကြိမ်းလေသည်။

"ခင်ဗျားကြီး အတော်ဆိုးတယ်။ ခင်ဗျားဗိုက်ပေါ် ရေနွေးအိုးကြီးကြီးတင်ထားဖို့ကောင်းတယ်။ မဖြစ်ဘူး။ ခင်ဗျားကို စုပေါင်းလယ်ယာက ထုတ်ပစ်မှ။ဒါမှ ခင်ဗျား နောင်ကြဉ်မယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ငါ့ကို အိမ်ကမိန်းမကြီးက မြှောက်ပေးလို့ လုပ်မိတာပါကွယ်။ ရဲဘော်ကြီး ဒါမီးဒေါ့ရယ်၊ ကျုပ်ကို သနားပါ။ ကျုပ်ဟာ ခင်ဗျားတို့ မိတ်ဆွေပါ။ စုပေါင်းလယ်ယာကတော့ ထုတ်မပြစ်လိုက်ပါနဲ့"

"ဒီအဖိုးကြီးမျိုး ဘာအသုံးကျမှာလဲဗျ" နာဂူနေ့ာက အော်သည်။ "လာဗျို့ ဒါမီးဒေါ်၊ သွားကြမယ်။ အဖိုးကြီး ခင်ဗျား သေနတ်ပြောင်းတိုက်တဲ့ ဆီနဲ့ ဆားနဲ့ သောက်လိုက်၊ ကြားလား။ ပျောက်သွားလိမ့်မယ်"

"မကြည့်စားပါနဲ့ မာကာရယ်"

"တကယ်ပြောတာပါဗျာ။ ကျုပ်တို့အယင် စစ်ထဲတုန်းက၊ အဲဒီဆေးသောက်ကြတာဘဲ"

"အမယ်လေး၊ ငါဟာ သံချောင်း သံခဲမဟုတ်ပါဘူးကွယ်။ သေနတ်ပြောင်းတိုက်တဲ့ဆီသောက်လို့ ဘယ်ဖြစ်ပါ့မလဲကွယ့်။ အသေခံတန် ခံရမှာဘဲ"

နောက်တနေ့နံနက်တွင် အသေခံမည်ဆိုသည့်အဖိုးကြီးသည် ရွာထဲတွင်လျှောက်လည်နေလေသည်။ တွေ့သမျှ လူအပေါင်းကိုလည်း သူထံသို့ နာဂူနေ့ာနှင့် ဒါမီးဒေါ့တို့ လာကြောင်း၊ လယ်ယာကိစ္စမေးမြန်းကြောင်း၊ သူ့အကြံဉာဏ်ယူရကြောင်း ဖောင်လောက်အောင် ပြောသည်။ "ငါက နည်းနည်းနေမကောင်းဘူးကွ။ ဒါ့ကြောင့် သူတို့လာမေးကြတာ။ ငါမရှိယင် မဖြစ်ဘူး။ ငါ့ကိုတော့ အမျိုးမျိုးမေးသွားတယ်။ 'နေကောင်းအောင်လုပ်ပါ အဖိုးကြီးတဲ့။ ခင်ဗျားမရှိယင် မဖြစ်ဘူးတဲ့။ ကျုပ်တို့ဒုက္ခရောက်မှာဘဲတဲ့' အေးလက္ခာ ငါမရှိယင် အမှန်ပေါ့၊ သူတို့လုလုကြီး ဒုက္ခတွေ့မှာဘဲ။ ခုတောင် တခုခုမှားသွားယင် ပါတီရုံးက ငါ့ကို အခေါ်လွှတ်တာဘဲ။ ငါက အကြံဉာဏ်ပေးလိုက်တော့မှ ဟန်သွားတယ်။ တကယ်ပါကွာ၊ ဒို့က စကားများများ မပြောတတ်ဘူးဟေ့။ အလုပ်ဆိုယင်သာ။ ပြီးတော့ ငါပြောတဲ့အတိုင်း လွဲတယ်မရှိဘူးကွာ" ထိုနောက် အဖိုးကြီးသည် သူ့စကားကို ကြားရသူအပေါင်း ယုံ၍မယုံ၍ကိုကား မျက်လုံးကြီးများ လှန်ကာ အကဲခတ် နေတတ်လေသည်။

—၁၈—

ဂရယ်မျချိတွင် စောစောက လှုပ်လှုပ် ရွရွ ဖြစ်ခဲ့သည်တို့ ငြိမ်သက်သွားလေပြီ။ ကျွဲနွား သတ်ဖြတ် ခြင်းများလည်း ရပ်ဆိုင်းခဲ့ပြီ။ နှစ်ရက်အဘွင်း ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲငန်း အားလုံး စုပေါင်းလယ်ယာ အသင်းသို့ ရောက်လာကြကုန်သည်။ ထိုအခါတွင်မူ တရွာလုံး ကြက်သံ၊ ဘဲသံ၊ နွားအော်သံတို့ဖြင့် ဆူညံနေလေသည်။

စုပေါင်းလယ်ယာ အသင်းတွင် အသင်းဝင် အိမ်ထောင်ပေါင်း တရာ့ခြောက်ဆယ်ရှိသည်။ ယာကွက်ကို ယခုအခါ တာဝန်သစ် ပေးထားသည်။ သူသည် ဆင်းရဲသော လယ်သမားများအား ပစ္စည်းဝေငှသည့် အဖွဲ့တွင် အုပ်ချုပ်ရေးမှူးအဖြစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



တာဝန်ယူရသည်။ ထိုအဖွဲ့သည်ကုလတ်များထံမှ သိမ်းလာသည့် ပစ္စည်းများကို ဆင်းရဲသူတို့အားဝေသည်။ ဦးစွာပထမ ဆင်းရဲသူ လယ်သမား စာရင်းကို ကောက်ယူသည်။ စာရင်းအရ ဆိုလျှင် ပစ္စည်းကနည်း၍ လိုချင်သူက များနေသည်။

ယာကွတ်လူးကစ်သည် တစ်ကောဇ၏ အိမ်တွင် ဌာနချုပ် ပြုလုပ်ကာ ပစ္စည်းဝေသည်။ ထိုနေ့က အဆူညံ ဆုံးဖြစ်သည်။ မြေပိုင်ရှင်ကြီးများ သုံးစွဲသည့် ပစ္စည်းများကို ယခုအခါ ဆင်းရဲသားတို့ သုံးကြရမည် မဟုတ်လား။ တနေရာတွင် ဖိနပ်ကို အတင်းဖိနှိပ်၍ စွပ်နေသည်။ တနေရာတွင်ကား ကိုယ်တွင်ဝတ်သည့် အဝတ်ကို ချက်ချင်း ချွတ်ကာ ကိုယ့်အတွက်ရသည့် ကုတ်အင်္ကျီကို စွပ်နေသည်လည်း ရှိသည်။ သူတို့၏ မျက်နှာများသည် ဝင်းလက်နေကြသည်။ အချို့လည်း မဝတ်ဘူးတာ ဝတ်ရ၊ မစီးဘူးတာစီးရ ဖြစ်သဖြင့် တကိုယ်လုံး နတ်ဝင်သည်ကဲ့သို့ တုန်တုန်ရီရီ ဖြစ်နေသည်။ အချို့ကား ကိုယ်နှင့် မတန်သည့် အင်္ကျီကြီးကို ရသဖြင့် ဖားလျားကြီး ဖြစ်နေသည်။ လုဗစ်ရှကင်အဖို့လည်း ဝေပုံကျ အင်္ကျီတထည်၊ ဘောင်းဘီတထည်၊ ဖိနပ်တရံပေးရန် ဒါဗီးဒေါ့ကို ညွှန်ကြားလိုက်သည်။ ယာကွတ်သည် သေတ္တာကြီးကို လုဗစ်ရှကင် ခြေရင်း၌ ချလိုက်၍ မျက်နှာ ဆူအောင့်အောင့်ဖြင့် "ကြိုက်တာ ရွေးပေတော့ဟေ့" ဟု ဆိုလေသည်။

လုဗစ်ရှကင်သည် စိတ်တိုင်းကျ ရွေးသည်။ သူ့လက်မှာလည်း တုန်နေသည်။ သူ့နှုတ်ခမ်း မွေးကြီးသည်လည်း လှုပ်ရှလှုပ်ရှ ဖြစ်နေသည်။ ပထမဦးဆုံး အင်္ကျီကို ပါး စပ်ဖြင့် ကိုက်ကြည့်သည်။ ထိုနောက် ပိုးပေါက်ပါလေသလားဟု နေရောင်တွင် ထောင်၍ကြည့်သည်။ ထိုမှတခါ လက်နှစ်ဖက် ပွတ်ကာ ချေကြည့်ပြန်သည်။

"ဒါဘဲ ယူလိုက်ပါကွာ။ မင်းမဝတ်တော့လဲ မင်းကလေးတွေ ဝတ်နိုင်တာပေါ့"

"ခင်ဗျား ယူပါလား"

"ဟေ့ ဘာလဲကွ။ နောက်တခု ကြည့်အုံးမလို့လား"

လုဗစ်ရှကင်သည် နောက်ထပ် တဘည်ရွေးပြီးနောက် စိတ်ကြိုက်မတွေ့နိုင်ဘဲဖြစ်နေသည်။ ထိုအင်္ကျီကိုလည်း သဘောမကျလှချေ။ ပြပွဲရုံ အရုပ်ဆိုင်ရှေ့ ရောက်နေသောကလေးကဲ့သို့ သူမျက်လုံးအစုံသည်လည်း ကလယ်ကလယ်ဖြစ်လာသည်။ နေ့လယ်ရောက်ပြီတိုင်အောင် အင်္ကျီရွေးမရနိုင်ဘဲဖြစ်နေသည်။ ထို့ကြောင့် ဘောင်းဘီနှင့် ဖိနပ်ကိုသာယူလိုက်ပြီးလျှင် "နက်ဖြန်မှလာပြီး ရွေးလှည့်အုံးမယ်ဗျို့"ဟု ယာကွတ်ကိုပြောလိုက်သည်။

လုဗစ်ရှကင်သည် ဖိနပ်ကြီးကိုစီး၊ ဘောင်းဘီကြီးကိုဝတ်ကာ လမ်းမသို့ထွက်လာခဲ့ရသည်။ သူ့ကိုကြည့်ရသည်မှာ ဆယ်နှစ်ခန့် ငယ်လာသည်ဟုထင်ရသည်။ သူသည် ရွာလယ်လမ်းမကြီးအတိုင်း လျှောက်လာရန် အကြောင်းမရှိ။ သူ့အိမ်နှင့်တလမ်းစီဖြစ်သည်။ သို့သော် တမင်သက်သက် ဘောင်းဘီရှည်ကြီးကိုပြရန် လျှောက်လာခဲ့ခြင်းဖြစ်သည်။ လမ်းတွင်လူတွေ့လျှင် ရယ်ရွှင်စကားပြောသည်။ ဆေးလိပ်သောက်သည်။ သို့ဖြင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



အိမ်သို့ရောက်ရန် သုံးနာရီနီးပါးကြာလေသည်။ ညနေတွင်မူ "လုဗစ်ရှကင်ဘောင်းဘီရှည်ကြီးနဲ့ဟော့"ဟူသော သတင်းသည် ဂရယ်မျချီတရွာလုံးပြန့်သွားသည်။ "စစ်ဘပ်ထဲထည့်မလို့နဲ့တူသဟော့။ပြင်ဆင်ပေးလိုက်တာ အခန့်စားဘဲ"ဟူ၍ရင်း၊ "တနေ့လုံးအဲဝတ်ရွေးမှုပြီးအိမ်ပြန်လာသတဲ့"ဟူ၍ရင်း တီးတိုးပြောကြသည်။သူ့ကြည့်ရသည်မှာ လေထဲတွင် ဝဲကာပျံလာသည် လေယာဉ်ပျံကြီးနှင့် တူသည်ဟုဆိုကြသည်။

ဒယ္မမ်ကာ၏မိန်းမသည် သေတ္တာကြီးနားက မခွာတော့ဘဲထိုင်နေသည်။ သူ့ခါးတွင် သိုးမွေးအင်္ကျီတထည်ဝတ်ထားသည်။ အယင်က တစ်ကော့ မိန်းမဝတ်သည့်အင်္ကျီဖြစ်သည်။ ခြေထောက်တွင်လည်း ကွင်းထိုးဖိနပ်တရံစီးထားသည်။ကိုယ်တွင်ကားရှာစောင်တထည်ရုံထားသည်။ ထိုအခါတွင်မှ လူမှာအဝတ် ထောင်းမှာအကွပ်ဆိုသည့်စကားကို လူတို့နားလည်လာကြသည်။ အကြောင်းမှာ ဒယ္မမ်ကာ၏ မိန်းမသည် ဆင်ပြင်လိုက်သည့်အခါ အလှပေါ်လာသောကြောင့်တည်း။ သူ့အဖို့ တသက်လုံး ဤအဝတ်မျိုးကို မဝတ်ဘူးခဲ့။ အိပ်မက်ပင်မက်ဘူးခဲ့။ သို့ဖြစ်ရာ သူသည် စုပေါင်းလယ်ယာအသင်း ဝင်ကြီးကို ငေးမောကာ အဖော်တသြကြည့်နေမိသည်။ ယာကွတ်က သေတ္တာထဲမှ မိန်းမဝတ်များကိုဆွဲထုတ်လိုက်သည့်အခါ ငေးမောကြည့်နေသည်။ သူသည်တနှစ်တသားမွေးသူဖြစ်သည်။ သူ့ကလေးငယ်များမှာ ဝတ်စရာမရှိ၍ သိုးရေကိုသာခြုံထားရသည်။ နွေအခါတွင် အင်္ကျီအစုတ်အပြဲကို ဖာထေးဝတ်ရသည်။ ထိုအင်္ကျီရေလျှော်ပြီဆိုလျှင် ဝတ်စရာမရှိသဖြင့် သူ့ကလေးများနှင့်အတူ ဗလာကိုယ်တီး မီးဖိုဘေး ထိုင်နေရသည်။

"ဒီမှာရှင် ခဏလောက်။ တခုပြောပါရစေ။ ကျွန်မ ဒီအင်္ကျီ မသူတော့ဘဲ ကလေးတွေအတွက် အင်္ကျီနဲ့လဲယူယင် မရဘူးလား" မဝံ့တဝံ့ မေးသည်။ သူ့လက်သည် အဝတ်သေတ္တာနှုတ်ခမ်းကို ကိုင်ထားသည်။

ထိုအချိန်တွင် ရဲဘော်ကြီး ဒါဗီးဒေါ့ရှိနေသည်။ ထိုကြောင့် ဤသူငယ်မ အဖြစ်ကို မြင်ရကြားရသည့်အခါ ရင်ထဲကမချိတရိဖြစ်လာပြီးလျှင် လူအုပ်ကိုဖယ်ရှား၍ ရှေ့သို့တက်လာခဲ့သည်။ "မင်းမှာ ကလေး ဘယ်နှစ်ယောက်ရှိသလဲ သူငယ်မ"

"ခုနစ်ယောက်ရှင့်" လေသံဖြင့်ဖြေသည်။ မျက်လွှာကိုကားချထားသည်။

"ဒီမှာ ကလေးအင်္ကျီတွေမပါဘူးလား" ဒါဗီးဒေါ့က ယာကွတ်ကိုမေးသည်။

"နည်းနည်း ရှိပါတယ်"

"ဒါဖြင့် ဟောဒီက သူငယ်မကို သူ့ကလေးတွေအတွက် လိုသလောက်ပေးလိုက်ပါ"

"မများဘူးလား ခင်ဗျာ"

"ဘာပြောတယ်ဗျ"ဒါဗီးဒေါ့သည် ဒေါသဖြစ်ကာ အံသွားကို ကြိတ်လိုက်လျှင် ယာကွတ်သည် ကုန်း၍ သေတ္တာကိုမွှေနှောက်လေသည်။

ဒယ္မမ်ကာမှာ စကားကြောရှည်သူဖြစ်သည်။ နှုတ်သွက်သူဖြစ်သည်။ ယခုမူ သူ့မိန်းမနောက်တွင်ရပ်လျက် စကားမပြောနိုင်ဘဲ ငေးမောနေမိသည်။ အသက်ပင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကောင်းကောင်းမရှုနိုင်ဖြစ်နေသည်။ သူ့နှုတ်ခမ်းများ ခြောက်သွားသဖြင့် မကြာခဏ တံတွေးဆွတ်ရလေသည်။ ဒါဗီးဒေါ့အသံ ကြားလိုက်သည့်အခါ ဒယ့်မ်ကာ၏မျက်လုံးအစုံသည် အရည်လဲ့လာလေသည်။ ထိုနောက်တံခါးဝသို့ပြေးသွားကာ ဝင်လာသမျှလူများကို ရှေ့သို့သာတွန်းပို့လေသည်။ ပြီးလျှင်ခြံဝသို့ထွက်လာခဲ့သည်။ သူသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များလည်လာသည်။ သို့သော် ပြုံးသိပ်သည်။ မရ။ ဇွတ်ထွက်လာသည့်မျက်ရည်တို့ကို လက်ဖြင့်အသာအယာ ပွတ်သပ်လိုက်ရသည်။

ညနေခင်းတွင် အဖိုးကြီး ရှယ်ရှုကာသည်လည်း ထိုသတင်းစကားကို ကြားရသည်။ ထို့ကြောင့် အုပ်ချုပ်ရေးရုံးသို့အပြေးရောက်လာလေသည်။

"နေကောင်းရဲ့လား ရဲဘော်ကြီး ဒါဗီးဒေါ့"

"အော် ဟုတ်ကဲ့"

"ကျွန်တော့်အတွက် ထောက်ခံစာတစောင် ရေးပေးပါလား"

"ဘာထောက်ခံစာလဲဗျ"

"အဝတ်ရဖို့ထောက်ခံစာပါ"

"အို ခင်ဗျားကို ဘယ်ပေးနိုင်ပါ့မလဲဗျ" ဒါဗီးဒေါ့စားပွဲတွင် ထိုင်နေသော နာဂူနော့က ဆီး၍ ဟောက်လိုက်သည်။ "ခင်ဗျား နွားသတ်တဲ့လူဘဲ"

"အဲယင်တုန်းက အမှားတွေ သတိရတဲ့လူတွေ ဘယ်လိုခံစားရသလဲ မသိကာ။ ခင်ဗျားအသိပါဘဲ။ ဘာလို့ ဒါမျိုး ပြောရတာလဲခင်ဗျာ။ တစ်ကောပစ္စည်းကို သိမ်းကြတုန်းက ဘယ်သူခံခဲ့ရသလဲ။ ရဲဘော်ဒါဗီးဒေါ့နဲ့ ကျွန်တော်ဘဲ မဟုတ်လား။ သူကတော့ ခေါင်းတချက် အရိုက်ခံရရုံပါဘဲ။ ကုပ်မှာသာ ခွေးလိုက်လို့ အင်္ကျီစုတ်သွားခဲ့ရတယ်။ ကျွန်တော်ဆိုဗီယက်အာဏာရဖို့အတွက် အနစ်နာခံခဲ့ပါတယ်ခင်ဗျာ။ ခု ကျွန်တော့်မှာ ဘာတခုမှ မရပါဘူး။အဲဒီအင်္ကျီက ကျွန်တော့်မိန်းမ အင်္ကျီပါခင်ဗျာ"

"ခင်ဗျားကြီး အဲဒီတုန်းက တွက်ပြေးတာကိုးဗျ။ ထွက်မပြေးယင် ဘယ်ခွေးကိုက်ပါ့မလဲ။ ခွေးမလိုက်ယင် အင်္ကျီမစုတ်ဘူးပေါ့"

"ထွက်မပြေးရဘူး။ အမယ်လေး ပြောရက်ဘယ် မသိကာရယ်။ တစ်ကောမိန်းမကြီး ထွက်ပြေးလာတာခင်ဗျ။ ခွေးနဲ့ရှူးတိုက်တာ။ဟဲ့ ဒီကောင်ကြီးကိုက်ဟဲ့လို့ ရှူးတိုက်ပေးတာခင်ဗျ။ ရဲဘော်ကြီးဒါဗီးဒေါ့ အမြင်ပါဘဲ"

"ခင်ဗျား အသက်ကြီးပေမယ့် လိမ်တယ်"

"ကြည့်ပြောပါအုံး ရဲဘော်ကြီး ဒါဗီးဒေါ့ခင်ဗျား"

"ကျွန်တော်လဲ မမှတ်မိဘူးဗျ"

"ဘုရားစူးရပါစေရဲ့ဗျ။အဲဒီမိန်းမကြီးက ခွေးနဲ့ရှူးတိုက်တာပါ။ ကျွန်တော်လဲ ကြောက်လာပြီး ဇွတ်ပြေးတာဘဲ။ခွေးများက ဆိုးတယ်ခင်ဗျ။ကျားလား အောက်မေ့ရတယ်"

"ဘယ်သူမှ ခင်ဗျားကို ခွေးနဲ့ရှူးမတိုက်ဘူး။ ခင်ဗျား လုပ်ကြံပြောတာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"မာကာ မင်းမမှတ်မိလို့ပါကွယ်။ မင်းလဲကြောက်လို့ ဒူးတုန်နေတယ်မဟုတ်လား။ ဘယ်မှတ်မိပါ့မလဲ။ အဲဒီတုန်းက ထွက်ပြေးတာ ကျွန်တော့် အပြစ်ပါဘဲ။ ဒါပေမယ့် မာကာထွက်ပြေးယင်လဲ ဘယ်လိုဖြစ်မလဲ။ကျွန်တော်ဘဲ ခွေးနဲ့ကျန်ခဲ့တာဘဲ။ ခွေးသာမရှိယင်တော့ဗျာ တစ်ကော့ဆိုတဲ့နေ့ ဘယ်ပြေးလွတ်မလဲ။ အသေပေါ့။ကျုပ်သတ္တိက နည်းတာမှတ်လို့ ဟင်း"

နာဂူနေ့သည် နားညည်းလာသဖြင့် "ရှိတာပေးလိုက်မှ အေးမှာဘဲဗျို့" ဟု ဒါဗီးဒေါ်အား ပြောလိုက်သည်။

သို့ငြားလည်း ရှယ်ရှုကာသည် စကားပြောမရှော့သေးပေ။

"ကျုပ်ဟာ ငယ်ငယ်တုန်းကဆိုယင် လက်သီး အင်မတန် ထက်ခဲ့တာပေါ့ဗျ"

"အဖိုးကြီး တယ်စကားကြောရှည်တာကိုးဗျ။ ခင်ဗျားဗိုက်ပေါ် ရေနွေးအိုးသုံးလုံးလောက် တင်ဖို့ကောင်းတယ်။ ခင်ဗျား နောက်တခါ ဗိုက်နာယင် ဘယ်လိုလုပ်မလဲ"

ရှယ်ရှုကာသည် ဆက်၍မပြောတော့ဘဲ ထောက်ခံစာကိုယူကာ လစ်သွားသည်။ ယာကွတ်ထံမှ ကုတ်အင်္ကျီတထည် ရလာခဲ့သည့် အခါတွင်ကား ကျေနပ်နှစ်သိမ့်လာသည်။လမ်းဘေးတွင် တွေ့သည့် ကော့ဆက်တို့ကို ကြွားပြန်သည်။ "ဟေး ဒီမှာ အင်္ကျီတထည်လေကွာ။ ငါ့မှာ ခွေးနဲ့ သွေးနဲ့ ရင်းခဲ့ရတဲ့ အင်္ကျီကွ။ တစ်ကော့ အိမ်မှာ ပစ္စည်းသိမ်းတုန်းက တစ်ကော့က ဒါဗီးဒေါ့ကို သံတုတ်နဲ့ရိုက်လိုက်တာကွာ။ ရဲဘော်ကြီးတော့ ဒုက္ခတွေ့နေပြီဟေ့။ ကယ်မှဘဲလို့ တွေးမိပြီး ချက်ချင်းဘဲ သူ့လက်က သံတုတ်ကိုဆွဲလုလိုက်ရတာပေါ့။ ငါသာ မကယ်ယင် ဒါဗီးဒေါ် အသေဘဲပေါ့ကွာ"

"ဒါနဲ့ သူများကပြောတော့ ခင်ဗျားကြီးထွက်ပြေးလို့ ခွေးလိုက်ဆွဲခံရတယ်ဆိုဗျ"

"အိုး ဘယ်ဟာဟုတ်ရမှာလဲကွ။ လူတွေက မှန်တာမှမပြောဘဲ။ ခွေးလိုက်တယ်။ ခွေးဆိုတာ ဘာသိတာမှတ်လို့။ လူတွေက သိပ်ခက်တာဘဲ" ရှယ်ရှုကာသည် စကားပြောင်းလိုက်လေသည်။

## —၁၉—

ညသည် မှောင်၏။

ဂရယ်မျချီရွာကလေး၏ ဟိုး မြောက်ဖက် စတက် မြက်ခင်းပြင်ကြီး အလွန်၊ မြစ်ကြီး ချောင်းကြီးများအလွန်၊ယိုးအဝေးဆီတွင် ဆိုဗီယက်ပြည်ထောင်စု၏ မြို့တော် မော်စကိုရှိလေသည်။ သည်မှာ မှောင်သလောက် ဟိုမှာ လင်းသည်။ ကြယ်ရောင် လရောင်တို့ပင် မထွန်းနိုင်။ လျှပ်စစ်မီးရောင်တို့ဖြင့် ထိန်ငြီးနေသည်။

ထိုမော်စကိုမြို့တော်သည် ည အခါတွင် ဝင် အသက်ဝင် လှုပ်ရှားနေသည်။ အင်ဂျင်စက်သံများ၊ မော်တော်ကားသံများသည် အကော်ဒီယံသံကဲ့သို့ ဆူညံနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအရပ်တွင် လီနင်၏ သင်းချိုင်းဂူ ရှိလေသည်။ လီနင်၏ သင်းချိုင်းနောက်တွင် ကရင်မလင်နန်းတော်ကြီးရှိသည်။ အောက်က ပင့်ထိုးထားသော မီးရောင်ကြောင့် ကရင်မလင်တံတိုင်းကြီးသည် သွေးရောင်ကဲ့သို့ နီရဲနေသည်။

လွန်ခဲ့သည့် နှစ်နှစ်က ကွန်ဒရတ်မိတ်ဒန်နီကော့သည် ရုရှားပြည်လုံးဆိုင်ရာ ဆိုဗီယက်ကွန်ဂရက်သို့ တက်ရန် မော်စကိုမြို့တော်သို့ ရောက်ခဲ့ဘူးသည်။ ထိုအခါက သူသည် ရင်ပြင်နီတွင်လမ်းလျှောက်ခဲ့ဘူးသည်။သူသည် လီနင်၏ဂူရှေ့တွင် အကြာကြီး ရပ်ကြည့်ခဲ့သည်။ ထို့ပြင် လေတွင် လွင့်နေသော အောင်လံနီကြီးကိုလည်း ရပ်၍ ကြည့်ခဲ့ဘူးသည်။

ယခုလိုအခါတွင် ဂရယ်မျချီရွာကလေး၌ကား တိတ်ဆိတ်လျက် ရှိနေသည်။ ညတွင် အားလုံး ငြိမ်သက်နေကြသည်။ ပတ်ဝန်းကျင်ရှိ တောင်ကုန်းတို့သည် နှင်းခဲ ဆောင်းထားသဖြင့် အရောင်ဖွေးဖွေးလက်နေသည်။ မြစ်ကမ်းပါးဘေးက ပေါ်ပလာ ပင်တို့သည် ဖယောင်းတိုင်မည်းကြီးကဲ့သို့ မိုးသို့ ထိုးတက်နေသည်။ လေအဝှေ့တွင် ယိမ်းတွဲနေကြသည်။တောင်ကျချောင်းကလေးများသည်သာ သာယာသောသီချင်းတို့ ကိုဆိုယင်း မြစ်တွင်းသို့ စီးဝင်ကုန်ကြသည်။ အမြဲမပြတ် စီးနေသည့် ရေအယဉ်တွင်မိုး ပေါ်က စိုက်ဆင်းလာကြသည့် ကြယ်ကလေးများကို တဖိတ်ဖိတ်တောက် တွေ့ရသည်။ ညသည် ငြိမ်လွန်းသဖြင့် ယုန်ကလေးများ၏ သွားကြိတ်သံကိုပင် ကြားရသည်။ ပေါ် ပလာပင်၏အစေးသည် လရောင်တွင် ပယင်းရောင်လက်နေသည်။

ညသည် တိတ်ဆိတ်၏။

လင်းအရုဏ်ရောက်သည့်အခါတွင်မှ မော်စကိုဖက်က မြောက်လေပြည်သုတ်ဖြူး သဖြင့် ဂရယ်မျချီရွာကလေးသည် အသက်ဝင်လှုပ်ရှားလာရသည်။နွားပေါက်ကလေး များသည် အမေကို တ ကာ အော်ဟစ်ကြလေသည်။ စပေါင်းလယ်ယာကြက်ခြံကကြက် ဖကြီးများသည် အသံအောကြီးများဖြင့် တွန်ကြလေသည်။

သို့ရာတွင် ဂရယ်မျချီတရွာလုံး အိပ်မောကျနေသည့် ညအခါတွင်ကား ကွန် ဒရတ်တယောက်တည်းသာ အိပ်မပျော်ဘဲ မျက်လုံးကျယ်နေသည်။ သူ့ပါးစပ်သည် ဆေးလိပ် သောက်ရလွန်းသဖြင့် စပ်နေသည်။ ခေါင်း လေးလံနေသည်။ အိပ်မပျော် တိုင်း ဆေးလိပ်သောက်ရသဖြင့် မူးဝေနေသည်။

သို့နှင့် သန်းကောင်တိုင်ခဲ့ပြီ။ သူသည် မော်စကိုမြို့က မီးရောင်များကို အမှတ်ရ လာသည်။ ထို့နောက် အောင်လံနီကိုလည်း မြင်လာရသည်။ ကရင်မလင်နံရံက အောင် လံနီသည် ဆိုဗီယက်နယ်နိမိတ်ကိုကျော်ကာ လွင့်နေသည် ဟု ထင်ရသည်။ ကွန်ဒရတ်တို့ ကဲ့သို့သော လုပ်သား ပြည်သူတို့ မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရသည့် အခြား ကမ္ဘာ သူ ကမ္ဘာသားတို့ထံသို့ ထိုအောင်လံနီကြီးသည် လွင့်နေသည်ဟု ထင်မိသည်။ ထိုခဏ တွင် သူ့အမေပြောဘူးသည့် စကားကို သတိရလာသည်။

"ငါ့သား ငိုမနေနဲ့တော့။ ငိုယင် ဘုရားသခင်က စိတ်ဆိုးလိမ့်မယ်။ တကမ္ဘာ လုံးမှာရှိနေကြတဲ့ ဒို့လိုဆင်းရဲသားတွေကလဲ ဆင်းရဲလို့ ငော်လို့၊ ချမ်းသာတဲ့လူတွေက

www.facebook.com/NyisayEbookCreator
www.nyisay.com



သူတို့ထမင်းအိုးရိုက်ခွဲလို့ ငိုကြရတယ်။ ဘုရားသခင်ကို တိုင်တည်ပြီး ငိုကြရတယ်။ ဒါပေမယ့် ဘုရားသခင်က ဆင်းရဲသားတွေကို သည်းခံဖို့တရားဟောတယ်။ ဒီလိုဘဲ ဆင်းရဲသားတွေက ငိုနေယင် ဘုရားသခင်က စိတ်ဆိုးလိမ့်မယ်။ စိတ်ဆိုးပြီး မျက်ရည်တွေကိုစုနေခဲ့ပြီးတော့ ဆီးနှင်းတွေအဖြစ်ဖန်ဆင်းပြီး ပင်လယ်ပြာကြီးကို ဖုံးလိုက်လိမ့်မယ်။ အဲဒီအခါ သင်္ဘောတွေ လမ်းပျောက်ပြီး ကျောက်ဆောင်နဲ့ တိုက်မိလို့ သင်္ဘောမှောက်လိမ့်မယ်။ ဒါမှမဟုတ်ယင် ဘုရားသခင်က မျက်ရည်တွေကို စုပြီး နှင်းအဖြစ် ဖန်ဆင်းလိမ့်မယ်။ အဲဒီနှင်းစိုင်နှင်းခဲကြီးက မြေပြင်တခုလုံး လွှမ်းခြုံလိမ့်မယ်။ အဲဒီအခါ စပါးတွေ ဂျုံတွေ ပျက်စီးပြီး လူတွေငတ်မွတ်ကြလိမ့်မယ်။ ဒီတော့ ငါ့သား ဆင်းရဲလို့ များမငိုလေနဲ့။ ငိုယင် ပိုပြီးဒုက္ခရောက်ဖို့ဘဲ။ နားလည်ရဲ့လားငါ့သား။ ဘုရားသခင်ဆီမှာသာ ဆုတောင်း။ မင်း ဆုတောင်းတာက ဒို့ဆုတောင်းတာထက် သူ့ဆီ အယင်ရောက်လိမ့်မယ်”

“ကျွန်တော်တို့ ဆင်းရဲသလား အမေ။ အဖေရော ဆင်းရဲသလား”

“ဟုတ်တယ်သား။ ဒို့ဟာ ဆင်းရဲတယ်”

ကွန်ဒရတ်သည် ဘုရားသခင် ရှေ့တော်မှောက်တွင် ဒူးထောက်ကာ ဆုတောင်းလေသည်။ သူ့မျက်လုံးတို့၌ မျက်ရည်တို့ကို ခန်းခြောက်စေသည်။ သို့မှသာ ဘုရားသခင်က စိတ်မဆိုးမည် ဖြစ်သည်။

ကွန်ဒရတ်သည် ရှေးဖြစ်ဟောင်းတို့ကို ပြန်၍ဆင်ခြင်မိသည်။ သူ့အဖေနှင့် သူ့အဖိုးတို့သည် ကော့ဆက်များဖြစ်သည်။ စစ်တိုက်ခြင်းဖြင့်အသက်မွေးခဲ့သည့် ကော့ဆက်များဖြစ်ကြသည်။ ယခုကား သူသည် စုပေါင်းလယ်ယာ အသင်းဝင်ဖြစ်နေပြီ။ သူသည် အစဉ်းစားကြီး သူဖြစ်သည်။ ညတိုင်းလိုပင်၊ အိပ်မပျော်တိုင်း စဉ်းစားခဲ့သည်။ အတွေးအမျှင်တို့သည် တတန်းကြီးသီနေသည်။ စတက်မြင်းခင်ပြင်ကြီးက လမ်းကြီးများကဲ့သို့ ရှည်လျားလှသည်။ သူသည်လည်း သူ့အဖေလိုပင် ကော့ဆက် တယောက်ဖြစ်ခဲ့သည်။ သူ့အဖေသည် တိုက်ပွဲဝင်ခဲ့ဘူးသည်။ သူလည်း ၁၉၂၀ က ဆိုဗီယက်အာဏာအတွက် ပိုလန်လူမျိုးတို့ကို တိုက်ခဲ့ရသည်။

ယခုမူ ကွန်ဒရတ်သည် ဘုရားသခင်ကို အယုံအကြည်မရှိတော့။ ယင်းသို့မယုံကြည်သည်မှာ ကြာပေပြီ။ သူသည် ကွန်မြူနစ်ပါတီကိုလုံးဝယုံကြသည်။ ကွန်မြူနစ်ပါတီသာလျှင် တကမ္ဘာလုံးရှိ လုပ်သားပြည်သူတို့ကို လွတ်မြောက်ရေးလမ်းသို့ ပို့နိုင်လိမ့်မည်ဟုလည်း ယုံကြည်သည်။ ထို့ကြောင့် သူ့တွင်ရှိသမျှ ကျွဲနွားကြက် ဘဲတို့ကို စုပေါင်းလယ်ယာအသင်းလက်သို့ အပ်ခဲ့သည်။ အလုပ်လုပ်သူသာလျှင် ထမင်း စားရမည်ဟု သူယုံကြည်သည်။ သူသည် ဆိုဗီယက်အာဏာကို အကြွင်းမဲ့ယုံသည်။ သို့ငြားလည်း ယခု ဖြစ်နေသည်မှာ ညအခါများတွင် အိပ်မပျော်နိုင်ခြင်းပင်တည်း။ အိပ်မပျော်နိုင်သည်မှာ သူပိုင် ပစ္စည်းဖြစ်သည့် ကျွဲနွားတို့ကို စုပေါင်းလယ်ယာ လက်သို့ အပ်ရသောကြောင့်ဖြစ်သည်။ ထိုအဖြစ်ကို တနုံ့နုံ့နှောင်တရနေသည်။ နောင်တက သူ့ကိုမတည်မငြိမ် ဖြစ်စေသည်။ ဝမ်းနည်းသလိုဖြစ်စေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ယခင်ကမူ တနေ့လုံးအလုပ်နှင့်လက် ပြတ်သည်မရှိခဲ့။ မနက်တွင် နွားများကို ရေတိုက်ရသည်။ အစာကျွေးရသည်။ ကောက်ရိုးစင်းပေးရသည်။ ညအခါ နွားခြံကို ရှင်းရသည်။ ထိုပြင် ညအခါများကို စိတ်မချသဖြင့် နွားခြံကို ဆင်း၍ကြည့်ရသည်။ မိမိပိုင် ကျွဲနွားကို ဂရုစိုက်ရသည်မှာ ပင်ပန်းသည်မထင်။ ပီတိပင် ဖြစ်သေးသည်။ ယခု ဤခံစားရခြင်းမျိုး မရှိတော့။ သူ့ရင်ထဲတွင် ဟာနေသည်။ ထို့အတူ သူ့နွားခြံသည်လည်း ဟာနေသည်။ ဂရုစိုက်ရန်မလိုတော့။ ကြက်တွန်သံလည်း မကြားရတော့ပြီ။ ညတွင် အချိန်ကိုပင် မမှန်းဆနိုင်တော့ပေ။

သို့သော် စုံပေါင်းလယ်ယာ နွားခြံတွင်တာဝန်ယူရသည့်အခါ ထိုသို့ ဆင်းရဲဒုက္ခရောက်ရခြင်းတို့ ပျောက်သွားသည်။ နေ့အခါတွင် အိမ်ကမြန်မြန်ထွက်၍ စုပေါင်းလယ်ယာ နွားခြံသို့သွားသည်။ သို့မှသာ ဟာနေသောသူ့နွားခြံကို မမြင်နိုင်ဖြစ်မည်။ ထိုပြင် သူ့မိန်းမ၏ တွေးငေးနေသော မျက်နှာကိုလည်း မကြည့်ချင်လို့၊ မမြင်လို။

သူ့မိန်းမသည် သူ့အပေါ်တွင် အိပ်စက်နေသည်။ အသက်မှန်မှန်ရှူလျက်ပင်။ သမီးငယ်သည် ယောင်ယမ်းနေသည်။ သမီးငယ်သည် လူမှန်းမသိတတ်သူမို့ ပျော်ရွှင်နေဟန် တူသည်။ ကလေးတို့ ဘာဝ ပျော်စရာသာလျှင် သိလေသည်။ ပူရ ပင်ရမှန်း မသိ၊ ကစားနေရလျှင် ကျေနပ်နေသည်။

သူသာလျှင် အခက်တွေ့နေရသည်။ ကွန်ဒရတ်သည် အတွေးနက်သူ ဖြစ်သည်။ အစဉ်းစားကြီးသူ ဖြစ်သည်။ 'မဟုတ်သေးဘူး။ ငါစိတ်ဆင်းရဲနေတာ မဟုတ်သေးဘူး။ ဘာလို့ စိတ်ဆင်းရဲရသလဲ။ ရွာထဲဖြတ်လျှောက်တော့ သူများ မြင်းဇောင်းမှာ မြင်းတွေရှိတယ်။ ငါ့မှာမရှိဘူး။ ဒါပေမယ့် ခုတော့ အားလုံး အတူတူဘဲ။ အားလုံး ပြည်သူပိုင်ဖြစ်ပြီ။ ငါလဲပိုင်တယ်။ သူတို့လဲ ပိုင်တယ်။ ဒါပေမယ့် လူတွေက သူတို့မြင်းကို သူတို့ဘဲ အစာကျွေးချင်ကြတယ်။ မနေ့က ကူဇင်ကော့ တာဝန်ကျတယ်။ သူကိုယ်တိုင် ရေမတိုက်ဘူး။ သူ့ကောင်လေး လွှတ်လိုက်ဘယ်။ ကောင်လေးက ပြင်းတော့ မြင်းတွေကို မြစ်ထဲမောင်းချပြီး ရေတိုက်တယ်။ သူ့ကို ပြောတော့ "ဒါ ခင်ဗျားကိစ္စလား။ မဆိုင်တာ ဝင်မပြောနဲ့ ဆိုတယ်" လူတွေဟာ ဆင်းရဲတော့ ဒီလို ဖြစ်ကြတာဘဲ။ ချမ်းသာတဲ့ လူတွေဟာ ဒီလိုစိတ် မရှိဘူး။ အင်း မနေ့က ဖြစ်ပုံကို ဒါဗီးဒေါ့ ပြောဖို့ မေ့နေတယ်။ ဒီအတိုင်းသာ ဆိုယင်တော့ မြင်းတွေ သေကုန်မှာဘဲ။

'နက်ဖြန်ကျတော့ ကြက်တွေ ဘယ်လို နေသလဲ ကြည့်အုံးမှ။ မိန်းမတွေကပြောတယ်။ ကြက်ခုနစ်ကောင်သေပြီတဲ့။ အင်း ဘာဘဲ ဖြစ်ဖြစ်သိပ်မလွယ်လှဘူး။ ဘာလို့ ခုလိုအခါမှာ ကြက်တွေကို စုထားရသလဲ။ ကြက်ဖဘာကောင်လောက်တော့ အချိန်သိရအောင် ပြန်ပေးပို့ကောင်းတယ်။

'စုပေါင်းလယ်ယာကအသင်းဆိုင်မှာလဲ ဘာပစ္စည်းမှဝယ်စရာမရှိဘူး။ ငါ့သမီး ခရစ္စတီနာမှာ ခြေထောက်စွပ်စရာမရှိဘူး။ ဘယ်သူဘာပြောပြော သမီးမှာတော့ ဖိနပ်

www.facebook.com/NyisayEbookCreator
www.nyisay.com



လေးတရံရှိယင်ကောင်းမှာဘဲ။ ဒါပြီးဒေါ့ပြောရမှာတော့ ရှက်စရာကြီး။ အေးလေ၊ ဆောင်းတွင်းမှာ အိမ်ကမထွက်ဘဲနေပြီး နွေကျမှ အိမ်ပြင်ထုတ်ရမှာဘဲ'

တဖန် ကွန်ဒရတ်သည် ငါးနှစ်စီမံကိန်း အကြောင်းကိုဆက်၍ တွေးပြန်သည်။ သူ့ဘိုတိုင်းပြည်တွင် ခါးစည်း၍ကြိတ်မှိတ်ကာ ငါးနှစ်စီမံကိန်းအတွက် အဆင်းရဲအပင်ပန်းခံနေရသော်လည်း အခြားတိုင်းပြည်များက အလုပ်သမားတို့ကား ကွန်မျူနစ်တို့ကို ထောက်ခံရမှန်း မသိဖြစ်နေသဖြင့် သူဒေါသထွက်မိသည်။ 'မင်းတို့ဟာ အခကြီးကြီးနဲ့ မနေရှင်ဆီမှာ လုပ်အားကို ရောင်းစားကြတာဘဲ။ ဒိုကို သစ္စာဖောက်တယ်။ သူတို့ ကောင်းကောင်းစားနေရလို့ သစ္စာဖောက်တယ်။ မနေရှင်ကိုမတိုက်ဘူး။ ဒါကြောင့် သူတို့ ဆိုဗီယက်အာဏာကိုမရတာဘဲ။ ဒါကြောင့် နောက်ကျကျန်ရစ်တာဘဲ။ ကွန်မျူနစ်တွေကို ထောက်ခံယင် အခုအချိန်မှာ တော်လှန်ရေးဖြစ်ပြီ။ ဒါပေမယ့် ခုအထိ တော်လှန်ရေးမစနိုင်သေးဘူး။ ကိုယ်သွားတဲ့လမ်း ဘယ်ရောက်နေတာ ဆိုတာလဲ မသိဘူး။ ဒို့တိုင်းပြည်မှာ ဘာဖြစ်နေတယ်ဆိုတာလဲ သူတို့မသိဘူး။ ဒို့တကယ် အဆင်းရဲခံနေရတယ်ဆိုတာလဲ သူတို့မသိဘူး။ ဒါပေမယ့် ဒို့ခါးစည်းခံမယ်။ အလုပ်လုပ်မယ်။ သူတို့အတွက် ဒို့လုပ်ပေးနေရတယ်။ သူတို့ရှက်ရမှန်းမသိဘူး'

ကွန်ဒရတ်သည် တွေးယင်း စဉ်းစားယင်း အိပ်ပျော်သွားလေသည်။ ငိုက်ကနဲ ကျသွားသဖြင့် စီးကရက်တိုလွတ်ကျကာ အင်္ကျီမီးလောင်သည်။ ထိုအခါမှ လန့်နိုးသည်။ အင်္ကျီမှာ တထည်တည်းသောအင်္ကျီဖြစ်၍ မီးမခုဲမည်ကိုကြောက်ရသေးသည်။ ထိုကြောင့်ဖာထေးရန် အပ်ကိုရှာသည်။ မှောင်နေသဖြင့်မတွေ့ရပေ။ သို့နှင့်အိပ်ပျော်သွားလေသည်။

အရုဏ်တက်လျှင် သူအိပ်ရာမှနိုးသည်။ စုပေါင်းလယ်ယာ ကြက်ခြံက ကြက်ဖများ၏ တွန်သံကို တပြိုင်နက်ကြားရသည်။ "တပြိုင်နက် တွန်ရတယ်လို့ကွာ။ ဘင်သံခေါင်းလောင်းသံနဲ့ တူလိုက်တာ"ဟု ပြောကာပြုံးသည်။ 'အင်း အနားက လူတွေ တော့ကောင်းကောင်း အိပ်ရမယ်မဟုတ်ဘူး' ဟူ၍လည်း စဉ်းစားမိသည်။ သို့နှင့်တဖန် အိပ်ရာထက်တွင် ခေါင်းချလိုက်လျှင် မှေးကနဲအိပ်ပျော်သွားပြန်သည်။

× × +

မနက်စာစားပြီးလျှင် ကွန်ဒရတ်သည် ကြက်ခြံသို့သွားသည်။ ထိုနေရာတွင် အကင်းကို တွေ့ရသည်။ အကင်းက "ဒီအချိန်ဘာလို့ လာသလဲကွ"ဟု အော်သည်။

"အဖိုးကိုလာတွေ့တာပေါ့ဗျ။ ကြက်တွေလဲ ကြည့်ရအောင်ပေါ့။ ဘယ့်နှယ်လဲ"

"ဘာဘယ့်နှယ်လဲ။ ငါတော့ စိတ်ကုန်ပြီ"

"ဘာလို့လဲဗျ"

"အိုကွာ ကြက်ဖော့နဲ့ စိတ်ကိုရှုပ်ရောဘဲ"

"ဘာဖြစ်လို့လဲ အဖိုးရဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"မင်းတနေ့ လာကြည့်ပါလားကွ။ သိမှာပေါ့။ ကြက်ဖတွေက အချင်းချင်း ခွပ်ကြတာ တနေ့လုံးဘဲ။ သူတို့ကိုလိုက်ရလို့ ငါ့မှာ ခြေတိုနေပြီ။ ကြက်မတွေကျတော့ တကျောင်းရဲ့ အမောက်ကိုတကောင်ကဆိတ်တယ်ကွ။ တော်ပြီ။ဒီအလုပ်ကို ငါ့စိတ်ပျက်လှတယ်။ ဒါဗီးဒေါ့ပြောပြီး ငါထွက်တော့မယ်"

"ကြာတော့ ယဉ်သွားမှာပါ ခင်ဗျ"

"အေး သူတို့မယဉ်ခင်ငါသေလိမ့်မယ်။ ဒါ ယောကျ်ားအလုပ်မဟုတ်ဖူးကွ။ ငါကော့ဆက်ကွ။ တူရကီနဲ့ စစ်ဖြစ်တုန်းက တိုက်လာတဲ့ ကော့ဆက်ကွ။ခုတော့ ငါ့ကို ကြက်တပ်မှာ ဗိုလ်ချုပ်ခန့်တာဘဲ။ နှစ်ရက် ငါလုပ်ကြည့်ဘယ်။အိမ်အပြန်မှာ ကောင်လေးတွေ ကောင်မလေးတွေက 'ကြက်ထိန်းကြီးအကောင်းတဲ့' တသက်လုံး လူရှိသေခံခဲ့ရတာ အခုမှ အပြောင်ခံရတယ်။ တော်ပြီ။ မလုပ်ချင်တော့ဘူးဟေ့"

"အိုဗျာ အဖိုးကလဲ ကလေးတွေပြောတာဘဲ ပွေယူနေရသတဲ့လား"

"ကလေးတွေက ကိစ္စမရှိဘူးကွ။ မိန်းမတွေကပါပြောတယ်။ မနေ့က အိမ်အပြန် နာစတင်းရွာက 'ကြက်တွေကြည့်ရသလား အဖိုး'တဲ့။ ငါက 'အေး ဟုတ်တယ်' လို့ပြောတော့ 'မဥဘူးလား' တဲ့။'တချို့တော့ ဥပါရဲ့ကွာ' လို့ ပြောတော့'ကောင်းကောင်းကြည့်ပါအဖိုး။ မိုးမကျမီ ဥများများ ဥပါစေ။ နို့မဟုတ်ယင်တော့ အဖိုးကို ဥခိုင်းရမှာ'တဲ့။ ထွီ၊ ငါ အသက်ကြီးပြီကွ။ ပြောင်စရာတဲ့လား။ တော်ပြီ၊ ငါမလုပ်တော့ဘူး"

အဖိုးကြီးသည် စကားမဆုံးသေး။သို့သော် ကြက်ဖနှစ်ကောင် ခွပ်နေကြသဖြင့် တုတ်တချောင်းကိုင်ကာ လိုက်၍ မောင်းရသည်။

အချိန်စောသေးသော်လည်း စုပေါင်းလယ်ယာ အသင်းရုံးရှေ့တွင် လူစုလူဝေး ကြီးရှိနေသည်။ စွပ်ဖားတစီးသည် ဒါဗီးဒေါ့ကို စောင့်နေသည်။သူသည် ခရိုင်ကော်မတီရုံးသို့သွားမည်ဖြစ်သည်။ လုဗယ်ရှကင်ကား မြင်းများကို ကုန်းနှီး တပ်နေသည်။ သူလည်း တူဗျန်စကူဝင်သို့ စုပေါင်းလယ်ယာကိစ္စနှင့် သွားရမည်ဖြစ်သည်။

ကွန်ဒရတ်သည် ပထမဆုံးအခန်းသို့ ဝင်သည်။ ရှာကြီးက ရောက်လာသည့် စာရင်းစစ်သည် ဖိုင်တွဲများကို လှန်နေသည်။ ယာကွဘ်လူးကစ်သည် သူ့ဘေးတွင်ထိုင်ကာစာရေးနေသည်။အခြားအခန်းတခုမှ ရတ်ဇမျှော့နော့၏အသံကိုကြားရသည်။ယခုပင် ရောက်လာကာ ဒါဗီးဒေါ့ကို တစုံတရာပြောနေဟန်တူသည်။

"မနက်စောစောကမိန်းမကြီး လေးယောက်ရောက်လာတယ်။နာမည်ကြီးဥလျှာနာပါတယ်ဗျ။ ဆူလိုက်ကြိမ်းလိုက်တာကိုဗျာ'နင်တို့က ဘာကောင်တွေမို့လဲ။ဒို့ကိုဘာမှတ်သလဲနဲ့' ဆူညံနေတာဘဲ။ ဘာမှန်းလဲမသိဘူး။ကျွန်တော်ရုံးကိုလာတော့လဲ ဘေးကလိုက်လာပြီး ပြောလိုက်တာ နားညည်းရောဘဲ။ 'ကဲ ခင်ဗျားကြီး တိတ်စမ်း။ကျုပ်ရှာကြီးကိုပို့လိုက်မယ်။ခင်ဗျား အာဏာပိုင်တွေကိုမထေမဲ့မြင်လုပ်ဘယ်'လို့ ကျွန်တော်ကပြောတော့'ဟဲ့ နင်တို့က ဒို့မိန်းမတွေကို ဘာမှတ်သလဲတဲ့။ နင်တို့က ဒို့ကိုပြောင်စရာလား'တဲ့။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သူတို့ဘယ်ကသတင်းကြားတယ် မသိပါဘူးဗျာ။ မိုးကျယင်သူတို့ကိုရွာကြီးပို့ပြီး အဝှာလုပ်ခိုင်းမလို့ဆိုဘဲ။ ရွာရှာဖွေဖွေဗျာ။ ဟိုမှာကြက်ဥဖောက်စက်မရှိဘူးတဲ့။ နည်းတယ်တဲ့။ ဒါကြောင့် မိန်းမတွေ အဖောက်ခိုင်းမယ်တဲ့။ ဒါကြားလို့ ဥလျှာနှာ ဆူတာဗျ။ 'ဟဲ့ဒို့ကတော့ ကြက်ဥပေါ် မဝပ်တတ်ဘူးဟဲ့'။နှ်တို့ကိုသာ အသေဆော်ပြီး ရေထဲခုန်ချသေလိုက်မယ်'တဲ့။ ဒီတော့ကျွန်တော်က 'အမယ်လေးမလုပ်လိုက်ပါနဲ့ဗျာ။ ကျွန်တော်တို့ရွာသေးကာ မြစ်ကလေးမှာ ခင်ဗျားကြီးနစ်နိုင်လောက်အောင် ရေမရှိပါဘူး'လို့ ပြောလိုက်တယ်။ အဲဒါသာချင့်ရော ရဲဘော်ကြီး ဒါ်ိဳးဒေါ်။ ဒါကုလတ်ထွေ့ ခြေထိုးတာဗျ။

"ကျွန်တော်တို့ ရန်သူတွေရဲ့ မဟုတ်မဟုတ် လုပ်ကြံတဲ့ သတင်းတွေဘဲ။ ကျွန်တော်တို့လုပ်ငန်းတွေကိုဖျက်ဆီးရအောင် သတင်းလွှင့်တာဘဲ။ ကျွန်တော်ကြားတယ်။ တနေ့က ရွာထဲကို မယ်သီလတပါး ရောက်လာတယ်တဲ့။ မိုင်စကိုဗိုင်က လာတာဆိုဘဲ။ ကိုမိုဖေးဖော်ရှော့အိမ်မှာ တညအိပ်သွားတယ်။ သူလုပ်ကြံသွားတဲ့ သတင်းဗျ။ ကြက်တွေစုပြီးသားတာက မြို့ကိုပို့မလို့တဲ့။ မြို့မှာ မိန်းမကြီးတွေကို ကြက်ဥဖောက်ခိုင်းမယ်တဲ့။ ငြင်းဆန်တဲ့မိန်းမကို ကုလားထိုင်မှာ ကြိုးနဲ့ချည်ပြီး ကြက်ဥအဝပ်ခိုင်းမယ်တဲ့။ အံ့ရောဗျာ။ ပြောလဲပြောတတ်တဲ့ မယ်သီလဘဲ"

"အဲဒီမယ်သီလ ဘယ်ရောက်သွားသလဲ" ဒါ်ိဳးဒေါ်ကမေးသည်။

"ပြန်ပြေးပြီလေဗျာ။ လိမ်ညာပြီး ချက်ချင်းလစ်ဘာပေါ့ဗျ"

"အဲဒီ အာကျယ်တဲ့ မယ်သီလဆိုတဲ့ မိန်းမကြီးကို ဖမ်းထားဖို့ ကောင်းတယ်။ ကျုပ်နဲ့မတွေ့ရတာ နာတာဘဲ။ ပါးစပ်ဆို့ပြီး ချုပ်ထားလိုက်မယ်။ ကျီးကန်းမကြီး။ အံ့ပါ့ဗျာ။ ဒါနဲ့များ ခင်ဗျားကိုယ်ခင်ဗျား ကျေးရွာဆိုဗီယက်ဥက္ကဋ္ဌကြီးတဲ့။ ရွာထဲမှာတစိမ်းဝင်ပြီး အိပ်သွားတာ မသိလိုက်ရဘူးလို့"

"လူတိုင်း ဘယ်လိုက်ကြည့်နေနိုင်ပါ့မလဲဗျ"

ဒါ်ိဳးဒေါ်သည် သိုးရေအကျႌကြီးကိုဝတ်ထားသည်။ စာပွဲတွင်ထိုင်ယင်း မိုးဦးကျလုပ်ငန်းစီမံကိန်း စာရွက်ကြီးကိုကြည့်နေသည်။ယင်းကိုအထွေထွေအစည်းအဝေးက အတည်ပြုပြီးဖြစ်သည်။ စာရွက်မှ မျက်လုံးကိုမခွာဘဲ "ဒါမျိုးဟာ ကျုပ်တို့ ရန်သူတွေဆင်နေကျအလုံးမျိုးဘဲ။ ကျုပ်တို့ရဲ့ အပြုလုပ်ငန်းမှန်သမျှကို အမည်းကွက်ထင်အောင် လုပ်တာ။ တခါတလေကျတော့ ကျုပ်တို့ကလဲ သူတို့ပြောစရာဖြစ်အောင် အကွက်ကဆိုက်သွားတတ်တာမျိုးဗျ။ ခု ကြက်ကိစ္စလိုပေါ့"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ" နာဂူနေ့၏ နှာခေါင်းသည် ရှုံ့တွလာသည်။

"ကြက်တွေ ဘဲတွေ ပြည်သူပိုင်လုပ်တာပေါ့ဗျ"

"ခင်ဗျား အယူအဆမှားနေပြီ"

"ကျုပ်မှန်တယ်။ ကျုပ်တို့ဟာအသေးအဖွဲ့လေးတွေမှာ အချိန်မဖြုန်းသင့်ဘူး။ ကျုပ်တို့မှာ စိုက်ဖို့ မျိုးမရှိသေးဘူး။ ဒါပေမယ့်ကြက်တွေကိုအယင့်သိမ်းတယ်။ ဒါဟာ အင်မတန်မှားတဲ့အလုပ်။ မိုက်တဲ့အလုပ်ဘဲ။ ကိုယ့်ကိုကိုယ်တောင် ဆုံးမချင်လာပြီ။

www.facebook.com/NyisayEbookCreator
www.nyisay.com



မျိုးစေ့မလုံလောက်တာကို ခရိုင်ကော်မတီက ကျုပ်ကိုကြိမ်းမယ်။ မေးမယ်။ ဒါအတွက် ဘယ်လိုပြောရမယ် မသိဘူး''

''ကဲ၊ နေစမ်းပါအုံး။ ခင်ဗျားအကြောင်းပြစမ်း။ ဘာကြောင့် ကြက်တွေကိုပြည်သူပိုင် မသိမ်းသင့်သလဲဆိုတာ အကြောင်းပြစမ်း။ အစည်းအဝေးက သဘောတူပြီးဘဲဗျ''

''ဒါက အကြောင်းမဟုတ်ပါဘူးဗျာ'' ဒါဗီးဒေါ့သည် မျက်မှောင် ကုတ်နေလေသည်။ ''ကြက်ကိစ္စက အသေးအဖွဲဗျ။ ဒါ့ထက်အရေးကြီးတာတွေလုပ်ရအုံးမယ်။ စုပေါင်းလယ်ယာအသင်းကို ခိုင်ခန့်အောင်ဘည်ဆောက်ရမယ်။အသင်းဝင်ရာနှုန်းပြည့်ရအောင် စည်းရုံးရမယ်။ စိုက်ဖို့ပျိုးဖို့လုပ်ရမယ်။ ဒီမယ် မာကာ။ ဒါဟာ ကျွန်တော်အလေးအနက်ပြောနေတာ။ ကျွန်တော်တို့အမှားတခုလုပ်မိပြီ။ ကြက်ကိစ္စဟာနိုင်ငံရေးအရ အမှားဘဲ။ မနေ့ညက စုပေါင်းလယ်ယာစည်းရုံးရေးနဲ့ပတ်သက်ပြီး ကျုပ်စာအုပ်တွေဖတ်တယ်။ အဲဒီတော့မှ ဘယ်မှာ မှားတယ်ဆိုတာ ကျုပ်သိလာတယ်။ ဒီမှာ မာကာ။ ခု ကျုပ်တို့လုပ်နေတာက စုပေါင်းလယ်ယာဗျ။ ဒါပေမယ့် ကျုပ်တို့သွားနေတာက ဘုံရိပ်သာစနစ်ဗျ။ မဟုတ်ဘူးလား ကျုပ်ပြောတာ။ အဲဒါဘဲဗျို့ လက်ဝဲသွေဖီရေးဆိုတာ။ ခင်ဗျားစဉ်းစားကြည့်စမ်းပါ၊ ဒီကိစ္စကို ခင်ဗျားဘဲသွားဆောင်တယ်။ မဟုတ်ဘူးလား။ ကျုပ်သာ ခင်ဗျားနေရာမှာဆိုယင် ဖော်လရှီဗစ်တို့ရဲ့ သတ္တိပြတဲ့အနေနဲ့ အမှားကိုဝန်ခံပြီး ကြက်တွေကို အိမ်ပြန်ပို့ဖို့ ညွှန်ကြားချက် ထုတ်လိုက်မှာဘဲ။ ဘယ့်နှယ်လဲ။ ခင်ဗျားမလုပ်ယင် ကျုပ်လုပ်မယ်။ ပြန်လာတော့ ကျုပ်လုပ်မယ်။ ကျုပ်တာဝန်နဲ့ ကျုပ်ပေါ့ဗျာ။ ကဲ သွားမယ်ဗျို့''

ဒါဗီးဒေါ့သည် ဦးထုပ်ကို ဆောင်းကာ ကုလတ်တိုဝတ်သည့် ကုတ်အင်္ကျီကြီး၏ ကော်လာကို အထက်သို့ဆွဲတင်လိုက်သည်။ ထို့နောက်ကြယ်သီး တပ်လိုက်သည်။ ''အဲဒီမယ်သီလတွေက ရွာစဉ်လျှောက်ပြီး အတင်းပြောတာဗျ။ ယုံထင် ကြောင်ထင် ဖြစ်အောင်ပြောပြီး ကျုပ်တို့ကို ဆန့်ကျင်ခိုင်းတာ။ ဒါပေမယ့် စုပေါင်းလယ်ယာဟာ ခုမှ မွေးစ ဖွားစ ရှိပါသေးတယ်ဗျာ။ လိုလဲလိုအပ်ပါတယ်။ လူတိုင်းက ကျုပ်တို့ကို ထောက်ခံရမှာဘဲ။ မိန်းမ၊ ယောကျ်ား၊ လူငယ်၊ လူကြီးမရွေးပေါ့။ မိန်းမတွေအဖို့လဲ စုပေါင်းလယ်ယာမှာ သူတို့နဲ့ တန်တဲ့လုပ်ငန်းတွေရှိပါတယ်'' ထို့နောက် သူသည် အခန်းထဲမှ ထွက်ရန်ထလိုက်သည်။

''ကဲဗျို့ မာကာ။ ကြက်တွေ အိမ်ပြန်ပို့ရအောင်။ ဒါဗီးဒေါ့ပြောတာ မှန်တယ်ဗျ''

ရတ်ဇမျော့နော့သည် နာဂူနော့ထံမှ အဖြေကိုစောင့်နေသည်။ နာဂူနော့သည် ပြတင်းပေါက်တွင် ထိုင်ယင်း ဦးထုပ်ကိုချေမွကာ အသံမထွက်ဘဲ တရွရွပြောနေသည်။ သုံးမိနစ်ခန့်ကြာသွားပြီ။ ထို့နောက် မျက်လုံးကို လှန်၍ကြည့်လိုက်သည်တွင် ရတ်ဇမျော့နော့နှင့်အကြည့်ချင်းဆုံသွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"လာဗျို့။ ဟုတ်တယ်။ ကျွန်တော်တို့မှားသွားတယ်။ ဒါဗီးဒေါ့ပြောတာ မှန်တယ်ဗျ" သူသည် စပ်ဖြီးဖြီးပြုံးနေသည်။

ဒါးဗီဒေါ့သည် စွပ်ဖားပေါ်တွင်ရောက်နေသည်။ သူ့ဘေးတွင်ကွန်ဒရာ်သည် ရပ်နေသည်။ သူတို့သည် စကားပြောနေကြသည်။ကွန်ဒရတ်သည် လက်ကို ရမ်းပြသည်။ လှည်းမောင်းသူသည် စောင့်ရသည်ကို စိတ်မရှည်ဘဲ ဖြစ်နေဟန်တူသည်။ဒါဗီးဒေါ့ကား နှုတ်ခမ်းကို ကိုက်ကာနှားထောင်နေလေသည်။

ရိုးထဲက ထွက်လာသည်တွင် ရတ်ဇမျော့နေ့ နားသို့ ဒါဗီးဒေါ့ပြောသည့် စကားသံများဝင်လာသည်။

"စိတ်မပျက်ပါနဲ့လေ။ အရာရာဟာ ခင်ဗျားလက်ထဲမှာဘဲ။ ကျွန်တော်တို့ စီစဉ်ပါမယ်။ ကျွန်တော်တို့ အပြစ်ပေးတဲ့ စနစ်လုပ်မယ်။ ဒဏ်ရိုက်မယ်။ ကဲ သွားမယ်ဗျို"

ကြွးပွတ်သည် မြင်းများ၏ ကျောကုန်းပေါ်သို့ကျလျှင် စွပ်ဖားသည် ဝုန်းကနဲ ထွက်သွားသည်။ တဖြည်းဖြည်းဝေးကာ ပျောက်သွားသည်။

ကြက်ခြံတွင်ကြက်များပြွတ်သိပ်နေသည်။အကင်းသည်တုတ်တချောင်းကိုင်ကာ မောင်းနှင်ခြောက်လှန့်နေရသည်။ ဂျုံနယ်သည့်တလင်းတွင်ကား ငန်းများကိုရှုတ်ရှုတ်သဲသဲမြင်ရတွေ့ရသည်။ တနေရာတွင် လူစုံလူဝေးတွေ့ရသည်။ ရတ်ဇမျော့နေ့သည် တယောက်၏ ပခုံးမှကျော်၍ ကြည့်လိုက်လျှင် ကြက်ပွဲ ကိုတွေ့ရသည်။ တကောင်ကား အနီ။ တကောင်ကား အနက်။ သဲသဲမဲမဲခွပ်နေကြသည်။ "အနီနိုင်မယ်ဟေ့" "မနိုင်ပါဘူးကွာ။ အမောက် ပြာနေပြီ။ ရှုံးမှာဘဲ" ဟူသောအသံများလည်း ကြားရသည်။ နှစ်ကောင်စလုံး သွေးထွက်နေကြပြီ။ အမွေးများလည်း ပြန့်ကြဲနေသည်။

ရှယ်ရှုကာလည်း ကြက်ပွဲကို စိတ်ဝင်စားစွာကြည့်နေသည်။ သူသည် အနီကို အားပေးသည်။ အနီနိုင်စေချင်သည်။ ဒမ်မစ်နှင့်လောင်းနေသည်။ သို့သော်သူ့လက်ကို တယောက်က လာ၍ဆွဲသည်။ ထိုနောက် အင်္ကျီဂုတ်ကဆွဲကာ ဝိုင်းပြင်ဘက်သို့ ခေါ်လာသည်။ရှယ်ရှုကာသည် ဒေါသဖြစ်ကာ ဆွဲလာသူကို ခုန်အုပ်ရန်ကြည့်လိုက်သည်။ သို့သော် နာဂူနေ့၏ မျက်နှာကိုဘွားကနဲ တွေ့လိုက်ရသဖြင့် ပြုံးနေလေသည်။ နာဂူနေ့သည် လူစုလူဝေးကိုဘေးသို့ဖယ်ကာ ကြက်များကိုမောင်းထုတ် လိုက်သည်။ မျက်နှာကြီးမှာလည်း မှုန်သိုးသိုးဖြစ်နေသည်။

"ကြက်တိုက်စရာကလွဲလို့ ဘာအလုပ်မှ မရှိဘူးထင်တယ်။ ဟုတ်လား။ ကောက်ရိုးသယ်ပါလား။ နွားချေးကြုံးပါလား။ ဟေး၊ ခင်ဗျားတို့ထဲက နှစ်ယောက် သွားကြစမ်း။ လည်ပြီးပြောကြစမ်း။ ကြက်တွေကို ပိုင်ရှင်တွေ လာယူလှည့်ကြလို့"

"ဘာလဲဗျ။ စုပေါင်း ကြက်ခြံ ပျက်သွားပြီလား" အသင်းဝင်မဟုတ်သော ဗင်နစ်ဆိုသူ လယ်သမားတဦးက မေးသည်။ "ဒီကြက်တွေ လူတန်းစား အသိမမှန်လို့ စုပေါင်းခြံမှာနေလို့ မဖြစ်ဘူးနဲ့တူတယ်။ ခင်ဗျားတို့ဆိုရှယ်လစ်စနစ်လက်ထက်မှာလဲ ကြက်တွေ အချင်းချင်း ခွပ်နေကြပါလားဗျ။ ဟဲ ဟဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



နာဂူနေ့သည် ပြောသူကို စူးစိုက်ကြည့်လိုက်သည်။ ပြီးမှ

''အေးလေ။ ခင်ဗျားတို့ ရယ်စရာပြောကြအုံးပေါ့။ ဒါပေမယ့် ကိုယ့်စကား ကိုလဲ ကိုယ်မှတ်ထား။ ကမ္ဘာမှာဆိုရှယ်လစ်စနစ် အတွက် လူကောင်းတွေ အများကြီး အသေခံခဲ့ရပြီးပြီဗျ။ ခင်ဗျားဒါတောင် ပြောင်ရက်တယ်။ သွားစမ်း။ ဒီက ခုထွက် သွားစမ်း။ ခင်ဗျား တန်ပြန်တော်လှန်ရေး သမားဘဲ။ ကျုပ်လဲ ခင်ဗျားလို နောက် တတ်တာဘဲဗျ''

သူသည် ထိုကော့ဆက်ထံမှ ဖယ်ကြဉ်ထွက်ခဲ့သည်။ ထိုနောက် ကြက်များကို တချက်ကြည့်ကာ သက်ပြင်းချယင်း တံခါးဝဆီသို့ လျှောက်သွားလေသည်။

—၂၀—

ခရိုင်ကော်မတီ၏ရုံးခန်းတွင် ဆေးလိပ်မီးခိုးများ တလူလူလွင့်နေသည်။ 'တပ်တပ်'ဟူသော လက်နှိပ်စက်ရိုက်သံကိုလည်း ကြားရသည်။

နှစ်နာရီတွင် ဗျူရိုအစည်းအဝေးရှိသည်။ ခရိုင်ကော်မတီ အတွင်းရေးမှူးသည် ပြာယာခတ်နေသည်။ သူ့မျက်နှာကား ပုဘ်ဆိတ်မရှိ။ နှုတ်ခမ်းမွေးမရှိ။ ရိတ်ပြီးစ ဖြစ်သည်။ကော်လာကြယ်သီး တပ်မထား။ သူသည် ဒါဗီးဒေါ့ကိုမြင်လျှင် ထိုင်ရန်ကုလားထိုင် ညွှန်ပြလိုက်သည်။ ''ကျုပ် အချိန်သိပ်မရှိဘူး။ စကားသိပ်ပြောနိုင်အုံးမယ်မဟုတ် ဘူး။ ဘယ့်နှယ်လဲ။ ခင်ဗျားတို့သီမှာ လုပ်ရကိုင်ရတာ နေရာကျရဲ့လား။ စုပေါင်း လယ်ယာ အသင်းဝင် ရာခိုင်နှုန်း ဘယ်လောက် ရှိပြီလဲ။ ရာခိုင်နှုန်းပြည့်ရအောင် လုပ်ဗျို့''

''မကြာခင် ပြည့်တော့မှာပါ။ ဒါပေမယ့် ရာနှုန်း ပြည့်တာ မပြည့်တာ အကြောင်းမဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်စိုးရိမ်တာက အတွင်းရန်ဘဲဗျ။ မိုးဦးကျ လုပ်ငန်းအတွက် စီမံကိန်းပါလာတယ်။ အဲဒါခင်ဗျား ကြည့်ပါအုံးလား''

''မကြည့်အားသေးဘူးဗျ'' ခရိုင်အတွင်းရေးမှူးသည် ခေါင်းကိုသာတွင်တွင် ရမ်းနေသည်။ ထို့နောက် လက်ကိုင်ပုဝါဖြင့် နဖူးတွင်စို့လာသည့်ချွေးကို သုတ်လိုက် သည်။ ''လူပီတော့ဆီ သွားပြချည်ဗျာ။ခရိုင် လယ်ယာသမဂ္ဂမှာရှိလေရဲ့။ သူကြည့်ပြီး အဘည်ပြုပါလိမ့်မယ်။ ကျွန်တော့်မှာ အချိန်မရှိဘူးဗျ။ တိုင်းကော်မတီက ရဲဘော် တယောက်လဲ ရောက်နေသေးတယ်။ ခုဘဲ ဗျူရိုအစည်းအဝေးလုပ်တော့မလို့။ ဒါပေ မယ့် ခင်ဗျားကို ကျွန်တော်မေးချင်တာတခုရှိတယ်။ ဘာလို့ကုလတ်တွေ ကျုပ်တို့ဆီ လွှတ်လိုက်တာလဲ။ အလကားသက်သက် ဒုက္ခပေးတာဘဲ။ အဲဒါ ရှင်းရှင်း သတိပေး တာဘဲ။ ဒီကိစ္စမျိုးမှာ အလျင်စလို မလုပ်ရဘူးဗျ။ ကုလတ်တွေရဲ့ ပစ္စည်းတွေသိမ်း တာကို နောက်မှလုပ်။ အယင်လုပ်ရမှာက စုပေါင်းလယ်ယာ ထောင်ဖို့ဘဲ။ အင်တိုက် အားတိုက် စုပေါင်းလယ်ယာလုပ်ကြရမယ်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ပြီးတော့ ခင်ဗျားတို့မှာ မျိုးစေ့ရောဖူလုံရဲ့လား။ ခရိုင်ကော်မတီကမျိုးစေ့ စုဆောင်းဖို့ ညွှန်ကြားချက်တခုထုတ်လိုက်တာရတယ် မဟုတ်လား။ အဲ ခင်ဗျားနဲ့ နာဂူ နေ့ကိစ္စကို ဒီနေ့အစည်းအဝေး တင်ပြမှဘဲ။ ခင်ဗျားတို့ဘာမှမလုပ်ရသေးဘူး။ဒါဟာ ရှက်စရာကောင်းတယ်ဗျ။ ခင်ဗျားဂရုတစိုက်လုပ်မှပေါ့။ ခရိုင်ကော်မတီကညွှန်ကြား တာကိုမလုပ်နိုင်ယင် ခင်ဗျားတို့အဖွဲ့အုပ်ချုပ်ရေးနဲ့ ပတ်သက်လို့ အခက်အခဲတွေ့မယ်။ ဒါထက်နေပါအုံး။ ခုအထိ ခင်ဗျားတို့ မျိုးစေ့ဘယ်သောက် စုမိပြီလဲ။ ကျွန်တော် ကြည့်လိုက်အုံးမယ်" အတွင်းရေးမှူးသည် စာပွဲအံဆွဲမှ စာရင်းတခုကို ထုတ်၍ကြည့် သည်။ပြီးလျှင် "အဲ အဲ နောက်ဆုံးစာရင်းအရဆိုယင် တိုးလာတာ တတင်းဘဲ ရှိသေး တယ်။ ကဲ ခင်ဗျားဘာပြောစရာရှိသလဲ၊ ပြောစမ်း" ဟု ဆိုလေသည်။

"ခင်ဗျားဟာက ကျွန်တော့်ကို ဘာမှပြောခွင့်မပေးဘူး။ခင်ဗျားချည်း ပြော နေတာဘဲ။ကျွန်တော် မျိုးစေ့ စုဆောင်းရေး မလုပ်ရသေးဘူးဆိုတာ ဟုတ်တယ်။ ဒီနေ့ ပြန်ရောက်ရောက်ချင်း စမယ်။ ခုရက်တွေမှာ နေ့တိုင်းအစည်းအဝေးချည်း လုပ်နေရ ရတယ်။ စုပေါင်းလယ်ယာအတွက် လုပ်ရတယ်။ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးလုပ်ရ တယ်။ လုပ်စရာအများကြီးဘဲခင်ဗျ။ခင်ဗျားတို့ သဘောကတော့ အားလုံးပြီးစေချင် မှာပေါ့။ စုပေါင်းလယ်ယာလဲ ဖွဲ့ပြီးရမယ်။ ကုလတ်တွေကိုလဲ ခြေထောက်ရိုက်ချိုး ပြီးရမယ်။ ပြီးတော့၊ မျိုးစေ့လဲစုဆောင်းပြီးရှိနေရမယ်။ ဒါတွေ တပြိုင်နက် ဘယ်ပြီး နိုင်ပါမလဲဗျ။ ခင်ဗျားလုပ်စေချင်တာတွေလုပ်မယ်။ဒါပေမယ့် ဒီ လျင်စလိုတော့ ဖြစ် မယ် မထင်ဘူး။ အချိန်တွေရှိသေးတာဘဲ"

"ခရိုင်ကော်မတီက ရဲဘော်ကြီးတွေက ကျုပ်ကို အသက်မရှူနိုင်အောင် ခိုင်း တာဗျ။ ဒါကြောင့် လောရတာ။ မျိုးစေ့ စုဆောင်းတဲ့အဖွဲ့က ဖေဖဝါရီလဆန်း တရက်မတိုင်မီ စုပြီး ဆောင်းပြီး လုံလုံလောက်လောက် ရှိနေရမယ်။ ဒါပေမယ့် ခင်ဗျားဟာက"

"အဲဒါကို ဆဲ ငါးရက်နေ့အပြီး လုပ်မယ်ဗျာ။ ဖေဖဝါရီမှာ စိုက်ရေးပျိုးရေး စသေးတာမှ မဟုတ်ဘဲ။ဒီနေ့ဘဲ ရဲဘော် တယောက်ကို တူဗျန်စကွ ြင်လွှတ်လိုက်တယ်။ စပါးလှေ့စက် သွားအယူခိုင်းတာဗျ။ အဲဒီကစုပေါင်းလယ်ယာဥက္ကဋ္ဌကြီးကလဲ ကျုပ် တို့ကို အရှုံးလုပ်နေတာ။ စက်ကြီး ဘယ်တော့လောက်အားမလဲလို့ စာရေးမေးနေ တာကြာပြီ။ မကြာခင် ရပါမယ်တဲ့။ သူ့မကြာခင်ဆိုတာက အမယ်လေးဗျာ ကမ္ဘာ လဆန်းမှ ရတော့မှာ ထင်ပါရဲ့"

"သူများအကြောင်း မပြောပါနဲ့လေ။ ခင်ဗျား အကြောင်းဘဲ ပြောစမ်း ပါအုံး"

"ကျွန်တော်တို့ ကျွဲနွားမသတ်ရေးတိုက်ပွဲအဆုံးသတ်ပြီဗျာ။ ခုမသတ်ကြတော့ ဘူး။ မကြာခင်ကဘဲ ကြက်၊ ဝက်၊ ဘဲ တို့ကိုစုပေါင်းလယ်ယာပိုင်လုပ်လိုက်တယ်။သတ် မယ့်အန္တရာယ်ကိုကာကွယ်ရအောင်ဘဲ။ဒါပေမယ့် ကြက်တွေပြန်ပေးဖို့ နာဂူနေ့ကို ပြောခဲ့ပြီ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာလို့ အဲဒီကြက်တွေသိမ်းရတာလဲဗျ"

"ဒီကိစ္စ မှားတယ်လို့ ကျွန်တော်မြင်တယ်။ ခုမလိုသေးဘူးလို့ မြင်တယ်"

"စုပေါင်းလယ်ယာအသင်းဝင် လယ်သမားတွေက သိမ်းဖို့ဆုံးဖြတ်သလား"

"ဟုတ်တယ်လေ။ သူတို့ဆုံးဖြတ်တာဘဲ"

"ဒါဖြင့် ဘာကိစ္စရှိလဲဗျ။ ရှင်းနေတာဘဲ"

"ဒီလိုဗျ။ ကြက်တွေသိမ်းပြီး ကြည့်မယ့်သူမရှိဖြစ်နေတယ်။ ဒီတော့ အသင်းဝင်တွေစိတ်ခါတ်ကျဆင်းကုန်တယ်။ အဲဒီလိုအသေးအဖွဲ့လေးတွေမှာ သူတို့ကိုဒုက္ခပေးစရာမလိုဘူးထင်တယ်။ ကျွန်တော်တို့လမ်းစဉ်မှာလဲ ကြက်ဘဲဘဲတို့ကို စုပေါင်းလယ်ယာပိုင်သိမ်းဖို့မလိုဘူးထင်တယ်။ ကျွန်တော်တို့ တည်ဆောက်နေတာက စုပေါင်းလယ်ယာဘဲ။ ဘုံရိပ်သာတည်ဆောက်နေတာမှမဟုတ်ဘဲ"

"အင်း၊ ဒါကတော့ အလွန်ကောင်းတဲ့ သဘော တရားပေဘဲ။ ဒါပေမယ့် ကြက်တွေပြန်ပေးဖို့ ဘာအကြောင်းရှိသလဲ။ ပထမကတည်းက မသိမ်းယင် ပြီးတာဘဲ။ သိမ်းပြီးမှတော့ ပြန်ပေးဖို့မလိုဘူး။ ခင်ဗျားတို့ဟာက အဲဒီ ကြက်ဘဲနဲ့ဘဲ အချိန်ကုန်နေဟန်တူတယ်။ မျိုးစေ့မစုဘူး။ စုပေါင်း လယ်ယာက ရာနှုန်းပြည့် မအောင်မြင်သေးဘူး။ လယ်ယာပစ္စည်းတွေ မပြင်ဆင်ရသေးဘူး"

"ဒီနေ့ဘဲ ရွာပန်းဘဲဆရာနဲ့ ပစ္စည်းတွေပြင်ဖို့ စီစဉ်ခဲ့တယ်ဗျာ"

"ဒါပေမယ့် ခင်ဗျားတို့လုပ်ငန်းက တယ်နှေးတာဘဲ။ ခင်ဗျားတို့ဆီဝါဒဖြန့်ချိရေးအဖွဲ့တခုလွှတ်မှ ဖြစ်မယ်။ သူတို့က ခင်ဗျားတို့ကိုသင်ကြားပေးလိမ့်မယ်"

"တဖွဲ့တော့ လွှတ်ဖြစ်အောင်လွှတ်ပါဗျာ။ ကောင်းတာပေါ့"

"ရော့ ဆေးလိပ်သောက်အုံး" အတွင်းရေးမှူးကစီးကရက်ဘူးထုတ်၍တည်သည်။ "ဒါပေမယ့် ခင်ဗျားတို့လုပ်တာက ဖုတ်ပူမီးတိုက် ဖြစ်လွန်း အားကြီးတယ်။ တယ်လီဖုန်းနဲ့ဆက်ပြီး ချက်ချင်းဘဲ ကုလတ်တွေ တလှေကြီးရောက်လာတယ်။ ကျုပ်တို့ဘာလုပ်ရမလဲ။ တိုင်းကော်မတီကလဲ ညွှန်ကြားချက်မရှိဘူး။ သူတို့အတွက်မီးရထားတစီးလောက်ရှာမှဖြစ်မယ်။ ဘယ်လိုလုပ်ပြီး သူတို့ကို ပို့ရမလဲ၊ ကဲကြည့်လေ၊ ခင်ဗျားတို့လုပ်ပုံ အစီအစဉ် မရှိတာတွေ။ ကျုပ်တော့ အဲဒီ လုပ်ဟန်ကို သဘော မတူနိုင်ဘူး"

"ကျုပ်တို့မှာလဲ အဲဒီကုလတ်တွေ ဘယ်သွားထား မလဲဗျ"

ဒါဗီးဒေါ့သည် စိတ်တိုလာသည်။ ထို့ကြောင့် စကားပြော မြန်လာသည်။ ခပ်ပြတ်ပြတ်ပင် ပြောလာသည်။

"ဒါဖြင့် ကျုပ်တို့ ဘာလုပ်ရမလဲ။ ကိုယ့်လည်ပင်း စင်းပေးလိုက်ဖို့ ရှိတယ်။ ဒီကောင်တွေက ဆင်းရဲတဲ့ လယ်သမားကြီး ခေါပရော့နဲ့ သူ့ပိန်းမကို သတ်သွားတယ်ဗျ။ နောက်တခါဆိုယင် ကျုပ်တို့လည်ပင်း ဖြတ်မှာဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အို၊ သူတို့ သတ်တယ်လို့ အကြောင်းခိုင်လုံရဲ့လား။ တခြားအကြောင်းကြောင့် ဖြစ်မှာပေါ့" အတွင်းရေးမှူးက ဖြတ်ပြောသည်။

"ခင်ဗျားတို့ဆီက အင်စပိတ်တော်ကလဲ မဟန့်ပါဘူးဗျာ။ ဒါကြောင့် အမှုမပေါ်တာပေါ့။တခြား ဘာအကြောင်းမှမရှိဘူး။ဒါဟာ ကုလတ်တွေရဲ့လက်ချက်ဘဲ။ စုပေါင်းလယ်ယာအသင်းမဖွဲ့နိုင်အောင် လုပ်တာ။ ခင်ဗျား ဒါတွေ ဘာသိသလဲ။

"ခက်တယ်။ ခင်ဗျား လုပ်ပုံကိုင်ပုံ သတိထား။ ခင်ဗျားမှာ ကိုယ့်အထင်နဲ့ ကိုယ်လုပ်နေတာဘဲ။ညွှန်ကြားချက်တို့ စီမံကိန်းတို့ကိုလိုက်နာတာမဟုတ်ဘူး။ပထမဆုံး ကျူပ်တို့ဆီ ကုလတ်တွေ တလျှောက်ကြီးပို့တယ်။ သူတို့စီးတဲ့လှည်းကိုတောင် ခရိုင်အထိဘဲ အသုံးပြုခွင့်ပေးတယ်။ ဘာလို့ မြို့အထိ တိုက်ရိုက်မပို့တာလဲ။ ဘာလို့ ဘူတာရုံအထိ တိုက်ရိုက်မပို့တာလဲ။ ခင်ဗျား အမြင်တယ်ကျဉ်းတာဘဲ"

"လှည်းတွေက ကျွန်တော်တို့ သုံးချင်သေးတာကိုးဗျ"

"အဲဒါပြောတာဘဲ။ခင်ဗျား တယ်အမြင်တိုတယ်ဆိုတာ။ ကဲ တော်လောက်ပြီ။ ရော့ ခင်ဗျားတို့အတွက် ညွှန်ကြားချက်တွေ။ မျိုးစေ့ကိစ္စ ပြီးအောင် လုပ်။ စိုက်တဲ့စက်ကိရိယာတွေ ပြင်ဆင်။ စုပေါင်းလယ်ယာအသင်းကို ရာနှုန်းပြည့် အောင်မြင်ပေစေ။ ခင်ဗျားတို့ အသင်းကတော့ သီးခြား သဘောထားရမှာဘဲ။ မြို့နဲ့ ဝေးတယ်။ အဆက်ပြတ်တယ်။ တိုင်းက လူတွေကလဲဗျာ ဘာတွေလုပ်နေမှန်း မသိဘူး။ ရောမ အသင်းကြီးတွေ တည်ဆောက်ရမယ်တဲ့။ နောက်တခါကျတော့ အဲဒါတွေမဟုတ်ပြန်ဘူးတဲ့။ ဖျက်လိုက်အုံးတဲ့။ လူကို ရှုးချာချာဖြစ်နေတာဘဲ"

အတွင်းရေးမှူးသည် ခေါင်းကို ကုတ်နေသည်။ ထိုနောက် လေသံပြောင်းကာ ဆက်၍ပြောပြန်သည်။"လယ်ယာသမဂ္ဂကိုသွား။ခင်ဗျား စီမံကိန်းချထားတာကို ဟိုမှာ အတည်ပြုပေါ့ဗျာ။ အဲဒီက ဆိုင်မှာ စားပေသောက်ပေတော့။ စားဖို့ နောက်ကျယင် ကျွန်တော့်အိမ်ပြန်လာခဲ့။ ကျွန်တော့်မိန်းမက တခုခု ကျွေးပါလိမ့်မယ်။နေအုံးဗျ။ ကျွန်တော် စာတစောင်ရေးပေးလိုက်အုံးမယ်" ဟု ဆိုကာအတွင်းရေးမှူးသည် စာတစောင်ရေးသည်။ ပြီးလျှင် ထိုစာကို ဒါဗီးဒေါ့သို့ပေးသည်။ ထိုနောက် စာပွဲတွင် အလုပ်လုပ်ရန် ဟန်ပြင်နေလေသည်။

"ကဲ ကဲ ပြီးယင် တခါထဲပြန်ပေါ့။ ခင်ဗျားတို့သတင်းတော့ အစည်းအဝေးမှာ တင်ပြမယ်။ အေးလေဗျာ မပြောသေးတာ ကောင်းပါတယ်"

ဒါဗီးဒေါ့သည် အတွင်းရေးမှူးထံမှ ထွက်လာခဲ့သည်။ လမ်းတွင် သူရေးပေးလိုက်သည့် စာကိုဖတ်ကြည့်သည်။ 'လီဇာ။ ယခုစာယူလာသူအတွက် ညစာ ချက်ချင်းပြင်ဆင်ပေးလိုက်ပါ။ ဂျီ၊ ကော်ရှင်းစကီ'

'အို၊ စာယူမသွားဘဲသွားတာကောင်းသေးတယ်' ဒါဗီးဒေါ့သည် ဤသို့ ချက်ချင်းဆုံးဖြတ်ကာ လယ်ယာသမဂ္ဂသို့ လာခဲ့လေသည်။

---

www.facebook.com/NyisayEbookCreator
www.nyisay.com



စီမံကိန်းအရ ဆိုလျှင် မိုးဦးကျတွင် ဂရယ်မျချီရွာ၌ ကေပေါင်း ၁၁၆၆ ကေ စိုက်ပျိုးရမည်ဖြစ်သည်။ ယင်းအနက် ၂၇၂ ကေမှာ တောရှင်းမြေဖြစ်သည်။ ပြီးခဲ့သည့် ဆောင်းဦးပေါက်က ကေပေါင်း ၁၅၀၀ ကို တဦးချင်း စိုက်ပျိုးခဲ့သည်။ ယင်းတို့အနက်မြင်းစားဂျုံ ၅၁၀ ကေပါသည်။ စိုက်ပျိုးနိုင်သည့်မြေကေများတွင် ၁၆၄၇ ကေကိုဂျုံအတွက်ရင်း၊ ၅၁၀ ကေကိုမြင်းစားဂျုံအတွက်ရင်း၊ ၂၆၇ ကေကို ဘာလီအတွက်ရင်း၊ ၁၂၃ ကေကို အုတ်ခေါ်မြင်းစားဂျုံအတွက်ရင်း၊ ၁၆၁ ကေကို နှံစားပြောင်းအတွက်ရင်း၊ ၄၁၃ ကေကို ဖူးစားပြောင်းအတွက်ရင်း၊ ၁၂၁ ကေကို နေကြာအတွက်ရင်း လျာထားထားသည်။ အားလုံးစုစုပေါင်း ၃၂၇၃ ကေဖြစ်သည်။ ထိုအထဲတွင် ရွာတောင်ဖက်က သံဆံမြေ ၂၂၅ မပါသေးချေ။ ထိုသံမြေတွင်ကား ဖရဲသီးစိုက်မည်ဟု ရည်ရွယ်ထားသည်။

ဖေဖေါ်ဝါရီ ၁၂ ရက်နေ့တွင် လယ်ယာပစ္စည်းထုတ်လုပ်သူများ၏ အစည်းအဝေးကျင်းပသည်။ စုပေါင်းလယ်ယာအသင်းဝင် လေးဆယ့်ငါးယောက် တက်ကြသည်။ အစည်းအဝေးတွင် မျိုးစေ့စုဆောင်းရေးကို စဉ်းစား ဆွေးနွေးကြသည်။ ထိုပြင် လက်တွေ့လုပ်ငန်းအတွက် တာဝန်ခွဲဝေရေးကိုရင်း၊ စက်မှုကရိယာတို့ ပြင်ဆင်ရေးကိုရင်း၊ ကျွဲစာနွားစာ ကိစ္စတို့ကိုရင်း စဉ်းစားကြသည်။

ယာကွတ်လူးကမ်က အကြံပေးသည့်အတိုင်း တကေလျှင် ဂျုံသုံးတင်းစိုက်ရန် ဒါဗီးဒေါ့ကတင်ပြသည်။ လိုအခါ အစည်းအဝေးတခုလုံး ဆူဆူညံညံဖြစ်သွားသည်။ တယောက်တခွန်း ဝေဖန်ကြသည်။ ဆွေးနွေးကြသည့် စခန်းထက်ကျော်ကာ ထင်ရာမြင်ရာ တယောက်တပေါက် ပြောကြလေသည်။ တစ်ကောဒအိမ်ပြတင်းပေါက်များမှာ စကားသံများကြောင့် လျှင်လှုပ်သည့်နှယ် တုန်လှုပ်သွားသည်။

"မျှားလိုက်တာခင်ဗျာ"

"မျှားရောဘာဖြစ်လဲဗျ။ ခင်ဗျားကို ထိခိုက်လို့လား"

"တသက်နဲ့တကိုယ် မကြားဘူးပေါင်ဗျာ"

"အလွန်ဆုံး ပျိုးအတွက် နှစ်တင်းပေါ့ခင်ဗျာ"

"ထားပါတော့ နှစ်တင်းခွဲ"

"ဒီမှာ ပျိုးသုံးတင်း ကြဲနိုင်လောက်အောင် ကောင်းတဲ့မြေမရှိဘူးခင်ဗျ။ ဦးနှောက်လေးလဲ အသုံးပြုကြအုံးမှပေါ့ဗျာ။ ဘယ့်နှယ်စီမံကိန်းတွေလဲ"

"ရဲဘော်ကြီးများ ခင်ဗျား။ သိပ်ကျယ်ကျယ် ပြောနေစရာမလိုပါဘူး။ ကျွန်တော်တခု အမိန့်ရှိပါရစေ"ဟု လုဗစ်ရှကင်၏ အသံကိုကြားရသည်။

"နားထောင်ကြဟေ့"

"ဟဲ့ကောင် အစ်ဂနက်၊ နင်အော်လှချည်လား။ ကျွဲအော် နွားအော် အော်နေတာကိုးကွ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အမယ်လေး၊ ခင်ဗျားပါးစပ်ကရော အမြုပ်တစီစီနဲ့"

"လုဗစ်ရှကင် ပြောပါစေဗျို"

"တိတ်ကြဟေ့။ နားညည်းလှပြီ"

အစည်းအဝေးသည်အသံဗလံများဖြင့် ဆူညံနေသည်။ ကြာသော် သည်းမခံနိုင်သဖြင့် ဒါဗီးဒေါ့သည် ဒေါသသံဖြင့် ကြိမ်းဝါးလေသည်။

"ခင်ဗျားတို့လိုအစည်းအဝေးမျိုး ကျုပ်တခါမှမတွေ့ဘူးဘူး။လူတိုင်း ပြောချင်တာ ပြောရပါစေ့မယ်ဗျာ။ ဒါပေမယ့် တယောက်ပြောနေတုန်း ကျန်တဲ့လူက နားထောင်နေမှပေါ့ဗျ။ အခုခင်ဗျားတို့ဟာက ကုလားတိုက် ကျွဲဝင်ကိုက်သလိုဘဲ" အစည်းအဝေးသည် ငြိမ်သက်သွားသည်။ ထိုအခါတွင်မှ ဒါဗီးဒေါ့က လေသံအေးအေးဖြင့် ဆက်၍ပြောသည်။

"ခင်ဗျားတို့တတွေဟာ အလုပ်သမားလူတန်းစားဆီက အများကြီးပညာယူဖို့လိုသေးတယ်။ အစည်းအဝေးနဲ့ တူအောင် သူတို့ ဘယ်လိုကျင်းပတယ်ဆိုတာ လေ့လာဖို့ကောင်းတယ်။ ကျွန်တော်တို့အလုပ်သမား အစည်းအဝေးတွေဆိုယင် သိပ်ပြီး စည်းကမ်းရှိတယ်။ တယောက်ပြောနေတုန်း ကျန်တဲ့လူတွေကနားထောင်နေကြတယ်။ ခင်ဗျားတို့ကတော့ ဝိုင်းအော်နေတာဘဲ။ ဘာမှန်းလဲမသိဘူး"

"တယောက်ပြောနေတုန်း ဝင်ပြောတဲ့လူတော့ ဟောဒီလက်နက်နဲ့ တီးမယ်" လုဗစ်ရှကင်က သစ်သားမင်းတုန်းကြီးတခုကို ထောင်ပြသည်။

"ဒါကြီးနဲ့သာ ဆော်မယ်ဆိုယင် အစည်းအဝေးလဲပြီးရော ဒို့တတွေ တယောက်မှ အသက်နဲ့ကိုယ် မြဲဖို့မရှိဘူးဟေ့" ဒယ္ဗမ်ကာက မှတ်ချက်ချလိုက်သည်။ ထိုအခါ အစည်းအဝေးခန်းမကြီးတခုလုံး ဒယ္ဗမ်ကာ၏ ပြက်လုံးကို သဘောတွေ့ကာ တဟားဟားရယ်ကြသည်။ ထိုနောက် အစည်းအဝေးသည် ငြိမ်သက်သွားသည်။ တယောက်ပြီးတယောက် ပြောကြသည်။ မျိုးစေ့အကြောင်းကို ဆွေးနွေးကြသည်။ သဘောချင်းကွဲလွဲကာ ပြင်းပြင်းထန်ထန် ပြောဆိုကြသည်။ ယာကွတ်လူးကစ်က ဝင်၍ ပြေလည်အောင် ဖြေရှင်းပေးသည်။

"ဒါလောက်လဲ အငြင်းပွားစရာ မလိုပါဘူးဗျ။ ဒီက ရဲဘော်ကြီးဒါဗီးဒေါ့က တကေ သုံးတင်းစိုက်ဖို့ တင်ပြတာဘဲ။ ဒါကရှင်းပါတယ်ဗျာ။ သုံးတင်းစိုက်ပေမယ့် မကောင်းတာတွေ အဖြုန်းတွေ ရွေးထုတ်လိုက်ယင် ခင်ဗျားတို့လိုချင်တဲ့ စံချိန်ကိုက်သွားမှာဘဲ။ ကျန်တဲ့ မကောင်းတာကို ကြက်စာ ဘဲစာကျွေးရတာပေါ့ဗျ"

သို့ဖြစ်ရာ အားလုံး တညီတညွတ်တည်း သုံးတင်းစိုက်ရေးကို ဆုံးဖြတ်အတည်ပြုလိုက်ကြသည်။ လုပ်ငန်းတာဝန်ခွဲသည့်အခါ၌ကား ဆုံးဖြတ်ရ မလွယ်လှ။ သဘောကွဲလွဲမှုအများအပြားရှိလေသည်။ ဒါဗီးဒေါ့သည် စိတ်ရှုပ်လာသည်။

"ခင်ဗျားတို့ဟာ စစ်မရောက်ခင်က မြားကုန်နေတာကိုဗျ။ မိုးဦးက ဘယ်လိုကျမယ်မသိဘူး။ ခုကထဲက စီမံကိန်းချနေတယ်။ နှင်းတွေက ဘယ်တော့ အရည်ပျော်မယ် မသိဘူး။ နှင်းပျော်ယင် သူ့အောက်က မြေကြီးက ဘယ်လိုနေမယ် မသိဘူး။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခင်ဗျားတို့ မြေကြီးအထဲ ဘာရှိတယ်သိသလား” ဒပ်ဗဆော့ကဒါဗီးဒေါ့ကိုအော်၍ မေးသည်။

“ဒါဖြင့် ခင်ဗျားက ဘယ်လို အကြံပေးချင်သလဲ”

“ခုနေဘာမှ ရေးထားမှတ်ထားဖို့မလိုသေးဘူး။ စိုက်ချိန်တန်တော့ ဘယ်လို စိုက်ရမယ်ဆိုတာ မြေကြီးကို ကြည့်ပြီး သတ်မှတ်တာပေါ့”

ဒပ်ဗဆော့သည် စိုက်ပျိုးရေး တတိယအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။

“ခင်ဗျား အဖွဲ့ခေါင်းဆောင် မဟုတ်လား။ ဒါနဲ့တောင် ခင်ဗျားက စိမံကိန်းနဲ့ လုပ်တာကို ဆန့်ကျင်နေတယ်ပေါ့။ စိမံကိန်းမရှိဘဲ လုပ်နိုင်မယ်လို့ ခင်ဗျား ထင်သလား”

“ဘယ်ကိစ္စဖြစ်ဖြစ် တင်ကြိုပြီးလို့တော့ ဘယ်ပြောနိုင်မလဲဗျာ” လူးကစ်သည် ဒပ်ဗဆော့ကို ထောက်ခံလေသည်။ “တာဝန်းကို ဘယ်လိုကြိုပြီး ခွဲမလဲ။ ခင်ဗျားမှာ နွားသုံးရှဉ်းရှိတယ် ဆိုကြပါစို့။ နွားကလဲ နွားကောင်းဗျာ။ ကျုပ်မှာတော့ သုံးနှစ် သား နွားပေါက်လေးဘဲ ရှိတယ်။ ခင်ဗျားလောက် ဘယ်ထွန်နိုင်ပါ့မလဲဗျ”

ဤနေရာတွင် ကွန်ဒရတ်က ဖြည့်စွက်လေသည်။

“ကျွန်တော်တို့ မန်နေဂျာကြီး ဒီလိုပြောတာ အံ့သြစရာဘဲ။ ခင်ဗျား ဒီလိုဘဲ ယူဆနေသလား။ ကျွန်တော်တို့က တနေ့လုံး ထွန်ပေါ်ကမဆင်းဘဲ ထွန်နေရမှာလား။ ခင်ဗျားလဲ ဒီလိုဘဲ ထွန်မလား။ ဒီလိုဆိုယင် ကောင်းပါ့ဗျာ”

“ခင်ဗျားထက်တော့ မလျော့စေရဘူး။ ကွန်ဒရတ်။ ခင်ဗျားမှာရှိတဲ့ နွားနဲ့ ရတဲ့ မြေနဲ့ ဘယ်လိုအကွက်ချမလဲ။ ခင်ဗျားရတဲ့မြေက ပျော့မယ်။ ကျုပ်မြေက မာမယ်။ ခင်ဗျားမြေက မြေနိမ့်ဖြစ်မယ်။ ကျုပ်မြေက တောင်ကုန်းပေါ်မှာ ဖြစ် မယ်။ ကဲ ကဲ ခင်ဗျားဘဲ ပြောစမ်းပါအုံး”

“မာတဲ့မြေ အတွက် တာဝန်းတမျိုး၊ ပျော့တဲ့ မြေအတွက် တမျိုးပေါ့ဗျ။ နွားသုံးတာလဲ မြေကို လိုက်လို့ပေါ့။ အားလုံးထည့် စဉ်းစားရမှာပေါ့”

“ဥရှကော့ ပြောချင်လို့ပါတဲ့ ခင်ဗျား”

“ပြောလေ ပြောပါ”

“ကျွန်တော်ပြောချင်တာကတော့ ဒီလိုပါ။ ကြုံတဲ့နွား၊ လှိုတဲ့ နွားတွေကို လုပ်ငန်းမစမီ တလလောက်က ကောင်းကောင်း ကျွေးထားရမယ်။ ဒါကိုတော့ ကျွန် တော်တို့အားလုံး နားလည်ကြသားဘဲ။ ဒါပေမယ့် နွားစာအတွက်က ခက်တယ်။ အစိုးရကို ပေးလိုက်ရတဲ့ သီးထွက်မှာ နွားစာတွေလဲ ပါကုန်ပြီဗျ”

“ကျွဲနွားအကြောင်း နောက်တော့ ပြောတာပေါ့ဗျာ။ ခု စဉ်းစားနေတာ က ဒီကိစ္စ မရောက်သေးပါဘူး။ တာဝန်း ခွဲဝေဖို့ဘဲ လုပ်ကြပါအုံး”

ဒမ်မစ်သည် တချိန်လုံး စကား မပြောဘဲ ကြည့်နေသည်။ ဒါဗီးဒေါ့က “ပြောလေဗျာ ခင်ဗျား သဘောထားကို” ဟု ဆိုသောအခါ “ကျွန်တော် သဘော တူပါတယ်” ဟု ဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာကို သဘောတူတာလဲဗျ"

"ကျွန်တော်တို့ ထွန်ရမယ်။ ပြီး၊ ပြီးတော့ စိုက်ရမယ်"

"ဒါတော့ဟုတ်ပြီ"

"ဒါဘဲပေါ့"

"နောက်ထပ်ရော ဘာပြောချင်သေးသလဲ"

ဒမ်မစ်က ခေါင်းခါသည်။ ဒါဗီးဒေါ့သည် တစုံတခု မှတ်ချက်ချလိုက်သည်။ "ဒါဖြင့်လဲ ဒါဘဲပေါ့"ဟု ဆက်လိုက်သည်။ပရိသတ်သည် ဟားတိုက်ရယ်ကြလေသည်။

ရှယ်ရှုကာ ထလိုက်ပြန်သည်။ သူသည် ဒမ်မစ်အဘွက် ရှေ့နေလိုက်ပေးသည်။

"ကျွန်တော်တို့က သူ့ကို တေမိလို့ ခေါ်တယ် ခင်ဗျ။ တသက်လုံး စကား မပြောဘူး။ အရေးတကြီးရှိယင်လဲ မပြောဘူး။ သူ့မိန်းမက ဒါ့ကြောင့် သူ့ကို ပစ် သွားတာ။ နည်းနည်းကြောင်နေတာပေါ့ ခင်ဗျာ။ ကလေးတုန်းကလဲ ဘောင်းဘီ မပါဘဲ ရှောက်ပြေးနေတာဗျ။ နည်းနည်းထုံနေတယ်နဲ့တူတယ်။ အယ်တုန်းကတော့ ဘုရားရှိခိုးကျောင်းက ဘုန်းကြီးက သူ့ကို လက်မခံဘူး။ ဘုရားရှေ့ အပြစ်ဝန်ခံတဲ့ အခါမှာတောင် ဘာ မေး မေး မဖြေဘူး။ တခွန်းဘဲ သူပြောတယ်။ အရှင်ဘုရား တပည့်တော် အပြစ်ကျူးလွန်ခဲ့ပါတယ်တဲ့ ဒါဘဲ"

"အဲဒီပါးစပ်ထဲ ခြေအိတ်ဆို့ထားဗျာ" အားလုံးရယ်ကြလေသည်။ရှယ်ရှုကာ စကားကြောရှည်သည်ကို အားလုံးက သိနေကြသည်။

"ကဲ၊ ခင်ဗျားစကား အဆုံးသတ်တော့ဗျာ။ ဒီမှာ အဓိပ္ပာယ် ဘာမှမရှိဘူး" ဒါဗီးဒေါ့က စိတ်မရှည်တော့ဘဲ ပြောလိုက်သည်။

"ဆိုင်လာပါစေ့မယ် ရဲဘော်ကြီး ဒါဗီးဒေါ့ ခင်ဗျာ။ ခုမှ အစရှိသေးတယ် ခင်ဗျ။ ဘုန်းကြီးက မေးတယ်။ မင်း ဘာပြစ်မှုကျူးလွန်သလဲ။ အိမ်နီးချင်း နွား ခိုးသလား။ သူများမိန်းမ ကြာခိုသလား။ ဒါပေမယ့် မဖြေဘူး"

"ခင်ဗျား ခုထက်ထိ မဆုံးသေးဘူးသား" နာဂူနော့က အော်သည်။

"နာဂူနော့ကလဲဗျာ။ ခင်ဗျား အယင်နှစ်က မေဒေးတုန်းက ခင်ဗျားပြောတာ ဒီ့ထက်ရှည်သေးတယ်။ ကမ္ဘာ့ တော်လှန်ရေးကြီးအကြောင်း ပြောလိုက်တာ နေ့လယ် ကထဲက စတာ ညနေ နေစုပ်စုပ်ဝင်တဲ့အထိဘဲ။ ခင်ဗျားပြောတာလဲ အဲဒီစကား တွေဘဲဗျ။ ထပ်ခါတလဲလဲဘဲ။ အဲဒီတုန်းက ကျုပ် တနေကုန် နားထောင်ခဲ့တာဘဲ။ ဘာဝင်ပြောလို့လဲ။ ခု ခင်ဗျားက ကျုပ်ပြောတော့ ဝင်စွက်နေပြီ"

"ကဲ ကဲ အဖိုးကြီး ပြီးအောင် ပြောပါစေ။ ကျွန်တော်တို့ အချိန်ရှိသားဘဲ" ရတ်ဇမျော့နော့က သဘောတွေသွားကာ ထောက်ခံလိုက်သည်။

"ဒီတော့ ဒမ်မစ် ဘာလို့ စကားမပြောသလဲ ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ဘုန်းကြီးလဲ ခေါင်းရှုပ်သွားတယ်။မင်း အ လို့ ဆွံ့လို့ စကားမပြောတာလားဆိုတော့ သူက ဘုန်းကြီးကို မဟုတ်ပါဘူး။ အရှင်ဘုရားပြောတာ နားညည်းလာလို့မပြောတာ ပါလို့ ဆိုတယ်။ ဒီတော့ ဘုန်းကြီးလဲ ဒေါသူပုန်ထတာပေါ့။အနားမှာ မိန်းမတွေလဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှိတယ်ဗျ။ ဒီတော့ ဘုန်းကြီးမှာလဲ မကြားနိုးနား ဆိမန်း မန်းသလိုနဲ့ 'ဟဲ့ကောင် ဒါဖြင့် နင်ဘာလို့ ဒီနားမှာ ကျောက်တိုင်ကြီးလို ရပ်နေရတာလဲဟဲ့'လို့ ကြိမ်းသဗျ။ ပြီးတော့ ဖယောင်းတိုင်ထွန်းတဲ့ဟာနဲ့ မျက်လုံးနှစ်ခုကြားပေါက်လိုက်တာဘဲ"

"မဟုတ်ဘူး။ ဒါ လိမ်တာ။ အဲဒီတုန်းက ကျုပ်ကို မတိဘူးဗျ" ဒမ်မစ်က ထရှဲ့အော်သည်။ အားလုံး ရယ်ကြလေသည်။

"ဟုတ်လား ဒမ်မစ်" အဖိုးကြီးက အတည်ပြုသလို မေးသည်။ "ဒါပေမယ့်လဲ ဘုန်းကြီးကတော့ ဆွဲထိုးချင်မှာဘဲခင်ဗျ။ဒါနဲ့ဘဲ ဘုန်းကြီးက သူ့ကိုဘုရားကျောင်း အလာမခံတော့ဘူး။ ဒါ့ပေမယ့် သူ့အတွက် မပူကြပါနဲ့။ ဒမ်မစ်ကတော့ စကား ပြောမှာ မဟုတ်ဘူး။ စကားပြောဖို့က ကျွန်တော်တို့ တာဝန်ထားပေါ့ ခင်ဗျာ။ ကျွန်တော် ပြောတဲ့ တန်ဖိုးရှိတဲ့ စကားတွေဟာ ငွေနဲ့တူပါတယ်။ ဒါပေမယ့် တိတ်တိတ်နေသော် ထောင်တန် ဆိုတာမျိုးလဲ ရှိတယ်မဟုတ်လား ခင်ဗျ။ သူ့စကား မပြောတာကတော့ ရွှေနဲ့တူပါတယ်။ ဟုတ်ရဲ့လား"

"အင်း ခင်ဗျားငွေတွေအားလုံး ရွှေလုပ်ပြစ်လိုက်ယင် ကောင်းမှာဘဲ။ ဒါမှ တခြားလူတွေ သက်သာရာရမယ်" နာဂူနော့က ငေါ့လိုက်သည်။

ရယ်သံများ ထွက်လာသည်။ ထိုနောက် ငြိမ်သွားသည်။ ရှယ်ရှကာ စကား ကြော ရှည်နေသဖြင့် အစည်းအဝေးတွင် အလုပ်စခန်းပျောက်နေသည်။ ထိုကြောင့် ဒါဗီးဒေါ်က သတိပေးလိုက်သည်။

"ကဲ ခင်ဗျား တခန်းအတွက် ဘာပြောချင်သလဲ။ အလုပ်အကြောင်း ပြော စမ်းဗျာ"

"ကျွန်တော်လား ဘာမှ မပြောလိုပါဘူး။ ကျွန်တော် ဒမ်မစ်အကြောင်းသာ ပြောနေတာပါ"

"ဒါဖြင့် ဒီအစည်းအဝေးမှာ ခင်ဗျားနောက်ထပ် စကားမပြောရဘူး။ ပြော ယင် အလုပ်အကြောင်းဘဲပြော။ ရယ်စရာ နောက်မှ ပြော။ ဒါဘဲ"

"တနေ့ တတိုးထွန် နှစ်ကေခွဲ" အိုင်ဗင်ဆိုသူက တင်ပြသည်။

သို့ရာတွင် ဒပ်ဗဆောဘ့က ယှဉ် အော်သည်။ "ခင်ဗျားရူးနေသလား။ ခင်ဗျား မိန်းမကို သွားပြီးပြောချည်။ ဘယ်နည်းနဲ့မှ မပြီးနိုင်ဘူး။ ခင်ဗျားပါးစပ်က အမြုပ် တစီစီထွက်အောင်လုပ်အုံး မပြီးနိုင်ဘူး"

"ကျုပ်လုပ်ခဲ့ဘူးတာဘဲဗျ။ ဒီ့ထက် နည်းနည်းရော့မှာပေါ့"

"တကေထားဗျာ။ ဒါကလဲ မြေမာအတွက်ပါ"

အတော်ကြာ ပြောဆိုကြပြီးနောက် မြေမာအတွက် တတိုးထွန်လျှင် ထကေခွဲ။ မြေပျော့အတွက် နှစ်ကေ သတ်မှတ်လိုက်ကြလေသည်။

မျိုးအတွက်မူ စက်ဆဲ့တလုံးခုတ်က ရှစ်ကေ၊ ဆဲ့သုံးလုံးခုတ်က ဆယ်ကေ၊ ဆဲ့ခုနစ်လုံးခုတ်က ဆဲ့နှစ်ကေ သတ်မှတ်ကြသည်။

အသင်းတွင် နွား ၁၀၄ ရှဉ်း၊ မြင်း၇၃ ကောင်ရှိရာ မခက်ခဲလှ။

www.facebook.com/NyisayEbookCreator
www.nyisay.com



"တူဗျုန်စက္ကိုင်မှာ နွားတရှဉ်း ကေနစ်ဆယ်ပြီးတယ်ခင်ဗျ"

"အို သူတို့ဖာသာ အပင်ပန်းခံတာ ခံပေစေပေါ့။ ကျုပ်တို့က မနှစ်က ဆောင်းဦးပေါက်ထဲက ထွန်ထားတာ။ သူတို့သာ ထင်းခွေနေတာနဲ့ အချိန်ကုန်နေတာ"

ထိုနောက် မျိုးစေ့ကို သုံးရက်အတွက် အပြီးစုဆောင်းရန် ဆုံးဖြတ်ကြသည်။ ပြီးလျှင် နွားအနည်းငယ်လေးသူ ပန်းဘဲဆရာ အစ်ပိုလစ်ရှာလေက စကားပြောသည်။ သူသည် နွားလေးသဖြင့် အသံကျယ်ကျယ်ပြောလေသည်။

"ဘာကရိယာဖြစ်ဖြစ် ပြင်လို့ ရပါတယ်။ ဒါပေမယ့် သံက အရေးကြီးတယ်ဗျ။ သံရှိမှဖြစ်မယ်။ ကျွန်တော့မှာ ဘာမှမရှိဘူး။ ကျွန်တော် နက်ဖြန်စမယ်။ အကူတယောက် လိုတယ်။ မီးသွေးလိုတယ်။ ဒါသက်စုပေါင်းလယ်ယာအသင်းက ကျွန်တော့ကို ဘယ်လိုပေးမလဲ"

ဒါဗီးဒေါ့က အခကြေးငွေကို ရှင်းပြသည်။ ထိုနောက် ယာကွတ်အား သံနှင့် မီးသွေးအတွက် ခရိုင်ဌာနချုပ်သို့ သွားရန် တင်ပြသည်။ ထိုနောက် ယာကွတ် စကားပြောလေသည်။

"အရေးကြီးတာက ဘယ်မှာ ဘာစိုက်မလဲဆိုတာပဲ။ လူရယ်။ လူကအသိဉာဏ်ရှိတဲ့ လူဖြစ်ရမယ်ဗျ။ အယင်က အကြံပေး ငါးယောက် ရှိခဲ့ဘူးတယ်။ ဘာမှ အကြံမပေးနိုင်ဘူး။ အခုလုပ်ဖို့က ကော့ဆက် အသက်ကြီးကြီး အတွေ့အကြုံများတဲ့လူ တယောက်လိုတယ်။ မြေအကြောင်း ချေးခါးအူမကစပြီး သိတဲ့လူလိုတယ်။ သိပ္ပံပညာ အကြောင်းလဲနားလည်ရမယ်ဗျ။ ကျုပ်တို့စိုက်ပျိုးရာမှာ သိပ္ပံပညာအတိုင်းစိုက်ရမယ်။ ကျွန်တော့သဘောတော့ ဒီနှစ် ဧကငါးရာစိုက်ရာမှာ ခါဆန်စနစ်အတိုင်း အတန်းလိုက်စိုက်တာပေါ့"

"မကြားဘူးပေါင်ဗျာ"

"ဘယ်လိုဟာလဲ"

"ကဲ ကဲ ပြောစမ်းပါအုံး"ဒါဗီးဒေါ့က ထောက်ပေးသည်။ သူရွေးချယ်သည့် အတွေ့အကြုံများသော မန်နေဂျာအတွက်လည်း ဂုဏ်ယူလိုဟန်တူပေသည်။

"တခြားနာမယ်တခုရှိသေးတယ်။ အတန်းကြဲစိုက်နည်းတဲ့။ အမေရိကန်စနစ်လဲ ခေါ်တယ်ခင်ဗျ။အင်မတန်ကောင်းတဲ့ နည်းပေါ့ခင်ဗျာ။ ဒီနှစ်နေကြာဖြစ်စေ၊ပြောင်းဖြစ်စေ စိုက်။ ရိတ်တဲ့အခါ ပင်စည်အကုန်မရိတ်နဲ့။ ငုံးတိတိထားခဲ့။ နောက်ဆောင်းဦးကျတော့ အကြားမှာ ဆောင်းဂျုံစိုက်"

"ဒါပေမယ့် ဘယ်လိုစိုက်မလဲဗျ။စိုက်တဲ့စက်က အငုတ်တွေ ဝါးသွားမှာပေါ့" ကွန်ဒရတ်က ဝင်၍ထောက်သည်။

"ဘာလို့မဖြစ်ရမှာလဲ။ အတန်းအကြဲကြီးဘဲဟာ။ စက်နဲ့မထိပါဘူး။ အငုတ်တွေကျန်နေယင် နှင်းကျတော့ အငုတ်ကနှင်းကိုစုပ်ယူမယ်။ မြေကြီးမှာ နှင်းကျန်ရစ်မယ်။ နှင်းရည်ပျော်တော့ မြေကြီးထဲမှာ ရေငွေ့ကျန်နေမယ်။ မိုးဦးကျမှာ ဂျုံတွေ ထွက်လာတော့ အငုတ်တွေ ရိတ်ပြစ်လိုက်တာပေါ့။ အင်မတန် ကောင်းတဲ့နည်းဗျ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကျွန်တော်တောင် စမ်းမကြည့်ရသေးဘူး။ ဒါပေမယ့် ဒီနှစ်တော့ စမ်းမယ် စိတ်ကူးတယ်။ မမှားနိုင်ပါဘူးဗျာ"

"ဟုတ်တယ် ဒါကောင်းတယ်။ ကျွန်တော် ထောက်ခံတယ်" ဒါဗီးဒေါ့သည် စာပွဲအောက်မှနေ၍ နာဂူနော့ကို ခြေဖြင့်ခတ်လိုက်ပြီးလျှင် "ကြားရဲ့လား။ခင်ဗျားက သူ့ဆိုယင် အမြဲဆန့်ကျင်နေတာဘဲ"ဟု ဆိုလေသည်။

"အို ကျွန်တော်တော့ ခုထက်ထိသူ့ကို ဆန့်ကျင်တုန်းဘဲ"

"ခင်ဗျား သိပ်ခေါင်းမာတာဘဲ"

အစည်းအဝေးက ယာကွတ်၏အဆိုကိုလက်ခံလေသည်။ ထို့နောက် အစည်းအဝေး ရုပ်သိမ်းလိုက်သည်။ ဒါဗီးဒေါ့နှင့် နာဂူနော့တို့သည် ဆိုဗီယက်အဖွဲ့ရုံးသို့သွားကြသည်။ လမ်းတွင် တုတ်တုတ်ခိုင်ခိုင် လူရွယ်တယောက်ကိုတွေ့ရသည်။ မြို့ကြီးသားဖြစ်ဟန်တူသည်။ သားရေကွတ်အင်္ကျီကြီးဝတ်ထားသည်။ တော့ဘွတ်ကြီး စီးထားသည်။

"ခရိုင်ကနေ့တူတယ်ဗျ"နာဂူနော့က အကဲခတ်လိုက်သည်။

လူရွယ်သည် သူတို့ထံလျှောက်လာပြီးလျှင် စစ်သားကဲ့သို့အလေးပြုလိုက်သည်။

"ဆိုဗီယက်အဖွဲ့ကပါလားခင်ဗျာ"

"ဘယ်သူ့တွေ့ချင်လို့လဲ"

"အတွင်းရေးမှူးဖြစ်ဖြစ်၊ ဥက္ကဋ္ဌဖြစ်ဖြစ်ပေါ့"

"ကျွန်တော်က အတွင်းရေးမှူးဘဲ။ သူကတော့ ဥက္ကဋ္ဌကြီးပေါ့"

"ကျွန်တော် ဝါဒဖြန့်ချိရေးအဖွဲ့ကပါဘဲ။ ရဲဘော်ကြီးတို့ကို ရုံးကစောင့်နေတာပါ" ထို့နောက် လူငယ်သည် ဒါဗီးဒေါ့ကိုကြည့်ကာ"ရဲဘော်က ဒါဗီးဒေါ့လား" ဟု မေးသည်။

"ဟုတ်ပါတယ်"

"ကျွန်တော် ခင်ဗျားကိုမြင်ဘူးသလိုဘဲ။ လွန်ခဲ့တဲ့နှစ်ပတ်လောက်က တိုင်းကော်မတီမှာနေ့တူတယ်။ ကျွန်တော်က မြို့ကဗျ။ ဆီစက်ကစက်မောင်းသမားဘဲ"

ယခုမှပင် နေကြာဆီစော်နံ့ကို ရှူမိသည်။ လူငယ်၏ အင်္ကျီမှ ဆီနံ့သင်းပျံ့နေလေသည်။

## —၂၂—

ဆိုဗီယက် အဖွဲ့ရုံးပေါ်ဝတွင် ပခုံးကျယ်ကျယ် ဝဝ လူတယောက် ဒါဗီးဒေါ့ကို ကျောပေးကာ ရပ်နေသည်။ သူ့ခေါင်းထက်တွင် ကူဗန်ဦးထုပ်ဝိုင်းကြီး ဆောင်းထားသည်။ သူ့ခန္ဓာကိုယ်မှာ ကြီးလွန်းသဖြင့် အပေါက်ကို မမြင်ရ။ ဝက်ဝံကြီးနှင့်တူသည်။

"ဒါ ကျွန်တော်တို့ ဝါဒဖြန့်ချိရေး အဖွဲ့ခေါင်းဆောင် ရဲဘော် ကွန်ဒရတ်ကိုဘဲခင်ဗျ" လူငယ်က မိတ်ဆက်ပေးသည်။ "သူက လူးဂန့် မီးရထားစက်ရုံကဘဲ။ အရွယ်ကတော့ အဖေအရွယ်ပါဘဲ။ ဒါပေမယ့် ကျွန်တော်တို့လို လူငယ်စိတ်ဘဲ ခင်ဗျ"

www.facebook.com/NyisayEbookCreator
www.nyisay.com



အသံများ ကြားသဖြင့် ကွန်ဒရတ်ကိုသည် သူတို့ရှိရာ ဖက်သို့ လှည့်ကာ ပြုံးလိုက်သည်။ သွား ဖွေးဖွေးများ ပေါ်လာသည်။

"အိုး၊ ဆိုဗီယက်ခေါင်းဆောင်များ ထင်ပါရဲ့။ ဘယ့်နှယ် နေကောင်းကြရဲ့နော်" သူသည် ယူကရိန်းလို ပြောသည်။

"ကျွန်တော်က စုပေါင်းလယ်ယာအသင်း ဥက္ကဋ္ဌပါဘဲ ခင်ဗျာ။ သူကတော့ ပါတီအုပ်စု အတွင်းရေးမှူးပါ"

"ကဲ အထဲသွားကြရအောင်။ ကျွန်တော့် ကောင်လေးတွေ စောင့်နေတာ ကြာပြီဗျ။ ကျွန်တော်က ဝါဒဖြန့် အဖွဲ့ခေါင်းဆောင်ဘဲ။ စကားပြောကြသေးတာပေါ့။ နာမယ်ကတော့ ကွန်ဒရတ်ကိုလို့ ခေါ်ပါတယ်။ သူတို့ကတော့ ပခုံးကျယ်ကြီးလို့ ခေါ်သဗျ" အသံဝါကြီးဖြင့် ပြောကာ တံခါးပေါက်ကို ဘေးတိုက် ဝင်သွားလေသည်။

အောဆင် ကွန်ဒရတ်ကိုသည် ရုရှားပြည် တောင်ပိုင်းတွင် နှစ်ပေါင်းနှစ်ဆယ်ကျော် အလုပ်လုပ်ခဲ့သည်။ ပထမ တာဂန်ရော့တွင် ဖြစ်သည်။ ထိုနောက် ဒွန်ကမ်းနဖူးက ရော့စတော့တွင် ဖြစ်၍၊ နောင်သော် မာရီယူပိုတွင် လုပ်သည်။ နောက်ဆုံး လူးဂန့်တွင် တပ်နီတော်ကို ဝင်သည်။ ဆိုဗီယက် ခေါင်းဆောင်မှုကို သူ့ပခုံးကျယ်ကြီးများဖြင့် ထမ်းရွက် ထောက်ခံသည်။ ရုရှားများနှင့် ပေါင်းသင်းရသဖြင့် ယူကရိန်းလေသံပျောက်နေပြီ။ သို့သော်သူ၏ နှုတ်ခမ်းမွေးမှာ ယူကရိန်းရုပ် မပျက်သေး။ ၁၉၁၈ တွင် သူသည် ဒွန်နက်ကျောက်မီးသွေး အလုပ်သမားများနှင့်အတူ ကော့ဆက်ရွာများသို့ ရောက်ခဲ့ဘူးသည်။ ထိုစဉ်က ဗိုရိုရှိလော့လည်းပါသည်။

နောင်သော် ပြည်တွင်းစစ်အကြောင်း ပြောလျှင်"ကျွန်တော်တို့ကလိမင်တီကြီးကလဲ လူးဂန့် နယ်သားပေါ့ဗျ" ဟု ဂုဏ်ယူလေ့ရှိသည်။ ကလိမင်တီ ဆိုသည်မှာ စစ်ခေါင်းဆောင်ကြီး ကလိမင်တီ ယီထရီမိုဗစ် ဗိုရိုရှိလော့ကို ရည်ညွှန်းခြင်းဖြစ်သည်။ "ကျွန်တော်နဲ့ ကောင်းကောင်း ခင်တာပေါ့ ခင်ဗျာ။ တနေ့တော့ပြန်တွေ့ကြအုံးမှာဘဲ။ ကျွန်တော့်ကို မှတ်မိမှာပါဘဲ။ ဆာရစ်ဆင်မှာ ရုပ်ဖြူကျော့ တိုက်ကြတော့ အတူတူဘဲဗျ။ သူက ကျွန်တော့်ကို ပြောတယ်။ ဘယ့်နှယ်လဲ ကွန်ဒရတ်ကို၊ ခုထိ အသက်ပြင်းပါသေးလားတဲ့။ ကျွန်တော်က ဟာ၊ မသေနိုင်သေးဘူး။ ရုပ်ဖြူတွေ မျိုးပြုတ်အောင် ဆော်ရအုံးမယ်လို့ ပြောလိုက်တယ်။ ကျွန်တော်တို့ တွေ့ကြယင် သူကောင်းကောင်းသတိရမှာဘဲ" ကွန်ဒရတ်ကိုသည် ဤလေအတိုင်း မလျှော့ဘဲ ပြောလေ့ရှိသည်။

စစ်ပြီးလျှင် လူးဂန့်သို့ ပြန်ရောက်သည်။ ပထမတွင် သယ်ယူပို့ဆောင်ရေး၌ လုံခြုံရေးဖက်က တာဝန်ယူရသည်။ ထိုနောက် မီးရထား စက်ရုံတွင် ပါတီ လုပ်ငန်း တာဝန်ပေးခြင်းခံရသည်။ ထိုဌာနတွင် ရှိနေစဉ်ပင် စုပေါင်း လယ်ယာတွင် ကူညီချန် နောက်ပိုင်း၌ တာဝန်ယူရသည်။ ယခုမူ ဟိုတုန်းက ကွန်ဒရတ်ကိုအား ရဲဘော်များက မေ့နေကြဟန်တူသည်။ သူသည် တိုက်ပွဲ၌ ပြောင်မြောက်ခဲ့သူဖြစ်သည်။ အသက်

www.facebook.com/NyisayEbookCreator
www.nyisay.com



အရွယ်ကြီးလာလျှင် သူ့ပါးရေနားရေတို့ တွန့်လာသည်။ သို့သော် စိတ်ဓာတ်ကား မကျသေး။ "တာရတ်တူလဗာ ဆိုတာ ကျုပ်ထက် ဝတာပေါ့။ ဒါတောင် ပိုးတွေကို စိုက်ခဲ့သေးတာဘဲ။ ကျွန်တော့် အဖေက ဇာလက်ထက်မှာ နှစ်ပေါင်းတရာလောက်နေခဲ့ရတာဗျ။ ကျွန်တော်လဲ ဆိုဗီယက်အာဏာအတွက် နှစ်ပေါင်း တရာ့ငါးဆယ်လောက် အသက်ရှင်နေအုံးမယ်"

ကွန်ဒရတ်ကိုသည် ဆိုဗီယက် ရုံးခန်းသို့ ဦးစွာဝင်သွားသည်။ ထို့နောက် သူ့ ရဲဘော်လေးများနှင့် မိတ်ဆက်ပေးသည်။

"ဟောဒါက ပါတီအတွင်းရေးမှူး။ ဟောဒါက စုပေါင်းလယ်ယာ ဥက္ကဋ္ဌ။ ကဲ သူတို့ဆီဘာဖြစ်နေသလဲ နားထောင်ရအောင်။ ဒါမှ ဒို့ဘာလုပ်ရမယ် ဆိုတာသိမှာကွ"

ဝါဒဖြန့်အဖွဲ့ဝင်အားလုံး ဆဲ့ငါးယောက်ခန့်ရှိသည်။ နှစ်ယောက်သည် ပြင်ဖက်တွင် မြင်းများကြည့်ရန် တွက်နေကြသည်။ ဒါဗီးဒေါ့သည် အားလုံးကိုကြည့်သည်။ သုံးယောက်ကိုသာ မြင်ဘူးသလိုရှိသည်။ တယောက်မှာ စိုက်ပျိုးရေးပါရဂူ။ ထို့နောက် ကျောင်းဆရာ။ ထို့နောက် ဆရာဝန်။ အားလုံးတွင် သုံးယောက်ကိုသာ သိသည်။ အချို့မှာ စက်ရုံအလုပ်သမားများဖြစ်ဟန်တူသည်။ ထိုင်ကြပြီးနောက် ကွန်ဒရတ်ကိုက ဒါဗီးဒေါ့ကို တိုးတိုးပြောသည်။

"မြင်းတွေအစာကျွေးဖို့ တယောက်ယောက် လွှတ်လိုက်ပါဗျ။ မြင်းစားဂျုံ နည်းနည်း ရနိုင်မလား"

"မရှိဘူးခင်ဗျ။ မျိုးစေ့အတွက် နည်းနည်းဘဲကျန်တယ်" ဒါဗီးဒေါ့သည် ချက်ချင်းပင် သူ့ကို မလိုလားဖြစ်လာသည်။ မြင်းစားဂျုံ တင်းတရာခန့်ရှိသည်။ သို့သော် ထွန်ယက်ချိန်အတွက် ထားရသေးသည်။ မြင်းများကို ခရီးပန်းလာသည့်အခါ ကျွေးလျှင်ပင် ယာကွက်က ရင်တမမဖြင့် နှမြောကာ စုပ်သပ်သည်။

'အဲဒီဥာဉ်ဟာ မနေ့ရှင်ပေါက်စဥာဉ်ဘဲ။ မကောင်းပါဘူးလေ။ နည်းနည်း တော့ ပေးလိုက်ပါမယ်'ဟု ဒါဗီးဒေါ့ တွေးမိသည်။ သို့သော် ယခုမှ စကားပြင်ပြောရန် မသင့်ဟူ၍လည်း တွေးမိသည်။

"ဘာလီတော့ နည်းနည်းရပါလိမ့်မယ် ထင်ပါရဲ့"

"မရှိဘူးဗျ"

တာလီလည်း တကယ်မရှိ။ သို့သော် ကွန်ဒရတ်ကိုက ပြုံးလျှင် ဒါဗီးဒေါ့သည် မလုံမလဲ ဖြစ်လာသည်။

"တကယ်ပါ၊ ကျွန်တော်တို့မှာ မရှိပါဘူး"

"အင်း ခင်ဗျားကတော့ တကယ့်လယ်သမားပါဘဲ။ ကုလတ်နဲ့တူသဗျ" ကွန်ဒရတ်ကိုက ချက်ချင်းပင် မဲ့ကာရွဲ့ကာပြုံးယင်း ပြောချလိုက်သည်။ ထို့မှတဖန် ဒါဗီးဒေါ့ကို ပခုံးကကိုင်၍မြှောက်ကာ "ကဲ အလကား ပြောတာပါဗျာ။ မရှိလဲ မရှိဘူးပေါ့။ ခင်ဗျားတို့အတွက်ဘဲ ထားပါ။ ကဲ ကဲ အလုပ်စခန်းစကြမယ်။ အားလုံးငြိမ်ကြ"ဟု ပြောကာ ဒါဗီးဒေါ့နှင့် နာဂူနော့တို့ဖက်သို့ လှည့်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျုပ်တို့လာတာက ခင်ဗျားတို့ကို ကူညီရအောင်ဘဲ။ နားလည်ပါရဲ့နော်။ ကဲ ခင်ဗျားတို့ ဘယ်လို ဖြစ်နေသလဲ ပြောစမ်းပါအုံး"

ဒါမီးဒေါ့က အသေးစိတ်အစီရင်ခံသည်။ ပြီးလျှင် ကွန်ဒရတ်ကိုက ကောက်ချက်ချလေသည်။ "ဒီမှာ ဒို့အလုပ်စခန်း သိပ်မရှိလှဘူးဟေ့"အိတ်ထဲမှ မြေပုံစာအုပ်တခု ထုတ်လိုက်ပြီးနောက် "ဒို့တူဗျန်စကျူင်ကိုသွားမယ်။ သိပ်မဝေးပါဘူး။ ခင်ဗျားတို့ဆီမှာတော့ အဖွဲ့ဝင်သုံးယောက် ထားခဲ့မယ်။ မျိုးစေ့ မြန်မြန်ရဖို့တော့ အစည်းအဝေး နာနာခေါ်။ လယ်သမားတွေကိုထပ်ခါထပ်ခါရှင်းပြ။ပြီးတော့ လူထုကြားမှာ စည်းရုံးရေးလုပ်ငန်း စပေတော့။ ဒါ ကျွန်တော့်အကြံပေးချက်ဘဲ"ဟု ဆိုလေသည်။

ဒါမီးဒေါ့သည် သူ့စကားကိုသေချာစွာ နားစိုက်ရသည်။ တချို့တလေကို နားမလည်။ ယူကရိန်း လေသံပါနေ၍ဖြစ်သည်။ ကွန်ဒရတ်ကို၏ အကြံပေးချက်သည် အခြေခံအားဖြင့် မှန်သည်ဟုသူထင်သည်။ ခေါင်းမာသောလယ်သမားက မျိုးစေ့မပေးလျှင်လုပ်ရမည့် နည်းလမ်းကိုပါ သူကညွှန်ပြသည်။ ဤတွင် အခြားရွာများက အတွေ့အကြုံများလည်း ပြောပြသည်။ သူတို့၏ စကားလုံးတို့သည် ရှင်းလင်းပြတ်သားသည်။ ဖြည်းဖြည်းပြောသည်။ ညွှန်ကြားသည့်လေမရှိ။ ဆရာလုပ်သည့်အပြောမျိုးလည်းမပါ။ ဒါမီးဒေါ့ဖက်လှည့်ကာဖြစ်စေ၊ ရတ်ဇမျော့နေ့ဖက်လှည့်ကာ ဖြစ်စေ၊ နာဂူနေ့ဖက်လှည့်ကာဖြစ်စေ အကြံပေးသည့်သဘောသာပြောသည်။ "အဲဒီလိုသာ ကိုင်တွယ်ပေတော့ ရဲဘော်တို့။ ကဲ ခင်ဗျားတို့က ဘယ်လိုထင်ကြသလဲ။ ဒါက ကျွန်တော် မြင်တာဘဲ"

ဒါမီးဒေါ့သည်ပြုံး၍ကြည့်နေသည်။'အတော်လိမ္မာပါးနပ်တဲ့ အဖိုးကြီးဘဲ။ ဒို့ကိုအကြံပေးရုံပေးတာဘဲ။ ဒို့ခေါင်းဆောင်မှုကို သေးသိမ်မသွားရအောင် သတိထားတယ်။ သူ့ကိုဝေဖန်ယင်တောင် တဖြည်းဖြည်း သူ့ဖက်ပါအောင် ဆွဲနိုင်မယ့်လူဘဲ။ ဒီလူမျိုးတွေဘူးပါရဲ့'ဟုလည်း တွေးတောနေသည်။

နောက်တချက်လည်း ဒါမီးဒေါ့ စိတ်ကြိုက် တွေ့သေးသည်။ သူတို့မထွက်မီ ဂရယ်မျချီတွင်ထားခဲ့ရမည့် ရဲဘော်သုံးယောက်အနက် အဖွဲ့ခေါင်းဆောင်အား မှာကြားသည့် အခါဖြစ်သည်။

"ဟေး မင်းဟာက ဘယ့်နှယ်လဲကွ။ ခြောက်လုံးပြူးကြီးကို ဘာလို့ အင်္ကျီအပြင်ဖက် ထိုးထားရတာလဲကွ။ ဖြုတ်ထားစမ်းပါ"

"အိုဗျာ ရဲဘော် ကွန်ဒရတ်ကိုကလဲ။ ကုလတ်တွေကို စိုးရိမ်ရသေးတယ်ဗျ။ လူတန်းစားတိုက်ပွဲဆင်နွှဲနေတာ မဟုတ်လား"

"အောင်မယ်လေးဟဲ့။ ကုလတ်တွေတဲ့။ သူတို့က ဘာအရေးလဲကွ။ မင်းဒီလာတာက လူတွေကိုဆွဲဆောင်ဖို့သာခဲ့တာမဟုတ်လား။ ကုလတ်တွေကိုကြောက်ယင်သေနတ်ယူခဲ့ပေါ့။ ဒါပေမယ့် အင်္ကျီပြင်ဖက်မှာတော့ ခြောက်လုံးပြူးကြီး မထိုးပါနဲ့ကွာ။မင်းကိုယ်မင်း ဂိုက်ဆိုက်ကျလှပြီအောက်မေ့တယ်ပေါ့လေ။ကလေးဆံလိုက်တာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကွာ၊ ခေါက်လုံးပြူကြီးခါးထိုးလို့။ အထဲထည့်ထားပါကွာ။ မင်းကို ကုလတ်နောက်တော်ပါးက ဖော်လံဖားတွေမြင်ယင် ‘ကြည့်စမ်းပါအုံး။ ဒို့ကိုစည်းရုံးရအောင်လာသတဲ့။ သေနတ်ပြစည်းရုံးမှာတဲ့လား’လို့ ပြောမှာပေါ့ကွာ။ မရှုးစမ်းပါနဲ့ကွာ”

ထိုနောက် သူသည် စွပ်ဖားပေါ်သို့ အတက်တွင် ဒါဗီးဒေါ့ကို နှုတ်ဆက်သည်။

“ကျုပ်ကောင်တွေကတော့ အင်မတန်အလုပ်လုပ်တဲ့ ကောင်တွေဗျ။ ခင်ဗျားတို့လဲ ပြီးအောင် လုပ်ရလိမ့်မယ်။ ကျုပ် တူဗျန်စကျူဝင်မှာ ရှိနေမယ်။ တခုခု ထူးယင် အကြောင်းကြားတာပေါ့။ ဒီနေ့ညနေ တူဗျန်စကျူဝင်မှာ နွဲရလိမ့်မယ်ဗျ။ ကျုပ်ကုလတ်လို ဆိုက်ပေးတာကြားရလိမ့်မယ်။ ကျုပ်လိုဂိုက်ဆိုက်မျိုးက ကုလတ်နဲ့ အလွန်တူတာဗျ။ ခင်ဗျား မြင်းစား ဂျုံတွေ အတွက်တော့ မပူပါနဲ့။ တစေ့မှ မယူပါဘူးဗျာ”ဟု ပြုံးကာ ပြောလေသည်။

“လူကြီးသလောက် ဦးနှောက်ကြီးတဲ့လူကိုးဗျ” ရတ်ဇမျော့နေ့က မှတ်ချက်ချသည်။ “ထရက်တာလိုလဲ သန်မာပါ့ဗျား။ နွားသုံးရှဉ်းလောက် ဆွဲအားရှိတာဗျ။ ဒီလိုလူတွေကို သူတို့ဘယ်လိုသုံးပါလိမ့်။ ဘယ်နှယ့်ထင်သလဲ မာကာ”

“ခင်ဗျားလဲ အဖိုးကြီး ရှယ်ရှူကာလိုအသိမ်အဖြင်း ပြောတတ်လာပြီ”မာကာက တချက် ခွပ်လိုက်လေသည်။

## —၂၄—

ပေါလော့ဆက်သည် ယာကွတ်အိမ်တွင် စတည်းချနေဆဲ ရှိသေးသည်။ မိုးဦးကျတွင် ဆိုဗီယက် အစိုးရကို ပုန်ကန်ထကြွရေး အတွက် ပြင်ဆင်နေဆဲ ဖြစ်သည်။ ညအခါများတွင် သန်ကောင်ယံတိုင် အခန်းထဲ၌ မအိပ်သေးဘဲ အလုပ်လုပ်နေသည်။ တခါတရံ မြေပုံဆွဲသည်။ တခါတရံ စာရေးနေတတ်ဘည်။တခါတရံ ရေးသားပြီး စာရွက်များကို တတွတ်တွတ် ဖတ်နေတတ်သည်။ တခါတရံ ကမ္ဗဋ္ဌာန်းထိုင်နေသလား အောက်မေ့ရလောက်အောင် ငြိမ်သက်နေသည်ကို တွေ့ရသည်။ ထိုအခါမျိုးတွင် ပေါလော့ဆက်သည် လက်နှစ်ဖက်ကို ခေါင်းတွင်မြှုပ်ကာ အစဉ်းစားကြီးနေလေသည်။ယာကွတ်ဝင်သွားသည့်တိုင် မသိသေးဘဲ အတွေးတွင် နစ်မြုပ်နေတတ်သည်။ ယာကွတ်မှန်းသိသည့်အခါ “ခင်ဗျား ဘာလိုချင်သလဲ”ဟု မေးတတ်သည်။ ထိုအခါမျိုးတွင် သူ့ကို တွေ့ရ မြင်ရ သည်မှာပင် ယာကွတ်အဖို့ ကြောက်စရာကောင်းလှပေပြီ။

ယာကွတ်သည် သူ့အခန်းသို့နေ့စဉ်ဝင်၍ တနေ့တာအဖြစ်အပျက်၊ စုပေါင်းလယ်ယာကိစ္စတို့ကို အစီရင်ခံရသည်။ နေ့စဉ်ပင် ယာကွတ်က သတင်းပေးသည့်အခါ တချိန်ထက်တချိန် သူ့အဖို့ ပို၍ စိတ်မချမ်းမြေ့စရာများ ကြုံရဟန်တူသည်။ သတင်းတခုကြားရလျှင် တောက်ခေါက်သည်။ နောက်သတင်းတခုကြားရလျှင် မျက်နှာကြီးများ နီမြန်းလာကာ ဒေါသထွက်လာတတ်သည်။နောက်ဆုံး၌မကျေမနပ်ဖြစ်ခြင်းဖြင့် စခန်းသိမ်းတတ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကုလတ်များကို ဂရယ်မျချိုရှာက နှင်ထုတ်လိုက်ပြီးနောက်တွင်မူ ပေါ်လော့ဆက်သည် အိပ်မပျော်တော့ဘဲ အရှဏ်တက်သည့်တိုင် ခန်းလုံးပြည့် လမ်းလျှောက်နေတတ်သည်။ ယာကွတ်က ဘာများ ဖြစ်နေသလဲဟု သိချင်သဖြင့် အခန်းနံရံကပ်၍ နားစွင့်သည့်အခါ "ဒို့ကို ချောင်ပိတ်မိအောင် လုပ်နေတာ။ သင်းတို့ကို သတ်မှ ဖြစ်မယ်။ သတ်ရမယ်။ သတ်ရမယ်"ဟု တယောက်တည်း ပြောနေသံ ကြားရသည်။ ထိုနောက် ဒူးထောက်ကာ ဘုရားကို တိုင်တည်ပြန်သည်။ "သင်းတို့ကို တယောက်မကျန် သတ်ရမယ်"ဟူ၍လည်း အခါခါ ကြိမ်းဝါးလေသည်။

နောက် ရက်များ မကြာမီအတွင်း ယာကွတ် အိမ်တံခါးဝသို့ လူတယောက် ရောက်လာသည်။ ယာကွတ်က တံခါးဝကို မဖွင့်သေးဘဲ "ဘယ်သူလဲ"ဟု မေးသည်။

"တံခါးဖွင့်ပါ ဗိုလ်ကြီး"

"ဘယ်သူလဲ။ ဘယ်သူ့ကို တွေ့ချင်လို့လဲ"

"အလက်ဇင်းဒါးအနီဆိုဗ်စ်ကို တွေ့ချင်လို့ပါ" တဖက်က ကိုးတိုးမဖြေသည်။

"အာရယ်ဗျ။ ဒီနာမယ်မျိုး မကြားဘူးပါဘူး"

"ကျွန်တော် ခရော်နီက လာတာပါ။ သူ့ကို ပြောပြပါ"

ယာကွတ်သည် အတန်ငယ်ဆိုင်းပြီးမှ တံခါးကို ဖွင့်ပေးသည်။ ပေါ်လော့ဆက်က ဧည့်သည်ကို သူ့အခန်းသို့ ခေါ်ဆောင်သွားသည်။ ထိုနောက် အခန်းတံခါးကို ပိတ်လိုက်လေသည်။ ယာကွတ်၏သားက ဧည့်သည်၏မြင်းကို အစာကျွေး ရေတိုက်ရသည်။

ထိုနောက်တွင်ကား မြင်းသည်တော် ဆက်သားကြီးသည် ညစဉ်ညတိုင်းလိုလိုပင် ရောက်လာတတ်သည်။ သန်ကောင်ယံလောက်မှ ရောက်လာတတ်သည်။ တခါတရံ မနက် သုံးနာရီခန့်တွင် ရောက်လာသည်။

ထိုရက်များတွင် ယာကွတ်၏ဘဝသည် နှစ်ပိုင်းကွဲနေသည်။ မနက်တွင် စုပေါင်းလယ်ယာ မန်နေဂျာအဖြစ် စခန်းသွားရသည်။ ဒါမီးဒေ့၊ နာဂူနေ့ဘို့နှင့် ဆက်ဆံရသည်။ ထိုအခါမျိုးတွင် အလုပ်ကြောင့် အားရသည် မရှိ။ တွေးတောစဉ်းစားချိန်ပင် မရ။ ယာကွတ်သည် ပင်ကိုယ်က ဖြတ်လတ်သူဖြစ်လေရာ စုပေါင်းလယ်ယာလုပ်ငန်းတွင် အံဝင်ဂွင်ကျဖြစ်နေသည်။ စုပေါင်းလယ်ယာအတွက် ခရီးထွက်သည့်အခါ ထွက်ရသည်။ ထိုအခါ လုပ်ငန်းတွင် ပျော်နေသည်။ တွေးချိန် စဉ်းစားချိန်မရသဖြင့်လည်း ဝမ်းသာသည်။ အမှောင်ဖက်ကို မတွေးချင်။ အနိဋ္ဌာရုံကိုလည်း မစဉ်းစားချင်။ အလုပ်တွင် စိတ်ဝင်စားနေရသည်မှာ ကောင်းသည်ဟု ထင်မိသည်။ သို့ရာတွင် ညနေစောင်းလျှင် ယာကွတ်သည် အိမ်သို့ဝင်သည်နှင့် ဧည့်ခန်း၌ စွင့်စွင့်ကြီးထိုင်ကာစောင့်နေသည့် ပေါ်လော့ဆက်ကို ရင်ဆိုင်ရလေသည်။ ပေါ်လော့ဆက်သည် သင်းချိုင်းကုန်းတွင် ငှက်ကြီးစောင့်နေသည့် လင်းတနှင့်တူသည်ဟု ထင်မိသည်။ သူ့ကို မြင်လိုက်ရလျှင် ယာကွတ်သည် အလိုလို အားငယ်သွားသည်။ ကြောက်ရွံလာသည်။ အားအင်ကုန်ခန်းသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဲ ပြောစမ်းဟေ့" ပေါလော့ဆက်သည် စီးကရက်ကို ပြာခွေ်ယင်း မေးသည်။ သူ့အသံသည် အမိန့်ပေးသံပါသည်။

ထိုအခါ ယာကွတ်က တနေ့တာအတွင်း ကြုံတွေ့ခဲ့ရသည့် စုပေါင်းလယ်ယာ ပြဿနာတို့ကို ပြောပြရသည်။ ယာကွတ်ပြောသမျှကို ပေါလော့ဆက်က ငြိမ်သက်စွာ နားထောင်သည်။ သို့ရာတွင် တကြိမ်၌ကား ဒေါသပုန်ထဘူးသည်။ ယင်းမှာ ကုလတ်တို့၏ အင်္ကျီအဝတ်အစားများကို စုပေါင်းလယ်ယာ အသင်းဝင်များအား ဝေငှသည့် အကြောင်းပြောသည့်အခါဖြစ်သည်။

"အေးပေါ့ကွာ။ မိုးကျယင် သင်းတို့လည်ပင်းဖြတ်မယ်။ ပစ္စည်းယူတဲ့လူတွေ အားလုံးသတ်မယ်။ ဒီလူတွေစာရင်းအားလုံး ရေးမှတ်ထား။ ကြားရဲ့လား"

"ကျွန်တော့်မှာ စာရင်းရှိပါတယ် အလက်ဇင်းဒါးခင်ဗျား"

"ဒီမှာရှိသလား"

"ဟုတ်ကဲ့။ ကျွန်တော့်မှာ ပါလာပါတယ်"

"ဒါဖြင့်ပေး"

သူသည် စာရင်းကို အတိအကျရေးသည်။ အသင်းဝင်စာရင်းကို ပထမရေးသည်။ ထို့နောက် အဝတ်များ ယူသည့်အသင်းသား၏ နာမည်ဘေးတွင် ကြက်ခြေပြလိုက်သည်။

ထို့နောက် မအိပ်မီတခါ နောက်တနေ့ ဘာလုပ်ရမည်လဲဟု မေးသည်။

ပေါလော့ဆက်က နောက်တနေ့လုပ်ရမည့် အစီအစဉ်ကို ညွှန်ကြားသည်။

ဤသို့ဖြင့် ယာကွတ်သည် စုပေါင်းလယ်ယာနွားခြံတွင် သမျှားခင်းလေသည်။ ထိုစဉ် ဒါဗီးဒေါ့ နွားခြံသို့ဝင်လာသည်။

"ဒီသဲတွေက ဘာလုပ်တာလဲ" ဒမ်မစ်ကို မေးသည်။

"နွားခြံခင်းဖို့"

"ဘာလို့ ခင်းတာလဲ"

အဖြေမကြားရ။

"ဘာလို့လဲလို့ မေးနေတယ်ဗျ"

"မသိဘူး"

"ဘယ်သူက ခိုင်းတာလဲ"

"မန်နေဂျာ"

"သူက ဘာပြောသလဲ"

"နွားခြံမှာ သန့်ရှင်းပါစေတဲ့။ ဒီကောင် သိပ်လုပ်နေတယ်။ သူ့သဘော ချည်းဘဲ"

"အို ဒါကောင်းတဲ့ကိစ္စဘဲ။ နွားချေးတွေ ပေကျံနေတာထက်တော့ သန့်ရှင်းတာပေါ့။ နွားတွေ သန့်ရှင်းဖို့ လိုတယ်တဲ့။ တိရစ္ဆာန်ဆရာဝန်က ပြောတာဘဲ။ ကောင်းတယ် ကောင်းတယ်။ ခင်ဗျား ဘယ်လိုထင်သလဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့ရာတွင် 'တေမိ'ဒမ်မစ်ဆီက အဖြေမရ။ ဒါဗီးဒေါ့လည်း ထမင်းစားရန် ထွက်လာခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် လုဗစ်ရှကင်ရောက်လာသည်။

"ခုအချိန်ကစပြီး နွားခြံမှာ သန့်ရှင်းအောင် သဲတွေခင်းမယ်ပေါ့။ ဟုတ်လား" သူ့ အမေးသည် ဒေါသသံပါသည်။

"ဟုတ်တယ်လေ" ဒါဗီးဒေါ့က အရေးမကြီးသလို ဖြေသည်။

"ယာကွတ်ဆိုတဲ့လူ ဘာတွေလျှောက်လုပ်နေတယ် မသိဘူး။ ရူးများနေသလား မသိဘူး။ မကြားဘူးပေါင်ဗျာ ဒီလိုလုပ်ရတယ်လို့။ ဒီမှာ ရဲဘော်ကြီးဒါဗီးဒေါ့၊ ဒီ ကိစ္စမျိုးမှာ လွယ်လွယ်နဲ့ သဘောတူဖို့ မကောင်းဘူးဗျ"

"ဒါလောက်လဲ အဖြစ်သဲမနေပါနဲ့လေ။ ဒါ ကျန်းမာရေးအတွက်ဘဲဗျ။ ယာကွတ် လုပ်တာ မှန်ပါတယ်။ နွားခြံမှာ သန့်ရှင်းတော့ ပိုမကောင်းဘူးလား။ ပိုးမွှားအန္တရာယ်တောင် ကင်းသေးတယ်"

"ကျန်းမာရေးအတွက် ဟုတ်လား။ နွားတွေ ဘယ်အပေါ် အိပ်မလဲဗျ။ နွင်းခဲတွေပေါ် အိပ်ရမလား။ ကောက်ရိုးက နွေးတယ်ဗျ။ ခင်ဗျားဘဲ သဲပေါ် အိပ်ကြည့်စမ်းပါ"

"ကဲ ခင်ဗျားကန့်ကွက်တာကို ကျုပ်တော့ မကြားချင်ဘူး။ ခင်ဗျားတို့ ရှေးရိုး နည်းတွေ ခုအခါ စွန့်လွှတ်ဖို့တော်ပြီ။ ဘာဘဲဖြစ်ဖြစ် သိပ္ပံနည်းကျကျလုပ်မှပေါ့ဗျ"

"ဘာသိပ္ပံနည်းကျတာလဲ" လုဗစ်ရှကင်သည် မျက်နှာကြီး နီမြန်းကာ ထွက်သွားသည်။

နောက်တနေ့မနက်တွင် နွားနှစ်ဆဲ့သုံးကောင် မထနိုင်ဘဲ လဲနေကြသည်ကို တွေ့ရသည်။ ညက နွင်းကြောင့် သဲများခဲနေသဖြင့် နွားသေးများ လျှောလျှောရှုရှု စီးဆင်းခွင့်မရ။ ထို့ကြောင့် သေးစိုများတွင် အိပ်ရသဖြင့် အအေးမိကာ နွားရေများ ပါ ခဲသွားသည်။ တချို့နွားများကား အားယူ၍အသ အရေခွံများ သဲတွင်ကပ်ကျန်ရစ်သည်။ နွားလေးကောင်အမြီးပြတ်ကျန်ရစ်သည်။ ကျန်နွားများ အအေးမိကာ နေမကောင်းဖြစ်ကြသည်။

ယာကွတ်သည် ပေါလော့ဆက် ညွှန်ကြားချက် အတိုင်း တသဝေမတိမ်း ဆောင်ရွက်သဖြင့် မန်နေဂျာအလုပ်က ပြုတ်လုမတတ်ဖြစ်သွားသည်။ "အဲဒါနွားတွေ ခဲပြီးသေဖို့ဘဲ။ သူတို့ကတော့ ကျန်းမာရေး ညီညွှတ်တယ်ဆင်ကြလိမ့်မယ်။ ဒါပေမယ့် မြင်းတွေတော့ဂရုစိုက်ပါကွာ။ ဒို့အတွက်ထားရမယ်" ဟု ပေါလော့ဆက်က မနေ့ညက ညွှန်ကြားခဲ့သည်။ ယာကွတ်သည်မှာ သည်အတိုင်း လုပ်လိုက်ခြင်းဖြစ်လေသည်။

မနက်တွင်ယာကွတ်ကို ဒါဗီးဒေါ့က ရုံးသို့ခေါ်၍တွေ့သည်။ ဒါဗီးဒေါ့သည် သူ့ကိုမကြည့်။ မျက်လွှာကိုချထားသည်။

"ကဲ ခင်ဗျား ဘာပြောချင်သလဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျွန်တော [illegible] ရဲဘော်ကြီး ဒါဗီးဒေါ ခင်ဗျား။ ဖြစ်နိုင်ယင် ကျွန်တော့ ယက် ကျွန်မတော် ဖြတ်ပစ်လိုက်ချ[illegible] ခင်ဗျာ"

ဒါဗီးဒေါ့သည် ချက်ချင်းပင် ဒေါသထွက်[illegible]။ သို့သော် သူ့မျက်လုံးတို့၌ကား ဒေါသကြောင့် မျက်ရည်များပင်လည်လာသည်။ "ခ[illegible]ားအရူးဘဲ။ ဘာတွေလုပ်နေတာလဲ။ ကျုပ်ဘို့လုပ်ငန်းကို ဖျက်ဆီးမလို့လား။ နွားခြံမှာ သ[illegible]င်းရှာဆိုတာ ခင်ဗျားမသိဘူးလား။ နွားတွေ နှင်းကြောင့် ခံမယ်ဆိုတာ မသိဘူးလား"

"ကျွန်တော့ သဘောက သူတို့ကို သနားရှင်း....။တကယ်ပါ ဒါဗီးဒေါ့။ဘုရားသိပါတယ်။ ကျွန်တော် မသိရိုးအမှန်ပါ"

"တော်စမ်းဗျာ။ မပြောနဲ့။ ခင်ဗျားလို အတွေ့အကြုံရှိတဲ့ လယ်သမား တယောက်အဖို့ ကျုပ်မယုံကြည်ဘူး။ ဒီလိုအဖြစ်မျိုး မကြုံဘူးဘူးလား။ မသိခဲ့ဘူးလား"

ယာကွတ်မျက်လုံးများမှာ မျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။"သနားအောင်လို့ပါခင်ဗျာ။ ဒါမျိုးဖြစ်မယ် မထင်မိပါဘူး"

"သွားတော့ဗျာ။ ခင်ဗျားအလုပ်ကို ဥရှကော့ကိုလွှဲချည်။ခင်ဗျားကို ရှိးတင်ရမယ်"

"ရဲဘော်ကြီး ဒါဗီးဒေါ့ ခင်ဗျား"

"သွားစမ်း။ ထွက်သွားစမ်းဗျာ။ ကျွန်တော်မကြားချင်ဘူး"

ယာကွတ်ထွက်သွားလျှင် ဒါဗီးဒေါ့သည် စိတ်သက်သာရာရသွားသည်။ သေွးအေးအေးနှင့် ထိုကိစ္စကိုပြန်၍ စဉ်းစားသည်။ ယာကွတ်လုပ်ကြံ ဖျက်ဆီးသည်ဟု တွေးရမည်ကိုလည်း မဝံ့မရဲဖြစ်လာသည်။ ယာကွတ်သည် ကုလတ်မဟုတ်။ လူများက သူ့ကို ကုလတ်ဟု ကင်ပွန်းတပ်လျှင် မလို၍သာဖြစ်သည်။ သူ့ကို မန်နေဂျာခန့်အပြီးတွင် လုဗစ်ရှကင်က ဤသို့လက်လွှတ်စပယ် ပြောဘူးသည်။ "ယာကွတ်ဟာ အယင်တုန်းက ကုလတ်တယောက်ဘဲ"။ ထိုအခါမှစ၍ ဒါဗီးဒေါ့သည် ယာကွတ် ရာဇဝင်ကို လေ့လာသည်။ ရှေးအခါက ယာကွတ်သည် ချမ်းချမ်းသာသာ နေခဲ့သည်မှန်၏။ သို့သော် လယ်ထွက်ညံ့သည့် အခါနှင့်ကြုံသဖြင့် ပျက်စီးဆုံးပါးကာ လယ်ပိုင်ရှင်လေးဘဝသို ရောက်ခဲ့ရသည်။ ဒါဗီးဒေါ့သည် အခါခါစဉ်းစားကာ စိတ်ပြေလာသည်။ စုပေါင်းလယ်ယာလုပ်ငန်းတွင် စိတ်ပါလွန်းသဖြင့် ကျန်းမာရေးနှင့်ညီညွတ်အောင်လုပ်ခြင်းသာဟုထင်လာသည်။ 'သူတကယ်လို့ဖျက်ဆီးချင်ယင် ခုလောက်အလုပ်ကြိုးစားပါ့မလား။ ပြီးတော့ သူ့နွားတရှဉ်းလဲ ခံရတဲ့အထဲပါတယ်။ အို ယာကွတ်ဟာ သစ္စာရှိတယ်။ မတော်တဆမှားယွင်းတာဘဲ' ထိုနောက် ယာကွတ် အလုပ်ကြိုးစားပုံတို့ကို တွေးမိသည်။ တခါက မြင်းများဗိုက်နာသည့်အခါ ဝမ်းချုပေးခဲ့သည်။ တညလုံး မြင်းဇောင်းတွင် စောင့်ကြည့်ခဲ့သည်။ ဤမျှအပင်ပန်းခံသည်။ ထိုနောက် ပေါ့လျော့သော မြင်းထိန်းတယောက်ကို သူကိုယ်တိုင်ထုတ်ပစ် ခဲ့ဘူးသည်။ ယာကွတ်သည် မြင်းဇောင်းကို အထူးဂရုစိုက်သူဖြစ်ကြောင်း ဒါဗီးဒေါ့မျက်မြင် တွေ့ခဲ့ရသည်။ သို့နှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com



မန်နေဂျာကို ဒေါ်သတ္တက်ကာ ကြိမ်းမိသည့်အတွက် [illegible]ရ[illegible]သည်။ ထို့ကြောင့် အခန်းထဲမှ ထွက်၍ လိုက်ခဲ့[illegible]။

ယာကွတ်သည် စာရင်း[illegible]လက်သို့ သော့ပွဲ့အပ်နေသည်။ [illegible]နှုပ်ခမ်းများလည်း တဆတ်ဆတ်[illegible]နေသည်။

"ဒီမှာ ယာကွတ်။ ခင်ဗျား သော့တွေ အပ်ဖို့မလိုသေးဘူး။အလုပ်မှာဘဲနေ။ ဒါပေမယ့် နောက်တခါ တခုခုဖြစ်ယင်တော့ ခင်ဗျားအပြစ်နဲ့ ခင်ဗျားခံပေတော့။ ခရိုင်က တိရစ္ဆာန်ဆရာဝန်ခေါ်ပြီး ကုဗျာ။ ဟုတ်လား"

ယာကွတ်၏ ပထမဆုံး အဖျက်လုပ်ငန်းသည် အောင်မြင်ခဲ့သည်။ အခိုက်အတန့်တွင်ကား ပေါ်လော့ဆက်က သူ့အား ညွှန်ကြားချက်အသစ်မထုတ်သေး။ ပေါ်လော့ဆက်သည်လည်း အလုပ်များနေသည်။ ဧည့်သည်ကား လာမြဲအတိုင်း ညစဉ်ရောက်လာတတ်သည်။ သူတို့နှစ်ယောက်သည် ညဉ့်နက်သန်းခေါင်တိုင် စကားပြောကြသည်။ တခါကရံ မိုးလင်းခါနီးအထိ တတွတ်တွတ်ပြောကြသည်။ နောက်တနေ့ မနက်ခင်းတွင် စိတ်နှလုံးကြည်သာနေခိုက် ပေါ်လော့ဆက်က ဧည့်သည်အား ယာကွတ်နှင့် မိတ်ဆက်ပေးသည်။

"ဒါ ဒို့ရဲဘော်၊ ဒုတိယဗိုလ် ကောနက်လက်ယက်စကီဘဲ။ သူ့ ကိစ္စ အားလုံး ကျုပ်ကိုလုပ်ပေးခဲ့သလို လုပ်ပေး။ ကြားရဲ့လား" တဖန် "ဒါကတော့ ကျုပ်တပ်သားဟောင်း ယာကွတ်ဘဲဗျ။ ခုတော့ ဆိုဗီယက် အစိုးရ အမှုထမ်းတယောက်ပေါ့ဗျာ"

ဒုဗိုလ် ကောနက်သည် လူရှပ်ဖြစ်သည်။ ကြည့်ရသည်မှာ ပျော်ပျော်နေသူဖြစ်ဟန်တူသည်။

ထိုနေ့တွင် ပေါ်လော့ဆက်သည် ရွှင်မြူးနေသည်။ယာကွတ်ကိုလည်း သိမ်သိမ်မွေ့မွေ့ဆက်ဆံသည်။ထိုနောက် မျက်နှာထားပြင်ကာ တမျိုးပြောလေသည်။

"ဒုဗိုလ်ကောနက်က ဒီမှာ ဆဲ့ငါးရက်လောက်နေမယ်။ ဒီနေ့ည မှောင်ရီပျိုးချိန်မှာ ကျုပ် တခြားသွားမယ်။ သူ့ကို ကူညီပါ။ ဟုတ်လား ယာကွတ်။သူ့အမိန့်ဟာ ကျုပ်အမိန့်ဘဲ" ထိုနောက် ယာကွတ်၏ ဒူးကို ပုတ်သာ "ကျုပ်တို့အချိန်နီးလာပြီဗျ။ သိပ်စောင့်ဖို့မလိုတော့ဘူး။တခြား ကောဆက်တွေကိုလဲ ပြောပြဗျာ။ ကဲ သွားတော့၊ ကျုပ်တို့ဆွေးနွေးတိုင်ပင်စရာရှိသေးတယ်"ဟု ယာကွတ်ကို နှင်ထုတ်လိုက်သည်။

တစုံတခုအရေးကြီးလာသဖြင့် ပေါ်လော့ဆက် ရွာက ထွက်သွားခြင်းဖြစ်ဟန်တူသည်ဟု သူ တွေးမိသည်။ ယာကွတ်သည် သူတို့နှစ်ယောက် တိုင်ပင်နေသည်ကို ချောင်း၍ နားတောင်သည်။မ ကြားရတချက် ကြားရတချက်ဖြစ်နေသည်။ သဲသဲကွဲကွဲ မကြားရ။ ကြားရသမျှကား ဤသို့တည်း။

လက်ယက်စကီ။ ။"ဗိုကာဒိုရော့နဲ့ တွေ့ဖို့လိုမယ်။ တွေ့ယင် အစီအစဉ် သိရမှာဘဲ။ အခြေအနေက ကောင်းဗျား။........သံချပ်ကာရထားတွေလဲ ရှိတယ်ဗျ။ ကျုပ်တို့ ရှုံးယင်........"

ပေါ်လော့ဆက်။ ။"ရှူး။ တိုး တိုး"

www.facebook.com/NyisayEbookCreator
www.nyisay.com



လက်ယက်စကီ ။ ။"ဘယ်သူမှ မကြားရပါဘူး"
ပေါ်လော့ဆက်။ ။"သတိဟာ လွန်တယ်မရှိဘူးပေါ့"
လယ်ယက်စကီ။ ။"ရှူးယင်....။အာဖဂန်နစ္စတန်။....။သူတို့ဖက်က အကူအညီတောင်းရတာပေါ့"
ပေါ်လော့ဆက်။ ။"ရန်ပုံငွေရော"
လက်ယက်စကီ။ ။"တနည်းတော့ရှိတယ်။ နယ်ခြားဖြတ်။ မင်းနယ်ရောက်။ နယ်ခြားဘက်က မီးသေတယ်။.... ....။ဥာနချုပ်က....။ လက်ခံမှာပေါ့" ဤသို့တပိုင်းတစသာကြားရသည်။ယာကွတ်သည် ဘာမှန်း သဲသဲကွဲကွဲမသိရ။သို့ဖြင့် စုပေါင်းလယ်ယာအသင်းသို့ထွက်ခဲ့လေသည်။ တစ်ကော့အိမ်ရှေ့ရောက်လျှင် ဆိုင်းဘုတ်ကို ငဲ့စောင်းကြည့်မိသည်။ 'ဂရယ်ပျချီရှာ၊ စတာလင် စုပေါင်းလယ်ယာအသင်း၊ အုပ်ချုပ်မှူးရုံး' ဟူသော ဆိုင်းဘုတ်ကိုမြင်ကိုင်း သူ့ဘဝ၏ နှစ်လောကကို သတိရလာသည်။ ထိုနောက် "မကြာခင် ချမှာဘဲဗျ" ဟူသော ဒုဗိုလ်လက်ယက် စကီ၏စကားကိုကြားယောင်မိသည့်အခါ 'အင်း မြန်မြန်ချတာဘဲ ကောင်းပါတယ်လေ။ ကြားထဲက ငါဒုက္ခရောက်လှတယ်'ဟု တွေးမိလေသည်။

ထိုညတွင် ပေါ်လော့ဆက် ခရီးဆက်သည်။ ညော့သည်သစ်သည်ဖော်ရွေသည်။ တနေကုန် အခန်းထဲတွင် လျှောက်နေသည်။ ပြုံးချိုသော မျက်နှာပေး ရှိသူလည်းဖြစ်သည်။ အိမ်ကမိန်းမသားများနှင့်လည်း ရယ်ရယ် မောမော စကား ပြောသည်။ နောက်လား ပြောင်လား လုပ်သည်။ ယာကွတ်အိမ် လူဝင်လူထွက်ရှိသည့် အခါ၌ပင် ဂရုမစိုက်ဘဲနေတတ်သဖြင့် ယာကွတ်က အတင့်မရဲရန် သတိပေးရသည်။"ဗိုလ်မင်းသတိထားမှပေါ့ ခင်ဗျာ။ တယောက်ယောက် မြင်သွားမှဖြင့် ဒုက္ခရောက်ပါလိမ့်မယ်"

"ဘယ့်နှယ်ဗျာ ဗိုလ်မင်းဆိုတာကြီးက ကျုပ်နဖူး ချိတ်ထားတာမှ မဟုတ်ဘဲ။ ဘယ်သူသိမှာတဲ့လဲ"

"ဒါပေမယ့် ဘယ်သူလဲ။ ဘယ်ကလာသလဲလို့ မေးယင်ရော ခင်ဗျာ"

"အိုလေ ကျုပ် အိတ်ထဲမှာ ထောက်ခံစာတွေ ရှိပါတယ်ဗျ။ ဟောဒီမှာလက်မှတ်" အိတ်ထဲက ဆွဲထုတ်၍ ပြသည်။ "တယောက်ယောက်က သင်္ကာမကင်းဖြစ်ယင် ဒါဘဲပေါ့ဗျ"ဟု ဆိုကာ မော်ဇာ သေနတ် တလက်ကိုလည်း ထုတ်၍ ပြသည်။

ညော့သည် အသစ်သည် ကြွကြွရွရွ ဖြစ်နေသည်။ သူ့ကိုယာကွတ် ကြည့်၍မရ။ တညတွင် စုပေါင်းလယ်ယာမှ ပြန်အလာ အိမ်ထဲက ရယ်သံဆူညံသံ ဆွဲသံတို့ကြားရသည်။မီးခြစ်ကြည့်လျှင် ညော့သည်နှင့် သူ၏ချွေးမတို့ လုံးထွေး နေသည်ကိုတွေ့ရသည်။

"မီးငြိမ်းလိုက်ပါဗျ။ အဖိုးကြီးကလဲ တယ်ခက်တာကိုးဗျာ။ ကျုပ်တို့ကတော့ ရောက်လေရာမှာ မျိုးစေ့ချတာဘဲဗျ။ ခင်ဗျားသား အတွက် မပူပါနဲ့။ ခင်ဗျား တယ်ညံ့တဲ့ လူဘဲ။ ဟဲ ဟဲ"

သူ့သား ဆေးမြွန်သည် အိမ်၌မရှိ။ ခရိုင်သို့ တိရစ္ဆာန် ဆရာဝန် အခေါ်သွားနေသည်။ ပြန်လာလျှင်လည်း သူ့သားအား ဘာမျှ ပြန်၍ မပြောဟု ဆုံးဖြတ်ထား

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။သို့သော် ချေးမကိုကား မြင်းဇောင်းသို့ခေါ်၍ မြင်းခါးပတ်ကြိုးနှင့် အနည်းငယ် ဆုံးမလိုက်သည်။ ဆေးမြွန် ပြန်လာလျှင် ဘာမျှမမေး။ ဇာတ်ရာဇာတ်ချက်လည်းတွေ့ရ ဟန်မတူပေ။ ချေးမနှင့်သား မျက်နှာချင်း မဆိုင်ရအောင် ချေးမအား မီးဖိုချောင်သို့ ခိုင်းလိုက်လေသည်။

သို့နှင့်ဧည့်သည်ကား အိမ်တွင်အခန့်စားတက်နေလေသည်။သူ့ဆီသို့တခါတရံ စာအိတ်များရောက်လာသည်။စာများကို ဖတ်ပြီးလျှင် အစအနမကျန်အောင် မီးရှို့ သည်။ ထိုနောက် ညတိုင်ကျလျှင် အရက်ကို မူးအောင်သောက်လေသည်။ သူ့ချေးမ နှင့်ကား ရှုပ်ရှုပ်ရှက်ရှက် မလုပ်တော့။ သူသည် တဖြည်းဖြည်း အရက်အရှိန်ကြောင့် ရီဝေထိုင်းမှိုင်းလာသည်။ ထိုအခါ ယာကွတ်ကိုဖြစ်စေ၊ ဆေးမြွန်ကိုဖြစ်စေ၊ ငွေစက္ကူ တဆုပ်ထုတ်ပေးကာ အရက်ဟပ်၍ ဝယ်ခိုင်းသည်။ မူးပြီဆိုလျှင် နိုင်ငံရေးစကားပြော လေတော့သည်။ လက်ရှိအခြေအနေကို အကြမ်းသဘော ဝေဖန်ပြသည်။ တကြိမ်တွင် မူ ယာကွတ် ခေါင်းရှုပ် စေသည့် စကားတို့ကို ပြောလေ၏။ တညတွင် ဧည့်ခန်းသို့ ယာကွတ်အားခေါ်ကာ အရက်အကျန်အကြွင်း တိုက်ပြီးလျှင် "ဘယ့်နှယ်လဲ စုပေါင်း လယ်ယာအသင်းကို ဖျက်ဆီးတုန်းဘဲလား" ဟု မျက်ခုံးချီကာ မေးသည်။

"မဖျက်ပါဘူး။ ဘာလို့ ဖျက်ရမှာလဲ"

"ဒါဖြင့်ခင်ဗျားနည်းက ဘာနည်းလမ်းလဲ"

"ဘာဆိုလိုတာလဲ"

"ခင်ဗျား အခု ဘာလုပ်နေသလဲမေးတာဗျ။ ခင်ဗျားက စကားလွှဲတာလား။ ဖြေလေဗျာ။ ခင်ဗျားဘာလုပ်နေသလဲ။ မြင်းတွေ အဆိပ်ကျွေးမသတ်ဘူးလား။ ဘာ လုပ်သလဲ"

"မြင်းတွေကိုမထိနဲ့လို့ကျုပ်ကိုမှာထားတယ်လေဗျာ"ယာကွတ်သည် ခေါင်း ရှုပ်လာသည်။

ယာကွတ်သည် ဗေဒဂါအကျန်အကြွင်းကိုသောက်ရသဖြင့် ရီဝေလာသည်။ အရက်မူးလျှင် သူ့ရင်ထဲရှိသည်ကို ဖွင့်ပြောချင်လာသည်။ သူဘာလုပ်ရမည်နည်း။ ယခု သူသည်တချိန်ထဲတွင် ဆိုရှယ်လစ်ကျေးရွာ စီးပွားရေးကို တည်ဆောက်နေသည်။ ဖျက် ဆီးနေသည်ဟုလည်းဆိုရလိမ့်မည်။သို့ဖြစ်ရာသူဘာလုပ်ရမည်လဲ။မည်သို့ပင်ဖြစ်စေလက် ယက်စကိက သူ့အားစကားပြောခွင့်မပေး။ သူကသာမနားတမ်း ပြောလေသည်။

"ခင်ဗျားကြီးဘာလို့ ကျုပ်တို့နဲ့ပေါင်းတာလဲ။ ပေါ်လော့ဆက်နဲ့ ကျုပ် တို့က သေလူဗျ။ တခြားလုပ်စရာ မရှိတော့ဘူးသိလား။ သေမြေကြီး ရှင်ရွှေထီးဘဲ သိလား။ ဒါပေမယ့် ခင်ဗျားမို့ ကျုပ်ပြောလိုက်ရအုံးမယ်။ နိုင်မှာထက်ရှုံးမှာက များသဗျ။ တထောင်ပုံ တပုံဘဲနိုင်ဖို့ရှိတယ်။ ဒါပေမယ့် ကျုပ်တို့မှာတော့ ကွန်မြူ နစ်တွေ ပြောသလိုဘဲ ငါတို့တွင် နှောင်ကြိုးမှလွဲ၍ ဘာမျှဆုံးရှုံးစရာမရှိ။

"ဒါပေမယ့် ခင်ဗျားအဖြစ်က ကျုပ်တို့နဲ့မတူဘူးဗျ။ ခင်ဗျားက ကြားထဲ က ခေါးစာခံဗျ။ ခင်ဗျားအသက်အရှည်ကြီး နေရအုံးမှာနော်။ ခင်ဗျားတို့လို တော

www.facebook.com/NyisayEbookCreator
www.nyisay.com



သားတွေလုပ်လို့လဲ ဘယ်တော့မှ ဆိုရှယ်လစ်လမ်းစဉ်ကြီးဖြစ်ထွန်းလာမှာမှုဟုတ်ဘူး။ ကျုပ်ပြောရဲတယ်။ ခင်ဗျား အဲဒီအထဲ မြေသလိုက်နေရမှာဘဲ။

"အေး သူပုန်ထဖို့ကတော့ သေချာတယ်။ ဒီတော့ ခင်ဗျားသို့ ပန်းဖြစ်မှာဘဲ။ ဆိုင်ပေးရီးယားမှာ ထင်းရှူးပင်ခုတ်နေတာပေါ့ဗျာ။ကွန်မြူနစ်ခေတ် ရောက်သည် အထိသာ ထင်းရှူးပင်ခုတ်နေပေတော့။ ခင်ဗျားတော့ဒုက္ခဘဲ။ ကျုပ်တို့က သူပုန်ထမှဖြစ်မှာဗျ။ ဒါကြောင့် သူပုန်ထတာ။ ကျုပ်ကမြေပိုင်ရှင်ကြီးဗျ။ အရစ္စတိုကရက်ဗျ။ ဆွေကြီးမျိုးကြီးဗျ။ကျုပ်အဖေမှာ လယ်ကေ တသောင်းနှစ်ထောင်ရှိတယ်။ သစ်တောက နှစ်ထောင်ရှိတယ်။ ဒီတော့ ကျုပ်တို့မှာ ဒုက္ခမဟုတ်လား။ ကျုပ်တို့လို တခြားမြေရှင်ကြီးတွေလဲနိုင်ငံခြားထွက်ပြေးကြတာဘဲ။ဟိုမှာကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ဘဲရှိတယ်။ ဒါပေမယ့် ခင်ဗျားကတော့ လယ်သမားမဟုတ်လား။ ဂျုံထွက်အောင်လုပ်တယ်။ ပြီးတော့ ထွက်တဲ့ဂျုံကိုပြန်စားတယ်။ ခင်ဗျားတို့ကော့ဆက်တွေ ပြည်တွင်းစစ်တုန်းက အတုံးအရုံးသေကြတာ မမှတ်မိဘူးလား"

သူ့စကားဆုံးလျှင် ယာကွတ်က ဆင်ခြေတက်လေသည်။

"ဒါပေမယ့် သူတို့က ကျွန်တော်တို့လဲ သက်မှာဘဲ။ အသက်ရှင်ဖို့ကို မရှိတော့ဘူး။ ပေးရတဲ့အခွန်နဲ့ ပိပြီး သေမှာဘဲ။ ဒါမှမဟုတ်ယင် ခင်ဗျားတို့နဲ့ ဘယ်ပေါင်းမလဲဗျ"

"အခွန်ကြောင့်ပိုသေမယ်။ ဟား။ ခင်ဗျားပြောတာက အခြားနိုင်ငံတွေမှာ လယ်သမားတွေ အခွန်မပေးရတဲ့အတိုင်းဘဲ။ သူတို့ဆီမှာ အခွန်ပိုပေးရသေးတယ်ဗျ"

"မဖြစ်နိုင်ပါဘူး"

"အို ဟုတ်ပါတယ်ဗျ"

"ခင်ဗျား ဘယ့်နှယ်လုပ်သိသလဲ"

"ကျုပ် နိုင်ငံခြားမှာနေလာခဲ့ဘာဗျ။ ကျုပ်သိဘာပေါ့"

"ဒါဖြင့် ခင်ဗျားနိုင်ငံခြားက ဒီကိုရောက်လာတာပေါ့"

"ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"သိချင်လို့ပါ။ အံ့ရောဗျာ"

"မအံ့နဲ့။အံ့ဩလွန်းယင် မြန်မြန်အဖိုးကြီးဖြစ်မယ်။ကဲ ဗော့ဒကါ ထပ်ယူချည် အုံးဗျာ"

ဆေးမြွန်ကို အရက်ထပ်ယူခိုင်းလိုက်ပြီးနောက် ယာကွတ်သည် အိမ်ပြင်သို့ ထွက်လာကာ တလင်း၌ ထိုင်လျက် စဉ်းစားတွေဝေနေလေသည်။

'ဘယ်လို လူစားလဲမသိဘူး။ ငါတော့ ခေါင်းရှုပ်လာပြီ။ သူငါ့ကို အကဲစမ်းနေတာလား။ ဒီလိုဆိုယင် အခက်ဘဲ။ ပေါ်လော့ဆက် ပြန်လာယင် မယုံကြည်ရဘူးဆိုပြီး ခေါင်းဖြတ်လိမ့်မယ်။ ဒါမှမဟုတ် သူတကယ်ယုံလို့ ပြောတာလား။ အရက်မူးတော့ ပြောချင်ရာ ပြောတော့တာဘဲ။ ပေါ်လော့ဆက်နဲ့ အဆက်ဖြတ်ပြီး စုပေါင်းလယ်ယာမှာဘဲ ဆက်လုပ်နေရမလား။ ခက်လိုက်တာနော်။ ငါဘာလုပ်ရမလဲ။ ကြက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကို တုတ်နဲ့ရိုက်လဲ ကြက်သေ၊ တုတ်နဲ့ကြက်ကိုရိုက်လဲ ကြက်သေဆိုတာမျိုးလို ဖြစ်နေပြီ'

လေအေးတချက်ဝေ့လိုက်သည်။ အရပ်ရှစ်မျက်နှာမှ တိုက်ဟန်တူသည်။ မြင်ဖက်တွင် လေဝေ့သဖြင့် ကောက်ရိုးပင်များ လွင့်ကြဲနေသည်။ ထိုအခိုက် ယာကွတ် ငိုက်ကနဲ ဖိုပ်ပျော်သွားသည်။ သူ့နားထဲတွင် ညဂီတသည် အဆွေးသံ ပါနေသည်ဟု ထင်ရသည်။ မျက်ရည်လည်လာကာ မိုးယံသို့ ကြည့်ပါသော်လည်း သူ့ပတ်ဝန်းကျင်ကား မထူးခြားလှ။

သန်းကောင်တွင် မြင်းသည်တော် ဆက်သားတယောက်က ပေါ်လာ့ဆက်ထံမှ စာတစောင် ယူလာသည်။ စာအိပ်၌ 'အလျင်အမြန်' ဟု ရေးထားသည်။ လက်ယက်စကိက သူ့ကိုနိုးကာ စာကို ဖတ်စေသည်။

**"ရော့။ ဖတ်ကြည့်စမ်း"**

ယာကွက်သည် မျက်လုံးအစုံကိုပွတ်လျက် စာကိုဖတ်သည်။

'ဗိုယ်လေး

**'ပေါ်လရှိဗစ် ဗဟိုကော်မတီက** လယ်သမားတွေဆီက သီးနှံတွေ သိမ်းနေပြီလို့ အခိုင်အမာ သိရတယ်။ မိုးဦးကျအတွက်လို့ ဆိုတယ်။ တကယ်တော့ နိုင်ငံခြားပို့ပြီး ရောင်းဖို့ဘဲ။ ဒီတော့ လယ်သမားတွေ ငတ်ကုန်မယ်။ ငတ်ပြီးယင် သေမှာဘဲ။ ဆိုဗီယက် အစိုးရဟာ ကျဆုံးမှာမြင်လို့ နောက်ဆုံးဖျက်ဆီးခြင်းနဲ့ ရုရှားပြည်ကြီးကို ဖျက်ဆီးနေတယ်။ ဒီတော့ ဂရယ်မျချီမှာ ခင်ဗျားတာဝန်ယူပြီး မျိုးစေ့သိမ်းတာကို ဆန့်ကျင်ကန့်ကွက်ရမယ်။ ဒါကျုပ်အမိန့်ဘဲ။ ဒီစာပါအချက်တွေကို ယာကွတ်လူးကစ်သိပါစေ။ ပြီးတော့ လုပ်ရမှာကို ညွှန်ကြားပါ။ သီးနှံတွေသူတို့မသိမ်းဖို့ အရေးကြီးတယ်။'

**နောက်တနေ့** နံနက်တွင် ယာကွတ်သည် အသင်းရုံးသို့မသွားတော့ဘဲ ဗင်နစ်နှင့် အခြားသူ၏ အပေါင်းပါများဆီသို့ ထွက်သွားလေသည်။ သူတို့သည် ဒုန်ဒေသ လွတ်မြောက်ရေးအတွက် စုဝေးတိုင်ပင်နေကြလေသည်။

## —၂၄—

ကွန်ဒရတ်ကို ထားခဲ့သော ဝါဒဖြန့်ချိရေးသုံးဦးအဖွဲ့သည် ဂရယ်မျချီရွာလေးတွင် မျိုးစေ့စုဆောင်းရေးလုပ်ငန်းကို စတင် အကောင်အထည်ဖော်သည်။ အဖွဲ့ဌာနချုပ်ကို ကုလတ်အိမ်တခုတွင်ဖွင့်သည်။ သူတို့အထဲတွင် စိုက်ပျိုးရေးပါရဂူ ဗာတူနက်က ယာကွတ်၏ အကူအညီဖြင့် မိုးဦးကျ ထွန်ယက် စိုက်ပျိုးရေးအတွက် အစီအစဉ်များ ရေးဆွဲသည်။ ကော့ဆက်လယ်သမားကြီးများသည် လယ်ယာကိစ္စအခက်အခဲများကို ဖြေရှင်းရန် လာကြသည်။ သူက အကြံဉာဏ်ပေးသည်။ ထိုကိစ္စများ ဆောင်ရွက်ပြီးလျှင် မျိုးစေ့ကောင်းများကို ရွေးချယ်သည်။ တခါတရံ ကွင်းဆင်း၍ လုပ်ငန်းဆောင်ရွက်သည်။ ကျွဲနွားတို့ နာမကျန်းဖြစ်နေလျှင် ဆေးပေးသည်။ ကုနည်းညွှန်းသည်။ နွားမ နို့မထွက်

www.facebook.com/NyisayEbookCreator
www.nyisay.com



လျှင် နည်းပေးသည်။ သူ့ကို လယ်သမားကြီးများကအဖိုးအခအဖြစ် ငွေမပေး။ ပစ္စည်းပေးကြသည်။ ထမင်းစား ဖိတ်ကြသည်။ တခါတရံသူသုံးရဲဘော်များအတွက် အသားပြုတ်များ ယူလာတတ်သည်။ ကျန်နှစ်ယောက်ဖြစ်ကြသည့် အိုင်ဗင်နိုင်ဒယောနော့နှင့် ပေါဖီရီလုဗနိုဘ့်သည် မျိုးစေ့စာရင်းပြုလုပ်ကြသည်။ တဘ်အားသမျှ စည်းရုံးရေးလုပ်ငန်း လုပ်ကြသည်။

ပထမရက်များတွင် မျိုးစေ့အရ နည်းသည်။ မျိုးစေ့ စုဆောင်းရေးကို စုပေါင်းအသင်းဝင်ရော တသီးပုဂ္ဂလ လယ်သမားတို့ကပါ ဆန့်ကျင်သယောင်အဖြစ်ကို တွေ့ရသည်။ မျိုးစေ့ပေးရမည်ကို အင်တင်တင် ဖြစ်နေကြသည်။ မလိုမလားဖြစ်နေကြသည်။ မျိုးစေ့များကို နိုင်ငံခြားသို့ ပို့ရန် စုဆောင်းခြင်း ဖြစ်သည်။ ရွာတွင် စိုက်ပျိုးရန် မဟုတ် ဟူသော ကောလာဟလ သတင်း ရွာထဲတွင် ဖြစ်နေသည်။ ထို့ပြင် စစ်မီးတခုလည်း ပကြာမီ ထ၍ တောက်လိမ့်မည်ဟု ပြောဆိုနေကြသည်။

နေ့စဉ်နေ့တိုင်းပင် နာဂူနော့သည် အစည်းအဝေးခေါ်သည်။ အစည်းအဝေးတွင်မမှန်သတင်းများမှာ အခြေအမြစ် မရှိကြောင်း ရှင်းပြသည်။

မမှန်သတင်းလွှင့်သူကို ကြီးလေးသောအပြစ်ပေးမည်ဟုလည်း ကျေညာသည်။ ဆိုဗီယက်အစိုးရဆန့်ကျင်ရေးသတင်းလွှင့်လျှင် ပြစ်ဒဏ်ခံရမည်ဟူ၍လည်း ပြောသည်။ သို့သော် မျိုးစေ့ကား လိုသလောက်မရ။ အသွင်းနှေးသည်။ ကော့ဆက်တို့သည် ရွာပြင်သို့ထွက်၍ ရှောင်နေကြသည်။ တအိမ်အိမ် ဝင်၍ ရှောင်နေတတ်ကြသည်။ သို့မှသာဆိုဗီယက်အဖွဲ့နှင့်၎င်း၊ ဝါဒဖြန့်ချိရေးအဖွဲ့နှင့်၎င်း မတွေ့နိုင်မည်ဖြစ်သည်။ အစည်းအဝေးရှိလျှင် မိန်းမများသာ အစည်းအဝေးတက်ကြသည်။ "ကျွန်မ ယောကျ်ားမရှိဘူး။ ကျွန်မ ဒါတွေ ဘာမှမသိဘူး"ဟု ဖြေလေ့ရှိသည်။

အခြေအနေကိုကြည့်ရသည်မှာ သူတို့နောက်ကွယ်တွင် မမြင်ရသော လက်မည်းကြီးတခုက မျိုးစေ့အားလုံးကို သိမ်းပိုက်ထားသကဲ့သို့ဖြစ်နေသည်။

ဝါဒဖြန့်ချိရေးအဖွဲ့ဌာနချုပ်တွင် အောက်ပါစကားတို့ကို နေ့တိုင်းလိုပင် ကြားရသည်။

"ခင်ဗျား မျိုးစေ့တွေသွင်းပြီးပြီလား"

"ဟင့် အင်း"

"ဘာလို့လဲ"

"ပေးစရာမှမရှိဘဲဟာ"

"ပေးစရာမရှိဘူး။ ဘယ်လိုဖြစ်တာလဲ"

"အရှင်းလေးပါ။ တချို့ကို စားဖို့ ချန်ထားဘယ်။ ကျန်တာကို တလောက ပေးလိုက်တယ်။ ဘယ်ရှိတော့မလဲ။ တချို့တော့လဲ စားလို့ကုန်ပြီ"

"ဒါဖြင့် ဘာမှမစိုက်တော့ဘူးပေါ့"

"မစိုက်နိုင်တော့ဘူး ထင်တာဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



အများကပင် အယင်နှစ်ဆောင်ဦးပေါက်က အစိုးရသို့ပေးလိုက်ပြီးပြီဟုဆိုကြသည်။ ဒါဗီးဒေါ့သည် ထိုကိစ္စကိုဖြေရှင်းရန်အုပ်ချုပ်မှုရုံး၌ထိုင်သည်။ ဝါဒဖြန့်ချိရေးအဖွဲ့ဝင် အိုင်ဗင်က ဆိုဗီယက်ရုံး၌ ထိုင်သည်။ ထိုနောက် သူတို့သည် ပြီးခဲ့သည့်နှစ်က ဂျုံစာရင်းကို ကြည့်သည်။ ကြိတ်သည့်စာရင်းကို ကြည့်သည်။ လက်ကျန်ကို ရှာသည်။ ထိုအခါ လယ်သမားများလက်ထဲတွင် မျိုးကျန်သေးကြောင်း အဖြေထွက်လာသည်။ သို့တိုင်အောင်ပင် ခေါင်းမာသူတို့ကား အပ်ရန် ငြင်းဆန်နေလေသည်။

"ကျွန်တော်တို့မှာ ဂျုံနည်းနည်းကျန်ပါတယ်။ဒါကို မငြင်းပါဘူး။ဒါပေမယ့် လယ်ယာလုပ်ငန်းဆိုတာက ရဲဘော်ကြီးတို့လဲ အသိသားဘဲ။ ဂျုံတွေကို စားတယ် သုံးတယ်။ အချိန်အတွယ်ဆိုတာတော့ ကျွန်ဘော်တို့ နားမလည်ဘူး။ ဘယ်လောက်ရှိမှန်းလဲ ကိုယ့်ဟာကိုယ် မသိဘူး။ ဝမ်းစာအတွက်လဲ ထားရသေးတယ်မဟုတ်လား။ ဒီတော့ အပိုမရှိပါဘူး ခင်ဗျာ။ ရှာချင်သယ်ဆိုယင်လဲ ရှာကြပါ"

ပါတီအုပ်စုအစည်းအဝေးတွင် အနည်းငယ် ချောင်လည်သည့် ရွာသားများ၏ အိမ်များကိုရှာရန် နာဂူနော့က အဆိုတင်သည်။ သို့သော် ယင်းအဆိုကို ဒါဗီးဒေါ့၊ လုဗနို၊ နိုင်ဒီယောနော့နှင့် ရတ်ဇမျော့နော့တို့က ကန့်ကွက်သည်။ ထို့ပြင် ခရိုင်ကော်မတီ၏ ညွှန်ကြားချက်၌ မျိုးစေ့စုဆောင်းရာတွင် ရှာဖွေခြင်းမပြုရဟု တားမြစ်ထားသည်ကိုလည်း သူတို့သတိချပ် မိကြသည်။

သူတို့သည် သုံးရက်ခန့် မနားမနေလုပ်ကြသည်တွင် စုစုပေါင်း တင်း ၄၇၀- ရသည်။ တသီးပုဂ္ဂလ လယ်သမားများထံမှ ၃၅ တင်းရသည်။ စုပေါင်းလယ်ယာ အသင်းဝင် တက်ကြွသူတို့ကား အားလုံးအပ်ကြသည်။ ထိုအထဲတွင် ကွန်ဒရတ်၊ လုဗဇ်ရှကင်၊ ဒပ်ဗဆော့၊ ဒမ်မစ်၊ ရှယ်ရှူကာ၊ အာကတ်ရှာပါ၊ ပန်းဘဲဆရာရှာလီနှင့် အန်ဒရေး ရတ်ဇမျော့နော့တို့ ပါဝင်သည်။

နောက်တနေ့နံနက်တွင် စုပေါင်းစပါးကျီသို့ ဆေးမြွှန်နှင့် သူ့အဖေ ယာကွတ်တို့ ရောက်လာကြသည်။ သူတို့သည် လှည်းနှစ်စီးတိုက် ဂျုံများ လာ၍ အပ်ကြခြင်းဖြစ်သည်။ ဒယွမ်ကာက ချိန်တွယ်စစ်ဆေးလက်ခံသည်။

ဒယွမ်ကာဥရှကော့သည် ဂျုံစေ့တဆုပ်ကိုယူကာ ဆေးမြွှန်၏မျက်နှာနားသို့ ဖြန့်ပြလိုက်သည်။

"ဒါလားကွ မင်းအဖေစိုက်တဲ့ မျိုးစေ့ဆိုတာ"

"ဘာဖြစ်လို့လဲဗျ။ ခင်ဗျားဟာက ဘယ်လိုလဲဗျ။ ဂျုံနဲ့ ပြောင်းကိုတောင် မခွဲခြားနိုင်တော့ဘူးလား"

"ဟေ့ ငါ ကောင်းကောင်း ခွဲခြားနိုင်တယ်သိလား။ဒါပေမယ့် မင်းတို့သူခိုးတွေ။ ဒါလား မျိုးစေ့ကောင်း။အမှိုက်သရိုက်တွေရောထားပြီး ဒို့မျိုးစေ့အကောင်းတွေနဲ့ လာရောတယ်။ မင်းတို့လုပ်တာ ဘာကောင်းသလဲ"

ဒယွမ်ကာသည် ဆေးမြွှန်အား မျိုးစေ့နှင့် မြေကြီးခဲများ ရောနေသည်ကို ပြလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အေး၊ ငါ တခြားလူတွေ ခေါ်ပြလိုက်မယ်"

"မလုပ်ပါနဲ့ဗျ။ ကျွန်တော် တောင်းပန်ပါတယ်။ မှားယူလာတာ ဖြစ်ပါလိမ့်မယ်။ ခုချက်ချင်းပြန်သွားပြီး လဲခဲ့ပါမယ်။ ခင်ဗျားတို့ဟာ ဒီလောက်ကြိမ်းမောင်းနေစရာမလိုပါဘူး။ လဲပေးမယ်လို့ ပြောနေပေါ့ဟာ" ဆေးမြွန်၏အသံသည် ဒေါသသံ ပါလာသည်။

သူတို့ယူလာသော မျိုးစေ့ ဆဲ့လေးအိတ်အနက် ဒယွမ်ကာက ခြောက်အိတ်ပယ်လိုက်သည်။

"ကျွန်တော့်ကို မကူတော့ဘူးလား" အိတ်များကို လှည်းပေါ် သို့တင်ယင်း ဆေးမြွန်က ဒယွမ်ကာကို လှမ်း၍ခေါ်သည်။ အိတ်များမှာ ပေါ့ပေါ့ပါးပါးပင် ဖြစ်သည်။

"ဘယ်လိုလဲ။ မင်းဘဲ သယ်လာပြီး ငါ့ကိုခေါ်တယ်။ သယ်တုန်းကတော့ ဘယ်လိုသယ်သလဲ။ အပေါ့လေးဘဲဟာ။ မင်းဖာသာမင်းလုပ်။ ငါမအားဘူး"

နောက်နှစ်ရက်အတွင်း မျိုးစေ့အနည်းငယ်သာရောက်လာသည်။ ပါတီ အုပ်စုအစည်းအဝေးတွင် စပါးကျီများကို လှည့်၍စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။ ဒါဗီးဒေါ့ကား ထိုရက်မတိုင်မီ တညနေတွင် အနီးအပါးခရိုင်ဘခုသို့ မျိုးစေ့နှင့်ပတ်သက်၍ သိသင့်သိထိုက်သည်တို့ကိုလေ့လာရန် ထွက်သွားသည်။ ယာကွတ်နှင့် ဒပ်ဗဆော့တို့က ဂျုံမျိုးသစ်အကြောင်းကို တခမ်းတနားပြောသည်။ ယင်း ဂျုံမျိုးသစ်မှာ ကာလီဖိုးနီးယား မျိုးနှင့် တိုင်းရင်းမျိုး 'ဗိုင်လိုဇန်ကာ' တို့ စပ်ရာမှပေါက်သည့်မျိုး ဖြစ်သည်။ ဒါဗီးဒေါ့သည် ယခုအခါ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် စာပေများကို ဖတ်၍ လေ့လာနေရာ လွန်စွာ အားတက်သရောဖြစ်လာသဖြင့် ထိုစမ်းသပ်စိုက်ပျိုးခင်းသို့ သွားရောက်ကြည့်ရှုခြင်းဖြစ်လေသည်။

မတ်လ ၄ ရက်နေ့တွင် ဒါဗီးဒေါ့ပြန်လာသည်။ သူမလာမီတရက်တွင် ရွာ၌ ထူးထူးခြားခြားအဖြစ်အပျက်တခု ကြုံတွေ့ရသည်။ နာဂူနော့သည် ဒုတိယ အဖွဲ့တွင် ပါဝင်ကာ အိမ်ပေါက်စေ့လည်၍ စစ်ဆေးသည်။ သူနှင့်အတူ လုဗစ်ရှကင် ပါသည်။ အိမ်သုံးဆယ်စစ်ဆေးပြီးစီးသည်။ညနေခင်းတွင် ဆိုဗီယက် အဖွဲ့ရုံးသို့လည်း လယ်သမားများကိုခေါ်၍မေးမြန်းစစ်ဆေးသည်။ရတ်ဇမျော့နော့ကား အိမ်သို့ပြန်သွားပြီး သူ့ထံ အစစ်အဆေးခံလာကြသူများမှာ မနက်ခင်းက သူနှင့် မတွေ့ခဲ့ရသည့် သူများဖြစ်ကြသည်။ လေးယောက်ခန့် တွေ့သည်တွင် မျိုးစေ့မရှိပါဘူးဟု ဘူးခံနေကြသူများနှင့်သာ ကြုံရသည်။"ကျွန်တော်တို့မှာ မျိုးလိုပါတယ်။ ပေးကြပါ" ပထမတွင် အေးအေးသက်သာ ပြောသည်။သို့သော် မရသည်နှင့် ဒေါသဖြစ်ကာ စာပွဲကို လက်သီးဖြင့်ထုလေသည်။

"ခင်ဗျားတို့မှာ မျိုးစေ့မရှိဘူးလို့ ဘယ့်နှယ် ပြောနိုင်သလဲ။ ကွန်စတန်တင်ဆိုပါတော့။ ခင်ဗျား အာယင် ဆောင်းဦးပေါက်တုန်းက တင်းသုံးရာ စာရင်းရှိတယ်"

"ခင်ဗျားဘဲ ကျွန်တော့်ဆီက ယူသွားတယ် မဟုတ်လား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အဲဒီတုန်းက ဘယ်လောက်ယူသလဲ ဆိုစမ်းပါအုံး"

"တရာ့သုံးဆယ်"

"ဒါဖြင့် ကျန်တာ ဘယ်ရောက်ကုန် သလဲဗျာ"

"ကျွန်တော်တို့ စားတာပေါ့ဗျ။ ဝမ်းစာပေါ့"

"ခင်ဗျားလိမ်တယ်။ ဒါလောက်ကိုစားယင် ဗိုက်ပေါက်မှာပေါ့ဗျ။ ခင်ဗျားတို့ အိမ်ထောင်မှာလူခြောက်ယောက်ဘဲရှိတာ။အဲဒါ။ကျန်တာယူခဲ့။သိပ်ပြီး ဆင်ခြေလဲမနေနဲ့။ မယူခဲ့ယင် စုပေါင်းလယ်ယာ အသင်းက ထုတ်မယ်"

"ထုတ်မယ်။ မဟုတ်တာ ခင်ဗျာ။ ကျွန်တော့်မှာ ဘာမှ မကျန်တော့ပါဘူး။ ဘုရားစူးရပါစေရဲ့"

"ဘာလဲ ခင်ဗျား ဆိုဗီယက်အစိုးရကို သိပ်ဒုက္ခပေးတယ်။ ဟိုတလောတုန်းက စက်ဝယ်မလို့ ငွေချေးတာ ဘယ်မလဲ။ ခင်ဗျား ဝယ်လဲမဝယ်ဘူး။ ပိုက်ဆံကိုအိတ်ထဲ ထည့်သိမ်းထားတယ်။ ခုလဲ မျိုးစေ့မပေးနိုင်ဘူး"

"စက်ဝယ်ပါတယ် ခင်ဗျာ။ အခု စုပေါင်းလယ်ယာက သိမ်းသွားပါပြီ။ကျွန်တော့်မှာ အသုံးပြုချိန်တောင် မရလိုက်ပါဘူး"

"ရှည်တယ်ဗျာ။ မျိုးစေ့ယူခဲ့။ နို့မဟုတ်ယင် ခင်ဗျားလှလှကြီး ဒုက္ခရောက်မယ်။ လူလိမ် လူညာ"

"ဒါပေမယ့်"

သို့သော် သူ့စကားကို နာဂူနော့က နားမထောင်တော့ပေ။ နောက်ထပ် တယောက်ကို ခေါ်လိုက်သည်။ ဂရီဂေါရီ ဗင်နစ် ဝင်လာသည်။ ဗင်နစ်သည် ထွက်လာကြသည့် လယ်သမားများမှ တဆင့် ဘာပြောသည်ကို သိပြီး ဖြစ်ဟန် တူသည်။ ထို့ကြောင့် ခပ်ပြုံးပြုံးပင် ဝင်လာသည်။ နာဂူနော့သည် စာရင်းကို ကြည့်ကာ သူ့အား နေရာပေးလိုက်သည်။

"ထိုင်လေ ဂရီဂေါရီ"

"ကျေးဇူးတင်ပါတယ်"

"ဘယ်လိုလဲ ဂရီဂေါရီ။ ခင်ဗျား မျိုးမအပ်သေးပါဘဲကလား"

"ကျွန်တော်က ဘာလို့ အပ်ရမှာလဲ"

"အစည်းအဝေးကြီးက ဆုံးဖြတ်ထားတာဘဲ။ ခင်ဗျားမှာ မရှိဘူးလား"

"ရှိတော့ ရှိတာပေါ့ ခင်ဗျ"

နာဂူနော့သည် စာရင်းတွင် ရှာဖွေပြန်သည်။ ဗင်နစ်အမည်နှင့် အတူ ၁၉၃၀ ပြည့်နှစ်တွင် ၁၅-ဧက စိုက်ပျိုးကြောင်း တွေ့ရသည်။

"ဒီနှစ်ဂျုံဆယ့်ငါးဧက စိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် လေးဆယ့်နှစ်တင်းရမှာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ။ဂျုံမျိုးကောင်း မျိုးသန့်ပါဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အဲဒါဖြင့် ခင်ဗျား လယ်သမား သူရဲကောင်းဘဲ။ နက်ဖြန်ကျယင်သာ ယူခဲ့ပေတော့။ ခင်ဗျားတို့အိတ်နဲ့ ထည့်ယူခဲ့နိုင်တယ်။ ခင်ဗျားတို့လို အသင်းဝင်မဟုတ်တဲ့ လယ်သမားတွေဆိုကတော့ ကိုယ့်အိတ်နဲ့ ကိုယ် ထည့်လာခွင့်ပြုတယ်။ ယူလာယင် မနက်နေရောင်ကျကချိန်မယ်။ အိတ်မှာ တံဆိပ်ရိုက်မယ်။ မိုးကျတော့ ပြန်ရမှာပေါ့"

"အိုး ဒါတွေ ပြောမနေပါနဲ့ နာဂူနော့။ ပြန်ပေးမယ်ဆိုတာ အသိဘဲ။ ကျွန်တော့်ဂျုံကို မအပ်နိုင်ဘူးဗျာ"

"ဘာလို့လဲဗျ"

"ကျွန်တော့်ဂျုံကို ကျွန်တော့်ဖာသာ သိမ်းထားမှာပေါ့။ ဒါမျိုး ရိုးနေပြီဗျ။ ကျွန်တော်တို့ကို လိမ်လို့ မရဘူး"

"ဘာလဲ။ ခင်ဗျား ဆိုဗီယက်အစိုးရကို အယုံအကြည်မရှိဘူးလား။ ကျွန်တော်တို့ကို ခင်ဗျားက မယုံဘူး ဆိုချင်တာပေါ့"

"ခင်ဗျားတို့ကို ယုံရမယ်။ ဟား ဟား။ ခင်ဗျားတို့လိမ်သွားတာတွေ ကြားပြီးပြီဗျ။ ခုတခါ မရတော့ဘူး"

"ဘယ်သူလိမ်လို့လဲ။ ဘာပြောတာလဲ" နာဂူနော့သည် မျက်လုံးကိုမှေး၍ ကြည့်ယင်း ထိုင်ရာမှ ဖြည်းညှင်းစွာထလိုက်သည်။

ဗင်နစ်ကား သူ့စကားများ မည်မျှ တာသွားကြောင်းကို မရိပ်မိသေး။ ပြုံးစပ်စပ်မျက်နှာပေးဖြင့်သာ ကြည့်နေသည်။ ထို့နောက်ဒေါသသံဖြင့် "ခင်ဗျားတို့က ဂျုံတွေသိမ်းပြီး နိုင်ငံခြားပို့တယ်မဟုတ်လား။ ပြီးတော့ ပါတီဝင်တွေအတွက် မော်တော်ကားတွေမှာတယ်။ ပြီးမှ ဆံလေးတိုနဲ့ သူ့ဘို့မိန်းမတွေကိုကားပေါ်တင်ပြီး တဟီးဟီး ရယ်ယင်း ကားစီးကြတယ်။ ဒါ့ကြောင့် ကျုပ်တို့ဆီက ဂျုံတွေကို သိမ်းတာပေါ့ဗျ။ ဒါခင်ဗျားတို့ရဲ့ သာတူညီမျှစနစ်ဘဲ ထင်ပါရဲ့" ဟု အော်ဟစ်ပြောလေသည်။

"ခင်ဗျား ဘာတွေပြောနေသလဲ။ ရူးနေသလား"

"ခင်ဗျားသာ ရူးနေတာ။ ကျုပ် တရာ့ဆဲ့ခြောက်ဆင်း ပေးပြီးပြီ။ အဲဒါတောင် အားမရသေးဘူး ကျန်တာကို လိုချင်တယ်။ ကျုပ်ကလေးတွေ စော်ကုန်မှာပေါ့ဗျ"

"တော်စမ်း။ တိတ်စမ်း။ အလကားအဓိပ္ပာယ်မရှိလျှောက်ပြောနေတာဘဲ" နာဂူနော့သည် စာပွဲကို လက်သီးဖြင့် တဝုန်းဝုန်း ထုလိုက်သည်။ စာပွဲပေါ်က မင်အိုးလဲကျကာ ဖိတ်သွားသည်။ မင်များ ဗင်နစ်၏အင်္ကျီကို ပေကျံသွားသည်။ ဗင်နစ်သည် ထိုင်နေရာမှထကာ မျက်မှောင်ကြုတ်၍ကြည့်သည်။ "ခင်ဗျားကလားကျုပ်ကိုရိပ်ဖို့ပြောတာ။ ခင်ဗျားကျုပ်ကို စာပွဲလက်သီးနဲ့ ထုပြီးပြောဖို့မလိုဘူး။ ခင်ဗျားမိန်းမ လုရှကာကိုပြော။ ကျုပ်ခင်ဗျားမိန်းမ မဟုတ်ဘူး။ ဒါ ၁၉၂၀ မဟုတ်ဘူးဗျ။ နားလည်ရဲ့လား။ တော်ပြီ။ ခင်ဗျားတို့ ကျုပ်ဆီက ဂျုံတစေ့တောင် ရဖို့ မမျှော်လင့်နဲ့"

နာဂူနော့သည် ဗင်နစ်ရှိရာသို့ ရောက်သွားသည်။ သို့ရာတွင် ကိုယ်ရှိန်သတ်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ခင်ဗျားတို့ တန်ပြန်တော်လှန်ရေးသမားတွေသဲ။ ဆိုရှယ်လစ်စနစ်ကို ခင်ဗျားတို့ဘဲ ဖျက်ဆီးနေကြတာ။ မှိုချိုးမျှစ်ချိုးပြောနေကြတာ။ ခင်ဗျား ဝက်စုတ်။ ခွေးပုပ်" သူ့အသံသည် ဒေါသဖြစ်လွန်းသဖြင့် ပြောယင်း တိမ်ဝင်သွားသည်။ နောက်မှ ညွှစ်ထုတ်ကာ "နက်ဖြန်မနက် ရှိသမျှဂျုံတွေ အပ်ပါမယ်ဆိုတဲ့ စာတစောင် ကျုပ်ကိုရေးပေး။ နက်ဖြန်ကျယင် ခင်ဗျားကို တနေရာပို့မယ်။ အဲဒီကျတော့မှ ခုကျုပ်ကိုပြောတဲ့ စကားမျိုးပြော။ ကြားလား" ဟု ဆိုလေသည်။

"ခင်ဗျား ကျုပ်ကိုဖမ်းချင်ဖမ်း။ ဒါပေမယ့် စာတော့ မရေးဘူး။ ဂျုံလဲ မပေးဘူး"

"ရေးလေ၊ မရေးဘူးလား"

"ခင်ဗျား ခဏ စောင့်အုံးလေ"

"ကျုပ်ပြောနေတယ်"

ဗင်နစ်သည် တံခါးဆီသို့ ထွက်သွားသည်။ ထိုနောက် ဒေါသကို မချုပ်တီးနိုင်တော့ဘဲ

"အိမ်ပြန်ရောက်ယင် ဂျုံတွေ ဝက်ကျွေးပစ်လိုက်မယ်။ ခင်ဗျားတို့ကိုတော့ မပေးဘူး"

"ဂျုံတွေဝက်ကျွေးပစ်မယ်။ ဟုတ်လား"

နာဂူနော့သည် တံခါးဝဆီသို့ ဝုန်းကနဲရောက်သွားသည်။ ထိုနောက် ခြောက်လုံးပြူးကိုထုတ်ကာ ဒင်ဖြင့် ဗင်နစ်၏နားထင်ကို ရိုက်လိုက်သည်။ ဗင်နစ်ကိုယ်ကြီးသည် နံရံဆီသို့ယိမ်းယိုင်သွားသည်။ နားထင်မှလည်း သွေးများယိုစီးကျလာသည်။ ထိုအချိန်တွင် နာဂူနော့ကား သတိလက်လွတ်ဖြစ်နေသည်။ ထိုမျှနှင့် အားမရသေးဘဲ ဗင်နစ်ကို ခြေဖြင့်ကန်သည်။ ဗင်နစ်ကား နံရံကိုမှီကာ အနိုင်နိုင်အားယူ၍ ထပြီးလျှင် သွေးများကို အင်္ကျီလက်ဖြင့်သုတ်သည်။ နာဂူနော့သည် ရေဘုံခွက်ကိုသောက်ကာ စွေ၍ကြည့်သည်။ ထိုနောက် ဗင်နစ်၏ တန်တောင်ဆစ်ကို ဆွဲကိုင်ကာ စားပွဲသို့ခေါ်လာသည်။

"ရေး"

"ကျုပ်ရေးမယ်။ ဒါပေမယ့် အစိုးရရှေ့နေကြီးတော့ ဒီအကြောင်းကိုသိမှာဘဲ။ ခင်ဗျားခိုင်းသလိုရေးမယ်။ ခင်ဗျားက ခြောက်လုံးပြူးနဲ့ ဘော့ပြီး ရေးခိုင်းနေတာကိုးဗျ။ ဆိုဗီယက်အစိုးရက ရိုက်နှက်တာကိုခွင့်မပြုဘူး။ ပါတီက ခင်ဗျားကိုကြည့်နေမှာ မဟုတ်ဘူး" ဗင်နစ်သည် ခွေးခြေပေါ်တွင်ထိုင်ယင်း ရေရွတ်နေလေသည်။

"ဟင်း ခင်ဗျားလို တန်ပြန်တော်လှန်ရေးသမားက ပါတီကိုသတိရတာ၊ ဆိုဗီယက်အာဏာပိုင် အစိုးရကိုသတိရတာအံ့ပါရဲ့။ ခင်ဗျားကို ပြည်သူ့ခုံရုံးတင်မစစ်ဘူးဗျ။ အခုကျုပ်ကိုယ်တိုင် စစ်ဆေးအပြစ်ပေးမှာ။ ကျုပ်ပြောတာမရေးယင် သေနတ်နဲ့ ပစ်သတ်မယ်သိလား။ ခင်ဗျား အဆိပ်ရှိတဲ့မြွေဘဲ။ ခင်ဗျားလိုလူကို ဟိုဆယ်နှစ်လောက်က ပစ်သတ်ဖို့ကောင်းတာ။ ကဲ ရေးစမ်း။ ဝန်ခံချက်။ ရေးလေ"

www.facebook.com/NyisayEbookCreator
www.nyisay.com



" 'မာမွန်တော့၏ ရုပ်ဖြူတပ်သားဟောင်းဖြစ်၍ တပ်နီတော်ကိုတိုက်ခဲ့သူ ကျွန်တော်သည် စီပီအက်စယူဘီအား စော်ကားပြောဆိုခဲ့သည်တို့ကို ပြန်လည်ရုတ်သိမ်းပါသည်' "

"စီပီအက်စယူဘီဆိုတာကို အကြီးနဲ့ရေး။ ထို့ပြင် ဆိုဗီယက်အစိုးရအား ဆန့်ကျင်ပြောဆိုခဲ့သည်တို့ကိုလည်း ရုတ်သိမ်းပါသည်။ ကျွန်တော်သည် လျှို့ဝှက်သော တန်ပြန်တော်လှန်ရေး သမားတယောက် ဖြစ်ခဲ့ငြားလည်း နောင်အခါ သူတို့၏စကားကို စောင့်ထိန်းလိုက်နာပါမည်"

"ကျုပ်ဒီလိုမရေးနိုင်ဘူး။ ခင်ဗျားဇွတ်အတင်း ရေးခိုင်းလို့မရဘူး"

"မဟုတ်ဘူး၊ရေးရမယ်။ ခင်ဗျားကျုပ်ကို ဘာမှတ်သလဲ"

"ပြီးတော့ ဘာတဲ့။ အင်း"

ဗင်နစ်သည် စာပွဲပေါ်သို့ ခေါင်းချကာထိုင်ယင်း ရေးရပြန်သည်။ နာဂူနေ့၏လက်သည် ခြောက်လုံးပြူး သေနတ်မောင်းတွင် တင်ထားသည်။ ပါးစပ်ကမူ တတွတ်တွတ်ပြောနေသည်။

" 'ကျွန်တော်သည် တန်ပြန်တော်လှန်ရေး သမားဖြစ်သော်ငြားလည်းအလုပ်သမား လူတန်းစား၏သွေးဖြင့် တည်ဆောက်ထားသည့်၊ ထို့ပြင် အလုပ်သမားလူတန်းစား၏ အမြတ်နိုးဆုံးဖြစ်သည့် ဆိုဗီယက်အာဏာကို မဖျက်ဆီးပါ။ မစော်ကားပါ။ ထိုဆိုဗီယက်အာဏာကိုလည်း ဖျက်လိုဖျက်ဆီးမပြုပါ။ ကျွန်တော်သည် ကမ္ဘာ့တော်လှန်ရေးကြီးပြီးဆုံးသည်အထိ စိတ်ရှည်လက်ရှည် စောင့်စားနေပါမည်။ ထို့နောက် ကျွန်တော်သည် ဆိုဗီယက်အစိုးရ ခိုင်းစေသည့်အတိုင်း ဆောင်ရွက်ရန် လက်မှတ်ရေးထိုးပါသည်။ နက်ဖြန် ၁၉၃၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့တွင် ကျွန်တော်ပိုင်မျိုးစေ့လေးဆယ့်နှစ်တင်းများကိုစုပေါင်းလယ်ယာကျွဲသို့အရောက်ပို့ပါမည်ဟုဝန်ခံပါသည်။' "

ထိုအချိန်တွင် ဆက်သားတယောက်နှင့် စုပေါင်းလယ်ယာ အသင်းဝင် သုံးယောက် အခန်းထဲသို့ ဝင်လာလေသည်။

"ကဲ ကဲ လက်မှတ်ထိုး"

ဗင်နစ်သည် လက်မှတ်ထိုးပြီးနောက် "အေး၊ မင်းတော့ အကြောင်းသိစေမပေါ့ကွာ။ ဒုက္ခရောက်ပြီသာမှတ်" ဟု ပြောသည်။

"အေး၊ နက်ဖြန် မျိုးစေ့မယူခဲ့ယင်တော့ မင်းကိုသတ်မယ်။ ဒါဘဲ"

နာဂူနေ့သည် ဗင်နစ် လက်မှတ်ထိုးထားသည့်စာကို အိတ်ထဲသို့ထည့်လိုက်ပြီးလျှင် သေနတ်ကို ကစားယင်း ဗင်နစ်အား တံခါးဝအထိ လိုက်ပို့သည်။ထိုနေ့ညတွင် သူသည် အဖွဲ့ရုံး၌ သန်ကောင်အထိ နေသည်။ ဆက်သားကို ပြန်မလွှတ်သေးဘဲ မျိုးမအပ်သည့် စုပေါင်းလယ်ယာအသင်းဝင် သုံးဦးကို အခန်းတခု၌ထည့်ကာ သော့ခတ်ချုပ်နှောင်ထားသည်။သန်ကောင်ကျော်လျှင် မောပန်းကာ စာပွဲပေါ် လက်တင်ယင်း အိပ်ပျော်သွားလေသည်။ မနက် လင်းခါနီး အထိ နာဂူနေ့သည် အိပ်မက်မျိုးစုံမက်သည်။ အိပ်မက်ထဲတွင် လူစုလူဝေးကြီးကို တွေ့ရသည်။ တဖန် ထိုလူအုပ်ကြီးတွင်

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ့ရဲဘော် မိတ္တျာလည်း ပါလာသည်။မိတ္တျာသည် ၁၉၂၀ တွင် ကာဇော့ဗာ တိုက်ပွဲ၌ ကျဆုံးသွားသူဖြစ်သည်။ထို့နောက် သူ၏ဘပ်က ဆက်သားဖြစ်သူ တူလမ်ကိုလည်း တွေ့ရသည်။

မနက်လင်းခါနီးတွင် ရတ်ဇမျော့နေ့သည် အဖွဲ့ရုံးသို့ ရောက်လာသည်။ ထိုအချိန်တိုင် နာဂူနေ့ အိပ်ရာမှ မနိုးသေး။ မာကာနာဂူနေ့၏ ပါးစပ်သည် ပြုံးနေသည်။ ရတ်ဇမျော့နေ့က သူ့ကိုလှုပ်၍ နှိုးသည်။

"လုပ်ချင်တာ လုပ်ပြီးမှ အိပ်မောကျနေလိုက်တာဗျာ။ အိပ်မက်ကောင်းနေတယ် ထင်ပါရဲ့။ ခင်ဗျား ဘာသို့ ဗင်နစ်ကို ရိုက်ရသလဲ။ သူ အခုမနက် ဂျုံတွေလှာပို့ပြီး ခရိုင်ကော်မတီဆီသွားလေရဲ့။ ဗင်နစ်သွားပြီး တိုင်တယ်လို့ လုဗစ်ရှုကင်လာပြီးပြောတယ်။ ခက်တာဘဲဗျာ၊ဒါဓိုးဒေါ့ပြန်လာယင် ဘယ်လိုပြောမလဲ။ခင်ဗျားကိုက"

နာဂူနေ့သည် မျက်လုံးကိုပွတ်ကာ "အန်ဒရေး၊ ကျုပ်အိပ်မက် သိပ်ကောင်းတာဘဲဗျ"ဟု ပြုံးရယ်ယင်း ပြောသည်။

"အိုဗျာ အိပ်မက် အကြောင်း ထားစမ်းပါအုံး။ ဗင်နစ် အကြောင်းသာ ပြောစမ်းပါ"

"ဟာဗျာ၊ ဒီကောင့်အကြောင်းတော့ မပြောချင်ပါဘူး။ သူ ဂျုံတွေ လာပို့သွားသလား။ လေးဆဲ့နှစ်တင်း။ ဟန်တယ်ဗျို့။ လေးဆဲ့နှစ်တင်းဆိုတော့ မနည်းလှဘူး ဗျ။ အေးဗျာ တန်ပြန်တော်လှန်ရေးသမားတယောက်ကို တချက်ရိုက်လို့သာ လေးဆဲ့နှစ်တင်း ထွက်လာမယ်ဆိုယင် ကျုပ်တော် လည်ပြီး ရိုက်ပါရဲ့။ ဒီကောင်ပြောသွားတာ ကြားရတော့ နောက်ထပ် နှစ်ချက်လောက်တောင် ထပ်ပြီး ရိုက်ဖို့ကောင်းတယ်။ ဒီကောင့်ဟာ ဗိုလ်ချုပ် မာမွန်တော့ဘဲဗျ။ ကျုပ်တော်တို့ လိုက်တိုက်တော့ ပင်လယ်နက်ဖက်မှာ တွေ့တယ်။ ခု ဒီကောင်က ကမ္ဘာ့တော်လှန်ရေးကြီးကို အနှောင့်အရှက်ပေးမလို့ဗျ။ ဆိုဗီယက်အစိုးရနဲ့ ပါတီအကြောင်း မကောင်းပြောသွားလိုက်တာ။ ကျုပ်တော့်ဖြင့် ဒေါသဖြစ်လိုက်တာဗျာ"

"သူက ပြောချင်တာ ပြောမှာပေါ့ဗျ။ ဒါပေမယ့် ခင်ဗျားက ရိုက်ဖို့မကောင်းဘူး။ ဖမ်းတယ်ဆိုယင် လုံလောက်ပြီဘဲဟာ"

"မဟုတ်ဘူးဗျ။ ပစ်သတ်ဖို့တောင် ကောင်းတယ်။ ဟုတ်ပါ့ဗျာ၊ မသတ်လိုက်ရတာ နာတယ်"

"အင်း ခင်ဗျားကတော့ တမျိုးဘဲ။ ခင်ဗျားကိုလူမိုက်လို့ခေါ်ယင် ခင်ဗျားစိတ်ဆိုးမယ်။ ဒါပေမယ့် ခင်ဗျားလုပ်တာက အရူးထက် ဆိုးသေးတယ်။ ဒါဓိုးဒေါ့ပြန်လာယင် ခင်ဗျားကို အပြစ်တင်မှာဘဲ"

"ဆေးမြန် လာယင်လား။ သူ ကျုပ်တော့်ကိုထောက်ခံမှာပေါ့ဗျ"

ရတ်ဇမျော့နေ့သည် ဟက်ဟက်ပက်ပက်ရယ်ကာ မာကာ၏နဖူးကို လက်ညှိုးဖြင့် တို့ကစားယင်း "အင်း အရင်လေအတိုင်းဘဲဗျို့"ဟု ဆိုလေသည်။ နာဂူနေ့သည်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရတ်ဇမျော့နေ့၏ လက်ကို ဖယ်ချကာ နေရာမှ ထ၍ အခန်းတံခါးကို ဆွဲဖွင့်သည်။ ထို့နောက်

"ဟေးလူ။ ဲအဲဒီ ဓနရှင်ပေါက်စတွေကို အခန်းထဲက ထုတ်သွားဗျာ။ ဒါမှ သူတို့ ဂျူတွေ လာပေးနိုင်မယ်။ သူတို့လာမအပ်ယင် ကျုပ်ပြန်လာတော့ တခါထပ် ချုပ်မယ်" ဟု ဆိုလေသည်။

ရတ်ဇမျော့နေ့သည် အံ့အားသင့်ကာ အခန်းဝသို့ ပြေး၍ကြည့်သည်။ အထဲတွင် စုပေါင်းလယ်ယာ အသင်းဝင် သုံးယောက်ကို တွေ့ရသည်။ ကရတ်နိုက်ုတော့၊ အင်တစ်၊ အပိုလွန်တို့ ဖြစ်ကြသည်။ သူတို့သည် သတင်းစာ စာရွက်အဟောင်းများကို ခင်းကာ အိပ်ကြရဟန်တူသည်။ သူ့ကိုမြင်လျှင် သူတို့ ထိုင်ရာမှ ထကြသည်။

"ကဲ ကဲ ကျွန်တော် ပြောပါအုံးမယ်" ရတ်ဇမျော့နေ့က စကားစလိုက်သည်။ ထိုအခါ ကော့ဆက် ကရတ်နိုကုတော့က "ဒါတွေ မပြောပါနဲ့တော့ ခင်ဗျာ။ ကျွန်တော်တို့ အပြစ်ပါဘဲ အနိဒရေး။ ကျွန်တော်တို့ ဂျူတွေ အပ်ပါမယ်။ တညလုံး ဒီအကြောင်းကို ဆွေးနွေးပြီးကြပါပြီ။ ဂျူတွေအပ်ဖို့ သဘောတူပါတယ်" ဟု ဆိုလေသည်။

ရတ်ဇမျော့နေ့သည် နကိုက နာဂူနေ့၏ အပြုအမူ အတွက် တောင်းပန်မည်ဟု ရည်ရွယ်သော်လည်း အခြေအနေကြောင့် စကားတမျိုး ပြင်လိုက်သည်။

"အေးဗျာ။ အစကတည်းက အဲဒီလို ဆုံးဖြတ်ယင် ကောင်းမှာဘဲ။ ပြီးတော့ ခင်ဗျားတို့ဟာလဲ စုပေါင်းလယ်ယာ အသင်းဝင်တွေ မဟုတ်လား"

"ပြီးတာ ပြီးပါစေဗျာ။ ကျွန်တော်တို့ကို သွားခွင့်ပြုပါ"

ရတ်ဇမျော့နေ့သည် တံခါးကို ဖွင့်ပေးလိုက်သည်။ အခြေအနေတမျိုးပြောင်းလဲနေသောကြောင့် သူသည် အတွေးတမျိုးဝင်လာသည်။ 'အင်း မာကာရဲ့ လုပ်နည်းက မှန်တာဘဲ။ သူတို့ကို နည်းနည်းလေး ခြိမ်းခြောက်ပေးမယ်ဆိုယင် တနေ့ထဲနဲ့ ဂျူတွေ အများကြီးရမှာဘဲ။'

## —၂၅—

ဒါဗီးဒေါ့သည် စံပြစိုက်ပျိုးခင်းမှ ပြန်လာသည့်အခါ ဂျူမျိုးသန့် ဆဲ့နှစ်တင်းပါလာခဲ့သဖြင့် ဝမ်းသာနေသည်။ သူ့အိမ်ရှင် အဖွားကြီးက ထမင်းပြင်ကျွေးသည့် အခါတွင် ကား သူမရှိခိုက် မာကာက ဗင်နစ်အား ရိုက်သည့်အကြောင်းကို ပထမဆုံး ကြားရလေသည်။ ထိုပြင်လယ်သမားသုံးယောက်အား တညလုံးအဖွဲ့ရုံး၌ချုပ်ထားသည့် အကြောင်းကိုပါကြားရသည်။ ထိုသတင်းများသည် ဂရယ်မျချီ တရွာလုံး ပါးစပ်ဖျား၌ ပြန့်နေသည်။ ဒါဗီးဒေါ့သည် ထမင်းကို ကပြာကယာ စားကာ အုပ်ချုပ်မှုရုံးသို့ သွားလေသည်။ ရုံးရောက်လျှင် ထိုသတင်းမှန်ကြောင်းသိရလေသည်။ နာဂူနေ့၏ လုပ်ဟန်နှင့် ပတ်သက်၍ အမျိုးမျိုး ဝေဖန်ကြသည်။ လူဗစ်ရှကင်က မာကာ နာဂူနေ့ကို ထောက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ခံသည်။ယာကွတ် လူးကစ်ကမူ ခပ်မဆိတ်နေသည်။ ထိုအချိန်မှာပင် နာဂူနေ့ရောက်လာလေသည်။သူ့မျက်နှာသည်ခါတိုင်းထက်ပို၍ ထန်သည်။ဒါ်ဗီးဒေါ့ကိုတွေ့လျှင်ဟန်မပျက် နှုတ်ဆက်သည်။သို့သော် မျက်နှာတွင် စိုးရိမ်ဟန်ဖျောက်၍မရ။အားလုံးထွက်သွားကြလျှင် ဒါ်ဗီးဒေါ့နှင့် နာဂူနေ့ နှစ်ယောက်တည်း ကျန်ရစ်ကြသည့်အခါ စကားဝိုင်း စကြလေသည်။ ဒါ်ဗီးဒေါ့က ခပ်ပြတ်ပြတ် စ၍ မေးသည်။

"ခင်ဗျား လုပ်နည်း ကိုင်နည်း အသစ်က ဘယ်လိုလဲဗျ"

"ခင်ဗျား သိပြီးပြီ မဟုတ်သလား။ ဘာမေးနေစရာ လိုသေးသလဲ"

"ခင်ဗျားကဒီနည်းနဲ့ ဂျူတွေရအောင် လုပ်တာဘဲလား"

"ဒီကောင်က ကျုပ်ကို မှိုချိုးမျှစ်ချိုး ပပြောယင် ကျုပ် ရိုက်မိမှာ မဟုတ်ဘူး"

"ဒါတွေထားပါလေ။ ဒါပေမယ့် တခြားရွာသားတွေအဖို့ ခင်ဗျား လုပ်ဟန်ကို ဘယ်လိုပြောကြမလဲ။ နိုင်ငံရေးအရ ပြောမှာ ဆိုမှာဘဲဗျ"

"အိုဗျာ ဒါတွေ စဉ်းစားမနေမျိန်မရဘူး"

"ဒါဟာ လုံလောက်တဲ့ အဖြေမဟုတ်ဘူးလေ။ ဆိုဗီယက်အစိုးရကို မလိုမုန်းထားပြောယင် ဖမ်းချုပ်ပေါ့။ ဒါပေမယ့် ရိုက်ဖို့မကောင်းဘူး။ ခင်ဗျားဟာ ကွန်မြူနစ်တယောက်လုပ်နေပြီး ကွန်မြူနစ်တွေ သိက္ခာကျအောင်လုပ်တာဘဲ။ ဒီကိစ္စကို ဒီနေ့ ပါတီအုပ်စု အစည်းအဝေးမှာ စဉ်းစားမယ်။ခင်ဗျားကို ရှုံ့ချရမှာဘဲ။ ခရိုင်ကော်မတီ အဆုံးအဖြတ်ကို စောင့်မနေနိုင်ဘူး။ စုပေါင်းလယ်ယာအသင်းရဲ့ နောက်အစည်းအဝေးမှာလဲ ဆုံးဖြတ်ဖို့ တင်ပြရမယ်။ ငြိမ်နေယင် ဒီအလုပ်မျိုးကို ကျွန်တော်တို့ပါ အားပေးတယ် ဖြစ်နေမယ်။ခင်ဗျားကို မထောက်ခံနိုင်ဘူး။ခင်ဗျားလုပ်ပုံက ဇာဘုရင်ရဲ့ စစ်တပ်က ကြေးစားစစ်သားလုပ်ပုံနဲ့ တူလွန်းတယ်။ အင်မတန် ရှက်စရာကောင်းတယ်"

ဒါ်ဗီးဒေါ့က ကွန်မြူနစ်တယောက်၏ လုပ်နည်း လုပ်ဟန် မဟုတ်ကြောင်းကို သူ့အား နားလည်သဘောပေါက်စေသည်။ထိုအခါ နာဂူနေ့က "ဒီကောင်မျိုးရိုက်တာ မှန်တယ်လို့ ထင်တယ်။ တချက်ရိုက်တာပါဗျာ။ နည်းတောင် နည်းသေးတယ်။ တော်ပြီဗျာ။ ကျုပ်ကိုထားခဲ့တော့။ ကျုပ်ကို ခုမှ ပညာပေးမနေနဲ့တော့။ ကျွန်တော်လဲပါတီဝင်တယောက်ဘဲ။ ပါတီကို တိုက်ခိုက်တဲ့ လူတွေကို ဘယ်လိုခုခံရမယ်။ ပါတီကို ဘယ်လို ကာကွယ်ရမယ်ဆိုတာ ကျွန်တော် ကောင်းကောင်း နားလည်တယ်"ဟု ဆိုသည်။

"ဒါပေမယ့် ကျွန်တော်ပြောတာက ဗင်နစ်ဖက်က ပြောတာမဟုတ်ဘူးဗျ။ ဒါကိုခင်ဗျားနားလည်ရမယ်။ ဗင်နစ်ဟာ ဒို့ဖက်သားမဟုတ်ဘူး။ သူ ဆန့်ကျင်ယင် သူ့တရား သူ့ဖာသာသူ စီရင်လိမ့်မပေါ့။ ကျွန်တော်ပြောတာက ခင်ဗျားသူ့ကိုရိုက်ဖို့မလိုဘူးပြောတာ။ဒီမယ် နာဂူနေ့ ပါတီကို ကာကွယ်ဘဲ့ တခြားနည်းတွေရှိပါတယ်ဗျ။ ကဲ ခင်ဗျားစိတ်ငြိမ်သွားအောင် အနားယူချည်အုံး။ ညနေတော့ အစည်း အဝေးလာခဲ့ပေါ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနေ့ညနေ ပါတီအုပ်စု အစည်းအဝေးစလျှင်စချင်း နာဂူနေ့ ရောက်သာသည်။ ဒါဗီးဒေါ့က "ဘယ့်နှယ်လဲ စဉ်းစားပြီးပြီလား"ဟု မေးသည်။

"ဟုတ်ကဲ့"

"ကဲ ဒီတော့"

"ခွေးကောင်ကြီးကို ကျွန်တော် အသေမသတ်လိုက်တာမှားတယ်လို့ ထင်မိဗျာ"

ဝါဒဖြန့်ချိရေးအဖွဲ့က ဒါဗီးဒေါ့ ဖက်ကထောက်ခံကာ နာဂူနေ့အား အပြစ်ပေးရန်ဆုံးဖြတ်သည်။ အန်ဒရေးရတ်ဇမျှော်နာ့သည် မဲမပေးဘဲနေသည်။ သို့သော် မာကာက "ကျွန်တော် မှန်တယ်ထင်တယ်"ဟု ဆိုသော အခါတွင်မူ ဒေါသဖြစ်ကာ ကျိန်ဆဲလျက် ထွက်သွားလေသည်။

သူတို့သည် အစည်းအဝေးမှ ထွက်လာခဲ့ကြသည်။ လမ်းကျဉ်းကလေးတွင် ဒါဗီးဒေါ့က စီးကရက်သောက်ရန် မီးခြစ်လိုက်သည်။ ထိုအခါတွင် သူသည် နာဂူနေ့၏ မျက်နှာကို စူးစိုက်ကြည့်ကာ တောင်းပန်စကား ဆိုလေသည်။ "ကျွန်တော်တို့ကိုတော့ အဆိုးမဆိုနဲ့နော် မာကာ"

"ကိစ္စမရှိပါဘူး။ ဘယ်လိုမှ မထင်ပါဘူး"

"ခင်ဗျားလုပ်နည်းက ရှေးရိုးနည်းဗျ။ ဒါပေမယ့် အခုခေတ်ပြောင်းလာပြီ။ ခုခေတ်မှာ ဒါမျိုးမလုပ်တော့ဘူး။ နေရာရဖို့အတွက်ဘဲ ကြိုးစားကြတော့တယ်။ ကျွန်တော်တို့အားလုံး တခါက ခင်ဗျားလိုဘဲ တက်ကြွခဲ့ကြတယ်။ အထူးသဖြင့် ရေတပ်က ကျွန်တော်တို့လိုလူတွေပေါ့။ ခင်ဗျားစိတ်ကို ထိမ်းမှပေါ့ဗျ။ အသစ်တက်လာတဲ့ ခေတ်လူငယ်တွေကြည့်ပါအုံး။ ကွန်ဆိုမို လူငယ်အဖွဲ့က ဗင်ယူရှာဆိုပါတော့ဗျာ။ သူစည်းရုံးပုံ အင်မတန် ကောင်းတယ်။ သူ့အဖွဲ့ဟာ အလုပ်အောင်မြင်တယ်။ သူ့ကဏ္ဍ ကျေပွန်တယ်။ သူဦးဆောင်လို့ ဂျုံတွေ အများကြီးရတယ်။ သူ့ကြည့်ရတာတော့ သိပ်ပြီး တော်ပုံမရဘူး။ ဒါပေမယ့် ခင်ဗျားလုပ်ပုံထက်တော့ ဟန်တယ်။ အိမ်တွေ လျှောက်လည်တယ်။ ရယ်စရာမောစရာပြောတယ်။ ပြီးတော့ လယ်သမားတွေကိုပုံတိုပတ်စပြောတယ်။ သူနဲ့တွေ့တဲ့လူတိုင်း ဂျုံတွေအပ်ကြတာဘဲ"နာဂူနေ့သည် ကွန်ဆိုမို လူငယ် အဖွဲ့ဝင်ကလေးကို မနာလို စိတ်ပေါ်မိသည်။ ဒါဗီးဒေါ့ကဆက်၍ "ခင်ဗျားသူနဲ့လိုက်ကြည့်ပါလား။ တခါတလေငယ်တဲ့လူဆီက သင်ရတာဘဲဗျ။ သူတို့က ကျုပ်တို့နဲ့ အမြင်ကွာတယ်။ ခေတ်နဲ့လိုက်လျောအောင် လုပ်တတ် ကိုင်တတ်တယ်ပေါ့ဗျာ"ဟု ဆိုလေသည်။

နာဂူနေ့ကား ဘာမျှပြန်၍မပြော။ သို့သော် နောက်တနေ့နံနက်တွင် သူသည် ဗင်ယူရှာထံသို့သွားသည်။ "ဒီနေ့ ကျွန်တော်အားတယ်။ ခင်ဗျားနဲ့လိုက်မယ် စိတ်ကူးတယ်။ ဘယ့်နှယ်လဲ ဘယ်လောက်ချပြီလဲ"ဟုဆိုကာ ကွန်ဆိုမိုလူငယ်ကလေးနှင့် လိုက်သွားလေသည်။

သူတို့သည် လယ်သမားများ၏ အိမ်သို့လှည့်၍ ဂျုံမျိုးစေ့အပ်ရန် တောင်းဆိုကြသည်။ ပထမဆုံး အကင်းအိမ်သို့ဝင်သည်။ တအိမ်သားလုံး နံနက်စာ စားနေကြ

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်။ စာပွဲတွင်အိမ်သားအစုံအလင်တွေ့ရသည်။ အိမ်ရှင်အကင်း၏သားသည် အသက်လေးဆယ်ခန့်ရှိပြီ။ အဖိုးကြီးသည် စာပွဲထိပ်တွင်ထိုင်နေသည်။ သူ၏ညာဘက်တွင် သူ့မိန်းမ၊ သူ့ယောက္ခမတို့ထိုင်နေသည်။ တဖက်အစွန်းတွင် အပျိုပေါက် သမီးငယ်နှစ်ယောက်ထိုင်နေသည်။

ဦးစွာပထမ ဗင်ယူရှာကနှုတ်ဆက်သည်။နာဂူနော့ကမူ မျက်ခုံးချီကာ "ဒီမှာရယ်စရာပြောနေဖို့ အချိန်မဟုတ်ဘူး။ ဂျုံတောင်းဘို့ဘဲရှိတယ်"ဟုဗင်ယူရှာကို တိုးတိုးပြောသည်။ သို့ရာတွင် ဗင်ယူရှာက ဘာမျှပြန်မပြောဘဲ အိမ်ရှင်တို့အား "ဘယ့်နှယ်စားလို့ကောင်းကြရဲ့လား" ဟု မေးနေသည်။ အဖြေကိုပင် မစောင့်တော့ဘဲ ဗင်ယူရှာက "အေးဗျာ ကျွန်တော်တောင် စားချင်လာပြီ။ ဒီမနက် ဘာမှ မစားခဲ့ရသေးဘူး။ နာဂူနော့ကတော့ မီရွာသားဗျ။ ကိစ္စမရှိဘူး။ ထမင်းမငတ်ဘူး။ ကျွန်တော်တို့သာ ရက်ချုန်စားနေရတယ်"ဟု ဆိုသည်။

"အော် ဟုတ်ပါရဲ့။ ဂျုံလဲမစိုက်ဘူး။ မြိတ်လဲမရိတ်ဘူး။ ဒါပေမယ့် စားစရာပေါတဲ့ လူတွေပေါ့ဗျာ" အကင်းက မည်သူ့ကိုစောင်းချိတ်သည်မသိ။ အထက်ပါအတိုင်း ပြောလိုက်သည်။ အဖိုးကြီးသည် ဇွန်းသည်ကလေးကို အကဲခတ်နေသည်။ သို့ရာတွင် သူ့သား'အကင်းငယ်'က "ဟဲ့ ကောင်မလေးတွေ၊ သူ့ကို ကျွေးပါကွယ်။ ဇွန်းပေးလိုက်ပါ"ဟုဆိုကာ မိတ်ခေါ်လိုက်သည်။

သမီးငယ်တယောက်သည် မီးဖိုသို့ဝင်ကာ ဇွန်းတချောင်း ဆွဲယူလာပြီးလျှင် ဗင်ယူရှာအားရိုသေစွာကမ်းလှမ်းလိုက်သည်။ ထမင်းပွဲသည်စိုပြည်လာသည်။ အဖိုးကြီးက "မြင်ရဲ့မဟုတ်လား ကျုပ်သမီးကို။ အဖေတောင် ဇွန်းယူပေးတာ မဟုတ်ဘူးဗျ။ ခင်ဗျား မိန်းမ ယူမယ်မျှားစိတ်ကူးရင် သူ့ကိုယူပေတော့ဗျား။ဟားဟား"ဟုရယ်စရာပြောသည်။

သမီးငယ်၏မျက်နှာသည် ရှက်သွေးဖြန်းကနဲထသွားသည်။ သို့ရာတွင်ဗင်ယူရှာက "ကျွန်တော့်မျက်နှာက ရုပ်ဆိုးပါတယ်ခင်ဗျာ။ ညနေညီအကို မသိတသိအချိန်ရောက်မှ ကြည့်လို့ကောင်းတာကလား"ဟု ပြန်၍ရယ်စရာပြောလိုက်သည်။

သူတို့သည် ထမင်းစားပြီးလျှင် သစ်သီးအချိုစားကြသည်။ နာဂူနော့ကမူစိတ်မရှည်လှတော့ပေ။ ဘယ်တော့ ဂျုံအကြောင်း ပြောမှာလဲဟု စိတ်ထင့် နေသည်။ 'ဒီကောင်လေးဟာ အကြောင်းမသိဘူးနော်။ ဂရယ်မျချိမှာ အကင်းတို့ သားအဖဟာ ခေါင်းအမာဆုံးဘဲ။ သူ့သားက ဒိုနီ့တပ်နီမှာ အတူတူပါဘဲ။ ဒါပေမယ့် ပစ္စည်းခင်တွယ်လွန်းအားကြီးတယ်' ဟု၍လည်း စဉ်းစားတွေးတောနေသည်။ ဗင်ယူရှာသည် အချိန်ကိုစောင့်ကာ အောက်ပါအတိုင်း ကောစလေသည်။

"ဒီနေ့မနက်သတင်းစာတစောင် ဖတ်ခဲ့တယ်ခင်ဗျ။ သတင်းတပုဒ် ဖတ်လိုက်ရတာ ကျွန်တော် ရင်ထဲကို အေးသွားတာဘဲ"

"အေးသွားတယ်" အကင်းငယ်သည် ဗင်ယူရှာထံမှ ရယ်စရာ အကြောင်းတခုကိုမျှော်လင့်နေလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အေးဗျာ။ အရင်းရှင်နိုင်ငံတွေမှာ လူတွေညှင်းပမ်းနှိပ်စက် ခံရတာဖတ်မိလို့ နှလုံးအေးသွားတာပေါ့ဗျ။ အဲဒီသတင်းအရပြောရယင် ရှမေနီးယားမှာ ကွန်ဆိုမို လူငယ်အဖွဲ့ဝင်နှစ်ယောက်ဟာတောရွာတွေဆင်းပြီးကျေးရွာလူထု၊ လယ်သမားလူထုရဲ့ မျက်စေ့ကိုဖွင့်ပေးနေတယ်။သူတို့က လယ်သမားတွေကို ဟောပြောတယ် ဆိုကြပါစို့။ 'လယ်ပိုင်ရှင်တွေဆီက မြေကိုယူပြီး ဆင်းရဲတဲ့ လယ်သမားတွေပေးရေး' ပေါ့ခင်ဗျာ။ ရှမေနီးယားပြည်မှာ လယ်သမားတွေ အလွန်ဆင်းရဲကြတယ်ခင်ဗျ"

"ဟုတ်တယ်ဗျို။ ကျုပ် အသက်ဆဲ့ခုနစ်နှစ်လောက်တုန်းက စစ်ထဲမှာနေတုန်း ရှမေနီးယား စစ်မျက်နှာ ရောက်ဘူးတယ်။ မျက်မြင်ပါဘဲဗျာ" အကင်းကထောက်ခံသည်။

"သူတို့က ဒီတော့ နေရှင်စနစ် ဖြိုဖျက်ရအောင် စည်းရုံးတယ်ပေါ့။ဆိုဗီယက် အာဏာကို ရှမေနီးယားမှာ ထူထောင်ဖို့ကြိုးစားကြတယ်။ ဒါပေမယ့် သူတို့ကို ကြေးစားတပ်က မိသွားတယ်ခင်ဗျ။ တယောက်ကိုတော့ အသေရိုက်သတ်လိုက်တယ်။ကျန်တဲ့ တယောက်ကိုတော့ ညှင်းပန်းတော့တာပါဘဲ။ သူ့မျက်လုံးကို ဖောက်ထုတ်လိုက်တယ်။ ခေါင်းက ဆံပင်တွေဆွဲနုတ်တယ်။ နောက် အပ်ကိုမီးဖုတ်ပြီး လက်သည်းထဲ ထိုးတယ်"

"အမယ်လေး တယ်ရက်စက် ပါလားကွယ်"အဖွားကြီးက စုပ်သပ်သည်။

"ဟုတ်တယ် အမေရဲ့။ လက်သည်းထဲအပ်စိုက်တယ်။ ပြီးတော့ 'ဟေ့ မင်းတို့ အဖွဲ့မှာ အခြားလူတွေရှိတယ်။ နာမယ်ပြောစမ်း' လို့ မေးတာဘဲ။ ဟိုသူငယ်က မပြော ဘူး။ ဒီတော့ စစ်သားတွေက သူ့နှာခေါင်းဖြတ်၊ နားရွက်တွေ ဖြတ်တော့တာဘဲ။ အဲဒီတော့လဲ သူငယ်က မပြောဘူး။ ဘယ်လိုလုပ်လုပ်ကျုပ်မပြောဘူး။ အသေသတ် လိုက်။ ကွန်မျူနစ်ဝါဒအောင်မြင်ပါစေလို့ ကြွေးကြော်တယ်။ဒီတော့သူ့ကိုထုတ်မှာ ကြိုးနဲ့ဆွဲပြီး အောက်က မီးရှို့တယ်"

"အမယ်လေးကွယ် တယ်လဲရက်စက်ပါလား" အကင်းယော်က ဆိုသည်။

"သူကတော့ ကွန်မျူနစ်ဝါဒအောင်မြင်ပါစေ။ ပစ္စည်းမဲ့ တော်လှန်ရေးကြီး အခွန့်ရှည်ပါစေလို့ဘဲ ကြွေးကြော်တယ်"

"အေးပေါ့ကွာ၊ ဒါကောင်းတယ်။ ဘယ်မှာကိုယ့်ခဲဘော်တွေကို သစ္စာဖောက် လို့ဖြစ်မလဲကွ။ ဒါနည်းမှန်တယ်။ ဂုဏ်ရှိရှိအသေခံရမယ်။ ရဲဘော်ချင်းသစ္စာမဖောက် ရဘူးပေါ့။ ဒို့သမာကျမ်းစာမှာသဲ 'မိတ်ဆွေအတွက် အသက်စွန့်ပါ'လို့ ဆိုထား တယ် မဟုတ်လား။ ကဲ ဒါနဲ့ဘာဖြစ်သလဲ။ ဆက်ပြောစမ်းပါအုံး"

"ဒါနဲ့ သူ့ကိုဘယ်လိုဘဲနှိပ်စက်ပေမယ့် သူကတော့ သစ္စာမဖောက်ဘူးတဲ့။ မနက်ကနေ ညနေအထိ နှိပ်စက်တာဘဲ။ မေ့သွားယင် ရေလောင်းပေးတယ်။ သတိရ လာတော့ မေးပြန်တယ်။ ဒါပေမယ့် အဖြေမရဘူး။ ဒီတော့ သူတို့က သူ့အမေအိုကြီး သွားပြီး ဖမ်းလာတယ်။ ဒီမှာကြည့်စမ်း ခင်ဗျားသား။ သူ့ကိုပြော။ မေးတာဖြေပေ

www.facebook.com/NyisayEbookCreator
www.nyisay.com



စေ။ မပြောယင် သတ်မှာဘဲလို့ ခိုင်းတယ်။အမေအိုကြီးက သားငယ်ကိုမြင်တော့ ငိုယိုပြီးပြေးဖက်ရှာတာပေါ့"

နားထောင်နေကြသူ အပျိုလေးများကား မျက်ရေတစမ်းစမ်း ဖြစ်နေသည်။ နာဂူနေ့သည်သာ နှုတ်ခမ်းကိုမဲ့ရွဲ့နေလေသည်။

"ဒါနဲ့ အမေကြီးက ငါ့လားရယ် ပြောလိုက်ပါကွယ်လို့ ချော့တယ်။ဒီတော့ သားငယ်က မပြောဘူးအမေ။ ကျွန်တော် မပြောဘူး။ရဲဘော်ကို သစ္စာမဖောက်ဘူး။ ကျွန်တော့်ယုံကြည်ချက်အတွက် အသေခံမယ်။မသေခင် ကျွန်တော့်ကို နမ်းစမ်းပါ အမေရယ်။ဒါမှ ကျွန်တော်အသေဖြောင့်မယ်လို့ ဆိုတယ်"

ထိုနောက် ဗင်ယူရှာက ရှုမေးနိုးယား လူငယ်ကလေး အသက်စွန့်သွားပုံကို အဆုံးသတ်လိုက်လေသည်။ နားထောင်သူအားလုံး စကားတခွန်းမျှ မပြောကြဘဲ ငြိမ်သက်နေကြသည်။ထိုနောက် အိမ်ရှင်မက မျက်ရည်စက်လက်ဖြင့် "ဒီ သူငယ်လေး အသက် ဘယ်လောက်ရှိပြီလဲကွယ့်"ဟု တုန်ရီစွာမေးလေသည်။

"ဆဲ့ခုနစ်နှစ်" ဗင်ယူရှာက ဖြေသည်။ "ဟုတ်တယ် အမေ။ သူဟာ သူ့ရဲ ကောင်းတို့သေခြင်းနဲ့ သေတယ်။လုပ်သားသူရဲကောင်း တယောက်ဘဲ။ သူအသေခံတာ လုပ်သားလူတန်းစားဘာခုလုံး ဘဝသစ်ရောက်နိုင်ဖို့ဘဲ။ဒီတော့ ကျွန်တော်တို့ရဲ့တာဝန်ကလဲ မနရှင်စနစ်ဖြိုဖျက်ဖို့ သူတို့ကိုအကူအညီပေးရမယ်။ အလုပ်သမားနဲ့ လယ်သမား လက်ထဲကို အုပ်ချုပ်ရေး အာဏာ အပ်နှင်းပေးရမယ်။ အဲဒီအတွက် ကျွန်တော်တို့ စုပေါင်းလယ်ယာ တည်ဆောက်နေတာပေါ့။ စုပေါင်းလယ်ယာ စီးပွားရေးကို အားကောင်းအောင် ထူထောင်နေတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့မှာလဲ ကြေးစားစစ်သားတွေကို ကူညီနေတဲ့ မသိ နားမလည်တဲ့ လယ်သမားတွေ ရှိနေသေးတယ်မဟုတ်လား။ စုပေါင်းလယ်ယာကို ဂျုံမပေးတဲ့ လယ်သမားတွေ ရှိနေသေးဘယ်မဟုတ်လား။ ကဲ ကဲ ကျေးဇူးတင်ပါတယ်။အခု ကျွန်တော်တို့ရောက်လာတာ ဂျုံမျိုးတောင်းမလို့ဘဲ ခင်ဗျ။ ခင်ဗျားတို့မှာ ခုနစ်ဆဲ့ခုနစ်တင်း ရှိတယ်ထင်ပါရဲ့"

"အင်းလေ။ ရှိသေးရဲ့လား မသိပါဘူးဗျာ"အကာ်းငယ်က တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။ သို့ရာတွင် သူ့မိန်းမက မျက်စောင်းချိတ်ကာ "မဟုတ်ပါဘူးရှင်။ ရှိပါတယ်။ ကဲပါ သွားပြီး အိတ်ထဲထည့်ချေပါ။ပေးလိုက်ပေါ့"

"ဒါပေမယ့် တင်းခုနစ်ဆယ် မရှိဘူးကွယ့်"

"ပေးလိုက်ပါကွယ်။ ငါ့ သားကလဲ" အဖိုးကြီးကပါ တိုက်တွန်း နေလေသည်။

နာရီဝက်အတွင်း သူတို့သည် အကင်းထံမှ ဂျုံတင်းရေ ခုနစ်ဆယ်ရခဲ့သည်။ အပြန်လမ်းတွင် နာဂူနေ့က "ခင်ဗျား ကွန်ဆိုမိုလူငယ်လေး အကြောင်းပြောတာ ပုံဝတ္ထုလားဗျ"ဟု မေးသည်။

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်ဖတ်ဖူးတာကြာပါပြီ"

"ဒါပေမယ့် ခင်ဗျားပြောတော့ ဒီမနက်ဘဲ ဖတ်ရတယ်ဆို"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒါက ဘာအရေးကြီးလဲဗျ။ အရေးကြီးတာက ဒါမျိုး တကယ်ဖြစ် မဖြစ်ဘဲ ပေါ့။ မဟုတ်ဖူးလားရဲဘော်ကြီး နာဂူနေ့ခရဲ့"

"ဟုတ်ပါရဲ့။ ဒါပေမယ့် ခင်ဗျားပြောတော့ ပိုပြီးသနားစရာကောင်းအောင် ချဲ့သေးတယ်ထင်သဗျ"

"ဒါလဲ အရေးမကြီးပါဘူးဗျာ။ အရေးကြီးတာက လူတွေအဖို့ဒီလိုညှင်းပန်းမှုမျိုး ချုံမှုန်းဖို့၊ ပြီးတော့အရင်းရှင်စနစ်ကို ရှံမှုန်းဖို့၊ ကျွန်တော်တို့ရဲဘော်တွေကိုထောက်ခံဖို့ဘဲ မဟုတ်လား။ ဒါပေမယ့် အခု ကျွန်တော်လိုချင်တဲ့ ဂျုံတွေရခဲ့တယ် မဟုတ်လားဗျ။ သစ်သီးက တယ်ကောင်းဗျာ။ ခင်ဗျားမစားလိုက်ရတာ နာတာဘဲ ရဲဘော်ကြီး နာဂူနေ့ခရဲ့"

## —၂၆—

မတ်လ ဆယ်ရက်နေ့ညတွင် ဂရယ်မျချီရွာကလေး၌ နှင်းအနည်းငယ်ကျသည်။ တညလုံး ပင်ဆီးနှင်းခဲတို့ အရည်ပျော်ကာစီးဆင်းကြသည်။ တောင်ဖက်ဆီက လေပြည် လေနွေး တခုတိုက်ခတ်လာသည်။ နှင်းကုန်၍ နွေဦးရောက်လာလေပြီ။ တောင်လေအငွေ့အသက်တွင် နွေဦးအငွေ့အသက်တို့ ပါလာသည်။ တောင်ကုန်းထက်က နှင်းခဲတို့သည် အတုံးလိုက်အရည်ပျော်ကျကုန်သည်။ မနက်ခင်းတွင် အနွေးငွေ့ရလာသည်နှင့် အိမ်ခေါင်မိုးတို့မှ နှင်းရည်တို့ ပျော်ကျကုန်သည်။ တရွာလုံး ညိုဝါသည့် အိမ်မိုးတို့ ပေါ်လာကုန်သည်။ သုံးရက် လုံးလုံးလေပြည်တိုက်ခတ်သည်။

ဂရယ်မျချီတွင်မူ ရွာဘေးက ချောင်းကလေးတွင်တောင်ကျရေလျှံလာသည်။ ရေခဲတုံးကလေးများပင် မျောပါလာသည်။ ချောင်းအကွေ့တွင် ရေခဲတုံးများအချင်းချင်း ရိုက်ခတ်ကြကုန်သည်။

ရွာပြင်ဖက်ရှိ လယ်မြေအားလုံးတွင် မြေညို မြေနီတို့ ပေါ်စပြုလေပြီ။ အပြာရောင် ကောင်းကင်ပြင်တွင်လည်း ကြိုးကြာငှက်တို့ပျံဝဲကြလေပြီ။

မတ်လဆဲ့ငါးရက်တွင်မူ စုပေါင်းလယ်ယာအသင်း၌ ဂျုံမျိုးစေ့အစုံအစေ့ရပြီ။ လယ်သမားတို့သည် လုပ်ငန်းအဘွက် ပြင်ဆင်ကြသည်။ ပန်းဘဲဆရာ အစ်ပလော့သည် လျင်မြန်သောအဟုန်ဖြင့် လယ်ယာကရိယာတို့ကိုပြင်ဆင်သည်။ ထွန်၊ ထယ်၊ စက်ကရိယာအားလုံးကို အချိန်မှီ ပြုပြင်၍ ပြီးစီးလေသည်။ ထိုနေ့ ညနေတွင် ကျေးရွာစာသင်ကျောင်း၌ စည်းဝေးပွဲတခု ကျင်းပသည်။ ဒါဗီးဒေါ့က လီနင်ဂရက်မြို့မှ မှာယူခဲ့သည့် ပန်းဘဲဆရာသုံး ကရိယာ လက်နက်များကို အစ်ပလော့ရှာလီလက်သို့ အပ်နှင်း လက်ဆောင်ပေးသည်။

"စုပေါင်းလယ်ယာအသင်း အုပ်ချုပ်မှုကော်မတီက ရဲဘော်ကြီး အစ်ပလော့ရှာလီကို လက်ဆောင်ပေးပါတယ်။ သူဟာ ဂုဏ်ပြုထိုက်သူဖြစ်ပါတယ်။ အချိန်မှီလယ်ယာပစ္စည်းတွေကိုပြီးအောင် ပြင်ဆင်ပေးခဲ့ပါတယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



ရတ်ဇမျော့နေ့ဘက အစ်ပလော့ကို ရှေ့သို့ တွန်းပို့လိုက်သည်။

"ရဲဘော်ကြီး ရှာလီဟာ ရာနွန်းပြည့် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်သူ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လက်ဆောင်ကို လက်ခံပါ ခင်ဗျား။ နောင် အခါမှာလဲ ဒီလိုဘဲ ကူညီနိုင်ပါစေလို့ ဆုတောင်းပါတယ်။ ခင်ဗျားတို့အားလုံးလဲ လယ်ယာလုပ်ငန်းမှာ သူ့လိုဆောင်ရွက်ယင် ချီးကြူးရမှာဘဲ"

ဂရယ်မျချီရွာသားတို့သည် ထိုပွဲတွင် လက်ခုပ်တီးကာ ဩဘာပေးသည့်အကျင့် ကို မသိနားမလည်ဖြစ်နေသေးသဖြင့် တယောက်တပေါက် ပြောဆိုကြလေသည်။

"သူအလုပ်ကောင်းတယ်ဗျ။ ထိုက်တန်တာဘဲ"

"မကောင်းတာတွေကို ကောင်းအောင် ပြင်ပေးဘာဘဲ"

"သူ့ဖို လက်နက်ကရိယာတွေဗျို။ သူ့မိန်းမဖို့တော့ ဆက်ဘင်စတွေဗျား"

ရှယ်ရှုကာသည် အလှည့်ကြုံလာသဖြင့် အသံသေးဖြင့် အော်သည်။ "ဟေးဘာ လို့ရပ်နေတာလဲကွ။ စကားပြောပါသေး" အခြားလူများကလည်း အစ်ပလော့အား စကားပြောခိုင်းသည်။

"သူ့အစား ဒမ်မစ်စကားပြောပါစေလားဗျ"

"အစ်ပလော့၊ ပြောလေဗျာ။ တခုခုပြောပေါ့"

အန်ဒရေးသည် ပွဲသိမ်းခင်းကျင်းခြင်းကို နှစ်သက်သူဖြစ်သည့် အားလျော်စွာ အစည်းအဝေးကို ငြိမ်အောင်ထိန်းသည်။

"နည်းနည်းငြိမ်ကြပါ။ ဘာတွေအော်နေကြတာလဲ။ လက်ခုပ်တီးပါလားဗျ။ ဒါမှယဉ်ကျေးတာပေါ့" ထို့နောက် အစ်ပလော့ဖက်သို့လှည့်၍ "ကဲ အသက်ဝဝရှူပြီး စကားပြောဗျာ။ ခင်ဗျားက ဒီပွဲမှာ သူရဲကောင်းကြီးဗျ။ ခင်ဗျားမိန့်ခွန်းပြောရမယ်" ဟု ဆိုလေသည်။

အစ်ပလော့သည် ဘာပြောရမှန်းမသိ။ တသက်နှင့်တကိုယ် လူလယ်ခေါင်တွင် စကားရှည်ရှည်ပြောဘူးသူမဟုတ်။ တခါတရံမျှလည်း လက်ဆောင် မရခဲ့စဘူး။ သူရ ဘူးသည်မှာ ဗော့ဒကါအရက်သာလျှင် ဖြစ်သည်။ သူသည် လက်ဆောင် အထုပ်ကို တဖက်ကပိုက်ယင်း ဝမ်းသာလွန်းသဖြင့် ကျသောမျက်ရည်စကို လက်တဖက်ဖြင့်သုတ် လိုက်သည်။ ထို့နောက် တုန်ရီအက်ကွဲသည့်အသံဖြင့် မိန့်ခွန်းပြောလေသည်။

"ဒီလက်နက်တွေနဲ့ အလုပ်လုပ်နိုင်တာပေါ့ခင်ဗျာ။ သိပ်ကျေးဇူးတင်တာဘဲ။ အုပ်ချုပ်ရေးအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အဖို့ လက်နက်ရှိရင် ပြီးတာဘဲ။ ကျွန်တော် ဆက်လက်ကူညီမှာဘဲ။ ကျွန်တော်အခု စုပေါင်းလယ်ယာအသင်းဝင် ဖြစ်နေ ပြီကိုးဗျ။ ပြီးတော့၊ ဟဲဟဲ၊ ဆက်တင်စအတွက်လဲ ကျုပ်မိန်းမက ဝမ်းသာမှာဗျ" သူ့ မိန့်ခွန်းသည် ရိုးလှ စင်းလှသည်။ ထို့နောက် အထုပ်ကိုပိုက်ကာ သူ့မိန်းမကို ရှာ နေသည်။

အစ်ပလော့ပြီးဆုံးတော့မည်ကိုသိသဖြင့် ရတ်ဇမျော့နေ့ဘက လက်ဟန်ခြေဟန် ပြကာ ဆက်၍ပြောခိုင်းသည်။ သို့သော် အစ်ပလော့က မမြင်။ ခေါင်းညိတ် အလေး

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြုကာ အဆုံးသတ်လိုက်သည်။ နာဂူနေ့သည် ဦးထုပ်ကိုချွတ်ကာ ကျေးရွာ တီးဝိုင်းအဖွဲ့ကို အချက်ပြလိုက်သည်။ တယောသံသည် ကျယ်လောင်စွာထွက်ပေါ်လာသည်။ ထိုအချိန်တွင် အင်တာနေရှင်နယ် သီချင်းသံသည် ဂရယ်မျချီ ရွာကလေး၌ ပျံ့ဝဲနေလေသည်။

× × ×

စိုက်ပျိုးရေးတွင် တာဝန်ကျသော ဒပ်ဗဆော့လုဗစ်ရှကင်၊ ဒယ့်မကာ တို့သည် စတက်မြက်ခင်းဖက်သို့ထွက်ကာ မြေအခြေအနေကို စူးစမ်းကြသည်။ နွေဦးသည် မြက်ခင်းဒေသတွင် လေရူးနှင့်အတူ ရောက်လာသည်။ ရာသီဥတုကား သာယာစပြုလာပြီ။ ထို့ကြောင့် ပထမအဖွဲ့သည် တာဝန်ပေးထားသည့် သဲမြေကို ထွန်ယက်ရန် ပြင်ဆင်လေသည်။

ဝါဒပြန့်ပွားရေးအဖွဲ့ကားဗိုင်စကိုဗ့်ဖွင်သို့ရောက်သွားသည်။သို့သော်နာဂူနေ့ကဘောင်းဆိုသပြင့်စိုက်ပျိုးသည့်ရာသီဘလျှောက်လုံးဂရယ်မျချီရွာတွင် ဗင်ယူရှာကိုထားခဲ့ရန် အသင်းခေါင်းဆောင် ကွန်ဒရက်ကိုက သဘောတူသည်။

ရှာလီ လက်ဆောင်ရပြီးသည့် နောက်တနေ့တွင် နာဂူနေ့သည် သူ့မိန်းမ လုရှကာကို ကွာလိုက်သည်။ လုရှကာသည် ရွာစွန်က သူ့အဒေါ်၏တဲသို့ သွားရှိနေသည်။ နှစ်ရက်မျှ မထွက်ဘဲ အိမ်တွင်း ပုန်းနေသည်။ ထိုနောက် အုပ်ချုပ်မှုရုံးတွင် ဒါဗီးဒေါ့သည် လုရှကာနှင့် ဒက်ထိတိုးမိလေသည်။

"ကျွန်မ ဘာလုပ်ရမလဲ ရဲဘော်ကြီး ဒါဗီးဒေါ့ရဲ့။ ပြောစမ်းပါအုံး"

"အင်း ကျုပ်တို့ ကလေးထိန်းဌာန တခု ဖွင့်မယ်စိတ်ကူးတယ်။ အဲဒီမှာလုပ်မလား"

"အို မလုပ်ချင်ပါဘူး။ဘယ့်နှယ်ရှင် ကျွန်မ ကိုယ်တိုင်မှ ကလေးမရှိဘဲ။သူများကလေးတွေ ဘယ်နှယ့်လုပ်ထိန်းတတ်မှာတဲ့လဲ"

"ဒါဖြင့် စုပေါင်းလယ်ယာ အဖွဲ့တခုခုမှာ ဝင်ပြီး အလုပ်လုပ်ပေါ့"

"ကျွန်မ လယ်လုပ်တတ်တဲ့ မိန်းမ မဟုတ်ဘူးရှင့်"

"ခင်ဗျားက အလုပ်ကြမ်း မလုပ်တတ်တော့၊ အနုသမားပေါ့။ဒါဖြင့်ကန်တော့ဆွမ်းတဲ့ဗျို့။ ကျုပ်တို့ဆီကတော့ အလုပ် ရမယ်မဟုတ်ဘူး။ ပေါင်မုန့်လဲရမယ် မဟုတ်ဘူး။ ကျုပ်တို့ ဆောင်ပုဒ်က 'အလုပ်မလုပ်သူ ထမင်းမစားရ' ဆိုတဲ့ ဆောင်ပုဒ်ဘဲ"

လုရှကာသည် ခေါင်းကိုငုံ့ရင်း သက်ပြင်းချသည်။ ခြေထောက် ကလည်း အငြိမ်မနေလှုပ်ရှားနေသည်။ "တီမိုဖေး ဆီကတော့ စာရတယ်ရှင့်။ သူမကြာခင်ပြန်လာမယ်တဲ့"

"ပြန်လာမယ်၊ ဟုတ်လား။ အေး အေး၊ လာပေ့စေ။လာတော့မှ ဒီကောင်ကို တခြားပို့အေးတဲ့နေရာ ပို့လိုက်အုံးမယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရှင်တို့ သူ့ကိုခွင့်မလွှတ်နိုင်ဘူးပေါ့"

"အိုဗျာ။ ခင်ဗျား သူ့ကိုစောင့်နေလို့ အပိုဘဲ။ ဒီမှာသာ အလုပ်ဘာ ခုလုပ်" ဒါဗီးဒေါ်သည် စကားဖြတ်ကာ ထွက်သွားရန်ပြင်သည်။ လုရှကာက သူ့ကိုတားသည်။

"ကျွန်မအတွက် ယောကျ်ားတယောက် ရှာရှာမပေးနိုင်ဘူးလား။ လူပျိုသိုးတယောက်ယောက်ပေါ့ရှင်"

ဒါဗီးဒေါ်သည်မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားသည်။ "ဟာ ဒါကျုပ်အလုပ်မဟုတ်ဘူး။ ကဲ သွားမယ်"

"နေပါအုံးရှင့်။ ရှင့်ကိုတခုမေးချင်လို့ပါ။ ခဏလေးပါ"

"ကဲ ဘာလဲ"

"ကျွန်မကို ရှင့်မိန်းမအဖြစ်သိမ်းပိုက်ပါလားတော့"

ဤအချိန်တွင်မူ လုရှကာသည် ဒွိဒိုးကြီးပြောချလိုက်လေသည်။

ဒါဗီးဒေါ်သည် ရှက်သွားသဖြင့် ဘာပြန်ပြောရမှန်းမှသိ ဖြစ်နေသည်။

"ကျွန်မကို ကြည့်ပါအုံး ဒါဗီးဒေါ်ရယ်။ ကျွန်မဟာ မိန်းမလှဘယောက်ပါ။ ချစ်စရာကောင်းလဲကောင်းပါတယ်။ ကြည့်စမ်းပါအုံး။ မျက်လုံးကောင်း၊ မျက်ခုံးကောင်းပါတော့ရဲ့" ပြောပြောဆိုဆိုပင် လုရှကာသည် ဂါဝန်ကို မလိုက်ကာ ကိုယ်ကိုတပတ်လှည့်ပြသည်။ တင်ပဆုံကြီးများကိုလည်း လှုပ်ရမ်း၍ပြသည်။ ထိုနောက် ဒါဗီးဒေါ်ကို ဗဟိုပြု၍ ချာလည်လှည့်ပြသည်။ "ဘယ့်နှယ်လဲ ကျွန်မလို မိန်းမမျိုးရှင်မကြိုက်နိုင်ဘူးတဲ့လား။ ပြောစမ်းပါအုံးတော်ရဲ့"

ဒါဗီးဒေါ်သည် စိတ်ရှုပ်လာသည်။ "မင်းဟာ မိန်းမလှတယောက်ပါကွယ်။ မင်း ခြေသလုံးလေးတွေကလဲ လှပါတယ်။ ဒါပေမယ့် ခြေဦးလှည့် မှားနေတာတခုဘဲ"

"အိုရှင် တော်ဆိ တည့်တည့်လာနေတာဘဲဟာ"

"ရှုပ်လိုက်တာကွာ၊ငါသွားမယ်။ငါမှာ မင်းကို အချိန်မပေးနိုင်ဘူး" ထိုနောက် ပျော်စေပျက်စေသဘောဖြင့် "ဒါပေမယ့် စိုက်ပျိုးရေးပြီးရင် စဉ်းစားတာပေါ့ကွာ ဟုတ်လား။ မာကာရဲ့ ခွင့်ပြုချက်ကိုလဲ အရင်ယူအုံးမကွာ"ဟု ပြောလိုက်လေသည်။

လုရှကာသည် ထိုစကားကို ကြားလျှင် ဟက်ဟတ်ပက်ပက် ရယ်မောလေသည်။ "မာကာက ကျွန်မကို သူ့ကမ္ဘာ့တော်လှန်ရေးလောက် ချစ်တာ မဟုတ်ဘူးရှင့်။ အခုရှင်ကလဲ ကျွန်မကို စိုက်ပျိုးရေးလောက် စုံမက်တာ မဟုတ်ဘူး။ ကိစ္စမရှိပါဘူးလေ။ ရှင်တို့လိုလူစားလဲ ကျွန်မ မချစ်ချင်ပါဘူး။ကျွန်မက မီးလို ပူပူလောင်လောင် အချစ်မျိုးမှ ကြိုက်တာ။ ရှင်တို့ကတော့ တော်လှန်ရေးနဲ့ဘဲ အချိန်ကုန်နေတာဘဲ"

ဒါဗီးဒေါ်သည် ဆိုဗီယက်ရုံးဆီသို့ လှမ်းခဲ့သည်။ မျက်နှာတွင်ကား အပြုံးရိပ်သန်းနေသည်။ 'ဒီမိန်းမကိုတော့ အလုပ်တခုခု ပေးထားမှဖြစ်မယ်။ ဒါမှ မဟုတ်ဆင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ပျက်စီးမှာဘဲ။ အို သူ့ကိစ္စ သူ့ဖာသာ စီမံလိမ့်မယ်။ သူ့အကြောင်း တွေးနေလို့ အပိုဘဲ။'

နာဂူနေ့ကိုတွေ့လျှင် လုရှကာအကြောင်းကို စချွမေးသည်။ "မိန်းမနဲ့ ကွာခဲ့ပြီဆို ဟုတ်လား"

"ဒီအကြောင်း မမေးပါနဲ့ဗျာ"

"ကျွန်တော် ခုဘဲ"

"ဟုတ်တယ်။ ကျွန်တော်လဲ"

"ဘာလဲဗျ။ ခင်ဗျားဟာက မေးတာစမ်းတာ လေးမှ မခံနိုင်ဘူးတဲ့လား"

"ပထမအဖွဲ့ ထွန်ယက်ဖို့ အချိန်တော်ပြီဗျ"

"ခင်ဗျား လုရှကာကို လမ်းမှန်ရောက်အောင် ပြုပြင်ဖို့ကောင်းတယ်။ သို့မဟုတ်ရင် လမ်းမှားရောက်သွားလိမ့်မယ်"

"တော်စမ်းပါဗျာ။ ဒီအကြောင်း မပြောပါနဲ့။ ကျွန်တော် အခုပြောနေတာက စိုက်ပျိုးရေး ပထမအဖွဲ့အကြောင်းဗျ။ နက်ဖြန်ဆိုယင်"

"အေးလေ။ နက်ဖြန်ပထမအဖွဲ့က လယ်ဆင်းမယ်။ ဒီမယ် မာကာ။ ကျုပ်ပြောတာနားထောင်စမ်းပါဦး။ မိန်းမတယောက်ကို ကွာတာလွယ်တယ်ဗျ။ ကွာပြီး ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ။ ခင်ဗျားမိန်းမကို ကွန်မြူနစ် သဘောတရား သွင်းပေးပါလားဗျ။ ခင်ဗျားနဲ့တော့"

"နက်ဖြန် ပထမအသုတ်နဲ့အတူ ကျွန်တော် ဆင်းမယ်။ ပညာပေးဖို့ သဘောတရားပေးဖို့ ပြောတော့လွယ်တယ်။ ကျွန်တော်ကိုယ်တိုင်မှသဘောတရားပြည့်သေးတာမှ မဟုတ်ဘဲ။ ဘယ်မှာ သူများကိုသဘောတရား သွင်းပေးလို့ ဖြစ်မှာလဲဗျ။ ဟုတ်တယ်၊ ကျွန်တော် သူ့ကိုကွာခဲ့ပြီးပြီ။ ပြီးတော့ ဘာလုပ်ပေးရဦးမှာလဲ၊ ခင်ဗျားက ကျုပ်ကို ဒီကိစ္စနဲ့ပတ်သက်ရင် ကျားပိန်တွယ် တွယ်နေတာဘဲ။ ဗင်နစ်ကိစ္စကလဲရှိသေးတယ်။ ခင်ဗျားက ကျုပ်မိန်းမ အကြောင်းဘဲ ပြောနေတာဘဲ"

ဒါဗီးဒေါ့သည် မာကာကိုပြန်ပြောရန် ပါးစပ်ဟပြည် ဟန်ပြင်နေစဉ် မော်တော်ကားဟွန်းသံတချက်ကြားရသဖြင့် တန့်သွားသည်။ ခရိုင်ကော်မတီအဖွဲ့ဝင်၏ ဖို့ကားလေးဖြစ်သည်။ ကားပေါ်မှ ခရိုင်ကော်မတီ ထိန်းသိမ်းရေး အဖွဲ့ဥက္ကဋ္ဌ ဆမိုခင် ဆင်းလာသည်။

"အဲ လာပြီဗျို့။ ကျွန်တော့်ကိစ္စအတွက် လာတာဘဲ။ ဒါဘဲနော် ခင်ဗျား ကျုပ်တို့အကြောင်းမပြောနဲ့။ ခင်ဗျား ဆမိုခင်အကြောင်းသိတယ်မဟုတ်လား။ ဒီလူက မိန်းမကိစ္စနဲ့ပတ်သက်ယင် သည်းမခံဘူးဗျ။ 'ခင်ဗျား ဘာ့ကြောင့်မိန်းမကို ကွာရသလဲ။ အကြောင်းပြပါ'နဲ့ မေးတတ်တယ်။ ဒီလူက ကွန်မြူနစ်တယောက် မယားကွာတယ်ဆိုရင် သိပ်ကြိုက်တာမဟုတ်ဘူး။ ဘုန်းကြီးနဲ့ တူပါတယ်ဗျာ။ တောက်၊ ဟုတ်ပါ့။ ခွေးကောင် ဗင်နစ်ကို ကျုပ်အသေသတ်လိုက်ရင် ကောင်းမှာဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆမိုခင်သည် အဖွဲ့ရုံးထဲသို့ဝင်လာသည်။ ဝင်လာလျှင် ဝင်လာချင်းပင် "ဘယ့်နှယ်လဲ နာဂူနေ့ဒ၊ကိစ္စတွေပွေလာပြန်ပြီဟုတ်လား။ ကျုပ် ခင်ဗျားကိစ္စအတွက် လာခဲ့ရတာဘဲ။ ဒီရဲဘော်က ဒါဗီးဒေါ့ထင်တယ်" ထိုနောက် နာဂူနေ့ဒနှင့် ဒါဗီးဒေါ့တို့ကို လက်ဆွဲနှုတ်ဆက်ပြီးလျှင် စားပွဲပေါ်၌ ထိုင်လိုက်သည်။ "ကဲ ရဲဘော်ကြီး ဒါဗီးဒေါ့။ ကျုပ်တို့ကို နာရီဝက်လောက် ရှောင်ပေးစမ်းဗျာ။ ဒီကရဲဘော်ကို စကားပြောရအုံးမယ်။ တခွန်းနှစ်ခွန်းပါ"

"ပြောကြလေ"

ဒါဗီးဒေါ့ထွက်သွား၍ တံခါးဝသို့မျှမရောက်မီ နာဂူနေ့ဒအသံကို ကြားရလေသည်။ ဒုတိယစကားကိုကြားရသည့်အခါ သူအံ့အားသင့်မိသည်။

"ဟုတ်တယ်။ ကျွန်တော် တန်ပြန်တော်လှန်ရေးသမားတယောက်ကိုရိုက်တယ်။ ဒါအမှန်ဘဲ ဆမိုခင်။ ဒါပေမယ့် အပြည့်အစုံပြောရအုံးမယ်"

"နောက်ပြီးတော့ရော"

"ပြီးတော့ မနေ့တနေ့ကဘဲ မိန်းမကိုအိမ်ကနှင်ချလိုက်တယ်"

"ဘာရယ်ဗျ။ မဟုတ်ဘူး။ ခင်ဗျား မဟုတ်သေးဘူး" ဆမိုခင်သည်အိတ်ကြီးထဲက စာရွက်များကို ရှာနေရင်း အော်လိုက်လေသည်။

— ၂၇ —

ယာကွတ်လူးကစ်သည် အိပ်ရာထဲသို့ဝင်ခန်းသေးသည်။ ထိုအခါနိုက်တွင် အိမ်ဝက တံခါးဖွင့်သံကြားရသည်။ အိပ်ရာထဲက မထချင်။ သို့သော် ငါးသံချက်ကိုတိုးသံကြားရသဖြင့် ဇွတ်ထလာကာ ပြတင်းပေါက်မှချောင်းကြည့်လေသည်။ အပြင်၌ကား အမှောင်ထုကျပ်ခါ နီးနေပြီ။ သို့သော် မှောင်မိုက်နေဆဲဖြစ်သည်။ အမှောင်ထုတွင် မျက်လုံးအစုံကို ကျင့်သားရအောင် အားယူကာကြည့်မှ ပေါ်လော့ဆက်၏ ရုပ်ပေါ်လာသည်။ ယာကွတ်သည် အပြေးဆင်းကာ တံခါးဖွင့်ပြီးနောက် ပေါ်လော့ဆက်ထံမှ မြင်းကို လှမ်း၍ ယူသည်။

"လက်ယက်စကီရှိသလား"

"ရှိတယ်ခင်ဗျ။ အိပ်ပျော်နေတယ်။ဗိုလ်ကြီး ထွက်သွားကထဲက အရက်ချည်း သောက်နေတာဘဲ"

"မြင်းယူသွားဗျာ။ ခရီးပန်းလာတယ်"

ပေါ်လော့ဆက်၏အသံသည် တိမ်လှသည်။ စိတ်ညစ်စရာ တွေ့လာရပြီဟု ယာကွတ်ထင်သည်။

ပေါ်လော့ဆက်သည် ညှော့ခန်းတွင် ဖိနပ်ကြီးချွတ်၍၊ အိတ်ထဲမှ ကော့ဆက်ဘောင်းဘီကိုထုတ်ကာ အဝတ်လဲသည်။ ယာကွတ်သည် တံခါးဝတွင်ရပ်ကာ သူ၏ တပ်မှူးဟောင်းကိုကြည့်နေသည်။ ပေါ်လော့ဆက်သည် ရက်ဆက် အိပ်ရေးပျက်လာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဟန်တူသည်။ လက်ယက်စကီကား ခြေပြစ်လက်ပြစ် အိပ်မောကျနေသည်။ "ဒီကောင် သောက်နေတာဘဲလား"

"ဗိုလ်ကြီးသွားကထဲက သောက်တာဘဲခင်ဗျ။ ရွာထဲမှာ ကျွန်တော်တောင် အနေရခက်နေပြီ။ နေ့တိုင်း ဗော့ဒကါဝယ်ပေးရတယ်။ ကြာတော့ ဘေးလူတွေ သက်သာ မကင်း ဖြစ်မှာတောင် စိုးရိမ်ရတယ်"

"ခွေးကောင်" ပေါလော့ဆက်သည် အံကိုကြိတ်သည်။ သူ့ခေါင်းကြီးကား ငိုက်ဆိုက်ကျနေသည်။ မျက်တောင်များလည်း စင်းနေသည်။ ယိုင်ယင်းပင် တမိနစ်ခန့် ငိုက်မြည်းနေသည်။ ခဏကြာလျှင် နိုးလာသည်။

"မအိပ်ရတာသုံးရက်ရှိပြီ။ မြစ်လဲ ရေပြည့်နေတယ်။ ခင်ဗျားတို့ ဂရယ်မျချီ ချောင်းကိုတောင်မြင်းနဲ့ ဖြတ်ကူးရတယ်"

"ခဏ အိပ်လိုက်ပါလား အလက်ဇင်းဒါး"

"အေးဗျာ၊ ခဏတော့ အိပ်လိုက်အုံးမယ်။ ဒါထက်ဆေးပေးစမ်းပါအုံး။ ကျုပ် ဆေးတွေခတော့ ရေစိုနေပြီ"

ပေါလော့ဆက်သည် ဆေးတံကို နှစ်ချက်မျှ ဖွာလိုက်သည်။ သူ့မျက်လုံး များသည် ကြည်လင် တောက်ပ လာလေသည်။

"ဘယ့်နယ်လဲ။ ဒီမှာဘာဖြစ်ကြသေးလဲ"

ယာကွတ်က အကျဉ်းရုံး၍ ဖြစ်ပျက်သည်တို့ကို ပြောပြသည်။ ထိုနောက် "ဗိုလ်ကြီးကိစ္စရော ဘယ့်နယ်လဲ"ဟု မေးလေသည်။

"နောက်မကြာခင် အတွင်း ဖြစ်ယင်ဖြစ်။ ဒါမှမဟုတ်ယင် ဘယ်တော့မှဖြစ်မှာ မဟုတ်ဘူး။ ဒီဒေသမှာ ပုန်ကန်မှုစရမယ်။ ရွာကြီးတွေနဲ့ နီးတယ်မဟုတ်လား။ ဒီမှာ ဝါဒဖြန့်ချိရေး အဖွဲ့ရောက်နေတယ်ဆို။ သူတို့နဲ့ စတွေ့မှာဘဲ။ ဒီတခါသွားယင် ခင်ဗျား ပါစေချင်တယ်။ အဲဟိုမှာရှိတဲ့ ကော့ဆက်တွေက ခင်ဗျားကို သိတယ် မဟုတ်လား။ ခင်ဗျားပြောယင် သူတို့ စိတ်အား ထက်သန် လာမှာဘဲ" ပေါလော့ဆက်သည် သူ့ အနားရောက်လာသည့် ကြောင်နက်ကလေးကို သပ်နေသည်" ပူစီ၊ ပူစီ။ တယ်ချစ်စရာ ကောင်းကိုဗျ။ ကျွန်တော် ကြောင်ဆိုယင် ချစ်တယ်။ အိမ်မှာလဲ ဆိုက်ဗေးရီးယား ကြောင်တကောင် ရှိတယ်ဗျ။ ခင်ဗျား ကြောင်ချစ်တတ်သလား လူးကစ်။ ခွေးကို တော့မုန်းတယ်။ ကလေးတွေလဲချစ်တယ်"

ယာကွတ်သည် အံ့အားသင့်ကာ ခေါင်းကိုငြင်သာစွာရမ်းမိသည်။ သူ့တပ်မှူး ဟောင်းသည် ဂျာမန်စစ်ပွဲတွင် ရက်စက်သူတဦးဖြစ်သည်။ ယခုမူ လူစိတ်ဝင်လာကာ သနားကြင်နာတရား အကြောင်းကို ပြောနေသည်။ ပေါလော့ဆက်သည် စကား မပြောသေးဘဲ အတန်ကြာနားနေပြီးမှ မျက်နှာထားပြင်ကာ

"စာတိုက်က စာမလာတာ ကြာပြီထင်တယ်"ဟု မေးသည်။

"ရေကြီးနေတယ်ခင်ဗျ။ လမ်းတွေရေလွှမ်းနေတော့ စာမလာတာ ဆယ်ရက် လောက်ရှိသွားပြီ"

---

www.facebook.com/NyisayEbookCreator
www.nyisay.com



"သူတို့ စတာလင်ရဲ့ ဆောင်းပါး မဖတ်ရသေးဘူးထင်တယ်"

"ဘာဆောင်းပါးလဲ"

"စုပေါင်းလယ်ယာအကြောင်း ရေးထားတာပါ"

"ဟင့်အင်း၊ ကျွန်တော်မသိသေးဘူး။ ဒီသတင်းစာတွေ ဒီမရောက်ဘူးထင်ပါရဲ့ ခင်ဗျာ။ ဆောင်းပါးမှာ ဘာတွေရေးထားသလဲ အလက်ဇင်းဒါး"

"ဘာမှ မဟုတ်ပါဘူးဗျာ။ ခင်ဗျား စိတ်ဝင်စားမှာမဟုတ်ပါဘူး။ ကဲ ကျွန်တော်အိပ်မယ်။ နက်ဖြန်ညမှာ မြင်းနှစ်ကောင်ယူခဲ့။ မှောင်ရီသန်းတာနဲ့ ကျုပ်တို့ ဗိုင်စကိုဗ်ိုင်ကို သွားကြမယ်။ ကုန်းနှီးမလိုပါဘူး။ အနီးလေးပါ"

နောက်တနေ့မနက်တွင် ပေါလော့ဆက်သည် လက်ယက်စကီနှင့် စကားအကြာကြီး ပြောနေသည်။ စကားဆုံးလျှင် လက်ယက်စကီသည် ဒေါသဖြစ်ကာ မီးဖိုချောင်ထဲသို့ ဝင်လာသည်။

"ခင်ဗျား ခေါင်းရှင်းသွားအောင် တခွက်လောက် လိုလိမ့်မယ် ထင်တယ်" ယာကွတ်က မေးသည်။ဤတကြိမ်တွင်မူ "မသောက်ချင်ဘူးဗျာ"ဟု ပြောကာ အိပ်ရာထက်သို့ သွား၍ ခွေနေလေသည်။

မြင်းဇောင်းတွင် ထိုညဦး တာဝန်ကျသူမှာ အိုင်ဗင်ဖြစ်သည်။ ယာကွတ်စည်းရုံးထားသောသူဖြစ်သည်။ သို့သော် သူတို့ ဘယ်ကိုသွားမည်ကား မပြောခဲ့။ "ဒိုကိစ္စအတွက် ခရီးသွားစရာရှိလို့ကွ"ဟုသာ ပြောသည်။

ယာကွတ်သည် မြင်းနှစ်ကောင်ကိုဆွဲကာ အိမ်သို့လာခဲ့သည်။အိမ်ဝတွင် လက်ယက်စကီ၏ အသံကို ကြားရလေသည်။"ဒီလိုဆိုယင် ကျွန်တော်တို့ အရှုံးပေးရာရောက်မှာပေါ့"

သူတို့သည် ရွာမှထွက်ခဲ့ကြသည်။ လမ်းဘလျှောက်လုံး ပေါလော့ဆက်သည် စကားတခွန်းမျှမပြော။ ဆေးလိပ် မသောက်ရန်ကိုကား တားမြစ်သည်။ထိုပြင် လမ်းနှင့် ဂိုက်တရာခန့်အကွာမှ စီးရန်ကိုလည်း ပြောသည်။

သူတို့ ဗိုင်စကိုဗ်ိုင်သို့ ရောက်လျှင် ကော့ဆက်တယောက်၏အိမ်၌ ရွာသားနှစ်ဆယ်ခန့်စုဝေး စောင့်မျှော်နေကြသည်ကိုတွေ့ရသည်။ထိုကော့ဆက်တို့ကိုယာကွတ်သိသည်။ အားလုံးလိုလိုပင် သက်ကြီးရွယ်ကြီးများဖြစ်ကြသည်။ ပေါလော့ဆက်သည် ပြတင်းပေါက်နားတွင် ရပ်နေသည်။ အားလုံးက ပေါလော့ဆက်ကိုတလှည့် ယာကွတ်ကိုတလှည့် ကြည့်ကြသည်။ ယာကွတ်ကား ကြောင်တက်တက်ဖြစ်နေသည်။ စကားတခွန်းမျှ မပြောရသေး။

တခါးအားလုံး ပိတ်ထားသည်။ အိမ်ရှင်၏သားသည် ခြံပေါက်ဝတွင် စောင့်နေသည်။ ပေါလော့ဆက်သည် အတန်ကြာမှ လေအေးအေးဖြင့် စ၍ ပြောဟောလေသည်။

"ကဲ မိတ်ဆွေကြီးများ။ အချိန်ကတော့ နီးကပ်နေပြီဗျို။ ခင်ဗျားတို့ နှောင်ကြိုးကလွတ်အောင် ထကြကြကြမှဖြစ်မယ်။ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးအဖွဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com



ကလဲ အဆင်သင့်ဖြစ်နေပြီ။ အားလုံးမြင်းတပ်သားငါးဆယ်ရှိတယ်။ ဗွိုင်စကိုဗွိုင်ရွာထဲ သူတို့ စီးဝင်လာတာနဲ့ တပြိုင်နက် ခင်ဗျားတို့က ဒီမှာရှိနေတဲ့ ဝါဒဖြန့်ချိရေးအဖွဲ့ကို အပြတ်ရှင်းရလိမ့်မယ်။ တယောက်မှ အရှင်ချန်ထားလို့ မဖြစ်ဘူး။ ခင်ဗျားတို့အဖွဲ့ကို တပ်ကြပ်မာရင်က ခေါင်းဆောင်လိမ့်မယ်။ တိုက်ပွဲမစမီ ခင်ဗျားတို့ ဦးထုပ်မှာ ဖဲကြိုးအဖြူ တွယ်ထားဖို့လိုတယ်။ ဒါမှ မှောင်ထဲမှာ လူချင်းမမှားနိုင်မယ်မဟုတ်လား။ လူတိုင်းလူတိုင်းမှာ မြင်းတစီး၊ ရသမျှ လက်နက်လေးမြှားစားလုံအစုံအလင်ရှိရမယ်။ သုံးရက်စာ ရိက္ခာရှိရမယ်။ ဝါဒဖြန့်ချိရေးအဖွဲ့နဲ့ ခင်ဗျားတို့အရပ်က ကွန်မျူနစ်တွေ သုတ်သင်ပြီးယင် ကျုပ်တို့ဆီက တပ်ကူရောက်လာတဲ့အဖွဲ့နဲ့ ပူးပေါင်းမယ်။ အဲဒီတော့ ခင်ဗျားတို့တပ်ကို ကျုပ်တို့အဖွဲ့က ခေါင်းဆောင်မယ်။ သူက ဘယ်အရပ် ဆက်လက်ချီတက်ဖို့ဆိုတာ အမိန့်ပေးလိမ့်မယ်” ပေါ်လော့ဆက်သည် သက်မတချက် ရှူထုတ်လိုက်ပြီးနောက် နဖူးကချွေးကို လက်ဖြင့် သုတ်သည်။ ပြီးလျှင် ဆက်၍ “ခုကျွန်တော်နဲ့ အတူ ခင်ဗျားတို့မိတ်ဆွေကြီးယာကွတ်လူးကစ် ပါလာတယ်။ ဂရယ်မျချီအဖွဲ့ကို သူကခေါင်းဆောင်မယ်။ ဒွန်ဒေသ လွတ်မြောက်ရေးအတွက် သူတို့လဲ ကျုပ်တို့နဲ့ လက်တွဲဖို့အသင့်ဘဲ။ ကဲ ယာကွတ်က ပြောလိမ့်မယ်”ဟု ဆိုလေသည်။

ယာကွတ်သည် ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။ သူ့ခြေထောက်များသည် လေးလံနေသည်။ သူ့လည်ချောင်းတွင်လည်း အပူခဲကြီးတခု တစ်ဆို့နေသည်။ သို့သော် သူစကားပြောခွင့်မရ။ ရွာသားကြီးတယောက်သည် သူနှင့်ပြိုင်တူလိုပင် ထိုင်ရာမှ ထလိုက်ပြီးနောက် “ဗိုလ်ကြီး ဘာသတင်းမှ မကြားဘူးထင်တယ်။ ခင်ဗျားတို့ မလာခင်လေးမှာဘဲ ကျွန်တော်တို့ စည်းဝေးတယ်။ အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ သတင်းတခုလဲ သတင်းစာမှာပါလာတယ်”ဟု ပြောလိုက်သည်။

“ဘာဗျ။ အဖိုးကြီး ဘာပြောတာလဲ” ပေါ်လော့ဆက်၏ အသံသည် မာကျောသည်။

“သတင်းစာလေဗျာ။ မော်စကိုက လာတဲ့ သတင်းစာမှာ ပါတီ တခုလုံးရဲ့ ဥက္ကဋ္ဌကြီးရေးတဲ့ စာပါတယ်ဗျ”

“အတွင်းရေးမှူးပါ” လူအုပ်ထဲမှ တယောက်က အမှားပြင်လိုက်သည်။

“ဟုတ်ပါတယ်။ ပါတီကြီးရဲ့ အတွင်းရေးမှူး ရဲဘော်စတာလင်က ရေးထားတယ်။ဒီမှာဗျ။ ဒီလ နှစ်ရက်နေ့ နေ့စွဲနဲ့ဘဲ”အဖိုးအိုသည် အိတ်ထဲမှ သတင်းစာ တခုကို ထုတ်ကာပြသည်။ “ခင်ဗျားတို့မလာခင် ဒီသတင်းကို ဝိုင်းဖတ်နေကြတာဗျ။ကျွန်တော်တို့လယ်သမားတွေမှာ ကြုံတွေ့နေရတာက တမျိုးဗျ။ ဒီသတင်းစာမှာ စတာလင်ရဲ့ စာပါတယ်ဆိုလို့ လိုက်ရှာလိုက်ရတာဗျာ။ ရွာကြီးရောက်မှ ရခဲ့တယ်။ ဆဲ့ငါးရူဗယ်တောင် ပေးခဲ့ရသဗျ။ အမှန်က ငါးကိုပတ်သာ တန်တာလားဗျ။ ဒါပေမယ့် တန်ပါတယ်ဗျာ”

“အဖိုးကြီး ဘာတွေလျှောက်ပြောနေတာလဲ။ ခင်ဗျားကို ဘယ်သူက အပြောခိုင်းလို့လဲ” ပေါ်လော့ဆက်က အော်လိုက်သည်။

---

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ အသက်လေးဆယ်ခန့်ရှိသော ခပ်တောင့်တောင့် ကော့ဆက်တယောက် ထွက်ပြီးလျှင် ခပ်တင်းတင်းပင် ပြောလေသည်။

"ခင်ဗျား အဖိုးကြီးကို အော်စရာအကြောင်းမရှိဘူး။အယင်ခေတ်တုန်းကသာ ဒီလိုအော်နိုင်တာဗျ။ ခင်ဗျားတို့အလှည့်ကုန်ပြီ။ ကျုပ်တို့ကို အခု ယဉ်ယဉ်ကျေးကျေး ပြောရမယ်။ ဆိုဗီယက် အစိုးရ လက်ထက်မှာ ကျုပ်တို့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံရမယ်ဗျ သိရဲ့လား။ ကျွန်တော်တို့စည်းဝေးတယ်လို့ အဖိုးကြီးပြောတာ အမှန်ဘဲ။ ပရာဗဒါမှာပါတဲ့ သတင်းကြောင့် ကျုပ်တို့ သူပုန်ထဖို့မလိုဘူးလို့ ဆုံးဖြတ်ကြတယ်။ အဲဒီမှာတင် ခင်ဗျားတို့နဲ့ လမ်းခွဲဖို့ဘဲ။ ကျွန်တော်တို့ ရွာက အာဏာပိုင်တွေက နည်းနည်းရမ်းတယ်။ တချို့လူတွေကို စုပေါင်းလယ်ယာထဲ ဇွတ်အဝင်ခိုင်းတယ်။ မဝင်ချင်ဘဲနဲ့ ဝင်ကြရတယ်။လယ်ပိုင်ရှင်ကလေးကွေကိုလဲ ချမ်းသာတဲ့ လယ်သမားလို့ စွပ်စွဲတယ်။ ဒါပေမယ့် သူတို့ နားမလည်တာကြောင့် ခင်ဗျားတို့ ခုလိုပုန်ကန်ဖို့လုပ်တာ မဟုတ်သေးဘူးဗျ။ ကျွန်တော်တို့ ဥက္ကဋ္ဌက တင်းတယ်။ မာတယ်၊ အစည်းအဝေးမှာ ဘယ်သူမှ သူ့ကို ဆန့်ကျင်ပြီး စကားပြောခွင့် ပရဘူး။ အဲဒါ ဟုတ်တယ်။ ဇက်ကိုင်တားတယ်ဗျာ။ ဘယ်သူမှ အသက်ကောင်းကောင်း မရှူရဘူး။ အယင်ကတော့ အမိန့်ဆိုတာ အထက်ကလာတယ် ထင်တယ်။လေမရှိယင် ဘယ်လေရဟတ်လည်မှာလဲဗျ။အဲသလိုပေါ့။ ကွန်မျူနစ် ဗဟိုကော်မတီက လာတဲ့အမိန့်ဘဲ ဖြစ်မှာပေါ့။ ဒါကြောင့် ကျုပ်တို့ ပုန်ကန်ဖို့ ခင်ဗျားတို့နဲ့ ဆက်သွယ်တာ။ နားလည်ရဲ့လား။ ဒါပေမယ့် အခု စတာလင်က အဲဒီကျေးရွာ ကွန်မျူနစ်တွေကို ကောင်းကောင်းတီးလည့်လိုက်ပြီဗျ။ သူတို့က လူတွေကို စုပေါင်းလယ်ယာ အသင်းထဲ ဇွတ်ဝင်ခိုင်းတယ်။ ဘုရားရှိခိုးကျောင်းတွေ ဇွတ်အပိတ်ခိုင်းတယ်။ အခုစတာလင်က ဒါတွေကို ပြင်ပြီလေ။ အခု လယ်သမားတွေ အသက်ရှူချောင်လာပြီ။ အသင်းကို ဝင်ချင်မှ ဝင်မယ်လေ။ဒါကြောင့် ခင်ဗျားတို့ကို ကန်တော့ဆွမ်းဘဲဗျို့။ ကျုပ်တို့ လက်မှတ်ထိုးထားတာလေတွေသာ ပြန်ပေးတော့။ခင်ဗျားတို့လမ်းကိုသာခင်ဗျားတို့သွားပေတော့။ အနှောင့်အရှက်လဲ မပေးလိုပါဘူး"

ပေါ်လော့ဆက်သည် ပြတင်းပေါက်တွင် မှီကာ ရပ်နေသည်။ သူ့မျက်လုံးအစုံသည် ရီဝေလာသည်။ သူ့အသံသည် မာကျောလာသည်။

"ဘယ့်နှယ်လဲ။ ခင်ဗျားတို့သစ္စာဖောက်ပြီပေါ့"

"ပြောချင်သလိုပြောဗျာ" အခြားအဖိုးအိုတယောက်က ဆိုသည်။"ခင်ဗျားတို့လမ်းနဲ့ ကျုပ်တို့လမ်းနဲ့ မတူဘူး။ ခု ဆိုယင် ကျုပ်တို့ သူကြီးကိုယ်တိုင်က ကျုပ်ကိုကာကွယ်မယ်။ အယင်ကကျုပ် မဲဆန္ဒပေးခွင့်မရဘူး။ ဒါပေမယ့် တပ်နီထဲမှာ ကျုပ်ရဲ့သားတယောက်ရှိတယ်။ ကျုပ်အခွင့်အရေးပြန်ရတော့မယ်ဗျ။ ကျုပ်တို့ဟာ ဆိုဗီယက်အစိုးရကို ဆန့်ကျင်တာ မဟုတ်ဘူး။ ရွာမှာ ဖရိုဖရဲ ဖြစ်နေတာကိုသာ မကြိုက်တာ။ ဒါပေမယ့် ခင်ဗျားတို့ကတော့ ကျုပ်တို့ကို ဆိုဗီယက်အစိုးရဆန့်ကျင်စေချင်တာ မဟုတ်လား။ မဖြစ်ဘူးဗျို့။ ဒါတော့မဖြစ်ဘူး"

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနောက် အခြား ကော့ဆက် အဖိုးအိုတယောက်က လေအေးကလေးဖြင့် ပြောပြန်သည်။

"ကျွန်တော်တို့မှာ ဒီကလေးတွေ ရှိပါ့တယ် ပေါ်လော့ဆက်။ဘုရားသိပါတယ်ဗျာ။ခင်ဗျား တို့နဲ့ ဆက်သွယ်မိတာ မှားတာဘဲ။ ဒါပေမယ့် ဆိုးဆိုးရွားရွားမဖြစ်တာ တော်သေးတာပေါ့။ အယင်တုန်းကတော့ ခင်ဗျားတို့ လေထဲ တိုက်အိမ်ဆောက်တာ ယုံမိသပေါ့ ဗျာ။သူပုန်ထပြီဆိုယင် မဟာမိတ်တွေက ကူညီမှာဘဲတဲ့။ကျုပ်တို့အလုပ်က ကွန်မြူနစ် တွေကို ပစ်သတ်ရုံဘဲတဲ့။ ဒါပေမယ့် နောက်တော့ ပြန်စဉ်းစားတယ်။ မဟာမိတ်တွေ က လက်နက်ပေးမယ်။ ဒါလဲ တန်ဖိုးကြီးကြီးပေးရမှာဘဲ။ ကျုပ်တို့မြေပေါ် သူတို့ ရောက်လာမယ်၊ အဲဒါမှခက်မှာဗျ။ ရောက်လာယင် ပြန်မောင်းထုတ်ဖို့ခက်တယ်။လွယ် လွယ်နဲ့ထွက်မှာမဟုတ်ဘူး။ ရန်ဖြစ်ပြီးမှထွက်မှာဗျ။ ရုရှမြေက သံတုတ်နဲ့ရိုက်ထုတ်မှ ထွက်မှာဗျ။ ကွန်မြူနစ်တွေဆိုဘာက ကျုပ်တို့အသွေးအသားဘဲ။ တမျိုးသားထဲဘဲ။ သူတို့ကတော့ တစိမ်းတွေလားဗျ။ သွေးကလဲကြီးတယ်။ မာနကလဲကြီးတယ်။ ကျုပ် နိုင်ငံခြားရောက်ဘူးပါတယ်။ ၁၉၂၀ ပြည့်တုန်းက ပြင်သစ်ပေါင်မုန့် စားဘူးတယ်။ ဂယ်လီပိုလီမှာပေါ့။ အိမ်ပြန် ချင်လိုက်တာဗျာ။ ပေါင်မုန့်ကလဲ ကျုပ်ပါးစပ်မှာ ခံတွင်းမတွေ့ဘူးဗျ။ ကျုပ်တော့ တသက်မှာ နိုင်ငံခြားသားတွေ တွေ့ဘူးပါတယ်။ ဒါပေမယ့် ရုရှားလူမျိုးလောက် ကြင်နာတရားရှိတာ ကမ္ဘာမှာမတွေ့ဘူးဘူးဗျ။ ကဲ ဒီတော့ ကျုပ်တို့အစိုးရနဲ့ဘဲ ကျုပ်တို့စခန်းသွားမယ်။ ကျုပ်တို့ကုသိုလ်ဘဲ ဆောက် မေ့ရမှာဘဲ။ တစိမ်းနဲ့တော့မဖြစ်ဘူးဗျာ။ ကိုယ့်အဝတ်ညစ်ပေနေတာကို သူများဆီ မှာ သွားပြီးမလျှော်မဖွပ်ချင်ပါဘူး။လက်မှတ်ထိုးခဲ့တာတွေသာ ပြန်ပေးပေတော့"

ယာကွတ်သည် သွေးတိုးမြန်လာသည်။ သူ့မျက်လုံးသည် ပေါ်လော့ဆက်ကို အပျောက်မခံဘဲ ကြည့်နေသည်။ 'အင်း၊သူကတော့ ပြတင်းပေါက်က ခုန်ချပြေးရုံဘဲ။ ငါသာ မြုံးထဲကငါးလို ကွင်းကနဲမိကျန်နေရစ်မှာ။ သူရားသခင် ကြည့်မနေပါနဲ့။ ဘယ့်နှယ်လူနဲ့ ပေါင်းသင်းမိတယ်မသိပါဘူး။ ငါ့ကို ဂြိုဟ်ဆိုး ဝင်နေတော့တာဘဲ' ယာကွတ်သည် စိုးရိမ်ပူပန်ခြင်းဖြစ်နေသည်။ ပေါ်လော့ဆက်ကား ပြတင်းပေါက်တွင် တည်ငြိမ်စွာရပ်နေသည်။ သူ့နဖူးကြောကြီးများသည် ထောင်ထနေသည်။

"ကောင်းပြီ ကော့ဆက်တို့။ ခင်ဗျားတို့ကြိုက်တာသာ ရွေးကြပေါ့။မလိုက်ချင်ယင်လဲ လမ်းခွဲတာပေါ့ဗျာ။ နေရစ်ခဲ့နိုင်ပါဘယ်။ ခင်ဗျားတို့လက်မှတ်တွေတော့ ပြန် မပေးနိုင်ဘူး။ ကျုပ်ဆီမှာလဲ ပါမလာဘူး။ ဌာနချုပ်မှာ ကျန်ရစ်တယ်။ ဒါပေမယ့် မကြောက်ပါနဲ့။ ကျုပ်က မတိုင်ပါဘူးဗျ"

"ဒါဖြင့်လဲ ရှိပေစေပေါ့ဗျာ" အဖိုးကြီးက သဘောတူလိုက်သည်။

"ခင်ဗျားဟိုကြောက်ဖို့က ကျုပ်တို့ဘဲ၊ သိရဲ့လား။ ခင်ဗျားတို့ကို သစ္စာဖောက် အဖြစ် ပစ်သတ်မယ်။ကဲ လမ်းဖယ်။ နံရံမှာကပ်နေကြ"ပေါ်လော့ဆက်သည် ခြောက် လုံးပြူးကို ဆွဲထုတ်ကာ တံခါးဆီသို့ ပြေးသွားသည်။ ကော့ဆက်တို့သည် ကြောင်နေ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြသည်။ ယာကွတ်သည် တံခါးဝသို့ ပထမရောက်သွားသည်။ ထို့နောက် ဇောင်းက လွှတ်လိုက်သည့် မြင်းလို တဟုန်ထိုး ပြေးထွက်သွားလေသည်။

သူတို့သည် အမှောင်ထုတွင် မြင်းဇက်ကိုဖမ်းကိုင်ကာ ကဆုံစိုင်း၍ ထွက်ခဲ့ကြလေသည်။

× × ×

ဂရယ်မျချီသို့ပြန်ရောက်လျှင် ယာကွတ်သည်ချွေးပြန်နေသော မြင်းများကို စုပေါင်းလယ်ယာ မြင်းဇောင်းသို့သွား၍ပို့သည်။ ပေါ်လော့ဆက်က အပြန်တွင် ညှိခန်းသို့ လာခဲ့ရန်မှာသည်။ ပေါ်လော့ဆက်သည် အိမ်ထဲသို့ရောက်လျှင် လက်ယက်စကီအား အထုပ်အပိုးပြင်ရန် အမိန့်ပေးသည်။ ထို့နောက် သူတို့မရှိခိုက် ရောက်နေသည့် စာတစောင်ကိုဖတ်သည်။ ပြီးလျှင် စာကိုမီးရှို့လိုက်သည်။

ယာကွတ် ရောက်လာသည့်အခါ ပေါ်လော့ဆက်သည် စာပွဲတွင် ထိုင်နေသည်။ လက်ယက်စကီကား သေနတ်ကိုတိုက်ချွတ်နေသည်။ ယာကွတ်အသံကြားလျှင် ပေါ်လော့ဆက်က မော့ကြည့်သည်။ သူ့မျက်လုံးတွင် မျက်ရည်များ ပြည့်လျှမ်းနေသည်။

"ခုနေမှာတော့ ဒီ့အရေးမအောင်တော့ဘူး။ အဲဒါဝမ်းနည်းလို့ ကျုပ်မျက်ရည်ကျမိတယ်ယာကွတ်။ ဒွန်ဒေသဟာ ကော့ဆက်စစ်သားကောင်း ထွက်တဲ့ဒေသ မဟုတ်တော့ဘူး။ သစ္စာဖောက် လောက်ကောင်တွေ ပေါတဲ့ဒေသဖြစ်နေပြီ။ ဒို့သွားမယ် ယာကွတ်။ ဒါပေမယ့် တနေ့ကျယင်ပြန်လာမယ်။ ခုဘဲစာရောက်တယ်။ တူဗျန်စကျူင်မှာလဲ ကော့ဆက်တွေက ပုန်ကန်ဖို့ငြင်းကြသတဲ့။ စတာလင်ရဲ့ဆောင်းပါးက အနိုင်ရသွားတာပေါ့လေ။ ဘယ်လိုလူစားတွေလဲမသိဘူး။ လူမိုက်တွေ။ ဘယ်ဘုရားချွတ်လို့မှမကျွတ်တဲ့လူတွေ။ အင်း နောင်တော့သာ နောင်တရကြမှာဘဲ။ သွားမယ် ယာကွတ်။ ခင်ဗျားပူစရာ ကျေးဇူးမမေ့ပါဘူး။ ဒါပေမယ့် စုပေါင်းလယ်ယာကိုတော့ ဒီအတိုင်းပြစ်မထားနဲ့။ တတ်နိုင်သမျှ ဖျက်ဆီးပေတော့။ ပြီးတော့ ဒို့အဖွဲ့သားတွေကိုလဲပြောပြပါ။ ခုနေအခါ ခဏဘဲဆုတ်ပေးရတာလို့။ ဒို့အရှုံးပေးရတာမဟုတ်သေးပါဘူး။ အေး ပြန်လာယင်တော့ သစ္စာဖောက်တဲ့လူအတွေဘဲ။ သူတို့ဆုလတ်ကတော့ ဓားဘဲဆိုတာ ပြောပြလိုက်ပါ"

"ကျွန်တော် ပြောပြပါမယ် ဗိုလ်ကြီး" ယာကွတ်အသံသည် တိုးလှသည်။ ငြင်သာလှသည်။ ပေါ်လော့ဆက်၏မျက်ရည်စကြောင်း သူ စိတ်ထိခိုက်နေသည်။ သို့သော်တကယ်စင်စစ်ကား သူဝမ်းသာနေသည်။ အန္တရာယ်ပေးမည့် ညှိသည်ကြီးများ ထွက်သွားမည်ကို ဝမ်းသာနေမိသည်။

"ကျွန်တော် ပြောပြပါမယ် ဗိုလ်ကြီး။ဒါထက် ဗိုလ်ကြီးတို့ ဘယ်ကိုသွားမှာလဲ ခင်ဗျာ"

"ဘာလို့ သိချင်ရတာလဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"တစ်ခုခုတော့ယောက် လာမေးယင် ပြောရအောင်လို့ပါ"

ပေါ်သော့ဆက်သည် ခေါင်းကိုရမ်းကာ ထိုင်နေရာမှ ထလိုက်သည်။

"ဘယ်သွားမယ်ဆိုတာ မပြောနိုင်ဘူး။ ဒါပေမယ့် သုံးပတ်ကြာယင် ကျုပ်ပြန်လာမယ်။ ကဲ သွားပြီ" လက်ဖဝါး အေးစက်စက်ကြီးကို နှုတ်ဆက်ရန် ကမ်းလိုက်သည်။

ယာကွတ်သည် ငွေ့သည်များကို တံခါးဝအထိ လိုက်ပို့လေသည်။ လက်ယက်စက်ကိ သူ့အား ငွေစက္ကူတထပ်ပေးသွားသည်။ အိမ်ထဲပြန်ရောက်လျှင် ထိုငွေစက္ကူများသည် အတုတွေဖြစ်နေသလားဟု သေချာစွာ ကြည့်မိလေသည်။

## —၂၀—

မတ်လ ၂၀ ရက်နေ့တွင် ဂရယ်မျချိသို့ စာပို့သမားရောက်လာသည်။ ရေကြီးသဖြင့် နောက်ကျသည့် သတင်းစာများ ပါလာသည်။ ယင်းတို့အနက် ရဲဘော်စတာလင် ရေးသည့် 'အောင်မြင်မှုတွင် ယစ်မူးခြင်း'ဟူသော ဆောင်းပါး ပါရှိသည့် သတင်းစာလည်း ပါလာသည်။ သတင်းစာသုံးစောင်သည် တရွာလုံးလည်နေသည်။ ညနေရောက်လျှင် ထိုသတင်းစာတို့သည် ခေါက်ရိုးတုန့်ကျေသည့် အဖြစ်သို့ ရောက်သွားသည်။ ယခင်က ဘယ်သတင်းစာကိုမျှ ဂရုတစိုက် မဖတ်ခဲ့ကြ။ ယခုမူ ထိုသတင်းစာသည် တရွာလုံး စိတ်ဝင်စားသည့် သတင်းစာ ဖြစ်နေသည်။ အိမ်တအိမ်တွင် စုဝေးကာ ဖတ်ကြသည်။လမ်းထောင့်များတွင် စုဝေးကာ ဖတ်ကြသည်။ မြင်းဇောင်းနောက်တွင် စုဝေးကာ ဖတ်ကြသည်။ တယောက်က အသံထွက်ကာ အော်၍ ဖတ်သည်။ ကျန်လူများက စူးစိုက်နားထောင်ကြသည်။ နားရွက်မခတ် နားစွင့်ကြသည်။ထိုအချိန်တွင် အပ်ကျသံပင် ကြားရမတတ် ငြိမ်သက်နေကြသည်။ ဤမျှ စိတ်ဝင်စားကြလေသည်။ ဆောင်းပါးကို အမျိုးမျိုး ဝေဖန်ဆွေးနွေးကြသည်။ ထိုအခါမျိုးတွင် နာဂူနော့နှင့် ဒါဗီးဒေါ့တို့ရောက်လာသည့်အခါ သတင်းစာကို သူတို့အမြင် မခံဘဲ တယောက်လက်မှ တယောက် လက်သို့ အမြန် ကမ်းလိုက်သည်။ ထိုနောက် ထိုသတင်းစာသည် တစုံတယောက်၏ အင်္ကျီအိတ်ထဲတွင် ခေါက်လျက်သား ပုန်းလျှိုးနေသည်။

"စုပေါင်းလယ်ယာတော့ ပျက်မှာဘဲဟေ့"

"အချိန်မနှောင်းခင် မြန်မြန် အသင်းကထွက်ကြမှာဘဲ"

လုဗစ်ရှကင်သည် ထိုစကားများကိုကြားရသည့်အခါ နားခါးလာသည်။အထူးသဖြင့် ဗင်နစ်ကို မျက်စိနောက်လာသည်။

"လယ်ပိုင်ရှင်ကလေးတွေက အသင်းကိုပျက်အောင် လုပ်နေတာဗျ။ သူတို့ဘဲ ခြေထိုးနေကြတယ်။ လှေနံနှစ်ဖက်နင်းထားတာလဲ သူတို့ဘဲ။ သူတို့ခြေတဖက်ကတော့ စုပေါင်းလယ်ယာအသင်းထဲဝင်ထားတယ်။ ကျန်တဖက်ကတော့အသင်းထဲမှာ လွတ်နေပြီး အချိန်မရွေးထွက်ဖို့ပြင်နေကြတယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



မိန်းမများက ထိုအကြောင်းတို့ကို အသေအချာ မသိ။ ဂဃနဏလည်း မသိ။ မိန်းမတို့ဘာသာဘာသ စကားကိုချဲ့ထွင်ပြောကြသည်။ သူတို့ပါးစပ်မှ စကားသည် ဆိတ်သည်ဆင်ဖြစ်လာသော စကားတို့သာ များလေသည်။

"စပေါင်းလယ်ယာအသင်းတွေ ကွဲစပြုပြီဆိုတဲ့အော့"

"မော်စကိုက အမိန့်လာသတဲ့တော့။ နွားတွေသိမ်းထားတာ ပြန်ပေးရမယ်ဆိုဘဲ"

"တူဗျန်စကျူဝင်က ဘုရားရှိခိုးကျောင်းကြီးကိုလဲ ပြန်ဖွင့်တော့ မလို့ကွဲ။ အဲဒီမှာ သိမ်းထားတဲ့ ဂျုံတွေလဲ ဝမ်းစာအဖြစ် စုပေါင်းလယ်ယာ အသင်းတွေကို ဝေပေးမလို့ ဆိုဘဲ"

ထိုကာလအတွင်း အပြောင်းအလဲ အမျိုးမျိုးကို မျှော်လင့်နေကြသည်။ ထိုနေ့ညနေခင်းတွင် ပါတီအုပ်စု အစည်းအဝေး ကျင်းပလေသည်။ လူများ ရတ်ရတ်သဲသဲ ဖြစ်နေသဖြင့် အခြေအနေကို အမြန်ဆုံး ပြန်လည်စိစစ်ရန် လိုအပ်လာသည်ဟု ယူဆသည်။ ထို့ကြောင့် အစည်းအဝေးတွင် ဒါဗီးဒေါ့က မိန့်ခွန်းတခုပြောလေသည်။

"အင်း ဟောဒီ ဆောင်းပါးဟာလေ အချိန်ကောင်းမှာ ထွက်လာတာဘဲဗျ။ စလေးလင်ဆောင်းပါးဟာ ဒက်ကန်မှန်တဲ့ ဆောင်းပါးဘဲ။ မာကာကိုများ ချိန်ပြီး ပြစ်လိုက်သလား မသိဘူး။ မာကာဟာ လုပ်ငန်းတွေ အောင်မြင်နေပြီ ဆိုပြီး ယစ်မူးနေတာဗျ။ကဲ ဒီတော့ ရဲဘော်ကြီးများ ဘယ်လို အကြံပေးကြမလဲ။ ကြက်တွေ ပြန်ပေးလိုက်တာတော့ ကျုပ်တို့ အချိန်မှီဘဲဗျ။ ဒါပေမယ့် ဆိတ်တွေနဲ့ နို့စား နွားမတွေ ပြန်ပေးမလား။ ဒါတွေကို ဘယ်လိုလုပ်မလဲ။ ခုနအချိန်ဟာ အရေးကြီးတယ်ဗျ။ နိုင်ငံရေးအရ မကိုင်တွယ်တတ်ယင် လူတိုင်းကို တပ်လှန့်ပေးလာလို ဖြစ်မှာဘဲ။ တခါထဲ စုပေါင်းလယ်ယာ အသင်းက ထွက်ကြတော့မှာဘဲ။ ဒီလိုဆိုယင် ကျုပ်တို့ အသင်းကရှိသမျှ ယူပြီးမှ ထွက်ကြမှာ။ မဟုတ်ဘူးလား"

မာကာနာဂူနော့သည် အစည်းအဝေးသို့ နောက်ဆုံးတွင်မှ ရောက်လာသည်။ ဒါဗီးဒေါ့ စကားပြောနေသည့်အခါ ဒါဗီးဒေါ့ကို စူးစိုက်ကြည့်နေသည်။ သူ့မျက်လုံးတွင် မျက်ရည်များ ဝဲနေသည်။ နာဂူနော့၏ အသက်ရှူသံသည် ပြင်းသည်။ တဖန်ဗော့ဒဂါအရက်နံ့လည်း ဒါဗီးဒေါ့ နှာခေါင်းသို့ တိုးဝင်လာသည်။

"ခင်ဗျားက အဲဒီဆောင်းပါးဟာ ကျုပ်ကို ချိန်ပြီးပစ်တဲ့ မြားလို့ ဆိုတယ်ပေါ့။ ဟုတ်တာပေါ့ဗျာ။ ထုတ်ချင်းပေါက်ကို ဝင်သွားတာဘဲ။ ကျွန်တော် ယစ်မူးနေချိန် မရဘူးဗျ။ စုပေါင်းလယ်ယာ အသင်း ထောင်စတုန်းက မယစ်မူးရဘူး။ အခုအဲဒီဆောင်းပါးထွက်လာမှ ယစ်မူးလာတာဗျ"

"ဒါတော့ဗျာ ဆောင်းပါးကြောင့် မဟုတ်ပါဘူး။ ဗော့ဒဂါ အရှိန်ကြောင့်ပါ"

ဗင်ယူရှာက တိုးတိုးပြောကာ ထလိုက်သည်။ ရတ်ဇမျှော့နော့က ပြုံးလေသည်။ ဒါဗီးဒေါ့သည် ခေါင်းငုံ့၍သာ တိုင်နေသည်။ မာကာ၏ကား အရှိန်ရနေလေပြီ။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဟေ့ ကောင်လေး၊ မင်းငါ့ကို ဆရာလုပ်ဖို့ မလိုဘူး။ မင်းအသက်ငယ်ငယ်လေး ရှိသေးတယ်။ မင်းသွားရည်ဘမျှားမျှား ရှိနေတုန်းကတဲ့က ငါဟာ ပါတီဝင်ကွ။ ငါဟာ ဆိုဗီယက်အာဏာရဖို့အတွက် သေနတ်ကိုင်တိုက်လာခဲ့တာ။ သိရဲ့လား။ဘော့ ဒီနေ့ အရက်သောက်လာတယ်ဆိုတာလဲ အမှန်ဘဲ။ ငါသောက်ခဲ့တယ်။တပုလင်းမဟုတ်ဘူးဟေ့။ နှစ်ပုလင်းကွ"

"ဒါဖြင့် ဘာပြောစရာလိုသေးသလဲဗျာ" ရတ်ဇမျော့နေ့က ငေါ့လိုက်သည်။

နာဂူနေ့သည် ရတ်ဇမျော့နေ့ကို စိုက်၍ကြည့်သည်။ ထို့နောက် လက်ကို လေထဲတွင် ဆန့်ဘန်းထားရာက ရင်အုပ်ကို ဆုပ်ကိုင်ကာ စိတ်ပါလက်ပါ ဆက်၍ပြောပြန်သည်။

"ကျုပ်လက်လွှတ်စပယ် ပြောနေတာမဟုတ်ဘူးဗျ။ ဒီမှာအန်ဒရေး။ ကျုပ်အရက်သောက်တာက ဟောဒီစတာလင်ရဲ့ ဆောင်းပါးဟာ ကျုပ်ကို ချိန်ပြီး ပစ်လိုက်လို့ ခိုက်ခိုက်တုန်အောင်နာပြီး သွေးထွက်နေပြီဗျ။ ဒါကြောင့် သောက်ရတာ။ ကျုပ်ဟာ ဒီအုပ်စုမှာ အတွင်းရေးမှူးဘဲ။ဟုတ်လား။ ကျုပ်က ခင်ဗျားတို့ကို အဘင်းတိုက်တွန်းပြီး လူတွေကိုလဲ အတင်း တိုက်တွန်းပြီး ကြက်တွေ ဘဲတွေ သိမ်းခဲ့တယ်ပေါ့။ ဟုတ်လား။ ကျွန်တော် စုပေါင်းလယ်ယာဖြစ်ဖို့ ဘယ်လောက် စည်းရုံးခဲ့သလဲ။ ဘယ်လောက် လှုံ့ဆော်ခဲ့ရသလဲ။ လယ်ပိုင်ရှင်ကလေးတယောက် နှစ်ယောက်ဆိုယင် ကျွန်တော် တိုက်ရိုက် ပြောခဲ့တာဘဲ။ 'ခင်ဗျားတို့ စုပေါင်းလယ်ယာအသင်းဝင်မှာမဟုတ်ဘူး။ ကျွန်တော်သိတယ်။ ခင်ဗျားတို့ဟာ ၁၉၁၉ တုန်းကလဲ ကျွန်တော်တို့ကို ဆန့်ကျင်တိုက်ခဲ့တယ်။ ခုလဲ ဆန့်ကျင်မှာဘဲ။ ခင်ဗျားတို့တော့ ချမ်းသာမပေးနိုင်ဘူး' လို့ ကျွန်တော် ပြောခဲ့တယ်မဟုတ်လား။ ပြီးတော့ သေနတ်ကို စားပွဲပေါ်တင်ပြီး ပြောခဲ့တယ်။ အဲဒါကို ကျွန်တော် မငြင်းပါဘူး။ ဒါပေမယ့် လူတိုင်းကို ကျွန်တော် ဒီလိုမပြောဘူး။

"အခုလဲ ကျွန်တော်မမူးပါဘူး။မူးလာလို့ မဟုတ်တာတွေ ပြောနေတာမဟုတ်ပါဘူး။ အဲဒီဆောင်းပါးကြောင့် ကျွန်တော် အရက်သောက်ဘာဘဲ။ ကျွန်တော် မသောက်ဘာ ခြောက်လရှိပြီ။ အခုဒီဆောင်းပါးဖတ်ရတော့ မခံမရပ်နိုင်ဖြစ်လွန်းလို့ သောက်တာဘဲ။ ဒီဆောင်းပါးဟာ ဘယ်လိုဆောင်းပါးလဲ။ ရဲဘော်ကြီးစတာလင်က ကျွန်တော့်အတွက်ရေးတဲ့ ဆောင်းပါးလို့ဆိုကြတယ်။ ကျွန်တော်လဲ သေချာတယ်။ ရဲဘော်တို့လဲ သိကြပါတယ်။ ကြက်ဘဲတွေသိမ်းတဲ့ ကိစ္စတုန်းက ကျွန်တော် လက်ဝဲအစွန်းရောက်သွားတယ်။ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဘာလို့ အစွန်းရောက်ရသလဲ။ ကျွန်တော့်ကို ထရော့စကီနဲ့ တဂိုဏ်းထဲ သဘောထားကြတော့မှာလား။ ကျွန်တော်ထရော့စကီလောက် ပညာမတတ်ပါဘူး။ သူနဲ့ မတူပါဘူးဗျာ။ ကျွန်တော်ဟာ ပါတီကိုမှီပြီးတတ်ယောင်ကား လုပ်နေတဲ့ပညာတတ်လဲမဟုတ်ပါဘူး။ ကျွန်တော် ပါတီအတွက် သွေးမြေကျခံပြီး လုပ်ခဲ့တဲ့သူပါ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"လိုရင်းဘဲပြောပါ နာဂူနေ့။ အချိန်မရှိဘူး။ ကဲ အခုခင်ဗျား ဘယ်လိုလုပ်ချင်သလဲ။ ခင်ဗျားသဘောထားပြောပါအုံး။ ဘယ်လိုအမှားပြင်မလဲဗျာ။ခင်ဗျားရဲ့ ထရော့စကီတွေ။ ပါတီအတွက် လုပ်တယ်ဆိုတာတွေ ခဏထားပါအုံး"

"ကျွန်တော်ပြောမယ်"မာကာ၏အသံသည် တုန်ဟီးလာသည်။ သူ့ညာဖက်လက်က ရင်အုပ်ကိုပို၍ တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။ "ကျွန်တော် ထရော့စကီကို ရှုံချတယ်။ သူနဲ့ကျွန်တော့်ကို တဂိုဏ်းထဲလို့ ယူဆယင် ကျွန်တော့်ကို စော်ကားတာနဲ့အတူတူဘဲ။ ကျွန်တော်သစ္စာဖောက်မဟုတ်ဘူးဗျ။ ကျွန်တော့်ကို ထရော့စကီဂိုဏ်းသားလို့ခေါ်ယင် အဲဒီလူရဲ့ခြေကို ရိုက်ချိုးပစ်မယ်။

"ကြက်ဘဲတွေ ကိစ္စမှာ လက်ဝဲအစွန်း ရောက်သွားတာလဲ ထရော့စကီကြောင့် မဟုတ်ဘူး။ ကမ္ဘာ့တော်လှန်ရေးကြီး အောင်မြင်စေချင်တဲ့စိတ် စောလွန်းအားကြီးလို့ဗျ။ ဒါ့ကြောင့် မြန်မြန်ဆန်ဆန်ဖြစ်သွားတာ။ ဒါ့ကြောင့် ပစ္စည်းပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေ ခနရှင်ပေါက်စတွေကို တိုက်ခိုက်ရတာ။ ဒါမှ ကမ္ဘာ့အရင်းရှင် စနစ်ပြိုကွဲဖို့ ပိုနီးသွားတာဗျ။ ဘာလဲ၊ ခင်ဗျားတို့ဘာမှ မပြောကြတော့ဘူးလား။ ကဲ ဆိုပါအုံး၊ အခု ရဲဘော် စတာလင်ရဲ့ ဆောင်းပါးကြောင့် ကျွန်တော် ဘာဖြစ်သွားသလဲ။ သူ့ဆောင်းပါးက ဒီလိုတဲ့ဗျ" နာဂူနေ့သည် အိတ်ထဲမှ ပရာဗဒါ သတင်းစာကိုထုတ်ကာ ဖတ်ပြလေသည်။

"'ဒီအနှောင့်အရှက်တွေ ဘယ်သူပေးလဲ။ ဒါဟာ အရာရှိဆန်တဲ့အပြုအမူဘဲ။ လယ်သမားတွေကို ခြိမ်းခြောက်တာဘဲ။ဒီလိုလုပ်ပုံလုပ်နည်းဟာ ဒို့အလုပ်မဟုတ်ဘူး။ ဒို့ရန်သူတွေရဲ့ လုပ်ပုံလုပ်နည်းသာဖြစ်တယ်။ ဒီလိုလုပ်ဟန်ကြောင့် ရန်သူ့ဖက်က အင်အား ပိုကောင်းသွားမယ်။ စုပေါင်းလယ်ယာအကြောင်း မကောင်းပြောချင်တဲ့ လူတွေအဖို့ အခွင့်အလမ်း သာသွားမယ်။ ဒီလိုလုပ်တဲ့လူတွေဟာ သူတို့ကိုယ်သူတို့ လက်ဝဲသမားလို့ အထင်ရောက်နေပေမယ့် အမှန်ကတော့ လကျာဂိုဏ်း အချောင်သမား ဝါဒကို ရှင်သန်အောင် ရေလောင်းပေးခြင်းဖြစ်တယ်။'

"ကဲ ဒီတော့ အခု ကျွန်တော်ဟာ အရေရှိ ဆန်နေပြီ။ လကျာ အချောင်သမားဝါဒကို ရေလောင်းပေးမိနေပြီ။ ဒါမဟုတ်ဘူး။ အခု ကျွန်တော်တို့စုပေါင်းလယ်ယာတည်ဆောက်နေတာဗျ။ ဒီဆောင်းပါးက တပ်ကို နောက်ပြန် ဆုတ်ဖို့အမိန့်ပေးသလို ဖြစ်နေတယ်။ ဇပြီးယင် နောက်ပြန်ဆုတ်လို့ မကောင်းဘူးနော်။ ကျွန်တော် မြင်းတပ်နဲ့ စစ်ပွဲနွှဲဘူးပါတယ်။ ရှေ့ကိုဘဲ ချီတက်ရမှာဘဲ"

"အိုဗျာ အခုကိစ္စမှာ ခင်ဗျားက ရှေ့တက် လွန်းအားကြီးနေတယ်ဗျ။ ကဲ မာကာ၊ တိုတိုနဲ့လိုရင်းကိုပြောပါ။ခင်ဗျား ပါတီဝင်တယောက်ဘဲဟာ။ ဒို့မှာ လုပ်စရာတွေ ရှိသေးတယ်" အန်ဒရေး ရတ်ဇမျော့နော့၏ အသံဖြစ်သည်။

"အိုခင်ဗျား ဝင်မစွက်နဲ့ အန်ဒရေး။ကျွန်တော် ခုပြောနေတာက ကျွန်တော် အလွန်ချစ်မြတ်နိုးတဲ့ ပါတီကြီးကို ဆန့်ကျင်ဖို့ ရည်ရွယ်ပြောနေတာ မဟုတ်ဘူးဗျ။ ပါတီကိုကောင်းသထက် ကောင်းစေချင်လွန်းလို့ ပြောတာဘဲ။ 'ဒို့တွေဟာ နေရာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒေသ အခြေအနေလိုက်ပြီး လုပ်ဘတ် ကိုင်တတ်ရမယ်’လို့ ရဲဘော်ကြီး စဘာလင်ဘဲ ပြောခဲ့တယ် မဟုတ်လား။ ဒါဖြင့် ဘာလို့ ရဲဘော်ဒါဗီးဒေါ့က ဒီဆောင်းပါးဟာ မာကားကို ချိန်ပစ်တဲ့ မြားဘဲလို့ ပြောသလဲ။ ဒီနေရာမှာ မာကာ အရာမှိုဆန်ဘာတွ ဘာတွေဝင်လာစရာ မဟုတ်ဘူး။ စဘာလင် ပြောဘာတွေဟာ ကျွန်တော့်ကို ရည်ရွယ် ပြောတယ်လို့ဆိုဘာ ဖြစ်ကို မဖြစ်နိုင်ဘူး။ တကယ်လို့သာ ရဲဘော်ကြီး စဘာလင် ဟာ ဂရယ်မျချိ ရွာကလေးကို ရောက်လာမယ်ဆိုယင် ကျွန်တော် သူ့ကို ဟောဒီလို ပြောချင်တယ်။ ‘ရဲဘော်ကြီး ယို ဆစ်ဗစ်ဆာရီယိုနီဗစ်စဘာလင် ခင်ဗျား၊ ခင်ဗျား သဘောကတော့ လယ်ပိုင်ရှင် ကလေးတွေကို တဖြည်းဖြည်း သိမ်းသွင်းလိုတဲ့ ဆန္ဒရှိ ပါလိမ့်မယ်။ သူတို့ကို သာယာညင်းပြောင်း ပြောစေချင်ပါလိမ့်မယ်။ ဒါပေမယ့် သူတို့က ရုပ်ဖြူတပ်သားတွေ ခင်ဗျ။ သူတို့ဟာ ကိုယ်ပိုင် ပစ္စည်းကို နည်းနည်းလေးမှ စွန့်လွှတ်နိုင်တဲ့ လူတွေမဟုတ်ဘူး။ ဒီလယ်ပိုင်ရှင်လေးတွေဟာ စုပေါင်းလယ်ယာကိုလဲ ဝင်မှာ မဟုတ်ဘူး ခင်ဗျ’ ဒါနဲ့တောင်မှ ရဲဘော်ကြီးစတာလင်က သူတို့အခြေအနေ ကိုလဲ သိသားနဲ့ ပြောအုံးမယ်ဆိုယင် ကျွန်တော်က ဟောဒီလို ပြန်ဖြေမှာဘဲ။ ‘သူတို့စေတနာနဲ့ သူတို့ အကျိုးပေးတာပေါ့ ရဲဘော်ကြီး စတာလင်ခင်ဗျား။ ကျွန်တော့်ကိုလဲ ဒီလိုသာဆိုယင် ဒီမှာမထားပါနဲ့။ တရုတ်စစ်မျက်နှာဖက်ကို ပို့ပါ။ဒီက ပါတီအတွက် ကျွန်တော်ဟာ အဖိုးမတန်ပါဘူး။ စုပေါင်းလယ်ယာကိစ္စကို အန်ဒရေး ရတ်ဇမျော့နော့ လုပ်ပါလိမ့်မယ်။ သူဟာ အစဉ်းစားကြီးတဲ့ လူပါ။ သူ လူတော်ပါ’ လို့ ပြောရမှာဘဲခင်ဗျ”

“ဟေ့လူ ခင်ဗျား ကျုပ်နာမယ် ထည့်မပြောနဲ့။ ဘာလဲ ခင်ဗျားဟာက”

“ကဲ ကဲ တော်လောက်ပြီ” ဒါဗီးဒေါ့က ကြားဝင်၍ ဖြန့်ဖြေသည်။“ဒီမှာ နာဂူနော့၊စတာလင်ရဲ့ ဆောင်းပါးဟာ ဗဟိုကော်မတီက ချပေးတဲ့လမ်းစဉ်ဘဲ။ခင်ဗျား အဲဒါကို သဘောမတူဘူးလား”

“မတူဘူး”

“ဒါဖြင့် ခင်ဗျားအမှားတွေကို ဝန်မခံဘူးပေါ့။ကျွန်တော်ဆိုယင် ကိုယ့်အမှား ကို ကိုယ်ဝန်ခံတယ်။ ကြွက်ဘဲသိမ်းတာ မှားတယ်ဆိုပြီး ချက်ချင်းပြင်တယ်။ စုပေါင်း လယ်ယာနဲ့ ပတ်သက်လို့ ကျွန်တော်တို့လုပ်တာ နည်းနည်းရှေ့ကျ နေတယ်ဗျ။ဒါဟာ ခရိုင်ကော်မတီရဲ့ အမှားဆိုယင်လဲဟုဘ်တယ်။ တကယ်ဆိုတော့ စုပေါင်းလယ်ယာတည် တံ့ဖို့ ကျွန်တော်တို့ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ရသေးဘူး။ ဒါကို ခင်ဗျား ဝန်ခံမလား ရဲဘော်နာဂူနော့”

“ဒါတော့ ဝန်ခံပါတယ်”

“ဒါဖြင့် ခင်ဗျားဟာက ဘာသဘောလဲဗျ”

“ဆောင်းပါးအာဘော်ကတော့ မှားတယ်”

ဒါဗီးဒေါ့သည် စိတ်မရှည်နိုင် ဖြစ်လာသည်။ သူ့စိတ်ကို မထိန်းနိုင်ဖြစ်လာ သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ခင်ဗျား သိပ်ခေါင်းမာတဲ့လူဘဲ။ ခင်ဗျား ဘယ်ပါတီတွင်းမှာ ဒီလို ပြောနိုင်ခဲ့သလဲ။ ခင်ဗျားရူးနေသလားဗျ။ ခင်ဗျား အခုပါတီလမ်းစဉ်ကို ဆန့်ကျင်နေတာဘဲ။ ခရိုင်ကော်မတီအထိ ခင်ဗျားကိစ္စကို တင်ရလိမ့်မယ်"

"သူတို့ဆီ အကြောင်းကြားမယ်၊ ဟုတ်လား။ မလိုပါဘူးဗျ။ ခရိုင်ကော်မတီကို ကျွန်တော်ကိုယ်တိုင် ပြောမယ်"

ဒါဗီးဒေါ့သည် ဒေါသဖြစ်လျက်ရှိနေသေးသည်။ "ဒီမှာ နားထောင်ပါအုံး နာဂူနော့။ ခင်ဗျားသွားပြီး အိပ်ချည်အုံးဗျာ။ အိပ်ရာကနိုးလာတော့မှ ဆက်ပြောကြတာပေါ့။ ခင်ဗျားဟာက ဂျာအေး သူ့အမေရိုက်ဖြစ်နေပြီ။ ဟုတ်တယ် မဟုတ်ဘူးနဲ့ ချာလည် လည်နေပြီ။ ပထမတော့ အမှား ဝန်ခံတယ်တဲ့။ နောက်တခါကျတော့ ခေါင်းပါးကမှားတယ်တဲ့။ ခေါင်းပါးမှားတယ်ဆိုယင် ဘာများဝန်ခံစရာလိုသလဲ။ ဘာပြောနေလို့ ဘာဆိုနေမှန်းသိရဲ့လားဗျာ။

"ပြီးတော့ ခင်ဗျားဟာ ပါတီအုပ်စု အတွင်းရေးမှူးနော်။ ကျွန်တော်တို့ပါတီ အတွင်းရေးမှူးတွေ အရက်မူးလာပြီး အစည်းအဝေးတက်ဘူးသလားဗျာ။ ဒါဟာ ပါတီမှာ ဖြစ်မှုကြုံးလွန်တာဘဲဗျ။ ခင်ဗျား ပါတီဝင်ဟောင်းကြီးကယောက်ဘဲ။ ဗင်ယူရှာကို ကြည့်ပါအုံး။ သူဟာ ကွန်မြူနစ်လူငယ်အဖွဲ့ဝင်ဗျ။ ခင်ဗျားပုံစံကိုကြည့်ပြီး သူအတုခိုးရတော့မလား။ ခင်ဗျားမူးပြီး အစည်းအဝေးလာတာကို ခရိုင်ကော်မတီက သိယင် ခင်ဗျားကို အထင်သေးမှာဘဲ။ ဒီလိုအရေးကြီးတဲ့အချိန်မှာ မူးနေတယ်။ လယ်ပိုင်ရှင်ကလေးကိုလဲ သေနတ်နဲ့ချိန်ပြီး ခြိမ်းခြောက်တယ်။ ဗော်လရှီဗစ်ဆိုဘာ အမှား ဝန်ခံရတယ်ဗျ။ပြီးတော့ ခင်ဗျားဟာက ပါတီလမ်းစဉ်ကိုလဲ ဆန့်ကျင်ပြောသေးတယ်။ ခင်ဗျား အတွင်းရေးမှူး အဖြစ်ကသာ မကဘူး။ ပါတီဝင် အဖြစ်ကတောင် တန်းကျသေးရဲ့။ ကျွန်တော် ပြောရဲတယ်။ ဒီမှာ ခေါင်းပါးကိစ္စ အနိုင်လုပြောဖို့မဟုတ်ဘူးဗျ။ နားလည်ရဲ့လား။ စည်းကမ်းကိုလိုက်နာဖို့ဘဲရှိတယ်"

"ကဲပါဗျာ။ သူ့ပြောနေလို့အပိုဘဲ။ တနာရီလောက်ပြောတာ ဘာမှ အဆီအသားမပါဘူး။ အိပ်ခိုင်းပါ။ ခင်ဗျား သိပ်ရှက်စရာကောင်းဘယ် မာကာ" ရတ်ဇမျှော့နော့သည် ဝုန်းကနဲ ထလာကာ မာကာနာဂူနော့ကို ပခုံးက ကိုင်လှုပ်ယင်း ပြောသည်။

"ဆက်ကြရအောင် ခင်ဗျာ"

ဒါဗီးဒေါ့သည် အစည်းအဝေးကိုဆက်၍ ကျင်းပသည်။

"ဒါဖြင့် ရဲဘော်များ ခင်ဗျား။ကျွန်တော် ဟောဒီလိုအဆိုသွင်းချင်ပါတယ်။ ကြက်ဘဲတွေနဲ့ နို့စားနွားမတွေကိုပြန်ပေးမယ်။ ဒါပေမယ့် နို့စားနွားမနှစ်ကောင်တော့ ချန်ခဲ့ဖို့ ဖြောင်းဖြမယ်ဗျာ။ နက်ဖြန်မနက် အစည်းအဝေးခေါ်ပြီး ရှင်းပြမယ်၊ ဟုတ်လား။ ခုနေတော့ ရှင်းပြတာဘဲ တတ်နိုင်မယ် ထင်တယ်။ စုပေါင်းလယ်ယာက ထွက်သွားကြမလားမသိဘူး။ ဒါကို စိုးရိမ်တယ်ဗျာ။ ကျွန်တော်တို့ လယ်ထဲဆင်းပြီး လုပ်ဖို့လိုလာပြီ။ ကဲ နာဂူနော့၊ အချိန်တန်ပြီ။ ခင်ဗျား အလုပ်လုပ်ပြရလိမ့်မယ်။ လူ

www.facebook.com/NyisayEbookCreator
www.nyisay.com



တွေကို နားလည်အောင် ပြောရမယ်။ သေနတ် မပါဘဲ ပြောရမှာဗျ။ အသင်းက မထွက်အောင် ပြောဟောရလိမ့်မယ်။ ကဲ သဘောတူကြရဲ့လား ကျုပ် အဆိုကို။ ဘယ်လိုလဲ နာဂူနေ့ခင်ဗျား ဘာမှမပြောဘူးပေါ့။ ကြားနေတယ် မဲမပေးဘူးပေါ့။ ကဲ ကဲ ဒါဖြင့် ဒီလိုရေးဗျာ။ အဆိုကို ကြားနေမဲတမဲဖြင့် အားလုံး တညီတညွတ် တည်း ဆုံးဖြတ် အတည်ပြုကြပါတယ်လို့"

အစည်းအဝေးတလျှောက်လုံး ဒါဗီးဒေါ်၏စိတ်သည် မတင်မကျဖြစ်နေသည်။ တွေနေသည်။ နာဂူနေ့ကို အတင်းအကြပ်လုပ်ရမလား။ပါတီလမ်းစဉ်ဆန့်ကျင်သည့် အတွက် အပြစ်ပေးရမလား။ဝေခွဲမရနိုင်ရှိနေသည်။ သို့သော် အစည်းအဝေး ပြီးဆုံး ခါနီးတွင် နာဂူနေ့၏ချွေးပြန်နေသော မျက်နှာသေကြီးကိုမြင်ရသဖြင့် 'နေပေစေ။ သူ့ဖာသာသူ နားလည်လာလိမ့်မယ်။ အမှားကို နားလည်လာမှာဘဲ။ သိပ် ခေါင်း မာတဲ့ လူဘဲ။ ဒါပေမယ့် ပါတီကိုတော့ သစ္စာဖောက်မယ့်လူမဟုတ်ပါဘူး' ဟု စဉ်းစား မိလေသည်။

နာဂူနေ့သည် စကားမပြောတော့ဘဲ ငူငူကြီးထိုင်နေသည်။

"ကဲဗျာ နာဂူနေ့ကို အိမ်ပို့ပေးလိုက်ပါ။ပြန်ရောက်ယင် ဆက်မသောက်ဖို့လဲ ဂရုစိုက်အုံးဗျ" ဟု ရတ်ဇမျော့နေ့အား တိုးတိုးမှာသည်။

ဒါဗီးဒေါ်သည် အိမ်သို့ဘာယောက်တည်း ပြန်သွားသည်။ လမ်းတွင် ကော့ဆက် တို့သည် စကားဝိုင်းဖွဲ့ကောင်း နေကြသည်ကိုတွေ့ရသည်။ "ဆိုဗီယက်အစိုးရက အခု လက်ဝဲ လက်ျာနှစ်ဖက်သွားနေတာကွ။ ဘယ်တော့ ဒုက္ခရောက်မယ်မသိဘူး" ထိုနောက် သူအနားရောက်သွားလျှင် "ဟေး ဒါဗီးဒေါ်လာနေပြီ။ တိုးတိုးပြောကွ" ဟူသော အသံကိုကြားရသည်။ ထိုနောက် ချောင်းဆိုးသံများနှင့်အတူ လူစုကွဲသွားသောခြေသံ များကို ကြားရလေသည်။

— ၂၉ —

နောက်တနေ့တွင် စုပေါင်းလယ်ယာ အသင်းသို့နှုတ်ထွက်လွှာ နှစ်ဆဲ့သုံးစောင် တင်လာကြသည်။ အစည်းအဝေးတွင် ဘာတခွန်းမျှမပြောဘဲ အရိပ်အခြည်ကြည့်နေ သည့် နောက်ဆုံဝင်လာသူ လယ်ပိုင်ရှင်လေးတို့၏ နှုတ်ထွက်လွှာသည် အများဆုံးဖြစ် သည်။ သူတို့သည် အလုပ်မလုပ်ချင်ကြ။ ရန်ဖြစ်ချင်သော နေကြသူများဖြစ်သည်။ တွက် ကပ်နေကြသူများသာဖြစ်သည်။ နာဂူနေ့က သူတို့ကို "ဒါမျိုး စုပေါင်းလယ်ယာ အသင်းသားလို့ ခေါ်ရမတဲ့လား။ ဘာမှဖြစ်ဖြစ်မြောက်မြောက် လုပ်တဲ့လူတွေမဟုတ် ဘူး" ဟု ပြောဘူးသည်။ သူတို့သည် အာဏာပိုင်များကို ကြောက်သဖြင့် ဝင်ကြသူများ ဖြစ်သည်။ သို့မဟုတ်လျှင် အများယောင်၍ အယောင်ယောင် အမှားမှား ဝင်လာကြ သူများသာလျှင်ဖြစ်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နှုတ်ထွက်လာသည်ကို လက်ခံနေစဉ်မှာပင် ဒါဗီးဒေါ့ကမထွက်ရန် တရားဟောသေးသည်။ အချိန်ယူစဉ်းစားကြရန် တောင်းပန်သည်။ သို့သော် ပြောဟော၍မရသဖြင့် ဒါဗီးဒေါ့ လက်မြှောက်လိုက်ရသည်။

"ခင်ဗျားတို့သဘောဘဲ။ ဒါပေမယ့် ပြန်ပြီးဝင်ချင်တယ်ဆိုယင်တော့ လက်ခံဖို့ အတော်စဉ်းစားရမှာဘဲ"

"ကျွန်တော်တို့ကပြန်ဝင်ဖို့ စိတ်မကူးပါဘူးဗျာ။ စုပေါင်း လယ်ယာအသင်း မဝင်ဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ကြိုးစားကြမှာပါ။ ဒီမှာ ဒါဗီးဒေါ့။ ကျွန်တော်တို့ အယင်တုန်းကလဲ စုပေါင်းလယ်ယာအသင်းမရှိဘဲ နေဖြစ်တာပါဘဲဗျ။ ဘယ်သူကမှ ကျွန်တော်တို့ဆီလာပြီး ဘယ်လိုထွန်ကြ၊ ဘယ်လိုစိုက်ကြ၊ ဘယ်လိုရိတ်ကြလို့ မပြောခဲ့ပါဘူး"အိုင်ဗင်ဆိုသူ လယ်သမားက ပြုံးကာရယ်ကာ ပြန်၍ဖြေသည်။

"အို ကျွန်တော်တို့လဲ ခင်ဗျားတို့ မပါဘဲဖြစ်အောင် လုပ်ပြပါမယ်ဗျ။ လှည်းပေါ်က လူတယောက် ဆင်းသွားတော့ ရုန်းရတာ လွယ်တာပေါ့ဗျာ" ဒါဗီးဒေါ့က အားကျမခံ ပြန်၍ထေ့လိုက်သည်။

"ဒါဖြင့်လဲကောင်းတာပေါ့ဗျာ။ဘယ်သူ့ဘယ်သူမှ ခင်တွယ်စရာမရှိဘူးပေါ့။ ဒါထက် ကျွန်တော်တို့နွားတွေ အသင်းက ပြန်ယူခွင့် ရှိသလား"

"နေ့အုံးလေဗျာ။ ဒါကို နက်ဖြန်ကျမှ အုပ်ချုပ်မှုအဖွဲ့က စဉ်းစားလိမ့်မယ်။ စောင့်အုံးပေါ့ဗျ"

"စောင့်နေဖို့အချိန်မရှိဘူးဗျ။ ခင်ဗျားတို့က နေလေးပွင့်မှ ထွန်ကြမှာ။ ကျွန်တော်တို့ကတော့ စောစောထွန်မယ်။ အေးလေ နက်ဖြန်ထိတော့ စောင့်မယ်။ နက်ဖြန်မပေးယင်တော့ ကိုယ့်နွားကိုယ်လာယူမှာဘဲ"

အိုင်ဗင်၏ စကားသံတွင် ခြိမ်းခြောက်သံ အထက်စီးသံ အနည်းငယ်ပါသည်။ ဒါဗီးဒေါ့သည် ဒေါသထွက်လာသည်။

"ဘာရမလဲဗျ။ အုပ်ချုပ်မှုအဖွဲ့ အခွင့်မရဘဲ ခြံထဲက နွားကို ယူရဲယူစမ်း။အဲသဘဲ။ ခင်ဗျားတို့ ပြည်သူ့ခုံရုံးတင်မယ်"

"ကိုယ့်နွားကို ပြန်ယူတာနဲ့ ရုံးတင်မယ်။ဟုတ်လား"

"ဒါပေမယ့် ခုလောလောဆယ်မှာတော့ နွားတွေကို စုပေါင်းလယ်ယာအသင်းကဘဲ ပိုင်တယ်"

သူတို့ကို စွန့်လွှတ်ရသည့်အတွက် ဒါဗီးဒေါ့ ဝမ်းမနည်းလှ။ သို့သော် ဒမ်မစ်၏ နှုတ်ထွက်လွှာကို တွေ့ရသည့်အခါ စိတ်မချမ်းမသာ ဖြစ်မိလေသည်။

ဒမ်မစ်သည် ထိုနေ့ညနေတွင်ပင် အသင်းရုံးသို့ရောက်လာသည်။ အနည်းငယ် အရက်မူးလာဟန် တူသည်။ ထုံးစံအတိုင်းပင် စကားကိုအား ဘာခွန်းမျှမပြော။ လက်ထဲတွင် သတင်းစာစက္ကူတခု ပါလာသည်။ထိုသတင်းစာကို ဒါဗီးဒေါ့ရှေ့တွင် ဖြန့်ချကာ 'စုပေါင်းလယ်ယာအသင်းက ထွက်ကြစို့' ဟူသော ဝါကျတိုတခုကို လက်ညှိုးထောက်ပြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါပီးဒေါ့သည် စိတ်မချမ်းမသာ ဖြစ်နေသည်။

"ဒါက ဘာသဲ ဒမ်မစ်"

"ကျွန်တော် သွားမယ်လေ"

"ဘယ်သွားမှာလဲ။ ဘာလုပ်သွားမှာလဲ"

"စုပေါင်းလယ်ယာက ထွက်မယ်ဗျာ"

"ဟာဗျာ။ ခက်တာဘဲ။ ခင်ဗျားက ဘာလို့ ထွက်ရမှာလဲဗျ"

ဒမ်မစ်က လက်နှစ်ဖက်ကိုသာ ညင်သာစွာ ဖြန့်တန်းပြသည်။

ဒါပီးဒေါ့သည် အခိပ္ပာယ်ကို နားမလည်နိုင်ဘဲ ကြောင်၍ ကြည့်နေသည်။

"မင်းစိတ်ထဲမှာ ဒီလိုသဘောရလို့ပေါ့။ ဟုတ်လား"ဟု ရာဇ်ဇမျှော့ဒနော့က ဘာသာပြန်ပေးသည်။

"ဟင်း ဟင်း ဟုတ်တယ်"

"ဒါပေမယ့် ဘာလို့ ထွက်မသဲကွ။ ဘာအကြောင်းကြောင့် ထွက်မှာလဲ" ဒါပီးဒေါ့သည် ထိုအကြောင်းကို သိချင်နေသည်။ ဒမ်မစ်သည် ဆင်းရဲသည့် လယ်သမားဖြစ်သည်။

"တခြားလူတွေလဲ ထွက်ကြတယ်။ ဒါ့ကြောင့် ကျွန်တော်လဲထွက်မယ်"

"ဒါဖြင့် တခြားလူတွေက ချီးစားယင် မင်းလဲ စားမလား"

"ဟာ ဒါတော့ ဘယ်လုပ်မလဲဗျ" ဒမ်မစ်က တဟဲဟဲရယ်ကာ ဖြေသည်။

"ကဲ ကဲ ဒါဖြင့် ထွက်ပေတော့ မောင်မင်းကြီးသား။ ခင်ဗျားနွားတွေလဲယူသွား။ ခင်ဗျားဟာ ဆင်းရဲတဲ့လယ်သမားဖြစ်လို့ ဒို့ဘာမှ မပြောလိုဘူး။ သူ့နွားတွေ ပြန်ပေးလိုက်မယ်နော်။ ဟုတ်လား ရတ်ဇမျှော့နော့" ဒါပီးဒေါ့၏အသံသည် စိတ်ပျက်ဝမ်းနည်းသံပါနေသည်။

ဒါးပီးဒေါ့က ခေါင်းညိတ်လိုက်သည်။ သို့ရာတွင် ဒမ်မစ်သည် အသံဩကြီးဖြင့် ကန့်ကွက်လေသည်။ "ကျုပ်နွားတွေ မလိုချင်ပါဘူးဗျာ။ ခင်ဗျားတို့ စုပေါင်းလယ်ယာကို လက်ဆောင်ပေးခဲ့မယ်လေ။ ဟဲ ဟဲ။ ကျုပ်ကြည့်စမ်းပါဗျ။ လယ်ရှင်သမက်နဲ့ မတူဘူးလား။ ဟဲ ဟဲ" ထိုနောက် ဒမ်မစ်သည် နှုတ်ဆက်ရန်ပင် သတိမရတော့ဘဲ ချာကနဲ လှည့်ကာ ထွက်သွားလေသည်။

ဒါပီးဒေါ့သည် ရုံးခန်းပြတင်းပေါက်မှ အပြင်ဖက်သို့ ကြည့်နေသည်။ ဒမ်မစ်သည် ယိမ်းထိုး၍ ထွက်သွားသည်။ ရုံးခန်းမှ ခြံပေါက်သို့ ထွက်ရာလမ်းတွင် ရေခဲများ အရည်ပျော်နေသဖြင့် ဗွက်ထနေသည်။ သို့သော် အပေါက်ဝတွင် ရေခဲစိုင်ကြီး တခု အရည်မပျော်သေးဘဲ တင်းခံနေသဖြင့် ထွက်ပေါက်မရှိဘဲ ရေများသည် ခြံထဲတွင် အိုင်နေသည်။ ဒမ်မစ်သည် နွားခြံဆီသို့ သွားကာ ပိုင်းတန်း တခုကို ဆွဲယူလာပြီးလျှင် ခြံဝက ရေခဲစိုင်ကြီးကို တအားရိုက်ခွဲလိုက်သည်။ ထိုအခါတွင် ရေများသည် ဒလဟော စီးဆင်းထွက်သွားလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒီကောင် ကျွန်တော်တို့ဆီ ပြန်လာမယ့်ကောင်ဗျ" ဂျတ်ဇမျော့နေ့က ဒါဗီး ဒေါ်၏ ပခုံးကို လက်တို့ကာ ပြောသည်။ "ကြည့်ပါလား။ အဆီအငေါ် မတည့်တာ တွေ့ယင် ပြင်ချင်တဲ့ စိတ်ဓာတ်ရှိတဲ့ လူဗျ။ ဟုတ်လား။ ဒါကြည့်ယင် ကျွန်တော်တို့ စုပေါင်းလယ်ယာမှာ သူစိတ်မကုန်သေးဘူး ဆိုတာ ပြတာဘဲ"

× × ×

စတာလင်၏ ဆောင်းပါးထွက်လာပြီးနောက် ခရိုင်ကော်မတီက ဂရယ်မျချီရွာ ပါတီ အုပ်စုသို့ ညွှန်ကြားချက်များ တထပ်ကြီးပို့လိုက်သည်။ သူဂိုရေးထားသည့် ညွှန်ကြား ချက်များသည် မရှင်းလင်းလှ။ ထိုအထဲတွင် ကျွဲနွားတို့ ဘယ်သို့ ဘယ်ပုံ ပြန်ပေးရမည် စသည်တို့ပါရှိသည်။ ထိုညွှန်ကြားချက်များကိုကြည့်လျှင် ညွှန်ကြားချက် ထုတ်သည့် ခရိုင်ကော်မတီက ရဲဘော်များ ကိုယ်တိုင် အခြေအနေကို လုံးလုံးမသိကြောင်း ထင်ရှားသည်။ သူတို့ကိုယ်တိုင် တိတိကျကျ ပြတ်ပြတ်သားသား လုပ်ငန်းစဉ်ချမှတ်ဟန် မတူ။ ယောင်ဝါးဝါးဖြစ်နေဟန်တူသည်။ ကျေးရွာ ဆိုဗီယက်မှ စုပေါင်းလယ်ယာ အသင်းပိုင် သိမ်းထားပြီးသည့် ကျွဲနွား လယ်ယာ စသည်တို့ကို မည်သို့မည်ပုံ ပြုလုပ်ရ မည်ကို ခရိုင်ကော်မတီအားရင်း၊ခရိုင်ထိန်းသိမ်းရေး ကော်မတီအားရင်း မေးမြန်းသည်။ သို့ရာတွင် တိကျသည့် အဖြေမပေးနိုင်။ ထိုပြင် ထိုခရိုင်ခေါင်းဆောင်ကြီးများသည် ကျေးရွာများသို့ တခါတခေါက်မျှ ဆင်း၍ မလာကြ။ သို့ရာတွင် ဗဟိုကော်မတီက စုပေါင်းလယ်ယာ ပါတီလမ်းစဉ်ကို ဖျက်လိုဖျက်ဆီး ပြုသူများအား တိုက်ဖျက်ကြ ဟူသော ဆုံးဖြတ်ချက်ချမှတ်သည့်အခါ ခရိုင်ကော်မတီသည် လှုပ်ရှားစပြုလာသည်။

ဂရယ်မျချီတွင် ထိုကာလ၌ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ စုပေါင်းလယ်ယာ က သိမ်းထားသည့် ကျွဲနွား၊ ကြက်ဘဲ၊ စာရင်းကို ခရိုင်က တောင်းသည်။ ပစ္စည်း သိမ်းခံရသည့် မြေရှင်စာရင်းကို ခရိုင်ကော်မတီက တောင်းသည်။ တချိန်တည်းမှာ ပင် ခရိုင်ကော်မတီနှင့် ခရိုင်ထိန်းသိမ်းရေး ကော်မတီ ပေါင်းထားသည့် အထူး အဖွဲ့ရှေ့မှောက်တွင် နာဂူနော့ လာရောက် စစ်ဆေးခံရမည် ဟူသော ဆင့်စာလည်း ရောက်လာသည်။ နာဂူနော့သည် မတ်လ ၂၈ ရက်နေ့နံနက် ၁၀-နာရီတွင် အစစ်ခံဆေးခံ ရမည် ဖြစ်လေသည်။

—၃၀—

ထိုရက် သတ္တပတ်အတွင်း ဂရယ်မျချီစုပေါင်းလယ်ယာအသင်းမှ အသင်းသားတရာခန့် နုတ်ထွက်သွားကြသည်။ ဒုတိယ အဖွဲ့တွင် နုတ်ထွက်သူ ပို၍များသည်။ အဖွဲ့ခေါင်း ဆောင် လုဗစ်ရှကင် အလိုအရဆိုလျှင် နုတ်ထွက်ဆဲ နုတ်ထွက်လတ္တံ့တို့ အများပင် ရှိသေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဂရယ်မျှချိတွင် ထိုကာလသည် ကပ်ဆိုးမိုးမှောင်ကျသော ကာလဟူ၍လည်း ဆိုချင်ကဆိုနိုင်သည်။ဒုက္ခရှုပ်ပွေသည်မှာ တခုပြီးတခုပင် ဖြစ်သည်။ဒါဗီးဒေါ့အဖို့ကား ဒုက္ခပင်လယ်ဝေသည့် ကာလပင် ဖြစ်သည်။ သိမ်းထားသော ပစ္စည်းများ ပြန်ပေးသင့် မပေးသင့် ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်သည်။ ထိုအစည်းအဝေးက ပြတ်သားသည့် ဆုံးဖြတ်ချက်တခုကို ချသည်။ ယင်းမှာ စုပေါင်းလယ်ယာကို မပျက်စီးအောင် ကာကွယ်ရမည်။စုပေါင်းလယ်ယာက အသင်းဝင်များ မထွက်အောင် စည်းရုံးရမည်။ ပစ္စည်းများကို နောင်နှစ် ဆောင်းဦးပေါက်အထိ ပြန်မပေးဘဲ သိမ်းထားရမည်။အခြေအနေကို စောင့်ကြည့်ရမည်။ ဤကား ပါတီခရိုင်မကော်တီနှင့် ခရိုင်လယ်ယာသမဂ္ဂ၏ ရဲဝံ့သော ဆုံးဖြတ်ချက်ဖြစ်သည်။

ထိုအချိန်တွင် ခရိုင်လယ်ယာမြေဌာနမှ မန်နေဂျာတဦးဖြစ်သည့် ဗက်ဂလစ် ဆိုသူသည် ဂရယ်မျှချိသို့ ရောက်လာသည်။ သူသည် ထိုနေ့မှာပင် ဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်ကို စုံစမ်းလေ့လာသည်။ ထိုတနေ့တည်းမှာပင် အခြားကျေးရွာများသို့လည်း သွားရဦးမည် ဖြစ်သည်။ အခြေအနေကို လေ့လာပြီးနောက် သူက အောက်ပါအတိုင်း ဆုံးအဖြတ်ပေးသည်။

"ကျွဲနွားအားလုံး၊ လယ်ယာပစ္စည်းအားလုံး၊ ဘာတခုမှပြန်မပေးနဲ့။ ဆောင်းဦးပေါက်အထိ စောင့်အုံး။ အဲဒီအချိန်ရောက်မှ ကြည့်ကြသေးတာပေါ့"

"ဒါပေမယ့် ကျွန်တော်တို့ကိုနားပူနားဆာလုပ်လှပြီဗျ။ကျွန်တော်တို့ ဂုတ်ပေါ် ဓားဝဲနေပြီဗျ။ ဓားကြိမ်းချည်းကြိမ်းနေတာဘဲ" ဒါဗီးဒေါ့က ညည်းသည်။

ဗက်ဂလစ်သည် ပြတ်သားသူဖြစ်သည်။ အဆုံးအဖြတ်ပေးရာ၌လည်း ရဲရင့်သူ ဖြစ်သည်။

"အိုဗျာ သူတို့ကို ဓားကြိမ်း ပြန်ကြိမ်းပေါ့ဗျ။ ကျုပ်တို့အလိုကတော့ ကျွဲနွားတွေ ပြန်ပေးမလို့ဘဲ။ဒါပေမယ့် တိုင်းကော်မတီက ဆုံးဖြတ်တာက ပစ္စည်းတွေကို ခြွင်းချက်နဲ့ဘဲ ပြန်ပေးရမယ်တဲ့။ လူဘန်းစားအခြေခံအရ ပေးရမယ်ပေါ့ဗျာ"

"ဘာဆိုလိုတာလဲဗျ"

"ဟာ ခင်ဗျားဟာကလဲ လူတန်းစားအခြေခံအရဆိုတာ ရှင်းနေတာဘဲဗျ။ ဆင်းရဲတဲ့ လယ်သမားကိုပြန်ပေး၊ လယ်ပိုင်ရှင်ကလေးတွေကိုတော့ ဆောင်းဦးပေါက်ကျမှ ပြန်ပေးပါမယ်လို့ ကတိပေးလိုက်ပေါ့။နားလည်ရဲ့လား"

"ဒါပေမယ့် ခင်ဗျားတို့ဟာက ရာခိုင်နှုန်းပြည့် စုပေါင်းလယ်ယာထဲ ဝင်လာအောင် လုပ်ရမယ်ဆိုတာလို ဖြစ်နေပါမယ်ဗျာ။ တိုင်းကော်မတီက ညွှန်ကြားတာနဲ့ ကျွန်တော်တို့လဲ အားတိုက်ခွန်တိုက်လုပ်တာဘဲ။ အောင်မြင်ပါမဲ့။ ဒါပေမယ့် ရလဒ်ကတော့ အဲဒီအောင်မြင်မှုမှာ ယစ်မူးတာဘဲ။လယ်ပိုင်ရှင်ကလေးကို ကျွဲနွား ပြန်မပေးတော့ဘူးဆိုလဲ ဘာထူးသလဲဗျ။ သူတို့မှာ ဘာနဲ့သွားပြီး ထွန်မလဲ"

"အို၊ ဒါ ခင်ဗျားတို့ အပူမဟုတ်ပါဘူး။ တသီးပုဂ္ဂလ လယ်သမားအတွက် ထည့်စဉ်းစားမနေနဲ့။ကိုယ့်စုပေါင်းလယ်ယာအတွက်ဘဲ ကိုယ်စဉ်းစားပါ။ကျွဲနွားတွေ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြန်ပေးလိုက်ယင် ခင်ဗျားတို့ ဘာနဲ့တွန်မလဲ။ ဒါပေမယ့် အဲဒီ အဆုံးအဖြတ်ဟာ ကျွန်တော်တို့လမ်းစဉ်မဟုတ်ဘူးနော်။ ဒါ တိုင်းကော်မတီရဲ့ လမ်းစဉ်ဘဲ။ ကျုပ်တို့ဆိုတာက တော်လှန်ရေးတပ်သားတွေမဟုတ်လားဗျ။ ဒီတော့ သူတို့ချမှတ်တဲ့ လမ်းစဉ်ကို အတိအကျ လိုက်နာကြရမှာပေါ့။ ကဲ ခင်ဗျားတို့ သိမ်းထားတဲ့ ကျွဲနွားတွေထဲက တဝက်လောက်ပြန်ပေးလိုက်ယင် လုပ်ငန်းဘယ်လိုနေပါ့မလဲ။ ဒါပေမယ့်လေ၊ ဒါတွေ ဆင်ခြေတက်မနေနဲ့တော့ဗျာ။ စိုက်စရာ ရှိတာသာ စိုက်ပေတော့။ မှန်းထားချက် မကိုက်ယင်တော့ ခင်ဗျားတို့ ခေါင်းကြိမ်းပေရော့ဘဲ”

ဗက်ဂလစ်သည် သုတ်သီးသုတ်ပြာ နိုင်လှသည်။ စကားကို အမျှင်မပြတ် ပြောနေရသော်လည်း ခရီးဆက်ရန် အချိန်မရှိတော့။ သို့သော် စကားမကုန်သေး။ လှည်းပေါ်အတက်မှာပင် ဆက်၍ ပြောနေသေးသည်။ “အားလုံး ခြုံကြည့်ယင် အတော်လေး ဒုက္ခများကုန်မယ့် အလုပ်ဘဲဗျာ။ ပြတ်သားလွန်း အားကြီးတယ်ဆိုတော့ ခံရအုံးမှာ ရှိသေးတယ်ဗျ။ တယောက်ယောက် အနစ်နာခံရမှာဘဲ။ အနစ်နာခံမယ့်သူ မရှိဘဲနဲ့တော့ မဖြစ်ဘူး။ ကျုပ်တို့ခရိုင်က ပုဂ္ဂိုလ်တွေကလဲ နာဂူနော့ကို အသဲအမဲဗျ။ သူ ဘာဖြစ်တာလဲ။ လယ်ပိုင်ရှင်လေးတယောက်ကိုရိုက်တယ်ဆိုဗျ။ တချို့လဲဖမ်းတယ်ဆိုဘဲ၊ ဟုတ်လား။ သေနတ်နဲ့ခြိမ်းခြောက်သေးတယ်ဆိုဗျ။ ဆမိုခင်က ပြောတာဘဲ။ ဒီကိစ္စကို သူကိုင်နေရတယ်ဗျ။ ဒီအတိုင်းသာဆိုယင် နာဂူနော့ဟာ လက်ဝဲအစွန်းရောက်နေပြီဗျ။ အဲဒါ ဒုက္ခဘဲ။ အခုအပြစ်ပေးပုံ ခင်ဗျားသိရဲ့လား။ ပါတီကတောင် ထုတ်ပြစ်တာဗျ။ ကဲသွားမယ်။ ကျွဲနွားတွေတော့ ပြန်မပေးနဲ့နော်။ အဲဒါ အရေးကြီးတယ်”

ဗက်ဂလစ်သည် ဗျူင်စကိုဗျူင်သို့ထွက်သွားသည်။ သူထွက်သွားသည်မှာ မကြာသေး။ သူ့လှည်းဘီးရာ မခြောက်မီမှာပင် တတိယအဖွဲ့ခေါင်းဆောင် ဒပ်ဗဆော့ ရောက်လာသည်။ သူ့ကိုကြည့်ရသည်မှာ ဆပ်ပြာသည် လင်ပျောက်သည့် မျက်နှာမျိုး ဖြစ်သည်။ သူ့နောက် ကျွဲလိုက်လာလေသလားဟုလည်း ထင်ရသည်။

“ရဲဘော်ကြီး ဒါဗီးဒေါ့ရေ အသင်းကထွက်သွားတဲ့လူတွေက ကျွဲနွားတွေ မြင်းတွေ ပြန်ယူသွားကြပြီဗျ။ အတင်းယူသွားတာဘဲ”

“ဘာရယ်” ဒါဗီးဒေါ့၏ အသံသည် ကျယ်လောင်လှသည်။ သူ့မျက်နှာကြီးမှာလည်း နီမြန်းလာသည်။

“အစောင့်ကို အတင်းဖမ်းချုပ်ပြီး နွားတွေ မောင်းထုတ်သွားကာဘဲခင်ဗျ။ နွားဆဲ့နှစ်ရှဉ်းနဲ့ မြင်းခုနစ်ကောင် ပါသွားတယ်။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ”

“ဘာလုပ်ကြမလဲ လာမေးနေရသေးသလားဗျ။ ခင်ဗျား မတားဘူးလား။ ဒီအတိုင်းဘဲ ကြည့်နေလိုက်သလား”

ဒပ်ဗဆော့ မျက်နှာကြီးသည်လည်း နီမြန်းလာသည်။ “အို ကျုပ်တာဝန်က တညလုံး မြင်းဇောင်းမှာနေဖို့မဟုတ်ဘူးဗျ။ ခင်ဗျား ကျုပ်ကို အော်စရာမလိုဘူး။ ခင်ဗျားသတ္တိရှိယင် ကိုယ်တိုင်ထွက်ပြီး ပြန်သိမ်းပါလား”

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုနေ့ ညနေတိုင် နွားများ မြင်းများ ပြန်၍ မတွေ့သေး။ စတက်မြက်ခင်းတွင် သူတို့တတွေ ခြေရာချင်းထပ်အောင် ရှာကြသည်။ လုဗစ်ရှကင်၊ ဒပ်ဗဆော့နှင့် အခြား စုပေါင်းလယ်ယာ အဖွဲ့သား ခြောက်ယောက်တို့ မနားမနေရှာကြသည်။ ညနေစောင်း လျှင် မြက်ခင်းတောင်စောင်းတခု၌ နွားများကို တွေ့ရသည်။

နွားများကို မသွားသူထဲတွင် လုဗစ်ရှကင်၏ ဝမ်းကွဲညီတယောက်ပါသည်။ သူ တို့သည် မနည်းပင် ခြိမ်းခြောက်ကာ နွားများကို စုပေါင်းလယ်ယာ အဖွဲ့ဝင်ဟောင်း များထံမှ ပြန်ယူခဲ့ရသည်။

ဒါဗီးဒေါ့က နွားတင်းကုပ်များ မြင်းဇောင်းများကို ညအခါတွင် သော့ခတ် ရန် စီစဉ်သည်။ အစောင့်များလည်း ချထားသည်။ သို့ငြားလည်း မလုံခြုံသေး။နောက် နှစ်ရက် အကြာတွင် နွားခုနစ်ရှဉ်းနှင့် မြင်းသုံးကောင် ပျောက်သွားပြန်သည်။

မနက်မိုးလင်းမှ သည်ညနေနေဝင်အထိ ကျေးရွာဆိုဗီယက်အဖွဲ့ရုံး၌ လူစုလူဝေး ကြီး ရှိနေသည်။ ယခုအခါ စုပေါင်းလယ်ယာက သိမ်းပိုက်ထားသည့် လယ်မြေတို့ကိုပါ အတင်းဝင်၍ ထွန်မည်ကို စိုးရိမ်နေရသည်။

''ကျုပ်တို့ထွန်ဖို့ မြေပြန်ပေး။ ဒါမှမဟုတ်ယင် ကျုပ်တို့ပိုင်မြေ ကျုပ်တို့ထွန် မှာဘဲ'' ဒါဗီးဒေါ့ကိုပင် တောင်းဆိုနေကြသည်။

''ခင်ဗျားတို့ထွန်ဖို့ ခွဲဝေပေးမယ်လေဗျာ။ မပူပါနဲ့။ နက်ဖြန်ကျတော့ ခွဲတာ ဝေတာပေါ့။ ယာကွတ် လူးကစ်ဆီ သွားဗျာ။ သူ အဲဒီကိစ္စတွေ တာဝန်ယူတယ်။ ကျွန်တော်ပြောတာ ယုံပါ'' ဒါဗီးဒေါ့က နှစ်သိမ့်လိုက်ရသည်။

''ဘယ်မြေမျိုး ပေးမှာလဲဗျ။ ဘယ်နေရာမှာလဲ''

''ပေးနိုင်တဲ့ မြေပေါ့ဗျာ''

''အစွန်အဖျားမှာ ရှိမှာပါဗျာ။ ဘယ့်နှယ် လုပ်မလဲ''

''ခင်ဗျားစကား မယုံနိုင်တော့ဘူးဗျို့ ဒါဗီးဒေါ့ရဲ့။အနီးနားက လယ်တွေ ကို စုပေါင်းလယ်ယာက ယူမယ်။ ကျုပ်တို့တော့ အဝေးကြီးက လယ်တွေရမှာဘဲ။ နွားတွေလဲ ပြန်မပေးဘူး။ နွားမနဲ့ ထွန်ရမှာဗျ။ အင်း ခင်ဗျားတို့ အစိုးရလုပ်ပုံ တယ်ပြီး တရားတယ်ပေါ့''

ဒါဗီးဒေါ့က အကျိုးအကြောင်း ရှင်းပြသည်။ လိုချင်သည့် လယ်ကိုကား မပေးနိုင်။ စုပေါင်းလယ်ယာပိုင်မြေ အလုံးအခဲထဲမှ ဖဲ့၍ မပေးနိုင်။ တပိုင်းဖြတ် တစိတ်တိလိုက်လျှင် စီမံကိန်းချထားသည့်တို့ ပျက်ကုန်မည် ဖြစ်သည်ဟု ရှင်းပြသည်။ ထိုအခါ ဆူသံပူသံ ကြိမ်းသံ မောင်းသံတို့ ပို၍ ကျယ်လာသည်။

''ဒို့မြေ ပြန်ပေးကွ။ ဒါဘာလုပ်တာလဲ။ မင်းတို့က ဒို့မြေကို ဘာ့ကြောင့် သိမ်းပိုင်ခွင့်ရှိသလဲ။ ဒို့ကိုစိုက်ပျိုးခွင့် မပေးတော့ဘူးလား။ ရဲဘော်ကြီး စတာလင်က ဘာရေးထားသလဲ။ ကျုပ်တို့ စတာလင့်ဆီ တိုက်ရိုက် စာရေးနိုင်တယ်ဗျ။ ခင်ဗျား တို့က ကျုပ်တို့ပိုင် လယ်တွေ၊ မြေတွေ၊ နွားတွေ မတရား သိမ်းထားကြောင်း စာရေး ရမလား''

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကဲ ကဲ ယာကွတ်ရေ။ ခင်ဗျား နက်ဖြန် လုပ်ရမယ့် အလုပ်က ရာချီရေကန်ရဲ့ ဟိုဖက်က မြေတွေ ခွဲဝေပြီး ချပေးလိုက်ပါဗျာ"

"အဲဒီမြေက မြေရိုင်းဘဲဗျ"

"ဘယ်က မြေရိုင်းရမှာလဲ။ ဖုံးဆိုးမြေပါဗျာ။ မစိုက်ဘဲထားတာ ကြာလို့ ကောနေတာ ဆဲ့ငါးနှစ်လောက်ရှိပြီ ထင်တယ်" ယာကွတ်က ရှင်းပြသည်။

မကျေနပ်သူတိုကား ပေါ်လာဆဲဖြစ်သည်။

"အို ကျုပ်တို့ မြေဆိုးမြေမာကို မလိုချင်ဘူး"

"ဘာနဲ့ထွန်မလဲဗျ"

"ဒါဘဲ မရဘူး။ မော်စကို စာရေးမယ်။ စတာလင့်ဆီကို စာရေးမယ်"

မိန်းမများကား အဆိုးဆုံးဖြစ်သည်။ နှုတ်ကြမ်း အာကြမ်း ဆူကြဆဲကြသည်။ သူတို့ကို နှစ်သိမ့်ရန် ခက်သည်။ နောက်ဆုံးတွင် ဒါဗီးဒေါ့ကယာတိပြတ်ပင် ပြောလိုက်သည်။ "အင်း ခင်ဗျားတို့ မြေကောင်းလိုချင်လို့ကော့ မဖြစ်ဘူး။ ဒါအမှန်ပြောတာဘဲ။ ဆိုဗီယက်အစိုးရ သဘောက စုပေါင်းလယ်ယာကိုသာ ဦးစားပေးနိုင်မယ်။ စုပေါင်းလယ်ယာကို ဆန့်ကျင်တဲ့ လူတွေကို အခွင့်အရေး မပေးနိုင်ဘူး။ ဒါဘဲ"

မည်သို့ပင်ဖြစ်စေ တသီးပုဂ္ဂလ လယ်သမားတို့သည် သူတို့ပိုင် မြေဟောင်းကို ဟိုတကွက် သည်တကွက်ဝင်၍ ထွန်ကြသည်။ လုပစ်ရှကင်က အတင်း နှင်ထုတ်ရသည်။ ယာကွတ်သည်ထိုအခါတွင် ရာချီရေကန် တဖက်ရှိ ဖုံးဆိုးမြေကို ဟိုင်းတာ၍ အကွက်ချပေးလိုက်သည်။

နှစ်ဆဲ့ငါးရက်နေ့တွင် ဒယွမ်ကာ ခေါင်းဆောင်သော အဖွဲ့သည် သဲမြေတွင် စတင်၍ ထွန်သည်။ အတော်ဆုံး အလုပ်သမားများကို ဒါဗီးဒေါ့က နေရာချထားပေးသည်။ အဖိုးကြီးများသည် စိတ်အားထက်သန်စွာ ဝင်ရောက်ကူညီရန် လာကြသည်။ ထိုအတွင်း အဖိုးကြီးရှယ်ရှူကာကို ဒါဗီးဒေါ့က မြင်းဇောင်းအစောင့်တာဝန်ပေးလိုက်သည်။

**အားလုံးအသင့်ဖြစ်နေပြီ။** သို့သော် နှစ်ရက်တာမျှ မိုးသည်းထန်စွာရွာသဖြင့် ပျိုးကြဲခြင်းကို ရွှေ့ဆိုင်းထားလိုက်ရသည်။

စုပေါင်းလယ်ယာမှ နုတ်ထွက်သူတို့လည်း အရှိန်တန့်သွားသည်။ စုပေါင်းလယ်ယာတွင် ယုံကြည်စိတ်ချရဆုံးတို့သာ ကျန်ရစ်သည်။ ယင်းမှာ အခိုင်မာဆုံး တပ်သားဟောင်းတို့ဖြစ်လေသည်။ **နောက်ဆုံးနုတ်ထွက်သူမှာ** ရတ်ဇမျော့နော့၏ အချစ်တော်ကြီး မုဆိုးမ မာရီနာဖြစ်သည်။ **သူတို့၏**အကြားတွင် တစုံတခုကြောင့်အဆင်မပြေဖြစ်လာဟန်တူသည်။ မာရီနာသည် ဘုရားတရားဘက်သို့ ပြန်၍စိတ်လည်နေသည်။ တူဗျန်စကျူဝင်ရွာရှိ ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုသွားလေ့ရှိသည်။ အန်ဒရေးက ဆူဆူပူပူလုပ်သည်တိုင် ဘာမျှပြန်မပြောဘဲ နေလိုက်သည်။ မာရီနာ၏နောက်ကွယ်တွင် တစုံတခု အတိုက်အတွန်းရှိနေဟန်တူသည်ဟု အန်ဒရေးယူဆသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



နှစ်ဆယ့်ခြောက်ရက်နေ့တွင်ကား မာရီနာသည် စုပေါင်းလယ်ယာမှနုတ်ထွက်လာတော့သည်။ သူ့အကြောင်းပြချက်ကား စုပေါင်းလယ်ယာ အဖွဲ့ဝင်အဖြစ်သည် ဘုရားမကြိုက်သည့် ကိစ္စဖြစ်သည်ဟူ၍ပင်တည်း။

"ဘုရားမကြိုက်ဘူး ဟုတ်လားဗျ။ ဒါဖြင့် အန်ဒရေးနဲ့ တကုတင်ထဲ အိပ်တာ ရော ဘုရားကြိုက်ရဲ့လား။ အင်မတန်ချိုမြိန်တဲ့ အပြစ်ကြီးလွန်တာ ဖြစ်မှာပေါ့ဗျာ။ လုဗစ်ရှကင်က အံကြိတ်ကာပြောသည်။

မာရီနာသည် မည်သို့မျှပြန်၍မဖြေ။ တိတ်တိတ်သာနေသည်။

အန်ဒရေးသည်အုပ်ချုပ်မှုအဖွဲ့ရုံးသို့ အပြေးရောက်လာသည်။ သူ့မျက်နှာသည် ငြိုးငယ်နေသည်။ သို့သော် ဒေါသရိပ်ကိုကား တွေ့ရသည်။ နဖူးမှချွေးများကို သုတ်လိုက်ပြီးနောက် ဒါဗီးဒေါ့နှင့် လုဗစ်ရှကင်တို့ ရှေ့မှာပင် မာရီနာကို ချော့နေလေသည်။

"မာရီနာအချစ်ကလေးရယ်။ငါ့ဘဝကို မင်းမဖျက်ဆီးချင်ပါနဲ့။ငါ့အရှက်ကို မခွဲချင်ပါနဲ့ကွယ်။ ဘာလို့စုပေါင်းလယ်ယာက ထွက်မှာလဲကွယ်။ သူတို့ကနို့စားနွားမ တွေ ပြန်ပေးနေပြီမဟုတ်လား။ မင်းဘာလိုချင်သေးလို့လဲ။ ဒီအတိုင်း ဆိုယင်တော့ မင်းနဲ့ငါ စိတ်သဘောကွဲလွဲဖို့ဘဲ။ နုတ်ထွက်လွှာကို ပြန်ယူသွားပါလား မာရီနာရယ်"

"အို မဖြစ်နိုင်ပါဘူး။ ကျွန်မကိုဘာမှ ပြောမနေနဲ့။ ကျွန်မစုပေါင်းလယ်ယာ မှာ မပါချင်ဘူး။ရှင်တို့ ငရဲကြီးမှာထဲ ကျွန်မ မပါချင်ဘူး။နွားနဲ့ထွန်သာပြန်ပေးပါ"

"ပြန်စဉ်းစားပါအုံးကွယ်။ ဒီလိုသာဆိုယင်တော့ မင်းနဲ့ငါ ဒိုးစားကွဲဖို့ဘဲ"

"အမယ်လေး ပူစရာလိုက်လို့။ အိုးစားကွဲချင်ရှိဘာပေါ့။ မနေ့ညက ရှင့်ကို မာလာရှကာဆိုတဲ့ကောင်မနဲ့ လမ်းမှာစကားပြောနေတာတွေ့ပါတယ်။ကွဲဘာဘဲကောင်းပါသေးတယ်"

"ဘယ်လိုပြောလိုက်ဘာပဲ မာရီနာရယ်။ မာလာရှကာနဲ့ ငါဘယ်တော့မှ ဆက်ဆံဘူးတာမဟုတ်ပါဘူး။ ပြီးတော့၊ အဲဒါနဲ့ စုပေါင်းလယ်ယာနဲ့ ဘာဆိုင်လဲ ကွယ့်"

လုဗစ်ရှကင်သည်အနားကကြားနေသည်ကိုပင် နားခါးလှပြီ။ "အိုဗျာ၊ဒီကောင် မကြီးများ တောင်းပန်မနေစမ်းပါနဲ့။ ခင်ဗျားဂုဏ် ခင်ဗျားငဲ့ဖို့ ကောင်းပါတယ်။ ခင်ဗျားက ပါတီဝင်တယောက်ဗျ။ဒါနဲ့များ သူ့လိုဟာကို တောင်းပန်နေရသလား။ တချက်လောက် ပြစ်တီးလိုက်တာမဟုတ်ဘူး"

မာရီနာသည် ဒေါသူပုန်ထလေသည်။ လုဗစ်ရှကင်အပေါ် တိုးသွားကာ ရန်ထောင်သည်။

"ဟဲ့ နင်က ဘာဝင်စွာတာလဲ။ လူများကိစ္စထဲ နင်ကဘာလို့ဝင်ပါရတာလဲ ဟဲ့။ နင်နဲ့ဘာဆိုင်လို့လဲ။ နင့်ပါးဆွဲချလိုက်ရမလား။ နင့်လိုကောင်မျိုး ငါနင်းချေ ပေါင်းများလှပြီဟဲ့။ ကြားရဲ့လား" မာရီနာ၏ ရင်သားနှစ်ခုသည် တဆတ်ဆတ် တုန်နေသည်။ဂါဝန်ကြီးကို မထားသဖြင့်ဒူးခေါင်းအထိ အဖွေးသား မြင်ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လုဗင်ရှက်ကား နောက်သို့ တွန့်သွားသည်။ ဒါဗီးဒေါ့အဖို့မူ ဒေါသဖြစ်စရာ အဖြစ်ထက် ရယ်စရာအဖြစ်က ပိုလာသည်ဟု ထင်မိသည်။ရတ်ဇမျှော့နေ့သည် လုဗင် ရှက်ကို ဆွဲထုတ်သွားသည်။သူ့ကိုဖက်ပြိုင်ပြောမည့်သူ ယာကွတ်တယောက်သာ ကျန် ရစ်လေသည်။

"ခင်ဗျား ဘယ့်နှယ်မိန်းမလဲ။ ဂါဝန်ကြီး မကာ မကာနဲ့ မရှက်ဘူးလား။ ကျုပ်လို အဖိုးကြီးရှေ့မှာ ရှက်ဖို့ကောင်းတယ်ဗျ။ မလုပ်ရဘူး" ယာကွတ်က စလိုက် သည်။

"အမယ်။ တော်ကြီးကိုလား ရှက်ရမှာ။တော်လိုလူမျိုးအကြောင်းများ သိပါ့ သိပါ့။ နောကို ကျေနေတာဘဲ။ တော်ကြီးဟာလေ အယုတ်တမာကြီး။ ဘာလဲ တော် အယင်နှစ်က ကျုပ်ကိုရိသဲ့သဲ့ လုပ်ဘူးသေးတယ်မဟုတ်လား။ မှတ်မိသေးရဲ့လား။ ကောက်လိုင်းတွေ တိုက်ကြတုန်းကလေ။ ဟင်း လူပုံကဖြင့်"

ထိုအချိန်တွင် လယ်ထဲက တက်လာသူ ဒယ့်မ်ကာလည်း ရောက်လာသည်။"မာရီ နာ။ ခင်ဗျားပစ္စည်းတွေကိုတော့ ပြန်မပေးနိုင်တော့ဘူး။ ကျုပ်တို့ စာရင်းတင်ပြီးသား ဖြစ်နေပြီဗျ"

"အို မဟုတ်တာဘဲ။ ပေးရမှာပေါ့ရှင့်"

"ခင်ဗျား နားမလည်ဘူးလား။ ခင်ဗျားပစ္စည်းကို စုပေါင်းလယ်ယာက သိမ်း ပြီးပြီဗျ။ ပြည်သူပိုင်ဖြစ်သွားပြီ။ ဒီတော့ နွားတွေ ပြန်ပေးဗျာ။ ခင်ဗျား ခိုးမှု ကျူး လွန်နေပြီ။ ခင်ဗျားကို ရုံးတင် တရားစွဲနိုင်တယ်သိလား။ ဒါဗီးဒေါ့ခွင့်မပြုဘဲ ခင်ဗျား ကို ဘာမှ ပြန်မပေးနိုင်ဘူး သိလား"

မာရီနာသည် မြင်းဇောင်းသို့ ပြေးကာ ထွန်ထယ်များကို သူ့လည်းပေါ်သို့ ဇွတ်တင်၍ မောင်းပြေးလေသည်။ သူ့ကို ဘယ်သူမျှ မစရဲ။ အာကြမ်း နှုတ်ကြမ်း ကိုယ် ကြမ်းမို့ အားလုံးကြောက်ကြသည်။တခါက တူဗျန်စကွာဂင်တွင် ကောဆက်တယောက် ကို နပမ်းလုံး အနိုင်ယူပြီးခဲ့သည့်မာရီနာဖြစ်သည်။နှယ်နှယ် မာရီနာမဟုတ်။ထို့ကြောင့် သူတို့ကြောက်ကြသည်။

နောက်တနေ့တွင် ရတ်ဇမျှော့နေ့သည် မာရီနာ့အိမ်မှ သူပိုင်ပစ္စည်းများကိုထုပ် ပိုး သိမ်းဆည်းလာခဲ့သည်။ သူသည် ထိုရက်တွင် စိတ်မချမ်းမသာဖြစ်နေသည်။ စိတ်ထိ ခိုက်လွန်းသဖြင့် မည်သူ့ကိုမျှအတွေ့မခံဘဲ ရှောင်နေသည်။သည်အချိန်မျိုးတွင် တကိုယ် တည်းသာ နေလိုသည်။ ထို့ကြောင့် သူတော်ချင်းချင်း သတင်းလေ့လေ့ ပေါင်းဖက် တွေ့ရန် နာဂူနော့ထံသို့ စကားစမြည်လေးများ ပြောရအောင် သွားသည်။ နာဂူနော့ နှင့် တွေ့လျှင် အဆွေးပြေတန်ကောင်းရဲ့ဟု မျှော်လင့်မိလေသည်။

ထိုညတွင် ဂရယ်မျချီ၌ လရောင်မှိုင်းပြပြသည် အနောက်မိုးကုက်စက်ဝိုင်းထက် တွင် ချိတ်ဆွဲနေလေသည်။ ကြယ်ရောင်တို့သည် ကောင်းကင်ထက်တွင် မှိတ်တုတ် လက် နေကြသည်။ ရွာဘေးက ချောင်းရေစီးသံသည် တိတ်ဆိတ်သည့် အကာလ ညအချိန် တွင် သာယာသယောင် ရှိသည်။ မိုးဦးကျစမို့ မိုးရေဖြင့် နူးနေသည့် ကောက်ရိုးနံ့တို့

www.facebook.com/NyisayEbookCreator
www.nyisay.com



သည်လည်း သင်းပျံ့ပျံ့ရှိသည်။ ထိုအချိန်တွင် ရတ်ဇမျှော့နေသည် ကောင်းကင်ကို မော့ကြည့်ယင်း နာဂူနေသဆီသို့ လျှောက်သွားသည်။ ကြယ်ရောင်ကိုမြင်ရလျှင် မာရီနာကို အမှတ်ရလာကာ မျက်လုံးအိမ်ထဲတွင် မျက်ရည်တို့ ပြည့်လျှမ်းလာလေသည်။

—၃၁—

ရှယ်ရျူကာသည် စုပေါင်းလယ်ယာမြင်းဇောင်းအစောင့်တာဝန်ကိုဝမ်းသာစွာ လက်ခံလိုက်သည်။ ယာကွက်က သူ့အား မြင်းလားကြီး နှစ်ကောင် ကောင်းကောင်းဂရုစိုက်ရန် အပ်သည်။ "ဒီကောင်ကြီးနှစ်ကောင်ဘော့ အသေအချာဂရုစိုက်ပါဗျာ။ ခိုင်းဖို့ မဟုတ်ဘူးဗျ။ သားစပ်ဖို့။ သူတို့ကို စီးယင် ငြင်ငြင်သာသာစီးပါ။ဟောဒီ အညိုရောင်မြင်းလားက တစ်ကော့မြင်းကြီးဗျ။ အမျိုးကောင်းမျိုး။ ဒွန်သွေးပါတယ်ဗျ။ ခင်ဗျား ကြီး သူတို့အတွက် တာဝန်ယူရလိမ့်မယ်နော်"

"အိုဗျာ ခင်ဗျားတို့က ကျုပ်ကို မြင်းမကိုင်ဘူးတူး အောက်မေ့နေသလား။ မြင်းအကြောင်း ကျုပ်ကောင်းကောင်းသိသဗျ။ ကျုပ်တသက်မှာ မြင်းကောင်းအများ ကြီးကိုင်ခဲ့ဘူးတာပေါ့" ရှယ်ရျူကာသည် ထုံးစံအတိုင်း ကြွားလေသည်။

အမှန်စင်စစ် သူ့တသက်တွင် မြင်းနှစ်ကောင်သာ ကိုင်ခဲ့ဘူးသည်။ တကောင်မှာ နို့စားနွားမနှင့် လဲလိုက်ရသည်။ နောက်တကောင် သူ့လက် ရောက်လာပုံမှာ ရယ်စရာလည်းကောင်းသည်။ စိတ်မောစရာလည်းကောင်းသည်။ အမှန်စင်စစ် လူပါးပုလင်းထိုးခြင်းပင် ဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က ဗိုင်စကိုဗိုင်သို့ ရောက်သည် အခိုက် လမ်းကြုံယင်း ဂျစ်ပဆီဘယောက်ထံမှ မြင်းမတကောင် ဝယ်ခဲ့ဘူးသည်။ နွားမ ရှိပိတ် ရောင်းလိုက်ခြင်းမျိုးပင်ဖြစ်သည်။ ဈေးမတည့်နိုင်ဘဲ ရှိနေစဉ် ဂျစ်ပဆီက ကျလောက် အောင် ပြော၍ ဈေးဆွဲထားသည်။ မြင်းမကြီး၌ သွားမရှိတော့။

"အိုဗျာ သွားမရှိတာကြည့်နေ၊ သွားမရှိတော့ အစာနည်းနည်း စားမှာပေါ့ ဗျ။ အသက်က အငယ်လေးလား။ နေမကောင်းလို့ သွားကြိုးတာဗျ။ ခင်ဗျား လယ်ထွန်ဖို့ ဝယ်တာ မဟုတ်လား။ မြင်းမနဲ့ အိပ်ဖို့မှ မဟုတ်ဘဲ။ ဗိုက်ကိုကြည့်ဗျ။ ဘယ်လောက် အားကောင်းသလဲ သိရမယ်။ လယ်ထွန်မယ် ဆိုယင် မြေကို တုန်ဟီးသွားအောင် ဆွဲတာကလား"ဤသို့ဖြင့် ဂျစ်ပဆီအပြောကောင်းသဖြင့် မြင်းမကြီး ဝယ်ခဲ့ရသည်။

ဈေးတည့်ပြီးလျှင် ဂျင်ပဆီက "အဖိုးကြီးနော် သူ့ကို အစား သိပ်မကျွေးနဲ့၊ တပတ်တခါကျွေး။ ကျုပ်လက်ထဲမှာ အနှစ်လေးဆယ်ရှိပြီဗျ။ ကျုပ်အဖေ ရှမေးနီးယားက သူ့ကိုစီးပြီ ဒီရောက်လာခဲ့တာဘဲ။ ဒီဟာမကြီးကို ပြင်သစ်က ဝယ်ခဲ့တာဗျ။ မော်စကိုက ဆုတ်လာတုန်းက တပ်ထဲက ရောင်းခဲ့တာပေါ့။ အမျိုးကောင်းဗျ" ဟု ရယ်မောကာ ပြောသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှယ်ရှူကာသည် မြင်းကိုဆွဲကာ ပြန်လာသည်။ လမ်းတွင် စိတ်ကူးယဉ်ခဲ့သည်။ တနင်္ဂနွေနေ့များတွင် မိန်းမကို တင်စီးကာ ဈေးသို့ သွားမည်ဟု အားခဲထားသည်။ သို့သော် တူဗျုန်စကျူဝင်သို့ မသွားရောက်မီပင် ဇာတိပေါ်လာသည်။ မြင်းကြီးသည် ချီးတဗျစ်ဗျစ် ပါလေတော့သည်။ တက်စီးသည့်အခါ ဟောဟဲလိုက်ကာ မောသည်။ သို့နှင့် မြင်းကို ရွာသို့ယူခဲ့ရသော်လည်း လူထဲထုတ်မပြရဲ။ နေ့ခင်း နေ့သယ်မှာပင် မြင်းကို ထုတ်၍ မကျောင်းရဲ။ နေဝင်ဖြိုးဖျရောက်မှ ထုတ်ရဲသည်။ ဤသို့ဖြင့် မြင်းမကြီးသည် လုံးပါးပါးကာ သေဆုံးခဲ့ရသည်။ သည်အဖြစ်ကို တရွာလုံးလိုလို သိသည်။ ယာကွတ်လည်း သိသည်။ သို့သော် ကြွားနေကျ ထုံးစံမို့ မကြွားချင်ယောင် ဆောင်နေလိုက်လေသည်။

ယခုအခါ ရှယ်ရှူကာသည် မြင်းထိန်းသာမက မြင်းလှည်းမောင်း သမားလည်း ဖြစ်လာသည်။ သူသည် နေ့စဉ်ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်သည်။ နာဂူနော့ သူ့လှည်းကို စီးသည့်အခါ တုန့်ငေး တုန့်နေး မောင်းသဖြင့် စိတ်ပျက်ရဘူးသည်။

“ခု ခေတ်က ဇာဘုရင်ခေတ်နဲ့ မတူဘူးဗျ။ဟိုတုန်းကတော့ မြင်းလှည်းမောင်း သမားဆိုတာ ရှေကသာထိုင်ရတယ်။စီးတဲ့လူက နောက်မှာအခန့်သားဗျ။ခုတော့ကျုပ် နဲ့ရဲဘော်ကြီး ဒါမီးဒေါ့တို့ ဘေးချင်းယှဉ်ထိုင်ပြီး စီးတာဘဲ။ တခါဘလေ ကျုပ်က ဆေးလေးတရှုပ်ရှူချင်တော့ ဒါမီးဒေါ့ကို မြင်းဇက်ကြိုးပေးလိုက်တာဘဲ။တခါကလေ များ သူချည်းမောင်းတာဘဲ။ကျုပ်က ဆေးလိပ်သောက်ယင်း ဇိမ်နဲ့ ရှုခင်းတွေကြည့် လိုက်လာတာကလား”ရှယ်ရှူကာသည် ဤသို့ ကောက်ဆက်များကို ကြွားလေ့ရှိသည်။ ထိုအခါမျိုးတွင် သူသည် အရေးကြီးသည့် ပုဂ္ဂိုလ်ဖြစ်လာပြီ့ို့ စကားပင် များများ မပြောတော့ဘဲ ရှုတင်းတင်းဖြင့် ဟန်ဓာတ်ခုတ်နေလေသည်။ သူ့အိမ်တွင် မအိပ် တော့ဘဲ မြင်းဇောင်းသို့ ရွှေ့၍ အိပ်သည်။ သို့သော် ဆောင်းခန့်ကြာသောအခါ သူ့ မိန်းမကြီးကဆူသဖြင့် အိမ်သို့ပြန်၍ အိပ်ရသည်။ သူ့မိန်းမကြီးကို လူငယ်အချို့က နောက်ပြောင်သည်နှင့် အဖိုးကြီးကို မယုံသင်ကာ ဖြစ်လာသည်။ မြင်းဇောင်းတွင် မိန်းကလေးများနှင့် ဟေးလားဝါးလားလုပ်နေသည်ဟုဆိုသည်။ ထိုအခါမှစ၍ မြင်း ဇောင်းတွင် မအိပ်ရတော့ပေ။ သို့သော် တညတွင် နှစ်ခါ မြင်းဇောင်းသို့ သွား၍ ကြည့်ရလေသည်။

အဖိုးကြီးသည် မြင်းဇက်ကြိုးအတပ်လည်း မြန်လာသည်။ လှည်းတွင် တပ်ရာ၌ လည်း မြန်လာသည်။ ဂရယ်မျာ၌ မီးသတ်အဖွဲ့နှင့် နင်လား ငါလား ပြိုင်နိုင်သည်ဟု ဆိုလေသည်။

× × ×

နှစ်ဆဲ့ခုနစ်ရက်နေ့တွင် ဒါမီးဒေါ့သည် လယ်သို့ဆင်းကြည့်ရန် ပြင်ဆင်သည်။ ပထမ အဖွဲ့ကို ဖုံးဆိုးမြေတွင် ထွန်ရန် တာဝန်ပေးထားသည်။ လယ်ထဲသို့ စက်ပြင်ရန် ဆင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ခဲ့သည်။ ပန်းဘဲဆရာ အစ်ပလေ့က သူ့ကိုလာ၍တိုင်သည်။ "ပထမအဖွဲ့က ဖုံးဆိုးမှာ ထွန်ခနေတယ်ဗျ။ ထွန်တာ မကောင်းဘူး။ ခင်ဗျားကိုယ်တိုင် ဆင်းကြည့်မှ ဖြစ်မယ်။ ကျွန်တော်ကပြောတော့ ဥရှကော့က ခင်ဗျားနဲ့ ဘာဆိုင်လို့ လာပြောတာလဲတဲ့။ ကျွန်တော်တို့ စကားများခဲ့ကြတယ်။ ရန်ဖြစ်ခါနီးရောဗျာ"

ဒါဗီးဒေါ့သည် ရှယ်ရှူကာအား မြင်းလှည်းတပ်ခိုင်းသည်။

သူတို့သည် လယ်ဖက်သို့ ဆင်းလာခဲ့ကြသည်။ ရာသီဥတုသည် အုံ့အိုက်အိုက် ဖြစ်နေသည်။အနောက်တောင်ဘက်တွင် မိုးသားများ ဆိုင်းနေသည်။ ပထမအဖွဲ့သည် သဲမြေအစွန်ဆုံးတွင် ထွန်နေကြသည်။ ရွာနှင့် ဆယ်မိုင်ခန့် ဝေးသည်။

"မြန်မြန်မောင်းပါဗျ" ဒါဗီးဒေါ့သည် မိုးမိုးညည်ကို စိုးရိမ်နေသည်။

"မြန်ပါတယ်ဗျ။ ကောင်ကြီးပါးစပ်က အမြှုပ်တစီစီထွက်နေပြီ"

လမ်းနှင့် မလှမ်းမကမ်းတွင် ကလေးတအုပ်ကို တွေ့ရသည်။ သူတို့ကို ဆရာကြီး ရှက်ပင်က ခေါင်းဆောင်လာသည်။ သူတို့နောက်တွင် ရေစည်လှည်း လေးစီး ပါလာသည်။

"ကလေးတွေ မြေရှဉ့်လိုက်ဖမ်းနေတာဗျ" ရှယ်ရှူကာက ကြာပွတ်ဖြင့် ညွှန်ပြသည်။ ဒါဗီးဒေါ့သည် ကလေးများဆီသို့ ပြုံး၍ ကြည့်သည်။ နီးလာလျှင် လှည်းကို ရပ်ခိုင်းလိုက်သည်။ ဒါဗီးဒေါ့သည် ခုနစ်နှစ်သား အရွယ် ကလေးငယ်ကို ကြည့်ကာ ရယ်နေသည်။ သူ့တွင် ဖိနပ်မပါ။

"လာဟေ့ သား သား"

"ဘာလုပ်မလို့လဲဗျ" ကလေးငယ်က ပြန်၍ မေးသည်။

"မင်းတို့ မြေရှဉ့် ဘယ်နှစ်ကောင်ရပြီလဲ"

"ဆဲ့လေးကောင်"

"ကလေးနာမည်က ဘယ်သူတဲ့သဲ"

"ဖီဒေါ့ဒမ်မစ်ဥရှကော့"

"ကဲ ကဲ လာပါကွာ။ ဖီဒေါ့ လှည်းမစီးချင်ဘူးလား။ ဟေး မင်းလဲ တက်ပေါ့ကွ" လည်စီးဖြင့် ကလေးမလေးကိုပါ လှည်းပေါ်သို့ခေါ်၍တင်သည်။ ထိုနောက် ဆက်၍ မောင်းလာကြသည်။

"ကလေးက ဘယ်နှစ်တန်းလဲကွယ့်"

"တတန်း"

"နှာခေါင်းက နှပ်ချေးဖပ် ညစ်ပြစ်လိုက်ပါသားကွ"

"မရဘူးဗျ။ အအေးမိနေတယ်"

ဒါဗီးဒေါ့က နှပ်ညှစ်ပေးသည်။ "ကဲ ဟေ့ မင်းတို့တနေ့ငါ့ရုံးလာခဲ့။ ချိုချဉ် ပေးမယ်။ ချောကလက်လဲပေးမယ်။ ချောကလက်စားဘူးရဲ့လား"

"ဟင့်အင်"

"ဒါဖြင့် လာခဲ့ပေါ့ကွ။ ပေးမယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"မစားချင်ဘူးဗျာ"

"အိုး ဘာလို့လဲကွ"

"ကျွန်တော့် သွားတွေကိုက်နေတယ်ဗျ။ ကြည့်ပါလား" ဖိဒေါ့က ပါးစပ်ဟ၍ ပြသည်။

"ဒါဖြင့် ဖိဒေါ့ သွားကိုက်ပေါ့ကွ"

"ဦးလေးလဲ သွားကိုက်တဲ"

"ဟေ ဟုတ်လား။ မင်းတယ် မျက်စိလျင်တာဘဲ"

"ကျွန်တော့် သွားတွေက ပြန်ပေါက်လာမှာဗျ။ ဦးလေးသွားက ပေါက်ပါ ဦးမလား"

"အိုကွာ ငါ့သွားလဲ ပေါက်မှာပေါ့"

"အိုဗျာ ကြီးမှတော့ သွားဘယ်ပေါက်မလဲဗျ။ ကျွန်တော်က အပေါ်သွားနဲ့ ကိုက်နိုင်သေးတယ်"

"မကိုက်နိုင်ပါဘူးကွာ"

"အမယ်။ ဦးလေး လက်ပေးပါလား။ ကိုက်ပြမယ်"

ဒါဗီးဒေါ့သည် ပြုံးကာ သူ့လက်ညှိုးကို ဖိဒေါ့၏ပါးစပ်ထဲသို့ ထည့်လိုက်သည်။ ထိုနောက် လျင်မြန်စွာဆွဲထုတ်လိုက်ရသည်။ သူ့လက်တွင်သွားရာထင်နေသည်။

"ကဲ လာ လာ ငါ့အလှည့်ဘဲ။ မင်းလက်ညှိုးပေးပေတော့။ ငါကိုက်အုံးမယ်" ဖိဒေါ့သည် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည်။ ထိုနောက် ဇာခုတ်ကောင်ကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် မြင်းလှည်းပေါ်က ဆင်းပြေးလေသည်။ ပါးစပ်ကလည်း "ရှက်ပါတယ်ဟေ့။ လက်ညှိုးလဲမကိုက်ရဘူး"ဟု အော်သွားလေသည်။

ဒါဗီးဒေါ့သည် သဘောကျကာ ရယ်မောနေသည်။ ထိုနောက်လှည်းပေါ်တွင်ပါလာသော ကလေးမကလေးကို အောက်သို့ချပေးသည်။ သူတို့သည် ကလေးတို့ဘာသာဘာဝ မြူးတူးအော်ဟစ်ကာ ပြေးသွားကြသည်။ ဒါဗီးဒေါ့ကား သူတို့ကို မျက်စိတဆုံးကြည့်နေပြီးမှ ခရီးဆက်လေသည်။ သူ့ရင်ထဲတွင် တမျိုးခံစားလာရသည်။ မျက်လုံးတွင်လည်း မျက်ရည်များလည်လာသည်။ 'သူတို့အတွက် ငါ့တို့အခု တည်ဆောက်နေရတာ အချိန်ကောင်းဘဲ။ နောင် အနှစ် နှစ်ဆယ်လောက်ရှိတော့ ဒီကောင်လေးဟာ ဟောဟိုလယ်ကို လျှပ်စစ်ဓာတ်အားနဲ့ ထွန်ယက်တော့မှာဘဲ။ ငါငယ်ငယ် တုန်းက အမေသေပြီးတဲ့နောက် သိပ်ပင်ပန်းခဲ့တယ်။ နှစ်မလေးရဲ့ အင်္ကျီကိုဖွပ်လျှော် ပေးရတယ်။ သူတို့အတွက် ထမင်းချက်ပေးရတယ်။ ပြီးမှ စက်ရုံကို ပြေးရတယ်။ ဖိဒေါ့ တို့ကတော့ ပျော်ပျော်ရွှင်ရွှင်နေကြရမှာဘဲ' ထိုနောက်သူသည် မီးခိုးမဆုံး မိုးမဆုံး စိတ်ကူးလာခဲ့သည်။ 'အခုလူတွေဟာ ပင်ပန်းကြီးစွာ ထွန်ယက်စိုက်ပျိုးရတယ်။ နောင် အခါမှာစက်တွေက လူ့အလုပ်မှာ အစားဝင်လာမယ်၊ အဲဒီခေတ်အထိ အသက် ရှင်နေရယင်ကောင်းမှာဘဲ။ ဒါပေမယ့် ငါသေယင် ဘယ်သူ့မှ လွမ်းမှာမဟုတ်ဘူး။ ငါ့မှာအခြားသံယောဇဉ်မရှိဘူး။ ဂရယ်မျချီစုပေါင်းလယ်ယာ သံယောဇဉ်ဘဲရှိတယ်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒီအချိန်ကျတော့လဲ စုပေါင်းလယ်ယာကနေပြီး ဘုံလယ်ယာဖြစ်တော့မှာဘဲ။ နောင်တနေ့ကျယင် အဲဒီဘုံလယ်ကို ပုတီလော့ မက္ကင်းနစ်ဘဒယောက်ရဲ့ အမည်မပေးဘူးလို့ ပြောနိုင်မလား’ ဒါဗိုးဒေါ်သည် တကိုယ်တည်း ပြုံးမိသေသည်။ ယိုဒနောက် စိတ်ကူးယဉ်နေရာမှ အဖိုးကြီးဖက်လှည့်ကာ “ဘယ့်နှယ် မရောက်သေးဘူးလား”ဟု မေးလိုက်သည်။

“သိပ်မလိုတော့ပါဘူး”

“အဖိုးကြီးရေ။ ကြည့်စမ်းပါဗျာ။ ဟောဒီတဝိုက်မှာ လယ်ကောတွေ အများကြီးဘဲဗျ။နောင်တော့ ငါးနှစ် စီမံကိန်းပြီးယင် ဒီနေရာဘေးမှာ စက်ရုံကြီးတွေ ဆောက်တာပေါ့ဗျာ။ ကျုပ်တို့အားလုံးပိုင် စက်ရုံကြီးတွေဖြစ်လာမှာဘဲ။ အဖိုးကြီး အဲဒါ ခင်ဗျား အသက်ရှည်ရှည်နေရအောင်သာ ကြိုးစားပေတော့။ ခင်ဗျားခုလို မြင်းဇက်ကြိုးကိုင်မယ့်အစား မော်ကော်ကား စတီယာရင် ကိုင်ရမှာပေါ့ဗျ။ ဟုတ်လား”

ရှယ်ရှုကာသည် သက်ပြင်းချလိုက်သည်။ “နည်းနည်းလေး အချိန်နောက်ကျသွားသဗျ။ ဟိုတုန်းကသာ၊ ဟိုလွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်ကသာ ကျုပ်ဟာ အလုပ်သမားဖြစ်ခဲ့ယင် ကျုပ်ဘဝဟာ တမျိုးနေမှာဘဲ။ ကျုပ်ဟာ လယ်သမားဘဝနဲ့ အကျိုးမပေးဘူး။ လေတိုက်ခံရတဲ့ သစ်ရွက်လေးလို လွင့်နေတာဘဲ။ ကလေးဘဝကတဲက ကုသိုလ်မကောင်းခဲ့ပါဘူးဗျာ”

“ဘယ်လိုလဲ အဖိုးကြီးရဲ့ ပြောပြစမ်းပါအုံး”

“ကျွန်တော့် ကလေးဘဝမှာ အကွေ့အကောက်တွေ အလွန်များတာပါကလားဗျ။ ကျွန်တော့်ကို မွေးကတဲက လက်သယ် မိန်းမကြီးက ဗေဒင်ဟောတယ်။ ‘မင်း သားကြီးလာယင် စစ်ဗိုလ်ချုပ်ဖြစ်မယ်’တဲ့။ကျွန်တော့် ဥပမိရုပ်ဟာ စစ်ဗိုလ်နဲ့ တူဆိုကိုး ခင်ဗျ။ နဖူးကျဉ်းတယ်။ ခေါင်းကြီးတယ်။ ဖရုံသီးကြီးနဲ့ တူတယ်။ ဗိုက်လဲ ရွဲတယ်တဲ့။ ဒါပေမယ့် နောက် နှစ်ပတ်လောက် ရှိတော့ ဒုက္ခစရောက်တာဘဲခင်ဗျ။ ကျွန်တော့်ကို နှစ်ခြင်းမင်္ဂလာပြုဖို့ တူဗျန်စကျွင် ဘုရားရှိခိုးကျောင်း ခေါ်သွားကြတယ်။အင်မတန် အေးတဲ့ရာသီမှာ နှစ်ခြင်းမင်္ဂလာလုပ်ရတာ လွယ်လှတယ်မဟုတ်ဘူး။ ဒါနဲ့ ရေနွေးမှာဘဲ လုပ်မယ်ပေါ့လေဗျာ။ သူတို့စီစဉ်တာဘဲ။ ဒါပေမယ့် ဘုန်းကြီးတွေက မူးနေတာ ခင်ဗျ။ တကတဲ ဘုန်းကြီးတပါးက ရေနွေးလောင်းထည့်ထားတယ်။ ပြီးတော့သာ ‘ယေရှု သခင် ဘုရား။ ဘုရားတပည့် သားမြေး တယောက်ကို ကောင်းခြီးပေးတော်မူပါ’ ဆိုပြီး ကျွန်တော့်ကို ခေါင်းကစ နှစ်လိုက်တာ တခါထဲ အပူလောင် တော့တာဘဲ။ အဲဒါ ပထမအကြိမ် မွေးပြီးကတဲက ကုသိုလ်ဆိုးပုံဘဲ ခင်ဗျ။ ဒီ့နောက်ပိုင်းတော့ ဆက်တိုက်လိုလို ကံဆိုးမိုးမှောင် ကျတော့တာပါဘဲ။ ကျွန်တော် ကိုးနှစ်သားမရောက်မီ ခွေးကိုက်ခံရဘူးတယ်။ ငန်းလဲအလိုက်ခံရဘူးတယ်။ ဒီနောက်တော့ ဆယ်နှစ်သား အရွယ်မှာ ငါးမျှားချိတ် အတွယ်ခံရတယ် ခင်ဗျာ။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာရယ်ဗျ" ဒါပီးဒေါ့သည် အဖိုးကြီး၏ အဖြစ်အပျက်ကို အတန်ငယ် စိတ်ပါဝင်စားလာသည်။

"ရိုးရိုးငါးမျှားချိတ်ပါ ခင်ဗျာ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဂရယ်မျချီမှာ နားလေးတဲ့အဖိုးကြီး တယောက်ရှိတယ်ဗျ။ နာမည်က ကူပါတဲ့။ ဆောင်းအခါရောက်ယင် ငါးမျှားတော့တာဘဲ။အဲဒီတုန်းက ခုရှိနေတဲ့ ချောင်းကလေးဟာ နည်းနည်း နက်တယ်ဗျ။ လက်ပရှိနေ့တောင် ရေရဟတ်စက်ကြီး ဆောက်သေးတယ်။ သူ့ရေရဟတ်စက်ကြီးအောက်ဘက်မှာဆည်ကြီးလို ဖြစ်နေတာပေါ့။အဲဒီနေရာမှာ ငါးအလွန်ပေါတာဘဲ။ အဖိုးကြီးက ခြုံပုတ် တခုနားကထိုင်ပြီး တနေ့လုံးငါးမျှားတော့တာဘဲ။ နားကလေးတော့ ငါးမျှားကြိုးက ဖော့ကိုဘဲ ကြည့်နေရတာဘဲ ခင်ဗျ။ ဘာသံမှ မကြားရဘူး။ ကျွန်တော်တို့ ကလေးတသိုက်ဟာ အင်္ကျီ၊ လုံချည်ချွတ်ပြီး ရေထဲငုပ်။ ပြီးတော့ သူ့ ငါးမျှားချိတ်ကို ဖြုတ်တာဘဲ။ အဖိုးကြီးက ငါးတွတ်တယ်မှတ်လို့ အတင်းဆွဲတယ်။ တခါတလေတော့ ငါးမျှားချိတ်ပြတ် ကျန်ရစ်တယ်။ တနေ့တော့ ကျွန်တော်က သူ့ ငါးမျှားချိတ်တခုဖြုတ်အပြီး နောက်တခုဖြုတ်ယူဖို့ လုပ်နေတုန်း အဖိုးကြီးက အတင်းဆွဲတယ်။လက်ထဲက ကြိုးစတန်းလန်းကြီး လွတ်သွားပြီး ငါးမျှားချိတ်က အထက်နှုတ်ခမ်းမှာ လာချိတ်တာဘဲ။ ဒီတော့ ရုန်းယင်းကန်ယင်းနဲ့ ရေပေါ်ရောက်လာတာပါဘဲ။ ရေပေါ်ရောက်မှ အတင်းအော်ရတယ်။ ဒါပေမယ့် အဖိုးကြီးက မကြားသေးဘူး။ နောက်မှ သူ့ကြိုးမှာ ငါးအစား ကျွန်တော့်ကိုတွေ့ရတော့ တခါထဲ သုတ်ခြေတင်ပြေးတော့တာဘဲ။ ငါးမျှားတာ ကလေးတယောက် ချိတ်ပါတော့ ထိတ်လန့်သွားပြီး ထွက်ပြေးတာပေါ့ဗျ။ အိမ်ရောက်တော့ အဖေက ကျွန်တော့်ကို ရိုက်လိုက်တာဗျာ။ ကျွန်တော့် နှုတ်ခမ်းက အနာကတော့ ပျောက်သွားပါတယ်။ ဒါပေမယ့် အဲဒီအချိန်ကစပြီး ကျွန်တော့် နာမယ်ဟာ ရှယ်ရှူကာလို့ တွင်တော့တာဘဲ။ ရှယ်ရှူကာဆိုတာ ရေချိုငါးတမျိုးကို ခေါ်တာဗျ။

"အဲဒီနောက် ခွေးကိုက်ခံရဘယ်။ ငန်းလိုက်ခံရတယ်။ နောက်ဆုံး တစ်ကောင့် အိမ်က ပစ္စည်းတွေ အသိမ်းသွားတော့ ခွေးကိုက်ခံရတာဘဲ ကြည့်ပေတော့။ ခွေးက မာကာနဲ့ လုဗစ်ရှကင်တယောက်ယောက်ကို ကိုက်မလို့ လိုက်ဆွဲတာဗျ။ နောက်ဆုံး ကျွန်တော့် တွေ့တာဘဲ။ အင်္ကျီခဲမိပေလို့ ပေါ့။လည်ပင်းများ ခဲမိယင် ခင်ဗျားတို့တော့ ကျွန်တော့် မသာချရမှာဘဲ။ အေးဗျာ အဲဒီတုန်းက သေနတ်မပါလို့ပေါ့။ ပါယင် အခက်ဘဲ။ ကျွန်တော့် စိတ်က ဒေါသထွက်လာယင် ဘယ်သူ့မှ မကြောက်တော့ဘူးဗျ။ ခွေးလဲ ပစ်သတ်မိမှာဘဲ။ တစ်ကောင့် မိန်းမကြီးလဲ ပစ်သတ်မိမှာဘဲ။ ကျွန်တို့ ကျည်ဆံတွေကိုတော့ တစ်ကောင့် ခေါင်းထဲ ပစ်သွင်းလိုက်မှာပေါ့ဗျာ။ အဲဒီလိုဆိုယင် လူသတ်မှုဖြစ်ပြီး ကျွန်တော်လဲ ထောင်ထဲရောက်မှာဘဲ။ ထောင်တော့အကျမခံနိုင်ဘူးဗျာ။ လုပ်စရာတွေ အများကြီး ရှိသေးတယ်။ ခုတော့ ဝမ်းဆွဲသယ်ကြီး ပြောတဲ့ စစ်ဗိုလ်ချုပ် ဘယ်ဖြစ်တော့မလဲဗျာ"

ရတ်ဇမျှော့နေ့သည် နာဂူနေ့၏ အိမ်ရှေ့တွင် ရပ်ကာ အရိပ်အခြည်ကြည့်နေသည်။ နာဂူနေ့အခန်းတွင် မီးရောင်လင်းနေသည်ကို တံခါးကြားမှ တွေ့ရသည်။ "ဟာ ဒီလူ ခုချိန်အထိ မအိပ်သေးဘူး။ ဘာများ လုပ်နေပါလိမ့်" ဟု တွေးမိသည်။ ထိုနောက် စေ့ထားသော တံခါးကို အသာအယာဖွင့်၍ အိမ်ထဲသို့ ဝင်ခဲ့သည်။

နာဂူနေ့သည် စားပွဲတွင် ထိုင်ကာ စာအုပ်တအုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသည်။ အိမ်ထဲဝင်လာသည်ကိုပင် အလျင်းဂရုစိုက်မိဟန်မတူ။

"ဗျို့ နာဂူနေ့၊ မအိပ်သေးဘူးလားဗျ"

နာဂူနေ့သည် ခေါင်းဆောင်ကြည့်သည်။ အန်ဒရေးကိုမြင်လျှင် အနည်းငယ် မနှစ်မြို့ဟန်ပြလေသည်။

"ဘာလို့လာတာလဲဗျ"

"လမ်းကြုံယင်း စကားစမြည်လေးပြောရအောင် ဝင်လာတာပေါ့"

"လမ်းကြုံလို့လာလာ လမ်းမကြုံဘဲလာလာ ထိုင်အုံးပေါ့ဗျာ"

"ဘာတွေများ ဖတ်နေသလဲဗျ"

"တခုခုစိတ်ဝင်စားနေတာ အကောင်းဆုံးဆိုပြီး ဖတ်နေတာဘဲဗျို့" နာဂူနေ့သည် စာအုပ်ကို လက်ဝါးဖြင့် ကာထားပြီးနောက် ရတ်ဇမျှော့နေ့ကို အကဲခတ်နေသည်။

"ကျုပ် မာရိနာဆီကထွက်လာခဲ့ပြီဗျ" သူသည် သက်ပြင်းကြီးချကာ ခွေးခြေပေါ်တွင် ထိုင်လိုက်သည်။

"ကောင်းတာပေါ့ဗျ"

"ဘာဖြစ်လို့လဲ"

"အို ဒီကောင်မကြီးဟာ ခင်ဗျားအတွက် အနှောင့်အရှက်ကြီးတခုဘဲ။ ခုလို ကင်းကင်းရှင်းရှင်းဖြစ်လာတော့ ခင်ဗျား လျှောက်မယ့် လမ်းဟာ ဖြောင့်ဖြူးလာတာ ပေါ့ဗျ။ ကျုပ်တို့ ကွန်မြူနစ်တွေအဖို့ ခုလိုအချိန်မျိုးမှာ တခြားကိစ္စတွေ အချိန် မပေးနိုင်ဘူး မဟုတ်လားဗျ"

"ဘယ့်နှယ်ဒါဟာ တခြားကိစ္စ ဖြစ်ရမှာလဲ။ ကျုပ်တို့ချင်းက ချစ်နေကြ တာဗျ"

"အိုး၊ ဘာချစ်တာလဲ။ ဒါ ချစ်တာ မခေါ်ဘူးဗျ။ ခင်ဗျား လည်ပင်းကြီး ကျောက်ခဲကြီးဆွဲထားခံရတာကိုတော့ ခင်ဗျားသိတာမဟုတ်ဘူး။ ခင်ဗျားက အစည်း အဝေး တက်နေမယ်။ သူက တချိန်လုံး ထိုင်စောင့်နေတယ်။ ဒါ ချစ်တာမဟုတ်ဘူးဗျ။ သက်သက်ဒုက္ခပေးနေတာ"

"ဒါဖြင့် ခင်ဗျား သဘောက ကျုပ်တို့ ကွန်မြူနစ်တွေဟာ မိန်းမကိစ္စ မရှိရ တော့ဘူးလို့ ဆိုချင်တာပေါ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အစစ်ဘဲ။ အဲဒါမှန်တယ်။ ခင်ဗျားရော ဘယ်လိုသဘောရသလဲ။ ဟိုအယင်ခေတ်တုန်းက မိန်းမ ယူခဲ့တဲ့ သူတွေတော့ ကျုပ် မပြောလိုဘူးပေါ့။ မိုက်တာတော့ မိုက်တာဘဲ။ ဒါပေမယ့် ခုခေတ်မှာဆိုယင် ကျုပ်သဘောတော့ လူငယ်လေးတွေကို မိန်းမမယူဖို့ ဥပဒေတခု ထုတ်ချင်တာဘဲ။ မိန်းမတွေက ရှုပ်နေတာဘဲဗျ။ ဘယ့်နှယ်လုပ်ပြီး တော်လှန်ရေးသမားဖြစ်နိုင်ပါ့မလဲ။ မိန်းမ ဂါဝန်နားဆွဲလိုက်နေကြတာနဲ့ အချိန်ကုန်နေတာဘဲ။ ကျုပ်တို့အဖို့ မိန်းမဟာ မီးဘဲ။ ပိုးဖလံမျိုး မီးကိုတိုးယင် ကိုယ်ကျိုးနဲဖို့ဘဲ ရှိတာပေါ့ဗျာ။ ကျုပ်ကိုယ်တွေ့ဗျ။ မိန်းမအကြောင်း ကျုပ်ကောင်းကောင်း သိတယ်။

"မိန်းမဟာ ကျုပ်တို့ဘဝမှာ အနှောင့်အရှက်တခုဘဲ။ ညနေခင်း အိမ်ပြန်ရောက်လာ၊ ထမင်းစားပြီး ကိုယ့်အတွက်ဗဟုသုတ တိုးအောင် စာအုပ်ကလေးဘာလေး ဖတ်နေတုန်း ရှိသေးတယ် သူတို့က အိပ်ရာထဲ တန်းဝင်တာဘဲ။ ဒီတော့ ကျုပ်တို့က ခဏဖတ်ပြီး မိန်းမနောက် တန်းလိုက်တယ်။ အိပ်ယာထဲဝင်တယ်။ အိပ်ရာထဲရောက်တော့ မိန်းမက ကျောပေးအိပ်နေတယ်။ ဒီတော့ ထုံးစံအတိုင်းဘဲ စိတ်ပျက်လာတာပေါ့ဗျ။ အိပ်လို့ကလဲ မပျော်နိုင်။ မိန်းမကလဲ ကိုယ့်ဖက်မလှည့်နဲ့ ဆေးလိပ်သာ တွင်တွင်သောက်နေရတော့ဘဲ။ အဲ တညလုံး မိုးသာ စင်စင်လင်းရော တမှေးမှ အိပ်လို့မပျော်လိုက်ဘူး။ မနက်ကျတော့ ခေါင်းကိုက်ရော။ ဒါနဲ့ လုပ်ငန်းရှိရာ ထွက်ခဲ့ရတာဘဲ။ ဒီတော့ လုပ်ငန်းမှာ အမှားမှား အယွင်းယွင်း ဖြစ်ကုန်တာပေါ့ဗျ။နိုင်ငံရေးအမှားတွေလဲ မကြူးလွန်သင့်ဘဲ ကြူးလွန်ကုန်တာပေါ့။ ဒါဟာ အမှန်ဗျ။

"နောက်ပြီးတော့ ရှိသေးတယ်။ကလေးတွေ အများကြီးရှိတဲ့လူ။အဲဒီလူမျိုးဟာ ပါတီအတွက် သေဘာဘဲ။ အသကား ဘာမှ မလုပ်နိုင်ဘူး။ ကလေးနဲ့ အချိန်ကုန်နေတာဘဲ။ ပါတီအတွက် ဘာမှ လုပ်အား မပေးနိုင်ဘူး။ ဒီတော့ သူဟာ ပါတီရဲ့တပ်သားကောင်း မဖြစ်လာဘူး။ ဇာခေတ်တုန်းက ကော့ဆက်ကလေးတွေကို သင်တန်းပေးခဲ့ဘူးတယ်ဗျ။ အဲဒီတုန်းက ဒီလိုကောင်လေးတွေအများကြီး တွေ့ခဲ့တာပေါ့။ လူငယ်ဘာ တုန်းကတော့ ဖြတ်လတ်ဘယ်၊ လျင်မြန်တယ်။ ဒါပေမယ့် အိမ်မှာ မိန်းမကျန်ခဲ့ပြီး တပ်ထဲဝင်လာတဲ့ ကောင်လေးတွေကတော့ သစ်ငုတ်တိုကြီးလိုပါဘဲဗျာ။ငေးတိငိုင်တိုင်နဲ့။ လွမ်းဆွေးနေတာဘဲ။ သူ့ကို ဘာမှ ခိုင်းလို့ မရဘူး။ ကိုယ်က အာပေါက်သောက်အောင် ပြောနေပေမယ့် သူ့မှာ နားမဝင်ဘူးဗျာ။ အိမ်ကမိန်းမကိုဘဲ တွေးနေတာ။ ဒီတော့ ဘာအသုံးကျသေးသလဲ။

"ဒီတော့ စဉ်းစားကြည့်စမ်းပါ ရဲဘော်ကြီး။ ခင်ဗျား အယင်တုန်းက နေချင်သလို နေလို့ရမယ်။ ဒါဟုတ်တယ်။ ဒါပေမယ့် ပါတီထဲဝင်လာပြီဆိုတော့ အဲဒီ အသေးအဖွဲလေးတွေဘေးချိတ်ထားရမယ်ဗျ။ကျုပ်အဖို့တော့ ကမ္ဘာ့တော်လှန်ရေးကြီး ပြီးဆုံးအောင်မြင်တော့မှဘဲ မိန်းမနဲ့ ပျော်မြူးနေတော့မယ်။ ခုနေတော့ တော်လှန်ရေးဘဲ အာရုံစိုက်ရမှာဘဲ"

---

ပွဲစောင်းစ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



နာဂူနေ့ဘ့သည် နေရာမှ ထလာကာ လက်ကို ဆန့်တန်းလျက် စိတ်ပါလက်ပါ ဝါရေးဟောနေသည်။ ထိုနောက် ရတ်ဇမျှော့နေ့ဘ့၏ ပခုံးကိုပုတ်ကာ နှစ်သိမ့်စကား ပြောပြန်သည်။

"ခင်ဗျား ကျွန်တော့်ဆီလာတာ ခင်ဗျားမိန်းမအကြောင်း တိုင်တည်မလို့ မဟုတ်လား။ ခင်ဗျားခံစားရသလို ကျုပ်ကိုလဲ ခွဲဝေပေးချင်တယ်ပေါ့။ရင်ထဲမှာရှိတာ တွေ ဖွင့်ထုတ်ချင်တယ်ပေါ့။ ဟုတ်တယ် အန်ဒရေး။ မိန်းမနဲ့ ကင်းရတဲ့ဒုက္ခဟာ သိပ် ကြီးပါလားလို့ ကျုပ်က ပြောစေချင်တယ်ပေါ့။ မဖြစ်ဘူးအန်ဒရေး၊ မဖြစ်နိုင်ဘူး။ ကျုပ်မပြောနိုင်ဘူး။ ကျုပ်ဆီက ဒီစကားမျိုး မရနိုင်ဘူး။ ကျုပ်ကို အဖော်လာညှိလို့ မရဘူး။ ခင်ဗျား အဲဒီတပ်ကြပ်ရဲ့ မိန်းမ မုဆိုးမကြီးနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်လာ တာကိုဘဲ ကျုပ်ဝမ်းသာလှပြီ။

"ကျုပ်ကို ကြည့်ပါလား။ အခုလုံးရှကာနဲ့ ကွာရှင်းပြီးပြီလေ။ကျုပ်ကိုယ်ကျုပ် ပိုင်တယ်။ လေလိုဘဲ လွတ်လပ်တယ်။ လုပ်ချင်ရာ လုပ်နိုင်တယ်။ ခုတော့ ကျုပ်ဟာ လုံ စွပ်ကိုင်တပ်သားနဲ့ တူနေပြီ။ တနည်းဆိုရင် ကျုပ်ဟာ အင်မတန် ထက်နေတဲ့ မြနေတဲ့ လုံစွပ်ဘဲ။ ကွန်မြူနစ်ဝါဒရဲ့ ရန်သူမှန်သမျှကို ထိုးဖို့ဘဲရှိတော့တယ်။ ခုဆိုယင် လေ့ လာဖို့ အချိန်ရလာပြီ။ စာဖတ်ဖို့ အချိန်ရလာပြီ"

"အော် ခင်ဗျား ဘာစာတွေများ ဖတ်နေသလဲ။ပညာတွေ အတော်တိုးတက် နေမှာပေါ့" ရတ်ဇမျှော့နေ့ဘ့က အနည်းငယ်ထေ့လိုက်သည်။

သူသည် နာဂူနေ့ဘ့စကားများကိုမနှစ်သက်။မိန်းမနှင့်ကွဲလာသည့်အခါမျိုးတွင် နှစ်သိမ့်စကား ပြောရမည့်အစား ကွဲသည်ကိုပင် ဝမ်းသာသေးသည်ဟု ဆိုသည်။အထူး သဖြင့် ဤစကားမျိုးကို သူမကြိုက်။ 'အင်း ဘုရားသခင်က ဒါ့ကြောင့် နွားမတွေကို ချိုတပ်မပေးလိုက်တာဘဲ။ဒီလိုဘဲ မာကာနာဂူနေ့ဘ့လို လူမျိုးကို အာဏာပေးလိုက်မယ် များဆိုရင် ဒုက္ခရောက်ကုန်မှာဘဲ။ လူ့ဘဝရဲ့ဖြစ်စဉ် အမှန်တွေဟာ သူသာ အာဏာရ ယင် ဇောက်ထိုးမိုးမျှော် ဖြစ်ကုန်မှာဘဲ။ ဒီလူဟာ ယောကျ်ားတွေ အားလုံးကို သင်း ပြစ်ချင်ဟန်တူတယ်။ ဒါမှ ကွန်မြူနစ် ဝါဒကြီးကို စွန့်ပစ်သွားမယ် မဟုတ်ဘူးလို့ သူထင်နေဟန် တူတယ်'ဟု စဉ်းစားနေလေသည်။

"ကျုပ် အင်္ဂလိပ်ဘာသာကို လေ့လာနေတာဗျ" နာဂူနေ့ဘ့က စာအုပ်ကို ပိတ်ကာ ပြောသည်။

"ဘာရယ်ဗျ"

"အင်္ဂလိပ်စာလေဗျာ။ ဒါက ဆရာမလိုတဲ့ အင်္ဂလိပ်ဘာသာ စာအုပ်ဗျ"

"ခင်ဗျား အင်္ဂလိပ်လို ပြောတတ်နေပြီလား။ ဖတ်တတ်နေပြီလား"

နာဂူနေ့ဘ့သည် အနည်းငယ် ဟန်လုပ်လာသည်။

"အိုဗျာ။ ခုတော့ စကားပြောမတတ်သေးဘူး။ ဒါမျိုးက ချက်ချင်းရတာ မဟုတ်ဘူးဗျ။ တဖြည်းဖြည်း ကျင့်ယူရတာ။ ဒါပေမယ့် ရေးထားတဲ့စာကိုတော့ ဖတ် နိုင်ပါပြီ။ လွန်ခဲ့တဲ့ သုံးလလောက် ကတဲ့က ကြိုးစားလာတာဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ခက်သလားဗျ"

မာကာသည် ရတ်ဇမျော့နေ့ အနည်းငယ် စိတ်ဝင်စားစပြုလာသည်ကို ရိပ်မိလာသည်။

"အင်မတန်ခက်တာပေါ့ဗျာ။ သုံးလ ရှိတာတောင်မှ စကားလုံး သုံးဆယ်ဘဲ အလွတ်ရသေးတယ်ဗျ။ ဒါပေမယ့် ဘာသာစကား အနေနဲ့ကတော့ ကျုပ်တို့နဲ့ သိပ်မဝေးလှဘူးဗျ။ သူတို့စကားထဲမှာ ကျုပ်တို့ဆီက ယူတာ အများကြီးဘဲ။ ဒါပေမယ့် အဆုံးသတ်ကတော့ သူတို့ အင်္ဂလိပ်စကားပေါ့ဗျာ။ ဥပမာ ကျုပ်တို့က ပစ္စည်းမဲ့လို့ ပြောတယ်။ သူတို့လဲ ပြောတာဘဲ။ ပြီးတော့ ကျုပ်တို့မှာရှိတဲ့ 'တော်လှန်ရေး' တို့ 'ကွန်မြူနစ်ဝါဒ' တို့ ဆိုတာလဲ သူတို့ စကားမှာရှိတာဘဲဗျ။ ဒါပေမယ့် သူတို့က စကားပြောယင်း ဒေါ်ထလာပြီဆိုယင် အဆုံးသတ် အသံမှာ စုပ်ထိုးသံ ထည့်ဆိုတော့တာဘဲဗျ"

"ဟုတ်ပြီဗျို့။ . ခင်ဗျား လေ့လာနေတာ ဒါတွေကိုး။ ဒါပေမယ့် ခင်ဗျား အတွက် အင်္ဂလိပ်စာက ဘယ်လိုအသုံးချနိုင်မှာလဲဗျ"

နာဂူနေ့သည် မထေမဲ့မြင် ပြုံးလိုက်သည်။

"အန်ဒရေး၊ ခင်ဗျားမဟုတ်တာတွေ မေးနေတာကိုးဗျ။ ခင်ဗျား သိပ်ထိုင်းတာဘဲ။ ကျုပ်က ကွန်မြူနစ် မဟုတ်လား။ အင်္ဂလန်ပြည်မှာလဲ ဆိုဗီယက်အာဏာ ထူထောင်ရမယ် မဟုတ်လား။ ခင်ဗျား စဉ်းစားသာ ကြည့်ပေတော့ဗျာ။ ကျုပ်တို့ဆီမှာ အင်္ဂလိပ်စကားပြောနိုင်တဲ့ ရုရှားကွန်မြူနစ်တွေ အများကြီးဗျ။ ကျုပ်လဲ မပြောတတ်ရတော့ဘူးတဲ့လား။

"အင်္ဂလိပ် ဓနရှင်ကြီးတွေက အိန္ဒိယပြည်ကို သိမ်းပိုက်ထားတယ်။ ကမ္ဘာတခြမ်းနီးပါး သူတို့သိမ်းပိုက်ထားတယ်။ အသားမည်းတဲ့ လူမျိုးတွေကို ဖိနှိပ်အုပ်စိုးနေတယ်။ အဲဒါအလွန်ဆိုးတဲ့အဖြစ်ဘဲ။ အဲဒီနိုင်ငံတွေမှာလဲ တနေ့မှာ ဆိုဗီယက်အာဏာကို ထူထောင်ကြလိမ့်မယ်ဗျ။ ဒါပေမယ့် အင်္ဂလိပ် ကွန်မြူနစ် အများအပြားဟာ လူတန်းစားရန်သူဆိုတဲ့ သဘောကို နားမလည်ကြဘူး။ သူတို့မှာ အတွေ့အကြုံမှ မရှိဘဲကိုးဗျ။ ဒီတော့ ကျုပ် အဲဒီကိုသွားမယ်။ အင်္ဂလန် ပြည်ကို သွားမယ်။ သူတို့ကို သင်ကြားမယ်။ ဒီတော့ အင်္ဂလိပ်စာတတ်ဖို့ လိုတယ် မဟုတ်လား။ သူတို့ဆီရောက်တဲ့အခါ ကျုပ်ပြောမှာက 'ခင်ဗျားတို့မှာ တော်လှန်ရေးဆိုတာ ရှိသလား။ ကွန်မြူနစ်ဝါဒဆိုတာရှိသလား။ မရှိယင်ရှိအောင်လုပ်ကြ။ ပြီးတော့ ဓနရှင်တွေ၊ စစ်ဗိုလ်ချုပ်ကြီးတွေကိုချေမှုန်းကြ။ ကျုပ်တို့ ရုရှားပြည်ကြီးရဲ့ အတွေ့အကြုံအရဆိုယင် ၁၉၁၇ တုန်းက ကျုပ်တို့ဟာ ဘာမှ မသိနားမလည်သေးဘူး။ ဒီတော့ ခင်ဗျားတို့ ဓနရှင်ကြီးတွေဟာ ကျုပ်တို့ကို ချေမှုန်းရအောင်လုပ်ကြံခဲ့တယ်။ ဒီတော့ သူတို့ကို ချေမှုန်းမှဘဲ ဒီအမှားမျိုး ခင်ဗျားတို့နောက်ထပ် မကြုံးလွန်မယ်'လို့ ပြောမှာဘဲ" မာကာနာဂူနေ့၏ မျက်လုံးများသည် အရည်ရွှမ်းလဲ့ လာလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒီတော့ ကျုပ်သူတို့ရဲ့ ဘာသာစကားကို သင်ရမယ်မဟုတ်လားဗျ။ ကမ္ဘာ့ တန်ပြန်တော်လှန်ရေးသမားတွေကို ကျုပ်အင်္ဂလိပ်လိုမသစ်မငေ့ါ ပြောနိုင်ရမယ်မဟုတ်လား။ ဒီကောင်တွေ ကျုပ်ရှေ့မှာ တုန်လှုပ်ခြောက်ခြားကုန်စေ့မယ်။ 'ဟေ့လူတွေ ခင်ဗျားတို့ အင်္ဂလိပ်အလုပ်သမား လူတန်းစားရဲ့သွေးကိုစုပ်တယ်မဟုတ်လား။ အိန္ဒိယ လူမျိုးတွေရဲ့ သွေးကိုလဲ စုပ်တယ်မဟုတ်လား။ အခြားလူမျိုးတွေရဲ့ လုပ်အားကိုလဲ ခေါင်းပုံဖြတ်တယ်မဟုတ်လား။ ဟေ့သွေးစုပ်ကောင်တွေ အားလုံးမတ်တတ်ရပ်၊ နံရံ မှာမှီနေကြ'လို့ ပြောချင်တယ်။ အဲဒါပထမဆုံး ကျုပ်အင်္ဂလိပ်လိုပြောမှာဘဲ"

သူတို့နှစ်ယောက်သည် နာရီဝက်ခန့် စကားလက်ဆုံကျကြသည်။ ထို့နောက် အန်ဒရေးပြန်လာခဲ့သည်။ နာဂူနေ့ဘာ အင်္ဂလိပ် ဖတ်စာအုပ်ကြီးထဲတွင် ခေါင်း မြုပ်၍ ကျန်ရစ်ခဲ့လေသည်။ ချွေးတလုံးလုံးဖြင့် ဖတ်နေရာ ထိုနေ့ညက တနာရီထိုးမှ အိပ်ရာဝင်လေသည်။

နောက်တနေ့နံနက်တွင် မာကာသည် နွားနို့နှစ်ခွက်သောက်ကာ စုပေါင်းလယ် ယာမြင်းဇောင်းသို့ ထွက်လာခဲ့သည်။

"အပြေးသန်တဲ့ မြင်းကောင်းကောင်းတကောင် ဇက်ဘပ် ပေးစမ်းဗျာ" တာဝန်ကျသူကိုခိုင်းသည်။

တာဝန်ကျသူက အမောခံနိုင်သည့် မြင်းကြီးတကောင်ကို တပ်ဆင်ပေးသည်။ "ခရီးဝေးလားခင်ဗျ"

"ခရိုင်ကိုသွားမလို့ဗျ။ ဒါဗီးဒေါ့ကို ပြောပြပါ။ ကျုပ်ညနေ ပြန်ရောက် မယ်လို့"

"မြင်းလှည်းယူအုံးမလား"

"မလိုပါဘူး မြင်းစီးသွားမှာဘဲ။ ကုန်းနှီးယူခဲ့ဗျာ"

မာကာသည် မြင်းကုန်းနှီးကို သူကိုယ်တိုင်တပ်ဆင်သည်။ ခြေနင်းကွင်းကိုကား ဟိုတုန်းက တစ်တော့အသုံးပြုသည့် ခြေနင်းကွင်းကိုတပ်ဆင်သည်။ ထို့နောက် နင်း၍ စမ်းသပ်ကြည့်သေးသည်။ ခြံဝတွင် လှုပ်လှုပ်ရှားရှားဖြစ်ကာ မြင်းပေါ်ကကျမည်ဖြစ် သည်။ ပြီးမှ မနည်းဟန်ယူရသည်။ ထိုအခါ ရှယ်ရှုကာက"ပြန်ယူခဲ့ဗျ၊နာဂူနေ့။နိမိတ် မကောင်းဘူး"

မာကာသည် အဖိုးကြီးကို ပြန်မပြောတော့ဘဲ ရွာလယ်လမ်းမကြီးဆီသို့ စီးထွက် သွားလေသည်။

× × ×

ခရိုင်ကော်မတီ ဗျူရို၏အစည်းအဝေးသည် ဆဲ့တနာရီတွင်စသည်။အစီအစဉ်တွင် အရေး ကြီးဆုံးမှာ လယ်ယာမြေ ဌာနကြီးမှူး ဗက်ဂလစ်၏ အစီရင်ခံစာဖြစ်သည်။ ပထမ ရက်သတ္တပတ်အတွင်း စိုက်ရေးပျိုးရေး အခြေအနေကို အစီရင်ခံခြင်းပင်ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အစည်းအဝေးသို့ ခရိုင်ထိန်းသိမ်းရေး ကော်မရှင်၏ ဥက္ကဋ္ဌကြီး ဆမိုခင်လည်း တက်သည်။ သူ့အပြင်ခရိုင် အစိုးရရှေ့နေလည်းပါသည်။

"ခင်ဗျား ကိစ္စကိုတော့ အထွေထွေ အခန်းရောက်မှဘဲ ဆွေးနွေးလိမ့်မယ်။ ဘယ်မှ မသွားနဲ့နော်"ဟု စည်းရုံးရေး မန်နေဂျာ ခိုမူတော့က မာကာအား သတိပေးထားသည်။

ဗက်ဂလစ်၏ နာရီဝက်ကြာသော အစီရင်ခံစာကြီးကို သည်းခံ၍ နားထောင်ကြသည်။အချို့နေရာတွင် မြေကောင်းပါလျက် စိုက်ပျိုးရေးမဖြစ်နိုင်သေး။အချို့ရွာများတွင်မူ မျိုးစေ့ပင် လုံလောက်အောင် မစုဆောင်းမိသေး။ ဗိုင်စကိုဗိုင်တွင် စုပေါင်းလယ်ယာ အသင်းဝင်ဟောင်းတို့က မျိုးစေ့အားလုံးကို ပြန်ယူသွားသည်။ အော်ခိုဝတ်ဇကီတွင်ကား စုပေါင်းလယ်ယာအုပ်ချုပ်မှုအဖွဲ့ကပင် လယ်သမား အဖွဲ့ဝင်ဟောင်းများသို့ မျိုးစေ့များအားလုံးပြန်၍ ပေးလိုက်သည်။ ဗက်ဂလစ်က အသေးစိတ်အခြေအနေကို ရှင်းပြသည်။

"နောက်ကျနေရတာက ကျုပ်တို့ရဲ့ ကျေးရွာစုပေါင်းလယ်ယာ ခေါင်းဆောင်အချို့ဟာ အသင်းဝင်တွေကို သေနတ်ပြပြီး စည်းရုံးလို့ဘဲဗျ။ အာဏာသုံးပြီး စည်းရုံးလို့ဘဲဗျ။ အဲသည်တော့ အဲဒီစုပေါင်းလယ်ယာ အသင်းမျိုးတွေဟာ အခုပျက်တော့မယ်။ လှုပ်လှုပ်ဘဲကျန်တော့တယ်။ ပြီးတော့ လယ်မြေမဆင်းချင်တဲ့ လူတွေ၊ စိတ်မပါတဲ့လူတွေလဲ တွေ့ခဲ့ရသေးတယ်"

ခရိုင်ကော်မတီ အတွင်းရေးမှူးသည် ရေပုလင်းအဖုံးကို ခဲတံဖြင့်ခေါက်လေသည်။

"အချိန်စေ့ပြီ"

"ခုပြီးပါတော့မယ်။ နိဂုံးချုပ်ဖို့ ကျန်ပါတော့တယ်။ ကျွန်တော် အစီရင်ခံခဲ့တဲ့အတိုင်းဘဲ ပထမင်္ဂါရက်မှာ ဧကပေါင်း ၁၀၂၆ စိုက်လို့ပြီးဘယ်။ ကျွန်တော့်သဘောတော့ တခရိုင်လုံးမှာရှိတဲ့ နိုင်ငံရေးစည်းရုံးရေးသမားတွေကို နယ်ဆင်းခိုင်းပြီး စုပေါင်းလယ်ယာအတွက် စည်းရုံးခိုင်းဖို့လိုတယ်ထင်တယ်။ ပြီးတော့ စုပေါင်းလယ်ယာက မထွက်အောင် တက်နိုင်တဲ့နည်းကို အသုံးပြုပြီး တားမြစ်ပေးရမယ်။ ပြီးတော့ ပါတီအုပ်စု အတွင်းရေးမှူးတွေကလဲ စုပေါင်းလယ်ယာ အဖွဲ့ဝင်တွေကိုနေ့တိုင်း အခြေအနေကို ရှင်းပြဖို့လိုလိမ့်မယ်။ နိုင်ငံတော်အစိုးရက စုပေါင်းလယ်ယာကို ဘယ်လောက်အခွင့်အရေးပေးတာဆိုတာလဲ ကျယ်ကျယ်ပြန့်ပြန့်သိအောင် ရှင်းပြဖို့လိုမယ်။ ဒါမျိုးကို နေရာများများမှာ မလုပ်ကြရသေးဘူး။ သူတို့တတွေဟာ ဘာမှမသိကြဘူး။အကျိုးအပြစ်လဲ ဘာမှမသိဘူး။နောက်ပြီးတော့ ဟောဒီလိုအဆိုတခုကိုလဲ တင်ချင်သေးတယ်။ စိုက်ပျိုးရေးလုပ်ငန်း မအောင်မြင်အောင်ဖြစ်ရတဲ့ အမှုအခင်းတွေကိုလဲ စုံစမ်းဖို့လိုမယ်။ ပြီးတော့ မတ်လ ၁၄ ရက်နေ့က ထုတ်ပြန်တဲ့ ဗဟိုကော်မတီရဲ့ဆုံးဖြတ်ချက်အရ သူတို့တတွေကို တာဝန်ရှိတဲ့နေရာက ဖြုတ်ချရမယ်။ သူတို့တတွေအားလုံးကို ပါတီက တာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဝန်ရှိသည်နှင့်အညီ စုံစမ်းစစ်ဆေးပြီး အပြစ်ပေးရမယ်။ ကျွန်တော် ပြောချင်တာ ဒါပါဘဲ''

''ကဲ ဗက်ဂလစ်ရဲ့ အစီရင်ခံစာကို ဘယ်သူဝေဖန်ချင်သလဲ'' အတွင်းရေးမှူး ကမေးသည်။

''မလိုပါဘူး။ ပြည့်စုံပါတယ်။ ရှင်းပါတယ်''တယောက်ကပြောသည်။

''ဒါဖြင့် ဗက်ဂလစ်ရဲ့ ကောက်ချက်ကို ဆုံးဖြတ်ချက်အနေနဲ့ အတည်ပြုမယ် ပေါ့''

''အတည်ပြုပါ''

အတွင်းရေးမှူးသည် နာဂူနေဒ့ကိုမကြည့်ဘဲ။ မျက်နှာလွှဲနေရာက ''ကဲ အခု နာဂူနေဒ့ကိုစွ''ဟု ပြောကာ နာဂူနေဒ့အား ကြည့်လိုက်လေသည်။

''အားလုံးသိကြတဲ့အတိုင်းဘဲ။နာဂူနေဒ့ဟာ ဂရယ်မျချီပါတီအုပ်စု အတွင်း ရေးမှူးတယောက်အနေနဲ့ အင်မတန်ကြီးလေးတဲ့ အမှားများလုပ်ခဲ့တယ်။ ခရိုင် ကော်မတီရဲ့ညွှန်ကြားချက်ကို ဆန့်ကျင်ပြီ တော့ စုပေါင်းလယ်ယာ ဖွဲ့စည်းရာမှာရော မျိုးစေ့စုဆောင်းရာမှာပါ လက်ဝဲစွန်းလမ်းစဉ်အတိုင်း လုပ်ကိုင်ခဲ့တယ်။ လယ်ပိုင်ရှင် လေးတယောက်ကို ခြောက်လုံးပြူးဒင်နဲ့ ရိုက်တယ်။ စုပေါင်းလယ်ယာအဖွဲ့ဝင်တွေကို အခန်းတခုထဲမှာလှောင်ပြီး တညလုံး သိပ်ထားတယ်။ ဖမ်းထားတယ်။ ရဲဘော်ကြီး ဆမိုခင်ကိုယ်တိုင် ဂရယ်မျချီကိုသွားပြီး စုံစမ်းခဲ့ပြီးပြီ။ နာဂူနေဒ့ဟာ တော်လှန်ရေး ဥပဒေကို ချိုးဖောက်တာ တွေ့ခဲ့ရတယ်။ပါတီလမ်းစဉ်ကိုချိုးဖောက်တာတွေ့ခဲ့ရတယ်။ ရဲဘော်ကြီးဆမိုခင် ဘာပြောမလဲ နားထောင်ကြရအောင်'' အတွင်းရေးမှူးသည် မျက်လွှာကိုချကာ တန်တောင်ဆစ်ကြီးကို စားပွဲပေါ်သို့ လေးလံစွာပစ်၍ ထောက် လိုက်သည်။

ခရိုင်ကော်မတီစုဝေးရာသို့ရောက်ကတည်းက သူ့ကိစ္စအခြေအနေမဟန်ကြောင်း နာဂူနေဒ့သိခဲ့ရသည်။ အတွင်းရေးမှူးသည် သူ့ကို မလိုလားသည့် မျက်နှာဖြင့် နှုတ် ဆက်သည်။ စကားမပြောဘဲ ရှောင်နေသည်။

''ကျွန်တော့်ကိစ္စဘယ်လိုလဲ ကော်ရှင်စကီ''ဟု မေးသည့်အခါ ''ဗျူရိုက ဆုံး ဖြတ်မှာဘဲ''ဟူသော အဖြေကိုသာရခဲ့သည်။ မပြောချင် ပြောချင် ပြောရခြင်းမျိုး ဖြစ် သည်။

အားလုံးကပင် မာကာ နာဂူနေဒ့ကိုရှောင်နေကြသည်။သူတို့သည် အစကတည်း ကပင် ဆုံးဖြတ်ပြီး ဖြစ်နေဟန်တူသည်။ စစ်ရေးဌာနကြီးမှူး ဗလာဗင်ကသာ ပြုံးချို သည့် မျက်နှာဖြင့် နှုတ်ဆက်ကာ နှစ်သိမ့်စကား ပြောသည်။

''မပူပါနဲ့ နာဂူနေဒ့ရာ။ ခင်ဗျား အမှားတွေ လုပ်ခဲ့တယ်။ ဟုတ်တယ်။ လုပ်မိ မှာဘဲ။ ဒီမှာရှိနေတဲ့ ကျူပ်တို့တတွေရော ဘယ်သူများ နိုင်ငံရေးအရ အစွမ်းထက်တာ ရှိသလဲ။ခင်ဗျားထက်တော်တဲ့ တတ်တဲ့ လူတွေတောင် မှားကြသေးတာဘဲ''

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအခါ မာကာသည် အနည်းငယ်အားတက်မိသည်။ ‘ဒီလူဟာ ငါ့အကြောင်း သိတယ်။ ငါ့ကို နားလည်တယ်’ ဟု တွေးမိသည်။ တဖန် ‘သူကတော့ ငါ့ကိုအပြစ်ပေးမှာဘဲ။ အတွင်းရေးမှူးအဖြစ်က ဖြုတ်ချမယ် ထင်တယ်’ဟု ဆမိုခင်ကို ကြည့်ကာ စဉ်းစားမိသည်။ နဖူးကျယ်ကြီးပိုင်ရှင် ဆမိုခင်ဆိုသူသည် လင်ကွာမယားကွာ ကိစ္စများကိုပင် သည်းခံနိုင်သူမဟုတ်။ ဆမိုခင်သည် လက်ဆွဲအိတ်ကြီးထဲမှဖိုင်တွဲတခုကိုထုတ်လိုက်သည့်အခါ နာဂူနေ့သည် တုန်လှုပ်သွားလေသည်။ သူ့နှလုံးသည် အခုန်မြန်လာသည်။ မျက်နှာကြီး နီမြန်းလာသည်။ သူ့လည်ချောင်းထဲတွင် တစ်ဆို့ဆို့ဖြစ်လာသည်။ ‘ငါတုန်လှုပ်ဖို့မဟုတ်ဘူး’ဟု အားတင်းကာ ဆမိုခင် ပြောသည်ကို စူးစိုက်နားထောင်ရလေသည်။

“ခရိုင်ကော်မတီနဲ့ ထိန်းသိမ်းရေးကော်မရှင်က တာဝန်ပေးလို့ ကျွန်တော်ဒီကိစ္စကို စုံစမ်းခဲ့ပါတယ်။ နာဂူနေ့ကို စစ်ဆေးကြည့်တယ်။ ခံရတဲ့ စုပေါင်း လယ်ယာအဖွဲ့ဝင်များ တသီးပုဂ္ဂလ လယ်သမားများကိုလည်း စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးစုံစမ်းချက်အရ ဒီလို အကျယ်တဝင့် သိခဲ့ရပါတယ်။ ရဲဘော် နာဂူနေ့ဟာ ပါတီကပေးတဲ့ တာဝန်ကို မကျေပွန်ပါဘူး။ ပါတီကို အများကြီး ဒုက္ခပေးခဲ့ပါတယ်။

“စုပေါင်းလယ်ယာဖွဲ့တဲ့ ဖေဖဝါရီလက နာဂူနေ့ဟာ ရွာထဲဝင်ပြီး ခြောက်လုံးပြူးပြကာ စည်းရုံးပါတယ်။ အသင်းထဲ အဝင်ခိုင်းပါတယ်။ ဒီနည်းနဲ့ လယ်ပိုင်ရှင်လေး ခုနစ်ယောက်ဝင်လာကြပါတယ်။ ဒါကို နာဂူနေ့ ကိုယ်တိုင် မငြင်းခဲ့ပါဘူး”

“သူတို့ဟာ ရှပ်ဖြူတပ်သားတွေဗျ” နာဂူနေ့သည် ထိုင်ရာမှ ဝုန်းကနဲ ထကာ အော်သည်။

“အစည်းအဝေးမှာ ခင်ဗျား စကားပြောခွင့် မရသေးဘူး နာဂူနေ့” အတွင်းရေးမှူးက ခပ်မာမာ ဟန့်တားလိုက်သည်။ ဆမိုခင်က ဆက်ပြန်သည်။

“ပြီးတော့ မျိုးစေ့ စုဆောင်း နေချိန်မှာ လယ်ပိုင်ရှင်လေး တယောက်ကို သေနတ်ဒင်နဲ့ ရိုက်ပါတယ်။ သက်သေများရှိပါတယ်။ လယ်ပိုင်ရှင်လေးက မျိုးစေ့ ချက်ချင်း မအပ်လို့ ရိုက်ခြင်းပါဘဲ”

“ရှက်စရာဗျာ” အစိုးရ ရှေ့နေက ခပ်ကျက်ကျယ် ပြောသည်။

“အဲဒီညမှာဘဲ စုပေါင်းလယ်ယာ အဖွဲ့ဝင် သုံးဦးကို အလွန်အေးတဲ့ အခန်းတခုထဲမှာ တညလုံးလှောင်ထားခဲ့တယ်။ နောက်ပြီးတော့ မျိုးစေ့အပေး နောက်ကျတာနဲ့ လယ်ပိုင်ရှင်လေး တယောက်ကို သေနတ်ပြ ခြိမ်းခြောက်တယ်။ သူ့အပြုအမူဟာ ခေတ်ဟောင်းတုန်းက ပုလိပ် အပြုအမူနဲ့ တူနေပါတယ်”

“ကျွန်တော် သူတို့ကို မခြိမ်းခြောက်ပါဘူး”

“ဒီမှာ ရဲဘော်နာဂူနေ့။ အခု ကျုပ်အစီရင်ခံနေတာက သူတို့ဆီက ကြားရတဲ့ သတင်းအတိုင်းပြောတာဘဲ။ သူတို့တိုင်ချက်ပေါ့ဗျာ။ ဒီမှာ တခု သတိပေးပါရစေ။ ကျုပ် အစီရင် ခံနေတုန်း ကြားဝင်ပြီး မပြောပါနဲ့။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒါနဲ့ ဆက်ပြောရမယ်ဆိုယင် နဂါနေ့ဟာ လယ်ပိုင်ရှင်လေး တယောက်ဖြစ်တဲ့ ဂါယက်ရဲ့ ပစ္စည်းများကို သိမ်းပိုက်ပြီး နယ်နှင်ဒဏ်ပေးခဲ့တယ်။ အမှန်က ဂါယက်ဟာ ကုလတ်အင်္ဂါနဲ့ မညီညွတ်ဘူး။ သူ့လယ်ကို သိမ်းဖို့ အကြောင်းမရှိဘူး။ ဒါပေမယ့် ၁၉၂၈ တုန်းက အလုပ်သမားတယောက်ကိုငှားရမ်းပြီး လယ်ယာလုပ်ကိုင်ခဲ့လို့ သိမ်းရတယ်လို့ဆိုတယ်။ ဒီအလုပ်သမားလေးဆိုတာဟာလဲ တရွာထဲက မိန်းကလေး တယောက်ဘဲ။ ဂါယက်မှာ သားသမီးအများကြီးရှိတယ်။ သူ့သားအကြီးက ၁၉၂၇ မှာ တပ်နီတော်ထဲ ဝင်သွားတော့ လယ်လုပ်မယ့်သူမရှိဖြစ်နေတယ်။ ဆိုဗီယက်အစိုးရရဲ့ ဥပဒေမှာ ဒီလိုငှားရမ်းခြင်း ခွင့်မပြုဘူးလို့ မဆိုဘူး။ ဂါယက်ဟာ ဒီမိန်းကလေးကို ကန်ထရိုက်စနစ်နဲ့ ငှားတယ်။ အခကြေးငွေ အပြည့်အဝပေးတယ်။ ဒါကို ကျွန်တော် ကိုယ်တိုင်စစ်ဆေးစုံစမ်းလို့ သိခဲ့ရတယ်။

"ပြီးတော့ နောက်တချက် ရှိသေးတယ်။ နဂါနေ့ရဲ့ အိမ်ထောင်ရေးဟာ အဆင်မပြေဘူး။ ဒါဟာ ပါတီဝင်ရဲဘော်တယောက်အဖို့ အရေးကြီးတဲ့အချက်ဘဲ။ နဂါနေ့ဟာ သူ့မိန်းမကို ကွာလိုက်တယ်။ ခွေးကလေးတကောင်ကို အိမ်က မောင်းထုတ်သလို မောင်းထုတ်လိုက်တယ်။အကြောင်းပြတာကိုလဲ ကြည့်ပါအုံး။သူ့မိန်းမဟာ ရွာထဲကကောင်ကလေးတွေနဲ့ တပူးတဲတွဲလုပ်နေလို့တဲ့။ဒါဟာ အလကားသက်သက် မနာလိုဝန်တိုပြီး အတင်းပြောကြတဲ့ စကားကို သူတကယ်ထင်နေတာ။ အမှန်ကတော့ ကိုယ်လွတ်လက်လွတ်ဖြစ်အောင် မိန်းမကို ကန်ထုတ်လိုက်တာဘဲ။အတင်းအဖြင်း စကားတွေကို အခွင့်ကောင်းယူလို့ ရသွားတာပေါ့။ မိန်းမလက်လွတ်ဖြစ်နေတော့ သူဘယ်လိုနေမလဲ။ ရွာထဲလည်ပြီး အရွှေလိုက်နေမှာပေါ့။ နဂါနေ့အိမ်က မိန်းမကြီးကို မေးကြည့်တော့ ညတိုင် ညဥ့်နက်သန်ကောင်မှ ပြန်လာတယ်တဲ့။ ဘယ်သွားတယ်တော့ မသိဘူးတဲ့။သူဘယ်သွားမလဲဆိုတာ ရဲဘော်တို့ဘဲ စဉ်းစားကြည့်ကြပေတော့။ကျုပ်တို့ကလေးမှမဟုတ်တဲ့ဟာ သိတာပေါ့ဗျ။ မိန်းမမရှိတဲ့လူတယောက်ဟာ အပျော်ရှာမှာပေါ့။အဲဒါကတော့ ကျွန်တော်တို့ ရဲဘော်ကြီးရဲ့ သူ့ရဲ့ကောင်းအပြုအမူတွေဘဲ ခင်ဗျ။ သူအတွင်းရေးမှူးဖြစ်တဲ့အချိန်မှာ ဒါတွေဆောင်ရွက်ခဲ့တာပေါ့" ထိုနေရာတွင် ဆမိုခင်သည် မဲ့ကာရွဲ့ကာပြောလေသည်။

"သူ့ဆောင်ရွက်ချက်ရဲ့ အကျိုးအမြတ်ကတော့ ကျွန်တော်တို့ ရဲဘော်ကြီးစတာလင် ပြောခဲ့တဲ့အတိုင်း အောင်မြင်မှုမှာ ယစ်မူးနေတာဘဲ အဖတ်တင်တယ်။ ပါတီရဲ့ယေဘုယျလမ်းစဉ်ကို ဆန့်ကျင်တာ ခင်ဗျ။လက်ဝဲစွန်းဝါဒပေါ့။သေနတ်ပြပြီး လယ်သိမ်းတယ်ဗျာ။ ကြက် ဘဲ သိမ်းတယ်ဗျာ။ နို့စား နွားမတွေ သိမ်းတယ်ဗျာ။ စုပေါင်းလယ်ယာမှာ အရက်စက်ဆုံး လုပ်နည်းလုပ်ဟန်တွေနဲ့ စံပြုလိုက်ဘာဘဲ"

"ကြက်ဘဲကိစ္စနဲ့ပတ်သက်ပြီး ခရိုင်ကော်မတီက ဘာမှညွှန်ကြားချက်မရှိဘူး" နဂါနေ့က ချက်ချင်းအဖြေပေးသည်။သူသည် ခေါင်းကိုမော့ထားသည်။လက်ဝဲဖက်လက်က ရင်အုပ်ကို ဆုပ်ထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မဟုတ်သေးဘူးလေ။ ခရိုင်ကော်မတီက ညွှန်ကြားချက်ပေးသွားဘဲ။ခင်ဗျား သူများကို အပြစ်မဖို့ချင်ပါနဲ့။ စုပေါင်းလယ်ယာနဲ့ပတ်သက်တဲ့ စာတန်းရှိသွားဘဲ။ ခင်ဗျား ကလေးမှ မဟုတ်တာ။ဖတ်ယင် နားလည်မှာပေါ့ဗျ" အတွင်းရေးမှူးကဝင်၍ ထောက်သည်။

ဆမိုခင်က ဆက်ပြန်သည်။

"ဂရယ်မျချီ စုပေါင်းလယ်ယာမှာ ကိုယ့်ကိုကိုယ် ဝေဖန်ရေးမရှိဘူး။ နာဂူ နေ့က ကြောက်စရာ့ ခေတ်ဆိုးကြီးဖြစ်အောင် ဖန်တီးထားတယ်။ ဘယ်သူမှ စကား တခွန်း ပြောပိုင်ခွင့်မရှိဘူး။ လုပ်ငန်းကို နားလည်အောင် ရှင်းပြပြီး ဆောင်ရွက်ရမယ့် အစား သူက လယ်သမားတွေကို အော်တယ်။ လူတွေကို သေနတ်နဲ့ခြိမ်းခြောက်တယ်။ ဒါကြောင့်ဂရယ်မျချီ စုပေါင်းလယ်ယာမှာ လုပ်ငန်းမအောင်မြင်တာဘဲ။ ခုဆိုယင် စု ပေါင်းလယ်ယာက ရာနဲ့ချီထွက်ကြပြီ။ခုမှ စိုက်ခင်း စတယ်ဆိုတော့ အချိန်မှီ မပြီးနိုင် ဘူး။ဒီတော့ ခရိုင်ထိန်းသိမ်းရေး ကော်မရှင်က စဉ်းစားဖို့ ကောင်းပါတယ်။ ပါတီ ဂုဏ် သိက္ခာကို သေးသိမ်အောင်လုပ်တဲ့လူတွေကို အပြစ်ပေးရပါလိမ့်မယ်"

"ဒါဘဲလား" အတွင်းရေးမှူးက မေးသည်။

"ဒါပါဘဲ"

"ကဲ ဒါဖြင့် နာဂူနေ့ ပြောအုံး။ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီအဖြစ် ရောက်ရ တာလဲ"

စောစောက နာဂူနေ့သည် ဒေါသထွက်နေသည်။ ယခုမူ ဒေါသထွက်ရာမှ ကြောက်ရွံ့ စိုးရိမ်လာသည်။ 'သူတို့ ငါ့ကို ဘယ်လိုစီရင်ကြမယ် မသိဘူး။ ငါ့ကို သိက္ခာ ချမယ်လို့ ထင်တယ်' စာပွဲဆီသို့ လျှောက်သွားယင်း စဉ်းစားမိသည်။ ဆမိုခင် ပြောစဉ် က ပြန်လည် ချေပရန် စိတ်ကူးထားသည်တို့ မေ့ပျောက်သွားသည်။ သူ့ခေါင်းထဲတွင် ဘာမျှ မကျန်ရစ်တော့။စကားစရန်ပင် ရှာမရဖြစ်နေသည်။

"ရဲဘော်များခင်ဗျား။ ကျွန်တော်ဟာ တော်လှန်ရေးက ပါတီထဲကို ဝင်ခဲ့ပါ တယ်။ ကျွန်တော် တပ်နီတော်မှာ အမှုထမ်းခဲ့ပါတယ်"

"ဒါတွေ ကျွန်တော်တို့သိတယ်ဗျို့။အခုကိစ္စနဲ့ ဆိုင်တာသာ ပြောပါ"အတွင်း ရေးမှူး၏အသံဖြစ်သည်။

"ကျွန်တော်ဟာ စစ်မျက်နှာတိုင်းမှာ ရှုပ်ပွစ်သားတွေကို တိုက်ခဲ့ပါတယ်။ နောက်တော့ ပထမ မြင်းတပ်မှာ သူ့ရဲကောင်းတံဆိပ် ရခဲ့ပါတယ်"

"လိုရင်းသာ ပြောပါ"

"ဒါဟာ လိုရင်း ပြောနေတာဘဲဗျ"

"စကား ရှည်မနေပါနဲ့ နာဂူနေ့။ လွန်လေပြီးသော အခါက ဟာတွေ ထည့်ပြောစရာမလိုပါဘူး"ဥက္ကဋ္ဌ၏အသံဖြစ်သည်။

"သူပြောချင်တာတော့ ပြောခွင့် ပြုမှာပေါ့ဗျ" ဗလာဗင်က အော်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သူပြောဖို့က တိုတိုနဲ့ လိုရင်းဘဲဗျ"

နာဂူနေ့သည် လက်ဝဲဖက် ရင်အုံကို ဆုပ်ကိုင်ထားဆဲဖြစ်သည်။ သူ့ညာလက်သည် လည်ပင်းဆီသို့ ရောက်သွားသည်။ သူသည် ကြောက်ရွံ့စိုးရိမ်နေရာက အသံကို ဖြစ်ညှစ်ထုတ်ရန် ကြိုးစားသည်။ "ကျွန်တော် ပြောပါအုံးမယ်ဗျာ။ ကျွန်တော်ဟာ ခင်ဗျားတို့ ရန်သူမဟုတ်ပါဘူး။ကျွန်တော့်ကို ဒီလိုဆက်ဆံတာ မကောင်းပါဘူး။ကတ်စတိုနယ်မှာ ကျွန်တော့်အနားဗုံးကွဲလို့" စကားကိုဆက်သော်လည်းအသံမထွက်လှာ။ ပါးစပ်ကသာ လှုပ်နေလေသည်။

ဗလာဗင်သည် ရေတခွက်ငှဲကာ နာဂူနေ့သို့ ထိုးပေးလိုက်သည်။ကော်ရှင်စကီသည် နာဂူနေ့ကို ငေးကြည့်နေသည်။ နာဂူနေ့လက်က ရေခွက်သည် တုန်နေလေသည်။ ထို့နောက် ဖန်ခွက်နှင့် သူ့သွားများထိသည့်အသံကို ကြားရသည်။

"ပြောစရာရှိတာပြောပေါ့။ စိတ်ညစ်မနေပါနဲ့ဗျာ" ဗလာဗင်က အားပေးသည်။

ကော်ရှင်စကီသည် မျက်မှောင်ကုတ်ထားသည်။သနားစိတ် ဝင်လာသည်။ သို့သော် စိတ်ကို ဟင်းထားဟန်တူသည်။ နာဂူနေ့သည် ပါတီအတွက် အန္တရာယ် ဖြစ်သည်ဟုလည်း သူယုံကြည်သည်။ သူ့ကိုရှာထူးမှ ချရန်သာမက ပါတီမှ ထုတ်ပယ်ရမည်ဟူ၍လည်း သူသဘောရထားသည်။ သူ့သဘောထားကို ဗလာဗင်မှလွဲ၍ အားလုံး ထောက်ခံကြသည်။

မကာ နာဂူနေ့သည် ရေတချိုက် သောက်ပြီးနောက် အားအင်ပြည့်ဖြိုးလာကာ ဆက်၍ ပြောလေသည်။

"ဆမိုခင်ပြောတာ အားလုံး ကျွန်တော်ဝန်ခံတယ်။ဟုတ်တယ်။ ကျွန်တော်လုပ်ခဲ့တယ်။ဒါပေမယ့် ပါတီကို ဆန့်ကျင်လိုစိတ်နဲ့ လုပ်တာမဟုတ်ပါဘူး။ ဒါ ဆမိုခင် သက်သက်လိမ်တာဘဲ။ကျွန်တော်အရှေ့လိုက်တယ်ဆိုတာလဲ လိမ်တာဘဲ။ကျွန်တော်ဟာ မိန်းမတွေနဲ့ လုံးလုံးကင်းအောင်နေတယ်။သူတို့အတွက် အချိန်တောင်မပေးနိုင်ခဲ့ဘူး"

"ဒါဖြင့် အချိန်မပေးနိုင်လို့ ခင်ဗျားမိန်းမကို ကွာလိုက်တာပေါ့"ခိုမူတော့က လှောင်ပြောင်သံဖြင့် မေးသည်။

"ဟုတ်တယ်။ ဒါ့ကြောင့်ဘဲ။ ကျွန်တော် ခုလို လုပ်ခဲ့တာဟာလဲ တော်လှန်ရေးကြီးအတွက် လုပ်ခဲ့တာပါ။ ကျွန်တော် မှားချင်မှားမယ်။ မသိဘူး။ခင်ဗျားတို့က ကျွန်တော့်ထက် ဉာဏ်ပညာရှိကြတယ်။ ခင်ဗျားတို့ သင်တန်းတက်လာတာဘဲ။ သိမှာပေါ့။ ပြီးတော့ ကျွန်တော် ခွင့်လွှတ်ဖို့လဲ တောင်းဆိုနေတာ မဟုတ်ပါဘူး။ ခင်ဗျားတို့ နားလည်စေချင်တာ တခုကတော့" အသံမထွက်လှာ။ စကားရပ်သွားသည်။ "ကျွန်တော် ပါတီကိုဆန့်ကျင်တဲ့ စိတ်ရိုင်းမထားပါဘူး။ ကျွန်တော် ဗင်နစ်ကို ရိုက်ခဲ့တယ်။ သူက ပါတီကို စော်ကားလို့ ရိုက်တာဘဲ။ မျိုးစေ့တွေ ဝက်ကျွေးပြစ်မယ် ဆိုလို့ ရိုက်တာဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အို ဒါတွေပြောမနေပါနဲ့" ဆမိုခင်က ဟန့်တားသည်။

"ဒါကတော့ ဘာဖြစ်တယ်ဆိုတာ ပြောပြရတာပါ။ အခုဆိုယင် ဗင်နစ်ကို မသတ်မိတာ မှားတယ်လို့တောင် ထင်မိတယ်။ ဒါပါဘဲ။ ကျွန်တော် ပြောစရာမရှိတော့ပါဘူး"

ကော်ရှင်စကီသည် ကိုယ်ကိုဆန့်လိုက်သည်။ ကုလားထိုင်ကြီးသည် ကျွီကနဲ မည်သွားသည်။ ယခုကိစ္စ မြန်မြန် ပြီးစေချင်ပြီ။ ရှုပ်ရှက်ခတ် မကြားလို၊ မမြင်လို။ ထို့ကြောင့် စကားပြတ်ပြတ်ပြောလေသည်။

"ကဲ ရဲဘော်များ။ ကိစ္စကတော့ ရှင်းနေတာဘဲ။ နာဂူနော့ကိုယ်တိုင်ကလဲ ဝန်ခံတယ်။ သူ့အပြစ်တော့ ဝန်ခံပါရဲ့။ ဒါပေမယ့် သူများကိုလွှဲချတယ်။ အပြစ်ဖို့ တယ်။နာဂူနော့ဟာ ပါတီလမ်းစဉ်ကိုဖောက်တယ်။ ကွန်မြူနစ်တယောက်အနေနဲ့လဲ မိန်းမကိုကွာတာ ဆိုးတယ်။ ဒီတော့ သူ့ကို ပါတီက ထုတ်သင့်တယ်။သူ့ရဲ့ အယင်က ဆောင်ရွက်တာတွေ စဉ်းစားမနေနိုင်ဘူး။ သူလိုလူမျိုးကို မညှာနိုင်ဘူး။ မနှစ်ကတဲ က သူလက်ဝဲစွန်းရောက်နေတယ်။ ကျွန်တော် သတိပေးခဲ့ဘူးတယ်။ ဒါပေမယ့် သူ မပြင်ဘူး။ ကဲ နာဂူနော့ကို ပါတီက ထုတ်မယ်။ မဲခွဲမှာဘဲ။ ကဲ ကဲ မဲဆန္ဒပေးကြပါ။ ဗျူရိုအဖွဲ့ဝင်ဘဲ မဲပေးနိုင်ထယ်။ လေးမဲနော် ဟုတ်လား။ ရဲဘော် ဗလာဗင်က ဘယ်လိုလဲ။ မဲမပေးဘူးလား။ ကန့်ကွက်သလား"

ဗလာဗင်သည် စားပွဲကို လက်သီးဖြင့် ဝုန်းကနဲ ထုလိုက်သည်။

"ကျွန်တော် ကန့်ကွက်တယ်။ ဒါဟာ မှားတဲ့ဆုံးဖြတ်ချက်ဘဲ"

"ခင်ဗျား ကြိုက်သလို သဘောထားနိုင်ပါတယ်"

"မဟုတ်ဘူးဗျာ။ ကျွန်တော်ပြောအုံးမယ်"

"ခုမှတော့ ပြောမနေနဲ့တော့ ဗလာဗင်။ လွန်ပြီ။ခု မဲလေးမဲနဲ့ သူ့ကိုပါတီက ထုတ်ပြီဘဲဟာ"

"အို ဗျာ။ ဒါဟာ ဗျူရိုကရေစီစနစ်ဘဲဗျ။ အနိုင်ကျင့်တာဘဲ။ ကျွန်တော် ဒီအတိုင်း ကြည့်မနေနိုင်ဘူး။ တိုင်းကော်မတီဆီ စာရေးမယ်။ ပါတီဝင်ဟောင်းကြီး တယောက်ကို ခင်ဗျားတို့ ထုတ်ပစ်တယ်။ အောင်လံနီ သူရဲကောင်းဘွဲ့ရသူကို ထုတ်ပစ် တယ်။ ခင်ဗျားတို့ရူးနေသလား။ ဒီနည်းနဲ့ဘဲအပြစ်ပေးရသလား"

"အိုဗျာ ဒါတွေ ဆွေးနွေးမနေနိုင်ဘူး။ မဲခွဲပြီးပြီဘဲ"

"အဲဒီလို မဲခွဲဆုံးဖြတ်တဲ့လူတွေကို ရိုက်ဖို့ကောင်းတယ်" ဗလာဗင်၏အသံသည် ကျယ်လောင်စူးရှလာသည်။

"ခင်ဗျား အခု စနစ်ရုံးမှာ မဟုတ်ဘူး ပါတီ ခရိုင်ကော်မတီမှာဗျ။ ခင်ဗျား ဘာမှ မပြောနိုင်ဘူး"

"အိုဗျာ ခင်ဗျားမပြောလဲ သိပါတယ်။ ဒါပေမယ့် ကျွန်တော် စကားပြော ခွင့် မရတော့ဘူးလား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"မလိုတော့ဘူး ထင်တယ်။ ကျုပ်က ခရိုင်ပါတီ အဘွင်းရေးမှူး။ ခင်ဗျားကို စကားပြောခွင့်မပြုနိုင်ဘူး။ ပြောချင်ယင် အပြင်ဖက် ထွက်ပြောဗျာ" ကော်ရှင်စကီက ပြန်၍ အော်သည်။

"အလကား ရှည်မနေပါနဲ့ဗျာ။ ပြီးပြီဘဲဟာ။ ခင်ဗျား တိုင်းကော်မတီကို စာရေးပေါ့"ဥက္ကဋ္ဌက ဆင်ခြေပေးပြန်သည်။ ထို့နောက် ဗလာဗင်ကို ပွဲတထောင့်သို့ ဆွဲခေါ်သွားကာ တတွတ်တွတ် ပြောနေလေသည်။

"ကိစ္စကတော့ ပြီးပြီ နာဂူနော့။ ဗျူရိုရဲ့ ဆုံးဖြတ်ချက်အရ ခင်ဗျားကို ပါတီက ထုတ်ပစ်လိုက်ပြီ။ ခင်ဗျား ပါတီဝင်လက်မှတ် ပြန်ပေးပေတော့"

နာဂူနော့၏ မျက်နှာတွင် သွေးတစက်မျှ မရှိတော့ပေ။ စကားပြောသော်လည်း မထွက်လှာ။ အတင်းဖြစ်ညှစ် ထုတ်ရသည်။ "ကျွန်တော်တော့ ပါတီဝင် လက်မှတ်ကို မပေးနိုင်ဘူး"

"ပေးအောင်လုပ်မှာပေါ့ဗျ"

"တိုင်းကော်မတီမှာ အယူခံဗျာ" ဗလာဆင်က တထောင့်မှ ထ၍ အော်သည်။

"ခင်ဗျားတို့ကို ပါတီလက်မှတ် ပြန်မပေးနိုင်ဘူး။ ပါကီကလဲ ကျွန်တော့်ကို အခုအထိ အလိုရှိအုံးမှာဘဲ။ ကျွန်တော်ပါတီနဲ့ကင်းပြီး မနေနိုင်ဘူးဗျ။ ခင်ဗျားတို့ လုပ်တိုင်း ကျုပ်မခံဘူး။ ဟောဒီမှာ ပါတီဝင် လက်မှတ်။ ရှိတယ်။ ယူကြည့်စမ်း။ ခင်ဗျားလည်းပင်း ဖြစ်သတ်မယ်"

"စိတ်မကောင်းစရာဗျာ" အစိုးရ ရှေ့နေက ညည်းသည်။

မာကာသည် ကော်ရှင်စကီကို တည့်တည့်ကြည့်ကာ ဖြည်းဖြည်းခြင်း ပြောလေသည်။

"ပါတီက ထွက်လို့ ကျုပ် ဘာလုပ်ရမှာလဲဗျ။ ကျုပ်တသက်တာလုံး ကျုပ်တဘဝလုံး ပါတီမှာ မြှုပ်နှံထားတာဗျ။ ခင်ဗျားဟာ ကျုပ်ကို သတ်ချင်သတ်လိုက်။ သေရမှာ မကြောက်ဘူး။ ဟောင်နိုင် တုန်းတော့ ခွေးကို လေးစားတာပေါ့ဗျာ။ ခုတော့ အသက်ကြီးပြီမို့ ကန်ထုတ်လိုက်ဘာပေါ့"

နာဂူနော့၏ မျက်နှာသည် တင်းမာနေသည်။ သူ့နှုတ်ခမ်းအစုံသည် တဆတ်ဆတ် တုန်နေသည်။ ထို့နောက် မျက်လုံးအစုံမှ မျက်ရည်ပေါက်တို့ တသွင်သွင်စီးကျလာလေသည်။ မျက်ရည်ပေါက်တို့သည် မုတ်ဆိတ်မွေးမှ တဆင့် အင်္ကျီပေါ်သို့ စီးကျသည်။ အင်္ကျီတွင် စိုရွှဲကုန်သည်။

"ကဲ ရဲဘော် တော်လောက်ပြီ"

"ဘာလဲ ခင်ဗျား ကျုပ်ကို ရဲဘော် မခေါ်ပါနဲ့။ ကျုပ် ရဲဘော် မဟုတ်ဘူး။ ခင်ဗျားဟာ ဝံပုလွေဘဲ။ ခင်ဗျားတို့ အားလုံးဟာ အဆိပ်ရှိတဲ့မြွေတွေဘဲ။ လက်ထဲမှာ ရိုက်ဖို့ကြာပွတ်ရှိတယ်။ စကားချောချော ပြောတတ်တယ်။ ဒိုမှုတော့ ခင်ဗျား ဘာလုပ်နေတာလဲ။ ကျုပ်မျက်ရည်ကျတာ ကြည့်ပြီး သဘောကျနေတာပေါ့။ ဟုတ်လား။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခင်ဗျား မှတ်မိသေးသလား။ ၁၉၂၁-တုန်းကလေ။ ဖိုမင်နဲ့ သူ့ဂိုဏ်းသားတွေ ခရိုင်ထဲမှာ လှုပ်ရှားမှုနောက်နေတုန်းက ခင်ဗျား ပါတီကထွက်မယ်၊ ပါတီဝင် လက်မှတ်ပြန်ပေးမယ်၊ လယ်ဘဲထွန်တော့မယ်လို့ ပြောတာ အမှတ်ရသေးရဲ့လား၊ ခင်ဗျား ဖိုမင်ကို ကြောက်တယ်။ ဒါကြောင့် ပါတီဝင် အဖြစ်က ထွက်ချင်တာပေါ့။ ပြီးတော့ ခင်ဗျားဘဲ ပါတီထဲကို ပြန်ဝင်တယ်။ အခု ခင်ဗျားက ကျုပ်ကိုပါတီက ထုတ်ဖို့ မဲဆန္ဒပေးတယ်။ ပြီးတော့ ကျုပ် မျက်ရည်ပေါက်ကြီးငယ် ကျနေတာကို သဘောကျပြီး ရယ်နိုင်အားတယ်ပေါ့”

“တော်ပြီ နာဂူနော့။ သိပ်မအော်ပါနဲ့။ ကျုပ်တို့လုပ်စရာတွေ အများကြီး ရှိသေးတယ်” ခိုမူတော့သည် အပြုံးမပျက် ပြန်၍ပြောလေသည်။

“အေးလေ ခင်ဗျားတို့လုပ်ကြပေါ့။ ဒါပေမယ့် တရားသဖြင့် ဖြစ်စေရမယ်ပေါ့ဗျာ။ ကျုပ်ဗဟိုကော်မတီ အထိသွားမယ်”

“ကောင်းတယ်။ သူတို့ဆီသွားတော့ ခင်ဗျားကို အော်လွှတ် လိုက်မှာပေါ့။ ခင်ဗျားကို စောင့်နေလေရဲ့၊ သွားလေဗျာ” ခိုမူတော့ကား အပြုံးမပျက်သေးပေ။

မာကာသည် တံခါးဝသို့ ယိုင်တီးယိုင်တိုင် ထွက်လာခဲ့သည်။ မြင်းဆီရောက်လျှင် မြင်းပေါ်သို့ မတက်နိုင်ဖြစ်နေသည်။ လေးကြိမ်တိုင် တက်စီးရန် ကြိုးစားသည်။ သို့သော် အားအင်ကုန်ခန်းနေလေပြီ။ သူ့အပါးလျှောက်သွားသူတို့က ပြောင်လှောင်ကြသည်။ နေမွန်းတည့်ရုံရှိသေး မူးနေပြီဟုဆိုကြသည်။ ပြောင်လှောင်ကြသည်။ထိုအသံတို့ကို ကြားရသည့်အခါ အံကြိတ်၍မြင်းပေါ်သို့ လွှားကနဲခုန်တက်ကာ တဟုန်ထိုးစီးပြေးလေသည်။

—၃၃—

ထိုနေ့နံနက်တွင် ယာစကျူဝင်ရွာမှ စပေါင်းလယ်ယာ အသင်းပိုင်လှည်း နှစ်ဆဲ့သုံးစီး ဂရယ်မျာချီရွာထဲသို့ ဝင်လာသည်။ လေရဟတ်စက်ခုံနားတွင် သူတို့ကို ဗင်နစ်တွေ့ရသည်။ ဗင်နစ်သည် မြက်ခင်းသို့ မြင်းရှာထွက်လာခြင်းဖြစ်သည်။

“ဘယ်က လာကြတာလဲဗျ”

“ယာစကျူဝင်ကဘဲ”

“ခင်ဗျားတို့ မြင်းတွေမှာလဲ မြီးဆံတွေ မရှိတော့ပါလား။ ဘယ်လိုဖြစ်ဘာလဲဗျ”

“အို မပြောချင်ပါဘူးဗျာ။ မြင်းမြီးဆံတွေကိုဖြတ်ပြီး မြို့ကိုပို့သတဲ့။ မြို့က မိန်းမတွေ မြင်းမြီးနဲ့ ခြင်ခြောက်မှာပေါ့ဗျ။ ဒါထက် မိတ်ဆွေကြီးမှာ ဆေးနည်းနည်းရှိသလား။ ဆေးလိပ် တော်လိုက်တာဗျာ”

ကောဆက်ကြီးသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလာကာ ဗင်နစ်ထံသို့ ပြေးလာသည်။ သူတို့အားလုံး ဗင်နစ်ထံသို့ ပြေးလာကြသည်။ လက်ထဲတွင်လည်း သတင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



စရာ အတိုအစလေးများ ယူလာကြသည်။ ဗင်နစ်ထံမှ ဆေးရလျှင် စက္ကူတွင်ထည့် ကာလိပ်၍ အားရပါးရရှူကြသည်။ ဆေးလိပ်သောက်ယင်း စုပေါင်းလယ်ယာ အကြောင်းကိုပင် စကားလက်ဆုံ ကျနေကြလေသည်။

"ကျုပ်တို့ဆီမှာလဲ စုပေါင်းလယ်ယာ ဖွဲ့ပြီးပြီဗျ။ ခုတော့ အားလုံးသိမ်းပြီး ပြီ"မြင်းများသည် ခြင်ကိုက်သဖြင့် အမြီးကို တလှုပ်လှုပ်ရမ်းသည်။ သို့သော် အမြီးငုံးတိုဖြစ်နေသဖြင့် မထိရောက်လှပေ။

"ခင်ဗျားတို့မြင်းမြီးက ဘယ်ဖက်လှည့်နေသလဲဗျ" ဗင်နစ်က ရယ်သွမ်းသွေးယင်း မေးသည်။

"စုပေါင်းလယ်ယာဖက်ကိုပေါ့ဗျ၊ ခင်ဗျားတို့ဆီက မြင်းတွေရော အဖြတ်မခံရဘူးလား"

"ဖြတ်ပါရဲ့ ဒါပေမယ့် လေးလက်မဘဲဗျ"

"ကျုပ်တို့ဆီမှာတော့ ဆိုဗီယက်အဖွဲ့ ဥက္ကဋ္ဌကြီး မြင်းမြီးအဖြတ်တော်တာနဲ့ ဆုရတာဘဲဗျို့။ ဒါပေမယ့် မြင်းတွေ ရောဂါရယင်တော့ ဒုက္ခဘဲ။ ကဲ ကဲ သွားတော့မယ်ဗျာ။ ခရီးဆက်ရအုံးမယ်"

"ဘယ်ကိုသွားကြမှာလဲဗျ"

"ဂရယ်မျချီ

"အား ကျုပ်တို့ရွာဘဲဗျ။ ဘာကိစ္စလဲ။ လှည်းတွေကလဲ များလှချေလား"

"မျိုးစေ့တွေ သွားယူမလို့ဗျ"

"မျိုးစေ့တွေယူမယ်။ ခင်ဗျားဘာပြောလိုက်တာလဲ"

"ခရိုင် ကော်မတီဆီက အမိန့်ဘဲဗျ။ ခင်ဗျားတို့ရွာက တင်းပေါင်း လေးရာ့ သုံးဆယ်ယူရမယ်တဲ့"

"ဟုတ်ပြီဗျို့" ဗင်နစ်သည် ရွာဆီသို့ ပြန်လှည့်ကာ သုတ်ခြေတင်လေသည်။

ယာစက္ကင်က ကောဆက်များ အုပ်ချုပ်မှုအဖွဲ့ရုံးသို့မရောက်မီ ရွာတဝက်နီးပါး ထိုသတင်းကို သိသွားလေသည်။ ဗင်နစ်သည် အိပ်ပေါက်စေ့ဝင်ကာ ဂရယ်မျချီက ဂျူများ ယာစက္ကင်သို့ သယ်တော့မည့်အကြောင်းကို မျက်ကလူးဆံပြာ ပြောလေသည်။

ထိုအခါ အိမ်ပေါက်စေ့ ယောကျ်ားမိန်းမများ ထွက်လာကြသည်။ အစတွင် လမ်းထောင့်များ၌ မိန်းမများ စုဝေးကာ ထိုသတင်းကို ဝေဖန် ပြောဆိုကြသည်။

"ဒို ထမင်းအိုးတော့ ကွဲပြီဟဲ့"

"ဒို့ဆီမှာစိုက်ဖို့ ဘယ်ကျန်တော့မလဲအေ့"

"ဒို့ဆီကလူတွေ ဒီတိုင်း ကြည့်နေကြတော့မတဲ့လား"

"လာကြဟေ့။ပြောချေရအောင်။ ဂျူတွေ အယူခံလို့ ဘယ်ဖြစ်မလဲ။ ဒို့ဝတ်ကုန်မှာပေါ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"လာကြဟေ့ ကျီကိုသွားမယ်။ တုတ်တွေ ဓားတွေ ယူခဲ့ကြ။ တံခါးပေါက်တွေက စောင့်နေကြရအောင်"

မိန်းမအုပ်စုနောက်က ယောကျ်ားများ လိုက်လာကြသည်။ သူတို့သည်လည်း မိန်းမသားများနည်းတူ မခံမရပ်နိုင်ဖြစ်ကြလေသည်။ တဖြည်းဖြည်း လူစုလူဝေးသည် ကြီးမားလာသည်။ လမ်းသေး လမ်းမှာများမှ အစုလိုက် အစုလိုက်ထွက်လာကြသည်။

ဒါဗီးဒေါ့သည် ထိုအချိန်တွင် ခရိုင်လယ်ယာ သမဂ္ဂ စာကို ဖတ်နေသည်။ ယာစက္ကိုင်စုပေါင်းလယ်ယာသို့ ဂျုံ ၇၃ တင်း ပေးရန်ဖြစ်သည်။ ဒါဗီးဒေါ့သည် ယာစက္ကိုင် ကော့ဆက်တို့အား ကျီတွင် ထုတ်ယူရန်ပြောလိုက်သည်။ သို့ရာတွင် ကျီသို့ သွားရာလမ်းကား မြင်းလှည်းမောင်း၍မရ။ လူစု လူဝေးကြီးက ပိတ်ဆို့ထားသည်။ မြင်းလှည်းများ ပတ်ပတ်လည်တွင်လည်း လူများဝိုင်းဝိုင်းလည် ရောက်နေကြသည်။

"ဒါက ဘယ်သွားကြမလို့လဲ"

"လှည်းတွေ ပြန်လှည့်မောင်းဗျို့"

"ကျုပ်တို့ဂျုံတွေ ယူမလို့ပေါ့လေ"

"မပေးနိုင်ဘူးဗျို့"

ဒယွမ်ကာသည် ထိုအခြေအနေကို အစီရင်ခံရန် ဒါဗီးဒေါ့ဆီသို့ ပြေးလာသည်။ ဒါဗီးဒေါ့ကလည်း ကျီသို့ အလာလမ်းတွင် တွေ့ကြလေသည်။

"ဒါက ဘာဖြစ်ကြတာလဲ။ ဘာလို့ လူစုကြတာလဲဗျ"

ဒါဗီးဒေါ့၏အမေးကို တယောက်တပေါက် အော်ဟစ်ဆူညံစွာ ဖြေကြသည်။

"ကျုပ်တို့ဂျုံတွေကို ဘာ့ကြောင့် ပေးရမှာလဲ။ ယာစက္ကိုင်ကိုပေးဖို့ စုထားတာ မဟုတ်ဘူးဗျ"

"ဗျို့ ဒါဗီးဒေါ့။ ခင်ဗျားက ဘာ့ကြောင့် ဂျုံတွေကို သူများပေးပြစ်ရတာလဲ။ ခင်ဗျားမှာ ဘာအခွင့်အာဏာ ရှိသလဲ"

"ကျုပ်တို့စိုက်ဖို့ မျိုးစေ့ ချန်ရအုံးမယ်ဗျ"

ဒါဗီးဒေါ့သည် အနီးဆုံး ကျီ၏ လှေကားထစ်တခုပေါ်သို့တက်ကာ ခရိုင်လယ်ယာ သမဂ္ဂ၏ ညွှန်ကြားချက်ကို ရှင်းပြသည်။ စိုက်မည့် မျိုးစေ့ကို ပေးခြင်းမဟုတ်။ နိုင်ငံတော်အစိုးရသို့ ပေးရန်ရှိသည့် ဂျုံကိုသာ ပေးခြင်းဖြစ်သည်ဟု ရှင်းပြသည်။

"စိတ်မပူကြပါနဲ့။ မျိုးစေ့တွေ မပေးပါဘူး။ ခင်ဗျားတို့ ဒီမှာ လူစုနေကြမယ့်အစား လယ်ထဲဆင်းပြီး အလုပ်လုပ်ချေကြပေါ့။ အဖွဲ့ခေါင်းဆောင်က ပျက်ကွက်သူ စာရင်းကိုကောက်နေတာနော်။ သတိထားကြ။ ကျုပ်တို့ဆီမှာ အလုပ်ပျက်ကွက်သူကို ဒဏ်ရိုက်လိမ့်မယ်"

ကော့ဆက်အချို့သည် လူစုခွဲကာ ထွက်သွားကြသည်။ ဒါဗီးဒေါ့လည်း ရုံးသို့ ပြန်လာခဲ့သည်။ သို့သော် နာရီဝက်ခန့်ကြာလျှင် ကျီဘေးတွင် စုဝေးနေကြသည့် မိန်းမတသိုက်၏ အပြုအမူများသည် တမျိုးတဖုံ လှုပ်ရှားလာသည်။ ယာကွတ်လူးကစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



သည် ကော့ဆက်တို့အား "ဒါဗီးဒေါ့ညာတာဗျ။ သူတို့က မျိုးစေ့တွေလဲ ယူမှာဘဲ။ စုပေါင်းလယ်ယာကတော့ အလုပ်လုပ်လို့ဖြစ်တယ်။ ဒါပေမယ့် သီးခြား လယ်သမားတွေ အပ်တဲ့ မျိုးစေ့ကတော့ ယာစက္ကုိင်ကိုပို့မှာဘဲ"ဟု တီးတိုးပြောသည်။

သူ့စကားကြောင့်မိန်းမဘသိုက် လှုပ်ရှားလာသည်။ ဗင်နစ်၊ ဒမ်ခစ်နှင့် ဒေါနက်ဆော့တို့သည် ကော့ဆက် သုံးဆယ်ခန့်နှင့် အတူ ရောက်လာသည်။

"ကျုပ်တို့ ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး"

"ခင်ဗျားကို ဘယ်သူက တောင်းလို့လဲ" ဒယွမ်ကာက ဒေါနက်ဆော့ကို ပက်ကနဲ ပြောချလိုက်သည်။ သူတို့ နှစ်ယောက်သည် အတန်ကြာ အပြန်အလှန် ပြောနေသည်။ ယာစက္ကုိင် ကော့ဆက်တို့က ဒယွမ်ကာကို ထောက်ခံ ပြောဆိုသည်။ မုတ်ဆိတ်မွေးနှင့် ကော့ဆက်ကြီးက "ခင်ဗျားတို့ ဥပဒေကို မချိုးဖောက်ကြပါနဲ့။ ကျုပ်တို့ကို ဘာလို့ ရန်ငြိုးဖွဲ့ချင်ရတာလဲ။ ကျုပ်တို့မှာ မိုင်လေးဆယ်ခရီး လာခဲ့ရတာဘဲ။ ဒီအချိန်က အားတာလဲ မဟုတ်ဘူး။ အားလုံးလယ်ဆင်းနေကြတဲ့အချိန်။ အဲဒါအချိန်ကို လုပြီးလာရတာဘဲ။ ခင်ဗျားတို့က ဂျုံမပေးဘူးဆိုယင် ကျုပ်တို့မောရုံဘဲ။ဆိုက်ခဗီးရီးယားပို့ဖို့ ကောင်းတယ်။ အလုပ်တော့မလုပ်ဘူး။ အလကားဒီမှာလာပြီး လူစွာလုပ်နေတယ်။ ခင်ဗျားတို့မို့ အလကား အချိန်ကုန်ခံနေတယ်ဗျာ"ဟု အော်သည်။

အကင်းနှင့်သူ တပွဲတလမ်း စမ်းကြသည်။ တယောက်ကို တယောက် စောင်နေရာက ထ၍ သတ်ကြသည်။ အရှိန်ရလာသည့်အခါ ယာစက္ကုိင်က မြင်းလှည်း ဦးစီးများနှင့် ဂရယ်မျချီရွာသားတို့သည် ချိန်းပွဲလုပ်ကာ ရိုက်နေကြသလားဟု ထင်ရသည့် အခြေတိုင်ဆိုးရွားလာသည်။ ဤပွဲမျိုး ဂရယ်မျချီတွင် မမြင်ရသည်မှာ အတော်ကြာခဲ့ပြီ။ ယာစက္ကုိင် အုပ်စုသည် လူနည်းစုဖြစ်သဖြင့် အရေးနိမ့်လာသည်။ အားလုံးလိုလိုပင် သွေးထွက်သံယိုဖြစ်ကာ ပေါက်ပြဲကုန်ကြသည်။ ထိုကြောင့် ချိန်တွယ်ပြီးသား ဂျုံတို့ကိုပစ်ချကာ လှည်းကွေ့၍ လှည့်ပြေးလေသည်။ သူတို့နောက်သို့ မိန်းမတသိုက် အော်ဟစ်ဆူညံစွာသာ လိုက်သွားသည်။

ထိုနောက်ပိုင်းတွင် ဂရယ်မျချီ၌ ပွဲကြီးပွဲကောင်းတခု အစပျိုးလေသည်။ ရွာသားတို့က စပါးကျီသော့ကို တောင်းယူရန် ကျီဆီသို့ရောက်လာကြသည်။ ဤနေရာမျိုး၌ အလွန်ပါးနပ်လျင်မြန်သည့် ဒယွမ်ကာသည် အလစ်တွင် လူအုပ်မှ ဖဲ့ထွက်ကာ ရုံးသို့ရောက်လာသည်။

"ကျီသော့ကို တောင်းနေကြပြီ ခင်ဗျ။ ကျွန်တော် ဘာလုပ်ရမလဲ ဒါဗီးဒေါ့။ ယာစက္ကုိင်က လူတွေကိုလဲ ရိုက်နှက်လွှတ်လိုက်ကြတယ်။ ခုလောက်ရှိ ပြေးကြရော့မယ်"

"သော့တွေ ကျုပ်ကိုပေးထား" ဒါဗီးဒေါ့က တောင်းယူလိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဗီးဒေါ့သည် သော့တွဲကို အိတ်တွင်ထည့်ကာ ကျီသို့သွားသည်။ ထိုအချိန်တွင် မိန်းမကြမ်းတသိုက်သည် ရတ်ဇမျော့နေ့ကို ဆိုဗီယက်ရုံးထဲမှဆွဲထုတ်လာပြီးလျှင် အစည်းအဝေး အမြန်ဆုံးခေါ်ပေးရန် တောင်းဆိုလေသည်။

မိန်းမကြမ်းတသိုက်ကို ရတ်ဇမျော့နေ့က တောင်းပန်သည်။ချော့မော့သည်။

"မဖြစ်သေးဘူး ကျုပ်နှမတို့။ ခုအချိန်က စိုက်ခင်းဆင်းတဲ့အချိန်ဗျ"

"ရှင် ဘာလိမ်တာလဲ။ ရှင်လူညာ။ ရှင်ဥက္ကဋ္ဌဘဲ။ အချိန်မရွေး အစည်းအဝေး ခေါ်နိုင်တာပေါ့"

သူ့ကို မိန်းမကြမ်းတသိုက်က ချုပ်ကိုင်ထားကြသည်။ထိုမိန်းမများကို အတင်းတွန်းဖယ်ကာ အသံကုန်ဟစ်ရသည်။

"ကဲ ငြိမ်ကြစမ်းပါဗျာ။ ခင်ဗျားတို့ ဘာကြောင့် အစည်းအဝေးလုပ်ချင်ရတာလဲ။ ကျုပ်ကို ရှင်းပြကြပါဦး"

"ဂျုံကိစ္စပေါ့တော်ရဲ့"

နောက်ဆုံးတွင် ရတ်ဇမျော့နေ့မှာ မတတ်သာတော့သည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီဖြစ်ရာ အစည်းအဝေးလုပ်ကြပါဟု သဘောတူလိုက်ရသည်။

"ကျွန်မပြောမယ်"မုဆိုးမ ယီကေတာရီနား၏ အသံဖြစ်သည်။

"ရှင်တို့ကို ဂျုံတွေတခြားပေးဖို့ ဘယ်သူက ခွင့်ပြုသလဲ။ ယာစက္ကူပ်ကို ဘာကြောင့်ပို့ရမှာလဲ။ ဘာအကြောင်းရှိလို့ ပေးရတာလဲ"

မုဆိုးမသည် တင်ပါးဆုံတွင် လက်နှစ်ဖက် တင်ကာ ခါးထောက်ထားသည်။

"ဒါဗီးဒေါ့က ခင်ဗျားတို့ကို တရားဝင်ရှင်းပြပြီ မဟုတ်လားဗျ။ ဒါအတွက်နဲ့တော့ အစည်းအဝေးလုပ်ခွင့် မပြုနိုင်ဘူး"

ပရိသတ်သည် ဆူညံစပြုလာသည်။ သူ့ကို ဟစ်အော် ကျိန်ဆဲကြသည်။ဆဲဆိုကြသည်။

"အမယ်လေးဟဲ့ ဘိနပ်ကြီးစီးလို့။ နွေရော ဆောင်းရော ဘိနပ်ကြီးကို မချွတ်ဘူး။ဒို့များဖြင့် ဘိနပ်ဝေးလို့ ကွင်းထိုးတောင်မစီးနိုင်ပါဘူး"

"သူက အမြဲတမ်း ဥက္ကဋ္ဌကြီးကို အေရဲ့"

"ဟား ဟား။ မာရီနာ့ ယောကျ်ားရဲ့ ဘိနပ်ထင်ပါရဲ့အေ။ ဘောင်းဘီကြီးကလဲ ဆာဂျင်ကြီးရဲ့ အမွေရထားတာတော့ရဲ့"

"ဟေးကောင်မတွေ သူ့ဘိနပ်ကြီး ဆွဲချွတ်ပါလားအေ"

လူစုလူဝေးကြီးသည် စည်းကမ်းမဲ့လူအုပ်ကြီး ဖြစ်လာသည်။ ရတ်ဇမျော့နေ့သည် မဆူညံရန် အနူးအညွတ် တောင်းပန်သည်။ သို့သော် သူ့အသံသည် တိုး၍မပေါက်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ့ကို မိန်းမကြမ်းတသိုက်က ဝိုင်း၍ဆွဲကြသည်။ ဘိနပ်တဖက်ကိုဆွဲချွတ်သည်။ အမဲဖျက်သည့်နှယ် သူ့ကို ကုဘ်ကြ ဖဲ့ကြသည်။ ဘိနပ် နောက်တဖက်လည်း ကျွတ်သွားသည်။

"ဟေ့ ဒီဘောင်းဘီဝတ်စရာမရှိဘူး။ ဘောင်းဘီ လိုချင်တယ်" လူငယ်တယောက်က စင်မြင့်တခုပေါ်တက်ကာ အော်သည်။ သူသည် ဒီမောက်ဖြစ်သည်။ သူ့အဖေသည်ဂျာမန်နှင့်တိုက်သည့်စစ်ပွဲတွင်ကျဆုံးခဲ့သည်။သူ့အမေကားတိုက်ဖွိုက်ဖျားဖြင့်သေဆုံးခဲ့သည်။ထိုကြောင့်ရွာတွင်မိမဲ့ ဖမဲ့လေး တယောက်ဖြစ်လာသည်။အဒေါ်၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းခဲ့ရသည်။ ကလေးအရွယ်ကပင် ဖရုံခင်း ပြောင်းခင်းတို့၌ ကျက်စားခဲ့သည်။ လေလွင့်နေသူ တဦးအဖြစ် သူ့ကိုတရွာလုံးက သိသွားကြသည်။ လက်အလွန်ဆော့သူ ဖြစ်သည်။ လူပျိုပေါက်ဖြစ်လာလျှင် ရွာရှိ အပျိုမကျန် ပိုးပန်းသည်။ အငန်းမရ ပိုးပန်းသည်။ အရှက်အကြောက်ကင်းမဲ့စွာ ပိုးပန်းသည်။ ထို့ကြောင့် သူနှင့်ရင်ဆိုင်ရမည်ကို အပျိုလေးတို့ ကြောက်ရွံ့ကြသည်။ ထိုကြောင့် သူ့ကို ကွန်ဆိုမိုလူငယ်အဖွဲ့ဝင်အဖြစ်က ထုတ်လိုက်ရသည်။ အဖမ်းခံရသည့် အကြိမ်ပေါင်းလည်း မရေမတွက်ရှိခဲ့ပြီ။ သူ့ကို ရတ်ဇမျှော့နေ့က အဖမ်းခိုင်းသည်ဟုထင်ကာ ရတ်ဇမျှော့နေ့ကို အငြိုးကြီး အမျက်သိုခဲ့သည်။ ယခုလို အခွင့်အရေးရခိုက် ဒီမောက်သည် ရတ်ဇမျှော့နေ့ ကို လက်စားချေရန် ဆုံးဖြတ် ထားဟန် တူလေသည်။

ဒီမောက်သည် အန့်ဒရေး ရတ်ဇမျှော့နေ့ အနားသို့တိုးကာ ဘောင်းဘီကို ချွတ်ရန်အားထုတ်သည်။ မိန်းမကြမ်းတသိုက်က တဟားဟား ရယ်ကြသည်။

"ဟေ့ ငါကဒီမှာ ဥက္ကဋ္ဌကွ။ ဥက္ကဋ္ဌကိုစော်ကားတာဟာ ဆိုဗီယက် အာဏာကိုစော်ကားတာနဲ့ အတူတူဘဲ။ မင်းတို့ဂျူတွေယူမှာကို ငါကာကွယ်ရလိမ့်မယ်။ အအစည်းအဝေး လုပ်မပေးနိုင်တော့ဘူးကွာ"

"ဒိုဘာသာ ဒိုယူမှာပေါ့"

"အမယ်လေးဟဲ့ အုံပါရဲ့။အစည်းအဝေးလုပ်မပေးနိုင်ဘူးတဲ့"

"ကျိတွေ ဒိုဘာသာဖွင့်ယူမယ်ဟေ့"

"လာကြဟေ့။ ဒါဗီးဒေါ်ဆီ သွားကြမယ်။ သူ့ကိုလဲဆွဲထုတ်ရမယ်"

"လာကြဟေ့။ ရုံးကိုသွားကြမယ်"

"ဟေ့ ရတ်ဇမျှော့နေ့ကိုဒီအတိုင်းထားခဲ့ မလား။ သူ စတာလင့် စကားနားမထောင်ဘူးဟေ့"

"ဟုတ်တယ်။ သူ့ကိုဖမ်းရမယ်"

မိန်းမကြမ်းတယောက်က စာပွဲခင်းတခုဖြင့် ရတ်ဇမျှော့နေ့ လည်ပင်းကို နောက်မှရစ်သိုင်းကာ ဆွဲမွေ့လိုက်သည်။ ထိုအခိုက် ဒီမောက်က ရတ်ဇမျှော့နေ့ အင်္ကျီကိုလက်အပြင် ထိုးလိုက်လေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရတ်ဇမျော့နေ့သည် နာလည်းနာ ဒေါ်ါသလည်းထွက်ဖြစ်နေရာက သေနတ်ကို စမ်းသည်။ သို့ရာတွင် ဒီမောက်နှင့် ထရူဗားချော့က သူ့လက်နှစ်ဖက်ကို ချုပ်ကိုင်ကာ သေနတ်ကို လုယူလိုက်သည်။

"ဟေ့၊ မင်းက လူတွေကိုသေနတ်နဲ့ ပစ်သတ်ချင်လို့လားကွ။ သေနာ ကောင်ကြီး"

ဒါဇီးဒေါ့သည် လူသံကြားရာသို့ အသုတ်လျှောက်လာသည်။ သို့သော်ဆူညံသံမှာ တိုး၍လာသဖြင့် ခေတ္တ ရပ်တံ့နေသည်။

"လယ်ထဲဆင်းနေတဲ့ ဒုတိယအဖွဲ့ခေါ်မှာဘဲ။ ဒါမှမဟုတ်ယင် ဂျုံတွေယူကုန် ထော့မှာဘဲ"ဟု ဒါဇီးဒေါ့ တွေးမိသည်။ထို့ကြောင့် ရုံးသို့ပြန်ကာ သော့ကိုဝှက်ဦး မည် စိတ်ကူးရသည်။ ဒယ္ဗမ်ကာသည် ရုံးဝတွင် စိုးရိမ်သည့်မျက်နှာထားဖြင့် ရပ်ကြည့် နေသည်ကို တွေ့ရသည်။

"ကျွန်တော် လစ်ထွက်ခဲ့ ရတယ်ဗျ။ မဟုတ်ယင် သော့ကို အတင်းလုကြမှာ"

"မင်းတာဝန်ဘဲ လေကွာ။ ခိုင်ဒီယောနော့ မရှိဘူးလား"

"ဒုတိယအဖွဲ့နဲ့ ပါသွားတယ်ခင်ဗျ"

"ဒီမှာ သူတို့အဖွဲ့က တယောက်မှမရှိဘူးလား"

"ကွန်ဒရတ်တော့ရှိလေရဲ့"

"ခေါ်စမ်းကွာ"

ကွန်ဒရတ်သည် သူတို့နှစ်ယောက်ထံသို့ လာနေသည်။ "အန်ဒရေးတော့ အဖမ်း ခံရပြီဗျို့။ သူတို့က ချုပ်ထားကြတယ်။လူတွေဟာ အတော် သောင်းကျန်းနေတယ်ဗျ။ ရဲဘော်ကြီး ဒါဇီးဒေါ့လဲ ပုန်းနေပါလား"

"အို အရူးလားဗျ။ကျုပ်က ဘာလို့ ပုန်းရမှာလဲ။ လယ်ထဲသွားပြီး လုဗစ် ရှကင်ကိုခေါ်ချည်။ မြင်းကိုယ်စီနှင့် ဆဲငါးယောက်လောက် သူနဲ့ အတူခေါ်ခဲ့ဖို့ ပြောဟုတ်လား။ ခရိုင်ကိုအကြောင်းကြားမနေတော့ဘူးဗျာ။ ကျုပ်တို့ဖာသာ နိုင် အောင်ထိန်းမယ်။ ကဲ ကဲ မြန်မြန်သွား။ မြင်းနဲ့သွား"

ဒါဇီးဒေါ့သည် လူအုပ်ကို ရင်ဆိုင်ရန် ဆုံးဖြတ်ပြီးဖြစ်သည်။ထို့ကြောင့် မျက် နှာထားတင်းတင်းဖြင့် ကျီများဆီသို့ လျှောက်သွားသည်။ သူ့ကိုမြင်လျှင် အစ ပထမ တွင် လူအုပ်သည် မှင်သက်မိကာ ငြိမ်နေကြသေးသည်။ သို့သော် မိန်းမကြမ်းတယောက် က "လာပြီဟေ့။ သေနာကောင် တယောက်"ဟု ညာသံပေးလိုက်သည်။ သူသည် အိမ်ခြွေမပျက်ပင် စီးကရက်တလိပ် မီးညှိသောက်သည်။

"ဟေး နောက်မှ ဆေးလိပ်သောက်ပါဗျ"

"ခင်ဗျားဆီမှာ သော့တွေပါသလား။ မပါဘူးလား"

"ပါမှာပေါ့ကွ။ ဒို့ သော့လိုချင်နေတယ်ဆိုတာ သိမှာပေါ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဗီးဒေါ်သည် ဘောင်းဘီအိတ်တွင် လက်နှိုက်ကာ လူအုပ်ကြီးရှေ့သို့ ခပ်တည်တည်လျှောက်သွားသည်။ သူ့မျက်နှာထားကြောင့် လူစုလူဝေးသည် ငြိမ်နေကြသည်။ သို့ရာတွင် တယောက်က ညာသံပေးလိုက်သည်နှင့် အော်ကြ ဆူကြသည်။

"သောတွေ ဒို့ကိုပေး"

"စုပေါင်းလယ်ယာအသင်း ဖျက်ပစ်ဟေ့"

"ဒို့ရွာက ထွက်သွားပါလားကွ။ မင်းကို ဘယ်သူပင့်လို့လာရတာလဲ"

ဒါဗီးဒေါ်သည် လူအုပ်ကို ထိန်းရန်ကြိုးစားလေသည်။

"ဒါကဘာသဘောလဲ။ ခင်ဗျားတို့ ဆိုဗီယက်အာဏာပိုင်တွေရဲ့ ညွှန်ကြားချက်ကို ဘာလို့မလိုက်နာရတာလဲ။ ယာစက္ကူမှာ မျိုးစေ့လိုတယ်ဗျ။ စိုက်ပျိုးရေးပျက်အောင် ခင်ဗျားတို့ လုပ်နေကြဘာပေါ့။ ရုံးမှာအဘက်ခံရမနေနဲ့"

"ဟေ့ မင်းတို့ ဆိုဗီယက်အာဏာကို ဒို့ကအခု သိမ်းပိုက်လိုက်ပြီကွ။ မင်းတို့ ညွှန်ကြားချက်ကြီးကို ဖမ်းထားပြီသိရဲ့လား"

အချို့ကရယ်ကြသည်။ ဗင်နစ်သည် လူအုပ်ထဲက ရှေ့သို့ထွက်လာကာ ဒေါပါပါပြောသည်။

"ဆိုဗီယက်အာဏာက ခင်ဗျားတို့အခု လုပ်ကိုင်နေတာမျိုး ခွင့်ပြုတာ မဟုတ်ဘူးဗျ။ ဒီလိုဆိုဗီယက်အာဏာမျိုး ကျုပ်တို့မလိုက်နာနိုင်ဘူး။ ဆိုဗီယက် အာဏာဆိုတာ ခင်ဗျားနဲ့ မာကာ နဂူနေဒွပါးစပ်က ဖြစ်လာတာဘဲ။ ခင်ဗျားတို့ ပြောသမျှ ဥပဒေဖြစ်နေတာဘဲ။ ကျုပ်တို့ အပြင်ဖက်က လယ်သမားတွေ လယ်ယာ မထွန်ယက် မစိုက်ပျိုးရတော့ဘူးတဲ့လား။ ဟား ဟား။ ဒါဟာ ပါတီသမ်းစဉ်ကို ဖျက်လို ဖျက်ဆီးလုပ်ဘာဗျ"

"ဘယ်သူ့ကိုများ ကျုပ်တို့က ထွန်ယက်စိုက်ပျိုးခွင့် မပေးလို့လဲ။ ခင်ဗျားကိုလား"

"ခင်ဗျားတို့လုပ်ပုံက ထွန်ယက်ခွင့် ပေးကောပေးရဲ့လားဘိုဘာ ပြန်စဉ်းစားစမ်းပါအုံး"

"ခင်ဗျား မျိုးစေ့တွေ စုပေါင်းလယ်ယာကို အပ်ခဲ့သလား"

"အပ်တယ်လေ"

"အဲဒါတွေ ပြန်မရဘူးလား"

"ရသားဘဲ။ ဒါဘာဖြစ်သလဲ"

"ဒါဖြင့် ဘာကြောင့် ခင်ဗျားတို့ကို ထွန်ယက်စိုက်ပျိုးခွင့်မပေးဘူးလို့ ဆိုနိုင်သလဲ။ ဘာလို့ ခင်ဗျားတို့ ကျီတွေ အနားလာပြီး စုဝေးနေရတာလဲ"

ဗင်နစ်သည် ဒါဗီးဒေါ့စကားကို ရုတ်တရက်မချေပနိုင်ဘဲ ကြောင်နေသည်။ ပြီးမှ စကားကိုလွှဲကာ တမျိုးအပြစ်ရှာပြန်သည်။

"ကျုပ်တယောက်အတွက် ပြောနေဘာမဟုတ်ဘူးဗျ။ အများအတွက် ပြောနေတာ။ စုပေါင်းလယ်ယာက ထွက်ခဲ့တဲ့ လယ်သမားတွေ မျိုးစေ့ပြန်မရဘူး။ သူဘို့

www.facebook.com/NyisayEbookCreator
www.nyisay.com



ကို ဘယ်လယ်မျိုး ပေးသလဲ။ ရွာနဲ့ အဝေးကြီးက လယ်တွေ ဘာ့ကြောင့် ပေးရသလဲ”

“သွားစမ်းဗျာ။ ခင်ဗျားထွက်သွားရင် ကောင်းမယ်” ဒါဝီးဒေါ့သည် စိတ်မရှည်နိုင်တော့ဘဲ ဒေါသထွက်လာသည်။ “ခင်ဗျားနဲ့ နောက်မှပြောမယ်။ ပြီးတော့လဲ ကျုပ်တို့စုပေါင်းလယ်ယာကိစ္စမှာ ခင်ဗျားဘာမှဝင်ပြောစရာမလိုဘူး။အဲဒါ မြဲမြဲမှတ်ထား။ ခင်ဗျားက လူတွေကိုဆူပူအောင် ဆွပေးနေတာဘဲ။ သွားစမ်း၊ ဒီနေရာက အခုထွက်သွား”

ဗင်နစ်သည် တိုးတိုးရေရွတ်ကျိန်ဆဲကာ လူအုပ်ထဲသို့ပြန်ဝင်သွားသည်။ သူ့နေရာတွင် မိန်းမကြမ်းတသိုက်ရောက်လာသည်။သူတို့သည် ဒါဝီးဒေါ့ကိုစကားအပြောမခံတော့ဘဲ အော်ဟစ်နေကြသည်။ ဒါဝီးဒေါ့ကား အချိန်ကို ဆွဲဆားရန် စကားအဆက်မပြတ်ပြောသည်။ မိန်းမသိုက်တွင် မာရီနာလည်း ပါသည်။ သူသည် လူအုပ်နောက်နားတွင် ရပ်နေသည်။ လက်ပိုက်ရပ်ကာ မိန်းမအချို့ကို ဟန်ပန်အမူအရာဖြင့် စကားပြောနေသည်။ သူ့မျက်နှာတွင် ဒေါသရိပ် တွေ့ရသည်။ သူတို့ အနားတွင် ယာကွတ်လူးကစ်နှင့် ဒမ်မစ်တို့လည်း ရှိသည်။ ယာကွတ်သည် ဒမ်မစ်ကိုတစုံတခု တိုးတိုးပြောနေသည်။

“သော့တွေပေးပါ။ ခုနေအချိန်ရှိတုန်း မြန်မြန်ပေးဘဲ”

မိန်းမတယောက်က ဒါဝီးဒေါ့၏ပခုံးကိုဆွဲကာ ဘောင်းဘီအိတ်ထဲသို့လက်နှိုက်၍ရှာသည်။ ဒါဝီးဒေါ့က သူ့ကို အရှိန်ဖြင့် တွန်းထုတ် လိုက်သည်။ မိန်းမကြီးသည် နောက်သို့ လန်လဲသွားသည်။ “အမယ် လာကြပါအုံးဟဲ့။ ငါ့ကို ဒီကောင်ကသတ်မလို့ဟဲ့။ ကယ်ကြပါအုံး”ဟု နာဟန်ဆောင်ကာ အော်သည်။

“ဘာလဲကွ။ ဒီကောင်က ရန်စဘာပေါ့လေ။ ဆော်ကွာ။ ဒီကောင့်ကို ချဟေ့”

ဒါဝီးဒေါ့သည် လဲနေသည့် မိန်းမကိုထူရန် ရှေ့သို့ တိုးသွားသည်။ သို့သော် သူ့ကိုနောက်က ပိုင်းကာ ထိုးကြသည်။ ကုတ်ကြ ဖဲ့ကြသည်။ သူ့က အဘင်းရှုန်းသည်။ ရှုန်းရင်း ကန့်ရင်းဖြင့်ပင် သူ့အင်္ကျီစုတ်ပြဲသွားသည်။

“သော့တွေမရှိဘူးဟေ့”

“သော့ပေးကွာ။ ဘယ်မှာလဲ”

“ရနေမှ စေဟေ့။ ဒိုကျီတွေကို ရိုက်ဖွင့်မယ်”

ဒါဝီးဒေါ့သည် ရှုန်းအားရှိသမျှ ရုန်းကန်နေရဆဲ ဖြစ်သည်။ သို့သော် သူ့မှာ တယောက်တည်းခုခံနေရသဖြင့် အင်အားမမျှ၊ ကြာလျှင်သေရလိမ့်မည်ဟုအောက်မေ့ကာ အချိန်သတ်ရန် စကားတမျိုး ပြောမြန်သည်။

“ကျုပ်ဆီမှာတော့ မရှိပါဘူး။ သော့က သိမ်းထားတယ်ဗျ” သော့ကိုင်မှာ သူမဟုတ်ဟုပြောမည်ကြံပြီးမှ မဆက်ဘဲ ရပ်ထားလိုက်သည်။စကားအပြောမတတ်လျှင် ဒယ္ယမ်ကာထံ ဝိုင်းလိုက်ကြလိမ့်မည်ကို သူစိုးရိမ်သည်။ ‘သော့တွေ အခန်းမှာသိမ်းထား

www.facebook.com/NyisayEbookCreator
www.nyisay.com



တယ်။ ပြီးမှ ပျောက်သွားပြီလို့ ပြောမယ်။ ဒီလိုနဲ့ အချိန်ဆွဲထားတုန်း လုဗစ်ရှကင် တို့ရောက်လာမှာဘဲ'ဟု စဉ်းစားမိပြန်သည်။ ထို့ကြောင့် စိတ်ကူးထားသည့်အတိုင်း ပြောသည်။

"ကဲ ဒါဖြင့်သွားမယ်။ သော့သွားယူမယ်"အစ်ထနာတီယိုနော့ အဒမကြီးကို ခေါင်းဆောင်ကာ လူအုပ်ကိုခေါ်လာသည်။

"အိမ်ခန်းမှာရှိတာသေချာတယ်နော်။ တော်ကြာ ရှင်ပေ့ချင် မေ့နေမှာ" ဗင်နစ်၏မိန်းမ အက်ဒိုဂျာက မေးသည်။

"ရှိပါတယ်ဗျာ"

မိန်းမလေးယောက်က သူ့လက်နှစ်ဖက်ကိုချုပ်ကိုင်ကာ ခေါ်လာသည်။

"ကျုပ်လက်ကိုလွှတ်ပါဗျ။ ထွက်မပြေးပါဘူး"

'အို မလွှတ်နိုင်ပေါင်တော်။ ရှင်ပြောတိုင်း ယုံရမှာလား"

"တကယ်ပြောတာပါဗျ"

"ကဲ ဒါဖြင့် ဒီ့အလယ်ကလိုက်ခဲ့"

ဒါဗီးဒေါ့အိမ်ရှေ့သို့ရောက်သည့်အခါ အိမ်ပေါက်ဝတွင်ရပ်ကြပြီးလျှင် "ကဲ သွားယူချည်။ မယူခဲ့ယင်တော့ ကော့ဆက်တွေခေါ်ပြီး နင့်ကိုမြင်းနဲ့ နင်းသတ်ခိုင်းမယ်"ဟု တယောက်ကကြိမ်းသည်။

"ခင်ဗျားတို့ ဆိုဗီယက် အာဏာကို မေ့နေကြပြီပေါ့။ ခင်ဗျားတို့ဒုက္ခရောက် လိမ့်မနော်"

"အို မထူးပါဘူး။ ခုဒုက္ခမရောက်လဲ မစိုက်ရ မပျိုးရနဲ့ ငတ်သေမှာဘဲ။ ကဲ သွားမှာ သွား။ သော့သာယူခဲ့"

သူသည် အခန်းထဲသို့ဝင်သွားသည်။ သူ့ကို စောင့်ကြည့်နေကြမှန်း သိသဖြင့် ရှာချင်ဟန်ဆောင်သည်။ စာပွဲ၊ အိပ်ရာ၊ သေတ္တာ အားလုံး မွှေနှောက်၍ ရှာသည်။ ကုတင်အောက်ရှာသည်။ ထို့နောက် အိမ်ထဲကပြန်ထွက်လာသည်။

"သော့တွေဒီမှာ မတွေ့ဘူးဗျ"

"ဒါဖြင့် ဘယ်မှာထားသလဲ"

"နာဂူနော့ဆီမှာများလား မသိဘူး"

"အို မဟုတ်တာ နာဂူနော့မှ ရှာမှာမရှိတာ"

"သူထားခဲ့ချင် ထားခဲ့မှာပေါ့။ ဒီနေ့ဒုတိယအဆိုင်းကို မျိုးစေ့ ထုတ်ပေးဖို့ ရှိတယ်ဗျ"

ထိုစကားအရ လူအုပ်ကြီးသည် ဒါဗီးဒေါ့အား နာဂူနော့၏အိမ်သို့ ခေါ်ခဲ့ကြ သည်။ လမ်းတွင် သူ့ကိုရိုက်ကြနှက်ကြသည်။ ကျိန်ဆဲကြသည်။ ဒေါသတို့ပေါက်ကွဲ ထွက်လာကာ အမျိုးမျိုးနှိပ်စက်ကြသည်။

"ကျွန်တော့်ကို တုတ်နဲ့တော့ မရိုက်ပါနဲ့ဗျာ"သူက တောင်းပန်သည်။ သို့ သော် တောင်းပန်၍ မရ။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ့နားရွက်မှ သွေးများယိုစီးထွက်လာသည်။ နှာခေါင်းတွင်လည်း ပေါက်ပြဲသွားသည်။ သူ့မျက်နှာပေါ်သို့ ကျလာသဖြင့် လက်သီးချက်တို့ကိုရှောင်ရှားရှိသာနေရသည်။ စိတ်ထဲကမူ လုဗစ်ရှကင်တို့ မြန်မြန်ရောက်လာပါစေဟုသာဆုတောင်းနေရသည်။ သို့ရာတွင် လုဗစ်ရှကင်တို့ကား ယခုတိုင် မရောက်လာသေး။ နာဂူနေ့အိမ်သို့ရောက်လျှင် မိန်းမတသိုက်ပါ သူနှင့်အတူ အိမ်ထဲသို့ဝင်လာသည်။ မွေနောက် ရှာကြသည်။ မြေလှန်ရှာကြသည်။ မတွေ့လျှင် ဒါဗီးဒေါ့ကို လှေကားခုံသို့ တွန်းထုတ်လိုက်သည်။

"သော့တွေဘယ်မှာလဲ။ နင့်ကိုသတ်ရမလား"

"ယာကွတ်ဆီမှာထင်ပါရဲ့"ချက်ချင်းပင် ယာကွတ်၏ပြုံးထေ့ထေ့ မျက်နှာပေးကိုသတိရသဖြင့် စကားလွှဲလိုက်သည်။

"လိမ်တာ။ မဖြစ်နိုင်ဘူး။ ခုဘဲသူ့ကိုမေးပြီးပြီ။ နင့်ဆီမှာရှိမှာဘဲတဲ့"

ဒါဗီးဒေါ့သည် သူ့နာခေါင်းမှ ယိုစီးနေသော သွေးစက်တို့ကို လက်ဖြင့်စမ်းကာ "ကြည့်ကြစမ်းပါအုံးဗျာ။ ခင်ဗျားတို့ ကျွန်တော့်ကို ဒီလောက်ရိုက်ဖို့မကောင်းပါဘူး။ သော့ပေးပါ့မယ်။ ကျွန်တော် အခုမှသတိရတယ်။ ရုံးကစာပွဲထဲမှာဗျ"

"ဒီကောင် ဒို့ကိုလှည့်နေတာအေ့"

"ရုံးကိုသွားကြမယ်ဗျာ။ ဘယ့်နှယ်ခင်ဗျားတို့က လှည့်စားရမလဲဗျ။ပေးမယ်။ ကျွန်တော် ရှာပေးမယ်။ ဒါပေမယ့် မရိုက်ကြပါနဲ့"

သူသည် လှေကားထစ်များအတိုင်း ယိုင်တိယိုင်တိုင် ဆင်းလာခဲ့သည်။ မောပန်းသဖြင့် အာခေါင်ခြောက်လာကာ ရေငတ်လာသည်။ 'ငါကြုံ့ကြုံ့ခံမှ ဖြစ်မယ်။ သူတို့သတ်လို့တော့ အသေမခံနိုင်သေးဘူး'ဟူ၍လည်း အားတင်းထားရသည်။ လုဗစ်ရှကင်တို့ လာမည့်လမ်းကို မျှော်၍ကြည့်သော်လည်း အရိပ်အရောင်မျှပင် မမြင်ရသေး၊ ကျီမျိုးဆီတွင် လူစုလူဝေးကြီး၏အသံသည် ဆူညံလျက်ရှိသည်။

ရုံးသို့ရောက်လျှင် ဒါဗီးဒေါ့မှာ မဟန်နိုင်တော့ဘဲ မြေတွင် ယိုကျ သွားသည်။

"တော်ကြတော့ဟေ့။ ငါကိုသတ်မလို့လား။ ခေါင်းကိုမရိုက်ပါနဲ့ဗျ။ ကျုပ်ဆီမှာ သော့မရှိဘူး။ ဘယ်လိုလုပ်လုပ် ကျုပ်ဆီမှာမှမရှိဘဲ ဘယ်တတ်နိုင်မလဲဗျ"

ရုံးရှေ့တွင် သူနားနေသည်။ သူ့အင်္ကျီတခုလုံး သွေးများ ပေကျံနေသည်။ ဘောင်းဘီမှာလည်း ဒူးဆစ်အထိ စုတ်ပြဲနေသည်။

"ယဲ့ သေနာကောင် သော့သွားယူချည်"

ထိုခဏတွင် မိန်းခလေးတယောက်ပြေးလာကာ "သူ့ကိုရိုက်မနေနဲ့တော့ရှင့်။ ကောဆက်တွေက ကျီကိုရိုက်ဖွင့်လိုက်ပြီ။ ဂျုံတွေဝေပေးနေပြီရှင့်"ဟုအမောတကော ပြောလာသည်။

မိန်းမကြမ်းတသိုက်သည် ဒါဗီးဒေါ့ကိုထားခဲ့ကာ ကျီဆီသို့ ပြေးကြလေသည်။

ထိုအခါတွင်မှ ဒါဗီးဒေါ့သည် ရုံးခန်းဆီသို့အားယူ၍ လျှောက်လာ ခဲ့ပြီးလျှင် ရေတပုံးခပ်ကာ ခေါင်းထက်သို့ လောင်းသည်။ ထို့နောက် ရေတခွက်ကိုအားရပါးရ

www.facebook.com/NyisayEbookCreator
www.nyisay.com



သောက်ရသည်။ မျက်နှာတွင် ပေကျံနေသည်တို့ကိုလည်း ဆေးကြောပစ်ရသည်။ ထိုနောက် ရုံးတံခါးဝ လှေကားခုံတွင် ထိုင်နေလေသည်။

သူ့ ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ် နေသည်။ ထိုခဏတွင် မြင်းခွာသံ ကြားရဖြင့် ဒါဗီးဒေါ့သည် ခေါင်းထောင်၍ ကြည့်သည်။ ကုန်းနှီးတပ်ထားသည့် မြင်းနက်ကြီးတကောင် ရုံးထဲသို့ပြေးဝင်လာသည်။ ပါးစပ်တွင်လည်း အမြှုပ်တစီစီ ထွက်နေသည်။ ခြံထဲတွင် ဟိုသည်လှည့်၍ပြေးကာ မြင်းဇောင်းဝ၌ ရပ်နေပြန်သည်။ နှာခေါင်းကလည်း တရှူးရှူးမှုတ်ထုတ်သည်။

ဒါဗီးဒေါ့သည် မြင်းကြီးကို အံ့အားသင့်ကာ ကြည့်နေသည်။ ထိုခဏတွင် ကောက်ရိုးခြံတံခါးပွင့်လာကာ အဖိုးကြီး ရှယ်ရှုကာထွက်လာသည်။ ရှယ်ရှုကာသည် အေးဘီကို စောင်းငဲ့ကြည့်သည်။ သူ့မျက်နှာမှာ နီရဲနေသည်။ တုန်လှုပ် ခြောက်ခြား နေသည့်မျက်နှာမျိုးဖြစ်သည်။ နားထင် နားရင်းဆီ၌ ချွေးများစို့ထွက်နေသည်။

"ဗျို့ ရဲဘော်ကြီး ဒါဗီးဒေါ့"လေသံဖြင့် ခေါ်သည်။ ထို့နောက်သူ့ထံသို့ ခြေဖြားထောက်ကာ လျှောက်လာသည်။ "တနေရာရာမှာ ပုန်းနေအုံးဗျ။ ခင်ဗျားကို သတ်ကြလိမ့်မယ်။ ကျုပ်လဲ ပုန်းနေတာဗျ။ ကောက်ရိုးခြံထဲမှာဆိုတော့ အသက်ရှူ ပေါက်မရှိဘူးဗျို့။ ချွေးတလုံးလုံးနဲ့ မွန်းနေတာဘဲ။ ကြောက်စရာကြီး ပါလားဗျာ။ ဘာလို့ အသေခံရမှာလဲဗျ။ သူတို့ နာဂူနေ့ကိုများ တွေ့သွားပြီလား မဆိုနိုင်ဘူးဗျ။ ဟိုဟာ နာဂူနေ့မြင်းဗျ။ မနက်က ခရိုင်ကိုသွားတော့ ဒီမြင်းနက်ကြီး စီးသွားတာဘဲ။ ခြံအထွက်မှာ ကျုပ်ကပြောလိုက်သေးတယ်။ နိမိတ်မကောင်းဘူးဗျို့ ပြန်လှည့်ခဲ့လို့။ အေးဗျာ ကျုပ်စကားနားမထောင်ဘူး"

"ဟုတ်လား။ သူအိမ်ပြန်ရောက်ချင် ရောက်နေမှာ"ဒါဗီးဒေါ့လည်း ဇဝေဇဝါ ဖြစ်နေသည်။

"အိမ်ရောက်နေမယ် ဟုတ်လား။ ဒါဖြင့် မြင်းချည်းသက်သက် ဘာလို့ ပြန်ရောက်လာတာလဲဗျ။ ကျုပ်တွေးလိုက်ယင် ပြေးကြည့်သထက် မှန်သေးတယ်။ ခရိုင်က ပြန်လာတော့ စောစောက မိန်းမသိုက်နဲ့ တွေ့လို့ အသတ်ခံရမှာပါဗျာ"

ဒါဗီးဒေါ့သည် ဘာမျှပြန်မပြောတော့။ ကျီဆိမ့် အော်ဟစ်သံများကား လေ တွင် လွင့်ပါလာကာ သူတို့ဖက်ဆီသို့ ဝေ့ဝိုက်လာသည်။ 'အင်း။ သင်းတို့ ဂျုံတွေ ထုတ်ယူကုန်ကြပြီ။ နာဂူနေ့လဲ ဘာဖြစ်သလဲမသိဘူး။ အသတ်ခံရသလား မသိဘူး။ ငါသွားမှဘဲ"ဟု တွေးမိသဖြင့် ထိုင်ရာမှ ဆတ်ကနဲထလိုက်သည်။

ရှယ်ရှုကာ၏ စိတ်ထဲတွင် ဒါဗီးဒေါ့ ပုန်းလျှိုးရန်နေရာမှ ထသည်ထင်သဖြင့် ခေါ်သည်။

"လာပါဗျာ ကောက်ရိုးခြံထဲ သွားပုန်းရအောင်။ မဟုတ်ယင် သူတို့ထဲက တယောက်ယောက် တွေ့သွားအုံးမယ်ဗျ။ ခင်ဗျားကိုရိုက်နေတာ ကြားရသားဘဲဗျ။ ကြောက်စရာဗျာ။ ကျုပ်ကိုတွေ့ယင်လဲသက်သာမှာမဟုတ်ဘူး။ တော်လှန်ရေး စကတဲ က ခင်ဗျားနဲ့ ကျုပ်တို့ ရှေ့ဆောင်ပြီး စုပေါင်းလယ်ယာ ထောင်ကြတာ။ တစ်တော့

www.facebook.com/NyisayEbookCreator
www.nyisay.com



အိမ့်နဲ့ လယ်ယာခြံမြေတွေ ရှေ့ဆောင်ပြီး သိမ်းတာကို သူတို့အသိဗျ။ ဂရယ်မျချီမှာဆိုယင် ခင်ဗျားနဲ့ ကုပ်ကိုဘဲ ငြိုးမှာဘဲ။ကျုပ်တို့ကရှေ့က လုပ်တာကိုးဗျ။နေစမ်းပါအုံး ခင်ဗျား ဘယ်သွားမလို့လဲ”

ဒါမီးဒေါ်သည် ခြံဝသို့ထွက်သွားသည်။

“ဒါက ဘယ်လဲဗျ”

ဒါမီးဒေါ်ကား သူ့ကိုပြန်၍ မဖြေ။စုပေါင်းလယ်ယာ စပါးကျီများ ရှိရာသို့သာ ဒယိမ်းဒယိုင်လျှောက်သွားလေသည်။

—၃၄—

ဂရယ်မျချီရွာသို့ဝင်သည့်လမ်းဖုံဖုံ၏ဘေးတွင် တောင်ကုန်းငယ်တခု ရှိသည်။ ယင်းကို ကော့ဆက်တို့က သေမင်းတောင်ကုန်းဟုခေါ်ကြသည်။ ယင်းသည်ကား ဂရယ်မျချီရွာသားတို့ ရာသက်ပန်ခေါင်းချရာ သုသာန်ဖြစ်လေသည်။ထိုတောင်ကုန်းသည် ညို့မှိုင်းအုံ့ဆိုင်းနေသဖြင့် လွမ်းစဖွယ်ကောင်းသည့် ရှုခင်းတခုဖြစ်သည်။ ညနေစောင်းတွင် နေရောင်မှိန်မှိန်ကြောင့် တောင်ကုန်းရိပ်သည် အလျားလိုက်မြေတွင်ဝပ်စင်း ကျလာသည်။ ဆောင်းရာသီရောက်လျှင် တောင်ကုန်း၌ နှင်းခဲဖွေးဖွေးတို့ အုပ်ဆိုင်းနေတတ်သည်။ ထိုတောင်ကုန်းထက်တွင် လေသည်အဆီးအတားမရှိ တိုက်ခတ်သည်။ ယင်းတွင်လည်း နောက်ခံရာဇဝင် ရှိလေသည်။

ရှေးသရောအခါက စစ်ပွဲတွင် ဒဏ်ရာရလာသော ကော့ဆက် မြင်းသည်တော်တယောက်သည် ထိုတောင်ကုန်းထက်တွင်သေသည်ဟုဆိုကြသည်။ အမှန်စင်စစ် ဤသီချင်းသည်ပင် သူ့အကြောင်းကိုဖွဲ့ဆိုသော ကော့ဆက်ရိုးရာသီချင်း ဖြစ်နိုင်သည်။

‘ငါဒဏ်ရာမှသွေးများ ဤတောင်ကုန်းထက်တွင် ကျခဲ့သည်။

ငါ့နှလုံးမှ ယိုစီးသည့်သွေးတို့ မြေမှာကျခဲ့ချေပြီ။’

နာဂူနေ့ာသည် ခရိုင်မှပြန်အလာ မိုင်နှစ်ဆယ်ခန့် အပြေးဒုန်းစိုင်းခဲ့သည်။ သေမင်းတောင်ကုန်းထက်သို့ ရောက်သည်တိုင် သူသည်မြင်းဇက်ကြိုးကို မကိုင်တော့ဘဲ စီးလာခဲ့သည်။တောင်ကုန်းထက်တွင် မြင်းပေါ်မှဆင်းကာ နားနေသည်။

ငှနွဦးပေါက်ပြီမို့ လေတွင် အနွေးအထွေးဓာတ်ပါသည်။ နေကား ကြဲကြဲတောက် ပူစပြုနေပြီ။ နွေလယ်ခေါင်ခေါင် ရောက်နေပြီလား အောက်မေ့ရလောက်အောင်ပင် ကြဲကြဲတောက်ပူသည်။ မိုးကုတ်စက်ဝိုင်းဆီတွင် မီးခိုးတန်းတခု ဝေ့ဝိုက်တက်လာသည်။

နာဂူနေ့ာသည် မြင်းခြေနင်းကိုဖြုတ်ကာ ကန်းနီးတုပ်ထားသည့်ကြိုးကိုလျှော့ပေးလိုက်သည်။ မြင်းကြီးသည် တောင်စောင်းတွင် ပြူထွက်နေသည့် မြက်တို့ကို စားနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ့အောက်တွင် အပြောကျယ်လှသည့် စတက်မြက်ခင်းပြင်ကြီး ရှိသည်။ ထိုမြက်ခင်းပြင်ကြီးသည် သူရောက်နေသည့် သေမင်းတောင်ကုန်းကဲ့သို့ပင် ငြိမ်သက်ခြောက်သွေ့နေသည်။ သုဿန်တစပြင်နှင့်လည်းတူပေသည်။

'ငါအိမ်ပြန်မယ်။ ရတ်ဇမျှော့နေ့နဲ့ ဒါဗီးဒေါ်ကို နှုတ်ဆက်မယ်။ ပြီးတော့ ပိုလန်စစ်မျက်နှာတနန်းက ဝတ်ခဲ့တဲ့ ကုတ်အင်္ကျီကြီးကိုဝတ်ပြီး ငါ့ကိုယ်ငါပစ်သတ်လိုက်တော့မယ်။ ဒီလောကရဲ့ အနှောင်အဖွဲ့ကို အလွတ်ရုန်းတော့မယ်။ တော်လှန်ရေးလဲ ငါသေလို့ ဆုံးရှုံးမှာမဟုတ်ဖူး။ ငါဟာ လူပိုဖြစ်နေပြီ။ တော်လှန်ရေးအတွက်ငါ အသုံးမဝင်တော့ဘူး။ တော်လှန်ရေးဖက်တော်သားတွေ အများကြီးရှိတာဘဲ။ တဗိုလ်ဆင်း တဗိုလ်တက်လိမ့်မပေါ့' စိတ်ကူးယဉ်နေမိသည်။

'အင်း ဒါဗီးဒေါ့ကတော့ ငါ့သင်းချိုင်းကြည့်ပြီး ဘယ်လိုပြောမလဲ။နာဂူနေ့ဟာပါတီက အထုတ်ခံရတာတော့ဟုတ်ပါရဲ့။ ဒါပေမယ့်သူဟာ ကွန်မြူနစ်ကောင်းတယောက်ဘဲ။ သူ့ခုလိုသတ်သေတာတော့ ဒို့မထောက်ခံနိုင်ဘူး။ဒါပေမယ့် သူဟာ ကမ္ဘာ့တော်လှန်ရေးကြီးအတွက် တိုက်ခဲ့တယ်။ ဒို့သဲ အဲဒီတော်လှန်ရေးကြီး အောင်မြင်ဖို့ ဆက်ပြီးတိုက်မယ်လို့ ပြောမှာဘဲ' ထိုနောက် နာဂူနေ့၏ စိတ်ကူးတွင် ဗင်နစ်၏ မျက်နှာ ပေါ်လာပြန်သည်။ 'ဗင်နစ်က ဘာပြောမလဲ။ ငါသိပါတယ်။ ဒီကောင် ပြောမှာကတော့ ခွေးကောင်တွေထဲက တယောက်တော့ သေပြီဟေ့။ ခွေးသေ ဝက်သေ သေတာပါကွာလို့ ပြောမှာဘဲ။

'ဟင်း ခွေးမသားကောင်။ ငါမသေဘူးကွ။ ငါ့ကိုယ်ငါ ဘာလို့သတ်သေရမှာလဲ။ ဟေ့ မင်းတို့လို အချောင်သမား သစ္စာဖောက်တွေကို သုတ်သင်ဖို့ ငါ့မှာ တာဝန်ရှိသေးတယ်ကွ'

နာဂူနေ့သည် အံကိုကြိတ်ကာ တယောက်တည်း ဟစ်အော်ပြောယင်း ဆတ်ကနဲ ထိုင်နေရာမှ ထလိုက်သည်။ သူ့စိတ်ထဲတွင် ဗင်နစ်၏ အကြောင်းကို တွေးမိသည့်အခါ နဂိုက ပျက်နေသော စိတ်ဓာတ်သည် မတ်ထူလာသည်။ သူ့မြင်းကို ရှာယင်း စိတ်ထဲတွင် ဤသို့စဉ်းစားမိပြန်သည်။ 'အို ငါမသေနိုင်သေးဘူး။ ဗင်နစ်ဆိုတဲ့အကောင်ကို ပထမဆုံး စာရင်းရှင်းရမယ်။ ဒီကောင်တွေ ဝမ်းသာအောင် ငါသေမပေးနိုင်ဘူး။ ကော်ရှင်စကီဆိုတဲ့ လူရဲ့ဆုံးဖြတ်ချက်ကရော နောက်ဆုံးပိတ် ဆုံးဖြတ်ချက်တဲ့လား။ ကိစ္စမရှိဘူး။ စိုက်ပျိုးရေးစခန်းပြီးယင် တိုင်းကော်မတီမှာ အယူခံမယ်။ သူတို့ ငါ့ကို ပြန်လက်ခံပါ့မလား။ လက်မခံဘူးဆိုယင် မော်စကိုအထိသွားမယ်။မော်စကိုကမှ လက်မခံဘူးဆိုယင် ပါတီအပြင်ဖက်ကနေပြီး ဒီကောင်တွေကိုချေမှုန်းမယ်'

စိတ်ကူးသစ်ကြောင့် သူသည် တက်ကြွလာသည်။ သူ့ပတ်ဝန်းကျင်ရှိလောကကြီးသည်လည်း သာယာသယောင်ရှိသည်ဟု ထင်မှတ်လာသည်။ သို့နှင့် နာဂူနေ့သည် မြင်းဆီသို့လိုက်လာခဲ့သည်။လူသံကြားရသဖြင့် ဝံပုလွေမတကောင်သည် တောင်စောင်းတခုမှ ခေါင်းထောင်၍ သူ့ကိုကြည့်သည်။ ဝံပုလွေမသည် သူ့ကိုမြင်လျှင် အမြီးကို ကုတ်ကာ နောက်သို့လှည့်ထွက်သွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မာကာသည် မြင်းအနားသို့ရောက်လာသည်။ မြင်းကို ချော့ခေါ်သည်။ သို့သော် မြင်းကြီးသည် ခေါင်းကိုရမ်း~~ကာ~~ ဖယ်ရမ်းဖယ်ရမ်းလုပ်နေသည်။ မာကာကပြေးလိုက်လျှင် မြင်းကအကပ်မခံဘဲ ပြေးသည်။ ထိုနောက် ရွာဆီသို့ ဦးတည်ကာ ဒုန်းစိုင်းထွက်ပြေးလေသည်။

မာကာသည် ရွာသို့ခြေလျင်လာခဲ့ရသည်။ သူသည် တောင်ကုန်းတောင်စောင်းတို့ကို ဖြတ်ကျော်ခဲ့ရသည်။ သူ့ရှေ့တွင် စိုက်ပျိုးမြေခင်းပြင်ကြီးသည် အပြောကျယ်စွာ ဝပ်စင်းနေသည်။ တောင်ခြေတွင်ကား မြက်ရိုင်းပင်တို့ ထူထပ်စွာ ပေါက်နေသည်။ ထိုနေရာတစိုက်တွင် လူတို့စွန့်ပစ်ထားသည့် မြေရိုင်းသည် ကျယ်လှသည်။ မာကာသည် မြေကြီးတဆုပ်ကိုယူ၍ကြည့်သည်။ မြေသည် နက်ပြာသည့် အဆင်းကို ဆောင်သည်။ လူတို့စွန့်ပစ်ထားသည့်နောက် တစတစ ရိုင်းလာခဲ့ရသည်။ ဤမြေကို ထွန်ယက်ရမည်ဆိုလျှင် ပင်ပန်းကြီးစွာ ထွန်ရလိမ့်မည်။

'အင်း၊ ဒီအတော်ကလေးကြိုးစားရအုံးမှာပါလား။ ကြာယင် ဒီမြေဟာ ကောသွားဖို့ဘဲ။ ဒိုက ဝတ္တရားမကျေဘူး။ ဟောဒီ ဩကာသ လောကကြီးမှာ လူဆိုတဲ့ ငါတို့တတွေက လဲ့ယင် ကျေးငှက်သတ္တဝါ တောရိုင်းတိရစ္ဆာန်စတဲ့ အရိုင်းတွေတောင်မှ ဒို့ထက် ဝတ္တရားသိတတ်သေးတယ်။ မြေကြီးဟာလဲ ဝတ္တရားကျေတယ်။ လူတွေကသာ ဆိုးရွားနေတာ။ လူတွေဟာ ဒီမြေမှာထွန်ယက်ဖို့ စိတ်မကူးကြဘူး။ သူတို့မှာ ငွေပစ္စည်း ငါ့လယ်ယာ ငါ့အိုးအိမ်ဆိုတဲ့ ပိုင်ဆိုင်လိုမှုတွေသာ အားကြီးနေတယ်။ အရိုင်းအစိုင်းတွေဘဲ။ ငါအိမ်ပြန်ရောက်ယင် လူတွေကို ထွန်ယက်စိုက်ပျိုးဖို့ပြောဟောမယ်။ နိုးဆော်မယ်။ လူတိုင်း စိုက်ပျိုးစေရမယ်'

သူ့မျက်နှာတွင် ချွေးမျှားပင် စို့လာသည်။ သူ့ပါးတွင်သွေးရောင်သည် သန်းလာလေသည်။

—၃၄—

ရွာထဲသို့ နာဂူနေ့ဒ္ဓ ဝင်သည့်အချိန်တွင် စပါးကျီ၌ ဂျုံဝေနေကြသူတို့ အရှိန်တက်နေဆဲ ဖြစ်သည်။ လုဗစ်ရှကာင်နှင့် သူ့အဖွဲ့သည် လယ်ကွင်းထဲတွင် ရှိနေကြသေးသည်။ စပါးကျီ ပတ်လည်၌ကား လူစုလူဝေးသည် ပို၍ကြီးမားလာသည်။ ဂျုံအိတ်များကို ကတ္တားများတွင်တင်ကာ ချိန်တွယ်ကြသည်။ ထိုနောက် လှည်းများပေါ်သို့တင်ကာ တသုတ်ပြီးတသုတ် သယ်ကြသည်။ မှိန်းမကြမ်းတသိုက်သည် အိတ်ငယ်များဖြင့်ရွက်ကာ သယ်ယူသည်။ တချို့ကမူ ဂါဝန်ကြီးများအတွင်း နိုင်သမျှထည့်ကာ သယ်ယူသည်။ ထိုနေရာတဝိုက်တွင် ဂျုံစေ့များ ပြန့်ကြဲနေသည်။

နာဂူနေ့ဒ္ဓသည် ထိုအဖြစ်ကိုမြင်ရလျှင် အယ်အခြေ ရောက်နေပြီကို ချက်ချင်းသိသည်။ ထို့ကြောင့် ရွာသားများကို ဖယ်ရှား၍ချိန်တွယ်နေသည့် နေရာသို့ရောက်အောင် တိုးသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ယခင်က စုပေါင်းယယ်ယာအသင်းဝင်ဟောင်းများ ဖြစ်ကြသည့် အိုင်ဗင် , ဗာတာရှိကော့နှင့် အပိုလွန်ပက်ရှကိုဗက်စကော့တို့သည် ကတ္တားများတွင် ဦးစီးရှေ့ဆောင်ပြုကာ ချိန်တွယ်နေကြသည်။ ထိုနေရာတွင် ဒါဗီးဒေါ့ကိုရင်း၊ ရတ်ဇမျော့နော့ကိုရင်း မတွေ့ရ။ ယာကွတ်လူးကစ်သည် တခါတရံ လူအုပ်ကြားၥ် ပေါ်လာသည်။ သူ့မျက်နှာသားသည် မမှန်လှ။ မျက်စိမျက်နှာ ပျက်နေသည်။ စိတ်ရှုပ်နေဟန်လည်း တူသည်။

မာကာသည် အိုင်ဗင်ကို တွန်းဖယ်ကာ ကတ္တားပေါ်သို့ တက်ရပ်လိုက်သည်။

"ဘယ်သူ့အခွင့်ရလို့ ဂျုံတွေ ယူကြတာလဲ"လူအုပ်ကြီးသည် မှင်တက်မိကာ ငြိမ်နေသည်။

"ဘယ်သူ့အမိန့်နဲ့ ဂျုံတွေချိန်နေတာလဲကွ။ မေးနေတယ်" မာကာ၏အသံသည် အမြင့်ဆုံးသို့ တက်သွားသည်။

"လူထုအမိန့်နဲ့ဗျ"

"ဒါဗီးဒေါ့ ဘယ်မှာလဲ"

"ကျုပ် ဒါဗီးဒေါ့ကို စောင့်ကြည့်နေတာမဟုတ်ဘူး"

"အုပ်ချုပ်မှုအဖွဲ့ရော။ သူတို့က ခွင့်ပြုသလား"

ဒမ့်မစ်သည် မျက်မှောင်ကုတ်ကာ နဖူးကချွေးကို အင်္ကျီလက်ဖြင့်သုတ်ယင်းကြည့်နေသည်။ ထိုနောက် အသံအောကြီးဖြင့် ဝင်၍ပြောသည်။ "ကျုပ်တို့ဖာသာ ခွင့်ပြုချက်ရလို့ ချိန်တာဘဲ။ အုပ်ချုပ်မှုအဖွဲ့ မသိဘူး။ကိုယ့်ဟာကိုယ် ယူတာပေါ့ဗျ"

"ကိုယ့်ဟာကိုယ် လုပ်တယ်။ အော် ဒီလို ကိုး" နာဂူနော့သည်နှစ်လှမ်းမျှ ခုန်လိုက်သည်တွင် စပါးကျီလှေကားခုံပေါ်သို့ရောက်သွားသည်။ထိုနောက်စပါးကျီတံခါးဝ၌ ရပ်နေသော လူငယ်တယောက်ကို လက်သီးဖြင့် တအားထိုးလိုက်ကာ တံခါးကိုပိတ်လိုက်သည်။ပြီးလျှင် တံခါးဝ၌ရပ်ကာ"ကဲ ပြန်ကြ ပြန်ကြ။ခင်ဗျားတို့ကို ဂျုံတစေ့မှ မပေးနိုင်ဘူး။ အနားကပ်တဲ့လူ ဆိုဗီယက်အစိုးရရဲ့ရန်သူဘဲလို့ ကျုပ်တို့ယူဆရလိမ့်မယ်"ဟုအော်သည်။

"အိုးဟို"ဒီမောက်သည် မထေမဲ့မြင် ရယ်လိုက်သည်။

နာဂူနော့ ဘယ်လိုရောက်လာမှန်း မသိလိုက်ကြသူများသည် ခရိုင်သို့သူမသွားမီ ဂရယ်မျချီ၌ သူ၏အနိုင်ဒွာရုံသတင်းပြန့်နေသည်။ ဗင်နစ်ကိုရိုက်သဖြင့် ရာထူးမှချကာ သူ့ကိုထောင်သို့ ပို့လိမ့်မည်ဟု ပြောဆိုနေကြသည်။ ထိုနေ့မနက်ကပင် ဗင်နစ်က ဤသို့ပြောသေးသည်။

"နာဂူနော့တော့ မစွာနိုင်တော့ဘူးကွ။ အစိုးရရှေ့နေကြီး ကိုယ်တိုင်က ငါ့ကို ပြောသွားတယ်။ ဒီကောင်ကိုဖမ်းရလိမ့်မယ်တဲ့။အကြောင်းသိတော့မှာပေါ့ကွ။ သူ့ကို ပါတီကကန်ထုတ်မယ်။ ဒီတော့မှ တောသူ တောင်သားတွေကို ရိုက်တဲ့ ဆုလတ်ကို မြက်မြက်လေး ခံစားရလိမ့်မယ်။ ခုခေတ်ဟာ ရှေးကလို မဟုတ်တော့ဘူးနော်".

ထိုသို့သတင်း ဖြစ်နေရာမှ နာဂူနော့ကိုမြင်လိုက်ရလျှင် အားလုံးအံ့အားသင့်ကြသည်။စပါးကျီလှေကားခုံပေါ်သို့ရောက်သွားလျှင် လူအုပ်ကြီးက ဝိုင်း၍အော်ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒီမှာ ဒို့အာဏာရှင်ဘဲဟေ့"

"ပြည်သူ့အာဏာနဲ့ သိမ်းပိုက်ထားတာကွ"

"ဟေ့ကောင်တွေ သူ့ကို အကျိုးအကြောင်းသိအောင် ပြောပြလိုက်စမ်းပါ"

"သူ့ကိုယ်သူ ဘာများထင်နေတယ်မသိဘူး"

ဒီမောက်သည် စပါးကျီဆီသို့ ဦးဆုံးရောက်လာသည်။ သူ့နောက်က ကောင့်ဆက်များ လိုက်လာကြသည်။ သို့သော် ခြေလှမ်း တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြသည်။ တယောက်က ခဲတာလုံးကိုကောက်သည်။

နာဂူပနော့သည် ဘောင်းဘီအိတ်ထဲမှ ခြောက်လုံးပြူးကိုထုတ်ကာ မိုးပေါ်သို့ ထောင်လိုက်သည်။ ဒီမောက်သည် တန့်ကနဲရပ်လိုက်သည်။ သူ့နောက်က ကောင့်ဆက်များလည်းရပ်သည်။ ခဲကိုင်ထားသူသည်လည်း ခဲကိုလွှတ်ချလိုက်သည်။ နာဂူနော့သည် အရေးဆိုလျှင် မောင်းဖြုတ်ရန် ဝန်လေးသူ မဟုတ်ကြောင်း သူတို့အားလုံး သိထားကြသည်။

"ဟေ့ မင်းတို့ထဲက ငါ့သေနတ်နဲ့ ခုနစ်ယောက်တိတိကိုပစ်သတ်မယ်နားလည်လား။ မင်းတို့ခုနစ်ယောက်သေပြီးမှ စပါးကျီကိုဖွင့်လို့ရမယ်ကွ။ ကဲ ဘယ်သူအယင်လာမလဲ။ လာခဲ့လေ"

ဘယ်သူမျှ သေချင်ကြဟန်မတူ။မလှုပ်ကြ။ တမိနစ်နှစ်မိနစ်ခန့် တွေဝေသွားကြသည်။ ဒီမောက်သည် တစုံတခုကို စဉ်းစားနေသည်။ ထိုအခါ နာဂူနော့က သေနတ်ကိုအောက်သို့ ချလိုက်ပြီးလျှင် ဆက်လက်၍ အမိန့်ပေးသည်။

"လူစုခွဲကြဟေ့။ ခုချက်ချင်း လူစုခွဲကြ။ မခွဲယင်ပစ်မှာဘဲ"

သူ့စကားမဆုံးမီပင် သံချောင်းတချောင်း သူ့နောက်က တံခါးကိုလာ၍ မှန်သည်။ ဒီမောက်၏ သူငယ်ချင်း ယီဖင်ထရွန်းဗာချော့ ပစ်လိုက်သည့် သံချောင်းဖြစ်သည်။ နာဂူနော့ကို ချိန်၍ပစ်သော်လည်း လွဲသွားသဖြင့် လှည်းနောက် ခေါင်းငုံ့ကာ ပုန်းလျှိုးနေလိုက်သည်။ နာဂူနော့သည် ချက်ချင်းပင် ဆုံးဖြတ်ချက်တခု ချလိုက်သည်။ စစ်ပွဲတပွဲတွင် တွေဝေမနေနိုင်တော့ဘဲ ဆုံးဖြတ်ချက် ချနည်းမျိုးဖြစ်သည်။ ပရိသတ်အကြား ခေါင်းလုံးကိုရှောင်ယင်း လူအုပ်ခေါင်းပေါ်သို့ သေနတ်တချက်ထောင်၍ ပစ်ကာ လှေကားထစ်ပေါ်မှ ဆင်းပြေးသည်။ လူအုပ်ကြီးက လမ်းဖယ်ပေးသည်။ သူသည် တယောက်ပြီးတယောက် ရိုက်နှက်ထိုးကြိတ်ကာ ထိုနေရာမှ ထွက်ပြေးလေသည်။ ရုတ်ရုတ်သဲသဲဖြစ်လာသဖြင့်တယောက်ကိုတယောက်နင်းကာ၊ ဖယ်ကာ၊ ရှားကာ ပြေးကြလေသည်။

"ဘာလို့ထွက်ပြေးကြတာလဲ။ သူ့သေနတ်မှာ ကျည်ဆန် ခြောက်ခုဘဲကျန်တော့တယ်ကွ" မင်နစ်က တနေရာမှအော်သည်။ မာကာသည် စပါးကျီရှိရာသို့ပြန်လှည့်လာသည်။ သို့သော်လှေကားခုံပေါ်သို့ကား မတက်တော့ပေ။ နံရံတွင်မှီ၍ရပ်ကာအားလုံး၏အခြေအနေကိုအကဲခတ်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရှေ့မတိုးနဲ့ ရပ်နေ"ဒီမောက်၊ထရူးဗာချော့နှင့်အခြားသူများကိုအော်၍ပြောသည်။ "မကာပ်ကြနဲ့ နေဉ် ပစ်ထည့်လိုက်မှာ"

အိုင်ဗင်၊အာတာမန်ရှုကော့နှင့်အခြားသုံးယောက်သည်လှိုဏ်အုပ်ထဲမှ ထွက်လာကာ ပရိယာယ်သုံးကြသည်။ သူတို့သည်နာဂူနေ့ာ့နှင့် အလှမ်းသုံးဆယ် အကွာလောက်တွင် ရပ်လိုက်သည်။

"မဲဘော်ကြီးနာဂူနေ့၊ စကားလေး ပြောစရာရှိလို့ပါဗျာ။ သေနတ်ချထားပါလား"

"ခင်ဗျားတို့ဘာလိုချင်သလဲ။ လူစုခွဲပါလို့ ကျုပ်ပြောတယ်မဟုတ်လား"

"ကျွန်တော်တို့ အခွင့်ရလို့ ဂျုံတွေယူတာပါဗျ။ ခင်ဗျားကာ မဟုတ်တာဝင်လုပ်တာဘဲ"

"ဘယ်သူ့ဆီကအခွင့်ရသလဲ"

"တိုင်းကော်မတီ တယောက်ထင်တယ်။ ရောက်လာတာဘဲ။ သူ့အမိန့်ဘဲဗျ"

"သူအခုဘယ်မှာလဲ။ ဒါဗီးဒေါ့ရော။ ရတ်ဇမျော့နော့ရော"

"ရုံးထဲမှာအစည်းအဝေးလုပ်နေတယ်လေဗျာ"

"ခွေးမျိုးတွေ။ ခင်ဗျားတို့လိမ်တာ။သွားကြစမ်း ထွက်သွားနှားမတိုးနဲ့။ ပစ်ထည့်လိုက်မှာ" နာဂူနေ့ာသည် သေနတ်ကိုဝဲဖက် လက်မောင်းတွင်တင်ကာ သူတို့အား ချိန်ထားသည်။

"ခင်ဗျားကကျုပ်တို့ပြောတာမယုံဘူးပေါ့။ မယုံယင်သွားကြည့်ချေဗျာ။ ဒါမှမဟုတ်ယင်သူတို့ကိုခေါ်ခဲ့ရမလား။အေးဗျာ သေနတ်နဲ့တော့ မခြိမ်းခြောက်ပါနဲ့။ ခင်ဗျားလူထုကိုဆန့်ကျင်မလို့လား တရွာလုံးကိုဆန့်ကျင်မလို့လား"

"အနားမတိုးခဲ့နဲ့။ အဲဒီနေရာမှာဘဲနေ။ မင်းတို့ငါ့ရဲဘော်မဟုတ်ဘူး။ မင်းဟာတခါတုန်းက တန်ပြန်တော်လှန်ရေးသမား။ အခုမင်းအစိုးရပိုင် ဂျုံကိုခိုးတယ်။ ဒီမှာမင်းတို့နားလည်ဖို့ကဆိုဗီယက်အစိုးရကို ဆန့်ကျင်ယင်ငါမခံဘူးဆိုတာဘဲ"

ဗာတာရှီကော့သည် တစုံတရာပြန်၍ပြောရန် ဟန်ပြင်နေသေးသည်။ သို့သော် ထိုအချိန်တွင်ပင် လမ်းထောင့်မှ ဒါဗီးဒေါ့ထွက်လာသည်ကိုမြင်ရလေသည်။ ဒါဗီးဒေါ့သည် သွေးသံရဲရဲဖြင့်ဒယိမ်းဒယိုင်လျှောက်လာသည်။နာဂူနေ့ာသည် ထိုအဖြစ်ကို မြင်လျှင် ဗာတာရှီကော့ထံသို့ ပြေးသွားသည်။ "ဟာ ခွေးမျိုး မင်းညာတာ ဒါဘဲလားကွ။ ဒို့ကိုရိုက်နှက်တယ်ပေါ့ဟုတ်လား"

ဗာတာရှီကော့နှင့် အတာမန်ရှုကော့တို့ ထွက်ပြေးကြသည်။ နာဂူနေ့ာသည် သူတို့ကိုချိန်၍နှစ်ချက်ပစ်သည်။ သို့သော်လွဲသွားသည်။ တဖက်တွင် ဒီမောက်သည် ဝင်းထရံတိုင်ကိုချီးကာစောင်နေသည်။ သူ့နောက်ကလူအုပ်ကား လှုပ်မကွဲသေး။

"ခွေးမျိုးလေး ဆိုဗီယက်အစိုးရကို အဲတုလို့ရမှတ်လို့လားကွ"ဟု ပြောပြော ဆိုဆိုဒီမောက်ရှိရာသို့ပြေးသွားသည်။

"ဆော်ဟေ့။ ဒီကောင်ကိုဆော်ပါသားကွ"

---

www.facebook.com/NyisayEbookCreator

www.nyisay.com



"အေးကွာ... ခုနေမျှားသေနတ်ရှိယင် ကောင်းမှာဘဲ" လူအုပ်နောက်ဖက်တွင် ယာကွတ်သည် တက်တခေါက်ခေါက် ညည်းညူနေသည်။ ယခုလို အရေးကောင်းခိုက် ပေါ်လောဆက်မရှိသည့်အတွက် တဖူနာသည်ဟု ပြစ်တင်ကျိန်ဆဲနေသည်။ "ဟော့ ကောဆက်ကြီးတွေ။ဒီသူ့ရဲကောင်းကြီးကိုဖမ်းပါလားရှင့်" မာရီနာ၏အသံကို ကြားရသည်။ တဖန် ဒမ်မစ်၏လက်မောင်းကို ကိုင်၍လှုပ်ကာ "ရှင့်ကိုယ်ရှင်ကောဆက်ကြီးလို့ အခေါ်ခံနေပြီး ဒါလောက်ဘဲ သူ့ရဲဘောနည်းရသလား"ဟု မေးနေသည်။

ထိုခဏအတွင်းပင် လူအုပ်ကြီးသည် ဖရိုဖရဲ ဖြစ်ကာ သောင်ပြင်လွတ်သည့် ခွေးလို ဟိုပြေးသည်ပြေး ပြေးကြသည်။

"စစ်တပ်လာပြီဟေ့"

တောင်စောင်းဆီမှ မြင်းတပ်သား သုံးဆယ်ခန့် ရွာဆီသို့ဆင်းလာသည်။မြင်းခွာသံတို့နှင့်အတူ ဖုံတထောင်းထောင်း ထနေသည်ကို အဝေးမှလှမ်း၍ မြင်ရသည်။ လုဗစ်ရှကင်က ရှေ့ဆုံးမှဖြစ်သည်။ ထိုနောက် ကျောက်ပေါက်မာနှင့် အက်ဂိဖွန် ဒပ်ဆောကို တွေ့ရသည်။သူတို့နောက်တွင် စုပေါင်းလယ်ယာအသင်းဝင် လယ်သမားများ ပါလာသည်။

ထိုနေ့ညနေတွင်ပင် ခရိုင်မှ စစ်တပ်ရောက်လာသည်။ အိုင်ဗင်၊ အပေါ်လွန်၊ ယိဖင်နှင့် အခြားသုံးလေးယောက်ကို လယ်ထဲတွင်ဖမ်းလိုက်သည်။ အစ်ကနာတိယိုနေ၏ အမေကြီးကိုမူ အိမ်မှာပင် ဖမ်းမိသည်။ သူတို့အားလုံးကို ခရိုင်သို့ ပို့လိုက်သည်။ ဒိမောက်က ကျေးရွာဆိုဗီယက်ရုံးသို့ရောက်လာပြီးလျှင် အဖမ်းခံသည်။

"ဝင်ခဲ့လေကွာ"ရတ်ဇမျှော့နေော့၏အသံသည် အောင်နိုင်သူ၏အသံပြီသသည်။

"နိုင်တုန်းတော့ လုပ်ကြပေါ့ဗျာ။ ကဲ ကျုပ်ဘယ်သွားရမလဲ"

"ခရိုင်ကို သွားရမယ်"

"ဘယ်မှာဘဲ ခင်ဗျားတို့ စစ်အဖွဲ့က ထည့်မယ့်အစောင့်"

"ခဏနေလာမှာပါကွ။ အေး မင်းကို ခရိုင်ပြည်သူ့ခုံရုံးက သင်ခန်းစာပေးလိမ့်မပေါ့ကွ။နောင်အခါ ဥက္ကဋ္ဌကို ဘယ်လိုရိုက်ရမယ်ဆိုတာ နားလည်လိမ့်မယ်"

"[illegible]များ။ကျုပ်ကို စပါးကျီထဲ လှောင်ထားပါလား ရတ်ဇမျှော့နေော့"

နောက်တနေ့တွင် သူတို့သည် ဂျုံများကို ပြန်၍ သိမ်းသည်။ ညနေခင်းတွင် ဂျုံအားလုံးလိုလို ပြန်၍ရသည်။ ဘာလီ တင်းနှစ်ဆယ်နှင့် ပြောင်းအိတ် အနည်းငယ်သာ လျော့[illegible]ထိုနေ့ညနေမှာပင် တသီးပုဂ္ဂလလယ်သမားများကို မျိုးစေ့များ ထုတ်ပေးလိုက်လေသည်။

စာသင်ကျောင်းတွင် [illegible]ကျော်အစည်းအဝေး ခေါ်သည့်အခါ အတန်ငယ်မှောင်ရီပျိုးနေပြီ။ ထိုအစည်းအဝေး[illegible]ဒေါ်က မိန့်ခွန်းပြောကာ ဖွင့်လှစ်လေသည်။

"မနေ့က [illegible]အပျက်ဟာ ဘာသဘော[illegible]ရဲဘော်တို့။အဲဒီအထဲမှာ စုပေါင်းလယ်ယာ အဖွဲ့ဝင်တွေလဲ ပါတယ်။ တသီးပုဂ္ဂလလယ်[illegible]များတွေလဲပါတယ်။ တခုဘဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှိတယ်။ မနေ့က အဖြစ်အပျက်ဟာ ကုလတ်တွေရဲ့ သွေးထိုးချက် ပါတယ်။ သူတို့လှုံ့ဆော်တာဘဲ။ကျုပ်တို့ ရန်သူရဲ့လှုံ့ဆော်သွေးထိုးတာ နောက်ယောင်ပြီး လိုက်ကြတာဘဲ။ မနေ့ကအဖြစ်ဟာ ရှက်စရာကောင်းတယ်။ အင်မတန် အဖိုးတန်တဲ့ ဂျုံတွေ မြေမှာ အလဟဿဖြစ်ကုန်ရတယ်။သူခိုးကျင့် ခါးပြကျင့်ဘဲဗျ။တချို့ဆိုယင် နိုင်ငံရေး အသိမရှိဘူး။ မိန်းမတွေကိုမြှောက်ပေးပြီး ကျုပ်ကို အရိုက်ခိုင်းတယ်။ တယောက်ကဆိုယင် ကျုပ်အလျော့မပေးရကောင်းလားဆိုပြီး အော်သေးတယ်” ထိုအခါ ဒါဗီးဒေါ့သည် နာစတင်ကာဒေါနက်စကိုဗာကို လက်ညှိုးညွှန်၍ ပြောသည်။“ခင်ဗျားဘဲ မဟုတ်လား။ကျုပ်ကျောကို လက်သီးနဲ့ထုတာ။ပြီးတော့ ဒေါသနဲ့ ငါဘယ်လောက် ထုပေမယ့် ဒီလူကြီးက ကျောက်တုံးကြီးကျနေတာဘဲအေလို့ ပြောသေးတယ်”

နာစတင်ကာသည် ရှက်လှသဖြင့် လက်ကိုင်ပုဝါကွယ်ကာ နားသောင်နေသည်။ အစည်းအဝေးတခုလုံးက သူ့ကိုကြည့်ကြသည်။

ဒါဗီးဒေါ့သည် ဆက်လက်၍ ပြောပြန်သည်။ ယခုအခါတွင်မူ သူ့မျက်နှာ၌ အပြုံးရိပ်သန်းနေလေသည်။ “သူက လက်နက်ချ အရှုံးပေးပြီး ကျီဇေသာ့တွေ ပေးစေချင်တယ်ထင်ပါရဲ့။ ဒါပေမယ့် ခင်ဗျားတို့နားလည်ဖို့က ကျုပ်တို့ ဗော်လရှီဗစ်သွေးဟာ ဒီလိုအညံ့ခံတဲ့ အစားမဟုတ်ဘူး ဆိုတာဘဲ။ ကျုပ်တို့ကို ဘယ်သူမှ ခိုင်းလို့မရဘူး။ ပုံသွင်းလို့မရဘူး။ ပြည်တွင်းစစ်တုန်းက ကျုပ် ဒီ့ထက် အရိုက်အနှက်ခံခဲ့ရပါတယ်။ ဒါပေမယ့် ဦးမညွတ်ခဲ့ပါဘူး။ ဗော်လရှီဗစ်ဆိုတာ ဘယ်တော့မှ ဒူးမထောက်ဘူးဗျ”

“ဒါဟာအမှန်ဘဲ”နာဂူနော့က တုန်ယင်သောအသံဖြင့် ထောက်ခံသည်။

“ကျုပ်တို့ရန်သူကိုသာ ပစ္စည်းမဲ့တွေရှေ့မှာ ဒူးထောက်အောင် ကျုပ်တို့တိုက်ခဲ့တာဗျ။ နောင်လဲ ဒီလမ်းစဉ်အတိုင်း ဆက်လက်ကျင့်သုံးမှာဘဲ”

“ကမ္ဘာ့နဲ့ချီပြီး တော်လှန်ရေး လုပ်မှာပေါ့ဗျာ” နာဂူနော့က ကြားဝင်ပြန်သည်။

“ဟုတ်တယ် ကျုပ်တို့ဟာ ဒီလမ်းစဉ်ကို ကမ္ဘာနဲ့ချီပြီး ကျင့်သုံးရမယ်။ ဒါပေမယ့်မနေ့ကတော့ ခင်ဗျားတို့ဟာ ရန်သူကို ထောက်ခံအားပေးခဲ့တယ်။ ဒါဟာ ဘာသဘောလဲ။ စပါးကျီတွေ ရိုက်ချိုးတယ်။ ရတ်ဇမျော့နော့ကိုဖမ်းပြီး လှောင်ထားတယ်။ ကျုပ်အရိုက်ခံရတယ်။ ဒါဟာ တန်ပြန် တော်လှန်ရေးသမားတွေ လုပ်တဲ့အလုပ်ဘဲ။ အစ်ကနာတီယိုနော့ အမေကြီးဟာ ဒီအထဲမှာ ခေါင်းဆောင်တယောက်အဖြစ်ပါသာတယ်။ ပြည်သူ့ခုံရုံးက သက်ညှာမှာ မဟုတ်ဘူး”

“ကဲ အမေပြောလေ”အစ်ကနာတီယိုနော့က တထောင့်မှအော်သည်။

“ကျုပ်ပြောတာက ခင်ဗျားကို ရည်စူးပြောတာမဟုတ်ပါဘူး။ ထားပါတော့လေ။ ခုသူတို့တတွေကိုလဲ ဖမ်းထားပါပြီ။ ဒါပေမယ့် ခင်ဗျားတို့သတိထားဖို့က ကုလတ်တွေ မှိုင်းတိုက်တိုင်းမယုံဖို့ဘဲ။ တယောက်ကဆိုယင်၊ ဂျုံယူတဲ့လူတိုင်းကို ဖမ်းမယ်ဆိုတာ ဟုတ်သလား။ သူ့ပစ္စည်းရော သိမ်းမှာလား၊ ပြီးတော့ နယ်နှင်ဒဏ်ခတ်မှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



လား။ လို့ မေးတယ်။ မဟုတ်ပါဘူး။ ခဗ်ာလရှိုဗစ်တွေဟာ ဘယ်တော့မှ လက်စား မချေတတ်ပါဘူး။ ရန်သူကိုသာ အသနားကင်းမဲ့စွာ တိုက်တာပါ။ ဒါပေမယ့် ခင်ဗျားတို့ကတော့ ကုလတ်တွေမှိုင်းတိုက်တာနဲ့ စုပေါင်းလယ်ယာကထွက်တယ်။ဂျုံတွေယူတယ်။ ဒီလိုလုပ်သော်လဲ ခင်ဗျားတို့ကိုရန်သူလို့ သဘောမထားပါဘူး။ခင်ဗျားတို့ဟာတွေဝေတဲ့ လူလတ်တန်းစား လယ်သမားတွေဘဲ။ ခင်ဗျားတို့ကိုအပြစ်မယူပါဘူး။ ခင်ဗျားတို့ အသိဉာဏ်ကိုသာ ဖွင့်ပေးမှာပါ"

တီးတိုးသံများ ဆူညံသွားသည်။ ဒါဗီးဒေါ့သည် ဆက်၍ပြောပြန်သည်။

"ခင်ဗျားတို့ ဘာမှမကြောက်ကြပါနဲ့။ မနေ့က ကျုပ်ကိုရိုက်ပေမယ့်လဲ ဒီနေ့ ကျုပ်ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် နက်ဖြန် လယ်ထွန်ဆင်းတဲ့အခါ အလုပ်ကောင်းကောင်းမလုပ်ယင်တော့ သည်းမခံနိုင်ဘူး။ ဒါဟာလဲ ခင်ဗျားတို့အကျိုးအတွက်ပါဘဲ"

ရယ်မောသံများကိုကြားရသည်။ နောက်ပိုင်းက ဆူနေသည်။

"တဲ ခင်ဗျားတို့လဲ ညစာစားဖို့ရှိသေးတယ်။ ဒီတော့ တိုတိုဘဲပြောမယ်။ကျုပ်တို့ရဲ့ ရွေးသီးမယ့်မြေကြီးကတော့ဖြင့် ခင်ဗျားတို့ကို စောင့်နေပြီ။ အလုပ်လုပ်ကြဖို့ဘဲရှိတယ်။စိုက်ပျိုးရေး ပြီးအောင်လုပ်ကြမယ်။ အဲဒါပြီးယင်အားမယ်။အနားယူနိုင်မယ်။ အခုရှင်းရှင်းဘဲ ပြောလိုက်မယ်။ နက်ဖြန်ကစပြီး ဆိုဗီယက်အစိုးရကို ဆန့်ကျင်ချင်လို့ လယ်ကိုဆင်းပြီးမထွန်ချင် နေနိုင်တယ်။ ထောက်ခံတဲ့ လူကတော့ လယ်ဆင်းပေတော့။ မထွန်တဲ့ လူ့ရဲ့လယ်ကိုတော့ စုပေါင်းလယ်ယာက သိမ်းရလိမ့်မယ်။ ပြီးတော့ ကျုပ်တို့စိုက်မယ်"

ဒါဗီးဒေါ့သည် စာပွဲတွင်ထိုင်ကာ ရေတခွက် သောက်လိုက်သည်။ ထိုအချိန်တွင် အလွန်နေ့ာင်တရသည့်အသံတခုကို ကြားရလေသည်။

"မောင်မင်းကြီးသား ဒါဗီးဒေါ့ရယ်။ ခင်ဗျားတယ်လဲ သဘောထားကြီးပါကလား။ကျုပ်တို့ကို လက်စားမချေဘူး ဗွေမယူဘူးဆိုတာကိုဘဲ ချီးကျူးပါတယ်။ဒီမှာရောက်နေတဲ့ လူတွေအားလုံးလိုလို မနေ့က ပါကြတာဘဲ။ ကျုပ်တို့ သိပ်ရှက်တယ်ဗျာ" ဘာလုပ်ရမှန်း ဘာပြောရမှန်းတောင် မသိတော့ဘူး။ မိန်းမဆိုတာတွေကလဲ မကောင်းပါဘူး။ ဒါပေမယ့် ဒို့တို့မရှိလဲ မဖြစ်ဘူးမဟုတ်လားခင်ဗျ။ဒီတော့ ပြီးခဲ့တာတွေ ပြီးပါစေတော့ခင်ဗျာ"

× ×

နောက်တနေ့နံနက်တွင် အဖွဲ့ဝင်တော်တော်များများ ဆယ်ထိမှ စုပေါင်းလယ်ယာသို့ ပြန်၍ ဝင်လိုသည့် လျှောက်လွှာများရောက်လာသည်။ အရှက်မတက်မီကပင် တတိယအဆိုင်းသည် လယ်တော်သို့ ဆင်းခဲ့ကြသည်။

လုဗစ်ရုကင်ကာမပါ်းကျီများတွင် အစောင့်များထားရန် ပြောသေးသည်။ သို့သော် ဒါဗီးဒေါ့က "အခုဆိုယင် မလိုတော့ဘူး ထင်ပါတယ်" ဟု ဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လေးရက်တွင်ရာထားချက် တဝက်ခန့် စိုက်ပျိုးပြီးစီးခဲ့လေသည်။ ဧပြီလ ၂ ရက်တွင် တတိယအဆိုင်းသည် မိုးကျထွန်ပွဲသို့ ဆင်းကြလေသည်။ ထိုတချိန်လုံး ဒါမီးဒေါ်သည် ရုံးသို့ တကြိမ်သာ ပြန်သည်။ လူတော် လူကောင်းမှန်သမျှကို လယ်တောသို့ ပို့သည်။ ရှယ်ရှူကာကိုပင် မြင်းဇောင်းအစောင့်တာဝန်မှ ရုပ်သိမ်းကာ ဒုတိယအဆိုင်းတွင် ထည့်လိုက်သည်။ သူကိုယ်တိုင်လည်း အရဏ်တက်ကထဲက ဆင်းသည်။ ညသန်ကောင်မှ အိမ်သို့ ပြန်လေသည်။

—၃၆—

လုဗစ်ရှကင်သည် မြင်းပုလေးကိုစီးကာ ရုံးထဲသို့ ဝင်သည်။ဒယ့်မကာသည် သူ့ကိုစောင့်ကြည့်နေသည်။

"ယော့်ရှုသခင်နဲ့ တူသဟေ့။ ဂျေရူစလင်မြို့ထဲ မြည်းပုစီးပြီး ဝင်လာသလိုဘဲ"

"ခင်ဗျားသာမြည်းဗျ" ထိုနောက် ရုံးထဲသို့ ဝင်လာသည်။ "ဒါမီးဒေါ်ရှိသလား"

"ရှိပါရဲ့။ ခင်ဗျားကို တွေ့ချင်လို့ စောင့်နေတယ်မှတ်တာဘဲ။ နှစ်ရက်လုံးလုံး ထမင်းမစား ရေမသောက်နဲ့ဗျာ။ ခင်ဗျားကိုဘဲ မျှော်နေတာဘဲ။ ပါးစပ်ကလဲ ငါ့ရဲဘော်ကြီး လုဗစ်ရှကင် ဘယ်မလဲ။ သူ့မတွေ့ရယင် သေမှာဘဲတဲ့"

"တော်စမ်းပါ။ ဘာတွေ လျှောက်ပြောနေတာလဲ။ ခင်ဗျားပါးစပ်ပိတ်ထားယင် ကောင်းမယ်"

ဒါမီးဒေါ်နှင့် ရတ်ဇမျော့နော့တို့သည် ဆွေးနွေးပွဲတခု ထိုင်ပြီးစဖြစ်၍ စကားလက်ဆုံ ကျနေသည်။ ဂရယ်ချချီတွင် ကလေးထိန်းဌာနတခု ဖွင့်လှစ်ရန် သားသယ်အမေများနှင့် စည်းဝေးတိုင်ပင်ခြင်းပင်ဖြစ်သည်။ လုဗစ်ရှကင်သည် အခန်းထဲသို့ဝင်ရန် အတန်ငယ် စောင့်နေရသေးသည်။ သားသယ်အမေများထွက်လာမှ ချွေးသံရွှဲရွှဲဖြင့် ဝင်သွားသည်။ ဖုံနှင့် ချွေးတို့သည် သူ့မျက်နှာတွင် စုလျားရစ်ပတ် နေကြသည်။

"ကျွန်တော် လယ်ထဲက တက်လာတာဘဲ။ တတိယအဆိုင်းဆီက လာခဲ့တာ"

"ဘာကိစ္စရှိလို့လဲ"

"ဟာဗျာ ဒီအတိုင်းသွားမယ်ဆိုယင်တော့ ဘာမှ အလုပ်ဖြစ်တော့မယ်မဟုတ်ဘူး။ ဘာတခုမှလဲ မပြီးသေးဘူး။ ကျွန်တော့်ဆီမှာ ထွန်နိုင်စိုက်နိုင်တဲ့လူ နှစ်ဆဲ့ ရှစ်ယောက် ရှိတယ်။ဒါပေမယ့် သူတို့တတွေက အလုပ်မလုပ်ချင်ကြဘူး။ ဟိုးလေး ဟားလေး နေချင်ကြတာဘဲဗျ။ လျှောက်လည်နေကြတယ်။ သူတို့ကို အုပ်ချုပ်မယ့်သူလဲ မရှိဘူး။ အုပ်ချုပ်လို့လဲမရဘူး။ ကျွန်တော့်ဆီမှာ အခု ဆဲ့နှစ်ထွန်နဲ့ဘဲ ရှန်းနေရတယ်။ ကွန်ဒရတ်တယောက်ဘဲ နွားနဲ့ဖက်ပြီး ရှန်းနေရတယ်။ သူအပင်ပန်းဆုံးဘဲ။ အကင်း၊ဆော့မြိုန်၊ဇူဇင်ကော့နဲ့ အတာမန်ရှူကော့တို့ကတော့အလကားဘဲ။နည်းနည်းမှ

www.facebook.com/NyisayEbookCreator
www.nyisay.com



သုံးလို့မရဘူး။ သူတို့တတွေဟာ တခါမှ ထွန်ထုံးကိုင်ဘူးတာ မဟုတ်ဘူးဗျ။ဆေးလိပ်ထိုင်သောက်ပြီး စကားများနေတာဘဲ”

“ခင်ဗျားတို့ထွန်တာ တနေ့ဘယ်လောက်ပြီးသလဲ”

“ကျွန်တော်နဲ့ ကွန်ဒရတ် ထွန်တာနှစ်ကေပြီးတယ်။ သူတို့ကတော့ဗျာ တကေလောက်ဘဲပြီးတာဘဲ”

ဒါဗီးဒေါ့သည် စာပွဲကိုခဲတံဖြင့်ခေါက်နေသည်။ ထိုနောက် “ကဲအခုဘာကိစ္စလာတာလဲ။ ခင်ဗျား မျက်ရည်ကိုကျုပ်တို့က သုတ်ပေးရမှာလား”ဟု ဘုကျကျပြောလေသည်။

“အို စေးလိုက်တာဗျာ ခင်ဗျားတို့ဆီလာတာ မျက်ရည်သုတ်ခိုင်းရအောင် မဟုတ်ဘူးဗျ။ ကျုပ်ကိုလူထပ်ပေးပါ။ ထွန်ထပ်ပေးပါဒါဘဲ။ ခင်ဗျားတို့ပြောချင်သလိုပြောနိုင်တယ်။ ပြောင်ချင်သလိုပြောင်နိုင်တယ်။ ခင်ဗျားတို့လိုအပျက်စကားမျိုးတော့ ကျုပ်လဲပြောတတ်တာပေါ့ဗျာ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါပေမယ့်အလုပ်ကျတော့သာ မလွယ်လှတာ။ ဘာလဲ ဒါနဲ့တောင်ခင်ဗျားက အဖွဲ့ခေါင်းဆောင်လုပ်နေသေးတယ်။ သူတို့ကိုခင်ဗျားနိုင်အောင် မအုပ်ချုပ်နိုင်ဘူးလား။ စည်းကမ်းတင်းကြပ် ပေးမှပေါ့ဗျ။ နည်းနည်းလေးမျက်နှာသာပေးလိုက်ယင် ပျက်စီးလေလွင့်ကုန်ကြတာဘဲ”

“စည်းကမ်း၊ ဟုတ်လား” လူဗစ်ရှကင်၏အသံသည်ပို၍ကျယ်လောင်လာသည်။ ချွေးလည်းစို့လာသည်။ တုန်တုန်ရီရီလည်း ဖြစ်လာသည်။ “သူတို့အဖွဲ့မှာ ခေါင်းဆောင်က အတာမန်ရှူကော့ဗျ။ သူကလယ်သမားတွေကိုလိုက်ပြီး ဖျက်ဆီးနေတာ။ သူ့ကိုကန်ထုတ်ယင်လဲသူကကျန်တဲ့လူတွေဆွဲခေါ်သွားမှာဘဲ။ဒီမှာဆေးမြှန်ဒါဗီးဒေါ့၊ ခင်ဗျားကျုပ်ကိုရယ်စရာ ပြောနေတာလား။ အတည်ပြောနေတာလား။ ကျုပ်ဆီကိုတော့ ဂျိုကျိုးနားရွက်ပဲ့တွေ စုပြုံပို့ထားပြီး ခင်ဗျားက အလုပ်လုပ်ဖို့အကြောင်း ပြောနေတယ်။ကဲခင်ဗျားအဖိုးကြီး ရှယ်ရှူကာလိုလူမျိုးနဲ့ ကျုပ်ဘယ့်နှယ်အလုပ်လုပ်နိုင်မလဲ။ဒီအဖိုးကြီးက ဖရဲသီးခင်းစောင့်ခိုင်းဖို့ကောင်းတာဗျ။ ဒါမှမဟုတ် စာခြောက်ရုပ်လုပ်ခိုင်းဖို့ဘဲ[illegible]သူဘာလုပ်တတ်သလဲ။မထွန်တတ်ဘူး၊နွားမမောင်းတတ်ဘူး။ ကရဝိတ်သံ ကြှိုးကြာသံလို အသံစာစာလေးဘဲရှိတယ်။ အဲဒီအသံကို နွားအမ်ကြောက်ဘူးဗျ။

“မနေ့ကသူ့ကို ထမင်းချက်ခိုင်းတယ်။ယာဂုအိုးကျိုတာတဲ့ဗျာ၊တအိုးလုံးအငန်ပေါက်နေတာဘဲ။ ဆားတပိဿာလောက် လောင်းထည့်လိုက်တယ်ထင်တာဘဲ။ ဘယ်သူမှမစားနိုင်ဘူး။ ကဲတော်ပြီ ဒါဗီးဒေါ့။ ကျုပ်ကိုအဖွဲ့ခေါင်းဆောင် မခန့်နဲ့တော့။ သူတို့လိုလူမျိုးတွေနဲ့ ကျုပ်စိတ်မရှည်တော့ဘူး” လူဗစ်ရှကင်၏တကိုယ်လုံးသည်နတ်ကျသလိုတုန်နေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အို ခုမှလာပြီးညည်းမနေနဲ့။ ခင်ဗျားအလုပ်ကို ဆက်သာလုပ်။ ဒီနေ့ညနေ ကေသုံးဆယ်အပြီးထွန်ဖို့ဘဲ။ ခင်ဗျားမဆော်ဩနိုင်ယင်ဒါဘဲ။ သွားသာသွား။ကျုပ် တနာရီအတွင်းလယ်ထဲဆင်းခဲ့မယ်"

လုဗစ်ရှကင်သည် တံခါးကိုဆောင့်ပိတ်ကာ ရုံးခန်းမှထွက်လာခဲ့သည်။ မြင်း ပေါ်သို့တက်ခါနီးတွင် ဒယွှမ်ကာဥရှကောဗ့က "ဘယ့်နှယ်လဲဟေ့ ရဲဘော်ကြီးလုဗစ် ရှကင်ရဲ့။ ထွန်လို့ပြီးပြီလားဗျ" ဟုမေးသည်။

"အို ဒါခင်ဗျားကိစ္စမဟုတ်ပါဘူး"

"ဟား ဟား၊ ဘာလို့မဟုတ်ရမှာလဲဗျ။ ကျုပ်တို့အားလုံးကိစ္စပေါ့"

လုဗစ်ရှကင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"အေး မင်းသတ္တိရှိယင် စမ်းတာပေါ့ကွာ။ မင်းမျက်ခွက်ကြီးကို မျက်လုံးတည့် တည့်ထိုးထည့်လိုက်မယ်။ ဒါမှ မင်းမျက်လုံးစွေနေတာ တည့်သွားမယ်"

ဒယွှမ်ကာက တံထွေးကို ပက်ကနဲ ထွေးလိုက်သည်။ "ဟိုဟိုး မျက်လုံးစွေတာ တည့်အောင်လုပ်ပေးမယ့် ဆရာဝန်ကြီးပါလားကွ။ခင်ဗျား လယ်သမားတွေဘဲ အလုပ် လုပ်နိုင်အောင် ကုပေးလိုက်ပါအုံးတဲ့ဗျာ"

လုဗစ်ရှကင်သည် ခြံဝမှ တဟုန်ထိုးမြင်းစီး၍ထွက်သွားသည်။ သူထွက်သွား၍မျှ ဖုံလုံးမသိပ်မီ ဒါဗီးဒေါ့ ထွက်လာပြီးလျှင် ဒယွှမ်ကာအားမှာကြားနေလေသည်။ "ဒီမှာ ဒယွှမ်ကာ၊ ကျုပ်ဒုတိယအဆိုင်းဆီကို လိုက်သွားမလို့။ လေးငါးရက် ကြာမယ်ဗျာ။ ကျုပ်မရှိတုန်း ခင်ဗျားဟာ ကျုပ်လက်ထောက်ဘဲ၊ သိလား။ နေ့ကလေးထိန်းဌာနကို ဂရုစိုက်လိုက်ပါ။ လိုတဲ့ အကူအညီပေးလိုက်ပါ။ တတိယအဆိုင်းကို မျိုးစေ့တွေ ထုတ် မပေးလိုက်နဲ့အုံးနော်။ ကဲ မြင်းလှည်းမြင်ဗျာ။ရတ်ဇမျော့နော့ကိုလဲ ကျုပ်ကို လိုက်ပို့ ပေးဖို့ ပြောလိုက်ပါ။ ကျုပ်အိမ်ကို လိုက်ခဲ့ပေစေ၊ ကြားလား"

"ကျွန်တော်သဲ လိုက်ခဲ့မယ်လေ။ တောရိုင်းမြေကို ထွန်ရာမှာ၊ ကျွန်တော့်လုပ် အားကိုလဲ ကူချင်လို့ပါ။လုဗစ်ရှကင်ကိုကူမလို့ပါဗျ" ဒယွှမ်ကာက ခွင့်တောင်းသည်။

"အိုး မဟုတ်တာတွေ လုပ်မနေစမ်းပါနဲ့ဗျာ။ သူတို့ရဲ့တာကို သူတို့ ထွန်လိမ့် မပေါ့။ အလှည့်ကျယင် မနွဲကြစတမ်းဗျ။ ကျုပ်သူတို့ဆီသွားပြီး အကဲခတ်အုံးမယ်။ တယောက်ယောက်တော့ အုပ်ထည့်လိုက်မှ ထွန်ရေးကောင်းလာမှာဘဲဗျ။ကဲ ကဲ လှည်း မြင်ရစ်ခဲ့ပေတော့"

ရတ်ဇမျော့နော့သည် မြင်းလှည်းကို ဒါဗီးဒေါ့နေသည့် အိမ်သို့ မောင်းသွား သည်။ ခြံဝတွင် အိပ်ရာလိပ်ကြီးကို ပိုက်ကာ စောင့်နေသော ဒါဗီးဒေါ့ကိုတွေ့ရသည်။

"တက်လေဗျာ။ ဘာလဲ ခင်ဗျားလက်ထဲက အလိပ်ကြီးက"

"အဝတ်အပိုလေးမျှားပါဗျာ"

"ဘာလုပ်ဖို့လဲ"

"လဲဝတ်ရအောင်ပေါ့ဗျ"

"ဟာ အဝတ်လဲစရာ လိုသေးသလားဗျ။ လယ်တောဆင်းတဲ့ဟာဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"တယ် အမေးအမြန်း ထူတာကိုးဗျ။ ကျုပ်ဟိုမှာ လေးငါးခြောက်ရက်တန်သည် နေမလို့ဗျ။ ထွန်သိမ်းပြီးမှဘဲ ပြန်ခဲ့မယ်စိတ်ကူးတယ်။ ကဲ မောင်းဗျာ"

"ခင်ဗျား ဟိုမှာ ဘာလုပ်နေမှာလဲ"

"ကျုပ်လဲ လယ်ထွန်မှာပေါ့ဗျ"

"အုပ်ချုပ်ရေးကို ပြစ်ထားခဲ့ပြီး လယ်ဆင်း ထွန်မလို့ပေါ့လေ။အော် ဒီလိုကိုးဗျ။ ခုမှ နားလည်တယ်"

"ကဲ လာပါဗျာ။ သွားကြမယ်။ မောင်းစမ်းပါ"ဒါဗီးဒေါ့သည် မျက်မှောင်ကုတ်ကာ ပြုံးစပ်စပ်ကြည့်နေသည်။

"ဒါလောက်လဲ အလျင်မလိုစမ်းပါနဲ့လေ။ ကျုပ်ကိုနားလည်အောင် ပြောပြအုံးမှပေါ့ဗျ။ခင်ဗျားမရှိဘဲ သူတို့အလုပ်လုပ်မဖြစ်ဘော့ဘူးတဲ့လား။ခင်ဗျားအလုပ်က၊ ကျုပ်တို့က ကြည့်ရှုညွှန်ကြားဖို့ဘဲ။လယ်ထွန်ဖို့မဟုတ်ဘူးဗျ။ခင်ဗျားက စုပေါင်းလယ်ယာ ဥက္ကဋ္ဌဘဲ"

ဒါဗီးဒေါ့၏ မျက်လုံးသည် အရောင်တောက်လာသည်။ "အမ်မာ။ ခင်ဗျားက ဘုန်းကြီးစာချလုပ်နေပြန်ပြီ။ကျုပ်ဟာ ကွန်မျူနစ်ဗျ။ ကွန်မျူနစ်ဘဝကအယင်။ ပြီးမှ ကျုပ်ဟာ စုပေါင်းလယ်ယာ ဥက္ကဋ္ဌ။ ဟိုမှာက ထွန်ယက်ရေးမပြီးယင် ကျုပ်တို့လုပ်ငန်းတွေ ဆုံးရှုံးမယ်။ ဒီလိုအချိန်မျိုးမှာ ရုံးမှာချည်းထိုင်နေလို့ မဖြစ်ဘူးဗျ။ ကဲဗျို မောင်းမှာ မောင်းစမ်းပါ"

"အေးလေ ကျုပ်အဖို့ကတော့ ဘာမှမထူးပါဘူး"

ရတ်ဇမျော့နော့သည် ကြာပွတ်သံပေးကာ မြင်းကိုတချက်ရိုက်လိုက်သည်။ ထိုအခါ မြင်းလှည်းသည်ဆောင့်၍ ထွက်သွားလေသည်။ ဒါဗီးဒေါ့မှာ နောက်သို့လန်သွားကာ ထိုင်ခုံနှင့်ဆောင့်မိသဖြင့် ခါးမြက်သွားသည်။

ရွာပြင်သို့ရောက်လျှင် ရတ်ဇမျော့နော့သည် မြင်းလှည်းကို ခပ်မှန်မှန်သာ မောင်းတော့သည်။ နဖူးကိုအင်္ကျီလက်ဖြင့် သုတ်ယင်း

"ခင်ဗျား ဘာသဘောပေါက်ပြီး လယ်ဆင်းထွန်ရတယ်မသိဘူး။ လယ်ထွန်တာက လူတိုင်းလုပ်တတ်တာဘဲဗျ။ သင်ကြားလိုက်ယင် မခက်လှဘူး။ တပ်မှူးကောင်းဆိုတာ ရှေ့တန်းဆင်းတယ်ဆိုတာမဟုတ်ဘူး။ မှန်ကန်တိကျတဲ့ အမိန့်ကိုပေးဖို့ဘဲ အရေးကြီးတယ်။ ကျုပ်ပြောတာ မဟုတ်ဘူးလား"ဟု ဆိုလေသည်။

"ကဲပါဗျာ ခင်ဗျား ဥပမာပေးက ကောင်းပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ ဒါပေမယ့် ခေါင်းဆောင်ဆိုတာ ငယ်သားကို အလုပ်လုပ်တတ်အောင် သင်ကြားပေးရမယ်ဗျ။ ဒါမှ ခေါင်းဆောင်မှု မှန်ကန်မယ်။ အခုကြည့်ရတာ လုဗစ်ရှကင်က အဖွဲ့ကို ကောင်းကောင်းမအုပ်နိုင်ဘူး။ ဒုက္ခရောက်နေဟန်တူတယ်။ ဒါနဲ့များ ခင်ဗျားက တပ်မှူးကောင်းဆိုတာတွေ ဘာတွေလုပ်နေရသေးတယ်။ တပ်မှူးကောင်းဆိုတာ အကျဉ်းအကြပ်မှာ ရှေ့ဆောင်နမူနာပြ လုပ်ပြရတယ်ဗျ"

"ဒါဖြင့် ပထမအဆိုင်းက ထွန်သုံးလေးတုံးလောက် ခွဲပို့လိုက်ပါလားဗျ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"လူကဘယ်မလဲဗျ။ အရေးကြီးတာက ထွန်မယ့်လူဘဲ။ မောင်းဗျို့ မြန်မြန်မောင်းပေတော့"

သူတို့သည် တောင်စောင်းသို့ ရောက်သည်တိုင် စကားတခွန်းမျှ မပြောဘဲ မောင်းလာကြသည်။ ထိုခဏတွင် မိုးတိမ်တို့အလိပ်လိုက် တက်လာကာ လေသည်းထန်လာလေသည်။ လေနှင့်အတူ မိုးလည်းရွာချလေသည်။ ဒုတိယအဆိုင်း၏ စခန်းသည် တောင်စောင်းတွင်ရှိလေသည်။ စခန်းဆီမှလူတယောက် ခပ်ကုတ်ကုတ် ထွက်လာသည်ကို ရတ်ဇမျှော်နေ့တွေ့ရသည်။ အနီးသို့ရောက်လျှင် ထိုလူမှာအခြားမဟုတ်၊ အဖိုးအိုရှယ်ရှူကာဖြစ်ကြောင်း တွေ့ရလေသည်။

"ဘာဖြစ်တာလဲ အဖိုးကြီး"

"ကျုပ်အသက်ကိုကယ်ပါအုံးဗျာတို့။ သူတို့ကျုပ်ကိုသတ်မလို့တဲ့" အဖိုးကြီးသည် မျက်ကလူးဆံပြာဖြစ်နေသည်။

"ဘယ်သူတွေလဲဗျ"

"လုဗစ်ရှကာင်နဲ့ သူ့လူတွေပေါ့ခင်ဗျာ"

"ဘာဖြစ်လို့လဲ"

"ဟာဗျာ တယ်ဇီဇာကြောင်တဲ့လူတွေဘဲ။ ယာဂုကိုစွခင်ဗျ။ ကျွန်တော့် စိတ်ကို ခင်ဗျားတို့အသိဘဲနော်။ ဒေါသဖြစ်သာယင် တားမရတော့ဘူး။ပြောစရာရှိယင်လဲ ဆုံးအောင်ပြောရမှဗျ။ လိပ်ပတ်လည်အောင်မှ မပြောရသေးဘူး။ တကာထိလုဗစ်ရှကာင်က ဓားဆွဲပြီး ကျုပ်ကိုလိုက်တော့တာဘဲ။ အပြေးသာမလျင်ယင် သေဖို့ပေါ့ခင်ဗျာ"

"ကဲ ခင်ဗျား ရွာကိုသာပြန်ပေတော့။ ကျွန်တော်တို့ကြည့်ရှင်းပါမယ်" ဒါဗီးဒေါ့ကား ယခုမှ သက်ပြင်းချနိုင်သည်။

လွန်ခဲ့သည့် နာရီဝက်ခန့်က စခန်းတွင် အောက်ပါအဖြစ်အပျက်တခု ဖြစ်ပွားခဲ့သည်။ ယမန်နေ့က ယာဂုကျီရာတွင် ဆားများသွားကာ တအိုးလုံးငန်သွားသဖြင့် ရှယ်ရှူကာ မျက်နှာကောင်းမရခဲ့။ ထို့ကြောင့် အဖိုးအိုသည် မျက်နှာလုပ်ရန် ရွာသို့ပြန်ခဲ့သည်။ ရွာတွင် တညအိပ်ကာ မနက်စောစောတွင် စခန်းသို့ပြန်လာခဲ့သည်။ သူ့လက်ထဲတွင် ဂုန်နီအိတ်တခု ပါလာသည်။သူ့တွင် အကြံတခုရှိသည်။ယင်းမှာ ရွာစွန်ရှိ အဖိုးကြီး ကရတ်နိုကုနေ့ခြံတွင် ဝင်၍ ကြက်ခိုးရန်ဖြစ်သည်။အခန့်သင့်ပင် ခြံစည်းရိုးအနားတွင် အစာကောက်နေသော ကြက်တအုပ်ကို တွေ့ရသည်။ ရှယ်ရှူကာသည် လူသူ အရိပ်အခြည်ကြည့်ကာ ကြက်တကောင်ကို လည်ပင်းက ကိုင်ကာ ဖမ်း၍ အိတ်ထဲသို့ ထည့်လိုက်သည်။ ထိုအခိုက်တွင် ပိုင်ရှင် ဂရတ်နိုကုနေ့သည် သူ့နောက်တွင် ရောက်နေသည်။ကြက်ခိုး ပက်ပင်းပါမိလေသည်။ထိုအခါ ရှယ်ရှူကာသည် စကားရောဖောရောဖြင့်"အဖိုး ကြက်တွေက အမွှေးလှတယ်ခင်ဗျာ။မမြင်ဘူးလို့ တကောင်လောက် ဖမ်းပြီးကြည့်တာပါ"ဟု ဖြီးလေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကျုပ်ကို မလိမ်ပါနဲ့ဗျာ။ ခင်ဗျား ဘာလို့ ခိုးတာလဲ"ဟု မေးသည်တွင် ရှယ်ရှူကာက သူ့ရည်ရွယ်ချက်ဖြစ်သည့် စုပေါင်းလယ်ယာ ဒုတိယအဆိုင်းကို မျက်နှာလုပ်ရန်ဖြစ်ကြောင်း ပြောပြလေသည်။

"အိုး စုပေါင်း လယ်သမားတွေ အတွက်လား။ ဒါဖြင့် ယူသွား ယူသွား။ တကောင်ထဲ ဘယ်လောက်မလဲဗျ။ နှစ်ကောင် ယူသွား။ မြန်မြန် ထည့်လေ ဗျာ။ အမယ်ကြီး မမြင်စေနဲ့"

သူသည် စိတ်အားထက်သန်စွာ ယာဂုကျိုလေသည်။ တခုစိုးရိမ်မိသည်မှာ ရေမသန့်သဖြင့် နံစော်မည့်အရေးပင် ဖြစ်သည်။ သို့သော် ထမင်းပွဲတွင်ကား အားလုံးချောချောမောမောဖြစ်သည်။ လူတိုင်းပင် အားရပါးရ စားသောက်ကြသည်။

"ဒါမျိုး မစားဘူးဘူးဗျာ။ အဖိုးကြီးလက်ရာက တယ်ကောင်းကိုးဗျ" လူဗစ်ရှကင်က ချီးမွမ်းလေသည်။ခဏချင်းပင် ယာဂုတအိုး တက်တက်ပြောင်သွားလေသည်။ သို့သော် ကံဆိုးမိုးမှောင်ကျဖို့ကိန်းဆိုက်လာသည်။ တပန်းကန်ကုန်ခါနီးတွင်မှ လူဗစ်ရှကင်သည် အသားဖတ်ဖြူဖြူတခုကို ပန်းကန်ထဲကဆွဲထုတ်ကာ "ဒါက ဘာလဲဗျ"ဟု မေးလေသည်။

"အတောင်ပံနဲ့ တူတာဘဲ ခင်ဗျ"

လူဗစ်ရှကင် မျက်နှာသည် ချက်ချင်းအိုစာသွားကာ နီမြန်းလာသည်။

"ဒါလား အတောင်ပံ။ သေသေချာချာကြည့်စမ်းပါအုံးဗျ"

"အမယ်လေး ခြေသည်းတွေနဲ့ပါလား"ဟု မိန်းမတယောက်က အော်သည်။

"အို မဟုတ်တာ။ အတောင်ပံမှာ ဘယ့်နှယ်ခြေသည်းရှိနိုင်မှာလဲ ဟ"

"ကျုပ်တို့တော့ ဖားပြုတ် စားမိပြီနဲ့တူတယ်ဗျို့"ဟု အကင်းက အော်လေသည်။

ထိုအခါတွင် ထမင်းဝိုင်း၌ ဆူဆူညံညံ ဖြစ်သွားသည်။ မိန်းမတယောက်သည် တဲနောက်သို့ ထွက်သွားကာ စားသမျှကို အန်ထုတ်လေသည်။ ကွန်ခရတ်က မိန်းမများအား "ခင်ဗျားတို့တော့ ဥပုသ်ကျိုးပြီဗျို့"ဟု ပြောကာ ဟက်ဟက်ပက်ပက် ရယ်လေသည်။ အကင်းက "ဒါ ရယ်စရာမဟုတ်ဘူး။ ရှယ်ရှူကာကို တီးရလိမ့်မယ်"ဟု ဒေါသဖြင့် ဆိုသည်။

"အိုးထဲကို ဖားပြုတ်က ဘယ်လိုရောက်လာတာလဲ"

"ရေကန်ထဲက ရေတပုံးဆွဲတာ မြင်တာဘဲဗျ။ရေကန်ထဲက ပါလာမှာပေါ့"

အားလုံး ဒေါသထွက်နေကြသည်။ မိန်းမတသိုက်က ရှယ်ရှူကာ၏ မုတ်ဆိတ်မွေးကို ဆွဲနုတ်ရန် ရှေ့သို့တိုးလာကြသည်။

"နေကြပါအုံးဗျာတို့။ ကျုပ် ရှင်းပြပါအုံးမယ်။ဖားမဟုတ်ပါဘူးဗျ"

"ဒါဖြင့်ဘာလဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ခင်ဗျားတို့စိတ်ကူးယဉ်ပြီး မြင်ချင်တာ မြင်နေတာ နေမှာပေါ့" ဤမျှနှင့်အဆုံးသတ်ရန်ရှိသော်လည်း လျှာရှည်သောရှယ်ရှူကာက "နင်တို့ဟာကဖားပြုတ်နဲ့ ခရုကိုမှခွဲခြားပြီးမသိကြဘူး၊ အံ့ပါရဲ့ဟာ"ဟု တွန့်လိုက်သည်။

"ဘာ ဘာ ရယ်"

"ခရုလေဟာ။ အင်မတန်ကောင်းတယ်ဟ။ ငယ်ငယ်ရွယ်ရွယ်ခရုစားယင် တယ်ကောင်းဆိုဘဲ။ တယ်အားရှိဆိုဘဲ ဟဲ ဟဲ"

လုဇစ်ရှကင်သည် ထိုအခါတွင်မှ ပို၍ဒေါသထွက်လာပြီးလျှင် ဓားဆွဲ၍လိုက်လေသည်။

ထိုအကြောင်းကိုစခန်းသို့ရောက်သောအခါ ဒါဗီးဒေါ့အလုံးစုံသိရလေသည်။ မိုးသည် တဖွဲဖွဲရွာလျက်ရှိနေသေးသည်။ စခန်းတွင်ဘယ်သူမျှမရှိ။ အားလုံးလယ်ထဲသို့ဆင်းနေကြဟန်တူသည်။ ဒါဗီးဒေါ့သည် ရတ်ဇမျော့နေ့ဘ်ကို နှုတ်ဆက်ကာ အနီးရှိလယ်ကွင်းတခုသို့ဆင်းလာခဲ့သည်။ ထွန်မှဖြုတ်ထားသည့်နွားတို့သည် မြက်စားနေကြသည်။ အကင်းသည်စခန်းသို့ပင်မပြန်တော့ဘဲ ထယ်ကြောင်းထဲ၌ လဲလျောင်းနေသည်။ ပျင်းလွန်းအားကြီးသဖြင့် ပြင်းပိုးထုတ်နေဟန်တူသည်။

ဒါဗီးဒေါ့က သူ့ကိုအိပ်ရာမှနှိုးသည်။ "ဘာလို့မထွန်တာလဲ"

"မိုးထဲမှာ ဘယ်ထွန်နိုင်မလဲ ရဲဘော်ဒါဗီးဒေါ့ရဲ့။ ခင်ဗျားမသိဘူးလား။ နွားဗျ။ စက်မဟုတ်ဘူး။ မိုးရေနဲ့ တံပိုးနဲ့ ပွတ်တာနဲ့ ပခုံးမှာ အနာဖြစ်မယ်။ အဲဒီလိုဖြစ်တဲ့နွားကို ခိုင်းလို့ ရတော့မှာမဟုတ်ဘူး" သို့သော်သူပြောသည်ကို ဒါဗီးဒေါ့မယုံဟန်တူသဖြင့် "ဟောဟိုမှာကြက်နှစ်ကောင်ခွပ်နေလေရဲ့။ သွားပြီးမောင်းချည်အုံးဗျ" ဟု လက်ညှိုးညွှန်လိုက်လေသည်။ "တမနက်လုံးကွန်ဒရတ်နဲ့ အာတာမန်ရှူကော့တို့စောင်နေကြတယ်ဗျ။ အဲဒီနွားကိစ္စဘဲ။ ကွန်ဒရတ်က ထွန်ဖြုတ်စေချင်တယ်။ အာတာမန်ရှူကော့ကမဖြုတ်ဘူး"

ဒါဗီးဒေါ့သည်တောင်ကုန်းမို့မို့ရှိ ဒုတိယလယ်ကွက်သို့ ကူးလာခဲ့သည်။ သူတို့နှစ်ယောက်သည် တကယ်ပင်ရန်စောင်နေကြသည်။

"ဒါက ဘာဖြစ်နေတာလဲ" ဒါဗီးဒေါ့ကအပြေးအလွှားသွားကာမေးသည်။

"သူပေါ့ဗျာ မိုးရွာနေတုန်းထွန်မလို့တဲ့။ နွားတွေဒုက္ခရောက်ကုန်မှာပေါ့ဗျ။ ဒါကြောင့်ထွန်ဖြုတ်ပါလို့ ပြောတာမရဘူး။ မင်းအပူမဟုတ်ဘူးတဲ့။ ဒါစုပေါင်းလယ်ယာပိုင်နွားတွေကွ။ ငါ့နွားမဟုတ်ဘူးတဲ့။ ဒါလောက်စေတနာ မရှိတာဗျာ" ကွန်ဒရတ်သည်ဒါဗီးဒေါ့ကိုမြင်သဖြင့် အားတက်လာဟန်တူသည်။

"ဟေ့မင်းငါ့ကိုဩဇာပေးဖို့မရှိဘူး၊ ငါ့ကိုထိရဲထိကြည့်စမ်း။ ငါ့ဖာသာထွန်စရာရှိတာထွန်မှာဘဲ"

"ဒီမှာ ကျွန်တော် မေးပါရစေအုံး အာတာမန်ရှူကော့။ မိုးထဲမှာ ထွန်လို့ရသလားဗျ" ဒါဗီးဒေါ့က စူးစမ်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ကိုယ်ပိုင်လယ်မှာတော့ မထွန်ကြဘူးပေါ့ခင်ဗျာ။ စုပေါင်းလယ်ယာတော့ ထွန်ရမှာဘဲ"

"ထွန်ရမှာဘဲဆိုတာ ဘာဆိုလိုတာလဲဗျ"

"စီမံကိန်းက ရှိနေတယ်မဟုတ်လား။ မိုးရွာသည်ဖြစ်စေ မရွာသည်ဖြစ်စေ ထွန်ရမှာဘဲ။ မထွန်ယင် လုပ်စစ်ရှကင်က တတွတ်တွတ် နားပူနေတာဘဲ"

"တော် တော်၊ ခင်ဗျား ဒီစကားမျိုး မပြောနဲ့။ မနေ့က ရာသီကောင်းတယ်။ ခင်ဗျားထွန်ရဲ့လား"

"ကျွန်တော် လုပ်နိုင်သလောက်တော့ လုပ်တာဘဲ"

"ဟင်း၊ ကေဝက်ပြီးတယ်။ သူ့နွားတွေ ကြည့်စမ်းပါအုံး။ ဝလိုက်တာ ဖြိုးလို့။ ဒါပေမယ့် ဘယ်လောက် ပြီးလို့လဲ" ကွန်ဒရတ်က ဝင်၍ မေးငေါ့သည်။ "ဒီမှာ လာပြီး ကြည့်စမ်းပါအုံးဒါဗီးဒေါ့။ ကျွန်တော်တို့ ဆုံးဖြတ်ချက်က ထွန်ကြောင်းဟာ ခြောက်လက်မ နက်ရမယ်။ ကဲ ခင်ဗျားကိုယ်တိုင်ဘဲ တိုင်းကြည့်ပေတော့"

ဒါဗီးဒေါ့သည် ဒူးထောက်ထိုင်ကာ လက်ဖြင့်တိုင်းကြည့်သည်။ သုံးလက်မထက် မပို။

"ဒါ လယ်ထွန်တာတဲ့လားဗျ။ မြေကြီးပေါ် တုတ်နဲ့ ခြစ်တာဘဲ။ လယ်ထွန်တာမှ မဟုတ်ဘဲ။ မနက်ကတဲက သူ့ကို တီးချင်နေတာ။ သူဒီလို လုပ်တာချည်းဘဲ။ ဘယ်တော့မှ သုံးလက်မထက် မနက်ဘူး"

"ဒီကိုလာစမ်းဗျို့။ ခင်ဗျားကို ခေါ်နေတာဗျ" ဒါဗီးဒေါ့က အတာမန်ရှုကော့ကို ခေါ်သည်။

အတာမန်ရှုကော့သည် နွားများကို ထွန်မှဖြုတ်ပြီးလျှင်လေးတွဲ့စွာ လျှောက်လာသည်။

"ဒါ ခင်ဗျားထွန်တာဆို ဟုတ်လား"

"ဘာဖြစ်လို့လဲ၊ ဆဲ့လေးလက်မလောက် နက်ရမှာတဲ့လားဗျ။ ကျုပ်တော့ မတတ်နိုင်ဘူး။ ခင်ဗျားဖာသာ ထွန်ကြည့်ပေတော့။ ပြောလို့ကတော့ လွယ်တယ်ဗျ။ လုပ်တာကသာ ခက်တာ"

"အေး၊ ခင်ဗျားကို စုပေါင်းလယ်ယာက ထုတ်ပစ်ရမယ်။ နားလည်ရဲ့လား" ဒါဗီးဒေါ့သည် ဒေါသဖြစ်လာသည်။

"ကောင်းပါ့ဗျာ။ ကျွန်တော့ဘာသာ ကျွန်တော်ဘဲထွက်ပါ့မယ်။ ခင်ဗျားတို့ဆီမှာ အလကားသက်သက် ချွေးတလုံးလုံးနဲ့ ကျွန်ခံနေရမယ့် အစား ထွက်တာကမှ ကောင်းသေးတယ်" သူသည် စခန်းဆီသို့ လေချွန်ယင်း ထွက်သွားလေသည်။

ထိုနေ့ညနေတွင် ခစန်း၌လူစုမိသည်နှင့် ဒါဗီးဒေါ့က သေးထိုးစကားပြောလေသည်။ "ခင်ဗျာတို့အဖွဲ့ကို တခုတင်ပြစရာရှိတယ်။ ဒီပြဿနာကို အလေးအနက် ဖြေရှင်းကြမှဖြစ်မယ်။ ခင်ဗျားတို့ စုပေါင်းလယ်ယာမှာ လူလိမ်လူညာတယောက်ရှိနေတယ်။ အလုပ်ကောင်းကောင်း မလုပ်ဘူး။ ဆိုဗီယက်အစိုးရကို လှည့်ဖြားနေတယ်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခြောက်လက်မထက်မနည်း ထွန်ရမယ့်အစား သုံးလက်မသာ ထွန်တယ်။ မိုးထဲမှာ နွားကို ဒုက္ခပေးရအောင် တမင်သက်သက် ထွန်နေတယ်။ ပြီးတော့ ကေဝက်ဘဲ ပြီးတယ်။ အဲဒီလိုလူမျိုးကို ဘယ်လိုလုပ်ကြမလဲ"

"အသင်းက ထုတ်ပေါ့ဗျ" လုဗစ်ရှကင်ကဖြေသည်။ သူ့သဘောထားကို မိန်းမများကပါ ထောက်ခံကြသည်။

"အေး၊ အဲဒီလိုလူမျိုး ခင်ဗျားတို့အသင်းထဲမှာ ရှိနေဘယ်။ တခြားလူ မဟုတ်ဘူး။ သူဘဲ"ဟုဆိုကာ ဒါဗီးဒေါ့သည် အတာ့မန်ရှူကော့အား လက်ညှိုးထိုးပြလိုက်သည်။ "ကဲ ဒီမှာလူစုံရှိတာဘဲ မဲဆန္ဒခွဲမယ်ဗျာ။ အတာမန်ရှူကော့ကို ထုတ်ဖို့သဘောတူတဲ့လူလက်ထောင်ကြပါ"

အားလုံး နှစ်ဆဲ့ခုနစ်ယောက်ရှိသည့်အနက် နှစ်ဆဲ့သုံးယောက်က သဘောတူကြသည်။ ထိုအခါ ဒါဗီးဒေါ့က အတာမန်ရှူကော့အား "ကဲ ခင်ဗျားထွက်ပေတော့။ ခင်ဗျား စုပေါင်းလယ်ယာအဖွဲ့ဝင် မဟုတ်တော့ဘူး။ ခင်ဗျားကို တနှစ် စောင့်ကြည့်မယ်။ သဘောထားပြောင်းယင် ပြန်ပြီးလက်ခံမယ်။

"ဒီမှာ ရဲဘော်တို့။ ခင်ဗျားတို့ကို အရေးတကြီး ပြောစရာတွေ ရှိသေးတယ်။ အခု ကျွန်တော်တို့အားလုံးလိုလိုဘဲ အလုပ်လုပ်ကြတယ်။ ဒါပေမယ့် ခင်ဗျားတို့အားလုံးလုပ်ကြတာဟာ ကျေနပ်လောက်စရာမရှိဘူး။ ကွန်ဒရတ်တယောက်ဘဲ ကျေနပ်လောက်တယ်။ သူ့တာဝန်းကို သူပြီးအောင်ထွန်တယ်။ ခင်ဗျားတို့ အင်မတန် ရှက်စရာကောင်းတယ်။ ဒုတိယအဖွဲ့အနေနဲ့ အလွန်ရှက်စရာကောင်းတယ်။ ထောသင်စုပေါင်းလယ်ယာအဖွဲ့လို့ နာမည်ခံထားတဲ့ အဖွဲ့အနေနဲ့လဲ ရှက်စရာကောင်းတယ်။ ရပ်တန်းက ရပ်ကြဖို့ တော်ပြီ"

"ပေးထားတဲ့ တာဝန်းက ကျယ်လွန်းလှသဗျ။ နွားတွေနဲ့ ဘယ်ပြီးပါမလဲ" အကာင်းက ဆင်ခြေတက်သည်။

"ကြီးလွန်းတယ် ဟုတ်လား။ အလကားပြောတာ။ ကွန်ဒရတ်လဲ ဒီလိုဘဲထွန်တာဘဲ မဟုတ်လား။ ကဲ အခု ကျွန်တော်ခင်ဗျားတို့နဲ့ အတူနေဖို့လာတာဘဲ။ အတာမန်ရှူကော့ နွားကိုကျွန်တော်ကိုင်မယ်။ နမူနာပြမယ်ဗျာ။ တနေ့နှစ်ဂေကျော်ကျော် ပြီးစေရမယ်"

"အား ဟား။ ဒါဗီးဒေါ့ ခင်ဗျား တယ်ကရော်ကမည်ပြောတဲ့လူဘဲဗျ။ နွားကောင်းယင် ပြီးမှာဘဲ။ အတာမန်ရှူကော့ နွားမျိုးနဲ့ဆိုယင် ကျွန်တော်လဲ သုံးဂေ ပြီးနိုင်တာပေါ့ဗျ" ငူဇင်ကော့က ရယ်သည်။

"ဒါဖြင့် ခင်ဗျားရတဲ့ နွားနဲ့တော့ မပြီးဘူးပေါ့"

"ဘယ်တော့မှ မပြီးဘူး"

"ဒါဖြင့် လဲပါလားဗျ။ ခင်ဗျားက အတာမန်ရှူကော့ နွားတွေယူ။ ကျုပ်က ခင်ဗျား နွားယူမယ် ဟုတ်လား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အေးလေ ကောင်းပြီ" ဆူဇင်ကော့သည် ခဏမျှ စဉ်းစားပြီးမှ လက်ခံလိုက်သည်။

ထိုနေ့တညလုံး ဒါဗီးဒေါ့သည် ကောင်းကောင်းအိပ်၍မပျော်။ လယ်တဲတွင် အိပ်ရသဖြင့် ခဏ ခဏ အိပ်ရာမှ နိုးနေသည်။ အဆီး အတား မရှိသော ကွင်းပြင်တွင် လေသည် ဒလစပ်တိုက်ခတ်သည်။ တဲသွပ်မိုးသည် တဖြတ်ဖြတ်မြည်သည်။ သန်းကောင်ကျော်လျှင် အအေးဓာတ် ပိုကဲလာသည်။ ခြင်ကလည်းကိုက်သည်။

အရုဏ်တက်တွင် ကွန်ဒရတ်က သူ့ကိုနှိုးသည်။ တဖွဲလုံးနိုးနေကြပြီ။ ဒါဗီးဒေါ့သည် တဲထဲမှပြင်ဖက်သို့ ထွက်လိုက်သည်။ အနောက်မိုးကုတ်စက်ဝိုင်းတွင် ကြယ်ရောင်များ မှိတ်တုတ်လက်နေသည်ကိုတွေ့ရသည်။ ဆန်းစ လမင်းသည် မိုးယံထက်တွင် ဝင်းပနေသည်။ ရေကန်မှရေကိုဆွဲ၍ မျက်နှာသစ်စဉ် ကွန်ဒရတ်က သူ့နံဘေးတွင် ရှိနေသည်။ "တရက် နှစ်ကေခွဲဆိုတော့ ရဲဘော်ကြီး ဒါဗီးဒေါ့စံချိန်က မများလွန်းဘူးလား။ ခင်ဗျားမနေ့ကပြောတဲ့စကား နည်းနည်းလွန်သွားတယ်ဗျာ"

"အေးလေဗျာ။ ကျုပ်တို့တာဝန်နဲ့ ကျုပ်တို့ပေါ့။ ဘာလဲ ခင်ဗျားက လန့်နေသလား" ဒါဗီးဒေါ့က အားပေးသည်။ သို့ရာတွင် တကိုယ်တည်း စဉ်းစားမိပြန်သည်။ 'အင်း ငါ့အပြောနဲ့ ငါဆိုတော့ ပြီးအောင် လုပ်ပြရမှာဘဲ။ လယ်ထဲမှာ လဲသေချင်သေပေစေ ငါလုပ်ပြမယ်။ ညအထိ မီးထွန်းပြီး ထွန်မယ်။ နှစ်ကေခွဲပြီးရမယ်။ မပြီးယင် ဒို့အလုပ်သမားလူတန်းစားတခုလုံး ကြွားရာရောက်မယ် ရှက်စရာကြီး'ဟု လည်းတွေးမိလေသည်။

ဒါဗီးဒေါ့မျက်နှာသုတ်နေစဉ် ကွန်ဒရတ်သည် နွားနှစ်ယှဉ်းကိုထွန်တုံးတွင်တပ်ဆင်နေသည်။

"ကဲ လာဗျို့ သွားကြမယ်"

လယ်ကွင်းတွင် ကွန်ဒရတ်က နွားနှင့်ထွန်ရသည့် ထွန်ရေး အကြောင်းကို ဒါဗီးဒေါ့အား ထုံးတမ်းစဉ်လာအရပေါ့ ရှင်းပြလေသည်။

"အကောင်းဆုံးထွန်ကတော့ ဆက်ကော့စကီ ထွန်ဘဲဗျ။ ခုတော့ အက်ဆိုင်စကီထွန်ကိုဘဲ အသုံးများတယ်။ ကျွန်တော်တို့ ဒီလိုထွန်ကြမယ်။ လူတယောက်ကိုတကွက်ပေးထားတယ်။ အကင်း၊ အတာမန်ရှူကော့၊ ဇူဇင်ကော့တို့က ရှေ့နောက် ထွန်ချင်တယ်။ တယောက်က ရှေ့ကထွန်သွားယင် နောက်က လိုက်ထွန်ကြမယ်။ သူတို့ အယူအဆကို လုဗစ်ရှကင်ကလဲ ထောက်ခံတယ်။ စုပေါင်းလယ်ယာ ဖြစ်ပြီဆိုတော့ ထွန်တုံးတွေအားလုံးတန်းစီပြီး ထွန်မယ်တဲ့။ ကျွန်တော့်သဘောကတော့ ဒီနည်းမမှန်ဘူးထင်တယ်။ ရှေ့ကလူကပင်ပန်းမှာပေါ့။ နောက်လူတွေကသက်သာမှာပေါ့။ ဒါမှမဟုတ် ရှေ့ကလူညာယင် နောက်ကလဲ ညာကြမှာဘဲ။ ဒီတော့မှ လုဗစ်ရှကင်က အဲဒီအကြံကို စွန့်တယ်။

"ခင်ဗျား ဘာလို့ လယ်ကွက်အစွန်မှာ မထွန်ဘဲ ချန်ခဲ့သလဲ" ဒါဗီးဒေါ့က မေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒီလိုဗျ။ အလျှားလိုက်ထွန်တယ်မဟုတ်လား။ ဆုံးတော့ပြန်လှည့်ရမယ်။ နွား ဆိုတော့ ရှတ်တရက် တဆစ်ချိုးပြန်လှည့်ဖို့ ခက်တယ်။ ထွန်ကို မပြီး၊ ကိုက်သုံးဆယ် လောက်မောင်းသွားပြီးမှ ပြန်လှည့်လို့ရတာကိုး။ စက်နဲ့တော့လွယ်တယ်ဗျ။ စက်နဲ့ ဆိုယင် လယ်ကွင်းကျယ်လေ ကောင်းလေဘဲ။ ကဲ ကျွန်တော် ထွန်ပြမယ်" ကွန်ဒရတ် သည် မျက်မြင်နမူနာ ပြလိုက်သည်။

"ဟုတ်တယ်ဗျို။ ခင်ဗျားပြောတာမှန်တယ်"

"ရဲဘော်ကြီး ဒါဗီးဒေါ့ တခါမှလယ်မထွန်ဘူးဘူးလား"

"ဟင့်အင်း။ ထွန်အကြောင်းတော့ နည်းနည်းပါးပါး သိထားပါတယ်။ ဒါ ပေမယ့် လက်တွေ့မစမ်းဘူးသေးဘူး။ ကျွန်တော့်ကိုသာ ပြပါလေ။ တတ်လွယ်ပါ တယ်ဗျ"

"ကဲ ဒါဖြင့် စတာပေါ့"

ဒါဗီးဒေါ့သည် ထွန်ကိုင်မလည်သေးဘဲဖြစ်နေသည်။ တဖက်လယ်စပ်က ကွန် ဒရတ်က ပြေးလာကာပြရသည်။ "ကျွမ်းကျင်မှုလိုဘယ်ခင်ဗျ။ ထွန်ရတာက ငှက်မွေး မဟုတ်ဘူး။ မြေကြီးဗျ"

ဒါဗီးဒေါ့သည် မနက်ထမင်းစားချိန်တိုင်လျှင်ကေဝက်ပြီးအောင်ထွန်ခဲ့သည်။ ထိုနောက် ယာဂုကိုသောက်ကာ လုပ်ငန်းစကြပြန်သည်။ တောရိုင်းမြေသည် သူတို့ ထွန်ဆွသဖြင့် လှန်ပြီး လှော်ပြီး ဖြစ်လာရသည်။ ညနေခင်းတွင် ဒါဗီးဒေါ့၏ ခြေ ထောက်ပေါက်သာသည်။ ဖိနပ်နှင့် ပွတ်တိုက်ဖန်များသဖြင့် အရေခွံ လန်လာသည်။ ခါးလည်း မြက်လာသည်။ သို့သော်မငြော။ ဤသို့ဖြင့် တနေ့တာအတွင်း သူသည် နှစ်ကေခွဲထွန်ပြလိုက်လေသည်။

"ကဲ ဘယ်လောက်ပြီးသလဲဗျို" ငူဇင်ကော့ကမေးသည့်အခါ

"ဘယ်လောက်ပြီးမယ်ထင်သလဲ"ဟု ပြန်၍မေးသည်။

"တကေပေါ့ဗျာ"

"ဟိုး နှစ်ကေခွဲဗျ။ သိရဲ့လား"

ငူဇင်ကော့သည် မယုံကြည်သည်နှင့် လယ်ကွင်းသို့ ဆင်း၍ကြည့်ရန် ထွက်သွား သည်။ နာရီဝက်ကြာလျှင် ပြန်လာကာ မီးလင်းဖိုနှင့် ခပ်နွေးနွေးထိုင်နေသည်။

"ငြိမ်ချက်သား ကောင်းလှချည်လား ငူဇင်ကော့"

"ခြေထောက်နာလို့ဗျ။ အေးလေ ဘာမှပြောစရာ မလိုပါဘူး။ နှစ်ကေခွဲပြီး လဲ့ ပြီးတယ်ပေါ့ဗျာ"

"အင်း ဟင်း ခင်ဗျားတို့ဘာမှမပြောသာတော့ဘူးပေါ့။ ဟုတ်လား" ကွန်ဒ ရတ်က ထေ့လိုက်သည်။ သို့ရာတွင် ငူဇင်ကော့က မကြားချင်ဟန်ဆောင်နေလိုက်လေ သည် စကားတခွန်းမျှလည်း မပြောတော့ပေ။

---

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဗီးဒေါ်သည် တဲထဲတွင် လဲလျောင်းနေသည်။ မျက်လုံးအစုံကိုလည်းမှိတ်ထားသည်။ ခြေထောက်ကနာသည်။ ခြေရိုးများ ကိုက်လာသည်။ နေမထိ ထိုင်မသာ ဖြစ်လာသည်။

"အိပ်လို့ မပျော်ဘူးလား" ကွန်ဒရတ်က မေးသည်။

"မူးနောက်နောက်နဲ့ဗျာ။ မြေငွေ့ပြန်တာကြောင့်နဲ့တူပါရဲ့"

"ဒီလိုဘဲဗျ။ တနေ့လုံး ခြေထောက်ကိုချည်း ငုံ့ကြည့်နေတာကိုး။ မူးမှာပေါ့ဗျ။ မြေနဲ့ကလဲ အခံရခက်သားကလား။ အရက်မသောက်ရဘဲနဲ့ မူးနိုင်တယ်။ နက်ဖြန်ကျတော့ ခြေထောက်ငုံ့မကြည့်နဲ့ဗျ။ ဘေးဆီဘဲကြည့်ပေါ့"

ထိုနေ့ညတွင် ဒါဗီးဒေါ် ခြင်ကိုက်သည်ကိုလည်း မသိ။ မြင်းဟီသည် ကိုလည်း မသိ။ ကုလားသေ ကုလားမော အိပ်ပျော်သွားလေသည်။ အရုဏ်တက်ခါနီးမှအိပ်ရာမှ နိုးလေသည်။ ထိုအချိန်တွင် တဲထဲသို့ ကွန်ဒရတ် ဝင်လာသည်ကို တွေ့ရ လေသည်။

"ဘယ်သွားတာလဲ"

"နွားတွေသွားကြည့်တာ။ အဖားကောင်းမှဗျ။ ဒါနဲ့မြက်ပေါဘဲ့ လျှိုထဲ မောင်းသွားတာ"

ဒါဗီးဒေါ်သည် စကားကိုဆုံးအောင်မကြားရတော့ဘဲ မှေးကနဲပြန်၍အိပ်ပျော်သွားလေသည်။

ထိုနေ့ညနေခင်းတွင် ဒါဗီးဒေါ်သည် နှစ်ကောခွဲထွန်၍ပြီးသည်။ လုဗစ်ရှကင်က နှစ်ကောခွဲတိတိ။ ဇူဇင်ကော့က နှစ်ကောခွဲပျော့ပျော့ ပြီးကြသည်။ စံချိန် တင်သည်မှာ ကား အင်တစ်ဖြစ်သည်။ တစ်ကော့၏နွားကြီးများဖြင့် ထွန်သည်။ တနေကုန် စကား မပြောဘဲ တကုတ်ကုတ်ထွန်သည်။ သူကုတ်၍လုပ်နေမှုန်း လုဗစ်ရှကင်ရိပ်မိသည်။ ညနေစောင်းလျှင် သုံးကေပြီးလေသည်။ သို့ရာတွင် မှောင်ရီပျိုးသည်နှင့် ကွန်ဒရတ်သည် စခန်းသို့ နွားများကို မလာသည်။ "ဘယ်လောက်လဲဗျို့"ဟု ဒါဗီးဒေါ်ကမေးသည့်အခါ။ "သုံးကေခွဲ ပျော့ပျော့ပါဘဲဗျာ"ဟု ဖြေလေသည်။

ညစာပြီးလျှင် ဒါဗီးဒေါ်သည် တနေ့တာအလုပ်ခွင်ကိစ္စတို့ကို စာရင်းရှင်းဆွေးနွေးလေသည်။

"ကျုပ်တို့ ဒုတိယအဖွဲ့ဟာ ကောင်းကောင်းအလုပ်လုပ်နေပြီဗျ။ ဒါမှ ဆိုရှယ်လစ်ပြိုင်ဆိုင်မှုအစစ်အမှန်ဘဲ။ ရှော့ဘ်ကီမှာ ပေ၁်လရှိဗစ်စစ်စစ်တယောက်ဗျ။ သူ့ကိုအုပ်ချုပ်မှုအဖွဲ့ကိုယ်စားကျေးဇူးတင်ပါတယ်ဗျာ။ ကွန်ဒရတ်ဟာ တကယ့်အလုပ်သမားသူရဲကောင်းဘဲဗျို့။ ကျုပ်တို့အခေါ်တော့ ရှော့-အလုပ်သမားဘဲ"

သူ့မိန်းမသည် ပန်းကန်ဆေးယင်း ကွန်ဒရတ်ကိုမေးသည်။ "ဒါဗီးဒေါ်က ရှင့်ကိုချီးကျူးသွားတယ်။ ရှော့အလုပ်သမားတဲ့။ အဲဒါဘာလဲ ထော်ရဲ့။ ကျုပ်တို့နားမလည်ပါဘူး"

www.facebook.com/NyisayEbookCreator
www.nyisay.com



ကွန်ဒရတ်သည် ထိုစကားကို အယင်ကကြားဘူးသလို ထင်မိသည်။ သို့သော် ရုတ်တရက်မမှတ်မိ။ ဒါဗီးဒေါ့ကို မေးမှဘဲဟု တွေးသည်။သို့ရာတွင် နားလည်သမျှကို ကြိုးစား၍ ရှင်းပြလေသည်။

"ရွှေအလုပ်သမားဆိုတော့၊ ဟား မင်း တယ် အ တွဲမိန်းမဘဲကွ။ ရွှေအလုပ်သမား ဟုတ်လား။ အဲဒါ အေးလေကွာ၊ ဟိုလေ၊ မင်းနားလည်အောင် ငါဘယ်လိုပြောရပါ့မလဲ။ ရိုင်ဖယ်သေနတ်မှာ ဆိုပါတော့ကွာ။ ကျည်ဆံဖင်ကိုရိုက်တဲ့ သံချောင်းလေးရှိတယ် မဟုတ်လား။ သေနတ်ကျည်ဆံ ပွင့်ထွက်သွားအောင် ရိုက်တာလေကွာ။ အဲဒါ ရွှေလုပ်တာပေါ့။ ရွှေရိုက်လိုက်လို့ ကျည်ဆံထွက်တာဘဲ။ အဲဒီ သံချောင်းလေးဟာ ရွှေအလုပ်သမားဘဲ။ သူမရှိဘဲ သေနတ်မပစ်နိုင်ဘူး။ စုပေါင်းလယ်ယာမှာလဲ ဒီလိုဘဲပေါ့ကွာ။ ရွှေအလုပ်သမားဟာ အရေးကြီးတဲ့ မဏ္ဍိုင် ပုဂ္ဂိုလ်ဘဲပေါ့။ နားလည်ရဲ့ မဟုတ်လား။ ကဲ အိပ်တော့ကွာ။ ငါ့ကို နားပူ နားဆာ လာလုပ်မနေနဲ့တော့"

—၄၃—

မေလ ၁၅ ရက်နေ့တွင် ခရိုင်၌ စိုက်ပျိုးရေး စ သည်။ ဂရယ်မျချီတွင်မူ ထိုရက်ရောက်လျှင် စိုက်ပျိုးရေးစီမံကိန်း ပြီးစီးနေပြီဖြစ်သည်။ ၁၀ ရက်နေ့ကပင် ဒါဗီးဒေါ့သည် ပါတီ ခရိုင်ကော်မတီသို့ အစီရင်ခံလိုက်သည်။

မိုးဦးကျတွင် ဂျုံပင်လေးများ ပေါက်လာသည်ကို မြင်ရသည်မှာ ပျော်စရာကောင်းသည်။ ဒုတိယအဆိုင်း တာင်နီးတွင် မေလ အစောပိုင်းကတည်းက ကူဗန်ကာဂျုံမျိုးကေ နှစ်ရာငါးဆယ်စိုက်သည်။ ထိုဂျုံတို့မအောင်မည်ကို ဒါဗီးဒေါ့စိုးရိမ်သည်။ သူ့အတူပင် လုဗစ်ရှကင်လည်း စိုးရိမ်သည်။ယာကွယ်လူးကစ်ကမူ

"ပေါက်မှာမဟုတ်ဘူးဗျ အလကားဘဲ။ တနေ့လုံးစိုက်လို့ သီးနှံရမယ်ထင်သလား။အီဂျစ်ပြည်မှာဆိုယင် တနှစ်မှာနှစ်သီးစိုက်တယ်။ နှစ်သီးစားရတယ်လို့ စာအုပ်ကဆိုတာဘဲ။ဂရယ်မျချီက အီဂျစ်မဟုတ်ဘူးဗျ။ ဒီမှာစိုက်ခင်းဇယား သတ်သတ်မှတ်မှတ်ရှိရမယ်"ဟု အတင်းအမာ ဆိုလေသည်။

"ဟင်း၊ ခင်ဗျားကြီးအကြောင်း ကျုပ်သိနေတာကြာပြီ။ ခင်ဗျားကြီး အချောင်သမားဘဲ" ဒါဗီးဒေါ့သည် ဒေါသထွက်လာသည်။ "ကျုပ်တို့ ဂျုံတွေအောင်ရမှာဘဲ။ ကျုပ်တို့လဲ နှစ်သီးစားရမယ်။ ဒါ ကျုပ်တို့မြေဗျ။ ကျုပ်တို့မြေမှာ ကြိုက်သလိုစိုက်မယ်"

"ခင်ဗျား ကလေးစကားပြောတာဘဲ"

"အေးလေ၊ ကြည့်ကြသေးတာပေါ့။ခင်ဗျားပြောတာဆိုတာတွေဟာ လကျာ အချောင်သမား လမ်းဖက်နည်းနည်း တိမ်းနေသဗျ။ ပါတီအနေနဲ့ ဆိုယင် ဒါဟာ မလိုလားအပ်တဲ့ အစိတ်အပိုင်းဘဲ။ အင့်မတန် အန္တရာယ်ကြီးတဲ့ သွေဖီရေးဘဲဗျ။ ခင်ဗျား သတိထားနေဖို့ဘဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အို ကျုပ်က သွေဖီရေးအကြောင်း ပြောနေတာမှ မဟုတ်ဘဲ။ လယ်မြေအကြောင်း ပြောနေတာဘဲဟာ။ ခင်ဗျား သွေဖီရေးတွေ ကျုပ်နားမလည်ဘူး"

ဒါပီးဒေါ်သည် ကူဗန်ကာ ဂျုံတွင် မျှော်လင့်ချက်ထားသည်။ သို့သော်လည်း သံသယ အနည်းငယ် ဝင်မိလေသည်။နေ့တိုင်းတွင် လယ်ကွင်းသို့ ဆင်း၍ ကြည့်ရသည်မှာ အမောပင် ဖြစ်သည်။ သို့သော် မြေနက်ကြောကြီးကိုသာ မြင်ခဲ့ရလေသည်။

မြေသည် အသွေ့မြန်လာသည်။ ထွက်ပြူစ ဂျုံပင်ငယ်များမှာ အစာ ရေစာ ဝရှာဟန်မတူ။ ကြုံလှီနေသည်။ မြေကထိုးထွက်ရန် မနည်း အားယူနေဟန် တူသည်။ လယ်ထဲသို့ဆင်းကာ မြေသားကိုယူကြည့်သည်။ မြေသားနက်ကြောကိုသာ တွေ့ရသည်။ သူလည်း မြေအကြောင်းဘာမျှ နားမလည်။ မိုးလိုနေသည်ဟုထင်သည်။ မိုးရွာမည်ဆိုလျှင် ကူဗန်ကာ ဂျုံခင်းကြီးသည် လယ်ကွင်းတခုလုံးကို ကော်ဇောစိမ်းကြီး ဖြန့်ခင်းထားဘိအလား တမျှော်ချည်း စိုအိနေလိမ့်မည်။ သို့ရာတွင် မိုးကားမရွာသေး။ လယ်ကွင်း၌မူ ပေါင်းပင်တို့သည်သာ ထိုးထိုးထောင်ထောင်ထွက်လာကြလေသည်။ ကွင်းတခုလုံး ပေါင်းပင်တို့သာ မင်းမူနေလေသည်။

တညနေတွင် သက်ကြီး ရွယ်ကြီးတစု ဒါပီးဒေါ်နေသည့် အိမ်သို့ရောက်လာကြသည်။

"ခင်ဗျားဆီလာတာ တခုတောင်းပန်ချင်လို့ပါ" အဖိုးကြီးအကင်းက ပြောသည်။ဘေးဘီတွင် ဘုရားစင်ကို ရှာသေးသည်။ သို့သော် မတွေ့။

"ဘာတောင်းပန်ချင်တာလဲ ခင်ဗျ။ဒီမှာတော့ ဘုရားစင်လဲမရှိဘူး။ လက်ဝါးကပ်တိုင်လဲ မရှိဘူး။ ကိစ္စကဘာလဲ။

"ကျွန်တော်တို့ အဖိုးအိုတွေက တောင်းပန်တာပါဘဲ။ဒုတိယ အဆိုင်းရဲ့ လယ်မှာ ဘာမှမထွက်ပြူသေးဘူး မောင်ရဲ့"

"ခုနေ ဘယ်ပြောနိုင်အုံးမလဲ ခင်ဗျ"

"ဒါပေမယ့် မျှော်လင့်ချက်မရှိပါဘူး"

"ဆိုစမ်းပါအုံး"

"မိုးလိုနေတယ်"

"ဟုတ်တယ်လေ၊ မိုးလိုနေတာဘဲ"

"ကျုပ်တို့ ဘုန်းကြီးပင့်ပြီး ဆုတောင်း ခိုင်းချင်တယ်။ အဲဒါ မောင့်ရင့်သဘော"

"ဒီတော့ ဘာအကျိုးထူးမှာတဲ့လဲ"ဒါပီးဒေါ်သည် အနည်းငယ်မျက်နှာပျက်စပြုလာသည်။

"အကျိုးထူးရမှာပေါ့ဗျာ။ ဘုရားသခင်က မိုးရွာချပေးမှာပေါ့"

"ဒီမှာ အဖိုး၊ ပြန်ကြတော့ဗျာ။ဒီအကြောင်း မပြောယင်ကောင်းမယ်"

"ဘာရယ်ကွယ့်။ မြေက ကျုပ်တို့မြေ မဟုတ်လား"

"မဟုတ်ဘူး။-စုပေါင်းလယ်ယာပိုင်မြေ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒါဖြင့် ကျုပ်တို့က ဘာလဲ။ ကျုပ်တို့က စုပေါင်း လယ်ယာက လယ်သမားတွေ မဟုတ်သား"

"ပြီးတော့ ကျွန်တော်က စုပေါင်းလယ်ယာအသင်း ဥက္ကဋ္ဌခင်ဗျ"

"ဒါသိပါတယ် ရဲဘော်ကြီး။ ဘုရားသခင်ကိုခင်ဗျား အယုံအကြည်မရှိယင် ဆုမတောင်းပါနဲ့။ ဒါပေမယ့် ကျုပ်တို့ကတော့ ယုံကြည်နေသူတွေဖြစ်လေတော့ ဆုတောင်းပါရစေ"

"အို ကျွန်တော် ခွင့်မပြုနိုင်ဘူး။ ခင်ဗျားတို့ကို စုပေါင်းလယ်ယာ အသင်း အစည်းအဝေးက ကျုပ်ဆီ လွှတ်လိုက်တာလား"

"မဟုတ်ပါဘူး မောင်ရင်ရယ်။ ကျုပ်တို့ အဖိုးကြီးတသိုက် တိုင်ပင်ပြီးလာကြတာပါ"

"အဲဒါဘဲ။ ခင်ဗျားတို့ လူနည်းစုလေး စုဝေးလို့ မရဘူးဗျ။ ပြီးတော့ ကျွန်တော်တို့ သိပ္ပံနည်းအရ စိုက်းပျိုးကြရမယ် အဖိုး။ ဘုန်းကြီးတွေနဲ့ သစ်ပင်စိုက်မှာ မဟုတ်ဘူး"

ဒါဗီးဒေါ့သည် အကြာကြီးရှင်းပြသည်။ ဘာသာရေးကိုမထိခိုက်အောင်လှည့်ကာ ပတ်ကာဖြေရှင်းပြသည်။ အဖိုးအိုတသိုက်ကား စကားမပြောဘဲ နားထောင်၍သာနေကြသည်။ ထိုအချိန်တွင် မာကာနာဂူနော့ ရောက်လာသည်။ နာဂူနော့သည် ထိုသတင်းကို ကြားခဲ့ပြီးဖြစ်သည်။

"ဒါဖြင့် ခင်ဗျားတို့ ခွင့်မပြုဘူးပေါ့"

"ဟုတ်တယ် ခွင့်မပြုဘူး။ မလိုပါဘူး အဖိုးရယ်။ ဆုမတောင်းလဲ မိုးရွာမှာဘဲ"

အဖိုးကြီးများထွက်သွားကြလျှင် နာဂူနော့သည် တံခါးဝအထိလိုက်သွားကာ ဒါဗီးဒေါ့၏အခန်းတံခါးကိုပိတ်လိုက်ပြီးလျှင် အဖိုးကြီးများအား တိုးတိုးကြိမ်းသည်။

"ခင်ဗျားတို့ရှေးအဖိုးကြီးတွေဘဲ။ ခင်ဗျားတို့ လုပ်ချင်တာဘဲသိတယ်။ သိပ်ခေါင်းမာတယ်။ ဘုန်းကြီးနဲ့ဘဲ အချိန်ကုန်နေတာဘဲ။ အေး၊ လယ်ထဲ ဆင်းပြီး ဆုတောင်းလား မိုးခေါ်လားလုပ်ယင် ကျုပ်နဲ့အတွေ့ဘဲ။ မီးသတ်ခေါ်ပြီး မွှန်းအောင် ရေနဲ့ဖြန်းမယ် ဒါဘဲ"

ထိုနောက်နာဂူနော့သည် ဒါဗီးဒေါ့ထံသို့ပြန်လာခဲ့သည်။

"ဘာတွေ တိုးတိုးပြောနေတာလဲဗျ" ဒါဗီးဒေါ့က သူ့ကို မသင်္ကာ။

"အိုဗျာ ရှုသီဥတု ဆိုးရွားတဲ့အကြောင်း ညည်းတာပါ"

"ဒီတော့"

"ဒီတော့ သူတို့ ဆုတောင်း မိုးခေါ်ပွဲမလုပ်ဖို့ ဆုံးဖြတ်လိုက်သဗျ"

"သူတို့က ဘာပြောသလဲ" ဒါဗီးဒေါ့သည် တဖက်သို့လှည့်ကာ ပြုံးနေသည်။

"သူတို့က အင်း၊ ဘာသာရေးဆိုတာ။ ဆေးမြွန် ဘာလဲ၊ ခင်ဗျား ကျုပ်ဆီက အကျကောက်နေပြီ။ ခင်ဗျားလဲ ပွေးနာလိုလူဘဲ။ ပေါက်မိယင် မရတော့ဘူး။ ကျုပ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကိုဘဲ ခင်ဗျားကြည့်နေတယ်။ ကျုပ်က ဘာပြောသလဲ ဟုတ်လား။ ခင်ဗျားဟာ ဒီမို ကရက်တစ်ဝါဒကိုဖြန့်နေတဲ့ လူဘဲ။ လူတွေကို အားပေးနေတာ။တောင်းပန်ရတာနဲ့ သွေးဆောင်ရတာနဲ့။ဒီအဖိုးကြီးတွေကို ဒီလို တောင်းပန်လို့မရဘူးဗျ။ သူတို့ဘတွေ အားလုံးဟာ အယူအဆဟောင်းတွေကို ဆုပ်ကိုင်ထားကြတုန်းဘဲ။ အတွေးအခေါ် မှားတယ်။ အဓိပ္ပာယ် ဘာမှ ရှိတာတွေ မဟုတ်ဘူး။ အလကား သူတို့နဲ့ အချိန်ကုန်ခံ မနေပါနဲ့ဗျာ။ ခပ်ပြတ်ပြတ်ပြောလွှတ်လိုက်တာပေါ့ဗျ။ ပြီးရောပေါ့"

ဒါဗီးဒေါ့သည် ချောင်း တချက်ဟန့်ကာ လက်ကို လေထဲတွင် ရမ်းနေလေ သည်။ 'နာဂူနေ့ဟာ ပြင်မရတော့ဘူး' ဟူ၍လည်း စိတ်ထဲက ရေရွတ်နေလေသည်။

နာဂူနေ့သည် ပါတီမှ ဆဲ့ငါးရက်ခန့် ထုတ်ပယ်ခြင်း ခံရသည်။ ထိုအချိန် အတွင်း ခရိုင်ကော်မတီ၌ ခေါင်းဆောင်မှုအပြောင်းအလဲ ရှိသည်။ ကော်ရှင်စကီနှင့် ခိုမူတော့တို့ ရာထူးမှအချခံရသည်။

နာဂူနေ့က တိုင်းထိန်းသိမ်းရေးကော်မရှင်သို့ အယူခံတင်သည်။ယင်းကိုပြန်၍ စဉ်းစားရန် ခရိုင်သို့ချလိုက်သည်။ ခရိုင်အတွင်းရေးမှူးအသစ်က ထိုအမှုကို စုံစမ်းရန် ဂရယ်မျချီသို့ လွှတ်သည်။ ထိုနောက် နာဂူနေ့ကို ပါတီမှထုတ်သည့် ဆုံးဖြတ်ချက်ကို ပြန်၍ ရုပ်သိမ်းလိုက်လေသည်။ ပေးသည့်အပြစ် ပြင်းထန်လွန်းသည်ဟု အကြောင်းပြ သည်။ထိုပြင် အခြားစွပ်စွဲချက်များကိုလည်း ပြန်၍ရုပ်သိမ်းသည်။(ဥပမာ ကျင့်ဝတ် ပျက်ခြင်း၊ လိင်ဆက်ဆံမှုချွတ်ယွင်းခြင်း စသည်တို့ ဖြစ်သည်။) မာကာနာဂူနေ့ကို ခေါ်ယူကာ ဆုံးမစကားပြောသည်။ ထိုကိစ္စ ထိုမျှပင် စခန်းသိမ်းလေသည်။

ဒါဗီးဒေါ့သည် ပါတီအတွင်းရေးမှူးတာဝန်ကို နာဂူနေ့ အပြစ်ခံရစဉ် တာ ဝန်ယူရသည်။ အမှုကိစ္စပြီး၍ ပြန်အပ်သည့်အခါ "ဘယ့်နှယ်လဲ ဆရာကြီး။ အစွန်း ထွက်လွန်းတော့ သင်ခန်းစာကောင်းကောင်းရခဲ့ပြီမဟုတ်လား"ဟု မေးခဲ့ဘူးသည်။

"ဟုတ်တယ်ဗျို့။ ဒါဟာ အင်မတန်ကောင်းတဲ့ သင်ခန်းစာဘဲ။ ဒါပေမယ့် ကျုပ်တို့နှစ်ဦးနှစ်ဖက်မှာ ဘယ်ဖက်က အစွန်းပိုထွက်သလဲဗျ။ ကျုပ်ဖက်ကလား။ ခရိုင် ကော်မတီဖက်ကလား"

"နှစ်ဖက်စလုံးပေါ့ဗျ။ နည်းနည်းစီတော့ အစွန်းထွက်ကြတာဘဲ"

"ဒါပေမယ့် တိုင်းကော်မတီဆိုယင် ပိုပြီး အစွန်းရောက်တယ်လို့ ကျုပ်ထင် သဗျာ"

"ဥပမာဆိုစမ်းပါဦး"

"အေးလေ ကျွဲနွားတွေကို စုပေါင်းလယ်ယာ အဖွဲ့ဝင်ဟောင်းတွေဆီ ပြန် အပေးမခိုင်းတာ ကြည့်ပေါ့။ စုပေါင်းလယ်ယာ လုပ်ရေးမှာ ကျွဲနွားသိမ်းတာဟာ မလုပ်မဖြစ် လုပ်ငန်းလား။ ကျုပ်သဘောကတော့ အဲဒီအတိုင်းဘဲ။ လယ်သမား တယောက် အသင်းကထွက်သွားတယ်။ သူ့ကို ကျွဲနွားပြန်မပေးလိုက်ဘူး။ထွန်ယက်တဲ့ ကရိယာ ပြန်မပေးလိုက်ဘူး။ ရှင်းနေတာဘဲဗျ။ သူဘာနဲ့သွားထွန်မလဲ။ ထွန်စရာလဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



နွားမရှိ။ ပြေးစရာလဲ မြေမရှိ။ ကခုဘဲရှိတယ်။ သူ စုပေါင်းလယ်ယာကို ပြန်လာဖို့ လမ်းဘဲ မြင်တယ်။ ကဲ သူပြန်လာသလား"

"ဒါပေမယ့် ကျွဲနွားနဲ့ ထွန်းတုံး ထွန်တံတို့က စုပေါင်းလယ်ယာနဲ့ ခွဲလို့ မရဘူးဗျ"

"အို ဘာကောင်းလဲဗျာ။ ဒါ့ကြောင့် လူတွေ အသင်းထဲ ပြန်ဝင်လာရတာ ဆိုတာကိုက ဇွတ်အတင်းခိုင်းတဲ့ သဘော ပါနေပြီဗျ။ သူတို့ကိုလဲ သူတို့ လုပ်ကိုင်နိုင် အောင် ပေးလိုက်ရမှာပေါ့။ရှေ့ယူသွား။ ကိုယ့်ဖာသာထွန်။ သူတို့မြေ သူတို့လုပ်ပေ စေ။ ခုတော့ မဟုတ်ဘူး။ ကျွန်တော်သာဆိုယင် ဒီ ထွက်သွားတဲ့ လူတွေ့ စုပေါင်း လယ်ယာအနားကို အကပ်မခံတော့ဘူး။ ဒါပေမယ့် ခင်ဗျား လူတရာလောက် လက်ခံ လိုက်တယ် မဟုတ်လား။သူကိုက လူထုသဘောသက်ဝင်ယုံကြည်တဲ့ စုပေါင်းလယ်ယာ သမားကောင်းဖြစ်နိုင်ပါအုံးမတဲ့လား။ ဘုန်းကြီး လူထွက်ပြီးမှ ပြန်ပြီး ဘုန်ကြီးဝတ် တာလိုပေါ့ဗျ။ စုပေါင်းလယ်ယာထဲတော့ ရှိပါ့ရဲ့။ ဒါပေမယ့် စိတ်ထားကတော့ သေသည်အထိ တကိုယ်ကောင်းဆံနေမှာဘဲ။ သူတို့အကြောင်း ကျုပ်ကောင်းကောင်း သိတယ်။ သူတို့ကို ကျွဲနွားနဲ့ ထွန်တုံးထွန်တံတွေ ပြန်မပေးတာလဲ လက်ဝဲ သွေဖီ ရေးဘဲ။ ပြီးတော့တခါ အဲဒီထွက်သွားတဲ့ လူတွေ ပြန်သွင်းတာလဲ လကျာ သွေဖီ ရေးဘဲ။ အခုတော့ ကျုပ် နိုင်ငံရေးအသိ တိုးတက်လာပြီဗျို့။ ကျုပ်ကို လိမ့်လို့မရ တော့ဘူး"

"လယ်သမားတွေနဲ့ ဘာကိစ္စမှ ပြေလည်အောင် မဖြေရှင်းနိုင်သေးဘူး။အခု ဒါတွေလုပ်နေတုန်းဗျ။အဲဒါကိုတောင် ခင်ဗျား ကောင်းကောင်း နားမလည်နိုင်သေး ဘဲနဲ့ ခင်ဗျားကိုယ် ခင်ဗျား နိုင်ငံရေးအသိ တိုးတက်လာပြီလို့ ပြောသေးတယ်"

"ဘာပြောတယ်။ ကျုပ် ဒါတွေ အကုန်နားလည်ပါတယ်ဗျ"

"အင်း မာကာ မာကာ ခင်ဗျား အတွေးအခေါ်မျိုးနဲ့ မဖြစ်သေးဘူး"

သူတို့နှစ်ယောက်သည် အပြန်အလှန်ဆွေးနွေး ဝေဖန်ကြသည်။ နောက်ဆုံး တွင် ရန်ဖြစ်စကားများသည်အထိ ငြင်းခုန်ကြသည်။ ဆုံးမှသာ ဒါဗီးဒေါ့ ထွက် သွားလေသည်။

ထိုနှစ်ပတ်အတွင်း ဂရယ်မျချီတွင် အပြောင်းအလဲများစွာဖြစ်ခဲ့သည်။ တရွာ လုံး အံ့သြရသည့်အဖြစ်အပျက်ကား တေမီ ဒမ်မစ်ကို မုဆိုးမ မာရီနာပိုယာကိုတာ က လက်ထပ်သိမ်းပိုက်လိုက်ခြင်းပင်ဖြစ်သည်။ ဒမ်မစ်သည် သူပိုင်ဆိုင်သမျှ ပစ္စည်းကို ယူ ကာ မာရီနာ၏ အိမ်သို့ ညတညတွင် ပြောင်းရွှေ့ခဲ့သည်။

ရွာကမူ "မာရီနာတော့ ဒီတခါမှ ဘဝကြင်ဖော်ရှာလို့ တွေ့သွားပြီဟေ့"ဟု ချိုင်း၊ "ဒီနှစ်ယောက်ကတော့ တယ် ဖက်ညီတယ်။ ထရက်တာ တစီး အင်အားမျိုးနဲ့ အလုပ်လုပ်တော့မှာဘဲ"ဟုချိုင်း ပြောကြသည်။

အန်ဒရေး ရတ်ဇမျော့နေ့သည် သူ့အသဲစွဲ မာရီနာလက်ထပ်လိုက်သဖြင့် များ စွာ စိတ်ထိခိုက်သွေသည်။ ပထမတွင် ဟန်ဆောင်နေသေးသည်။ သို့သော် ကြာကြာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဟန်မဆောင်နိုင်တော့ဘဲ ဒါဗီးဒေါ့ကိုပါ ရှောင်ဖယ်ဖယ်လုပ်သွားသည်။ ရှောါ သည့်ထက် ပို၍ဆိုးလာသည့်အခါ အရက်ပုလင်းဖက်သို့ ဦးလှည့်လေသည်။ ဒါဗီးဒေါ့ လည်း ထိုအချက်ကိုသိသဖြင့် တွေ့အောင်ရှာကာ သတိပေးသည်။

"အလကား ကိစ္စတွေပါ အန်ဒရေး။ အရေးထားမနေစမ်းပါနဲ့"

"အရေး မထားလှပါဘူးဗျာ။ ဒါပေမယ့် ကျုပ်ကို စော်ကားရာမရောက်ဘူး လား ဒါဗီးဒေါ့။ စဉ်းစားကြည့်ပါအုံးဗျာ။ ကျုပ်လိုလူကိုတော့ ကန်ထုတ်ပြီး ဒမ်မစ် မှ ယူတယ်ဆိုတာ ကျုပ်အဖို့ ရှက်ဖို့ကောင်းတယ်ဗျ"

"ဒါက သူ့ကိစ္စဘဲ အန်ဒရေး။ သူကြိုက်ထာ ရွေးတာဘဲ"

"ဟုတ်တော့ ဟုတ်တာပေါ့။ဒါပေမယ့် စော်ကားတယ်လို့ ခင်ဗျားနည်းနည်း မှမထင်ဘူးလား။ ကဲ စော်ကားတယ်ဘဲထားလိုက်ပါ။ ဒါပေမယ့် ခင်ဗျား အရက် မ သောက်နဲ့။ ခုအချိန်က အရက်သောက်ချိန်မဟုတ်ဘူးဗျ။ တော်ကြာ ပေါင်းပင်တွေ ထလာတော့မယ်။ ပေါင်းသင်ချိန်ရောက်လာတော့မယ်"

အန်ဒရေးက ရှောင်ဖယ်ဖယ်လုပ်နေကာမှ ကြမ္မာဆိုးဝင်လာ၏။သူတို့နှစ်ယောက် သည် လမ်း၌ မကြာခဏဆုံတတ်လေသည်။ မာရီနာမှာ ကျေနပ်နှစ်သိမ့်နေပုံရသည်။

ဒမ်မစ်သည် မ ရီနာ၏အိမ်တွင် နွားလိုအလုပ်လုပ်ရသည်။ တအိမ်လုံး ရှိသမျှ အလုပ်ကို တယောက်တည်း ကြုံး၍လုပ်သည်။ မာရီနာသည် သူ့အဝတ်များကို ဖွပ် ပေးသည်။ ဖာထေးပေးသည်။ အိမ်နီးနားချင်းတို့နှင့်တွေ့လျှင် သူ့လင်အသစ်ကလေး အကြောင်းကို ကြွားလေ့ရှိသည်။

"အိမ်ကလူကတော့ အံ့ပါရဲ့ရှင်။ သန်မာလိုက်တာကလဲ ဝက်ဝံကြီးလိုဘဲရှင့်။ အလုပ်ဆိုချက်ချင်းကြုံးလုပ်တာဘဲ။ စကားမပြောတာကတော့ ဘာအရေးလဲ။ကျွန်မ တို့ ရန်ဖြစ်ဖို့တောင် နည်းသေးတာပေါ့"

မာရီနာ ပြောဆိုသမျှတို့သည် အန်ဒရေး၏နားသို့ ရောက်လေသည်။ ထိုအခါ တွင် ဝမ်းပမ်းတနည်း နောင်တရမိသည်။ 'ကြည့်ပါအုံး မာရီနာရယ်။ ငါလဲ မင်းအ တွက် အလုပ် လုပ်ပေးခဲ့တာပါဘဲ။ အိမ်မိုး ဖာထေးပေးခဲ့တယ်။ အားလုံးလုပ်ပေးခဲ့ တယ်။ မင်းဟာ ငါ့ဘဝကို ဖျက်ဆီးတာဘဲ'ဟု ညည်းတွားပါသည်။

ကုလတ်အဖြစ် ပစ္စည်းသိမ်းခံရသည့် ဂါယက်သည် ရွာသို့ပြန်ရောက်လာသည်။ တိုင်း ကော်မတီက သူ့အား မဲဆန္ဒပေးခွင့်ကို ပြန်လည်ပေးအပ်လိုက်သည်။ ဂါယက် နှင့်သူ့အိမ်ထောင် ဂရယ်မျချီသို့ ပြန်ရောက်လာလျှင် ဒါဗီးဒေါ့က အုပ်ချုပ်မှု ကော် မတီရုံးသို့ ခေါ်၍တွေ့သည်။

"ခင်ဗျား ဘယ်လိုလုပ်ကိုင်စားသောက်မလဲ။ ကိုယ့်ဖာသာဘဲ ထွန်ယက် စိုက် ပျိုးမလား။ စုပေါင်းလယ်ယာကို ဝင်မလား"

"ကျွန်တော် ဘာလုပ်ရဦးမှာလဲ" ဂါယက်သည် အရှိန်မပြေသေးဘဲ ခပ်ကန် ကန်လုပ်နေသည်။

"ဘာဆိုလိုတာလဲဗျ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာလုပ်ရဦးမှာလဲဗျ။ စုပေါင်းလယ်ယာ ဝင်ရုံဘဲရှိတော့တာပေါ့"

"ဒါဖြင့် လျှောက်လွှာတင်လိုက်ပေါ့"

"ကျွန်တော့် ပစ္စည်းတွေရော"

"ခင်ဗျား နွားတွေတော့ စုပေါင်းလယ်ယာမှာရှိတယ်။ ထွန်တုံးလဲရှိတယ်။ တခြားပစ္စည်းတွေတော့ ဝေပေးလိုက်ပြီ။ အေးလေ ပြန်တောင်းပေးပါ့မယ်"

"ပြီးတော့ စားဖို့ ဂျုံရောဗျ"

"ဒါက ကိစ္စမရှိပါဘူးဗျာ။ မန်နေဂျာဆီသွား။ ပထမဆုံး ဂျုံ ခွက်တဆယ် လောက် ပေးလိုက်လိမ့်မယ်"

ထိုအချိန်တွင် သူတို့ပြောနေကြသည့်စကားကို နာဂူနေ့ကြားရလေသည်။ "စုပေါင်းလယ်ယာအတွက်ထားတဲ့ ဂျုံစည်တော့ ပြောင်တော့မှာဘဲဗျို့" ဟု မှတ်ချက်ချလိုက်သည်။ "ဒီမီးဒေါ်ကတော့ နယ်နှင်ဒဏ်ခံရာက ပြန်လာမယ့် လူမှန်သမျှကို စုပေါင်းလယ်ယာထဲထည့်နေတော့တာဘဲ"ဟု အန်ဒရေးရတ်ဇမျှော့နေ့အား ပြောသည်။

စိုက်ပျိုးချိန်ကစ၍ပင် ဂရယ်မျချီပါတီအုပ်စု၌ ဒင်အားနှစ်ဆတိုးလာခဲ့သည်။ ပါတီဝင်ဖြစ်ရန်ရည်ထားသူများရှိနေပြီ။ ထိုအထဲတွင် လုဗစ်ရှကင်၊ နက်စတာနှင့် ဒယ့်မ်ကာတို့ကို အရံပါတီဝင်အဖြစ် သတ်မှတ်လိုက်သည်။ ထိုနေ့အစည်းအဝေးတွင် နာဂူနေ့ကကွန်ဒရတ်အား ပါတီဝင်ရန်အကြံပေးသည်။

"ကွန်ဒရတ်လဲပါတီကိုဝင်ပေါ့။ ခင်ဗျားကို ကျုပ်ကောင်းကောင်းထောက်ခံမည်။ ခင်ဗျားကျုပ်တပ်မှာအမှုထမ်းခဲ့တာဘဲဗျ။ ဒီတုန်းကခင်ဗျားဟာ အင်မတန်တော်တဲ့မြင်းတပ်သားတယောက်ဘဲ။ ခုလဲခင်ဗျားဟာ စုပေါင်းလယ်ယာအဖွဲ့ဝင်တွေထဲမှာအလုပ်အလုပ်ဆုံး လယ်သမားတယောက်ဘဲ။ ဒီတော့ခင်ဗျားလိုလူမျိုး ဘာလို့ ပါတီဝင်မဖြစ်ရမှာဘဲ။ ခုအတိုင်းဆိုယင် ကမ္ဘာ့တော်လှန်ရေးကြီးယာ မဝေးတော့ဘူးဗျ။ အချိန်မရွေးဖြစ်နိုင်နေပြီ။ အဲဒီအခါမှာ ခင်ဗျားနဲ့ ကျုပ်တတပ်ထဲ ကျချင်ကျမှာ။ ကျုပ်တို့ ဆိုဗီယက်အစိုးရအတွက် အတူကာကွယ်ကြတာပေါ့ ဟုတ်လား။ ဒါပေမယ့် ခင်ဗျားဟာက ခုထက်ထိပါတီဝင်မဖြစ်သေးဘာကခက်လှတယ်"

ကွန်ဒရတ်သည် သက်ပြင်းတချက်မှုတ်ထုတ်ကာ နာဂူနေ့ကိုပြန်၍ပြောသည်။

"မဖြစ်သေးဘူးရဲဘော် နာဂူနေ့။ ကျွန်တော့် စိတ်ထဲမှာ ပါတီဝင်ချင်စိတ် မရှိသေးဘူး။ ဆိုဗီယက်အစိုးရအတွက် ကျွန်တော် တိုက်ပေးပါ့မယ်။ စုပေါင်းလယ်ယာမှာလဲ အလုပ်ကောင်းကောင်း လုပ်ပါ့မယ်။ ဒါပေမယ့် ပါတီကိုတော့မဝင်နိုင်ဘူး"

"ဘာလို့လဲဗျ" နာဂူနေ့သည်မျက်မှောင်ကုတ်နေသည်။

"ခင်ဗျားကြည့်ပါလား ခုကျွန်တော်စုပေါင်းလယ်ယာအဖွဲ့ဝင်ဘဲ။ ဒါပေမယ့် ခုထက်ထိကျွန်တော့်မှာကိုယ်ပိုင်ပစ္စည်းဘာမှမရှိသေးဘူး။ကျွန်တော် နွားတွေအတွက် စိတ်ဆင်းရဲလှတယ်ဗျာ။ ကျွန်တော့်နွားလေးတွေ အကင်းကိုင်နေတာ တွေ့တယ်ဗျ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကောင်းကောင်းမစားရဘူးထင်ပါရဲ့။ ကျွန်တော့်မှာ ပစ္စည်းသံယောဇဉ်မကုန်သေးဘူးဗျ။ ပိုင်လိုဆိုင်လိုသေးတာဘဲ။ ဒါကြောင့် ပါတီဝင်အဖြစ်နဲ့ မတော်သေးဘူးလို့ပြောတာပေါ့"

နာဂူနေ့သည် ခေတ္တမျှတွေဝေစဉ်းစားကာ ပြဿနာ၏အဖြေကို ကြိုးစား၍ ရှာပေးသည်။

"ခင်ဗျားပြောတာလဲမှန်တယ် ကွန်ဒရတ်။ မဝင်ခင်စဉ်းစားအုံး။ စုပေါင်းလယ်ယာမှာ ချွတ်ယွင်းချက်မှန်သမျှကို ကျွန်တော်တို့ပြင်ဖို့ကြိုးစားနေတယ်။ အဲ၊ ဒါပေမယ့် ခင်ဗျားမျက်စိထဲမှာ ကိုယ့်နွားလေးတွေကို မြင်နေယင်တော့ ပါတီဝင်လို့ မဖြစ်သေးဘူး။ ပစ္စည်းသံယောဇဉ် ဖြတ်ရတယ်ဗျ။ ပါတီဝင်ယင် စိတ်ဓာတ်သန့်ရှင်းရမယ်။ ကမ္ဘာ့တော်လှန်ရေးကြီး အောင်ရမယ်ဆိုတဲ့ စိတ်ဘခုထဲထားဖို့လဲ လိုတယ်။ ကျွန်တော့်အဖေဟာ လူချမ်းသာတယောက်ပေါ့။ ကျွန်တော်တို့ကိုလဲ ပစ္စည်းကိုခင်တွယ်ဖို့ သင်ကြားပြောဆိုဆုံးမတယ်။ ဒါပေမယ့် ကျွန်တော့်ကျတော့ မခင်တွယ်ပါဘူးဗျာ။ အေး ခင်ဗျားလဲသံယောဇဉ်မကုန်သေးယင်တော့ မဝင်လေနဲ့အုံး"

လုဗစ်ရှကင်တို့ပါတီဝင်ကြတော့မည်ဆိုသည့် သတင်းသည် တရွာလုံးပြန့်နှံ့နေသည်။ ထိုအခါ ကော့ဆက်တယောက်က အဖိုးကြီး ရှယ်ရှူကာကို နောက်ပြောင်လေသည်။

"ကဲလေ အဖိုးကြီးလဲလျှောက်လွှာတင်ပေါ့ဗျ။ ခင်ဗျားလဲ တက်ကြွတဲ့ တပ်သားကောင်းတယောက်ဘဲ။ ခင်ဗျားကို ရာထူးတခုခုတော့ ပေးမှာဘဲဗျ။ ဒီတော့မှ သားရေအိတ်ကိုဂျိုင်းကြားညှပ်ပြီး ရွာလယ်လမ်းမ လျှောက်တာပေါ့"

ရှယ်ရှူကာသည် ထိုစကားကို တွေးတော စဉ်းစားသည်။ ညနေရောက်လျှင် မာကာနာဂူနေ့ထံသို့အပြေးသွား၍တွေ့သည်။

"ဗျို့မာကာ။ လူတွေတော့ပါတီထဲဝင်နေကြပြီဗျ"

"ဘာဖြစ်သလဲ"

"ကျွန်တော်လဲ ဝင်ရကောင်းမလားလို့ဘဲ။ ကျွန်တော့်အဖြစ်က မြင်းတွေနဲ့အတူအိပ်ဖို့ ဇာတာပါလာသလားမှမသိတာ။ ကြာယင်မြင်းမတကောင်နဲ့ ရတော့မှာဘဲဗျို့"

"ဒီတော့ဘာလုပ်ချင်သလဲဗျ"

"အိုဗျာ ကျုပ်ပြောတာ အရှင်းလေးဘဲ။ ပါတီကိုဝင်ချင်တယ်။ ဒါကြောင့် ခင်ဗျားဆီလာခဲ့တာဘဲ။ ကျုပ်ပါတီဝင်ယင် ဘယ်ရာထူးပေးမလဲ။ ဒီတော့ဘယ်လို လျှောက်လွှာရေးရမယ်ဆိုတာလဲ ပြောအုံးမှပေါ့ဗျ"

"ဘာပြောတယ်အဖိုးကြီး။ လူတွေပါတီကိုဝင်ကြတာ ရာထူးလိုချင်လို့ဝင်ကြတယ်ထင်နေသလား"

"အိုလေဗျာ ရွာမှာပါတီဝင်တွေအားလုံးလိုလို သူ့ရာထူးနဲ့သူ မဟုတ်လားဗျ"

www.facebook.com/NyisayEbookCreator
www.nyisay.com



မာကာနာဂူနေ့သည် စကားကိုလွဲရန် ကြိုးစားလေသည်။ အဖိုးကြီးကို ကြာကြာပြော၍မဟန်တော့ဟု နားလည်လာသည်။

"ခင်ဗျား ဘုန်းကြီးနဲ့ တွေ့သေးသလား"

"တွေ့တာပေါ့"

"ဘာလှူလိုက်သလဲ"

"ကြက်ဥ နည်းနည်းပါးပါးနဲ့ ဝက်ပေါင်ချောက် နည်းနည်းပါ"

"ဒါဖြင့် ခင်ဗျား ဘုရားကို ယုံတယ်ပေါ့"

"ဒီလိုလေဗျာ။ သိပ်တော့ ယုံလှတယ် မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်လိုပြောရမလဲ။ဟိုဗျာ။ဒီလိုလေ။နေမကောင်းတဲ့အခါတို့ တခုခုဖြစ်တဲ့အခါတို့ မိုးချုန်းတဲ့အခါတို့မှာတော့ ဘုရားတမိတာပေါ့ဗျ"

ကနဦးတွင် နာဂူနေ့သည် အဖိုးကြီးအား သာယာငြင်းပြောင်း ပြောရန် စိတ်ကူးမိသည်။ ပါတိဝင်အဖြစ် ဘာ့ကြောင့်လက်မခံနိုင်သည်ကို အေးအေးသက်သာ ပြောမည်ဟုစိတ်ကူးမိသည်။ သို့သော် ကြာလျှင် အဖိုးကြီးကို သည်းမခံနိုင်တော့ဘဲ အထုံးလိုက်အတစ်လိုက် ပက်ကနဲ ပြောချလိုက်လေသည်။

"ခင်ဗျားကြီး အလကားဘဲ။ ဘုန်းကြီးကို ကြက်ဥလှူတယ်။ရာထူးလိုချင်တယ်။ ဒါပေမယ့် မြင်းစာတော့ ကောင်းကောင်း မကျွေးတတ်ဘူး။ ခင်ဗျားလိုလူ ပါတီမှာ ဘာအသုံးကျမှာလဲဗျ။ခင်ဗျားတတ်တာက လျှာအရိုးမရှိတိုင်း မဟုတ်က ဟုတ်ကပြော တတ်တာဘဲ။သွားစမ်းဗျာ။ ကြာယင် ကျုပ်သည်းခံနိုင်မှာမဟုတ်ဘူး။ ကျုပ် ကောင်းကောင်းလဲ နေကောင်းတာမဟုတ်ဘူး။ ဒေါသမထွက်ချင်ဘူး"

ရှယ်ရှူကာသည် အချိန်အရွေး မှားသည်ဟု နောင်တရမိသည်။ နာဂူနေ့ ထမင်းစားပြီးချိန် ပြောရလျှင်ရလိမ့်မည်ဟု ထင်သည်။

ဂရယ်မျချီတွင် ရွာသူ အပျိုလေးများအဖို့ တုန်လှုပ်စရာသတင်းတခု ရှိသေးသည်။ ယင်းမှာ ဒီမောက် သေခြင်းပင်ဖြစ်သည်။

ဒီမောက်သည် လမ်းတွင် ထွက်ပြေးသဖြင့် အစောင့်စစ်သားက ပစ်သတ်လိုက်ရသည်။သူ့အဒေါ်ကား တူဆုံးသည့်အတွက် ဝမ်းမနည်းလှ။ အပျိုဖြန်းကလေးတို့အဖို့ကား ဒီမောက်သည် သူတို့ကို အချစ်အကြောင်း နားလည်အောင် နည်းပေးလမ်းပြ လုပ်ခဲ့သည့် 'ချစ်ကဝေဆရာကြီး'တဦး ဖြစ်လေသည်။သို့ဖြစ်ရာ သူတို့သည် ချစ်ကဝေဆရာကြီး သေဆုံးသည့်အတွက် ဝမ်းနည်းကောင်း ဝမ်းနည်းကြပေလိမ့်မယ်။ သို့သော် လည်း တာရှည်တာမြဲ နှမြောတသ မဟုတ်သည်ကား သေချာသည်။

"အချစ်ဆိုတာ ကစားစရာအရုပ်ကလေးဆိုယင်၊ လူဆိုတာလဲ အနိစ္စတရားသဘောအတိုင်းဘဲပေါ့"သို့ဖြစ်လျှင် အပျိုဖြန်းကလေးတို့၏ မျက်ရည်စသည် နေထွက်တပြိုတွင်ကျသည့်နှင်းရည်စက်တို့နှင့် တူလေမည် မဟုတ်တုံလော။

www.facebook.com/NyisayEbookCreator
www.nyisay.com



လယ်သမားတို့ ထွန်တုံးဖြုတ်ရသည့် လကား မေနှင့်ဇွန် နှစ်လရောသီတည်း။ ဂရယ်မျချိတွင် ထိုအစဉ်အလာသည် ဘိုးဘွားလက်ထက်ကတည်းက တည်ခဲ့သည့် အစဉ်အလာဖြစ်လေသည်။ သို့သော် ၁၉၃၀ တွင်မူ ထွန်တုံးဖြုတ်ချိန် လယ်နားချိန် ဟူသည် လုံးဝပျောက်ကွယ်ခဲ့သည်။ယခင်ကမူ စိုက်ရေး ပျိုးရေးပြီးလျှင် ထွန်ဖြုတ် နွားစာရှာသည်။ နွားတို့သည် စားကျက်တွင် အလေအလွင့်စားကြကုန်သည်။အားသစ်မွေးကြကုန်သည်။ ကောက်ဆက်တို့သည် ထွန်တုံး ထွန်တံကို ပြင်ဆင်သည်။ တံဇဉ်ကိုပြင်သည်။ တရွာလုံး တိတ်ဆိတ်နေလေ့ရှိသည်။နေ့လယ်မွန်းတည့်ချိန်ဆိုလျှင် ရွာလယ်၌ လူတယောက်မျှမရှိ။ ယောကျ်ားတို့သည် ထင်းခွေကြသည်။ အပြင်းထူကြသည်။ အိပ်နေကြသည်။ မိန်းမတို့ကား အေးချမ်းသည့် ရိပ်ဆာယာတခုခုတွင် အတင်းအဖြင်းပြောကာ သန်းရှာကြသည်။ တရွာလုံး သုသာန်တစပြင်ကဲ့သို့ သေ့ခြောက်နေသည်။

သို့ရာတွင် စုပေါင်းလယ်ယာ ဘဝသစ်၌ကား ထိုနှစ်ဦးတွင် လယ်နားချိန် မရှိတော့ခြင်းကို သူတို့ နဖူးတွေ့ ဒူးတွေ့ ကြုံကြရသည်။ ဘယ်မှာလျှင် နားစရာအချိန်ရှိပါမည်နည်း။မိုးဦးကျ၍ အသြောက်ပေါက်လျှင် ပေါင်းပင်တို့လည်း ရှင်သန်လာကြသည်။ ထိုးထိုးထောင်ထောင် ထွက်လာကြသည်။

"ကျုပ်တို့စုပေါင်းလယ်ယာမှာ သုံးခါ ပေါင်းသင်ကြရမယ်။ ပေါင်းတပင်မှ မရှိစေရဘူး" နာဂူနေ့က အစည်းအဝေးတခုတွင် စတင် ဆော်သြသည်။

ယာကွတ်လူးကစ်သည် ပျော်ရွှင်တက်ကြွနေသည်။ သူသည် အငြိမ်နေတတ်သူ မဟုတ်။ သည်လိုကိစ္စမျိုးတွင် ရှေ့ဆောင်ရှေ့ရွက်ပြုတတ်သည်။ တရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်စေချင်သည်။ 'ဆိုဗီယက်အစိုးရဟာ မိုးကိုပံ့တက်နေပြီ။ဘယ်တော့ အောက်ကို ဖုတ်ကနဲပြန်ကျမလဲမသိဘူး။ပေါင်းသဲသင်မယ်။ထွန်ကြားစုံလဲလိုက်ရအုံးမယ်။နွားတွေလဲ ကျွေးရမယ်။ ထွန်တုံးထွန်တံတွေလဲ ပြင်ဆင်ရအုံးမယ်။ ဒါပေမယ့်လူတွေက ခိုင်းတိုင်း လုပ်ကြမလား။ မိန်းမတွေကို ပေါင်းသင်ခိုင်းလို့ ရမလား။ သူတို့ ဒီအလုပ် လုပ်တယ်လို့ ဘယ်တုန်းကမှတော့ မကြားဘူးဘူး။ ပြီးတော့ ဒွန်တနယ်လုံးမှာ ပေါင်းသင်တယ်ဆိုတာ ဘယ်သူမှ လုပ်ခဲ့ကြတာမဟုတ်ဘူး။ ခုဆိုယင် သီးထွက်ကောင်းမှာဘဲ။ငါလဲ ပေါင်းသင်ရမှာဘဲ။ ဒိုကောင်မတွေတော့ တနွေလုံး ဘာမှ လုပ်ရတော့မှာ မဟုတ်ဘူး။ လယ်ယာကိစ္စနဲ့ဘဲ အချိန်ကုန်ရမှာဘဲ' ဤသို့တွေးမိလျှင် ကုန်ခဲ့သည့်အချိန်တို့ကို ပြန်လည်၍ နှမြောတသမိသည်။သူ့ကိုယ်တိုင်လည်း လယ်တွင် ပေါင်းသင်ရေးကို တခါမျှ စိတ်ကူးမထည့်ခဲ့ဘူးချေ။

ဒါဗီးဒေါ့နှင့်တွေ့လျှင် ဤသို့ပြောသည်။

"ရဲဘော်ကြီး ဒါဗီးဒေါ့ရေ။ ကျုပ်တို့တော့ သီးထွက်သိပ်ကောင်းမှာဘဲဗျ။ ခုမျှားဖြင့် ရှေးကနဲ့ နည်းနည်းမှ မတူပါဘူးဗျာ။ ရှေးကတော့ ပျိုးကို ဆုပ်ပြီး ကြဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



လိုက်ရုံနဲ့ အပင်ပေါက်လာတာဘဲ။ ပေါင်းနဲ့ မြက်နဲ့ အရောရော အထွေးထွေးဘဲ။ ဘယ်သူမှ ပေါင်းသင်ရမှန်း မသိဘူး။ တစော ဆဲ့ငါးတင်းပျော့ပျော့ ထွက်ခဲ့တာဗျ"

တခါက ဒါမီးဒေါ့သည် ယာကွတ်လူးကစ်ကို မန်နေဂျာ အဖြစ်မှ ထုတ်ရန် စိတ်ကူးခဲ့သည်။ သူ့ကို မယုံသင်ကာဖြစ်ခဲ့သည်။ တဖန် စပါးကျီဘားတွင် ရှဘ်ရှက် သဲသဲဖြစ်အောင် လုပ်ခဲ့သူဘဦးဟု ဒါမီးဒေါ့ထွနေခဲ့ဘူးသည်။ နောက်တနေ့တွင် သူ့ကို ခေါ်ကာ ပြောင်မေးသည်။

"မနေ့က ကျီဘားမှာ ယော်ငလည်သည်နဲ့ ခင်ဗျား ဘာလုပ်နေတာလဲ"

"လူတွေကို ရှင်းပြဖို့ ကြံနေတာပါဗျာ"

"မိန်းမကြမ်းကြီး တသိုက်ကို ကျုပ်ဆီမှာ ကျီသော့ရှိတယ်လို့ ခင်ဗျားဘဲ သတင်းပေးတာမဟုတ်လား"

"ဘုရားစူး၊ မိုးကြိုးပစ်ရပါစေရဲ့။ ကျွန်တော် ဘာမှ မပြောပါဘူး။ ဒီစကား မျိုး လေသံမှ မဟခဲ့ပါဘူးဗျာ"

"ပိန်းမတွေက ပြန်ပြောတာဘဲဗျ"

"အိုး လိမ်တာပါခင်ဗျာ။ သင်းတို့ သက်သက်လိမ်တာပါ။ ပေးချင်တဲ့သစ္စာ ပေးပါ။ ကျွန်တော်မပြောပါဘူး။ ကျွန်တော့်ကို အချောက်ဘွန်းတာပါ"

ထိုအခါ ဒါမီးဒေါ့သည် သူ့အပေါ် သဘောထားပြောင်းလာသည်။ ယခု လည်း ယာကွတ်သည် တက်ကြွစွာ ပါဝင်လုပ်ဆောင်လာခဲ့သူဘဦးဖြစ်လာသည်။

ယာကွတ်သည် အကြံဉာဏ်ကောင်းများလည်း ပေးခဲ့သည်။ လယ်ကွင်းထဲတွင် နွားသောက်ကန်အသစ်များ တူးဖော်ရန် အကြံပေးခဲ့သည်။ ရှေးကဆိုလျှင် ထွန်နွား ချိန်၌ လေးမိုင်ခန့် ရေသောက်ဆင်းကြရသည်။ သူက ရေကန်များ ကွက်ကြားမလပ် တူးရန် အကြံပေးသည်။တဖန် နွားတမျှားကို အုတ်ဖြင့် ဆောက်ရန်လည်း အကြံပေး သည်။ ထို့နောက် ဇာန္ဒုပ်ချောင်းတွင် ရေစားသဖြင့် မြေဘီကုန်ခန်းသည်ကို ကာ ကွယ်ရန် သစ်တုံးများချထားရေး၊ ကမ်းစပ်၌ သစ်ပင်များစိုက်ရေးကိုလည်း အကြံ ပေးခဲ့သည်။

ယာကွတ်ကို ထိုအခါမှစ၍ ယုံကြည်လာကြသည်။ နာဂူနေ့ပင် ယာကွတ် အပေါ် သဘောထားတမျိုးပြောင်းလာခဲ့သည်။

ပါတီအုပ်စုအစည်းအဝေးတခုတွင် နာဂူနေ့က ဤသို့ ပြောဘူးသည်။

"ဒီလူဟာ ကျုပ်တို့နဲ့သဘောတရားအရ ညီညွတ်ချင်မှ ညီညွတ်မယ်။ ဒါပေ မယ့် သူဟာ လယ်သမားကောင်းတယောက်ဘဲ။ သူ့လိုလူတယောက် ကျုပ်တို့အစား မထိုးနိုင်ခင် သူ့ကို မန်နေဂျာအဖြစ် ဆက်ပြီး သုံးကြတာပေါ့။ ကျုပ်တို့ပါတီမှာလဲ ခေါင်းကောင်းတဲ့ လူတွေ အသိန်းအသန်းပေါပါတယ်ဗျာ။ ဒါကြောင့်လဲ ပါတီဟာ တိုးတက်လာတာပေါ့။တခါတလေ ပါတီလုပ်ငန်းမှာ စိတ်ထားမကောင်းတဲ့ အင်ဂျင် နီယာလိုလူမျိုး ပါလာမှာဘဲ။ ဒါပေမယ့် သူ့ကို ခိုင်းတာပေါ့ဗျ။ 'ခင်ဗျားကတော့ အတတ်ပညာရှင်ဘဲ။ ဟောဒီမှာငွေ။ ခင်ဗျားကြိုက်တဲ့လခယူ။မိုက်ကားအောင်စား။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခင်ဗျား မိန်းမလဲ ပိုးခြေအိတ်ဝယ်ပေးလိုက်အုံး။ ဒါပေမယ့် ခင်ဗျားဦးနှောက်ကိုတော့ ကျုပ်တို့ အတွက် အသုံးချ ပေးရမယ်။ ကမ္ဘာ့တော်လှန်ရေးကြီးအတွက် ခင်ဗျား အင်ဂျင်နီယာ အလုပ်ကို လုပ်ရမယ်' အဲဒီလိုခိုင်းရတာပေါ့ဗျ။ သူကလဲ လုပ်တယ်။ အယင်ကဘဝကိုတော့ ပြန်ပြီး မျှော်ချင် မျှော်ပေအုံးမပေါ့။ မျှော်ပေ့စေ။ အလုပ်ကောင်းကောင်းလုပ်ယင် ပြီးတာဘဲ။ သူ့ကိုပစ်သတ်လိုက်ယင် သူ့ပညာတွေ ကျုပ်တို့ မသုံးရတော့ဘူးပေါ့ဗျ။ သူ့ဆီက ဘောင်းဘီတထည်ဘဲရမှာပေါ့။ အခုယာကွတ်ကိုစွလဲ ဒီသဘောဘဲထားတာပေါ့။ သူ့ဗိုက်လဲ ကားအောင်မျိုပေစေ။ ကျုပ်တို့အတွက်လဲ ရေကန်လဲ တူးပေးပေစေ။ ဒါဟာ ဆိုဗီယက် အစိုးရနဲ့ ကမ္ဘာ့တော်လှန်ရေးကြီး အတွက် အမြတ်ဘဲပေါ့ဗျ"

ယာကွတ်၏ဘဝသည် ယခုအခါ စိုပြေလာသည်။ တည်ငြိမ်ရှလည်းလာသည်။ ပေါလော့ဆက်နှင့် လက်ယက်စကိတ်တို့လည်း သူ့ထံမပေါလှာတော့။ သူတို့ တန်ပြန်တော်လှန်ရေးဆိုသည့်မှာလည်း အားကောင်းအထည်ပေါလာဟန်မတူ။ ဒါလည်းတမျိုးကောင်းသည်ဟု ဆိုရမည်။ ယခုနေအခါ ဆိုဗီယက်အစိုးရကို ဖြိုဖျက်နိုင်ဖွယ် မမြင်။ သို့ဖြစ်လျှင် သူတို့ကြောင့် ယာကွတ်မှာ ထမင်းလုံးတဆွေ အခြောက် ခံရတော့မည် မဟုတ်။

သည်အချိန်တွင် သူ့အမေအိုကြီးကလည်း ဇောင်ချမ်းပင်က မီးတကျီကျီ ထတောက်နေသေးသည်။ ဆိုဗီယက်အစိုးရကို မပုန်ကန်ကောင်းလားဟု သူ့ကိုဆူပူသည်။ ကြိမ်းမောင်းသည်။

"ခက်တာဘဲ အမေရယ်။ ဒါတွေမပြောပါနဲ့တော့။ ကျွန်တော်အနေရ ခက်တယ်ဗျ။ အမေတော့ တနေ့ဒုက္ခရောက်လိမ့်မယ်။ ကျွန်တော်လဲ ဒုက္ခရောက်မှာဘဲ။ အမေပြောတယ်မဟုတ်လား။ အရာရာဟာ ဘုရားသခင် စီမံတဲ့အတိုင်း နာခံရတာဘဲတဲ့။ 'ဘာဆိုတာ ဖြစ်သမျှနဲ့ ရောင့်ရဲ'တဲ့။ ဒါဖြင့်လဲ အေးအေးနေပေါ့အမေရယ်။ အမေ့ ထမင်းခွက် ဘယ်သူမှလုမယ်မဟုတ်ပါဘူး"

သို့သော် အမေအိုသည် အိမ်နီးချင်း အဖွားကြီးများနှင့်တွေ့လျှင် အာပေါင်အာရင်းသန်သန်ဖြင့် ဆိုဗီယက် ဆန့်ကျင်ရေးကို ပြောမြဲပြောလေသည်။ ထို့ကြောင့် ယာကွတ်က အမေကြီးအား အခန်းထဲပိတ်လှောင်ထားကာ ထမင်းချိန်တန်ထမင်း။ ရေသောက်ချိန်တန် ရေ စသည်ဖြင့် အစာရေစာသာ ဖြည့်တင်းပေးခဲ့သည်။ အပြင်သို့ ကား မထုတ်ရဲတော့ပေ။ သို့သော် တနင်္ဂနွေနေ့တနေ့တွင်မူ အပြင်ထွက်ခွင့် ပြုသည်။ ထိုအခါ၌ မျက်ရည်စလေး စမ်းကာစမ်းကာ မြည်တွန်လေသည်။ ကြုံရာတွင်စကားနာ ထိုးခဲ့လေသည်။

"ခုတော့ ငါ့ကို ချုပ်ထားတယ်အေ့။ အယင်ကတော့ သူ့တပ်မှူးဟောင်း ပေါလော့ဆက်ဆိုလားဘဲ။ သူလာနေတုန်းက ငါ့ဆီလာလာပြီး ဆုတောင်းပေးပါ။ ဆိုဗီယက်အစိုးရ ဆန့်ကျင်ရေး အောင်မြင်ဖို့ ဆုတောင်းပေးပါနဲ့ နားပူတယ်အေ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဤသို႔ျဖင့္ ယာကၡတ္ဘ၀သည္ လိႈင္းဂယက္ကင္းသည့္ ေရျပင္တြင္ရွိေသာ ေလွကဲ့သို႔ ေရစီးရာသို႔ ၿငိမ့္ၿငိမ့္ေျမာပါေနသည္။ အမေအိုႀကီး ျပင္ဖက္ကမၻာသို႔ ထုတ္သည့္အခါမ်ားတြင္သာ မိုးသက္မုန္တိုင္း ဆင္တတ္ေလသည္။

## —၃၉—

ပ်ိဳးၾကဲခ်ိန္တြင္ နာဂူေန႔၏ စြန္႔ပစ္ျခင္းခံရေသာ လုရွကာသည္ လယ္ကြင္းတြင္ အလုပ္ လုပ္ေနသည္။လုရွကာသည္ ေပ်ာ္ေပ်ာ္ေန ေသခဲသည္ဟူေသာ လက္သုံးစကားအတိုင္း ေပါေပါေနသူျဖစ္သည္။ တတိယအဆိုင္းတြင္ တာ၀န္က်ေလရာ စခန္းတြင္ေနသည္။ေနြခင္းတြင္ ကရုတ္နိကုေတာ႔၏ ထြန္႔ဥစီးသည္။ ညအခါတြင္ လူငယ္လူရြယ္ေလးမ်ား၊ အပ်ိဳေဖာ္ေလးမ်ားႏွင့္ ေပ်ာ္ႀကပါးႀကသည္။ တညလုံး အေကာ္ဒီယံသံတည္ညံ့ျဖင့္ ကခုန္မြမ္းတူးသည္။ သီခ်င္းဆိုႀကသည္။

လုရွကာအဖို႔ ေလာကႀကီးသည္ အစဥ္သာယာစိုျပည္ေနသည္။ သူ႔မ်က္ႏွာတြင္ စိတ္ညစ္ပါသည္ဆိုသည့္ အရိပ္အေရာင္မေတြ႕ရ။ ဘ၀ကို ရဲရဲ၀့္၀့္ ရင္ဆိုင္သည္။ အပူအပင္မရွိ၊ စိတ္ပ်က္သည္မရွိ။ မ်က္ခုံးကို အၿမဲခ်ီထားသည္။ မ်က္လုံး အစုံကား အၿမဲရီေ၀ေနသည္။ ၿပဳံးေနသည္။ ေပ်ာ္စရာဘ၀သစ္ကို ေမွ်ာ္ကိုးေယာင္ ေငးေမာေနသည္။ ကံဆုံလွ်င္တေယာက္ေတာ့ေတြ႕ဦးမည္ဟု သေဘာပိုက္သည္။ ဖူးစာေရးနတ္ကိုသာေစာင့္ေနသည္။ သူကား အဆင္သင့္ပင္။ နာဂူေန႔ႏွင့္ ကြဲၿပီးေနာက္ သူ႔ေယာက်္ားကိုေမ႔ပစ္လိုက္သည္။ အေပ်ာ္အပါးသာ လိုက္စားသည္။ တီမိုေဖးဒမတ္စေကာ့လည္းအေ၀းေရာက္ေနၿပီ။ လုရွကာသည္ အေ၀းေရာက္ခ်စ္သူကို တမ္းတေနတတ္သည့္မိန္းမစားမဟုတ္နိုင္။

အဂါဖြန္ဒပ်ဗဆဲာ့က သူ႔အားအေနအထိုင္ ျပဳျပင္ရန္ သတိေပးသည္။ ထိုအခါ လုရွကာက ပက္ကနဲျပန္ေျပာလိုက္သည္။

"ကၽြန္မအလုပ္ၿပီးေအာင္လုပ္သြားတာဘဲ။အလုပ္ၿပီးေနယင္ ကၽြန္မ က ေနတာကို ဘယ္သူကလာတားနိုင္မွာတဲ့လဲ။ ဦးေလးအဂါဖြန္မႀကည့္ခ်င္ယင္ ေစာင္ၿခဳံၿပီးအိပ္ေနေပါ့။ ဒါမွမဟုတ္လို႔ သူမ်ားကို မေနာလိုဘူးဆိုယင္လဲ လာသာလာခဲ့ေပေတာ့။ ကၽြန္မတို႔ကေတာ့ေၾကာက္ေပါက္မ ရွိတဲ့လူလဲလက္ခံမွာဘဲ။ ေၾကာက္ေပါက္မနဲ႔ လူကသာၿပီးခ်စ္စရာေကာင္းေသးတယ္လို႔ ေျပာသံႀကားဘူးတာဘဲ"

အဂါဖြန္သည္ ရွာသို႔ျပန္ေရာက္လွ်င္ ဒါ၀ီးေဒါ့ကိုတိုင္တည္ေလသည္။

"ခင္ဗ်ားကဲ စြမ္းပါတယ္ဗ်ာ ရဲေဘာ္ႀကီးဒါ၀ီးေဒါ့ရဲ႕။ ကၽြပ္ကို တခုကူစမ္းပါအုံး။အခုခင္ဗ်ားလုပ္ပုံက မဟုတ္ေသးပါဘူးဗ်ာ။ အားလုံး ေခ်ာက္က်ဖို႔ခ်ည္းဘဲ။ အဖိုးႀကီးရွယ္ခ်ဴကာကိုလုပစ္ရွကင္ အဖြဲ႕မွာထည့္လိုက္တယ္။ လုရွကာကို ကၽြပ္အဖြဲ႕မွာထည့္လိုက္တယ္။ ဘယ္လိုအစီအစဥ္လဲဗ်ာ။ ညညမ်ား လာႀကည့္စမ္းပါ။ လုရွကာေၾကာင့္ကၽြပ္ေကာင္ေလးေတြ အရူးအမူးျဖစ္ေနၿပီဗ်။ ေကာင္မေလးက မ်က္လုံးကို

www.facebook.com/NyisayEbookCreator
www.nyisay.com



ဝေ့ဝေ့ပြတယ်။ ဖိတ်ခေါ်တယ်ပေါ့ဗျာ။ အဲတညလုံးမိုးအလင်း ကကြရောဗျာ။ နေ့ခင်းလယ်ထွန်တော့ငိုက်နေကြတာဘဲ။ အလုပ်မတွင်ဘူးဗျ။ အဲဒါလုရှကာယင်လဲကျုပ်အဖွဲ့ကထုတ်ပစ်။ဒါမှမဟုတ် သင်းကိုယင်လဲ လင်ပေးစားလိုက်။ဒါဘဲ”

ဒါဗိုးဒေါ့သည် ထောင်းကနဲဒေါ့ထလာသည်။

“ခင်ဗျားကကျုပ်ကို ဘာမျှားအောက်မေ့နေသလဲ။ ကျုပ်သူ့ဆရာမဟုတ်ဘူးဗျ။ သူ့အမေခေါ်ပြီးပြောခိုင်း။ ဘာဖြစ်ဖြစ် ခင်ဗျားတို့ဟာက ကျုပ်ဆီရောက်လာကြတာဘဲ။ သူ့ကိုအိမ်ထောင်ဖို့ကျုပ်က ပြောပေးရမှာလား။ အလုပ်မကောင်းယင်ထုတ်ပစ်လိုက်ပေါ့ဗျ။-

“အလကားဗျာ ဘာလေးဖြစ်ဖြစ် ကျုပ်ကိုတိုင်တည်တာဘဲ။ အသေးအဖွဲ့ကလေးကစပြီးကျုပ်ဆီရောက်လာတယ်။ ‘ရဲဘော်ကြီးဒါဗိုးဒေါ့ရေ ထွန်တုံးပျက်သွားပြန်ပြီ’ ‘ရဲဘော်ကြီးဒါဗိုးဒေါ့ရေ မြင်းမလေးနေမကောင်းပြန်ဘူး’။ အဲ၊ ခုသဲ မိန်းမတယောက်ရှုနေထနေတာနဲ့ ကျုပ်ဆီလာတိုင်တာဘဲ။ စိတ်မျှားပျက်ရောဗျာ။ ထွန်တုံးပျက်ယင် ပန်းဘဲဆရာဆီသွား။ကျုပ်ဆီမလာနဲ့။ မြင်းနေမကောင်းယင် မြင်းဆရာဝန်ဆီသွား။ကျုပ်ဆီမလာနဲ့။ ခင်ဗျားတို့ဘယ်တော့မှအစွမ်းအစရှိမှာမဟုတ်ဘူး။ သူများကိုချည်းအားကိုးနေကြတာ။ ကျုပ်ခင်ဗျားတို့ကို ငှက်ပျောသီး အခွံနွှာမကျွေးနိုင်ဘူး”

ဒပ်ဖဆော့သည်စိတ်ပျက်လက်ပျက်နှင့် ဒါဗိုးဒေါ့ထံမှထွက်လာခဲ့သည်။ ထိုအခါတွင်မှဒါဗိုးဒေါ့သည် စီးကရက်နှစ်လိပ်ကိုဆက်တိုက်သောက်ရင်း တံခါးကိုဆောင့်ပိတ်လိုက်သည်။

ဒပ်ဗဆော့ပေးသည့်သတင်းကြောင့် ဒါဗိုးဒေါ့ စိုးရိမ်ပူပန်ဖြစ်လာသည်။ သူစိတ်တိုသည်မှာ ဒပ်ဗဆော့တို့လာ၍ နားပူသောကြောင့်မဟုတ်။ ‘ကောင်မလေးကမျက်လုံးကို ဝေ့ဝေ့ပြတယ်ဗျ။ဖိတ်ခေါ်တာပေါ့ဗျာ’ ဟူသော စကားကြောင့် ဖြစ်သည်။

နာဂူနေ့နှင့် ကွာပြီးစက ရုံးနားတွင် သူနှင့်တွေ့သည်။ ထိုအခါတွင် လုရှကာက “မစွန်သေးတဲ့ လူပျိုသိုး တယောက်လောက် ရှာပေးစမ်းပါ”ဟု ပြောသွားသည်ကို အမှတ်ရလာသည်။ ထိုအခါကစ၍ ဒါဗိုးဒေါ့သည် စိတ်တမျိုး ပြောင်းလာသည်။ အယင်ကမူ လုရှကာ၏ မိုက်မဲမှုကို သနားသည်။ မည်သို့မျှကား တုန်လှုပ်ခြင်းမဖြစ်။ ယခုမူ အနည်းငယ် စိတ်မောလျှလာသည်။ဒပ်ဗဆော့ကိုမူ ဂိတ်မရှည်ဟန် ကြိမ်းမောင်းလိုက်သည်။ အမှန်စင်စစ် ဟန်ဆောင်လိုက်ခြင်းသာဖြစ်သည်။

ထိုအခါမှစ၍ ညညတွင် အိပ်မပျော်သည့် ရောဂါစွဲလာသည်။အိပ်မပျော်တိုင်း ဆေးလိပ်သောက်သည်။ တံခါးကို ဆောင့်ပိတ်သည်။ ကျေးငှက် သာရကာတို့ကား သာယာစွာ သီကြူးကြသည်။ ထိုအခါမျိုးတွင် သူ့စိတ်သည် ပို၍ အစိုးမရဖြစ်လာသည်။ တခုခုလိုနေသလို ထင်မိသည်။

---

www.facebook.com/NyisayEbookCreator
www.nyisay.com



လုရှကာသည် စိုက်ပျိုးချိန် ပြီးဆုံးသည့်တိုင် အဖွဲ့နှင့်အတူ လယ်ထဲတွင် ရှိနေသည်။ ပြီးလျှင် လုရှကာသည် ဆိုင်းမဆင့် ဗုံမဆင့်ဘဲ သူ့ထံ ရောက်လာလေသည်။

ဒါမီးဒေါ်သည် ညစာစားပြီးစ အိပ်ရာထက်တွင် လဲလျောင်းကာ ပရာဗဒါ သတင်းစာကို ဖတ်နေသည်။ ထိုအခိုက် ကြိုကနဲ တံခါးဖွင့်သံကြားရသည်။ ထို့နောက် "ကျွန်မ ဝင်ခဲ့မယ်နော်" ဟူသော မိန်းမသံ ညင်းညင်းညှည့်ကလေးကိုကြားရသည်။

"လာခဲ့လေ"

ဒါမီးဒေါ်သည် အိပ်ယာထက်တွင် အမြန်အင်္ကျီဝတ်ကာ ထထိုင်လိုက်သည်။ လုရှကာ ဝင်လာပြီးလျှင် တံခါးပြန်ပိတ်လိုက်သည်။ လုရှကာသည် ပိုးပုဝါနက်ကလေးကို ခြုံလာသည်။ သူ့မျက်နှာသည် လေဒဏ်ကြောင့် ကြေးညိုရောင်တောက်နေသည်။ နေပူဒဏ်ကြောင့်လည်း ပါးရေတို့ မဲနက်လာသည်ဟု ထင်ရသည်။ သို့ရာတွင် သူ့မျက်လုံးအစုံကား ပို၍ပင်တောက်ပလာသည်ဟု ထင်မိလေသည်။

"ရှင့်ကိုမတွေ့တာကြာလို့ ဝင်လာတာဘဲ"

"လာလေ ထိုင်အုံးပေါ့"

"ဘယ်လိုလဲ စပေါင်းလယ်ယာဥက္ကဋ္ဌကြီးရဲ့။ နေလို့ထိုင်လို့ ကောင်းရဲ့လား"

"မဆိုးပါဘူး"

"တယောက်ထဲ မငြီးငွေ့ဘူးလားရှင်"

"အိုဗျာ ငြီးငွေ့စရာမရှိပါဘူး"

"ကျွန်မ မရှိလို့ ပြင်းမနေဘူးလား"

ဒါမီးဒေါ်သည် ဟန်ဆောင်ကောင်းသူဖြစ်သည်နှင့်အညီ မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ လုရှကာသည် အနည်းငယ် အနေကြပ်သွားက မျက်လွှာကို ချလိုက်သည်။ သို့သော် နှုတ်ခမ်းအစုံတွင် အပြုံးရိပ်ကား သန်းလာလေသည်။

"ဘယ်ပြင်းအားမလဲဗျာ"

"နည်းနည်းကလေးမှ မငြီးငွေ့ဘူးပေါ့"

"ဟင့်အင်း၊ တကယ်ပါ။ မင်းကျုပ်ဆီလာတာ ကိစ္စရှိလို့လား"

"အို ဟုတ်တယ် ဟုတ်တယ်။ သတင်းစာထဲ ဘာသတင်းထူးပါသလဲရှင်။ ကမ္ဘာ့ တော်လှန်ရေးအကြောင်း ဘာများ ပါသလဲ" လုရှကာသည် ရှေ့သို့ကုန်းကာ စိတ်ဝင်စားဟန်ပြုသည်။ သူ့နှုတ်ခမ်းတွင် အပြုံးရိပ်လည်း လွင့်စဉ်သွားသည်။

"သတင်းကတော့ စုံလို့ဘဲ။ ကျုပ်ဆီကို ဘာအကြောင်းရှိလို့ လာတာလဲ"

အိမ်ရှင် မိန်းမကြီးသည် နားထောင်နေလိမ့်မည်ဟု ဒါမီးဒေါ်တွက်သည်။ အခြေအနေကားမကောင်း။ ဒါမီးဒေါ်သည် မီးခဲကိုင်မိသည့်မျှောက်လို တလှုပ်လှုပ်တရှရှ ဖြစ်နေသည်။ နက်ဖြန်ဆိုလျှင် မိန်းမကြီးကရွာထဲတွင် သတင်းလွှင့်လိမ့်မည်။ ညကြီးမင်းကြီးနှာလူနေ့မိန်းမက ဒါမီးဒေါ်ကိုလာတွေ့သတဲ့ တော်တော်ရှုပ်ပုံရတယ်ဟုမဲ့ရွဲ့ကာပြောလိမ့်မည်။ ဤသည်ပင် ဒါမီးဒေါ်၏ဂုဏ်သိက္ခာတွင် အစွန်းအထင်းထင်စရာဖြစ်လာလိမ့်မည်။ ရွာက မိန်းမများသည် အတင်းအဖြင်း အပြောတွင် သူမတူအောင် စွမ်းကြသည်။ ထိုအခါ

www.facebook.com/NyisayEbookCreator
www.nyisay.com



သူ့သတင်းသည်စုပေါင်းလယ်ယာသို့ ရောက်သွားမည်။ ရတ်ဇမျော့နေ့က ရဲဘော် တယောက် လုရှကာရဲ့ ပိုက်ကွန်မှာမိပြန်ပြီဟုဆိုမည်။ ထိုမျှနှင့်ရပ်မည်မဟုတ်။ ခရိုင် ကော်မတီသို့ရောက်သွားနိုင်သည်။ ထိုမှတဆင့် ခရိုင်မြေယာသမဂ္ဂသို့ ရောက်နိုင်သည်။ ထိုအခါတွင် ကား မဖိတ်မကြားရဘဲ စုံစမ်းရေးကော်မတီရောက်လာမည်။ "ဆယ်ရက် အထိ စိုက်ပျိုးရေးမပြီးတာ ဘာဆန်းတာလိုက်လို့။ မိန်းမတွေနဲ့ ရှုပ်နေရတာနဲ့ စုပေါင်းလယ်ယာအလုပ်မပြီးတာဘဲ။ အချစ်ကိစ္စက လယ်ယာထက် အရေးကြီးနေတာ ကိုး" ဟု မှတ်ချက်ချမည်။

သူ့ကို ဂရယ်မျချီသို့ လွှတ်လိုက်စဉ်က တိုင်းကော်မတီ အတွင်းရေးမှူး၏ စကားကိုကြားယောင်မိသည်။ "ကျေးရွာတွေမှာ ခင်ဗျားတို့ဟာ အလုပ်သမားလူတန်း စားကို ကိုယ်စားပြုတဲ့ စံပြတွေဖြစ်စေရမယ်။ တော်လှန်ရေးရဲ့ တပ်ဦးစံပြဖြစ်ရမယ်။ ကိုယ့်ကိုကိုယ်ထိန်းကြဖို့ဘဲရဲဘော်တို့။ အကြီးအကျယ် အရေးအခင်းမှာသာ မဟုတ်ဘဲ အသေးအဖွဲ့ကလေးတွေပါသတိရှိရမယ်။ ထိန်းသိမ်းရမယ်။ တောရွာလေးတရွာမှာဆို ယင် ခင်ဗျားတို့အဖို့ အရက်တခွက်ကို တပြားနဲ့ ရနိုင်တယ်။ သိပ်ဈေးချိုတယ်။ ဒါပေမယ့် အဲဒီအရက်အတွက် မေးငေါ့တာက နိုင်ငံရေးအရ တန်ဖိုးကြီးကြီး ပေးကြရ လိမ့်မယ်။ ငွေတရာလောက်တန်ဖိုးကြီးကြီး ပေးရလိမ့်မယ်"

ဒါဗီးဒေါ့သည် ထိုအကြောင်းကို စဉ်းစားလိုက်လျှင် ချွေးစို့လာလေသည်။ လုရှကာကားထိုင်နေဆဲ။

"ကဲ ဘာကိစ္စရှိသလဲ။ မြီးယင်ပြန်ပေတော့။ ကျုပ်မှာ ခင်ဗျားကို ဧည့်ခံဖို့ အချိန်မရှိဘူး"

"အယင်တုန်းက ရှင်ပြောတာ အမှတ်ရသေးရဲ့လား။ ကျွန်မတော့ နာဂူနေ့ ကိုမမေးရသေးဘူး။ မေးယင်လဲ ကန့်ကွက်မှာဘဲ"

ဒါဗီးဒေါ့သည် ထိုင်နေရာမှထခုန်ကာ လက်ကိုထွင်တွင်ရမ်းပြသည်။

"ကျုပ်အလုပ်များနေတယ်။ နောက်မှပြောတာပေါ့ဗျာ"

ထိုအချိန်တွင် ဒါဗီးဒေါ့သည် လုရှကာ၏ပါးစပ်ပေါက်ကိုပိတ်ရန်လက်ရွယ်နေ လေပြီ။

လုရှကာလည်း ချက်ချင်း နားလည်သွားသည်။ မျက်ခုံးကို မဲ့ကာရှုံ့ကာချီ လိုက်သည်။

"ဟင်း ဒါနဲ့များ သူ့ကိုယ်သူ။ ကိစ္စမရှိပါဘူးလေ။ ရှင့်ဆီက သတင်းစာတွေ သာပေးပါ။ စိတ်ဝင်စားစရာပါတဲ့ သတင်းစာရှိယင်ပေးပေါ့။ ရှင့်ကိုနှောင့်ရှက်ရတာ ဝမ်းနည်းပါတယ်။ ကျွန်မပြန်မယ်"

သူထွက်သွားမှ ဒါဗီးဒေါ့လည်း သက်ပြင်းချနိုင်သည်။ ထိုနောက် ဒါဗီးဒေါ့ သည် စာပွဲဘင့်ထိုင်ကာ ငူတူတူ ငိုင်တိုင်တိုင်ဖြစ်နေသည်။ သူ့လက်နှစ်ချောင်းသည် ငိုက်ဆိုက်ကျနေသောခေါင်းထက်တွင် ပတ္တာဆက်ကာ အုပ်မိုးထားသည်။ 'ငါဘယ်လို လူစားမျိုးလဲ။ မိန်းမတယောက်က လာတွေ့တာတောင် ချောင်ဖယ်ဖယ် လုပ်နေရတဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com



အဖြစ်ရောက်နေပါပေါ့လား။ ငါဘာလဲ။ ငါဘုန်းကြီးလား။ နွားလား။ မဟုတ်ဘူး။ ငါလူဘဲ။ ငါသူ့ကိုကြိုက်နေတယ်။ သူနဲ့သာနေရမယ်ဆိုယင် ငါပျော်မယ်။ လုပ်ငန်းကိုမထိခိုက်ဘူးဆိုယင် ဘာအရေးလဲ။ အင်း သူပြန်လာပါအုံးမလား။ ငါရိုင်းတယ်။ ငါဆက်ဆံတာသိပ်ရိုင်းသွားတယ်။ ဘယ်လိုစိတ်ရှုပ်စရာတွေလဲ မသိပါဘူး'

သူ့အတွေးသည် ခေါင်လွန်းလေသည်။လူရှာကာသည်သူထင်သလိုမိန်းမစားမျိုးမဟုတ်။ လွယ်လွယ်နှင့်လျှော့မည့်မိန်းမစားမဟုတ်။ ဒါဗီးဒေါ့သည် ပခုံးကျယ်ကြီးနှင့်လူသူတော်ကောင်းကြီးတယောက်ဖြစ်သည်။ မာကာနာဂူနော့နှင့် လုံးမဝတူ။မာကာနာဂူနော့ကားမိန်းမကိုသူ့လုပ်ငန်းလောက်ချစ်သူမဟုတ်။သူ့ကမ္ဘာ့တော်လှန်ရေးကြီးနှင့်သာ အချိန်ကုန်နေသူဖြစ်လေသည်။ တဖန် ဒါဗီးဒေါ့သည် ရည်းစားဟောင်း တီမိုဖေးနှင့်လည်းနှိုင်းယှဉ်ရမည့်သူမဟုတ်။ ဒါဗီးဒေါ့တွင် အပြစ် အနာအဆာဆို၍ သွားကျိုးတာတခုဘဲရှိလေသည်။ သို့ရာတွင် လူတယောက်၏တန်ဖိုးကိုသွားကျိုးတာလေးနှင့် အကဲဖြတ်နိုင်မည်လား။ သွားကိုကိုက်စား၍ရသည်မဟုတ်။

နောက်တနေ့ညနေ 'ညီအစ်ကိုမသိတသိ အချိန်တွင် လူရှာကာ ရောက်လာပြန်သည်။ သည်အကြိမ်တွင်မူ အလှအပများဖြင့် မွမ်းမံလာသည်။ အဝတ်သစ်သစ်လွင်လွင်ကိုဝတ်ဆင်လာသည်။ သတင်းစာများပြန်ပေးရန်လာသည်ဟုဆိုလေသည်။

"ရှင့်သတင်းစာတွေပြန်ပေးရအောင်လာတာနော်။နောက်ထပ်သတင်းစာများရှိသေးသလားရှင်။ စာအုပ်လေးများရော မရှိဘူးလား။ ကျွန်မဖတ်ချင်တဲ့ ဟာမျိုးကအသဲတထိတ်ထိတ်နဲ့ဖတ်ရတဲ့ ချစ်ခန်းကြိုက်ခန်းမျိုးရှင့်"

"သတင်းစာတွေတော့ယူသွား။ ဒါပေမယ့် စာအုပ်မရှိဘူး။ ကျုပ်အိမ်ကစာကြည့်တိုက်မဟုတ်ဘူးဗျ"

လူရှာကာသည် ဖိတ်ခေါ်ခြင်းကို မစောင့်တော့ဘဲ ကုလားထိုင်လွတ်တခုတွင် ဝင်၍ထိုင်သည်။ ထိုနောက် တတိယအဆိုင်း အကြောင်းကို စိတ်ပါ လက်ပါပြောလေသည်။ တဖန်မကြာသေးမီကမှဖွဲ့စည်းသော နို့စားနွားမခြံတွင် တွေ့ရသည့် ချွတ်ယွင်းချက်ချို့တဲ့ချက်များကိုလည်းပြောသည်။ သူသည် အညာအလှိုင်းအညာအခရာမပါဘဲ ဒါဗီးဒေါ၏ သဘောကို လိုက်လျောအောင် ပြောဆိုသည်။ ဒါဗီးဒေါ့ စိတ်ပါမည့်အကြောင်းအရာတို့ကိုပြောဆိုသည်။

အစတွင် ဒါဗီးဒေါ့သည် သူ့ကိုမယုံ။ညာလှိုင်းနေသည်ဟုထင်သည်။ နောက်မှ စိတ်ပါလာပြီးလျှင် နို့စားနွားမခြံနှင့် ပတ်သက်သော သူ့စိတ်ကူး သူ့စီမံကိန်းတို့ကို မခြွင်းမချန်ပြောပြသည်။ထိုနောက် နိုင်ငံခြားကလာသည့်နို့ဆီဗူးလုပ်ငန်းအကြောင်း၊ စည်သွတ်ဗူးလုပ်ငန်းအကြောင်းတို့ကိုလည်းပြောပြသည်။ နောက်ဆုံးတွင် စိတ်ပျက်စွာ နှုတ်ချုပ်သည်။

"ဒီမှာ ငွေအများကြီးလိုတယ်။ နို့ကောင်းကောင်းထွက်တဲ့နွားမျိုးနိုင်ငံခြားကဝယ်ရမယ်။ပြီးတော့သားစပ်ရမယ်။ နွားလားမျိုး ကောင်းကောင်းရှာရမယ်။ ဒါတွေကိုတတ်နိုင်သမျှ မြန်မြန်ဆန်ဆန် လုပ်ရမယ်။ ဒီလုပ်ငန်းက ဝင်ငွေ တော်တော်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကောင်းတာဗျ။ ဒီအလုပ်မှာသာ အခြေတည်မိယင် စုပေါင်းလယ်ယာဟာ အဲဒီလုပ်ငန်းပေါ်မှီခိုပြီး ရပ်တည်နိုင်မယ်။ ခုဒီမှာရှိတဲ့ နွားနို့လုပ်ငန်းက မဟန်သေးပါဘူး။ နို့တွေချဉ်ကုန်တယ်ဆို ဟုတ်လား။ ထည့်တဲ့အိုးခွက်တွေကမသန့်ရှင်းလို့ပေါ့"

"ဟုတ်မှာပေါ့"

"အေး အဲဒါလဲအရေးကြီးတာဘဲ။ အဲဒါ ဒီလုပ်ငန်းမှာ မင်းဝင်ပြီးအုပ်ချုပ်ပေတော့။ မင်းကိုအစစ အရာရာလွှဲမယ်။ ဒါမှမဟုတ်ယင် ပျက်စီးမှာဘဲ။ တနေ့က နွားနို့ညှစ်နေတာ ငါတွေ့တယ်။ လက်ကိုတောင်မဆေးဘူးကွယ်။ ငါ့မှာတော့ အဲဒါတွေကြည့်ဖို့အချိန်မရဘူး။တနေ့တော့လုပ်နိုင်ပါလိမ့်မယ်။ မင်းလဲ ခုလိုပေါင်ဒါ အဖွေးသားနဲ့နေမယ့်အစား အဲဒီလုပ်ငန်းမှာ ဝင်ကူပါလား။မင်းကို မန်နေဂျာ ခန့်မယ်လေ။ ပြီးတော့ တနေရာသွားပြီး သင်တန်း တက်တာပေါ့။နောက်ပြီးတော့လဲ သိပ္ပံနည်းအရ နို့ချက်လုပ်ငန်းကို လုပ်ကြရလိမ့်မယ်။ ဟုတ်လား"

"ကျွန်မမရှိလဲ သူတို့ဖာသာ ဖြစ်ပါတယ်ရှင်"

လုရှကာသည် သက်ပြင်းတချက်ချလိုက်သည်။ "ကျွန်မ မန်နေဂျာမလုပ်ချင်ပါဘူး။ တခြားသွားပြီးတော့လဲ သင်တန်းမတက်ချင်ဘူး။ ကျွန်မအတွက် ရှင်ဘာမှမပူနဲ့။ ကျွန်မက အေးအေးသက်သာအလုပ်ဘဲလုပ်ချင်တယ်။ လောကကြီးမှာ ကျွန်မထင်သလို လွတ်လွတ်လပ်လပ် နေချင်တယ်။ အလုပ်ကို နင်းကန် သိမ်းကြုံးလုပ်တာက လူမိုက်တွေရဲ့ကိစ္စရှင့်"

"ဘာလဲ မင်း မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ" သို့သော် ဒါဗီးဒေါ့သည် သူနှင့် အချေအတင် မဆွေးနွေးတော့ပေ။

လုရှကာက အိမ်ပြန်တော့မည်ဟု ချက်ချင်းပင်ဆိုသည်။ ဒါဗီးဒေါ့က လိုက်ပို့သည်။ သူတို့သည် လမ်းမှောင်မှောင်တွင် လျှောက်ကြသည်။ အတော်ကြာသည်အထိ စကားမပြောကြသေး။ ဒါဗီးဒေါ့သည် အစိုးရိမ်ကြီးတတ်သူမှန်းသိသည်။ ထို့ကြောင့် လုရှကာက "ရှင်ဆူဗန်ကာ ဂျုံခင်းကို သွားမကြည့်ဘူးလား" ဟု မေးသည်။

"ကြည့်သွားဘဲ"

"ဘယ်လိုနေလဲ"

"အခြေအနေမကောင်းလှသေးဘူး။ ဒီလ မိုးမှမရွာဘဲ။ အ ညှောက်တောင်ထိုးအုံးမယ်မဟုတ်ဘူး။ ပျက်မယ်ထင်တာဘဲ။ အဖိုးကြီးတွေ တလောက ကျုပ်ဆီလာပြီး ဘုရားမှာမိုးခေါ် ဆုတောင်းချင်တယ်လို့ ခွင့်တောင်းဘူးတယ်။ ခု တော့ ဒီအဖိုးကြီးတွေက ပြောမှာဘဲ။ "ဟာ အသာ ဆုတောင်းပါရစေဆိုတာ ဆု အတောင်းမှ မခံဘဲ။ ဘုရားသခင်က မိုးရွာမပေးဘူးပေါ့"။ ဒါပေမယ် လုရှကာ၊ဒါဟာ ဘုရားနဲ့ ဘာမှ မဆိုင်ဘူး။ လုံးဝကို အောင်မြင်မှာမဟုတ်တဲ့ဂျုံခင်းဘဲ။ တပင်မှ ပေါက်မှာမဟုတ်ဘူး။ ဒီ့အများလဲ ပါပါတယ်။ နည်းနည်း အချိန်စောင့်လိုက်ဖို့ ကောင်း တယ်။ ဖရဲသီးတို့ ဖရုံသီးတို့ အယင် စိုက်လိုက်ဖို့ကောင်းတယ်"

---

**စုန်စော့ရှော့ဆိုက်**

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒါဇီးဒေါ့သည် စိတ်ပါဝင်စားစွာ စကားပြောလာသည်။ ယခုမူ သူပိုင်နိုင်သည့်အကြောင်းဖြစ်လာပြီမို့ တနာရီမက စကားလက်ဆုံကျနိုင်ပြန်သည်။ သို့ရာတွင် လုရှကာက သူ့စကားကို ဖြတ်၍ပြောလိုက်သည်။

"အိုး၊ အချိန်ရှိသရွေ့ ဂျုံစိုက်ဖို့ချည်းစိတ်ကူးနေလို့ ဘယ်ဖြစ်မလဲ။ ဒီမှာကျွန်မတို့ ထိုင်ကြယင် ကောင်းမယ်ထင်တယ်" လုရှကာသည် လရောင် ပြွံ ပြွံ ထင်နေသဖြင့် သာယာသယောင်ရှိသည့် ကမ်းပါးစောင်းတခုကို လက်ညှိုးညွှန်ပြသည်။

သူတို့နှစ်ယောက်သည် ကမ်းပါးစပ်သို့ လျှောက် သွား ကြ သည်။ လုရှကာက ဂါဝန်ကလေးကို မကာ ထိုင်ရန် ဟန်ပြင်သည်။ "ရှင့် ကုတ်အင်္ကျီခင်းယင် ကောင်းမှာဘဲ။ ကျွန်မ ဂါဝန်ပေကုန်လိမ့်မယ်။ ဒီတာထည်ဘဲ ရှိတယ်"

နှစ်ယောက်သား ယှဉ်၍ ထိုင်ကြသည့်အခါ လုရှကာ၏ မျက် နှာသည် ဒါဇီးဒေါ့၏မျက်နှာအနားသို့ တိုး၍လာသည်။ လရောင်တွင် လုရှကာ၏ မျက်နှာသည် အလှကျက်သရေတိုးလာသည်ဟု ထင်ရသည်။ ဒါဇီးဒေါ့၏ပါးစပ်တွင် အပြုံးပန်းပွင့်လာသည်။

"ဂျုံ စိုက်ဖို့ရယ်၊ စုပေါင်းလယ်ယာရယ်၊ ဒါတွေမပြောရဘူး။ ဟုတ် လား။ ခုအချိန်က ဒီအကြောင်းတွေပြောဖို့မဟုတ်ဘူးရှင့်။ ဟောဟိုက ပေါ့ပလာပင်ကြီး မြင်တယ်မဟုတ်လား။ မွှေးလိုက်တာရှင်။ အဲဒီက ရနံ့ထင်ပါရဲ့"

ဤသို့ဖြင့် ဒါဇီးဒေါ့သည် လုရှကာနှင့် လုပ်ငန်းအကြားကွင် ဗျာများတွေဝေနေလေသည်။

မိုးယံထက်စွင် လမင်းကြီးသည် ထိန်ထိန်သာနေသည်။ မိုး ဆွေ ငှက် တို့သည် ဘာသာဘာဝ တွန်ကျူးကြသည်။ ဒါဇီးဒေါ့သည် လောကကြီး၏ အလှတွင် ယစ်မူးနေလေသည်။ ထိုနောက် သူတို့နှစ်ယောက်သည် လောကကြီးကို အမေ့ကြီး မေ့နေကြလေသည်။ ခဏမျှကြာသွားသည်။

လုရှကာကား မြေခင်းထက်တွင် ပက်လက်လှန်အိပ်ကာ မိုးသို့ မျှော် ကြည့် နေသည်။ သူ့လက်နှစ်ဖက်သည် ဘေးတဖက်တချက်ဆီသို့ အ စွမ်း ကုန် ဆန့် တန်း ထားသည်။ သူသည် မျက်လုံးအစုံကို ပန်းလျှ နွမ်းနယ်စွာ မှေးမှိတ် ထားသည်။ နှစ်ယောက်စလုံး စကားတခွန်းမျှ မပြောကြ။ ထိုနောက် လုရှကာသည် လဲလျောင်းနေရာမှ ထထိုင်ကာ လက်နှစ်ဖက်ကို ဒူးနှစ် ချောင်း တွင် ပတ္တာဆက်ကာ တုပ်နှောင်ယင်း ညင်းညင်းညှို့ညှို့ ရယ်လေသည်။

"ဒါက ဘာဖြစ်တာလဲ" ဒါဇီးဒေါ့က အဲဓိပ္ပာယ်နားမလည်သလို မေးသည်။ လုရှကာသည် အရယ်ရပ်ပြီးလျှင် ခြေဆင်းထိုင်လိုက်သည်။ ပြီး လျှင် လက်နှစ်ဖက်ဖြင့် ဖေါင်နှစ်ချောင်းကိုပုတ်ကာ "ကျွန်မ သိပ်ပျော်တာဘဲ။ စိတ်ရော ကိုယ်ရော ပေါ့ပါး လွတ်လပ်နေတယ်" ဟု ဆိုလေသည်။

"မင်းကိုယ်မှာ ငှက်မွှေးတပ်ပေးလိုက်ယင် မိုးပေါ် ပျံတက်သွားမှာတောင် စိုးရိမ်ရတယ်" ဒါဇီးဒေါ့က သူ့ကို ကြည့်ကာ စိတ်မရှည်နိုင်ဖြစ်လာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရှင့်ဟာက ဘယ်လိုလဲ။ ကျွန်မဘာလုပ်ရမလဲ။ ထိုင်ငိုနေရမလား။ ကဲ ရှင်လဲ ထိုင်အုံး"

ဒါဗီးဒေါ့သည် အမိန့်ကို မလွန်ဆန်နိုင်တော့ပေ။ စိတ်ထဲကမူ 'ငါ ဘယ်လိုလုပ်ရမလဲ။ မဖြစ်ပါဘူး။ ရှုံးခေါ် သွားပြီး လက် မှတ် ထိုး၊ လှက် ထပ် လိုက်တာဘဲ ကောင်းပါတယ်။ ဒါမှ ငါနဲ့ဂူနေ့ဘဲ့ ရင်ဆိုင်ရမှာ' သူ သည် လုရှကာကို တချက်ငဲ့စောင်းကြည့်လိုက်သည်။

လုရှကာသည် ထိုင်ရာမှထကာ မျက်လုံးကို မှေးမှိတ်လျက် အပြုံးပန်း ပွင့်လာယင်း

"ရှင် ကျွန်မကို ချစ်တယ်နော်"

"အေး၊ ငါဘယ်လိုပြောရမလဲ" ဒါဗီးဒေါ့သည် စကားလုံး အတိအကျရွေးချယ်မရ။ ထို့ကြောင့် လုရှကာ၏ လည်ပင်းနှင့် ပခုံးကျဉ်းကလေးကိုသာ သိမ်းကြုံးဖက်ထားလိုက်လေသည်။

—၄၀—

ဂရယ်မျချီတွင် မိုးကျပြီး နောက်တနေ့၌ ယာကွတ်သည် ကရက် နယာ့ သစ်တောသို့ မြင်းတစီးဖြင့် ထွက်လာခဲ့သည်။ ဝက်သစ်ချပင်များကို ခုတ်လှဲရန်အတွက် သူ့တာဝန်မှာ ခုတ်လှဲမည့်အပင်များကို မှတ်သားထားရန်ပင် ဖြစ် သည်။ နက်ဖြန် ဆိုလျှင် တတိယအဆိုင်းသည် ဆည်အတွက်လိုအပ်မည့် သစ်လုံးတို့ကိုခုတ်လှဲရန်လာကြလိမ့်မည်။

ယာကွတ်သည် မနက်ကတည်းကထွက်လာခဲ့သည်။ မြင်းကိုမှန်မှန်သာစီး၍လာသည်။ မြင်းဇက်လျှော့ပေးထားသည်။ အလျှင်စလိုမရှိလှ။ စီးကရက်ကိုဖွာယင်း ဖြည်းဖြည်းပင်စီးသည်။ တောင်ကုန်းထိပ်ရောက်လျှင် ဂရယ်မျချီရွာကလေးဖက်ဆီသို့မျှော်၍ကြည့်သည်။ သူသည် ဤလမ်းကိုကျွမ်းကျင်နေပြီး ဘယ်နေရာတွင် ချိုင့်တွင်းရှိသည်ကိုပင်သိနေပြီး၊ ကလေးဘဝကတည်းက ဤအရပ်ဒေသ၌ကျင်လည်ကျက်စားလာခဲ့သည်။ မိုးရွာပြီးစ မြေသင်းနံ့တပျံ့ပျံ့ကြိုင်နေသည်ကို သူကြိုက်သည်။ ရှူရရှိုက်ရသည်မှာ တမျိုးအရသာရှိသည်ဟုထင်မိသည်။ မိုးရေစွင် ဂျုံခင်းသည် မြေသို့ငိုက်မြည်းဦးညွတ်နေသည်။ အခုတော့ မိုးရွာပြီပေါ့။ ကူဗန်ကာ ဂျုံလဲ အောင်မှာဘဲ။ ဘယ်လိုဟာသလဲမသိပါဘူးဗျာ။ 'ဘုရားသခင်ကိုယ်တော်တိုင်ကတောင် ဒီအစိုးရကို လိုလားနေဟန်တူတယ်။ ဒို့အတွေ့အကြုံအရဆိုယင် ဒီဒေသမှာ ဂျုံ ဘယ်တော့မှမအောင်ဘူး။ဒါပေမယ့် ၁၉၂၁ ဒီဖက်မှာဆိုယင် နှစ်တိုင်းထိုးနှံအောင်တယ်။ မိုးလေ ခုလိုကောင်းနေပုံနဲ့ ဆိုယင် ဆိုဗီယက်အစိုးရကိုဖြိုဖျက်ဖို့ အတော်ဝေးအုံးမယ်နဲ့တူတယ်။ မဟာမိတ် ဆိုတဲ့ လူတွေမကူယင်ဖြစ်နိုင်မယ်မထင်ပါဘူး။ ကွန်မြူနစ်တွေဘယ်တော့မှ ကျဆုံးမှာမဟုတ်ဘူးနဲ့တူတယ်။အလကားကောင်တွေ။ ဒီပေါ်လော့ဆက်ဆိုတဲ့ လူစားမျိုးကလဲ အလကားကောင်တွေ။ ဘာမှအစွမ်းမရှိဘူး။ သူတို့လုပ်ပုံနဲ့တော့ဟန်မှာမဟုတ်ဘူး။ ခုနေ

www.facebook.com/NyisayEbookCreator
www.nyisay.com



အခါမှာ ယုံကြည်ရတဲ့လူလဲမရှိတော့ဘူး။တနေရာမှာတမျိုးပြောတယ်။နောက်ကွယ်မှာ အာဏာပိုင်တွေဆီ သတင်းပို့တယ်။ ကိုယ့်အကျိုးသာကိုယ်ကြည့်ကြတာအဲ။ ဒါပေမယ့် လေ၊ဒီလိုဖြစ်တာဘဲကောင်းပါတယ်။ဒီလိုနဲ့ နှစ်နှစ်လောက်သွားအုံးမှာဘဲ။ ဒါမှမဟုတ် ယင် ဒိုနဲ့ ပေါ်လော့ဆက်တို့ရဲအကြံအစည်ဟာ လွယ်လွယ်နဲ့ ဖြစ်မှာမဟုတ်ဘူး။ ငါ့အဖို့ ဒုက္ခပင်လယ်ဝေဖို့ဘဲရှိမှာ။ စောင့်ကြည့်ရအုံးမှာဘဲ။ ဒီတခါမဟန်ယင် နောက်တခါ ပေါ့ကွာ။'

နေခြည်လင်းလာသည့်အခါ မြက်ပင်တို့တွင် ဟီးလေးခိုနေသော နှင်းပွင့်တို့သည် မြေသို့သက်ကြသည်။ အနောက်လေသည် တခါတရံ အကြမ်းပတမ်းမွှေ့သရမ်းသည်။

နေ့လယ်တွင် သစ်တောထဲသို့ ယာကွတ်ရောက်ခဲ့သည်။ မြင်းကိုလှန်ထားကာ ရဲတင်းကလေးတခုကိုင်ပြီးလျှင် သစ်တောထဲသို့ဝင်ခဲ့သည်။ တနေရာတွင် ဝက်သစ်ချပင် ခြောက်ပင်ကို အမှတ်အသားပြုကာ ဆက်၍သွားပြန်သည်။ ဝက်သစ်ချပင်တို့သည် မိုးသို့မျှော်တက်နေကြသည်။ ထိပ်ဖျားတွင်ကျီးကန်းသိုက်တခုကိုတွေ့ရသည်။ ထိုအပင် ကြီး၏အခေါက်ကိုကြည့်ခြင်းအားဖြင့် ယာကွတ်နီးပါး အသက်ရှည်လှပြီဟု မှန်းကြည့် သည်။ ထိုကြောင့် ယင်းကိုခုတ်လှဲရန် နှမြောဝမ်းနည်းနေမိသည်။ သို့ရာတွင် လေးဆေး စွာပင် ဂရယ်မျချိုစုပေါင်းလယ်ယာ၏ အတိုအမှတ်အဖြစ် 'ဂ၊ စ၊ လ' ဟု ထွင်းခဲ့သည်။ ထိုနောက် သစ်ပင်အောက်တွင်ထိုင်ကာ ဆေးလိပ်သောက်နေလေသည်။အတွေးရေယဉ် တွင်မြောနေမိပြန်သည်။ 'ဝက်သစ်ချပင်ကြီး၊ မင်းအသက် ဘယ်လောက်နေခဲ့ပြီလဲ။ မင်းကိုဘယ်သူမှမအုပ်စီးနိုင်ခဲ့ဘူး။ ခုတော့ မင်းသေရတော့မယ်။ မင်းကိုခုတ်လှဲမယ်။ ဖြတ်မယ်။မင်းအလှတွေကိုရဲတင်းနဲ့ ဖျက်ဆီးမယ်။ပြီးတော့၊ဆည်မှာတိုင်အဖြစ်အသုံးပြု မယ်။ နောက်ဆုံးဆွေးမြေ့သည်အထိ စုပေါင်းလယ်ယာရဲ့ဆည်မှာနေရမယ်။ မိုးကျ တော့ မင်းကိုရေလွှမ်းမယ်။ မြစ်တခုဆီသယ်သွားမယ်။ အဲဒီမှာ မင်းရဲ့ဘဝနိဂုံးလမ်း ဆုံးဘဲ။'

ထိုသို့စဉ်းစားနေစဉ် ယာကွတ်သည် စိတ်ထဲ၌ တမျိုးခံစားလာရသည်။ 'အေး ကွာ၊ ငါကတော့မင်းကိုချမ်းသာပေးလို့ ဖြစ်ပါရဲ့။ အေးဟုတ်တယ်။ မင်းကိုချန်ခဲ့ မယ်။ စုပေါင်းလယ်ယာအတွက် အရာရာတိုင်း အဆင်ပြေလို့ ဘယ်ဖြစ်ပါ့မလဲကွ။ ကဲဟေ့ မင်းအသက်ရှည်ရှည် နေပေအုံးတော့။ မင်းအလှကို မိုးမျှော်ပြီး ကြွားရစ်ပေ တော့။ မင်းအသက်ရှည်မှာပါဘဲ။ အခွန်အတုတ်ဆိုတာ မင်းမဆွေးရဘူး။ စုပေါင်း လယ်ယာထဲကိုလဲ မင်းမဝင်ရဘူး။ ကဲနေပေတော့ဟေ့။'

ထိုနောက်ယာကွတ်သည် ရွှံတဆုပ်ခူးကာ ရေးထွင်းထားသည့် စာလုံးများကို ပိန်းနေအောင်ဖာထေးလိုက်လေသည်။ ထိုအခါတွင် ယာကွတ်သည် ပေါ့ပါးလာကာ ပျော်ရွှင်လာလေသည်။

ယာကွတ်၏စိတ်နှလုံးသည် ယခုအခါတွင် နူးညံ့နေသည်။ သူသည် ဝက်သစ်ချ ပင်ခြောက်ဆဲ့ခုနစ်ပင်ကိုမှတ်သားကာပြန်လာခဲ့သည်။ သစ်တောစပ်တွင် အသံတသံ ကြားရသည်။

---

ပုံစံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



"အိုဗျ ယာကွတ် လူးကစ်။ ခဏစောင့်ပါအုံး"

ဦးထုပ်နက်နှင့်လူတယောက် ချုံပုတ်အကြားက ထွက်လာသည်။ သူ့မျက်နှာသည် ရာသီဥတုဒဏ်ကြောင့်ညိုမည်းနေသည်။ ပါးရေလည်းတွန့်လိပ်နေသည်။ပါးရိုးတို့ပေါ်နေသည်။မျက်တွင်းကြီးများ ဟောက်ပက်နေသည်။ နှုတ်ခမ်းတွင် သွေးရောင်မရှိ။ နှုတ်ခမ်းမွှေးတို့က မည်းနက်နေသည်။

"ခင်ဗျား ကျုပ်ကို မမှတ်မိတော့ဘူးလား"

ဦးထုပ်ကို ချွတ်မှ တီမိုဖေးမှန်း သိလေသည်။

"ဟေး မင်းဘယ်က လာသလဲ" တီမိုဖေးသည် လုံးဝ ပြောင်းလဲနေသည်။

"နယ်နှင်ဒဏ် ခတ်တဲ့အရပ်ကပေါ့ဗျ။ မဲဇာကပေါ့။ ကော့တလတ်မဲဇာကဘဲ"

"ဘာလဲ မင်း ထွက်ပြေးလာတာလား"

"ဟုတ်တယ်။ ထွက်ပြေးလာခဲ့တာဘဲ။ ဦးလေးယာကွက်ဆီမှာ စားစရာ တခုခု မပါဘူးလား"

"ပါသားဘဲ"

"ကျွန်တော့် ကျွေးစမ်းပါခင်ဗျာ။ ထမင်းမစားရတာ လေးရက်ရှိပြီ။ သစ်သော့သီး အပုပ်တွေဘဲ စားလာခဲ့ရတယ်" သူသည် ယာကွတ်ပေးသော ပေါင်မုန့်ကို အဝမ်းမရ မျိုချသည်။

သူ့နှုတ်ခမ်းအစုံသည် တဆတ်ဆတ်တုန်နေသည်။ သူ့မျက်လုံးများသည် ဝံပုလွေ၏ မျက်လုံးများကဲ့သို့ တောက်ပြောင်နေသည်။ ဝါးမနေတော့ဘဲ ပေါင်မုန့်ကို မျိုချနေသည်။

"မင်းမှာ ငတ်လာတာကိုးကွ"

"ဟုတ်တယ်ဗျာ၊ ထမင်းနဲ့ဝေးတာ လေးရက်ရှိပြီ"

"ဘယ်လို ရောက်လာသလဲကွ"

"ဘူတာရုံက ခြေလျင်လျှောက်လာရတာပေါ့ဗျ။ ညညကျမှ သွားရဲတယ်"

တီမိုဖေးသည် ပိန်လှိုဖြော့တော့နေသည်။

"မင်းအဖေ ရှိသေးသလား။ အိမ်သားတွေရော ဟိုမှာဘဲလား" ယာကွတ် က ထိုအခါတွင်မှ မြင်းပေါ်က ဆင်းကာမေးသည်။

"အဖေ သေပြီဗျ။ ဗိုက်နာရောဂါနဲ့ သေတယ်။ အမေနဲ့ နှစ်မလေးတော့ ရှိသေးတယ်။ ဒါနဲ့ ရွာမှာ လူရှာကာတယောက် ဘယ်လိုနေသလဲဗျ"

"သူ့ယောက်ျားနဲ့ ကွာကိုက်ပြီကွ"

"သူ အခု ဘယ်မှာနေသလဲ"

"သူ့အဒေါ်နဲ့ နေတယ်ပြောတာဘဲ"

"ဒီမှာဦးလေးယာကွတ်။ ကျွန်တော့်ကို တခု ဆောင်ရွက်ပေးစမ်းပါ။ တခြားမဟုတ်ပါဘူးခင်ဗျာ။ ဦးလေး ရွာပြန်ရောက်ယင် လူရှာကာကို စားစရာ တခုခု အပို့

www.facebook.com/NyisayEbookCreator
www.nyisay.com



ခိုင်းပေးပါလား။ ကျွန်တော် ဆာလှပြီဗျ။ မဝသေးဘူး။ အား လုံး မိုင် တရာ ခုနှစ်ဆယ်ကျော် လျှောက်ခဲ့ရတာဗျ။ လူလဲ ပန်းလှပြီ။ တညလုံး လိုလို ချည်း လျှောက်ရတာဘဲ။ ကျွန်တော့် ဖခင်တော့ မသွားနိုင်တော့ဘူး။ အေးဗျာ ကိုယ့်ရွာနဲ့ ဝေးခဲ့တာ ကြာပါပြီ"

"မင်း ရှေ့ရှောက် ဘယ်လို နေမယ် ထိုင်မယ် စိတ်ကူးသလဲ"

တီမိုဖေး၏မျက်နှာသည် တင်းမာလာသည်။ "ကျွန်တော် တကောင် ကြွက်ဘဲခင်ဗျ။ခဏတော့ အားအင် ပြည့်အောင် နားအုံးမယ် စိတ်ကူးတယ်။ ပြီး တော့ ညကျမှ ရွာကို လာခဲ့မယ်။ ကျုပ်သေနတ်ဝှက်ထားတာ ရှိတယ်ဗျ။ အဲဒါ မြေကြီးထဲက ဖော်ပြီး လုပ်ငန်းစဖို့ဘဲပေါ့။ ခုတော့ ရွေးဖို့တလမ်းဘဲရှိတယ်ဗျို့။ သစ်တောထဲမှာ ဆောင်းဦးပေါက်အထိ နေမယ်။ နှင်းကျလာတော့မှ ကူဗန်ဖြစ်ဖြစ်၊ တခြား တနေရာ ဖြစ်ဖြစ် သွားမယ်။ ကမ္ဘာကြီးဟာ ကျယ်ပါတယ် ဦးလေး။ ကျွန်တော့် လိုလူမျိုးတွေလဲ တပြုံကြီးပါ"

"ဒါနဲ့ မင်း လူရှာကာ စုပေါင်းလယ်ယာဥက္ကဋ္ဌကြီးနဲ့ တွဲနေဟန်တူတယ်ကွ" ယာကွတ်၏စကားသည် မတင်မကျဖြစ်သည်။ တိတိကျကျ ပြောခြင်းမျိုးမဟုတ်။ သူလည်းမြင်သည်ကို ထင်မြင်ချက်ပေးရခြင်းဖြစ်သည်။

တီမိုဖေးသည် ဗိုက်ကိုနှိပ်ကာ ရုတ်တရက် ထိုင်လိုက်သည်။ ဗိုက်နာလာဟန်တူသည်။ နောက်မှ ဖြည်းညှင်းစွာထသည်။

"ဒါဗီးဒေါ့ကို အရင်ဆုံချရမှာပေါ့ဗျာ။ ဒီကောင် ဆုတောင်းထားပေတော့။ လူရှာကာကတော့ ကျွန်တော့်ကို သစ္စာရှိပါတယ်ဗျ။ အချစ်ဟောင်းကိုမေ့ရိုးထုံးစံမရှိပါဘူး။လူရှာကာကိုပြောပါဗျာ။ ပေါင်မုန့်နဲ့ ဝက်ပေါင်ခြောက်များများယူခဲ့ပါလို့"

ယာကွတ်က တီမိုဖေးကို တခုသတိပေးခဲ့သည်။ ယင်းမှာ သစ်တောတွင် တရက်နှစ်ရက်အတွင်း သစ်ပင်များခုတ်လှဲကြလိမ့်မည့်အကြောင်းပင် ဖြစ်သည်။

ယာကွတ်သည် ရွာသို့ ည သန်းကောင်မှ ပြန်ရောက်သည်။ စုပေါင်းလယ်ယာမြင်းဇောင်းတွင် မြင်းကိုထားခဲ့ကာ အိမ်သို့ခြေလျင်လျှောက်၍ပြန်လာခဲ့သည်။ လမ်းတွင် တီမိုဖေးအကြောင်းကို စဉ်းစားလာမိသည်။ ထိုနေ့တနေ့လုံးပင် ဤအကြောင်းသည် သူ့ရင်ထဲတွင် တနုံ့နုံ့ဖြစ်လာသည်။ အိမ်ပြန်ရောက်သည့်အခါ ဒုက္ခသစ်သည် သူ့ထံ ဆိုင်းပုံမဆင့်ရောက်နေလေသည်။

အိမ်ထဲသို့ ဝင်လျှင်ဝင်ချင်း သူ့ချွေးမသည် မီးဖိုမှ ခေါင်းပြူ ထွက်လာပြီးနောက် လေသံဖြင့် နားမချမ်းစရာသတင်းကိုပေးသည်။

"အဖေရေ၊ ကျုပ်တို့ ဆီမှာ ဧည့်သည်တွေရောက်နေပြန်ပြီတော့"

"ဘယ်သူတွေလဲ"

"ပေါ်လော့ဆက်နဲ့ ဟိုလူပေါ့။ မှောင်ရီပျိုးစမှာ ရောက်လာတာဘဲ။ အမေနဲ့ ကျွန်မ နို့ညှစ်နေတုန်းပေါ့။အခုဧည့်ခန်းထဲမှာ ထိုင်နေကြလေရဲ့။ ပေါ်လော့

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆက်ကတော့ အရက်မူးနေပြီ။ တယောက်ကတော့ ပိုဆိုးတယ်။ နှစ်ယောက်စလုံး ဘယ်လိုအဖြစ်ရောက်လာသလဲ မသိဘူး။ တကိုယ်လုံး သန်းတွေနဲ့ ချည်းဘဲ"

ညှော်ခန်းထဲမှ စကားပြောသံများ ကြားရသည်။ လက်ယက်စကီသည် ခေါင်း တဟွတ်ဟွတ်ဆိုးနေရာက စူးစူးရှရှ အသံဖြင့် ပြောနေသည်။

"ဒီမှာလေ၊ ခင်ဗျားအခုဘာလဲဗျ။ ကျွန်တော်မေးနေတယ်လေဗျာ။ ဖြေစမ်း ပါအုံး။ ဒီမှာ ပေါလေ့ဆက်ရဲ့ ခင်ဗျားကိုလဲ လေးစားပါရဲ့။ ဒါပေမယ့် မေးတာ ဖြေစမ်းပါခင်ဗျ။ ကဲ၊ ဒါဖြင့် ခင်ဗျားမဖြေယင် ကျွန်တော် ဖြေမယ်၊ ဟုတ်လား။ ပြောရမလား။ ခင်ဗျားဟာချစ်ရမယ့် တိုင်းပြည်မရှိတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီး တယောက် ဘဲခင်ဗျ။ အမျိုးတော့ချစ်ပါရဲ့၊ ဒါပေယ့် ခြေချစရာ တိုင်းပြည်မရှိဘူး။ ချစ်စရာ တိုင်းပြည်မရှိဘူး။ ပြီးတော့ ခင်ဗျားဟာ တပ်မရှိတဲ့ ဗိုလ်ချုပ်ကြီးဆိုလဲ ဟုတ်တယ် ခင်ဗျ။ အဲ ကျွန်တော် ဥပမာပေးတာတွေမဟုတ်ဘူး ထင်ယင် တခုဘဲ ပြောမယ်ဗျာ။ ခင်ဗျားဟာ အိတ်ထဲမှာတပြားမှမရှိတဲ့ ကစားသမားကြီးဘဲခင်ဗျ"

ပေါလေ့ဆက်သည် အသံဩကြီးဖြင့် ပြန်၍ပြောသည်။ သို့သော် ဘာပြော သည်ကို ယာကွတ်သဲကွဲစွာ မကြားလိုက်ရပေ။ သို့ရာတွင် သူ့အသံကို ကြားရလျှင် ယာကွတ်သည် အိမ်နံရံကိုမှီကာ သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် ဖြစ်ညှစ်မိလေသည်။

အဟောင်းအဟောင်းတို့သည် အသစ်အသစ် ပြန်၍ဖြစ်လာချေပြီလော။ ။

—ဒုတိယတွဲကို မြှော်ပါ—

ပုဇံစာအုပ်တိုက်